
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ဗိုလ်တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | **ဒို့အရေး** |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | **ဒို့အရေး** |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | **ဒို့အရေး** |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမတင်ဝင်း

(ပညာရေးတက္ကသိုလ်)

# လူငယ်များနှင့်စကားပြောခြင်း

ပါရမီ

စာပေ

www.burmeseclassic.com

www.burmeseclassic.com

# လူငယ်များနှင့်စကားပြောခြင်း

ဒုတိယအကြိမ်၊ ၂၀၀၀ ဖေဖော်ဝါရီလ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ ကျော်မင်းမောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၇၁/၂၀၀၀(၂)နှင့် စာမူခွင့်ပြုချက်အမှတ် ၆၃၄/၉၉(၈)တို့အရ ဒေါ်ရွှေအိမ် (၀၁၂၉၉) တိုင်းလင်းစာပေ၊ ၃၊ အောင်သိဒ္ဓိလမ်း၊ အမှတ် ၈/၆၅ အုပ်စု၊ စော်ဘွားကြီးကုန်းက ထုတ်ဝေ၍ မျက်နှာဖုံးနှင့်အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ ပုံနှိပ်သည်။

**တန်ဖိုး ၇၀၀ ကျပ်**

## ပါရမီစာပေ

၂၃၀၊ ၂၉ လမ်း (အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | | |
|---|---|---|---|
| | စာရေးသူအမှတ် | ... | ၄ |
| ၁။ | လင်းထက် | ... | ၁၆ |
| ၂။ | မိုးစည် | ... | ၃၉ |
| ၃။ | ထင်ကျော် | ... | ၆၀ |
| ၄။ | လှိုင်သက်ထား | ... | ၈၉ |
| ၅။ | ကိုစိမ်းနီ | ... | ၁၂၀ |
| ၆။ | မောင်မျိုးလှိုင် | ... | ၁၄၉ |
| ၇။ | မောင်သီဟ | ... | ၁၇၄ |
| ၈။ | မောင်မောင်ချို | ... | ၂၀၅ |
| ၉။ | ညီထွန်း | ... | ၂၂၉ |
| ၁၀။ | ညီလှထွေး | ... | ၂၅၈ |


www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာ

ကျွန်မဟာ စကားပြောတဲ့အလုပ်ကို အလွန်နှစ်ခြိုက်သူ ဖြစ်ပါတယ်။ ဒါကလည်း သဘာဝကျပါတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်ပေါင်း ၃၀ ကျော် စာပေသင်ကြားပို့ချတဲ့အလုပ်ကို လုပ်နေတဲ့အပြင် အမျိုးသမီး လည်း ဖြစ်ပါတယ်။ အသက်ကလည်း လူကြီးပိုင်းကိုရောက်လာပြီ ဖြစ်ပါတယ်။ အဲဒီတော့ စကားပြောတဲ့အလုပ်ကို ကျွန်မ သဘောကျ နှစ်ခြိုက်မှာသာ ကျွန်မရဲ့ဘဝနဲ့ ဟပ်မိမယ် ဖြစ်ပါတယ်။

တစ်ခုတော့ ရှိပါတယ်။ ကျွန်မစကားပြောတဲ့အခါမှာ ဦးတည် ချက်မရှိတဲ့ စကားများကို မပြောပါဘူး။ ဦးတည်ချက်တစ်ခုခုနဲ့ စကား ပြောဖို့ကိုသာ ကြိုးစားပါတယ်။ ဦးတည်ချက်မဲ့ တောင်စဉ်ရေမရ စကားပြောတတ်တဲ့သူများကို ကျွန်မ ရှောင်ပါတယ်။

စကားပြောတဲ့အခါမှာ ကျွန်မက ပညာရနိုင်တဲ့ကျွန်မထက် အသက်အရ ဝါအရ သိက္ခာအရ မြင့်မားတဲ့သူများနှင့်လည်း ကျွန်မ စကားပြောပါတယ်။ အဲဒီ ပုဂ္ဂိုလ်များပြောတဲ့စကားကိုလည်း ကျွန်မ ရိုသေစွာ နာခံမှတ်သားပါတယ်။

နောက်ပြီးတော့ ကျွန်မက အသိအလိမ္မာ ပညာဖြန့်ဝေတာကို နာယူချင်တဲ့သူများ အထူးသဖြင့် လူငယ်များနဲ့ စကားပြောရတာကို ကျွန်မ နှစ်ခြိုက်ပါတယ်။ ဒီအခါမှာ ကျွန်မ ခံစားရတဲ့ ခံစားမှုက လူကြီးများထံက နာခံမှတ်သားစရာများကို ရိုသေစွာ နာကြားရတုန်းက ခံစားမှုနဲ့ မတူပါဘူး။ လူကြီးများနှင့် စကားပြောတုန်းက လူကြီးများရဲ့ ဝယဝုဒ္ဓိ၊ ဂုဏဝုဒ္ဓိကြောင့် အေးဆေးငြိမ်သက်တဲ့စိတ်အထာ ရှိနေတတ် ပါတယ်။

လူငယ်များနဲ့ စကားပြောတဲ့အချိန်မှာကျတော့ စိတ်အနေဟာ ပိုပြီး ပွင့်လင်းပါတယ်။ လွတ်လပ်ပေါ့ပါးပါတယ်။ လူငယ်တို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



တက်ကြွတဲ့စိတ်၊ ရှုန်းကန်တဲ့စိတ်၊ ရှေ့ကိုမျှော်ကြည့်ပြီး ပျော်တတ်တဲ့ စိတ်တွေဟာ ကျွန်မကို ကူးစက်လာတတ်ပါတယ်။

အဲဒီလို စိတ်များကို ကူးယူခံစားဖို့က လွယ်ကူပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်လောက်အသက်ကြီးတဲ့သူပဲဖြစ်ဖြစ် မိမိတို့ ငယ်ဘဝကို မနေ့တစ်နေ့ကလို ပြန်ပြီးတွေးတတ်ကြ၊ မြင်တတ်ကြစမြဲ ဖြစ်လို့ပါပဲ။ တစ်နည်းဆိုရရင် ငယ်ဘဝအဆစ်အပိုင်းတွေကို ကျော်ဖြတ်ပြီးမှသာ အခုလက်ရှိအနေကို ရောက်လာကြတာဖြစ်လို့ လူငယ်တွေကို ကျွန်မ နားလည်နိုင်ဖို့ လူငယ်တွေနဲ့အတူ ခံစားနိုင်ဖို့ကိစ္စဟာ မခက်ခဲလှပါဘူး။

လူငယ်များနဲ့ စကားပြောဖို့ ကျွန်မ စိတ်ကူးရတာကတော့ ကြာပါပြီ။ စကားလည်း အချိန်ရတိုင်း အခွင့်ရတိုင်း ပြောကြည့်နေတာလည်း ကြာခဲ့ပါပြီ။ စာတစ်စောင် ပေတစ်ဖွဲ့အနေနဲ့ ရေးချင်လာတာကသာ နည်းနည်းနောက်ကျမှာ ဖြစ်ပေါ်လာတာပါ။

လူငယ်များနဲ့ စကားပြောတဲ့အခါမှာ လူငယ်များကို ချစ်ခင်တဲ့စိတ်၊ လူငယ်တွေနဲ့အတူ ခံစားစရာရှိတာကို လိုက်လံခံစားတဲ့ ခံစားမှု (စာနာစိတ်လို့လည်း ပြောလို့ရပါတယ်) များကို အရင်းတည်ပြီး စကားပြောပါတယ်။

လူငယ်ကို ချစ်ခင်တဲ့ အမျိုးသမီးကြီးတစ်ယောက်အနေနဲ့ လူငယ်များနဲ့ စကားပြောပြီးတိုင်း တက်ကြွတဲ့စိတ်၊ ပျော်ရွှင်တဲ့စိတ် ပေါ်မလာနိုင်ပါဘူး။ လူငယ်များက သူတို့ဝေဒနာများကို ဝေမျှခံစားနိုင်တဲ့ အမေအရွယ်ဖြစ်တဲ့အတွက် တချို့များ ငိုကာရှိုက်ကာနဲ့ ဝေဒနာများကို သွန်ချပြောဆိုတတ်ကြပါတယ်။ သူတို့ကို အားပေးစကားပြောကြားတာထက် နားလည်စာနာတဲ့ အပြုအမူကို ကျွန်မ ပြလေ့ရှိပါတယ်။ သူတို့ကလေးတွေဟာ အဲဒီအချိန်မှာ သက်သာရာ ရသွားတတ်ကြပါတယ်။ သူတို့တစ်တွေ ပြန်သွားတဲ့အခါမှာတော့ ကျွန်မရဲ့အသက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ကျန်းမာရေး အခြေအနေများကြောင့် ကျွန်မ မကြာခဏ နေထိုင်မကောင်း ဖြစ်တတ်ပါတယ်။ အဲဒီလိုနဲ့ တစ်နှစ်နီးပါးကြာတဲ့ အခါမှာ "လူငယ်များနဲ့ စကားပြောခြင်း" ဆိုတဲ့ ခေါင်းစဉ်နဲ့ ထုတ်ဝေမယ့် ကျွန်မရဲ့စာအုပ်ကို အကြမ်းရေးသားပြီးစီးပါတယ်။

လူငယ်များနဲ့ စကားပြောခြင်းအကြောင်း ယေဘုယျပြောအပြီးမှာ ကျွန်မနဲ့ စကားပြောမိပြီး ကျွန်မကလည်း စာတစ်စောင် ပေတစ်ဖွဲ့ အဖြစ် ရေးဖြစ်တဲ့ လူငယ်များအကြောင်းကို မိတ်ဆက်စကား ပြောကြားလိုပါတယ်။ စကားပြောဖြစ်တိုင်း မရေးဖြစ်တဲ့လူငယ်များဟာ မတော်လို့ ချန်ထားခဲ့တာ မဟုတ်ပါဘူး။ တချို့က အချိန်မပေးနိုင်လို့ တစ်ခေါက်လောက်ပဲ စကားပြောဖြစ်တာ၊ တချို့က သိပ်ပြီးတော်သလို ရေးလို့လည်း သိပ်ကောင်းမယ့် အကြောင်းအရာများကို ပြောကြပေမယ့် ရေးဖို့အချိန် မကျသေးလို့ မရေးဘဲ ချန်ထားရတာ ဖြစ်ပါတယ်။

အဲဒီတော့ ရေးဖြစ်တဲ့သူများအကြောင်းကို ကျွန်မ ပြန်ပြောချင်ပါတယ်။ စာအုပ်ထဲမှာ ရှေ့နောက်စဉ်တာကတော့ စကားပြောတုန်းက ရှေ့နောက်အစီအစဉ်အရ ဖြစ်ပါတယ်။ အမည်အရင်းအတိုင်း ထည့်ပါလို့ ပြောကြသူများ ရှိပါတယ်။ ဒါပေမဲ့ အကြောင်းကြောင်းကိုထောက်ပြီး ကျွန်မ နာမည်ပြောင်းထားခဲ့ပါတယ်။

ကျွန်မနဲ့လင်းထက် စကားပြောဖြစ်တာက ကျွန်မဆီကို အလုပ်ကိစ္စနဲ့လာတဲ့ လင်းထက်ကို ကျွန်မက စကားပြောပေးဖို့ ဖိတ်ခေါ်တာက စပါတယ်။ လူငယ်များကို ချစ်ခင်စိတ်ရှိပေမယ့် လူငယ်များနဲ့ အဆက်အဆံနည်းပါးတဲ့ ကျွန်မက လင်းထက်ကို အကျိုးအကြောင်း ပြောပြီး ဖိတ်ခေါ်ခဲ့တာ ဖြစ်ပါတယ်။

လင်းထက်က ကျွန်တော်ကလည်း ပြောချင်းနေတာပဲလို့ဆိုပြီး ပြောကြတဲ့အခါမှာ ကျွန်မဟာ လင်းထက်ကိုသာမက လင်းထက်

www.burmeseclassic.com

www.burmeseclassic.com



ကျင်လည်နေခဲ့တဲ့ ပညာရေးနယ်ပယ်ရဲ့ အခြေအနေတွေကိုပါ ရိပ်စားမိလာပါတယ်။ ဒါ့အပြင် မျှော်မှန်းချက်တစ်ခုထားပြီး ကြိုးစားနေရင်းက မိမိမျှော်မှန်းသလို ဖြစ်မလာတဲ့အခါ စိတ်ပျက်ပေမယ့် အားမငယ်ဘဲ လုပ်သင့်လုပ်ရာအလုပ်ကို အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်နေတဲ့ လင်းထက်ရဲ့ စိတ်နေသဘာဝကို ကျွန်မ လေးစားရပါတယ်။ လင်းထက်ရဲ့ ဆောက်တည်နိုင်မှုကို ကျွန်မ လေးစားရပါတယ်။ ဘာကြောင့်လဲဆိုတော့ လုပ်ချင်ရာကိစ္စကို မလုပ်ရရင် ဘေးထိုင်ပြီးပြောနေတတ်တဲ့သူများနဲ့ လင်းထက်က မတူလို့ပါပဲ။ လူငယ်များမပြောနဲ့၊ လူကြီးများတောင်မှ လုပ်ချင်ရာမလုပ်ရရင် လုပ်သင့်တာ လုပ်လို့ရတာများကို မလုပ်ဘဲ အားလျှော့တတ်ကြပါတယ်။ သူတို့ကိုယ်သူတို့ အားလျှော့သွားတာကို ဝန်မခံချင်တာနဲ့ သူများအကြောင်းကို အချိန်ကုန်ခံပြီး ပြောနေတတ်တဲ့သူတွေကို ကျွန်မတို့ဝန်းကျင်မှာ တွေ့ဖူးကြတာများနေပါပြီ။ အခုလို လုပ်လို့ရတဲ့အလုပ်ကို ဖိဖိစီးစီးလုပ်နေတဲ့ လင်းထက်ဟာ ပတ်ဝန်းကျင်အခြေအနေ ပြောင်းတာနဲ့ ကောင်းသည်ထက်ကောင်းမယ့် အခြေအနေကို တည်ဆောက်နိုင်မယ့်သူဖြစ်တယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

မိုးစည်နဲ့ ကျွန်မ စကားပြောခြင်းကတော့ တစ်မျိုးတစ်ဘာသာ ပါပဲ။ မိုးစည်ကို စကားပြောတာက ကူညီလမ်းညွှန်မှုသဘော ပါပါတယ်။ တော်တဲ့ ထက်မြက်တဲ့မိုးစည်ဟာ သူ့ကိုယ်သူ ရှာဖွေမတွေ့နိုင်လောက်အောင် မျှော်မှန်းချက်တွေနဲ့ လုံးလည်ချာလည် လိုက်နေတဲ့ အင်ဂျင်နီယာကလေးတစ်ယောက် ဖြစ်ပါတယ်။ သူ့ကို ကျွန်မ သိပ်ပြီး နားလည်စာနာနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မငယ်ငယ်ကလည်း မျှော်မှန်းချက် တစ်ပုံတစ်ပင်နဲ့ ကိုယ့်ကိုယ်ကို ရှာမတွေ့နိုင်လောက်အောင် ဖြစ်ရာက အနီးစပ်ဆုံးပတ်ဝန်းကျင်နဲ့ ရန်လိုတဲ့အနေအထားမှာ များစွာစိတ်မချမ်းမသာ ဖြစ်ခဲ့ရဖူးပါတယ်။ အဲဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မိုးစည်နဲ့ ကျွန်မ စကားပြောတဲ့နေရာမှာ သူ့ကို ကူညီရတာတစ်ခုပါပဲ။ သူ့ကိုယ်သူ ရှာဖွေတွေ့ရှိအောင် ကူညီခြင်းပဲ ဖြစ်ပါတယ်။

မိုးစည်ဟာ အခုအချိန်မှာ တရားအားထုတ်ပြီး သူ့ကိုယ်သူ ရှာဖွေနေတာကို ကျွန်မ ကြားသိရပါတယ်။ သူ့မိဘများက ကျေးဇူးတင်စကား ပြောတဲ့အခါမှာ ကျွန်မ အရင်းတည်တာက ပညာလည်း မဟုတ်၊ တန်ခိုးလည်းမဟုတ်ဘဲ အရာရာကို ပြေပြစ်စေတဲ့ နားလည်စာနာမှု ဖြစ်ပါတယ်လို့ ကျွန်မ ဖြေခဲ့ပါတယ်။

ထင်ကျော်ဟာ ကျွန်မ စကားပြောရတဲ့သူ မဟုတ်ပါဘူး။ သူ့ဘာသာသူ ကရားရေလွတ် တတွတ်တွတ်ပြောသွားတဲ့သူ ဖြစ်ပါတယ်။ သူဟာ အသက်မွေးဝမ်းကျောင်းမှုမှာ အောင်မြင်ရုံမကဘဲ သူ့ကိုယ်သူ ကောင်းစွာ ရှာဖွေတွေ့ရှိသူ ဖြစ်ပါတယ်။ အဲဒီလိုလူငယ်မျိုးရဲ့စကားကို ကြားရတာ အားရှိစရာပါပဲ။

ထင်ကျော်ရဲ့စကားထဲမှာ လမ်းမှားကို အကြောင်းကြောင်းကြောင့် ရောက်သွားတဲ့ လူငယ်များအတွက် စိတ်အစွဲကို ထိန်းနိုင်ရင် ကိုယ်အစွဲကို ဖြုတ်နိုင်တယ်ဆိုတဲ့ အားပေးစကားက ထင်ရှားနေပါတယ်။

ထင်ကျော်စကားများနဲ့ပတ်သက်ပြီး ပြန်တွေးတဲ့အခါမှာ ထင်ကျော်ကိုယ်တိုင် ကြည်ညိုလှတဲ့ ဆရာတော်ဦးဇောတိက ဟောပြောဖူးတဲ့ တရားထဲက အင်္ဂလိပ်ဘာသာနဲ့ရေးထားတဲ့ ကဗျာတစ်ကြောင်းကို သတိရမိပါတယ်။ အဲဒီစာကြောင်းကတော့ **I have no devine power, but I make my honesty my devine power** လို့ ဖြစ်ပါတယ်။

မြန်မာလိုအဓိပ္ပာယ်ပြောရင်တော့ “ကျွန်ုပ်မှာ တန်ခိုးဣဒ္ဓိပါဒ် မရှိပါဘူးတဲ့။ ဒါပေမဲ့ ကျွန်ုပ်ရဲ့ရိုးသားမှုကို ကျွန်ုပ်ရဲ့ တန်ခိုးဣဒ္ဓိပါဒ် အဖြစ် လုပ်ထားပါတယ်” လို့ ဆိုပါတယ်။ ထင်ကျော်ဟာ သူ့ကိုယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီးကြည်ညိုနိုင်လောက်အောင် ရိုးသားသူ ဖြစ်ပါတယ်။ အဲဒီလို ရိုးသားနိုင်တာကလည်း သူ တရားအားထုတ်ပြီးတဲ့နောက်မှာ အရင်က အမှားများကို တစိုးတစိမျှမကျန်အောင် ပြုပြင်နိုင်လို့ ဖြစ်ပါတယ်။ သူဟာ ရိုးသားမှုဆိုတဲ့ တန်ခိုးဣဒ္ဓိပါဒ်ကြောင့် အရင်က အမှားတွေကို ကျော်လွှားနိုင်သလို ပွင့်လင်းစွာ ဝန်ခံနိုင်ခဲ့တာ ဖြစ်တယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

လှိုင်သက်ထားကတော့ ကျွန်မရဲ့စာအုပ်ထဲမှာ ပါဝင်တဲ့ တစ်ဦးတည်းသော မိန်းကလေးဖြစ်ပါတယ်။ ရိုးသားတယ်၊ ကြိုးစားတယ်၊ ရည်ရွယ်ချက်ကြီးမားပါတယ်။ ဒါပေမဲ့ မရင့်ကျက်သေးတဲ့အရွယ်၊ မရင့်ကျက်သေးတဲ့ အသိုင်းအဝိုင်းမှာ ကျင်လည်နေထိုင်သူပီပီ သူ့ရဲ့ အခြေခံဦးတည်ချက်နဲ့အလုပ်ကို သူ မေ့နေခဲ့ပါတယ်။ သူက စာမှာ ဟုတ်ဟုတ်ငြားငြား မထူးချွန်ပေမယ့် စာကို သေသေချာချာ နားလည်သဘောပေါက်တယ်။ စာမေးပွဲတွေကို ပြန်ပြီးမဖြေရဘူး။ စာပေကိစ္စအပါအဝင် တခြားလုပ်ငန်းတွေကိုလည်း လုပ်နိုင်တယ် စသည်ဖြင့် ကျွန်မနဲ့ဆွေးနွေးတုန်းက ပြောခဲ့ပါတယ်။ ကျွန်မက စာပေကို သေသေချာချာ နားလည်သဘောပေါက်တဲ့သူဟာ အမှတ်များများရအောင်ဖြေဖို့ ခက်စရာအကြောင်းမရှိဘူး။ ပြီးတော့ ထူးချွန်တဲ့သူဆိုတာ ပင်မလုပ်ငန်းမှာ ထူးချွန်ရုံမက အခြားလုပ်ငန်းများကိုပါ လုပ်ဆောင်နိုင်တဲ့သူဖြစ်ရမယ်ဆိုတဲ့အကြောင်းကို ပြောလိုက်ပါတယ်။

လှိုင်ကလေးဟာ အခုအချိန်မှာ အမှတ်လည်းများများရပြီး စာပေလုပ်ငန်းများကိုလည်း တက်ကြွစွာ လုပ်ဆောင်နေတဲ့ ဆေးကျောင်းသူကလေးအဖြစ်ကို ရောက်လာခဲ့ပါပြီ။ ပြီးတော့လည်း သူ့အတက်အကျပေါင်းများစွာ သူ့ဘဝမှာ ကြုံရတဲ့ အကျဉ်းအကျပ်ပေါင်းများစွာနဲ့ ပတ်သက်ပြီး သူ့ဘာသာသူ အဖြေရှာမရရင် ကျွန်မဆီကိုလာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းအကျပ်ပေါင်းများစွာဆိုတာက ဒီလိုပါ။ အင်မတန်ခက်ခဲတဲ့ ဘုရားစာအုပ်ကိုဖတ်ပြီး သူဘာမှမသိခဲ့လေခြင်းဆိုပြီး ကူက္ကုစ္စစိတ်တွေ ပေါ်နေခဲ့တာ ဖြစ်ပါတယ်။ နောက်တော့ သမီး စာပြန်ကျက်လို့ရပါပြီ ဆိုပြီး တယ်လီဖုန်းဆက်ပါတယ်။ အကျဉ်းအကျပ်ဆိုတာကလည်း မထွက်တတ်ရင်သာ ကျဉ်းကျပ်တာပါ။

လူငယ်များဟာ အဲဒီလိုပါပဲ။ ကောင်းတဲ့အလုပ်တွေကိုလုပ်ရင်း မိမိကိုယ်ကို အားမရဖြစ်နေတတ်ပါတယ်။ သူတို့အတွက် လိုတာက စကားတစ်ခွန်းနှစ်ခွန်းလောက်သာပါပဲ။ နားလည်စာနာတဲ့ စကား တစ်ခွန်းနှစ်ခွန်းကို ဆိုလိုတာ ဖြစ်ပါတယ်။

ကိုစိမ်းနီနဲ့ စကားပြောချင်စိတ်ပေါ်မိတာက သူဟာ ကျွန်မရဲ့ စာအုပ်များကို ကြုံမှဖတ်တဲ့သူမဟုတ်ဘဲ ဝယ်ယူသိမ်းဆည်းတဲ့အထိ အလေးအမြတ်ပြုပြီးဖတ်တဲ့ စာဖတ်သူဖြစ်နေတာကတစ်ကြောင်း၊ သူ လုပ်တဲ့အလုပ်က စာပေနဲ့ တိုက်ရိုက်ပတ်သက်ခြင်းမရှိတဲ့ အလုပ်ဖြစ် နေတာကတစ်ကြောင်းကြောင့် ဖြစ်ပါတယ်။

ကိုစိမ်းနီနဲ့ စကားပြောမိတဲ့အခါမှာ မြန်မာနိုင်ငံက မိသားစုတွေ ရဲ့ အလှအပကို မြင်ရပါတယ်။ အိမ်ထောင်ပြုရမယ့်အရွယ် ရောက်နေ ပေမယ့် မိသားစုကို ပစ်ထားခဲ့ရမှာစိုးလို့ အိမ်ထောင်ပြုဖို့ စဉ်းစားရင်း နည်းနည်းတောင်မှ ဟိုင်းနေပြီဖြစ်တဲ့ ကိုစိမ်းနီဟာ အောင်မြင်နေတဲ့ လက်သမားဆရာတစ်ယောက် ဖြစ်ပါတယ်။ရှေ့ကိုလည်း ဆက်အောင် မြင်ဦးမှာပါပဲ။ တစ်ခုပဲရှိပါတယ်။ အတွေးတွေ ထွေပြားနေတဲ့သူတစ် ယောက်အနေနဲ့ မိမိရဲ့ကိုယ်ပိုင်ဘဝ ပျောက်ဆုံးမသွားဘဲ ပြေပြစ်တဲ့ လမ်းစကို တွေ့ပါစေလို့ပဲ ဆုတောင်းရမှ ဖြစ်ပါတယ်။

မောင်မျိုးလှိုင်ဟာ ဒီစာအုပ်ထဲမှာတော့ ထူးခြားတဲ့သူတစ်ယောက် ဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မက စကားပြောကြရ

www.burmeseclassic.com

www.burmeseclassic.com



အောင်လို့ မဖိတ်ခေါ်ဘဲ ဇွတ်အတင်း စကားဝင်ပြောတဲ့သူ ဖြစ်နေလို့ ပါပဲ။

အရွယ်က လူလတ်ပိုင်းကို ကူးချင်နေပြီ။ စိတ်က သူများလုပ်တဲ့ အလုပ်မှာ မပါရမှာစိုးလွန်းလို့ အတင်းဝင်ပါတဲ့ ကလေးစိတ်မကုန်ချင် သေးတဲ့ မောင်မျိုးလှိုင်။ သူဖြတ်သန်းခဲ့ရတဲ့ဘဝက အလွန်စုံတဲ့အပြင် မှတ်ဉာဏ်ကလည်း ကောင်း၊ စကားကလည်း ကြွယ်တဲ့သူဆိုတော့ သူပြောပြတဲ့အကြောင်းတွေကလည်း မှတ်သားစရာ စိတ်ဝင်စားစရာပါ ပဲ။ တစ်ခုပဲ ဆုတောင်းချင်ပါတယ်။ သူ မူလတန်းဆရာဘဝတုန်းက ဖိနပ်ခိုးတရားစီရင်ပြီး ဖိနပ်သူခိုးမလေး သေဆုံးတဲ့အခါမှာ အဖိုးတန် ဖိနပ်တစ်ရံနဲ့ ဆွမ်းသွတ်ရင်း နောင်တရတာမျိုး နောက်ဆက်လျှောက်ရ မယ့်ခရီးမှာ မဖြစ်ပါစေနဲ့ဆိုတဲ့ ဆုတောင်းပဲဖြစ်ပါတယ်။

အကြံကြီးပြီး အကြံကောင်းတဲ့သူများဟာ အလှမ်းကျယ်ရင် အလယ်လပ်တတ်ပါတယ်။ အဲဒီအချက်ကိုတော့ မောင်မျိုးလှိုင်ရဲ့ လူငယ်ဘဝအတွေ့အကြုံက သက်သေပြနေပါတယ်။

မောင်သီဟဟာ ပထမ စကားပြောစဉ်က တကယ့်သူစိမ်း ကလေး ဖြစ်ပါတယ်။ ကျွန်မမှာ ကျွန်မ မသိသေးတဲ့ကလေးက သူ့ အကြောင်းတွေကို အချိန်ပေးပြီး လာပြောနေတာကိုကြည့်ပြီး အလွန် အားနာခဲ့ပါတယ်။ အခုအချိန်မှာတော့ ကျွန်မကို အမေလို့ခေါ်တတ်တဲ့ ဒီကလေးကို ကျွန်မအနေနဲ့ သားအရင်းပမာ တွယ်တာလာခဲ့ပြီ ဖြစ်ပါ တယ်။

မောင်သီဟအကြောင်းကို ဖတ်ကြည့်ရင် သိမှာပါပဲ။ ဒီကလေး ဟာ မပွင့်လင်းပါဘူး။ သူ့ဝေဒနာတွေကို ဘယ်သူ့ကိုမှ ဖွင့်မပြောချင်ဘူး လို့ မကြာခဏ ပြောတတ်တဲ့ကလေး။ သူ့အကြောင်းတွေကို သိလာတဲ့ အခါမှာ ဘာကြောင့် ဒီစကားကိုပြောတာလဲဆိုတာ ကျွန်မ နားလည်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါတယ်။ အဲဒီကလေးကို ကျွန်မ ချစ်ခင်လာရတာကလည်း သူနဲ့စကားပြောတုန်းကမသိဘဲ နောက်မှသိလာရတဲ့ သူ့အကျင့်ကလေး များကြောင့် ဖြစ်ပါတယ်။ အဲဒီအကျင့်ကလေးတွေက သူများအကျိုးကို မျှော်လင့်ချက်မပါဘဲ ဆောင်တတ်တာ။ သူ မှန်ကန်တယ်လို့ထင်ရင် ဘယ်လိုမျှော်လင့်ချက်မျိုးပဲရှိရှိ တင်းတင်းမာမာ ငြင်းဆန်တတ်တာ၊ ခြုံပြီးပြောရရင်တော့ မောင်သီဟဟာ ကျွန်မပေးတဲ့အမည်နဲ့ ကိုက်ညီတဲ့ သူကလေးတစ်ယောက် ဖြစ်နေတာကို တွေ့ရပါတယ်။

သူ့လိုလူငယ်များကို သတိပေးချင်တာက လူပေါင်းမမှားဖို့ပါပဲ။ ဘာကြောင့်လဲဆိုတော့ ချစ်ခင်တတ်၊ ယုံတတ်ပြီး ဝေဒနာကို ပွင့်လင်းစွာ မဖော်ပြတတ် (ဖော်ပြလေ့မရှိတာကြောင့်) သူ့မှာသာ ဒုက္ခရတာကို ကျွန်မ သိလာရလို့ပဲ ဖြစ်ပါတယ်။

မောင်မောင်ချိုလို့ ကျွန်မ အမည်ပေးတဲ့ကလေးဘဝဟာ ခါးသီးတဲ့ ဘဝကို ဖြတ်သန်းလာခဲ့သူကလေး ဖြစ်ပါတယ်။ သူ့အကြောင်းကို ဖတ်ကြည့်သူတိုင်းဟာ မျက်ရည်စို့မတတ် ဖြစ်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ကျွန်မက မောင်မောင်ချိုလို့ အမည်ပေးမိတာပါပဲ။ ဆက်ပြီး မခါးသီးဘဲ ချိုသွားစေချင်တဲ့ စေတနာနဲ့ ဖြစ်ပါတယ်။

မောင်မောင်ချိုဟာ ကျွန်မနဲ့တွေ့ရတာ ကံမကောင်းရှာပါဘူး။ ကျွန်မကိုယ်တိုင်က လူကြီးပိုင်းရောက်နေတာတောင် သူငယ်နာမစင် သေးဘူးလို့ ကိုယ့်ဘာသာကိုယ်ပြောမိအောင် စိတ်ပြောင်းတတ်တဲ့သူ၊ သနားချစ်ကြင်နာစွာ ဆက်ဆံမိရာက တစ်ခါမှ အကြင်နာကို ပြည့်ဝစွာ မခံယူဖူးတဲ့ ကလေးပီပီ နွဲ့ချင် ချွဲချင်တာကိုပဲ သည်းမခံနိုင်အောင် ဖြစ်ခဲ့ပါတယ်။ မောင်မောင်ချိုအတွက် ခါးသီးတဲ့အတွေ့အကြုံတစ်ရပ် ကို ထပ်ပေးမိသူကတော့ ကျွန်မပါပဲ။ ဆေးသကြားလို့ပေါ့လေ။ သိပ်ပြီး အချိုကဲသလိုလိုနဲ့ ခါးသက်တဲ့အရသာကို မောင်မောင်ချို ခံစားသွားရ ပါတယ်။ အဲဒီအတွက် မောင်မောင်ချို ဘာမှမဖြစ်ဘဲ သူ့ရည်မှန်းချက်

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်သည်အထိ ဆက်လက်ချီတက်နိုင်ပါစေလို့ ဆုတောင်းရပါတယ်။

ညီထွဋ်ရဲ့အကြောင်းကိုတော့ အများသိကြပြီးဖြစ်တဲ့အတွက် များစွာမညွှန်းဆိုတော့ပါဘူး။ ဒါပေမဲ့ အများမသိသေးတဲ့ သူ့ရဲ့အတွင်း သားအနုပညာအရည်အသွေးများကို ကျွန်မနဲ့ စကားပြောတဲ့အခါမှာ ပေါ်လွင်အောင် မေးမြန်းပြောဆိုနိုင်တာကို ကျွန်မ ကျေနပ်အားရမိပါတယ်။

ညီထွဋ်ဟာ သူ့ကိုယ်သူကိုသာ ပြိုင်နေတဲ့အတွက် ဆက်လက်တိုးတက်နေဦးမယ့် လူငယ်ဆိုတာ ကျွန်မ ရဲရဲကြီးပြောနိုင်ပါတယ်။

ညီလျှော့အကြောင်းကိုပြောတိုင်း ကျွန်မ ချစ်ခင်ရတဲ့ သူ့မေမေရဲ့ကိုယ်စား အလွန်ရင်နာရပါတယ်။ ချစ်ခင်စရာကောင်းတဲ့၊ မွန်မွန်ရည်ရည်ရှိတဲ့ ဒီကလေးဟာ ဆေးစွဲတဲ့ဘဝ၊ အိမ်ခြေယာခြေမတည်တဲ့ဘဝကို မက်မောတဲ့သူ ဖြစ်လာရတာ အပြင်က မမြင်သာပေမယ့် အတွင်းမှာ အက်ကြောင်းကြီးရှိနေခဲ့တဲ့ အိမ်ထောင်တိုင်းက ကလေးများကို ကိုယ်စားပြုပါတယ်။ သူ့အကြောင်းကိုရေးရတာက နိုင်ငံရပ်ခြားကို စွန့်စားသွားလာလိုတဲ့ လူငယ်များ သတိပြုစရာအကြောင်းကို သတိပေးချင်တာက တစ်ကြောင်း၊ ပြီးတော့ အပြင်ပန်းက တင့်တယ်ဖွယ်ရာပြီး အတွင်းသားမှာ မိသားစုဆက်ဆံရေး မပြေပြစ်ခဲ့ရင် ကလေးတွေပျက်စီးတတ်တဲ့အကြောင်းကို လူကြီးများကို သိစေချင်တာကလည်း တစ်ကြောင်း၊ ပေါင်းနှစ်ကြောင်း ပါပါတယ်။

ကျွန်မဟာ လူငယ်များနဲ့စကားပြောဖြစ်တဲ့အတွက် ကံကောင်းတယ်လို့ ကိုယ့်ကိုယ်ကို ထင်ပါတယ်။ လူငယ်တွေဟာ တချို့လူကြီးများထင်သလို မညံ့ကြပါဘူး။ မပေါ့တန်ပါဘူး။ သူတို့မှာ တက်ကြွတဲ့ထက်မြက်တဲ့အားများ ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပမဲ့ အရွယ်အရ မရင့်ကျက်သေးလို့ မထိန်းနိုင် မသိမ်းနိုင်ဘဲ အမှားများကို ကျူးလွန်တတ်ကြပါတယ်။ ဒီအချက်ကိုပြောရင်း ကျွန်မ ဘာသာ ပြုံးမိပါတယ်။ ကျွန်မတို့ လူကြီးများရော အရာရာမှာ နှိုင်းနှိုင်း ချိန်ချိန် သုခမိန်ဆိုသလို အမြဲမမှားအောင် ဆင်ခြင်တတ်ကြရဲ့လားလို့ မေးရင် ကျွန်မကတော့ မဟုတ်ပေါင်ပါ။ ကျွန်မဖြင့် ကိုယ်ပြောတဲ့စကား နဲ့အညီ မနေတတ်လို့ မကြာခဏ သိသိကြီးနဲ့ အမှားလုပ်မိတတ်ပါ တယ်လို့ ဖြေရမှာပါပဲ။

အဲဒီတော့လူငယ်များကို တကယ်ချစ်ခင်တယ်၊ လူငယ်များကို ပြုပြင်ပေးချင်တယ်၊ လူငယ်များကို မမှားအောင် ထိန်းပေးချင်တယ် ဆိုရင် သူတို့နေရာက ကြည့်တတ်အောင် ခံစားတတ်အောင် ကြိုးစား ရမှာ ဖြစ်ပါတယ်။ ကျွန်မက လူငယ်တွေနှင့် စကားပြောရင်း ကျွန်မကိုယ် တိုင် သူတို့နဲ့ရောပြီး ရင့်ကျက်လာတယ်လို့ ခံစားရပါတယ်။ ဘာကြောင့်လဲဆိုတော့ ခေတ်လူငယ်များရဲ့စကားကတစ်ဆင့် ခေတ် ရေစီးကြောင်းကို သိနားလည်လာရလို့ပဲ ဖြစ်ပါတယ်။

ပြီးတော့ လူငယ်တွေဟာ ဘယ်လိုနည်းနဲ့ ခေတ်ရေစီးကြောင်း မှာ ပေါလောမျောပါမသွားအောင် ကိုယ့်ကိုယ်ကို ထိန်းနေကြသလဲဆို တာကိုပါ သိလာရသောကြောင့် ဖြစ်ပါတယ်။

အဲဒီလိုလူငယ်များ တွန်းလှန်နေကြရတဲ့ အတိုက်ခာတ်တွေ (ဥပမာဆိုရင် ကျွန်မတို့ငယ်ငယ်ကမရှိခဲ့တဲ့ တောင့်တစဖွယ် လိုချင် စဖွယ် ပစ္စည်းများ အာရုံများ တိုးတက်မှုများ)နဲ့ သူတို့ရဲ့ကြိုးစားမှုကို သိနားလည်လာရတဲ့အတွက် လူကြီးတစ်ယောက်ဖြစ်တဲ့ ကျွန်မဟာ သူတို့ကို နားလည်နိုင်ခဲ့ပါတယ်။ သူတို့ရဲ့ ပြဿနာအချို့နဲ့ ခံစားမှုအချို့ ကိုလည်း သူတို့ဘာသာသူတို့ တည့်မတ်နိုင်အောင် ကူညီနိုင်ခဲ့ပါတယ်။

အချုပ်ဆိုရရင်တော့ လူငယ်များနဲ့ စကားပြောအပြီးမှာ လူငယ် များအပေါ် ပိုပြီးမေတ္တာစေတနာ ပွားနိုင်သလို လေးစားစိတ်ပါ ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ပွားလာရပါတယ်။ အဲဒီလေးစားစိတ်ကို အခြေခံပြီးရေးခဲ့တဲ့ လူငယ်များနဲ့ စကားပြောခြင်းကို လူငယ်များရော လူကြီးများပါ စိတ်ဝင်စားကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီစာအုပ်ဖြစ်မြောက်အောင်မြင်အောင် ရေးနိုင်ဖို့ ကျွန်မနဲ့ လာရောက်တွေ့ဆုံပြီး စကားပြောကြတဲ့လူငယ်များ (စာအုပ်တွင်မပါတဲ့သူများအပါအဝင်) ကို ကျေးဇူးအထူးတင်ရပါတယ်။ ကျွန်မဟာ စိတ်ဝင်စားမိတဲ့အလုပ်ကို နစ်နစ်မြောမြောဝင်စားပြီး လုပ်လေ့ရှိပါတယ်။ အဲဒီလို အလုပ်ထဲ အာရုံဝင်စားလွန်းလို့ လူရောစိတ်ပါ ဆင်းရဲတတ်ပါတယ်။ အဲဒီလို ပင်ပန်းမှုအထွေထွေကို ပြေပျောက်အောင် ကြင်နာစွာ ပြုစုပေးလေ့ရှိတဲ့ သမီးကလေး နန့်ချစ်ကြည်ကိုလည်း ကျေးဇူးတင်ရမယ့်စာရင်းထဲမှာ ထည့်သွင်းလိုပါတယ်။

ကျွန်မ လေးစားခင်မင်တဲ့ တူဒေးက ထက်မြက်တက်ကြွတဲ့ လူငယ်များက ကျွန်မစာအုပ်ကို ထုတ်ဝေပေးဖို့ ကမ်းလှမ်းလာတဲ့အတွက် ကျွန်မ အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်မိတဲ့အကြောင်း ကျေးဇူးတင်မိကြောင်း ပြောရင်း အမှာစာကို နိဂုံးချုပ်ပါတယ်။

**ဒေါက်တာမတင်ဝင်း**
**(ပညာရေးတက္ကသိုလ်)**

www.burmeseclassic.com

www.burmeseclassic.com

# လင်းထက်

ကျွန်မရဲ့လူမှုပတ်ဝန်းကျင်က ကျဉ်းမြောင်းပါတယ်။ တက္ကသိုလ်ကြီး တစ်ခုက ဆရာမဖြစ်ပြီး ကျဉ်းမြောင်းတယ်ဆိုတာ ဟုတ်ပါ့မလားလို့ မေးခဲ့ရင်လည်း "ဟုတ်ပါတယ်၊ လုပ်ငန်းခွင်အနေနဲ့တော့ မကျဉ်း မြောင်းပါဘူး။ ဒါပေမဲ့ လူမှုပတ်ဝန်းကျင်အနေနဲ့တော့ ကျဉ်းမြောင်း ပါတယ်" လို့ ဖြေရမှာပါပဲ။

အဲဒီလို လူမှုပတ်ဝန်းကျင်ကျဉ်းမြောင်းတဲ့ ကျွန်မက ရေးချင် ပြန်တော့လည်း "လူငယ်များနှင့် စကားပြောခြင်း" ဆိုတဲ့ အကြောင်း ဖြစ်နေပြန်ပါတယ်။ ဘာပဲဖြစ်ဖြစ် လိုလျှင်ကြံဆ နည်းလမ်းရပေ့ါလေ။ ကျွန်မဆီကို စာအုပ်တိုက်တစ်တိုက်က စာမူလာယူတဲ့ ကလေးတွေ၊ အဲလေ- လူငယ်တွေကို စကားပြောကြရအောင်ပါလို့ ဖိတ်ခေါ်ပြီး ကျွန်မ ကောင်းစွာနားထောင်ခဲ့ပါတယ်။

"စကားပြောကြရအောင်ပါ" လို့ပြောတိုင်း လူငယ်တွေက "ကျွန် တော်တို့ကလည်း ပြောချင်နေပါတယ်လို့ ပြန်မပြောလောက်ဘူး" လို့ ကျွန်မထင်ခဲ့တာ မှားပါတယ်။ လူငယ်တွေက စကားပြောချင်နေပါ တယ်။ သူတို့ခံစားမိတာ တွေးမိတာတွေကို နားထောင်သူရှိရင် သူတို့ ပြောချင်ပါတယ်။ တစ်ခုတော့ရှိတာပေ့ါလေ။ ကျွန်မကလည်း ကြုံတဲ့ သူတိုင်းကို စကားပြောကြရအောင်ပါလို့ မဖိတ်ခဲ့ပါဘူး။

လင်းထက်လို့ ကျွန်မအမည်ပေးလိုက်တဲ့ ကလေးမှာတော့ ဝေဒနာ တစ်ရပ်လည်း ရှိနေပါတယ်။ အဲဒါကြောင့် "ကျွန်တော်ကလည်း ပြောချင်နေတာ" လို့ ခပ်သွက်သွက် ပြန်ပြောခဲ့တာ ဖြစ်ပါတယ်။

*

www.burmeseclassic.com

www.burmeseclassic.com



လင်းထက်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ကျွန်မ မမေးသလို သူကလည်း မပြောပါဘူး။ သူပြောတာကတော့ သူ့ရဲ့ပညာရေး၊ သူ့ရဲ့ မျှော်မှန်းချက်တို့နဲ့ ဆက်စပ်နေတဲ့အကြောင်းများ ဖြစ်ကြပါတယ်။

လင်းထက်ဟာ နယ်ကနေပြီး ရန်ကုန်တက္ကသိုလ်မှာ ဝိဇ္ဇာဂုဏ်ထူးတန်းနဲ့ မဟာဝိဇ္ဇာတန်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တက်ခဲ့သူ ဖြစ်ပါတယ်။ သူ့ရဲ့ အထူးပြုဘာသာကိုတော့ ကျွန်မ မပြောပြတော့ပါဘူး။

သူက "ကျွန်တော် အလွန်ကြိုးစားပြီး စာဖတ်ခဲ့ပါတယ်။ ကျောင်းစာကို ဖတ်တဲ့အခါမှာလည်း ဝိဇ္ဇာဂုဏ်ထူးကျောင်းသား၊ မဟာဝိဇ္ဇာကျောင်းသားဆိုတဲ့ဂုဏ်နဲ့ ညီညွတ်အောင် ကျယ်ကျယ်ပြန့်ပြန့်ဖတ်ခဲ့ပါတယ်။ လေးလေးနက်နက်လည်း ဆက်စပ်တွေးတောခဲ့ပါတယ်။ ကျောင်းစာကိုသာမက အပြင်က ဗဟုသုတရနိုင်တဲ့ စာများကိုလည်း ဖတ်ရှုခဲ့ပါတယ်" လို့ အေးအေးသက်သာ စပြီးပြောပါတယ်။

လင်းထက်က ထက်မြက်တယ်ဆိုတာ သိသာပေမယ့် ဆူဆူပူပူ ပုံစံမျိုးနဲ့ ထက်မြက်သူမဟုတ်ပါဘူး။ အေးဆေးငြိမ်သက်တဲ့ပုံစံနဲ့ လိုချင်တာကို မဆုတ်မနစ်ဖြစ်အောင်လုပ်တတ်တဲ့အသွင်ကို ဆောင်ပါတယ်။

"ကျွန်တော် မဟာဝိဇ္ဇာတန်းကို တက်ခွင့်ရတဲ့အတွက် ကျွန်တော် သိပ်ပျော်သလို ကျွန်တော့ကို အထင်းကြီးလေးစားတဲ့ ကျွန်တော်ရဲ့ညီကလေးကလည်း သိပ်ပျော်ခဲ့ပါတယ်။ ကျွန်တော်ကျောင်းတက်တဲ့အခါမှာ ငွေရေးကြေးရေး မပူပင်ဘဲ တက်နိုင်အောင် ကျွန်တော့ညီကလေးက အပြင်အလုပ်လုပ်ပြီး ကျွန်တော့ကိုထောက်ပံ့ပါတယ်။ သူက ကျွန်တော့ကို သိပ်အထင်ကြီးခဲ့ပါတယ်။ သူ ဆယ်တန်းအောင်တဲ့အခါမှာတောင်မှ တက္ကသိုလ်ဆက်တက်ရင် အပြင်မှာ စီးပွားမရှာနိုင်မှာစိုးလို့ အဝေးသင်တက္ကသိုလ် တက်ခဲ့ပါတယ်။ သူ့ရဲ့စံပြလူသားက ကျွန်တော်လေ။ ဆရာမရယ် ကျွန်တော် စာမေးပွဲမှာတော့ ထူးထူးချွန်ချွန် အောင်ခဲ့ပါတယ်။ ဒါပေမဲ့ တက္ကသိုလ်မှာ ဆရာပြန်လုပ်ဖို့လျှောက်တဲ့အခါ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် မရခဲ့ပါဘူး။ တက္ကသိုလ်မှာ ဆရာပြန်လုပ်ချင်တာက ကျွန်တော် ပါရဂူတန်းကို ဆက်တက်ပြီး ပညာရှင်ဖြစ်ချင်လို့ပါ။

လင်းထက်က ဆက်ပြီးပြောတဲ့အခါမှာ သူ့လောက် မတော်တဲ့ သူများ အလုပ်ရသွားတဲ့ကိစ္စ ပေါ်လာပါတယ်။ သူက အာဃာတနဲ့ မပြောခဲ့ပါဘူး။ ရိုးရိုးလေးပဲ ဖြစ်ပျက်ပုံကို ပြောပြခဲ့တာ ဖြစ်ပါတယ်။ သူခံစားရတာတော့ အတိုင်းအထက်အလွန် ခံစားရတာပါပဲ။

ကျွန်မတို့လည်း ဒီအသက်အရွယ်ရောက်ပြီဆိုတော့ လင်းထက် တို့လို ခံစားရခဲ့တာ အကြိမ်ကြိမ်ပေါ့။ ကိုယ်လောက်မတော်တဲ့သူများ ကိုယ့်ထက်သာသွားတာကိုတော့ အကြိမ်ကြိမ်ကြုံခဲ့ရပြီဖြစ်တဲ့အတွက် ပြန်မပြောချင်လောက်အောင်ပါပဲ။

အဲဒီလို ကိုယ်တိုင်ခံစားခဲ့လို့ လင်းထက် ဘယ်လိုခံစားရမယ် ဆိုတာကို ကျွန်မကောင်းစွာနားလည်နိုင်ပါတယ်။ အေးအေးသက်သာ ပြောကျင့်ရှိလို့သာ အေးအေးဆေးဆေး ပြောနေတာဖြစ်မှာပါ။ သူ့ရင်ထဲ မှာတော့ အတော့ကို မကောင်းဘဲ တနုံ့နုံ့ဖြစ်နေမှာပါပဲ။

လင်းထက်က စာမေးပွဲကို တင်းတင်းကျပ်ကျပ် စစ်ဆေးပြီး ထိုက်တန်တဲ့သူကို ထိုက်တန်တဲ့အမှတ် ပေးစေချင်ပါတယ်။ မတန်မရာ လူကိုလည်း သိသာစွာ စာမေးပွဲချပစ်လိုက်စေလိုပါတယ်။

ကြိုးစားတဲ့သူကလည်း ဒီလောက်ပဲ။ မကြိုးစားဘဲ စာမေးပွဲနီးမှ အတန်းတက်ကြ၊ ခန့်မှန်းမေးခွန်းလိုက်ကြတဲ့သူတွေလည်း ဒီအတိုင်းပဲ ဆိုတဲ့ ကိစ္စကို သူမကျေနပ်ပါဘူး။ စာမေးပွဲမှာ မခွဲခြားတော့လည်း အလုပ်ကို သိပ်မတော်တဲ့သူတွေ ရသွားတာက မဆန်းတော့ဘူးပေါ့။ သိပ်ကို ဖြစ်နိုင်ချေရှိသွားတဲ့အချက်ပဲပေါ့။

ကျွန်မဟာ လင်းထက်ခံစားရသလို ခံစားဖူးတဲ့သူဖြစ်လို့ သူ့ကို ကောင်းကောင်းကိုယ်ချင်းစာနိုင်ပါတယ်။ ဘယ့်နှယ့်၊ ကိုယ့်လောက်မှ မတော်တဲ့သူတွေက ကိုယ်မျှော်မှန်းတဲ့အဆင့်ကို သက်တောင့်သက်သာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ရသွားခဲ့တာ၊ ဒါက သွေးရိုးသားရိုးမှ မဟုတ်ပါဘဲကလား။ လူမတန်လို့ ကံချရတယ်လို့ ဆိုရအောင်လည်း လူကတန်နေသေးတယ်။ ကံကို မချနိုင်သေးဘူး။ ဩော်- အချိန်တွေ ဘယ်လိုပဲပြောင်းလဲခဲ့ပါစေ လူငယ် တွေရဲ့ ဝေဒနာတွေက ထပ်တူပါပဲကလားလို့ ကျွန်မတွေးရင်း လင်းထက် ပြောနေတဲ့စကားကို နားထောင်နေမိပါတယ်။

လင်းထက်ရဲ့ခံစားမှုက ဒီလောက်နဲ့တင် ရပ်မသွားသေးပါဘူး။ "ကျွန်တော် ဘယ်လောက်ပဲတော်တော် ဘာမှဖြစ်မလာတဲ့အခါမှာ ကျွန်တော်သာ စိတ်ဓာတ်ကျတာမဟုတ်ပါဘူး။ ကျွန်တော့ညီကလေး လည်း စိတ်ဓာတ်ကျပါတယ်။ ဘယ်လောက်တော်တော် ဘာမှဖြစ်မလာ ဘူးဆိုတဲ့ အမြင်မျိုး သူမြင်သွားပါတယ်။ အစောပိုင်းတော့ အဝေးသင် တက္ကသိုလ်မှာတက်ရင်း အနီးကပ်သင်တန်းတွေ တက်ရတဲ့အခါ ကျွန် တော်နဲ့လာနေမယ်။ ကျွန်တော်စာသင်ပေးတာကို သူလိုက်ပြီး သင်ယူ မယ်၊ လေ့လာမယ်လို့ ပြောခဲ့ပါတယ်။

ကျွန်တော် အလုပ်မရဘဲ ကျွန်တော့လောက် မတော်တဲ့သူတွေ အလုပ်ရသွားတဲ့အခါကျတော့ ကျွန်တော်သင်မပေးလည်း သူအောင်မှာ ပါပဲဆိုတဲ့ အမြင်နဲ့ သူ့ဘာသာသူ စာကျက်ပါတော့တယ်။ ကျွန်တော် က သင်ပေးမယ်လို့ပြောတာတောင်မှ လက်သင့်မခံတော့ပါဘူး။ သူ ထင်ထားတဲ့အတိုင်းပါပဲ၊ သူ စာမေးပွဲအောင်သွားပါတယ်။ ကျွန်တော့ ညီက အရင်တုန်းက ကျွန်တော့လိုပဲ ပညာရှင်တစ်ယောက် ဖြစ်ချင် နေတာ၊ အဝေးသင်က စာမေးပွဲအောင်တဲ့အခါမှာတော့ ပညာရှင်မဖြစ် တော့ဘဲ စီးပွားရေးကိုသာ ဆက်လုပ်တော့မယ်လို့ ပြောပါတယ်။

"ကျွန်တော် သိလိုက်ရပါတယ်။ ညီကလေးဟာ ပညာကိုလည်း အထင်မကြီးတော့ပါဘူး။ ကျွန်တော့ကို သူ့ရဲ့စံပုဂ္ဂိုလ်လို့ သတ်မှတ် ထားတာလည်း ပျက်သွားပါတယ်။ ကျွန်တော့ကိုတော့ ညံ့တယ်လို့ မထင်ဘူးပေါ့။ ဒါပေမဲ့ တော်ရင်လည်း ဘာမှမဖြစ်ပါဘူးကွာဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အနေအထားမှာ ရောက်သွားတာတော့ သေချာပါတယ်” လို့ လင်းထက်က မသက်မသာ ပြောရှာပါတယ်။

လင်းထက်က အစောပိုင်းကလိုပဲ လေသံတောင်မှ မမြှင့်ဘဲ အေးအေးကလေး ပြောနေပါတယ်။ ညီကလေးရဲ့စံပုဂ္ဂိုလ်အဖြစ်က လျှောကျခဲ့ရတဲ့အပြင် သူငယ်ချင်းတွေကလည်း လင်းထက်ကို အထင်မသေးပေမယ့် ဖြစ်လာတဲ့အဖြစ်ကြောင့် တော်အောင်ကြိုးစားလည်း ဘာဖြစ်လာလို့လဲကွာလို့ ပြောကြတာပေါ့။ လင်းထက်ကို အထင်သေးတာမဟုတ်ပေမယ့် အဖြစ်ကိုမကျေလည်တာကြောင့် သူတို့ပါ စိတ်ဓာတ်ကျလာတာကြောင့် ပြောကြတာ ဖြစ်မှာပါပဲ။

ဘာပဲဖြစ်ဖြစ် ကျွန်မက လင်းထက်ရဲ့စကားကို ခပ်မြန်မြန်ဖြတ်လိုက်ပါတယ်။ ပြီးမှ ကျွန်မပြောလိုတဲ့စကားကို ခပ်လောလောပြောလိုက်ပါတယ်။ “သားရေ၊ သူများတွေရဲ့ စံထားခြင်းခံရတဲ့သူအဖြစ်က ဘယ်လောက်ပဲ လျှောကျသွားသွား အထင်ကြီးခံရတဲ့အနေအထားကို ဘယ်လောက်ပဲ ဆုံးရှုံးသွားသွား အရေးမကြီးလှသေးပါဘူး။ အရေးကြီးတာက ကိုယ့်အဖြစ်ကို ကိုယ်ထင်မသေးမိဖို့ပဲ။ ကိုယ့်စိတ်ကို ကိုယ်ထိန်းပြီး သိမ်ငယ်စိတ်မဝင်အောင်နေဖို့က အရေးကြီးပါတယ်။ ပြီးတော့ မင်းအနေနဲ့ ဘာမှသိမ်ငယ်စရာမလိုပါဘူး”

“အခု သားပြောတဲ့စကားတွေကြားရတော့ သားကို ဆရာမ မသနားဘူး။ မတန်မရာလို့မဆိုလိုပေမယ့် အကြောင်းကြောင်းကြောင့် သိပ်မတော်ဘဲ နေရာရသွားတဲ့သူတွေက တကယ်တော့ သနားစရာကောင်းတဲ့သူတွေပဲ။ ဘဝမှာ ငြင်းဆိုတာကို မခံရတဲ့သူဆိုတာ မရှိနိုင်ပါဘူး”

“တစ်ချိန်ချိန်မှာ လောကဓံတရားနဲ့ ရင်ဆိုင်ရရင် မတော်တဲ့သူတွေဟာ သူတို့ကိုယ်သူတို့လည်း ဒုက္ခပေးတတ်တယ်။ အဲဒီတော့ သနားချင်းသနားရင် အဲဒီလူတွေကို ဆရာမ သနားမယ်။ သားအနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တာဖြစ်မလာဘူးဆိုတာ အပေါ်ယံအနေနဲ့ဆိုတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ မင်းက ကြိုးစားတဲ့သူတိုတော့ စာကောင်းကောင်းတတ်လာတယ်လေ။ အဲဒါကြောင့် ဘယ်သူအထင်ကြီးကြီးမကြီးကြီး မင်းကိုယ်မင်းတော့ အထင်ကြီးရလိမ့်မယ်" လို့ ကျွန်မက လေးလေးနက်နက် ပြောလိုက်မိပါတယ်။

ကျွန်မနဲ့ လင်းထက်တို့ရဲ့စကားဝိုင်းက စိတ်ဝင်စားစရာကောင်းသည်ထက် ကောင်းလာပါတယ်။ လင်းထက်နဲ့အတူ သူငယ်ချင်းတစ်ယောက်လည်း ပါလာပါတယ်။ သူတို့နှစ်ယောက်စလုံးဟာ ရိုးသားတဲ့၊ ထက်မြက်တက်ကြွတဲ့ ဘွဲ့ရလူငယ်များ ဖြစ်ကြပါတယ်။ နယ်မှတက်လာတဲ့သူများ ဖြစ်ကြတဲ့အပြင် ငွေရေးကြေးရေးအရ မိဘအသိုင်းအဝိုင်းနဲ့ ကြီးမြင့်မှုအရ တိုင်းတာရင်တော့ သိပ်မပြည့်စုံကြဘူးလို့ ပြောနိုင်ပေမယ့် သူတို့မှာ ရိုးသားတဲ့ဂုဏ်၊ ကြိုးစားတဲ့ဂုဏ်၊ ထက်မြက်ပြီး အရှုံးမပေးလိုတဲ့သတ္တိ စတဲ့အရည်အချင်းများနဲ့ ပြည့်စုံကြပါတယ်။

အဲသလို အရည်အချင်းကောင်းနဲ့ ပြည့်စုံကြသူများ ဖြစ်တယ်ဆိုတာ သူတို့နဲ့စကားပြောရင်း ကျွန်မ သဘောပေါက်လာတဲ့အချက်များ ဖြစ်ကြပါတယ်။ ကျွန်မက နှစ်ယောက်လုံးနဲ့ဆိုင်တဲ့ စကားတွေကို ရွေးပြီးပြောရပါတယ်။ လင်းထက်ရဲ့သူငယ်ချင်းကလေးက အေးဆေးငြိမ်သက်ပုံရပါတယ်။ ခပ်ငြိမ်ငြိမ်ပါပဲ။

သူတို့နဲ့စကားပြောတဲ့အခါမှာ တစ်ခါမှ စာထဲထည့်မရေးဖူးပေမယ့် ကျွန်မပြောနေကျ ကျွန်မရဲ့ခံစားမှုတစ်ခုနဲ့ ပတ်သက်ပြီး ပြောပြဖြစ်ပါတယ်။ အဲဒီအကြောင်းကို သူတို့နဲ့ ဒီလိုပြောဖြစ်ပါတယ်။

"ဆရာမ နေ့တိုင်းကျောင်းလာတဲ့အခါမှာ မီးပွိုင့်တစ်ခုကို ဖြတ်ရပါတယ်။ မီးပွိုင့်နားကို ရောက်တာနဲ့ မီးနီသွားလို့ ကားကိုရပ်လိုက်ရရင် ဆရာမ သိပ်စိတ်ချမ်းသာသွားတာပဲ။ တချို့မီးပွိုင့်တွေကတော့ စက္ကန့်အပိုင်းအခြားနဲ့ မီးနီတော့မယ်၊ ဒါမှမဟုတ် စိမ်းတော့မယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ပြထားလို့ ကြိုတင်တွက်ဆနိုင်ပါတယ်။ အဲသလိုမီးပွိုင့်တွေမဟုတ်လို့က တော့ စိမ်းတယ်၊ စိမ်းတယ်ဆိုပြီး အလောတကြီးဖြတ်ပြီးမှ မီးနီသွားရင် ဒုက္ခ၊ သိပ်ပြီး သုတ်သုတ်ပျာပျာ နိုင်တာပေါ့။ ဇွတ်ဖြတ်လိုက်ရရင်လည်း ဘေးမကင်းဘူး။

ဇွတ်မဖြတ်ဘဲ လမ်းမလယ်ကောင်မှာ ကားရပ်ပြီး ကားကို နောက်ပြန်ဆုတ်ရရင် ဣန္ဒြေလည်းပျက်သေးတယ်၊ ဘေးလည်းမကင်း ဘူး။ ကန့်လန့်ဖြတ်လမ်းကြောင်းက ကွေ့နေတဲ့ကားတွေနဲ့ တိုက်မိမှာ လည်း စိုးရသေးတယ်။

နောက်ကိုဆုတ်ရင် နောက်ကားနဲ့တိုက်မိမှာလည်း စိုးရသေး တယ်။ ဆုတ်တုန်း ဟွန်းတတီတီနဲ့ သတိပေးတာလည်း ခံရတတ် သေးတယ်။

မီးနီနဲ့တိုးရင် ကားကိုရပ်ထား၊ ပြီးတော့ သတိနဲ့နေ၊ မီးစိမ်း တာနဲ့ တစ်ရှိန်ထိုးမောင်းထွက်သွားနိုင်ပါတယ်။ အရေးကြီးတာကတော့ သတိထားပြီး စိမ်းတာနဲ့ သွက်သွက်လက်လက် ကားမောင်းထွက်သွား ဖို့ပါပဲ။

ခြေလျင်သွားတဲ့သူတွေလည်း ဒီလိုပါပဲ။ စည်းကမ်းတကျလည်း ကူးရမယ်။ မီးနီနေတုန်း ကားအကျဲသားပဲဆိုပြီးကူးရင် အရှိန်နဲ့မောင်း လာတဲ့ကားကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်တတ်ပါသေးတယ်။ မီးနီနဲ့ မတိုးဘဲ မီးစိမ်းနဲ့လည်း တိုးပါရဲ့၊ မျဉ်းကျားလည်းဖြတ်ပါရဲ့၊ ဒါပေမဲ့ လူကူးမီးက ရုတ်တရက် နီသွားပြီး ကားဖြတ်ဖို့ မီးစိမ်းသွားတာနဲ့ အရှိန်မြှင့်မောင်းလာတဲ့ကားနဲ့ တွေ့ပြီ ဆိုပါတော့ ရပ်လိုက်ရုံနဲ့ လုံ လောက်ရင် တော်သေးရဲ့။ ပြန်ဆုတ်ပြေးရတာပဲဖြစ်ဖြစ် ဆက်ပြီးဖြတ်ဖို့ ပြေးရတာပဲဖြစ်ဖြစ် ဘယ်လိုကိစ္စမှ ဘေးမကင်းပါဘူး။

မီးဆိုတာ အမြဲနီမနေနိုင်ပါဘူး။ (ပျက်နေတာဆိုရင်တော့ ခြွင်း ချက်ပေါ့။) စိမ်းတစ်လှည့်၊ ဝါတစ်လှည့်၊ နီတစ်လှည့် နေတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



နီတဲ့အချိန်နဲ့တိုးတာနဲ့ စိတ်မဆင်းရဲပါနဲ့ စိမ်းလာတဲ့အခါမှာ မိမိရရ အသုံးချတတ်ဖို့ပဲ လိုအပ်ပါတယ်။

ဆရာမတော့ မီးနီတာနဲ့ စိတ်အေးချမ်းသာရှိတယ်ဆိုတာ တကယ်ပါပဲ။ မီးနီနေတုန်း ဘီးလေးဘီးစလုံး ရပ်ထားခိုက်မှာ သတိထားနေရုံပါပဲ။ ဘဝမှာလည်း အဲဒီလိုပါပဲ။ မီးပွိုင့်မီးနဲ့ ဘဝမီးနီပေါ့လေ၊ အတူတူပါပဲ။ အဲဒီလိုရပ်ထားရတဲ့အချိန်တွေ စောင့်ရမယ့်အချိန်တွေ အခြေအနေတွေနဲ့ တိုးရင် စိတ်ဓာတ်တွေကျနေလို့ကတော့ ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ရလာနိုင်ပါတယ်။ စောင့်နေသခိုက်မှာ အရာရာကို သတိထားကြည့်ပြီး ကိုယ့်ကိုယ်ကို ပြင်ဆင်ထားဖို့လိုတယ်ဆိုတာသာ နှလုံးသွင်းလိုက်ရင် အခံရမဆိုးတဲ့အပြင် အကျိုးရလာနိုင်ပါတယ်။

ကျွန်မက ကျွန်မရဲ့စကားကို စိတ်ဝင်စားနေကြတဲ့ လူငယ်နှစ်ယောက်ကို တစ်ချက်အကဲခတ်လိုက်ပြီး ဆက်ပြောခဲ့ပါတယ်။

"ဆရာမတို့ဘဝမှာ မီးနီနေတဲ့ မီးပွိုင့်အနားမှာ ရပ်နေရတဲ့အခြေအနေမျိုးနဲ့ မကြာခဏ ကြုံကြရပါတယ်၊ ဘဝမီးနီချိန်ဆိုတာက မီးပွိုင့်မီးနီချိန်ထက် အများကြီးကြာတတ်ပါတယ်။ ဘဝမီးနီချိန်မှာလည်း မီးပွိုင့်မီးနီချိန်မှာထားတဲ့ သဘောကို ထားကြရမှာပါပဲ။ စိတ်အေးအေးထား၊ သတိထား၊ ဝီရိယထား၊ အမေ့မေ့ အလျော့လျော့နဲ့ ပေါ့ပေါ့တန်တန် မနေနဲ့"

မီးပွိုင့်က စိမ်းသွားတဲ့အခါမှာ ကားကောင်းကောင်းစီးပြီး သတိထားနေတဲ့သူဟာ ဝေါခနဲနေအောင် ကားကို တစ်ရှိန်ထိုးထွက်သွားနိုင်ပါတယ်။ ဘဝမီးနီချိန်လွန်သွားတဲ့အခါ ဘဝမီးစိမ်းချိန်နဲ့တွေ့ရတော့မှာပေါ့။ အဲဒီအခါမှာ မိမိကိုယ်ကို သတိအနေအထားနဲ့ ပြင်ဆင်နေတဲ့သူ၊ ဝီရိယထားနေတဲ့သူဟာ အရာရာကို ကျော်ဖြတ်ပြီး တက်သွားတော့မှာ သေချာပါတယ်။

"ဘဝမီးနီချိန်ကလည်း ခဏခဏတွေ့ရတတ်ပါတယ်။ မီးပွိုင့်မှာလည်း သွေးရိုးသားရိုး မီးနီချိန်ထက် ပိုပြီးကြာတတ်တဲ့အခါတွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိတတ်ပါတယ်။ ဘဝမှာလည်း ဒီလိုပါပဲ။ မီးနီတိုင်း စိတ်အနှောင့်အယှက် ဖြစ်လို့ကတော့ ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူး။ တစ်ချိန်ပြီးတစ်ချိန် ဒေါသဖြစ်နေရာတာနဲ့ပဲ ပြီးနေတော့မှာပဲ။

အရေးကြီးတာကတော့ မီးစိမ်းချိန်မှာ တစ်ရှိန်ထိုးထွက်သွားဖို့ မိမိကိုယ်ကိုမိမိ ပြင်ဆင်နေသင့်တာပါပဲ။

ကျွန်မက ကျွန်မပြောလိုသည့်အကြောင်းကို ရေရေလည်လည်ရှိအောင် ရှည်ရှည်လျားလျား စကားပြောပြီးသည်နောက်မှာတော့ လင်းထက်က "ကျွန်တော်ကတော့ မီးပွိုင့်ကိုမြင်တိုင်း ဆရာမကို သတိရနေတော့မှာပဲ" လို့ ပြောပါတယ်။

ကျွန်မကတော့ ဖြတ်ရမယ့် ကျော်လွှားရမယ့် အခက်အခဲများကို စိတ်အပင်ပန်းမခံဘဲ အင်နဲ့အားနဲ့ ဖြတ်ကျော်နိုင်တဲ့သတ္တိ လူငယ်များမှာ ရှိနေစေချင်တာပါပဲ။

*

ကျွန်မက စကားပြောဖို့ဖိတ်ခေါ်ပြီး ကျွန်မက ပြန်ပြောတဲ့စကားတွေက ပိုပြီးများနေတာကို မကြာခဏ တွေ့ရတတ်ပါတယ်။ အဲသလိုဖြစ်နေတာကိုလည်း သဘာဝကျတယ်လို့ ကျွန်မက ထင်ပါတယ်။ လူငယ်တို့ရဲ့ ရင်ထဲမှာ ဖုထစ်နေတဲ့ အကျိတ်အခဲတွေကို ဖြိုခွဲပေးဖို့ သာယာညင်းပျောင်းစွာ စကားပြောပေးဖို့လည်း လိုအပ်သေးတယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

လင်းထက်နဲ့ စကားပြောနေတုန်းမှာ သူ့သူငယ်ချင်းကလေးက အေးဆေးငြိမ်သက်တဲ့ အမူအရာနဲ့ ထိုင်ပြီးနားထောင်နေပါတယ်။ ကျွန်မက "ကဲ- သားမှာရော ပြောချင်နေတဲ့စကားများ မရှိဘူးလား" လို့ မေးမိပါတယ်။ အဲဒီတော့မှ "ကျွန်တော့ပြဿနာကတော့ ကျွန်တော့ကို လူတွေ နားမလည်ကြတဲ့ ပြဿနာပဲ" လို့ ဖြေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လင်းထက်ရဲ့သူငယ်ချင်းဟာ အေးဆေးလွန်းပြီး သူ့မျက်နှာက မျက်နှာငယ်သယောင် ဖြစ်နေပါတယ်။ "သားကို ဘယ်သူတွေက ဘယ်လိုနားမလည်တာလဲကွယ်" လို့ မေးတော့ "လူကြီးတွေကရော လူငယ်တွေကပါ နားမလည်တာပါ" လို့ ဖြေပါတယ်။ အဲဒီလိုဖြေပြီး တော့လည်း ဘာမှဆက်မပြောပြန်ဘူး။ စကားနည်းလွန်းလို့လည်း ဖြစ်နိုင်ပါတယ်။ စိတ်ကုန်နေလို့လည်း စကားနည်းတာ ဖြစ်နိုင်ပါတယ်။ အဲဒီအချိန်မှာ-

လင်းထက်က ကြားဝင်ပြီး ရှင်းပေးပါတယ်။ "သူက သူများ တွေကို ကူညီတတ်ပါတယ်။ ဒါပေမဲ့ သူအကူအညီပေးလိုက်တဲ့ သူတွေ က သူ့စေတနာကို နားမလည်ကြဘူး။ သူ့အကူအညီကို နားမလည် ကြဘူး။ အဲဒီလိုနဲ့ပဲ သူခံစားနေရတာ" တဲ့။

ကျွန်မက " အကူအညီပေးတဲ့အခါမှာ မတောင်းဘဲနဲ့ ပေး သလား"လို့ မေးလိုက်ပါတယ်။ ပြုံးလည်းပြုံးမိနေပါတယ်။ ကျွန်မကိုယ် တိုင်ကလည်း သူများက အကူအညီမတောင်းခင်မှာ ကိုယ့်စေတနာနဲ့ ကိုယ် ကူညီလေ့ရှိပါတယ်။ ဒါပေမဲ့ ကိုယ့်စေတနာကို တန်ဖိုးမထား တတ်တဲ့သူတွေနဲ့ တွေ့ရတဲ့အခါမှာ ခံစားရတတ်တဲ့အကျင့် ရှိပါတယ်။ ဒါကြောင့် ကိုယ်ချင်းစာစိတ်နဲ့ ပြုံးနေမိတာပါ။

လင်းထက်ရဲ့သူငယ်ချင်းက အဲဒီတော့မှ အသံနည်းနည်းထွက် လာပါတယ်။ "ဟုတ်ပါတယ်၊ ကျွန်တော့ကို အကူအညီမတောင်းပေ မယ့်လည်း ကူညီနိုင်တာဆိုရင် ကူညီလိုက်တာပါပဲ" တဲ့။ အဲဒီနောက် ကျွန်မကမေးတာနဲ့ပဲ ပေါ်လာတဲ့အကြောင်းတွေကတော့ သူ အကူအညီ ပေးလိုက်တဲ့သူတွေထဲမှာ သူ့ထက်သာတဲ့သူ (ငွေကြေးအရ ဥစ္စာအရ ပြည့်စုံတဲ့သူများ)ဟာ သူ့စေတနာကို အသိအမှတ်မပြုဘဲ မလေးမစား လုပ်တတ်ကြတာကို သူတွေ့လာရပါတယ်။ အဲဒါကြောင့်လည်း သူ တနုံ့နုံ့ ခံစားနေရတာပါပဲ။ ကျွန်မက "အဲဒီလိုကိစ္စတွေဖြစ်တာ

www.burmeseclassic.com

www.burmeseclassic.com



အကြိမ်များများလာတော့ သားအနေနဲ့ စိတ်ငယ်သလိုလို ဖြစ်လာတယ် မဟုတ်လား” လို့ မေးတော့ “ဟုတ်ပါတယ်” တဲ့။

ကျွန်မကတော့ လင်းထက်ရဲ့သူငယ်ချင်းလို မကြာခဏခံစား ရသူ ဖြစ်ပါတယ်။ ငယ်ငယ်တုန်းကဆိုရင် ပိုဆိုးပါတယ်။ အဲဒီတော့ ကျွန်မရဲ့အတွေ့အကြုံကို အရင်းတည်ပြီး စကားပြောမိပါတယ်။

“ဆရာမလည်း အဲဒီလိုဒုက္ခမျိုးကို ခဏခဏ ခံစားရဖူးပါတယ်။ ခံစားရတာများလာတော့ အကူအညီကို တောင်းလာတဲ့အခါကျမှပဲ ပေးပါတော့တယ်။ လူတွေရဲ့သဘာဝက ခက်ခဲမှ တန်ဖိုးရှိတယ်လို့ မြင်တတ်ကြပါတယ်။ အဲဒီတော့ လွယ်လွယ်နဲ့ရရင် ဘယ်လောက်ပဲ တန်ကြေးရှိရှိ တန်ဖိုးမထားတတ်ကြဘူး။ အဲဒီတော့ မင်းမှာ တနုံ့နုံ့ ဖြစ်ရရောမဟုတ်လား”

“ဆရာမပြောချင်တာကတော့ မကျေနပ်စရာ ဖြစ်လာတာနဲ့ တိခနဲဖြတ်နိုင်အောင်သာ ကြိုးစား။ တနုံ့နုံ့ခံစားရတာ အချိန်ကုန်တယ်၊ စိတ်လည်းပင်ပန်းတယ်၊ အဲဒီတော့ ကိုယ့်စေတနာနဲ့ မတန်တဲ့သူတွေ အတွက် တနုံ့နုံ့ခံစားမနေနဲ့။ သူတို့ကို တိခနဲသာဖြတ်လိုက်။ အဲ- အဲဒီလိုပြောလို့ လမ်းမှာတွေ့ရင်တောင် မခေါ်နိုင်မပြောနိုင် ဖြစ်သွားဖို့ မဟုတ်ပါဘူးနော်”

“ရှေးလူကြီးတွေ ပြောလေ့ရှိသလိုပြောရရင် ကိုယ်ပေါင်းစိတ်ခွာ ပေ့ါ။ စိတ်သဘောထားချင်း မတိုက်ဆိုင်တာ စိတ်ချင်းပေါင်းလို့လည်း မရဘူးလေ”

လင်းထက်ရဲ့သူငယ်ချင်းကလေးက ကျွန်မပြောသမျှကို အေးအေး ပဲ နားထောင်နေပါတယ်။ ကျွန်မက ဆက်ပြီးပြောမိပြန်ပါတယ်။

“နောက်ပြီးတော့ သားအခုနပြောတဲ့စကားထဲမှာပါတဲ့ အချက် တစ်ခုရှိတယ်။ လူတွေက ကျွန်တော့်ကို နားမလည်ကြဘူးဆိုတာလေ အဲဒီကိစ္စကတော့ အရေးကြီးတယ်။ လူတွေနဲ့ ဆက်ဆံတဲ့အခါမှာ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ပေးနိုင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတာတွေကို လူတွေသိလာအောင် သဘောပေါက်လာအောင် ပြောပြဖို့တော့ လိုအပ်တယ်။ ပြောတတ်ဖို့လည်း လိုအပ်တယ်”

“အဲဒီလိုပြောတဲ့အခါမှာ ကိုယ့်စိတ်နေသဘာဝဟာ ပုံမှန်ဖြစ်နေသင့်တယ်။ စိတ်ငယ်မနေသင့်ဘူး။ စိတ်ငယ်ပြီး ရှိနေရင် လူတချို့က နှိမ်ချင်လေ့ရှိတယ်။ ဒီနေရာမှာ ဗိုလ်ချုပ်ကြီးမက်အာသာ **(Mac Auther)** ရဲ့ သားအတွက်ဆုတောင်းစာထဲက စာတစ်ကြောင်းကို သတိရမိတယ်။ **Build me a son who is proud and unbending in honest defeat** တဲ့။ ရိုးရိုးသားသားကြိုးစားရင်း ရှုံးနိမ့်တဲ့အခါမှာ မာနထားပြီး (စိတ်ဓာတ်ခိုင်ခိုင်နဲ့) ဦးမညွှတ်တဲ့သူ ဖြစ်ပါစေဆိုတဲ့ ဆုတောင်းပေါ့။ မင်းရဲ့ဘဝမှာ လျှမ်းလျှမ်းမတောက်အောင်မြင်သေးတဲ့အတွက် စိတ်ငယ်ပြီး ယို့နေစရာမလိုပါဘူးသားရယ်၊ စိတ်ဓာတ်ကို ခိုင်ခိုင်မာမာထားပြီး မိမိခေါင်းကို မတ်မတ်ထားနိုင်ရမယ်။ ရွှင်ရွှင်ပျပျနေနိုင်ရမယ်။ အဲဒီလိုနေနိုင်အောင် ကြိုးစားရမှာပါပဲ။

“အဲဒီလိုပြောလို့ စကားကို မာရေကျောရေ ပြောရမယ်။ လူကြီးမှန်းမသိ လူငယ်မှန်းမသိ ဂါရဝ နိဝါတမထားဘဲ ရိုင်းပျရမယ်လို့ ဆိုတာမဟုတ်ပါဘူးနော်။ စိတ်ကို ခိုင်ခိုင်မာမာထားပြီး လုပ်သင့်တဲ့ကိစ္စများကို စူးစူးစိုက်စိုက် လုပ်နိုင်အောင် ကိုယ့်ဘာသာကိုယ် လေ့ကျင့်ယူရမယ်ဆိုတာကို ပြောချင်တာပါပဲ” လို့ပြောရင်း ရှည်လျားတဲ့စကားကို ကျွန်မ နိဂုံးချုပ်လိုက်ပါတယ်။

*

ကျွန်မက လင်းထက်အပါအဝင် လူငယ်များနဲ့ စကားပြောတိုင်း အထူးသတိထားပြီး သူတို့ကိုပြောပြတဲ့အကြောင်းတွေ ရှိပါတယ်။ အဲဒီစကားတွေထဲမှာ သူတို့ခံစားနေရတဲ့ ခံစားမှုမျိုးကို ကျွန်မ များစွာ

www.burmeseclassic.com

www.burmeseclassic.com



ခံစားရဖူးပြီ၊ တစ်ခါတလေ အခုအထိ ခံစားရဆဲပဲဆိုတဲ့အချက် ပါပါတယ်။ အဲသလို ပွင့်လင်းမှ သူတို့နဲ့ကျွန်မတို့ လူကြီးတွေ စိတ်ချင်း နီးစပ်နိုင်ပါမယ်။

အဲဒါကြောင့် မမေ့မလျော့ပြောမိတတ်တဲ့ အကြောင်းတွေထဲမှာ "ဆရာမတို့လည်း စိတ်ငယ်တတ်ပါတယ်။ အခုထိတောင် စိတ်ငယ်တာတွေ၊ စိတ်ဓာတ်ကျတာတွေ ဖြစ်ဖြစ်နေတတ်ပါသေးတယ်။ အဲဒီလို စိတ်ဓာတ်ကျတဲ့ကိစ္စမျိုး ဖြစ်လာတဲ့အခါမှာ ကိုယ့်ကိုယ်ခန္ဓာရဲ့ အခြေအနေ၊ ကိုယ့်စိတ်ရဲ့ အခြေအနေကို ပထမဆုံးဆန်းစစ်လိုပါတယ်။ လူက (ကိုယ်ခန္ဓာက) သိပ်ပင်ပန်းနေရင်လည်း စိတ်ဓာတ်ကျသလိုမျိုး ခံစားရတယ်။ စိတ်ပင်ပန်းလို့ စိတ်ဓာတ်ကျတာ စိတ်ငယ်တာကိုလည်း ကိုယ့်ဘာသာကိုယ် ကုရမှာပါပဲလို့ ပြောမိပါတယ်။ ပြီးတော့ စိတ်အင်အားဖြစ်စေမယ့်စာတွေ ဖတ်ဖို့ကိုလည်း တိုက်တွန်းရပါတယ်။

ကျွန်မက ဖတ်ဖို့တိုက်တွန်းတဲ့ စာအုပ်တွေကလည်း သိပ်မများလှပါဘူး။ ဆရာဦးဆန်းလွင့်ရဲ့ ရွှေတောင်တက်ဒဿနလို စာအုပ်မျိုးနဲ့ အေဂျေကရိုနင်ရဲ့ နှစ်လောက၊ ဥတ္တရအလင်း စတဲ့စာအုပ်မျိုးများသာ ဖြစ်ပါတယ်။ တကယ်တော့ အတ္ထုပ္ပတ္တိစာပေများကလည်း နေရာတစ်ခုရဖို့ ကြိုးစားရတဲ့လူများအကြောင်းကိုသိနိုင်လို့ ဖတ်ဖို့သင့်တဲ့အကြောင်း ပြောမိပါသေးတယ်။

အထူးအလေးပေးပြီး ပြောမိတဲ့စကားလည်း ရှိပါတယ်။

"သားတို့ဘဝခရီးလမ်းမှာ ရိုးရိုးတက်လို့မရဘဲ ကျောက်ဖျာမှာ ပိတ်ထားသလို ဖြစ်နေရင် ဖောက်ထွက်၊ ဖောက်ထွက်လို့မရနိုင်တဲ့ အခြေအနေမျိုးဆိုရင် ကွေ့ပတ်တက်ပါ။ သူများတွေလို တန်းစီနေတဲ့ နောက်က စိတ်ဓာတ်ကျစွာ ဝင်ပြီးတန်းစီသလိုမျိုး မဖြစ်ပါစေနဲ့။ ဥပမာပြဆိုရင်လည်း ပြာစရာရှိပါတယ်။ ဆရာမဟာ ပါရဂူဘွဲ့ရပြီး သိပ်မကြာခင် ပါမောက္ခဖြစ်ခဲ့မယ်ဆိုရင် စာရေးဆရာ ဖြစ်လာမှာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ပါမောက္ခမဖြစ်တာနဲ့ စိတ်ဆင်းရဲမနေနိုင်ပါဘူး။ သူများက သတ်မှတ်ပေးမှ ကိုယ်တော်ကြောင်းပြနိုင်မှာလား၊ ကိုယ့်ဘာသာကိုယ် ပြရင်ကော မရဘူးလားဆိုတဲ့ အတွေးမျိုးနဲ့ စာတွေဖတ် စာတွေရေးခဲ့တာပါပဲ။ ဒါကတော့ ပိတ်နေရင် ကွေ့တက်တဲ့နည်းပါပဲ”

ကျွန်မက လူငယ်တွေကို ချစ်ခင်လေးစားစိတ် အမြဲထားပါတယ်။ ကိုယ့်ကိုကိုယ်လည်း မနေ့တစ်နေ့ကအထိ လူငယ်တစ်ယောက်လိုပဲ ထင်နေခဲ့မိတာ ပါမယ်ထင်ပါတယ်။ ကျွန်မအနေနဲ့ လူငယ်များအပေါ် မျှော်လင့်ချက်များစွာထားကာ ယုံကြည်မြဲယုံကြည်နိုင်ရန် အခါခါ အားမွေးခဲ့ရဖူးပါတယ်။ အားလျော့သွားလို့ အားမွေးရခြင်းဖြစ်ပါတယ်။

ဘယ်လိုအချိန်မျိုးမှာ အားလျော့တာလဲလို့မေးရင် လူငယ်များရဲ့ ပေါ့တန်မှု၊ ကိုယ်ကျိုးရှာမှု၊ လူလည်ကျမှုတွေကို ကျွန်မကိုယ်တိုင် ခံစားရတဲ့အချိန်မျိုးမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ အဲဒီလို လူငယ်များဟာ လူငယ်အားလုံးကို ကိုယ်စားမပြုဘူးဆိုတာ ကျွန်မ နားလည်သဘောပေါက်ခဲ့ပါတယ်။ ဆိုးတဲ့လူငယ်ဆိုတာကတော့ ကောင်းစွာမွေးမြူထိန်းကျောင်းခြင်းမရှိတဲ့ ပတ်ဝန်းကျင်မှာ ရှိနေမှာပါပဲ။ အဲဒီလိုလူငယ်များကလည်း ကျွန်မတို့ပြောတဲ့စကားတွေကို စိတ်ဝင်စားမယ် မဟုတ်ဘူး။ စကားထဲက အဓိပ္ပာယ်အစားလက်တွေ့အကျိုးအမြတ်များ ရနိုင်ရင်တော့ အောင့်အည်းပြီး နားထောင်မယ် ထင်ပါရဲ့။

လူကြီးများက လူငယ်များကို ချစ်ခင်လေးစားသလို လူငယ်များကလည်း လူကြီးများကို လေးစားရိုသေနိုင်မယ်ဆိုရင်တော့ ပြောကြတဲ့ စကားဝိုင်းဟာ အဓိပ္ပာယ်ရော အကျိုးသက်ရောက်မှုရော ပြည့်ပြည့်ဝဝရှိနေမယ် ဖြစ်ပါတယ်။

လူကြီးများအနေနဲ့ ခေတ်အခြေအနေ၊ လူငယ်တို့ရဲ့ ပတ်ဝန်းကျင်၊ လူငယ်တို့ရဲ့မျှော်မှန်းချက်၊ လူငယ်တို့ရဲ့ ဝေဒနာ စတဲ့ လူငယ်

www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့ပတ်သက်သမျှကို သိလိုကြရင် လူငယ်တွေနဲ့ စကားပြောဖို့လိုတယ်လို့ ကျွန်မ ယုံကြည်ပါတယ်။ သူတို့စကားကို ကြားရမှ သူတို့ခံစားနေရတာကို သိနိုင်မယ်ဖြစ်ပါတယ်။

လင်းထက်နဲ့စကားပြောလိုက်ရတာ ကျွန်မအတွက်လည်းများစွာ အကျိုးရှိပါတယ်။ မသိရသေးတဲ့ အခြေအနေတွေကိုလည်း သိလာရပါတယ်။ လူငယ်တွေဟာ မပေါ့တန်ဘဲ ကြိုးစားနေကြဆဲဆိုတာ သိလိုက်ရတာ တစ်အားပါပဲ။

လင်းထက်တို့ကလည်း ပြန်ခါနီးမှာ "ဆရာမရေ ဖောက်ထွက်ရမယ်၊ လမ်းကြောင်းအသစ်ကိုရှာပြီး ကွေ့ပတ်တက်နိုင်ရမယ်ဆိုတဲ့ အတွေးကို အစောပိုင်းက မတွေးမိခဲ့ပါဘူး။ ကိုယ့်ကို ဖြတ်သွားတဲ့ ကျော်သွားတဲ့သူတွေရဲ့နောက်ကျောကိုကြည့်ပြီး စိတ်တွေဆင်းရဲနေခဲ့မိတယ်။ အခုတော့ သူတို့နောက်ကျောကို ကြည့်မနေတော့ဘူး။ ကိုယ်တက်ရမယ့် တက်လို့ရနိုင်မယ့် လမ်းစကိုသာ ကြည့်ပြီးရှာတော့မယ်" လို့ ပြောသွားကြပါတယ်။ ဖွင့်ပြီးပြောတဲ့သူကတော့ လင်းထက်ဖြစ်ပါတယ်။

ထက်မြက်တဲ့လူငယ်ဆိုတာ အကင်းလည်း ပါးတတ်ကြတယ်လို့ ကျွန်မ ပီတိအတွေးတစ်ခုရပြီး ကျေနပ်မိပါတယ်။

*

လင်းထက်နဲ့ စကားပြောတဲ့ကိစ္စဟာ မပြီးသေးပါဘူး။ ကျွန်မက ကြုံတိုင်းလိုလို စကားပြောဖို့ အချိန်ရသလားလို့မေးပြီး ဖိတ်ခေါ်လေ့ရှိတာနဲ့ စကားဆက်မိကြပြန်ပါတယ်။

လင်းထက်ဟာ ပညာရှင်ဘဝကို မရနိုင်တော့ဘူးလို့ သူ့ကိုယ်သူ မထင်ပါဘူး။ မရသေးတာလို့ပဲ ထင်ပါတယ်။ ဒီနေရာမှာ ဆောက်တည်

www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့သူနဲ့ မဆောက်တည်ဘဲ ထင်ရာမြင်ရာ လုပ်တတ်တဲ့သူဟာ သိသိသာသာ ကွဲပြားခြားနားသွားနိုင်တဲ့အကြောင်း ကျွန်မ သာဓက တစ်ခုကို ဆောင်ပြီး ပြောချင်ပါတယ်။ ကျွန်မရဲ့မိတ်ဆွေ ဆရာကြီး တစ်ယောက်ရဲ့ကိုယ်တွေ့ပါပဲ။ ဆရာကြီး အလောင်းအလျာကလေးဟာ မဟာဝိဇ္ဇာတန်းကို တက်ချင်ခဲ့ပါတယ်။ ဒါပေမဲ့ အကြောင်းကြောင်း ကြောင့် မတက်ခဲ့ရပါဘူး။ အဲဒါကြောင့် စိတ်လေလေနဲ့ အိမ်ပြန်လာပြီး မကြာခင်မှာ စဉ်းစားမထားဘဲ ကြိုတင်စီစဉ်မထားဘဲ မိန်းမခိုးမိပါ သတဲ့။ ဆရာကြီးဟာ အခုအခါမှာ ရယ်ရယ်မောမောနဲ့ ပြောပြနေပေမယ့် ဖြစ်တဲ့အချိန်တုန်းက အလွန်စိတ်လေနေခဲ့မယ်ဆိုတာ ခန့်မှန်းနိုင်ပါ တယ်။

လင်းထက်ကတော့ သူ့ကိုယ်သူတည်ဆောက်ပြီး အသက်မွေး ဝမ်းကျောင်းမှုအတွက် အလုပ်တစ်ခုပြီးတစ်ခု လုပ်ကိုင်ခဲ့ပါတယ်။ အဲဒီ အလုပ်အကိုင်ထဲမှာ ကျူရှင်ဆရာလို့ခေါ်တဲ့ အလုပ်လည်း ပါပါတယ်။

လင်းထက်က မဟာဝိဇ္ဇာတန်းကို အောင်မြင်ခဲ့ပြီးပြီဖြစ်လေတော့ သူ့ဆီမှာ ဂုဏ်ထူးတန်းတက်နေတဲ့သူများ ကျူရှင်လာယူကြပါတယ်။ ဆယ်တန်းကျောင်းသားများလည်း ကျူရှင်ယူကြတဲ့သူတွေထဲမှာ ပါပါ တယ်။

လင်းထက်က တက္ကသိုလ်ဆရာဖြစ်ချင်တဲ့သူဆိုတော့ စာသင်ရ တာကို ဘယ်မှာကြောက်လိမ့်မတုံး။ သေသေချာချာပြင်ဆင်ပြီး ရှင်းလင်း သင်ပြပေးရုံမက မှတ်စုတွေဘာတွေလည်း သေသေချာချာ ရေးပေးခဲ့ ပါသတဲ့။ မှတ်စုဆိုတာက မှတ်သားစရာတွေကို အစီအစဉ်တကျ ရေးထားတဲ့ မှတ်စုကို ဆိုလိုတာမဟုတ်ပါဘူး။ အခုခေတ်စာသင်ခြင်းမှာ လက္ခဏာတစ်ရပ် ရှိပါတယ်။ မေးခွန်းအလိုက် ပြင်ဆင်ထားတဲ့အဖြေ မှတ်စုရေးပေးရတာပါပဲ။ လင်းထက်က အထောက်အထား စုံစုံလင်လင် နဲ့ မှတ်စုတွေကို ရေးပေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုဆရာကို ကျွန်မတို့ခေတ်လောက်တုန်းက ဆိုရင်တော့ စာသင်သားများ သဘောကျကြမှာ သေချာပါတယ်။ အခုခေတ်မှာတော့ သဘောမကျတော့ပါဘူး။ နောက်ပြီး လင်းထက်က ကျူရှင်ဆရာလေ၊ အဲဒီတော့ တပည့်တွေက သူတို့စိတ်ကြိုက်လုပ်ပေးဖို့ ပြောတော့တာပါပဲ။ ဆရာ့မှတ်စုတွေက ရှည်လွန်းတယ်။ စာမေးပွဲဖြေရုံလောက်သာ ရေးပေးပါလို့ လင်းထက်ရဲ့ တပည့်များက ပြောကြပါသတဲ့။

လင်းထက်က "ကျွန်တော့မှတ်စုကို ကျွန်တော် ချုံ့ပေးလိုက်ရတာပေါ့။ ဘယ်တတ်နိုင်မလဲ။ ကျွန်တော်ကတော့ စေတနာတွေထားပြီး သေသေချာချာ ပြင်ပေးတာကို လက်သင့်မခံတဲ့အတွက် စိတ်မကောင်းပါဘူး" လို့ မသက်မသာ ပြောပါတယ်။

လင်းထက်ရဲ့ ကျူရှင်ဘဝအတွေ့အကြုံက အဲဒီလောက်သာ မကသေးပါဘူး။ ကျူရှင်ဆရာဆိုတာ အပိုထပ်ဆောင်းပြီး သင်ပေးမှ ရမယ့်သူများအတွက် သင်တန်းဖြစ်ပါတယ်။ ငွေကြေးနဲ့သင်ကြပေမယ့် မြန်မာ့ယဉ်ကျေးမှုအရတော့ ဆရာဟာ ဆရာလို့ပဲ သဘောထားကြမယ်လို့ ယေဘုယျအားဖြင့် ထင်ကြရပါတယ်။ ဒါပေမဲ့ တကယ်တော့ မဟုတ်ပါဘူး။

ကလေးမတစ်ယောက် ဂုဏ်ထူးတန်းအတွက် လင်းထက်ရဲ့အိမ်မှာ ဖွင့်ထားတဲ့သင်တန်းကိုလာတတ်ပါတယ်။ ကိုယ်ပိုင်ကားနဲ့ နေ့တိုင်းလာပါတယ်။ တစ်ခါတလေ အိမ်ကကားအဆင်မပြေရင်လည်း အငှားကားနဲ့ လာပါတယ်။ ဘတ်စ်ကားစီးဖို့ အလွန်လွယ်တဲ့နေရာဖြစ်ပေမယ့် အသွားအပြန် အငှားကားကိုပဲ စီးပါတယ်။ အဲဒီကလေးမ ဝတ်တာစားတာကလည်း အဖိုးတန်အဝတ်အစားများ ဖြစ်ပါတယ်။ လေဒီရှူးလို့ခေါ်တဲ့ ဖိနပ်ကိုသာ စီးလေ့ရှိပါတယ်။ ဒါပေမဲ့ ကျူရှင်လခ ပေးရတော့မယ့်အချိန်မှာ ကျောင်းမတက်တော့ပါဘူးတဲ့။

ကျူရှင်လခကို မပေးတဲ့အပြင် လူကသာ ကျောင်းဆက်မတက်တာ သူ့သူငယ်ချင်းဆီက လင်းထက်ရဲ့မှတ်စုများကို ကော်ပီကူးယူလေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိပါသတဲ့။ "ငွေကို အနှမြောမရှိဘဲ သုံးနိုင်တဲ့သူက သူ သင်တန်းတက်သွားတဲ့ကာလအတွက် လခမပေးဘဲနေရုံမကသေးဘဲ ကျွန်တော့ မှတ်စုကို အခမဲ့ကော်ပီကူးယူနေတာ ကျွန်တော် အံ့ဩတာပါပဲ" လို့ လင်းထက်က စိတ်ပျက်တဲ့လေသံနဲ့ ပြောရှာပါတယ်။

လင်းထက်ရဲ့စကားကို ကြားတဲ့အခါမှာ သူ့ကို အားမနာနိုင်တော့ဘဲ ကျွန်မ ခပ်သောသော ရယ်မောလိုက်မိပါတယ်။ "ဆိုးဖစ်တွေအကြောင်းကို ဖတ်ဖူးတယ်မဟုတ်လား" လို့မေးတော့ "ဖတ်ဖူးတယ်" လို့ လင်းထက်က ဖြေပါတယ်။

ဆိုးဖစ်ဆိုတာ ဂရိကျူရှင်ဆရာများ ဖြစ်ပါတယ်။ ဘီစီ ၄ ရာစုဝန်းကျင်က ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီဆိုးဖစ်များဟာ ပညာကို အသပြာနဲ့ ရောင်းစားကြမယ့်သူများဖြစ်တော့ သူတို့ပညာကို လူတွေအထင်ကြီးအောင် ကြိုးစားလေ့ရှိကြပါတယ်။ သူတို့ဟာ အဝတ်စားကောင်းကောင်းတွေကို ဝတ်ဆင်လေ့ရှိကြပါတယ်။ ခန်းမကြီးတွေကိုငှားပြီး သင်တန်းဖွင့်လေ့ရှိပါတယ်။ တပည့်လက်သား အခြွေအရံနဲ့ ခမ်းခမ်းနားနား နေကြပါတယ်။ သူတို့သင်တန်းတက်ဖို့ရာ အခကြေးငွေများစွာ ပေးရပါတယ်။

တကယ်ဆိုတော့ ဆိုးဖစ်အများစုဟာ ဝါကြွားကြများ ဖြစ်ကြပါတယ်။ ဒါပေမဲ့ ဆိုးဖစ်တွေထဲမှာလည်း ဘာသာရပ်ကို ကျွမ်းကျင်တဲ့သူ ကိုယ်ပိုင်အယူအဆရှိသူ ကိုယ့်အယူအဆကို ကိုယ်တိုင်စာရေးသားမှတ်တမ်းတင်သူများ ရှိတတ်ကြပါတယ်။

ဘာပဲဖြစ်ဖြစ် ပညာကို အသပြာနဲ့ ရောင်းစားသူများအဖြစ် မှတ်တမ်းတင်ခံခဲ့ရတဲ့ ဆိုးဖစ်များကိုယ်တိုင် လင်းထက်ခံခဲ့ရတဲ့ ဒုက္ခမျိုးနဲ့ တိုးတတ်ပါသေးတယ်။

သင်တန်းကိုတက်ပြီးမှ သင်တန်းကြေးမပေးဘဲ လစ်ပြေးတဲ့ တပည့်များနဲ့ ကြုံရတဲ့ ဆိုးဖစ်များရှိကြောင်း ကျွန်မ ဖတ်ခဲ့ဖူးတာ ကြာခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုးဖစ်များနဲ့ လင်းထက်အဖြစ်က တူနေတဲ့အတွက် အံ့သြစရာကောင်းသလို ပညာရှေ့အိုး လူခိုးခံရတဲ့အဖြစ်ကိုလည်း အံ့သြစရာဖြစ်လာရပါတယ်။

လင်းထက်ကြုံခဲ့တဲ့ လူနှစ်ယောက်တည်းနဲ့ သင်ရတဲ့ ဝိုင်းကျူရှင်အဖြစ်ကလည်း တစ်မျိုးပါပဲ။ လင်းထက် သင်ကြားပေးတဲ့ဘာသာအတွက်ရော အခြားဘာသာရပ်များကို **(Guide)** လုပ်ပေးတဲ့အတွက်ရော နှစ်ယောက်အတွက် ခုနှစ်ထောင့်ငါးရာနဲ့ တက်ခဲ့တယ်လို့ ဆိုပါတယ်။ တစ်လမှမပြည့်သေးခင် မိန်းကလေးနှစ်ယောက် ဆရာနဲ့ပတ်သက်ပြီး စကားများကြတယ်လို့ ဆိုပါတယ်။ လင်းထက်အနေနဲ့ ဘယ်လိုစကားများတယ်ဆိုတာ သိရင်လည်းသိပါမယ်။ ကျွန်မကိုတော့ ရှင်းမပြခဲ့ပါဘူး။

တပည့်မတစ်ယောက် စိတ်ကောက်ပြီး ဆက်မတက်ချင်တော့ဘူးလို့ ဆိုတဲ့အတွက် နောက်တစ်ယောက်ကလည်း မတက်တော့ဘူးတဲ့။ လင်းထက်ကလည်း သူတို့ကို သွားမသင်တော့ပါဘူးလို့ ဆုံးဖြတ်ပြီးနေခဲ့ပါတယ်။ လကုန်လို့ လူကြုံနဲ့ ငွေလေးထောင်ပေးလိုက်တဲ့အခါမှာတော့ လင်းထက်က ငြင်းခဲ့ပါတယ်။ သူ့ပညာကို မတန်မရာ စျေးဖြတ်တာကို မခံနိုင်တဲ့အတွက် ငွေလိုနေပေမယ့် မယူလိုက်ပါဘူးလို့လည်း ပြောလိုက်ပါသတဲ့။

လင်းထက်ဟာ သူ့အကြောင်းတွေကို ပြောပြနေတာ အလုပ်လက်မဲ့တစ်ယောက်အနေနဲ့ ပြောပြနေတာမဟုတ်ပါဘူး။ သူဟာ စာအုပ်တိုက်တစ်တိုက်မှာ လုပ်နေတဲ့ ကလေးဖြစ်ပါတယ်။ အဲဒီအလုပ်နဲ့ပတ်သက်လို့ သူက အကျယ်မပြောပါဘူး။ အလုပ်များနေတဲ့အချိန်မှာ ကျွန်တော် သိပ်ပျော်တာပဲဆိုတဲ့ စကားဟာ သူ့ရဲ့အတွင်းသဘောကို ဖော်ပြနေတဲ့စကား ဖြစ်ပါတယ်။ ကျွန်တော် စာသင်ရတဲ့အလုပ်က လွဲရင် စာဖတ်တဲ့၊ စာရေးတဲ့အလုပ်ကို ဝါသနာအပါဆုံးဆိုတော့ အခု

www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှာ ကျွန်တော်ပျော်ပါတယ်။ ဒါပေမဲ့ ထိုင်နေလို့တော့ မဖြစ်ဘူး တဲ့။

ထိုင်နေလို့မဖြစ်ဘူးဆိုတဲ့ လူငယ်တစ်ယောက်ရဲ့ စကားဟာ အလွန်တန်ဖိုးရှိပါတယ်။ လင်းထက်ဟာ ပညာရှင်တစ်ဦးဘဝကိုရောက် အောင် ကြိုးစားဦးမယ်ဆိုတဲ့စကားကို ပိုင်ပိုင်နိုင်နိုင် ပြောပါတယ်။ ကျွန်မနဲ့ လင်းထက်တို့ပြောကြတဲ့စကားတွေဟာ ပုံသဏ္ဌာန်သာ ပြောင်း သွားခဲ့ပါတယ်။ ဦးတည်ချက်ကိုရောက်အောင် သွားရောက်ကြသူများမှာ ရှိအပ်တဲ့ဖွဲ့များ၊ သတ္တိများအကြောင်း အမြဲပါပါတယ်။ လင်းထက်က စာဖတ်နာတဲ့သူ ဖြစ်ပါတယ်။ ဘယ်လိုစာအုပ်ကိုဖတ်ပါလို့ ပြောစရာ မလိုအောင် သူဖတ်ပြီးသားစားများအကြောင်းကို ပြောပြလေ့ရှိပါတယ်။ သူ့အသက်အရွယ်နဲ့ဆိုရင် သူဖတ်ထားတဲ့စာတွေက များနေပြီလို့ ဆိုနိုင် ပါတယ်။

လင်းထက် ပညာရှင်ဖြစ်ချင်နေတာ ကျွန်မ ကြိုဆိုပါတယ်။ ဒါပေမဲ့ တချို့ပညာရှင်တွေလို မဖြစ်ပါစေနဲ့။ အသက်မွေးမှုတစ်ခုကို လိုအပ်လို့ ထပ်လုပ်ရင်း အဂတိလိုက်စားမိတဲ့အခြေအနေကို ရောက် ရောက်သွားကြရတဲ့သူတွေလို မဖြစ်ပါစေနဲ့လို့ ဆုတောင်းမိပါတယ်။

လင်းထက်နဲ့ စကားပြောရတာ ကျွန်မမှာ အရည်အသွေးတွေ တောင်မှ တက်လာပါသေးတယ်။ သူတို့ကို ပြောနေကျ ဆုံးမစကား များကို ပြောစရာမလိုတော့ပါဘူးလို့ ကျွန်မ ထင်ပါတယ်။ ကျွန်မပြောမိတဲ့ ဥပမာတွေကတော့ ခပ်ဆန်းဆန်းပါပဲ။

"သားရေ၊ ဘဝအခြေအနေ ကြမ်းတမ်းခက်ခဲတဲ့အတွက် စိတ် မပျက်ပါနဲ့၊ အဘက်ဘက်က အဆင်ပြေနေရင်၊ ချောမွေ့နေရင်၊ ဘဝ တန်ဖိုး (တကယ့်တန်ဖိုးအစစ်) တက်လာဖို့မလွယ်ဘူး။ မင်းစဉ်းစား ကြည့်ပါလား။ ချောတိုင်တက်နေကြတဲ့သူတွေ ဘာလို့ လျှောလျှောကျ နေတာလဲ။ တက်ရတဲ့တိုင်က အချောလွန်နေလို့ပေါ့ကွယ်။ တကယ်လို့

www.burmeseclassic.com

www.burmeseclassic.com



မင်းဘဝမှာ ဘာအခက်အခဲမှမရှိဘဲ ချောမွေ့နေတယ်ဆိုပါတော့။ ဘာလုပ်ချင်တယ်ဆိုတာနဲ့ ဝိုင်းလုပ်ပေးမယ့်သူတွေနဲ့ချည်း တွေ့ရမယ်ဆိုပါတော့။ အဲသလိုဆို မင်းရဲ့ တကယ့်ကိုယ်ရည်ကိုယ်သွေးက ဘယ်မှာ တက်လာနိုင်ပါ့မလဲ။

တက်ရတဲ့အခြေအနေ (တိုင်နဲ့ပဲ နှိုင်းပြောပါရစေဦး)က ကြမ်းတမ်းနေရင် အဲဒီတိုင်ကိုဆုပ်ကိုင်ပြီးတက်တဲ့ မင်းရဲ့လက်တွေ ကြမ်းရှနေမှာပဲ၊ ပွန်းပွဲ့ပြီး နာကျင်နေမှာပဲ။ မင်းရဲ့ ခြေထောက်တွေကိုလည်း ပွန်းပဲ့စေမှာပဲ။ ဒါပေမဲ့ ကြမ်းတမ်းတဲ့အတွက် ဆုပ်ကိုင်အားကောင်းပါတယ်။ ခြေနဲ့ကန်တက်ရင်လည်း လျှောမကျနိုင်ပါဘူး။ ကြမ်းလေးလေ မင်းအပေါ်ကို မြန်မြန်ရောက်လေလေ ဖြစ်မှာပါပဲ။ ကိုယ့်လက်တွေ ခြေတွေကိုတော့ အနာခံရမှာပဲပေါ့” လို့ ပြောမိပါတယ်။

ကျွန်မက လင်းထက်ကို အားပေးစကားတွေပြောနေတာဟာ လင်းထက် စိတ်ဓာတ်ကျနေလို့မဟုတ်ပါဘူး။ ဒါပေမဲ့ အဘက်ဘက်က စဉ်းစားပြီး စိတ်အင်အား တိုးပွားသည်ထက်တိုးပွားစေချင်လို့ ပြောနေတာ ဖြစ်ပါတယ်။ ကျွန်မက ထပ်ပြီးပြောမိပါသေးတယ်။

“တကယ်တမ်းစဉ်းစားကြည့်ရင် တို့တစ်တွေဖတ်ခဲ့ဖူးတဲ့ လူချွန်လူမွန်များရဲ့ဘဝတွေကရော ဘယ်လောက်များ ချောမွေ့ခဲ့လို့လဲ။ အရင့်အမာဖြစ်တဲ့ ဆုကြီးပန်များအနေနဲ့ရော ဘယ်လောက်များ ချောမွေ့တဲ့ ဘဝအခြေအနေကို ရခဲ့လို့လဲ။ ရထားခဲ့တဲ့ မြင့်မားတဲ့ လောကီစည်းစိမ်တွေကို စွန့်ပြီးမှသာ သစ္စာတရားကို ရှာခဲ့ကြတာမဟုတ်ဘူးလား” လို့ ကျွန်မ်က စကားကြောရှည်မိခဲ့ပြန်ပါတယ်။

ကျွန်မရဲ့ ချောတိုင်လျှောကျခြင်း ဥပမာကို ကြိုက်နှစ်သက်သူများ ရှိမှာဖြစ်သလို မနှစ်သက်သူများလည်း ရှိနိုင်ပါတယ်။ ကျွန်မဟာ အစောပိုင်းက ပြောခဲ့သလို လူအများကြီးနဲ့ မဆက်ဆံခဲ့ဖူးပါဘူး။ ဒါတောင်မှ ကိုယ့်ကိုယ်ကိုတိုးတက်အောင် မကြိုးစားဘဲ ချောတိုင်

www.burmeseclassic.com

www.burmeseclassic.com



အခြေမှာ မွေ့လျော်စွာ ထိုင်နေတဲ့သူတွေကို မကြာခဏ တွေ့ခဲ့ဖူးပါတယ်။

ကျွန်မ လင်းထက်တို့လို လူငယ်များကို ငယ်တုန်းရွယ်တုန်း သန်မာဖျက်လက်တုန်းအချိန်မှာ ခွန်အား ဇွဲသတ္တိနဲ့ ခံနိုင်ရည်တို့ကို အရင်းတည်ပြီး အမာခံကျောက်သား ကျောက်တိုင်များကို အံတုပြီး တက်ကြစေချင်ပါတယ်။ လူငယ်များကိုလည်း စကားလက်ဆောင် ပေးလိုက်ချင်ပါသေးတယ်။ မြန်မာစကားပုံမှာ ပြောစမှတ်ရှိတဲ့ စကားတစ်ခု ရှိပါတယ်။ 'တောင်ကြီးတော့ ဖဝါးအောက်' ပါတဲ့။

*

တစ်နေ့တုန်းက လင်းထက်နဲ့ ထပ်ပြီးတွေ့ရပါတယ်။ ခဏပဲ အချိန်ရလို့ ခဏပဲ စကားပြောဖြစ်တဲ့အခါမှာ သူက ကျွန်မကို မေးခွန်းတစ်ခု မေးပါတယ်။ "ဆရာမ ဟာဗေးကို ဘယ်လိုမြင်ပါသလဲ" တဲ့။ အတော်လန့်စရာကောင်းတဲ့ မေးခွန်းပါပဲ။

ကျွန်မက ဆရာဟာဗေးဟာ ပညာရှင်တစ်ယောက်ဖြစ်ပါတယ်။ ဒါပေမဲ့ မြန်မာရာဇဝင်အပေါ်မှာ သူထားတဲ့သဘောထား၊ သူမြင်တဲ့အမြင်ကတော့ နယ်ချဲ့ရဲ့သဘောထား၊ နယ်ချဲ့ရဲ့အမြင်တွေ ဖြစ်နေပါတယ်။ အဲသလို ဖြစ်နေတာကလည်း သိပ်ပြီးမဆန်းပါဘူး။ အလွန် သမာသမတ်ရှိအောင် ကြိုးစားတဲ့သူတချို့တောင်မှ ကိုယ့်ကိုင်းညွတ်မှုနဲ့ ပတ်သက်ပြီး နှိုးနွယ်ကောက်ချင်ချတက်ကြတာ ဓမ္မတာပါပဲ။

ဘက်လိုက်တဲ့အမြင်ကို ရှောင်ချင်တဲ့ လွတ်လွတ်လပ်လပ် ရှုမြင်သုံးသပ်ချင်တဲ့သူကတော့ ဘယ်စာအုပ်ကိုပဲဖတ်ဖတ် ကိုယ့်အမြင်တွေကို စာရဲ့လွှမ်းမိုးမှုအောက် ရောက်မသွားစေတဲ့နည်းနဲ့ဖတ်မှ ဖြစ်ပါတယ်။

စာရဲ့လွှမ်းမိုးမှု၊ စာရေးတဲ့သူရဲ့အဆိုအမိန့်ကို လက်ဝေခံမှုတွေနဲ့ ကင်းအောင် စာအုပ်တစ်အုပ်ကို ခြုံပြီးသုံးသပ်နိုင်တဲ့အထိ ဖတ်ဖို့လို့ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ရေးတဲ့သူက ဘယ်လိုလူမျိုးဖြစ်တယ်၊ ဘယ်လိုကိုင်းညွတ်မှုမျိုး ရှိတယ်။ သူရေးထားတာက ဘယ်လိုအထောက်အထားတွေကို အသုံးပြု ပြီးရေးထားတာ စတဲ့ ခြုံငုံသုံးသပ်မှုမျိုးတွေကို မင်းလုပ်နိုင်ရင် စာရဲ့ အပေါ်မှာ မင်းရောက်သွားမှာပါပဲ။

တကယ်တော့ နယ်ချဲ့အမြင်ဆိုတာမျိုးတင် အန္တရာယ်ရှိတာ မဟုတ်ပါဘူး။ အုပ်စုအမြင်ကလည်း အန္တရာယ်ရှိပါတယ်။ ဆရာတစ်ဦး တစ်ယောက်ရဲ့သြဇာကို လက်သင့်ခံလိုက်ရင်လည်း ဆရာပြောသမျှကို ယုံတတ်ကြတယ်။ ဆရာရဲ့စကားကို မပယ်ရှားချင်လို့ အသစ်ကို မတွေး တတ်ကြပါဘူး။ ကိုယ့်ဘာသာကိုယ် တီထွင်ကြံဆတာမျိုး မလုပ် တတ်ကြပါဘူး။ အဲဒီလိုသာဖြစ်လာရင် တိုးတက်မှုဟာ နှေးကွေးသွား မှာပါပဲ။ မိမိအမြင် တိမ်းစောင်းနေရင်တောင်မှာ မိမိဘာသာပြင်နိုင်ဖို့ ခဲယဉ်းခက်ခဲသွားမယ် ဖြစ်ပါတယ်။

ကျွန်မက လင်းထက်နဲ့စကားပြောရင်း ဒီလိုမေးခွန်းမျိုးကို မေး တတ်တဲ့သူတစ်ယောက်အနေနဲ့ လေးစားမိပါတယ်။ မေးခွန်းမေးပြီ ဆိုကတည်းက စဉ်းစားထားလို့ပါပဲ။ သူဟာ ကျွန်မရဲ့အမြင်ကို လက်ခံ ချင်မှ လက်ခံပါမယ်။

ဒါပေမဲ့ စဉ်းစားတာကတော့ ပိုပြီးကျယ်ပြန့်လာမှာ သေချာ ပါတယ်။

လူငယ်များနဲ့ စကားပြောဖြစ်တဲ့ ကျွန်မအနေနဲ့ကတော့ မူလ ထက်ပိုပြီး အသိအမြင်တွေ ပွင့်လင်းလာတယ်လို့ဆိုရင် အပိုတွေပြောနေ တယ်လို့ မထင်ကြစေလိုပါဘူး။ လူငယ်တွေကို ကူညီဖို့ လူငယ်တွေ အတွက် ကောင်းရာကောင်းကျိုးကို ဆောင်ရွက်ပေးဖို့ဆိုတာက သူတို့ ကို နားလည်ဖို့ လိုပါတယ်။ အဲဒီလို ကောင်းစွာနားလည်ဖို့ သူတို့ရဲ့အသံ ကို နားထောင်ကြည့်ရမှာပါပဲ။ ။

www.burmeseclassic.com

www.burmeseclassic.com

# မိုးစည်

လူငယ်များနဲ့ စကားပြောခြင်းဆိုတဲ့ အမည်နဲ့ စာအုပ်ထုတ်ဝေချင်လို့ ကျွန်မ လူငယ်များနဲ့တွေ့ဆုံပြီး စကားပြောပါတယ်။ အဲသလို ပြောမိတဲ့ လူငယ်များရဲ့အမည်ရင်းကို ကျွန်မရဲ့စာအုပ်ထဲမှာ မသုံးပါဘူး။ မသုံးသင့်ဘူးလို့လည်း ထင်ပါတယ်။ ဒါပေမဲ့ နိမိတ်ပုံယူပြီးမှ နာမည်ပေးပါတယ်။

မိုးစည်ဟာ အလွန်ထက်မြက်တဲ့ကလေး ဖြစ်ပါတယ်။ ကျွန်မအတွက်တော့ ကလေးပေါ့လေ။ ဒါပေမဲ့ သူ့ဘာသာသူတော့ အင်ဂျင်နီယာတစ်ယောက် ဖြစ်ပါတယ်။ အသက်ကလည်း နှစ်ဆယ်ကျော် အစိတ်ပိုင်းကို ရောက်နေပါပြီ။ ဒါပေမဲ့ သူ ခေတ်ပြောင်းနေတဲ့အချိန်မှာ ဘယ်ဆီဘယ်ဝယ် ဘယ်လိုနယ်မှာ နေရာယူရမယ်ဆိုတာ အကြံထုတ်နေတဲ့သူ ဖြစ်တဲ့အတွက် တည်ကြည်အေးဆေးမှုရှိတဲ့သူတော့ မဟုတ်ပါဘူး။ မိုးစည်အနေနဲ့ မတည်မငြိမ်ဖြစ်နေတာကို ကျွန်မ ခံစားနိုင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်မက မိုးစည်နဲ့ အနေမနီးလို့ ဖြစ်ပါတယ်။ အနေနီးကြတဲ့သူများအနေနဲ့ အနေနီးလွန်းလို့ အမှန်ကို မမြင်နိုင်ကြပါဘူး။ ပြီးတော့ မိုးစည်ရဲ့ ထိပါးမှုကို ခံကြရလို့ သူတို့ကိုယ်တိုင်လည်း မိုးစည်ကို မသုံးသပ်နိုင်ဘဲ စံစားချက်ကို အရင်းတည်ပြီး အမြဲကြည့်တတ်ပါတယ်။ ကောင်းစေချင်တဲ့ စေတနာ၊ ချစ်ခြင်းမေတ္တာတို့ကလည်း သမုဒယကို အရင်းခံတဲ့ ခံစားချက်များပဲ ဖြစ်ပါတယ်။ အဲဒီတော့ မိုးစည်ကို မိုးစည်အဖြစ်ထက် ချစ်ခြင်းမေတ္တာကို မတုံ့ပြန်တဲ့ကလေး၊ စေတနာကို နားမလည်တဲ့ကလေးအဖြစ် မြင်လာကြပါတယ်။

*

www.burmeseclassic.com

www.burmeseclassic.com



လူငယ်များနဲ့ စကားပြောတဲ့အလုပ်ကို လုပ်တဲ့နေရာမှာ သူတို့ အသံကို နားခံပြီး သူတို့ရဲ့ခံစားမှုတွေကို သုံးသပ်ရင်း ခေတ်ကိုသုံးသပ်ဖို့ ကျွန်မ ရည်ရွယ်ပါတယ်။ ပြီးတော့ သူတို့ရဲ့ အခံရဆိုးတဲ့ဒေဝနာများကို လူကြီးတစ်ယောက်အနေနဲ့ ဆွေးနွေးဖြေရှင်းပေးဖို့လည်း ကျွန်မ ရည်ရွယ်ချက် ထားခဲ့ပါတယ်။

တခြားလူငယ်တွေနဲ့ စကားပြောတဲ့အခါမှာ သူတို့အသံ နားခံဖို့ သက်သက်ပဲ ဦးတည်ချက်ထားခဲ့ပါတယ်။ ပြီးမှ ကြုံရင်ကြုံသလို ဆွေးနွေးမယ်လို့ စိတ်ကူးထားတာလေ။ မိုးစည်နဲ့ကျတော့မှ အဲသလို မဟုတ်ပါဘူး။ သူ့ပြဿနာကို ပေါ်ယံအနေနဲ့ပဲ ဖြစ်ပါစေ ကျွန်မ သိထားပြီးခဲ့ပြီ ဖြစ်ပါတယ်။ ဆိုးတယ်၊ ဆိုးတယ်လို့ အပြောခံရတဲ့ ဒီသူငယ်မှာ တော်တဲ့၊ ထက်မြက်တဲ့အချက်တွေလည်း ရှိတယ်ဆိုတာကို သူ့အကြောင်းပြောကြတဲ့သူတိုင်းက ဝန်ခံထားတဲ့အတွက် ကျွန်မ များစွာ စိတ်ဝင်စားမိပါတယ်။ ကျွန်မဟာ လူကြီးတစ်ဦးအနေနဲ့ မိုးစည်ရဲ့ ဆိုးကွက်တွေကို အဖြေရှာရင်း ဖြေရှင်းပေးဖို့ တတ်နိုင်မယ်လို့ ကိုယ့်ကိုယ်ကို ထင်မိပါတယ်။ ဆိုးကွက်တွေကိုဖယ်ရှားတယ်ဆိုတာ ဘာကြောင့်ဆိုးတယ်လို့ နာမည်ကျော်နေရတာလဲဆိုတဲ့အချက်ကို သိရမှ ဖြစ်ပါတယ်။ အဲဒါကြောင့် မိုးစည်နဲ့ကျွန်မ စကားပြောကြရအောင် ကြိုးစားခဲ့တာပါပဲ။

မိုးစည်နဲ့ အေးအေးဆေးဆေး ဆွေးနွေးပြောဆိုခြင်း မပြုနိုင်ခင် ပထမဆုံးအကြိမ် တွေ့ဖူးကတည်းက အဲဒီကလေးဟာ ကျွန်မနဲ့ ခေတ်တည့်သူဖြစ်ပါတယ်။ အဲ့ဒီလိုတွေ့တုန်းက သူရဲ့မျက်နှာထားက တင်းနေရုံမက ပုပ်နေတယ်လို့ ပြောနိုင်တဲ့အနေအထားမှာ ရှိနေပါတယ်။ သူ့မေမေကို ကြည့်နေတာကလည်း ခပ်တင်းတင်းပါပဲ။

ကျွန်မက မိုးစည်ကို စကားစပြောတဲ့အခါမှာ သူ့လုပ်ငန်းနဲ့ ပတ်သက်တဲ့စကားကို စပြီးပြောလိုက်ပါတယ်။ သူ့ဝါသနာ သူ့ကိုင်း

www.burmeseclassic.com

www.burmeseclassic.com



ညွတ်မှုများအထိ စကားတန်းရှည်လာတဲ့အခါမှာ မိုးစည်ရဲ့မျက်နှာဟာ ပျော့ပျောင်းလာခဲ့ပါပြီ။

"သားက သိပ်ပြီး ရည်ရွယ်ချက်ကြီးမားတာကိုး။ အန်တီ ငယ်ငယ်ကလည်း စာတွေဖတ်ပြီး အဲသလိုပဲ ရည်ရွယ်ချက်ကြီးမားခဲ့ ပါတယ်။ လူငယ်စိတ်နဲ့ အကြံအစည်ကြီး ကြံစည်ထားတာတွေ ရုတ် တရက်ဖြစ်မလာတော့လည်း စိတ်ကတိုသကွဲ့။ အဲဒါကြောင့် မျက်နှာ ထားက ခပ်ပုပ်ပုပ်ရယ်။ ကြီးမှာသာ ပျော့ပျောင်းလာတာ။အန်တီကတော့ သားရဲ့မျက်နှာခပ်ပုပ်ပုပ်ကို မြင်ကတည်းက ငါနဲ့တူတယ်ဆိုပြီး သဘော ကျသွားသကွဲ့" လို့ ပြောလိုက်မိပါတယ်။

အဲဒီစကားကို နားထောင်ရတဲ့အချိန်မှာတော့ မိုးစည် ပြုံးလာပါ တယ်။ ကျွန်မအနေနဲ့ အဲဒီစကားပြောတာ တကယ့်ခံစားမှုနဲ့ ပြောခဲ့ တာပါ။ တကယ်လည်း ကျွန်မ့ရဲ့မျက်နှာထားက မိုးစည်ရဲ့ မျက်နှာ လိုပဲ ပုပ်ခဲ့ပါတယ်။ စေတနာအမှန်နဲ့ ဆက်ဆံခဲ့တာကြောင့် မိုးစည် အနေနဲ့ ကျွန်မကို ခင်မင်ဖို့ အသင့်အနေအထားမှာ ရှိသွားခဲ့တယ်လို့ လည်း ကျွန်မ ယုံကြည်လာပါတယ်။

*

မိုးစည်နဲ့ စကားရှည်ရှည်ပြောဖို့ အနေအထားရောက်လာတာက သူတို့မိသားစုရဲ့ပြဿနာ ပိုဆိုးလာတာကြောင့်ပါပဲ။ ဆိုးတယ်ဆိုတာက လည်း သားကိုချစ်တဲ့ မိဘစေတနာနဲ့ ခေတ်အခြေအနေအရ အသက် အရွယ် အခြေအနေအရ ကွာခြားချက်တွေကို မမြင်နိုင်ဘဲ ကိုင်တွယ် နေလို့ ဖြစ်နေကြတာလို့ ကျွန်မ ယူဆပါတယ်။ ဥပမာစကားတစ်ခု ပြောရရင် မိုးစည်တော့ မြင်းဖြစ်သွားတော့မှာပါပဲ။ ဖြစ်ကာမှဖြစ် ပြောရတော့မှာပဲ သားရေ။ ဒီလိုပါ၊ မိုးစည်ဟာ ဆတ်တဲ့မြင်း ချောတဲ့ မြင်းကြီးတစ်ကောင် ဇက်ကို အတင်းဆွဲခံထားရလို့ မာန်ဖီရင်းရုန်းနေ

www.burmeseclassic.com

www.burmeseclassic.com



သလိုပါပဲ။ ရှေ့ခွာကိုမြှောက်လိုက် နောက်ခွာနဲ့ပေါက်လိုက် သွားကို ဖြဲလိုက် ဟီလိုက်နဲ့ပေါ့။ အဲသလိုပုံကိုမြင်ရလေ သူနဲ့ပတ်သက်နေတဲ့ သူတွေက ကြောက်လေ၊ ဒါပေမဲ့ ဒီမြင်းချောကြီးကို သူတို့ မချစ် ကြလို့မှမဟုတ်ဘဲ။ ဇက်သတ်ထားတာကလည်း ပြေးရင်းလွှားရင်း မတော်မတည့်ဖြစ်လာမှာ စိုးရိမ်လို့ကိုး။ ရုန်းလေ ဆွဲလေ ကြောက်လေနဲ့ ကသီကရီ ဖြစ်နေကြတာကို ခပ်လှမ်းလှမ်းက ကျွန်မ မြင်ရသလို မိုးစည်နဲ့ သူ့မိသားစုအဖြစ်ကို မြင်ရပါတယ်။

အဲဒါကြောင့် မိုးစည်ရဲ့ပြဿနာကို အနည်းနဲ့အများ ကူညီ ဖြေရှင်းပေးနိုင်ဖို့ မိုးစည်နဲ့ကျွန်မ စကားပြောဖို့ စီစဉ်ခဲ့ပါတယ်။ အဲဒီလို စီစဉ်တဲ့အခါမှာ သူမိဘများကို စကားဝင်ပြောဖို့နေနေသာသာ အနားမှာ တောင် လာပြီးမနေပါနဲ့၊ နားမထောင်ပါနဲ့လို့ ကျွန်မက တောင်းပန် ထားခဲ့ပါတယ်။

ဒါတောင်မှ အမေဖြစ်တဲ့သူက ကက်ဆက်နဲ့ အသံဖမ်းပါမယ် တကဲကဲဖြစ်နေလို့ ထပ်ပြီးတောင်းပန်ထားရပါသေးတယ်။ အဲဒီလောက် ဆိုရင် သူ့အမေရဲ့စိတ်နေသဘာဝကို သိနိုင်လောက်ပါပြီ။

မိုးစည်နဲ့ကျွန်မ စပြီးစကားပြောကြတော့ ကျွန်မက သားပြော ချင်တဲ့စကားကို ပြောပါလို့ လမ်းဖွင့်ပေးလိုက်ပါတယ်။ မေးခွန်းမေးပြီး အဖြေရှာရတဲ့အလုပ်ကို ကျွန်မ မကြိုက်ပါဘူး။ အဲဒါကြောင့် တခြား လူငယ်တွေနဲ့ စကားပြောတဲ့အခါမှာလည်း ထောက်တဲ့အခါလောက်သာ မေးခွန်းတစ်ခွန်းတလေကို မေးမိပါတယ်။

မိုးစည်က ကျွန်မနဲ့တော့ စကားပြောချင်ပုံရပါတယ်။ ကျွန်မက သားပြောချင်တဲ့စကားကိုပြောပါ။ အထူးသဖြင့်တော့ သားရဲ့ပညာရေး ကစပြီး ပြောစေချင်ပါတယ်လို့ လမ်းကြောင်းပေးလိုက်ပါတယ်။

မိုးစည်က ရန်ကုန်စက်မှုတက္ကသိုလ်မှာ သူတက်ခဲ့ရတဲ့ အတွေ့ အကြုံကို ပြောပြပါတယ်။ စက်မှုတက္ကသိုလ်မှာ အသုံးပြုနေရတဲ့ သင်

www.burmeseclassic.com

www.burmeseclassic.com



ထောက်ကူများ၊ စာအုပ်စာတမ်းများဟာ ၁၉၅၆ ခုနှစ်ကတည်းက အသုံးပြုခဲ့တဲ့ သင်ထောက်ကူများ စာအုပ်များ ဖြစ်ပါတယ်တဲ့။ စာအုပ်စာတမ်းကို ဖတ်ချင်သလိုမဖတ်နိုင်တာ၊ ဖတ်ချင်သလောက် မဖတ်ရတာကို မိုးစည် ခံစားရပါတယ်။ တကယ်လို့ မှီငြမ်းစာအုပ်များကို ဖတ်ချင်သလောက် ဖတ်လို့ရရင် ပိုပြီးစိတ်ကူးဉာဏ်ထက်သန်အောင် လုပ်နိုင်မယ်လို့ မိုးစည်က ထင်ပါတယ်။ အဲဒီအချက်ကို နားထောင်ရတာ ကျွန်မ သဘောကျပါတယ်။ မိုးစည်ဉာဏ်ကောင်းတယ်လို့ ကျွန်မ ယူဆထားတာလည်း မှန်တယ်လို့ ကျွန်မဘာသာ ကျွန်မ စိတ်ချသွားပါတယ်။

ဆရာများနဲ့ ပတ်သက်လို့ မိုးစည်ပြောတာက အကောင်းတွေချည်းပါပဲ။ စေတနာထားတယ်။ သေသေချာချာ စေ့စေ့စပ်စပ် ပို့ချပေးတယ်ဆိုတဲ့ စကားတွေကြားရတာ တက္ကသိုလ်ဆရာတစ်ယောက်ဖြစ်တဲ့ ကျွန်မအနေနဲ့လည်း လိပ်ပြာလုံပါတယ်။ ကျွန်မက မေးခွန်းတစ်ခုတော့ မေးလိုက်ပါသေးတယ်။ ကြားဖူးထားတဲ့အကြောင်းက ကျူရှင်ပေးတဲ့ဆရာ တစ်ဦးစ၊ နှစ်ဦးစဟာ သူတို့ဆီမှာ ကျူရှင်ယူတဲ့သူများကိုသာ ဦးစားပေးတဲ့အကြောင်းကိုး။ အဲဒီလိုကြားဖူးထားတာတွေဟာ အမှန်တွေချည်းပဲလားဆိုတော့ တစ်ယောက်တစ်လေတော့ ရှိမှာပေါ့။ ဒါပေမဲ့ သားတို့နဲ့တော့ အဲဒီဆရာတွေ မဆုံခဲ့ပါဘူးလို့ ဖြေပါတယ်။

ဆရာများကို မိုးစည်လေးစားတာကလည်း ဒီလိုပါ။ ဘယ်လိုအင်ဂျင်နီယာပဲဖြစ်ဖြစ် အပြင်မှာ ငွေတွေအများကြီးရအောင် အလုပ်လုပ်လို့ရရဲ့သားနဲ့ ဆရာအလုပ်ကိုလုပ်တာ အံ့ဩစရာကောင်းသလို လေးစားစရာလည်း ကောင်းပါတယ်ဆိုတဲ့ အချက်ပေါ်မှာ အခြေခံပါတယ်။ ကျွန်မကတော့ မိုးစည်ဟာ အဆိုးဘက်၊ အမှောင်ဘက်ကို ရွေးပြီးကြည့်တတ်တဲ့သူမဟုတ်ဘူးဆိုတဲ့ အချက်ကို သိရတာနဲ့ပဲ ဝမ်းသာလှပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး မိုးစည်ဆက်ပြောတဲ့ စကားတစ်ခွန်းကို ကျွန်မ မိမိရရ မှတ်ထားပါတယ်။ သူကတော့ သူ့အဖြစ်ကို သူပြောတာပါပဲ။ ဒါပေမဲ့ သူ့စကားက တစ်နိုင်ငံလုံးရင်ဆိုင်နေရတဲ့ ပညာရေးဆိုင်ရာ ပြဿနာတစ်ခုကို ဖော်ပြနေတဲ့စကားဖြစ်ပါတယ်။

မိုးစည် တကယ်ဝါသနာပါတာက ဗိသုကာပညာ ဖြစ်ပါတယ်တဲ့။ ဒါပေမဲ့ ဗိသုကာပညာဆိုတာက စက်မှုတက္ကသိုလ်မှာ အမှတ်အနည်းဆုံးကျောင်းသားများ ယူရတဲ့ ဘာသာရပ်ဖြစ်နေပါတယ်တဲ့။ အဲဒါကြောင့် သူက မြို့ပြအင်ဂျင်နီယာဖြစ်ဖို့ အားသန်ခဲ့ပါတယ်တဲ့။

မိုးစည်က ဆက်ပြောပါသေးတယ်။ တကယ်လို့ အဲဒီအချိန်မှ အနားက လူတစ်ယောက်ယောက်က ဗိသုကာပညာကို ရွေးချယ်သင့်တယ်လို့ အကြောင်းပြကောင်းကောင်းနဲ့ တိုက်တွန်းရင်တောင်မှ သူ ဗိသုကာပညာကို ရွေးချယ်ခဲ့မှာ မဟုတ်ပါဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ အမှတ်နည်းတဲ့သူလို့ အထင်မခံနိုင်လို့ပါပဲ။

အခု သူဟာ ဆောက်လုပ်ရေးလုပ်ငန်းကို အကြီးအကျယ်လုပ်နေတဲ့ ကုမ္ပဏီတစ်ခုမှာ အမှုထမ်းနေပါတယ်။ အဲဒီမှာကျတော့ ဗိသုကာများထုတ်ထားတဲ့ ပုံစံတွေကိုမြင်ရင် သူ သိပ်စိတ်ဝင်စားပြီး ခဲယယတောင်းယူမိပါတယ်တဲ့။ ဗိသုကာပညာကို ယူခဲ့မိရင်ကောင်းမှာလို့လည်း တွေးမိလာပါတယ်တဲ့။

မိုးစည်နဲ့ ပထမအကြိမ် စကားပြောတုန်းကတော့ ကျွန်မ ဘာမှ မဆွေးနွေးခဲ့ပါဘူး။ ဒုတိယအကြိမ် စကားပြောတဲ့အခါကျမှ "သားနဲ့ စကားပြောရင်း တစ်နိုင်ငံလုံးရင်ဆိုင်နေရတဲ့ ပြဿနာကို အန်တီ ပိုပြီး သတိထားမိလာတယ်။

ဘယ်သူပဲဖြစ်ဖြစ် မိမိသင်ယူတဲ့ဘာသာရပ်ကို တက်ကြွစွာ လေ့လာသင်ယူပြီး စိတ်ပျော်ရွှင်ချမ်းမြေ့စွာနဲ့ ဝမ်းစာကို ပြည့်ပြည့်ဝဝ ရှာစားနိုင်ရင် အကောင်းဆုံးပါပဲ"

*

www.burmeseclassic.com

www.burmeseclassic.com



မိုးစည်နဲ့ ပညာရေးဆိုင်ရာအတွေ့အကြုံများအကြောင်းကို ပြောရင်း "ကဲ- သားရေ မင်းရင်ဆိုင်ရတဲ့ လူမှုရေးပြဿနာအကြောင်း ပြောကြဦးစို့ရဲ့" လို့ဆိုတော့ မိုးစည် မျက်နှာထားပြောင်းသွားပါတယ်။ ပြီးတော့ လူမှုရေးကတော့ ပြဿနာနည်းနည်းရှိတယ် အန်တီလို့ ခပ်ဆိုင်းဆိုင်း ပြောရှာပါတယ်။ မိုးစည်ကို ဆိုးတယ်လို့ ပြောလေ့ရှိကြသူများကတော့ မိုးစည်နဲ့ပတ်သက်လို့ "ပြော့ရှာတယ်" ဆိုတဲ့ ကရုဏာအသုံးအနှုန်းကို အံ့သြချင်ရင် အံ့သြကြမှာပါပဲ။

ဒါပေမဲ့ ကျွန်မနဲ့ စကားပြောတဲ့အခါမှာ မိုးစည် သတိထားပြီး ပြောတဲ့ ကဏ္ဍကတော့ ကိုယ်ရေးကိုယ်တာနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ လူမှုရေးကဏ္ဍပဲ ဖြစ်ပါတယ်။ သူ့စကားကြောင့် မိဘဆွေမျိုးများ ထိပါးသွားသလို ဖြစ်မှာကို အထူးရှောင်ချင်ပုံရပါတယ်။ ဒါပေမဲ့ ကျွန်မကို အဲဒီကိစ္စနဲ့ပတ်သက်လို့ သူဖွင့်ပြောမှဖြစ်မယ်လို့ ကျွန်မ ခံစားရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့မိဘများကိုရော၊ သူ့ကိုရော ကျွန်မ ကူညီချင်လို့ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မနဲ့ ရင်ဆိုင်စကားပြောနေရာတာက မိုးစည်လေ။ ဉာဏ်ပညာထက်မြက်တဲ့သူ၊ စိတ်ဓာတ်ပြင်းထန်တဲ့သူ၊ အဆင်မပြေရင် အခန့်အသင့်ရင် စကားစပြတ်သွားနိုင်တယ်။ ကူညီရာမရောက်ဘဲ ဖြစ်သွားနိုင်တယ်။ အဲဒါကြောင့် သတိကြီးစွာထားပြီး ခပ်ဆဆ မေးရပါတယ်။ မေးရတယ်သာဆိုတယ် သူ့ဘာသာသူ ပြောလာအောင် ကျွန်မ တိုက်တွန်းရတာပေါ့။

အစောပိုင်းကတည်းက မိုးစည်နဲ့ သူ့မေမေကြားမှာ ပြဿနာရှိနေတယ်လို့ ကျွန်မ သိနေခဲ့ပါတယ်။ သူ့မေမေကလည်း သားသမီးကို အစွမ်းကုန်ချစ်တတ်တဲ့သူ၊ စိတ်ကူးယဉ်စွာ ဆုံးမစကားပြောတတ်တဲ့သူ၊ သားဖြစ်သူကလည်း ခေတ်လူငယ်၊ လက်တွေ့သမား၊ စကားများများ ပြောတာထက် အလုပ်ကို လက်တွေ့လုပ်ချင်တဲ့သူ၊ သဘောတရားများကို မကြိုက်တော့တဲ့သူ။ အဲဒီတော့ ပြဿနာဟာ အချွန်အတက်တွေ ထွက်နေတဲ့ ပြဿနာအဆင့်ကို ရောက်နေခဲ့ပြီ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မေမေကိုတောင်မှ ကျွန်မက ပြောမိပါသေးတယ်။ သားအမိ ပြဿနာမှာ သားဘက်ကိုသာလေ့လာပြီး အဖြေမရှာသင့်ဘူး။ အမေ ဘက်ကိုပါ လေ့လာပြီး အဖြေရှာသင့်တယ်။ အမေကိုလည်း လေ့လာရ ဦးမယ်လို့ ပြောမိပါသေးတယ်။

သားဖြစ်သူက စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောတာဟာ ကောင်းတဲ့လက္ခဏာပါပဲ။ မိသားစုရဲ့သိက္ခာကို မထိပါးလိုတဲ့သဘောကို ပြနေတာပါပဲ။

ဒါပေမဲ့ မိုးစည်ခံပြင်းနေတဲ့အချက်က သူ့ကို ဆိုးတယ်၊ ဆိုးတယ် နဲ့ ပြောနေကြတဲ့ မိသားစုဝင်များရဲ့စကား ဖြစ်ပါတယ်။ ကျွန်မလည်း သူ့ကို ငယ်စဉ်ကထိန်းရတဲ့ သူ့ဒေါ်လေးရဲ့စကားကို ကြားခဲ့ရဖူးပါတယ်။ မိုးမိုးက ဆိုးလိုက်တာလေ၊ သူ့ကိုထိန်းရတာ ညတိုင်းဆို အိပ်ရေးမဝဘူး။ လူပေါ်မှာထမ်းပြီးမသိပ်ရင် တငိုငိုနဲ့ဆိုတဲ့ စကားကို ကြားခဲ့ဖူးတာပါ။ မိုးစည်ကို အဲဒီအကြောင်း ကျွန်မ ပြန်မပြောခဲ့ပါဘူး။ ဒါပေမဲ့ မိုးစည် လည်း ဒီအကြောင်းကို ခဏခဏပြောကြလွန်းလို့ ကြားဖူးနေဟန်တူပါ ရဲ့။ ကလေးဘဝတုန်းကတည်းက သားကို ဆိုးတယ်လို့ပြောတတ် ကြတယ်။ ကလေးတုန်းက ဆိုးတာကိုတော့ သားဘယ်မှာသိပ့်မလဲ။ တကယ်တော့ ကလေးဆိုတာ နေကောင်းရင် ဘယ်မှာဆိုးပ့်မလဲ။ နေမကောင်းလို့သာ ဆိုးတာဖြစ်မှာပေါ့တဲ့။ အင်း- သူပြောတာလည်း ဟုတ်တုတ်တုတ်ပါပဲ။ တကယ်လို့ ကလေးတွေ အီတတ်တယ်၊ ဆိုး တတ်တယ်ဆိုရင် ဆေးသေသေချာချာစစ်ဖို့ လိုနေပြီလို့ ကျွန်မလည်း အကြံပေးချင်စိတ် ပေါ်လာပါတယ်။

မိုးစည်ပြောတဲ့ ပြဿနာထဲမှာ အဖြေက ပေါ်နေပြီးသားပါပဲ။ သူဟာ စာတော်တယ်။ အလုပ်ကို တွက်ချက်ပြီး လုပ်တတ်တယ်။ အလုပ်တစ်ခုလုပ်ရင် အရင်းဘယ်လောက်ရှိမယ်၊ အမြတ်ဘယ်လောက် ရှိမယ်ဆိုတာကိုလည်း စနစ်တကျ တွက်ပြီး စီမံကိန်းချတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အရင်းအနှီးက သူ့လက်ထဲမှာ မရှိပါဘူး။ အမေဖေ့ထံမှာ အရင်းအနှီးတောင်းတော့ အမေအဖေက သူ့ကိုမယုံကြည်ဘူး။ အဲဒီအတွက် သူခံစားရတယ်။ အဲဒီလောက်ပဲ မိုးစည်က ပြောပါတယ်။

မိုးစည်မိဘနဲ့ စကားပြောတုန်းကလည်း ပြဿနာရှိတယ်ဆိုတာနဲ့ မိုးစည် ဆိုးတယ်ဆိုတာလောက်ကိုပဲ သိခဲ့ရပါတယ်။ ဘယ်လို့ဘယ်ကအကြောင်း သေသေချာချာ ရှင်းပြခဲ့တာ မရှိပါဘူး။ မိုးစည်ကျတော့လည်း ပြဿနာရဲ့အစကို သေသေချာချာ မပြောပါဘူး။ တစ်ဖက်နဲ့ တစ်ဖက် ညှာနေကြတာကတော့ သေချာတဲ့အချက် ဖြစ်ပါတယ်။

ကျွန်မလည်း ပြောရပါတယ်။ "သားရေ၊ ဘာတွေပဲဖြစ်ဖြစ် မိဘဆိုတာ သားသမီးကို အချစ်ဆုံးလူသားတွေ ဖြစ်တယ်ဆိုတဲ့အချက်ကိုတော့ သားလက်ခံထားရလိမ့်မယ်။ ဒီကိစ္စကတော့ ရှင်းပြစရာမလိုအောင် သေချာနေတဲ့ ကိစ္စပါပဲ။ အဲသလိုပဲ မင်းကလည်း မိဘကို အချစ်ဆုံးဖြစ်မှာပါပဲ။ အလိုမကျလို့ ဒေါသဖြစ်နေတဲ့အခါမှာ အလွန်အကျွံ ပြောမိပါတယ်၊ ဆိုးမိပေမယ်။ ဒါပေမဲ့ တစ်နေ့မှာ မင်း အဲဒီလို ဆိုးမိတဲ့ကိစ္စနဲ့ပတ်သက်ပြီး နောင်တအကြီးအကျယ် ရလာနိုင်တယ်။ အဲဒီတော့ စိတ်လွတ်လက်လွတ်ပြောမယ်များကြံရင် မင်းအတွက် မင်း ဆင်ခြင်စေချင်တယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်လိုမှ ပြန်ပြီးပြင်ဆင်ခွင့်မရဘဲ မိဘများနဲ့ ခွဲရမယ့်အချိန်နဲ့ ကြုံကောင်းကြုံသွားနိုင်တယ်။ အဲသလိုအချိန်မှာ သားသက်သာမယ်များ ထင်သလား၊ စိတ်ခံတက်ပြင်း ထန်ထက်မြက်သူများဟာ ထိထိခိုက်ခိုက်ခံစားနိုင်တဲ့ စိတ်နေသဘာဝလည်း ရှိတတ်ပါတယ်။ အဲဒီတော့ ဘယ်သူ့အတွက်မှ အန်တီက တောင်းပန်ချင်တာ အကြံပေးချင်တာ မဟုတ်ပါဘူး။ မင်းအတွက် သက်သက် အကြံပေးချင်တာပါ။ နောင်တစ်နေ့မှာ နောင်တမရချင်ရင် ယူကျုံးမရဖြစ်စေနိုင်တဲ့ ကိစ္စဟူသမျှကို မပြောမိ၊ မလုပ်မိအောင် ရှောင်စေချင်တယ်လို့ ရှည်ရှည်ဝေးဝေး ပြောလိုက်မိပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ကျွန်မအနေနဲ့ မိုးစည်လို ပြဿနာရှိခဲ့ဖူးတော့ မိုးစည်ကို ကောင်းစွာကိုယ်ချင်းစာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် မိသားစုမှာ ဆိုးတယ်လို့ ကျွန်မကို အစဉ်တစိုက်ပြောတာ ကျွန်မက ခံခဲ့ရဖူးတာကိုး။ တစ်ခါတလေများ ဘာအကြောင်းကြောင့်မှန်းမသိဘဲ ဆိုးတယ်လို့ ပြောတာကို ခံရဖူးပါတယ်။ ကျွန်မက ဆရာမတောင်မှ ဖြစ်နေပါပြီ။ စိတ်ကတိုတတ်တော့ ဘယ်ကိစ္စမဆို ရှူးရှူးရှားရှားဖြစ်တတ်တာကတော့ မှန်ပါရဲ့။ ဒါပေမဲ့ ကိုယ့်ဘာသာကိုယ် စာကြိုးစားတဲ့သူအဖြစ်၊ စာတော်တဲ့သူအဖြစ်နဲ့နေရင်း အစောကြီး ဆရာမဘဝကို ရောက်လာခဲ့တဲ့ ကျွန်မကို "သမီးက ဆိုးတယ်၊ ဆရာကြီးတို့ဆုံးမပါ။ အပ်ပါတယ်။ အိမ်မှာတော့ သူ့ကို ဘာမှမပြောဝံ့ဘူး။ ဆရာကြီးတို့စကားတော့ နားထောင်မှာပါ၊ ဆုံးမပါ" လို့ ဘယ်လိုကိစ္စထူးမှုမရှိဘဲ ကျောင်းအုပ်ဆရာကြီးကို အမေက ပြောလိုက်ပါတယ်တဲ့။ အဲဒီတုန်းက ဆရာကြီးက ဒီလိုအပြောမျိုး ငါစောင့်နေတာကြာပြီဆိုတဲ့ ဆရာကြီးဆိုတော့ ကျွန်မကို အမေက အပ်လိုက်တဲ့အကြောင်း တခမ်းတနား ပြောတာကို ကျောင်းမှာ ကျွန်မခံရတော့တာပါပဲ။

အိမ်ပြန်ရောက်တော့ ကျွန်မက ကျွန်မအမေကို ငိုပြီးမေးပါတယ်။ ဆိုဆုံးမလို့မရတဲ့ကိစ္စက ဘာကိစ္စလဲ၊ ဘယ်တုန်းက စကားကို နားမထောင်ဘဲ ထင်ရာစိုင်းခဲ့ဖူးလို့လဲ၊ ဆရာကြီးကို ဆုံးမခိုင်းတာ ဘယ်ကိစ္စအတွက် ဆုံးမခိုင်းတာလဲဆိုတဲ့ မေးခွန်းများကို မေးတော့တာပဲပေါ့။

ကျွန်မအနေနဲ့ အမေကို အတော်အထင်ကြီးလေးစားတာပါ။ ဒါပေမဲ့ တချို့သောကိစ္စများမှာ အမေဟာ အရိုးကြီးရိုးရှာပါတယ်။ "အဲသလိုပြောလိုက်ရင် ဆရာကြီးကို လေးစားအားကိုးရာလည်းကျမယ်၊ သမီးကိုလည်း အမေတို့က ချစ်လို့အလိုလိုက်ထားတာလည်း ဆရာကြီးတို့သိမယ်လို့ အမေထင်လို့ ပြောမိတာပါအေ" လို့ ကျွန်မ အမေက

www.burmeseclassic.com

www.burmeseclassic.com



ပြောရှာပါတယ်။ ကျွန်မက အမေဆိုတော့ ချစ်ကြောက်ရိုသေရော၊ ချစ်ခင်သနားရော ဆိုသလို ဖြစ်နေတော့ ဘာမှပြန်မပြောခဲ့ပါဘူး။ တကယ်တော့ အမေတို့ စည်းကမ်းတင်းကျပ်စွာထားပြီး မွေးမြူခဲ့ကြတာဖြစ်တဲ့အတွက် အလိုလိုက်တယ်ဆိုတာ မဟုတ်ပါဘူး။ ပြီးတော့ အမေထင်သလို ဆရာကြီးကလည်း အားကိုးရှာတယ်ဆိုတဲ့ သဘောကို မထားပါဘူး။ အမေတောင်မှမနိုင်လို့ ငါ့ကိုအပ်ရတယ်ဆိုတဲ့ သဘောမျိုးနဲ့ မူလကတည်းက စိတ်ထားဆတ်တဲ့ကျွန်မကို အနိုင်ကိုင်ဖို့ ကြိုးစားခဲ့လို့ အလုပ်ခွင်မှာ ကျွန်မ အတော်ဆောက်တည်ခဲ့ရပါတယ်။

အခုအချိန်မှာတော့ အဲဒီအကြောင်းကို ကျွန်မ ရယ်ရယ်မောမောနဲ့ ပြောနိုင်ပါပြီ။ မိုးစည်ကိုလည်း သားသမီးကို ချစ်တတ်သလောက် အနေရိုးပြီး အတွေးရိုးတဲ့ မိဘများရဲ့အကြောင်းကို ပြောပြနိုင်ခဲ့ပါတယ်။ အဲသလိုရိုးတဲ့ မိဘများကို ကိုယ်က အခုအချိန်မှာ မကျေမနပ်ဖြစ်လို့ ပြောချင်ရာပြောမိပြီးမှ မခွဲခွာခင် မသေဆုံးခင်အချိန်မှာ နားလည်မှုပြန်လည်ရရှိအောင် မကြိုးစားနိုင်ခဲ့ရင် သားခံရမယ်နော်” လို့ ကျွန်မက သတိပေးလိုက်တော့ မိုးစည်က မျက်နှာထား ခပ်မှန်မှန်နဲ့ တွေးနေပါတယ်။

မိုးစည်နဲ့ နောက်ထပ်ဆွေးနွေးရတဲ့ကိစ္စကတော့ အလုပ်အတွက် အရင်းအနှီးကိစ္စ ဖြစ်ပါတယ်။ တကယ်တော့ မိုးစည်မတွေးလို့ပါ။ အခုလိုကုမ္ပဏီတစ်ခုမှာ စာမေးပွဲအောင်လျှင်အောင်ချင်း အလုပ်ရတယ်ဆိုတာကိုက သူ့အဖေနဲ့ သူ့အဖေရဲ့ ဆရာသမားများပေးတဲ့ အရင်းအနှီးကြီးစင်စစ် ဖြစ်နေတာပါပဲ။ လူတိုင်း ဒီလိုအခွင့်အရေး ဘယ်မှာရလိမ့်မလဲ။

ကျွန်မက ဘဝမနာဘဲ ကြံဖန်ပြီး စိတ်နာနေတဲ့ ဒီကလေးကို စိတ်မတိုနိုင်ဘဲ ဖျောင်းဖျနေတာက ကျွန်မဟာ သူနဲ့အနီးစပ်ဆုံး လူစုထဲမှာ မပါလို့ပါပဲ။ အဲဒီအကြောင်းကိုလည်း ကျွန်မက ဖွင့်ပြီးပြောပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ "အန်တီက သားကို နားလည်ဖို့ကြိုးစားနေတာ အနည်းနဲ့အများ နားလည်နိုင်နေတာဟာ သားနဲ့ အရင်းနှီးဆုံးမဟုတ်လို့ဘဲ။ သားနဲ့ အရင်းနှီးဆုံးလူတွေက ရင်းနှီးနေလို့ မမြင်နိုင်တာတွေကို မြင်နိုင်တာ၊ တွေးနိုင်တာ ဖြစ်တယ်။ အရင်းအနှီးဆုံးတွေက သားကို သိပ်ပြီး ဖြစ်မြောက်စေချင်လို့ တွန်းတာမျိုး၊ သားမှားမှာစိုးလို့ ဇွတ်ထိန်းတာမျိုး အန်တီမလုပ်ဖူးဘူးများ သားထင်သလား၊ အန်တီမွေးစားခဲ့ဖူးတဲ့ တူကလေးတစ်ယောက်ဆိုရင် အန်တီ စာသင်လွန်းလို့ ဆုံးမလွန်းလို့ ထိန်းချုပ်လွန်းလို့ ပြေးလေရော့" ဆိုပြီး ကျွန်မရဲ့အမှားတွေနဲ့ပတ်သက်ပြီး ပြောတဲ့အခါမှာ မိုးစည်က သိပ်ပြီး စိတ်ဝင်စားပုံပေါ်ပါတယ်။

နောက်ပြီးတော့ မိုးစည်ရဲ့ အရင်းအနှီးကိစ္စတွေနဲ့ပတ်သက်ပြီး ကျွန်မတို့ ဆွေးနွေးကြပါတယ်။ "အမေအဖေတို့က အခုခေတ်မှာ လူဖြစ်ခဲ့ကြတာ မဟုတ်တော့၊ စွန့်စားရမှာ ရှိပြီးသားပစ္စည်းကို ထုခွဲကြရမှာ အလွန်ကြောက်ကြတာ မဆန်းဘူးသားရဲ့။ သားကိုယ်သား ယုံကြည်ချက်အပြည့်ရှိသလို လုပ်ငန်းအသစ်များကို စတင်ဖွင့်လှစ်ကြတဲ့ တည်ထောင်ကြတဲ့သူတိုင်း ယုံကြည်ချက်ရှိခဲ့ကြတယ်။ တချို့ကျတော့ သူတို့ကိုယ်သူတို့ မထိန်းနိုင်လို့ ကြီးပွားခါစမှပဲ အဆုံးရှုံးကြီး ဆုံးရှုံးကြရတယ်။ တချို့ကျတော့ သားတွက်တဲ့ ကိန်းဂဏန်းတွေထဲမှာမပါတဲ့ အနေအထားနဲ့ ရုတ်တရက် ပေါ်ပေါက်လာတဲ့ ပြဿနာများကြောင့် ဆုံးရှုံးကြရတယ်။ လက်ဖဝါး ခြေဖဝါး စကြတဲ့သူများ၊ လူငယ်များ အတွက်ကတော့ မထောင်းသာဘူးပေါ့။ ဒါပေမဲ့ အရွယ်ကလည်း အတော်ရလာပြီ၊ သားသမီးတွေအတွက်လည်း ထိုက်ထိုက်တန်တန် အမွေချန်ထားချင်တဲ့သူများအတွက်တော့ စဉ်းစားရမှာပေါ့သားရယ်လို့ ကျွန်မ ပြောပါတယ်။

မိုးစည်က ပြောတာနဲ့ သူ့အဖေအမေက ပြောတာတွေဟာ တကယ်တော့ တစ်မျိုးတည်းဖြစ်နေတာတောင်မှ မတူကြပါဘူး။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



တော့ ရှုထောင့်ကွဲနေပြီဆိုတာ သိသာနေတာပေါ့။ မိုးစည်ကလည်း အသက်ကြီးပြီဖြစ်တဲ့ မိဘနှစ်ပါး မပြည့်စုံလို့ ကသီနေတာကို သူ စိတ်မချမ်းသာဘူး။ ရှိနေတဲ့ ခြံတွေကိုရောင်းပြီး အရင်းအနှီးလုပ်၊ ရလာတဲ့ အမြတ်အစွန်းနဲ့ တင့်တောင့်တင့်တယ်နေ စတဲ့ စေတနာ စကားများကို ပြောပါတယ်။

ကျွန်မကတော့ မြန်မာမိဘများအနေနဲ့ သားသမီးကို ဘယ် အရွယ်ရောက်ရောက် ကလေးလိုမြင်တတ်နေတဲ့အကျင့်ကို ရှင်းပြရ ပါတယ်။ ကျွန်မတို့အချိန်တုန်းကလည်း ကျွန်မတို့ ဒီလိုပဲခံစားခဲ့ကြ ရတာကို ပြောပြပါတယ်။ ဒါပေမဲ့ ရေရှည်ကတော့ အမေအဖေ မှန်တာ တွေလည်း တွေ့ရတယ်။ သူတို့မှန်တာက အတွေ့ရပိုတောင်များသေး တယ်ဆိုတယ ပြောပြရပါတယ်။

နောက်ပြီးတော့ ယောက်ျားလေးတစ်ယောက်အနေနဲ့ အရင်း အနှီးကို မိဘဆီကတောင်းမှ ရနိုင်မှာလား၊ နိုင်ငံရပ်ခြားက တကယ် ချမ်းသာတဲ့သူများဟာ သူတစ်ပါးထံက အရင်းအနှီးကိုစောင့်ပြီးမှ ချမ်း သာတာမဟုတ်တဲ့အကြောင်းလည်း ပြောမိပါသေးတယ်။

အဲသလိုနဲ့ မိုးစည်နဲ့ ကျွန်မတို့ရဲ့စကားတိမ်တောင်ဟာ ပုံသဏ္ဌာန် ပြောင်းသွားပြန်ပါတယ်။

*

မိုးစည်ဟာ အရင်းနှီးဆုံးသူတွေနဲ့သာ အဆင်မပြေဖြစ်နေတဲ့ အကြောင်း၊ အလုပ်ခွင်မှာ အောင်မြင်နေတဲ့အကြောင်း ကျွန်မသိပြီးသား ဖြစ်ပါတယ်။ အဲဒီကိစ္စကို သူ့မိသားစုအနေနဲ့ အံ့သြနေပေမယ့် ကျွန်မ အစောပိုင်းကတည်းက မအံ့သြပါဘူး။ ဘာကြောင့်လဲဆိုတော့ မိသားစု အသိုင်းအဝိုင်းမှာ ကိုယ့်ကို ချစ်စေချင်တာရော၊ ကိုယ်ကချစ်တာရော

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစပ်ပြီး အနိုင်ယူဖို့ကြိုးစားနေကြလို့ ပြဿနာဆိုတာ ရှိလာတတ်တာပါ။ လုပ်ငန်းခွင်မှာကတော့ ခံစားချက်ကို ရှေ့တန်းမတင်သာဘဲကိုး။ ခံစားချက်ကို နောက်ထားပြီး မိမိရဲ့တိုးတက်ရေးအတွက် ကြိုးစားဖို့ စိတ်စောနေလေတော့ ခံစားချက်က အထိမခံ ရှေ့ပန်းကန်ဆိုတာမျိုး ဖြစ်မနေတော့ဘူးပေါ့။ အဲဒီလိုပဲ ကျွန်မကတော့ နားလည်ပါတယ်။

မိုးစည်က ပြောပါတယ်။ သူတို့လုပ်ငန်းခွင်မှာ သိပ်ပညာတတ်တဲ့ လူကြီးတွေနဲ့တွဲပြီး လုပ်ရတဲ့အကြောင်း၊ လူကြီးတွေက ပညာဖြန့်ဝေတဲ့အကြောင်း၊ အားပေးတဲ့အကြောင်း အကောင်းတွေချည်းပြောတာ ဖြစ်ပါတယ်။

မိုးစည်ဟာ သူ့လုပ်ငန်းခွင်မှာ ဖွင့်လှစ်ထားတဲ့ ကွန်ပျူတာသင်တန်းကိုလည်း တက်နေပါတယ်။ သူဟာ ကွန်ပျူတာပညာရပ်ကိုလည်း များစွာ စိတ်ဝင်စားပါတယ်။ မိုးစည်အနေနဲ့ နားရက်မရှိလုပ်နေရတဲ့ သူ့လုပ်ငန်းခွင်ကို စိတ်တိုင်းကျပါတယ်။ ဒါဟာ ရှေ့ဆက်ရမယ့် လမ်းအတွက် ပညာယူနေတဲ့ကာပဲလို့ သူခံယူထားပုံရပါတယ်။ အဲဒီလိုပဲ ပြောပါတယ်။

ကျွန်မနဲ့မိုးစည် လုပ်ငန်းခွင်နဲ့ပတ်သက်ပြီး ပြောကြတာကတော့ အများကြီးပါပဲ။ အဲဒီအထဲက ကျွန်မ သတိထားမိတဲ့အချက်ကတော့ သူ့လူကြီးများဟာ သူတို့ကိုယ်တိုင်လည်း အလုပ်များစွာလုပ်ကြတဲ့သူများ ဖြစ်ပါတယ်။ အလုပ်လုပ်ပြရင်း လူငယ်များကို ဦးဆောင်တယ်။ အပြောကို တိတိကျကျပဲ ပြောတတ်ကြတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။

အဲဒီလုပ်ငန်းခွင်မျိုးမှာ မိုးစည်အလုပ်လုပ်ရတာ ကံကောင်းတယ်လို့ ဆိုရပါမယ်။ ရှင်သန်ဖို့အလားအလာ အများကြီးရှိတယ်လို့ ဆိုနိုင်ပါတယ်။

နိုင်ငံရပ်ခြားကိုသွားပြီး အလုပ်လုပ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီးလည်း မိုးစည်နဲ့ ကျွန်မ ဆွေးနွေးကြပါသေးတယ်။ မိုးစည်ကတော့ နိုင်ငံခြား

www.burmeseclassic.com

www.burmeseclassic.com



ကို အရင်းအနှီးရှာဖို့သက်သက်ပဲ သွားချင်တယ်။ ငွေအရင်းအနှီး၊ ပညာအရင်းအနှီးရရင် ကိုယ့်တိုင်းပြည်မှာပဲ ကိုယ်ပြန်ပြီး အလုပ်လုပ်ချင်ပါတယ်လို့ဆိုတော့ ကျွန်မ ဝမ်းသာရပါသေးတယ်။

*

မိုးစည်ရဲ့ပညာရေး လူမှုရေးကိစ္စကို ဆွေးနွေးကြပြီးတဲ့နောက်မှာတော့ ကျွန်မက မိုးစည် ဘာစာတွေဖတ်သလဲဆိုတာကို မေးပါတယ်။ အရင်တုန်းကတော့ စာတွေအများကြီးဖတ်ပါတယ်တဲ့။ ငယ်ငယ်တုန်းက ဆုရတဲ့စာအုပ်တွေက စာအုပ်ကောင်းတွေဆိုတော့ သူသိပ်ကြိုက်ပါတယ်တဲ့။

မိုးစည်ဖတ်ခဲ့တဲ့ စာအုပ်များထဲမှာ ဆရာနန္ဒာသိန်းဇံရဲ့စာအုပ်များနဲ့ ဆရာပါရဂူရဲ့စာအုပ်များ အတော်အရေအတွက် များပါတယ်။ ပြီးတော့ နိုင်ငံရေးစာအုပ်များကိုလည်း သူအဖတ်များပါတယ်လို့ မိုးစည်က ပြောပါတယ်။ မိုးစည်အနေနဲ့ စာတွေဖတ်ရင်း သတိပြုမိလာတာတစ်ခု ရှိပါတယ်တဲ့။ အဲဒါကတော့ အနီရောင်စာအုပ်များကို ဖတ်ရင်လူတွေရဲ့အတွေးအခေါ်များက နီချင်သလိုလို ဖြစ်လာတတ်တယ်။ အဖြူရောင်ဆိုရင်လည်း ဖြူချင်သလိုလို ဖြစ်လာတတ်ပါတယ်တဲ့။ အဲဒါကြောင့် နိုင်ငံရေးစာအုပ်များကို သူ မဖတ်ချင်တော့ပါဘူးတဲ့။ နောက်ပြီး သူအလုပ်ဝင်တော့မယ်ဆိုကတည်းက အလုပ်ခွင်ဆိုတာ စာအုပ်ကြီးတစ်အုပ်ပါပဲ။ အဲဒီတော့ လက်တွေ့ဆန်တဲ့စာအုပ်ကြီးကိုသာ ဖတ်တော့မယ်။ တခြားစာအုပ်တွေ မဖတ်တော့ဘူးလို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်တဲ့။

ကျွန်မက ဘာမဆို တစ်ဖက်စောင်းနင်း တွေးချင်တတ်တဲ့ လုပ်ချင်တတ်တဲ့ မရင့်ကျက်သေးတဲ့ မိုးစည်ကိုကြည့်ကာ ပြုံးနေမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ စာဖတ်တဲ့နည်းကို ပြောပြမိပါတယ်။ စာဖတ်တယ်ဆိုတာ အကုန်လုံးစားသုံးသလို မျိုချသလို ဖတ်ရတာမဟုတ်ဘူး။ ကြေချက်နိုင်အောင် ကြိုးစားရမယ်။ အနှစ်ကိုသာ ယူရမယ်။ အဲဒီအဆင့်ရောက်ဖို့ဆိုရင် ဝေဖန်တာ၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်တာ၊ ကောက်ချက်ချတာဆိုတဲ့ အဆင့်ဆင့်ကို ကျော်ဖြတ်ရမယ်ဆိုတဲ့အကြောင်းကို အတော်ကျယ်ကျယ် ပြန့်ပြန့် ပြောမိပါတယ်။

ပြီးတော့ လက်တွေ့ဆန်တဲ့စာအုပ်တစ်အုပ်ဖြစ်တဲ့ စီးပွားရေးလုပ်ငန်းခွင်တစ်ခုရဲ့အကြောင်းကိုသာ သိရုံနဲ့တော့ လူ့လောကမှာ ပြီးပြည့်စုံတယ်လို့ မဆိုနိုင်သေးဘူး။ တခြားသောအကြောင်းများကိုလည်း သိဖို့လိုပေသေးတယ်။ အဲဒါကြောင့် စာကိုတော့ ဖတ်နေရမှာပဲ။ ဖတ်တဲ့အခါမှာသာ ကိုယ့်အချိန်တွေ အဟောသိကံဖြစ်မသွားအောင် စာအုပ်ကောင်းကို ရွေးပြီးဖတ်ဖို့လိုတယ်ဆိုတဲ့အကြောင်း ပြောမိပါတယ်။

ပြီးတော့ ဘယ်လိုအလုပ်မျိုးပဲဖြစ်ဖြစ် ပြောင်းလဲနေတဲ့ နိုင်ငံရေး၊ လူမှုရေးယဉ်ကျေးမှု အခြေအနေများနဲ့ မကင်းလွတ်ဘူး။ ဆက်စပ်နေတယ်။ အဲဒါကြောင့် မိမိနိုင်ငံရဲ့အခြေအနေ၊ နိုင်ငံတကာရဲ့အခြေအနေများကိုတော့ သိနားလည်အောင် စာတွေဖတ်နေသင့်တယ်ဆိုတာ ကျွန်မက ပြောပြမိပါတယ်။

ကျွန်မပြောတဲ့စကားများကို မိုးစည် နားထောင်နေပုံကတော့ ကြည်ကြည်လင်လင်ပါပဲ။

ကျွန်မကလည်း ကျွန်မကြိုက်တဲ့စာအုပ်များအကြောင်းကို ပြောပြမိပါသေးတယ်။ အဲဒီအကြောင်းများကိုတော့ အမပြောတော့ပါဘူး။

မိုးစည်ရဲ့အသံကိုသာ နားထောင်ပြီး ပြန်ပြောတာကမှ ခေါင်းစဉ်နဲ့ ကိုက်ညီမှာဖြစ်လို့ပါပဲ။

ဟိုအကြောင်း ဒီအကြောင်းတွေပြောနေရင်းက သား အရက်သောက်တတ်သလား၊ သောက်ရင် ဘယ်လိုအရက်တွေသောက်သလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ကောကြိုက်သလားဆိုတဲ့ မေးခွန်းတွေကို ကျွန်မ မေးမိပါတယ်။ မိုးစည်က သူ အရက်ပြင်းတွေကို မသောက်ပါဘူး။ ဘီယာတော့သောက်ပါတယ်။ အမြဲမသောက်ပါဘူး။ ကြိုက်လည်း မကြိုက်လှပါဘူး။ ဒါပေမဲ့ စိတ်တိုရင် ဘီယာတစ်လုံးလောက်ကို သူငယ်ချင်းတွေနဲ့ သောက်တယ်၊ အိမ်အပြန်မှာတော့ သူငယ်ချင်းတွေနဲ့သောက်တဲ့ ဘီယာဘူးခွံတွေကိုပါ သိမ်းယူလာခဲ့ပါတယ်။ ဒါမှ အိမ်ကလူတွေက သူ သိပ်မူးလာတယ်လို့ ထင်ကြအောင်ပါတဲ့။

အသက်ကတော့ ငယ်လှတယ်မဟုတ်ပါဘူး။ မိုးစည်ကတော့ တကယ့်ကလေးပါပဲ။ အရက်သောက်တမ်း ကစားပြတာကိုး။ သူ့အဒေါ် တစ်ယောက်က ပြုံးတုံးပြဲတဲမျက်နှာနဲ့ စိုးရိမ်ပူပန်စွာ သူ့အမေကို တိုင်တန်းနေတာ၊ သူ့အမေထိတ်လန့်ပြီး စိတ်မကောင်းဖြစ်နေတာကို ကျွန်မ အမှတ်ရလိုက်ပါတယ်။ အဲဒီတုန်းကလည်း ကျွန်မ ပြောမိပါသေးတယ်။ မိုးစည်ဟာ သူ အရက်သောက်တယ်ဆိုတာ သိစေချင်တယ်။ ပူပန်စေချင်တယ်။ ဆူပူစေချင်တယ်။ ဒါမှ သူ့ဘက်က ပေါက်ကွဲပြဖို့ အခွင့်ရမယ်။ အဲလိုအချိုးမျိုးကို ချိုးထားတာ ဖြစ်နိုင်တယ်။ အဲဒီတော့ ဒီလောက်ကလေးနဲ့တော့ ဘာမှမပြောပါနဲ့ဦးလို့ သူ့မိဘဆွေမျိုးများကို ကျွန်မ ပြောမိခဲ့ပါတယ်။ အခုတော့လည်း မှန်နေတာပေါ့လေ။

ကျွန်မက သူ့ဖြောင့်ချက်ကို ရယူလိုက်ပြီးတဲ့နောက် ဘာမှမပြောပါဘူး။ မူးယစ်ဆေးဝါးရော သုံးသလားဆိုတော့ သုံးတယ်တဲ့။ ဘာဆေးလဲကွယ်လို့မေးတော့ ဒိုင်ယာဇီပင်တဲ့။

သူ့ရဲ့သူငယ်ချင်း စိတ်ဆင်းရဲလို့ ဒိုင်ယာဇီပင်ကို သောက်တယ်ဆိုတာနဲ့ သူလည်း ဝင်သောက်မိတာပဲတဲ့၊ ဘယ်လိုနေလဲလို့မေးတော့ ကျွန်တော် ကြာကြာသည်းမခံနိုင်ဘူး။ ခေါင်းလေးတယ်လို့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာတော့ ကျွန်မက မိုးစည်နဲ့ ဆွေမျိုးတော်စပ်တဲ့နည်းကို သုံးလိုက်ပါတယ်။ အဲဒီနည်းကတော့ ကျွန်မလည်း စိတ်ဆင်းရဲရင် အိပ်မပျော်ရင် ဒိုင်ယာဇီပင်ကို သောက်လေ့ရှိခဲ့ဖူးတယ်ဆိုတဲ့အကြောင်း မိုးစည်ကို ဖွင့်ပြောလိုက်တာပဲ။ ဒါပေမဲ့ တကယ့်တကယ်တော့ ပြဿနာကို အိပ်ပြီးရှောင်နေလို့မရတဲ့အကြောင်း၊ ပြဿနာရှိနေရင် ဘယ်လောက်ဆေးသောက်သောက် အိပ်လို့လည်းမပျော်နိုင်ဘဲ မနက်လင်းမှသာ လူကိုပိုပြီးဆင်းရဲစေတဲ့အကြောင်း ပြောပြတော့ မိုးစည်က ဟုတ်ပါတယ်တဲ့။

ကျွန်မကတော့ မိုးစည်ကို အဆင့်တူလို့ပြောနေတာပါ။ "မိုးစည်၊ သားဟာ အလွန်ကြီးပွားချင်တဲ့သူ၊ အောင်မြင်ချင်တဲ့သူမဟုတ်လား၊ အဲဒီတော့ သူများတွေကို ဦးဆောင်ပြီး အုပ်ချုပ်ရဦးမယ်။ အဲဒီတော့ သားရဲ့စိတ်ဟာ ကြည်လင်နေရမယ်။ အဲဒီတော့ စိတ်အစွဲနဲ့ ဒုက္ခရောက်စေတဲ့ မူးယစ်ဆေးကို မသုံးနဲ့တော့။ သူများကို ဦးဆောင်ရမယ့်သူဟာ ကိုယ်စိတ်ကိုနိုင်မှ ဖြစ်မှာပေါ့" လို့ ပြောလိုက်ပါတယ်။

မိုးစည်ဟာ လက်တွေ့သမားပဲ သူ့ဘာသာသူ သိထားပြီးသားအကြောင်းကို စကားအများကြီးပြောပြီး အထက်စီးနဲ့ ဆုံးမလို့ကတော့ နာခံမယ်မထင်ပါဘူး။ အခုတော့ သူ့ဘာသာသူ သိထားပြီး မူးယစ်ဆေးကို မသုံးဖို့လည်း ဆုံးဖြတ်ထားပြီး ဖြစ်နေလို့ထင်ပါရဲ့။ နောက်ကို သူမသုံးတော့ပါဘူးလို့ပြောပါတယ်။ ဘာမဆို ပြောင်လုပ်ပြီး ပေါက်ကွဲချင်တတ်တဲ့ကလေးဟာ ညာပြောမယ်လို့တော့ ကျွန်မ မထင်ပါဘူး။

နောက်ဆုံးတော့ မိန်းကလေးများနဲ့ ပတ်သက်တဲ့ မိုးစည်ရဲ့သဘောထားကိုမေးပါတယ်။ အိမ်ထောင်မပြုချင်သေးပါဘူး။ မိန်းကလေးတွေကိုလည်း စိတ်ပျက်လွန်းလို့ဆိုတဲ့စကားကို မိုးစည်ပြောတော့ ကျွန်မ မအံ့သြပါဘူး။ ရုပ်မချောလှတဲ့ အပြောမချိုလှတဲ့ မိုးစည်ဟာ အင်ဂျင်နီယာတစ်ယောက်ဖြစ်ပါတယ်။ ပြီးတော့ မိဘဂုဏ်လည်း ရှိပါတယ်။ အဲဒီလိုလူပျိုတစ်ယောက်မှာ သူနဲ့ လိုလိုချင်ချင်တွဲချင်တဲ့ မိန်းကလေးများ

www.burmeseclassic.com

www.burmeseclassic.com



ရှိတတ်ပါတယ်။ မိုးစည်အနေနဲ့ အဲဒီမိန်းကလေးများကို အထင်မကြီးနိုင်ပါဘူး။ သူက အမြင့်ကိုမှန်းတတ်တော့ အလွယ်တကူ ရလာတတ်တဲ့ ဆုလာဘ်များကို သိပ်တန်ဖိုးမထားတတ်ဘူး ထင်ပါရဲ့။

ကျွန်မကတော့ ပြောပါတယ်။ "မယူနိုင်သေးရင် ကိုယ့်သိက္ခာကို ကိုယ်ထိန်းပါ။ အဲဒီလိုထိန်းတာက မြန်မာ့ယဉ်ကျေးမှုကို စောင့်ရှောက်တာတို့ ဘာတို့ဆိုတဲ့ စကားတွေကို မပြောချင်လို့မဟုတ်ပါဘူး၊ အဲဒီလောက်ကျယ်ပြန့်တဲ့အထိ မတွေးနဲ့ဦး။ သားဟာ လူတစ်ယောက်၊ လူမှု တစ်ကမ္ဘာလုံးမှာ ရှေ့တန်းအတင်ခံရတဲ့ ယောက်ျားတစ်ယောက် အဲဒီလိုယောက်ျားတစ်ယောက်အနေနဲ့ ကိုယ်ကစရင် စနိုင်ခွင့်ရှိတယ်။ ကိုယ်ကမထိန်းနိုင်ရင် တစ်ဖက်သားမှာ နစ်နာသွားနိုင်တယ်။ သူသာ နစ်နာတာ ငါမနစ်နာဘူးလို့များ သားမထင်နဲ့၊ အပြစ်ရှိတယ်ဆိုတဲ့အသိနဲ့ လူဟာ စိတ်ဆင်းရဲသွားနိုင်တယ်။ စိတ်လေသွားနိုင်တယ်။ အပြစ်ဆိုတာ ကျူးလွန်မိရင် ဝန်ခံသည်ဖြစ်စေ ဝန်မခံသည်ဖြစ်စေ လူကို ညစ်နွမ်းစေတယ်" လို့ ကျွန်မကပြောတော့ မိုးစည်ဟာ အလွန်လေးနက်တဲ့ မျက်နှာထားနဲ့ နားထောင်းရင် ဟုတ်ကဲ့လိုက်ပါတယ်။

*

မိုးစည်နဲ့ ကျွန်မ စကားပြောချင်းဟာ ညပိုင်းမှာ ပြောကြတဲ့ စကားပြောခြင်း ဖြစ်ပါတယ်။ တစ်နေကုန် အလုပ်မအားတဲ့ကလေးဟာ ညပိုင်းကျမှ မိသားစုနဲ့ တွေ့ရတာပါ။ နှစ်ညလောက် စကားပြောပြီးတဲ့ အခါမှာ မိုးစည်ဟာ သူ့ရဲ့ မူလဓာတ်ခံကောင်းကို ဖွင့်လှစ်ပြသလာပါတယ်။ ရွှင်ပျလာပါတယ်။ လေးစားကြည်သာစွာ စကားပြောလာပါတယ်။

အလုပ်က ခွင့်တစ်ရက်ယူပြီးတော့ ကျွန်မတို့ကို ထမင်းဟင်းကောင်းကောင်း ချက်ကျွေးပါသေးတယ်။ သူ့မိဘများ ဥပုသ်စောင့်တာ

www.burmeseclassic.com

www.burmeseclassic.com



အချိန်မီအောင် ချက်ကျွေးချင်လို့ ခပ်သုတ်သုတ်ဈေးဝယ်ပြီး ချက်ပြုတ်နေတဲ့ မိုးစည်ကို ကျွန်မ ချစ်ခင်စွာ ကြည့်နေမိပါတယ်။ သူဟာ မိဘကိုချစ်တဲ့ ကလေးတစ်ယောက်ပါပဲ။ ကလေးဟာ အခုခေတ်အလိုက် တိုးတက်လိုဇောများရဲ့ ဖိစီးမှုဒဏ်ကို မနိုင်မနင်းတွန်းလှန်ရင်း ပုန်ကန်သူတစ်ယောက်အဖြစ် အမြင်ခံလာရတာပါပဲ။

ကျွန်မနဲ့ မိုးစည်တို့ တွေ့ဆုံစကားပြောကြတဲ့အချိန်ဟာ တိုပါတယ်။ ဒါပေမဲ့ ဘယ်အချိန်မှာ ဘာအကြောင်းပဲ ပြောကြပြောကြ ဟန်တော့ကျသားပဲ။ မိုးစည်က အင်ဂျင်နီယာတစ်ယောက်ဖြစ်ရုံမက ပန်းချီဆရာလည်း ဖြစ်ပါတယ်။ ပြီးတော့ သူက သစ်ပင်စိုက်ပျိုး ပြုစုတာကိုလည်း ဝါသနာပါပြီး သစ်ပင်များအကြောင်းကိုလည်း ကောင်းကောင်းပြောတတ်တဲ့သူတစ်ယောက် ဖြစ်နေပါသေးတယ်။ အဲဒီတော့ ကျွန်မနဲ့စကားပြောရတာ မိုးစည်တော့မသိပါဘူး။ ကျွန်မတော့ အတော်စိတ်ဝင်စားမိပါတယ်။

မိုးစည်နဲ့ကျွန်မတို့ တွေ့ဆုံစကားပြောကြတာ ရန်ကုန်မြို့မှာ မဟုတ်ပါဘူး။ ကျွန်မနဲ့ မိုးစည်ရဲ့မိဘများ ခရီးအတူထွက်ကြရင်းကြုံလို့ မိုးစည်ကို စကားပြောကြဖို့ ကျွန်မကို ဖိတ်ခေါ်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်မဟာ ထက်မြက်သလောက် မူလဓာတ်ခံကောင်းတဲ့ကလေးကို ချစ်ခင်လာပါတယ်။ အဲဒါကြောင့် တစ်နာရီခွဲလောက် ကားမောင်းသွားတဲ့ ခရီးနှစ်ခုမှာ ပုံပြင်တွေ၊ ရာဇဝင်တွေကို ပြောပြပါတယ်။ အဲသလိုပြောပြတဲ့အခါမှာ ကလေးရဲ့ ဗဟုသုတနယ်ပယ် ကျယ်ပြန့်စေလိုတာကြောင့် ပုံပြင်များ ရာဇဝင်များထဲက ဇာတ်ကောင်းတို့နဲ့ ထင်ဟပ်ပြီး သင်ခန်းစာယူစေချင်တာတစ်ကြောင်း စတဲ့ ရည်ရွယ်ချက်များ ပါပါတယ်။

ရာဇဝင်ထဲက အကြောင်းတစ်ခုကတော့ ကျွန်မ စာထဲထည့်ပြီး ပြောပြချင်ပါတယ်။ ကျန်တာတွေတော့ လေးလံနေမှာစိုးလို့ ထားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပြောတာက တစ်ခါတုန်းက အတွေးအမြင်မှာ ကျွန်မ ရေးခဲ့တဲ့ "အရေးမှာသော မင်းရဲကျော်စွာ" ထဲမှာပါတဲ့ အကြောင်းများ ဖြစ်ပါတယ်။ မင်းရဲကျော်စွာက သိပ်ငယ်တယ်။ အတွေ့အကြုံက သိပ်မရင့်ကျက်သေးပါဘူး။ သူ့ပတ်ဝန်းကျင်မှာလည်း သူ့အမှားကို ထောက်ပြဝံ့တဲ့သူဆိုတာ ဘယ်မှာရှိလိမ့်မလဲ။ သူက မင်းသားကိုး။ အဲဒါကြောင့် မင်းရဲကျော်စွာဟာ အခါခါ အရေးမှားရတာ ဖြစ်တယ်။ အဲဒီတော့ သားရေ- ကိုယ့်ကို အပြစ်နဲ့အကျိုး ထောက်ပြပြီး ဆုံးမတဲ့သူ ရှိတာ ကိုယ့်အတွက်ကောင်းတယ်။ အဲဒီလိုလူမျိုးကို သားမပယ်နဲ့။ ဘယ်သူကမှ သားကို အပြစ်မပြောဝံ့တော့ဘူးဆိုရင် သားဘဝမှာ အနုတ် လက္ခဏာပြပြီလို့သာ မှတ်ပေတော့။ ကိုယ့်မှာလည်း အတွေ့အကြုံ မပြည့်စုံသေးတော့ ကိုယ်ကိုယ်ကိုလည်း တိုင်ပင်လို့မရ၊ သူများကလည်း ကိုယ့်ကို ဘာမှမပြောဝံ့နဲ့ အရေးဟူသမျှ မှားနေတဲ့သူတစ်ယောက် ဖြစ်သွားနိုင်တယ်ကွဲ့" လို့ ရာဇဝင်အကြောင်းကို ပြောရင်းက ပြော လိုက်ပါတယ်။

မိုးစည်နဲ့ ကျွန်မတို့ ခွဲကြတော့ မိုးစည်ဟာ မျက်နှာထား ပျော့ပျောင်းသော ချစ်စရာကောင်းတဲ့ သူငယ်လေးတစ်ယောက်အဖြစ် မူလဇာတိရုပ်ပေါ်လာပါပြီ။ သူ့မေမေကိုရော ကျွန်မကိုရော ရိုရိုသေသေ ကန်တော့ပါတယ်။ သူဟာ အကြောင်းကြောင်းကြောင့် မူလစာတ် မပေါ်လွင်ပေမယ့် တကယ်တော့ မူလစာတ်ခံကောင်းတဲ့သူဆိုတာ ကျွန်မ ယုံကြည်ပါတယ်။

လူငယ်များနဲ့ စကားပြောတဲ့အခါမှာ သူတို့အပေါ် ချစ်ခင် ကြည်ဖြူတဲ့စိတ် ထားနိုင်ခဲ့ရင် ပိုပြီးအောင်မြင်နိုင်ပါတယ်။ သူတို့ကိုလည်း ပိုပြီး ကူညီနိုင်တယ်လို့ ကျွန်မပြောရင် လက်ခံမယ့်လူတွေ များမယ်လို့ ကျွန်မ ယုံကြည်ပါရစေလားရှင်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ထင်ကျော်

လူငယ်များနဲ့ စကားပြောတဲ့အခါမှာ လူငယ်တစ်ယောက်နဲ့ တစ်ယောက် မတူကြပါဘူး။ အဖြစ်အပျက်မိတူတာတော့ ထူးပြီး ပြောစရာ အကြောင်း မဟုတ်ပါဘူး။ ထူးခြားတာက လူငယ်ချင်းတူပြီး သူတို့ အကြောင်းကိုလည်း ပြောချင်နေပါလျက်နဲ့ ပြောပုံဆိုပုံ မတူကြတာပါပဲ။ အဲဒီလိုဘာဝအမျိုးမျိုးနဲ့ လူငယ်တွေကို တွေ့ရတာ စိတ်ချမ်းသာပါတယ်။

သူ့ဘာဝနဲ့သူ ပြောချင်သလိုပြောတတ်သလို ပြောကြတာကိုက လူငယ်များရဲ့ ပင်ကိုယ်စရိုက်ကလေးများ ရှင်သန်နေဆဲ ဖြစ်တယ်လို့ ကောက်ချက်ချနိုင်တဲ့အတွက် ကျွန်မ ဝမ်းသာရပါတယ်။

အဲဒီလို စိတ်ပါဝင်စားစွာ စကားပြောသွားတဲ့သူတစ်ယောက် ကတော့ "ထင်ကျော်" ဖြစ်ပါတယ်။ အောင်မြင်တဲ့ဆရာဝန်တစ်ယောက် ဖြစ်ပြီး အိမ်ထောင်ရှင်တစ်ယောက်လည်း ဖြစ်ပါတယ်။

သူတို့မြို့မှာ သူ့ကိုမေးရင် မြို့စွန်မြို့ဖျားကနေပြီး မြို့လယ်အထိ မသိဘူးလို့ ပြောတဲ့သူ မရှိသလောက်ပါပဲ။ သူ ဘယ်မှာနေတယ်ဆိုတာ ကို လမ်းညွှန်ရှုံသာမကပါဘူး။ အဲဒီဆရာဝန်က ဆေးကောင်းကောင်း သုံးပြီး မြန်မြန်ပျောက်အောင် ကုပေးတတ်တယ်ဆိုတဲ့စကားကိုတောင် နှစ်လိုစွာ ထည့်ပြောလိုက်ကြပါသေးတယ်။

*

ထင်ကျော်က စကားကို ဖွဲ့ကာနွဲ့ကာ မပြောတတ်ပါဘူး။ ပြတ်ပြတ်ပဲပြောလေ့ရှိပါတယ်။ ပထမအကြိမ် သူနဲ့တွေ့တုန်းက သူ့ကို ကျွန်မ သိပ်မသိသေးပါဘူး။ သူ့ရဲ့အစ်မတစ်ယောက်က ကျွန်မရဲ့တပည့် ဖြစ်နေလို့သာ သူနဲ့တွေ့ကြရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ထင်ကျော်တို့အိမ်ကို ရောက်သွားရတာက ကျွန်မရဲ့မိခင် ကွယ်လွန်ပြီးစမှာ စိတ်ပြေလက်ပျောက် ခရီးထွက်ရင်း ရောက်သွားတာပါ။ ကျွန်မတို့ ခဏနေပြီး ပြန်တော့မယ်လို့ဆိုတဲ့အခါမှာတော့ ထင်ကျော်က လူနာတစ်ယောက်ကို ကြည့်ပေးနေတုန်းဆိုတော့ ကျွန်မတို့ကို ခဏစောင့်ပါဦးလို့ တားပါတယ်။ လူနာကိုကြည့်လို့ပြီးတဲ့အခါမှာ စာရွက်တစ်ရွက်ပေါ်မှာ လိပ်စာကလေးတစ်ခုရေးပြီး ကျွန်မကို ပေးပါတယ်။

"ဆရာမက အမေဆုံးလို့ ပရိဒေဝမီးတောက်လောင်နေတယ်လို့ အစ်မကြီးက ပြောပါတယ်။ အခု ကျွန်တော်ရေးပေးလိုက်တဲ့ လိပ်စာအတိုင်းသွားပါ။ အဲဒီအိမ်မှာ ခဏသီတင်းသုံးနေတဲ့ ဆရာတော်ကို ဖူးတွေ့ပြီး တရားအားထုတ်စေချင်ပါတယ်။ တကယ်တော့ မိမိကိုယ်ကို စောင့်ကြည့်တဲ့အလုပ်ဟာ မလိုအပ်တဲ့ခံစားမှုတွေကို ပပျောက်စေပါတယ်" လို့ ထင်ကျော်က လိုရင်းကို တိုတိုပဲပြောပါတယ်။

ထင်ကျော်ပေးလိုက်တဲ့စာရွက်ကို ကြည့်လိုက်တဲ့အခါမှာ ကျွန်မ အလွန်ဝမ်းသာသွားပါတယ်။ ထင်ကျော်က ကျွန်မကို သွားဖူးစေချင်တဲ့ဆရာတော်ဟာ မဟာမြိုင်ဆရာတော် ဦးဇောတိက ဖြစ်နေလို့ပါပဲ။ သြော်- ဒီဆရာတော်ကို ကျွန်မ သိပါတယ်။ ဖူးလည်းဖူးဖူးပါတယ်။ မေမေနဲ့တောင် တွေ့ဖြစ်အောင် စီစဉ်ပေးလိုက်ပါသေးတယ်လို့ ပြောမိပါတယ်။

ထင်ကျော်က ဆရာတော် ဦးဇော်တိကနဲ့တွေ့ပြီးမှ သူ့ဘဝပြောင်းလဲသွားတာကို ပြောပြချင်ပါတယ်။ အခု အချိန်မရှိတော့လို့သာ မပြောနိုင်တာပါလို့ ပြောလိုက်ပါတယ်။

ထင်ကျော်နဲ့ ၁၉၉၂ နှစ်ဦးပိုင်းလောက်မှာတွေ့ပြီး ဒုတိယအကြိမ် တွေ့တာကတော့ ၁၉၉၄ နှစ်လယ်ပိုင်းလောက်မှာ ဖြစ်ပါတယ်။ အဲဒီလို နောက်တစ်ကြိမ် သူတို့အိမ်ကိုရောက်တဲ့အခါမှာတော့ ကျွန်မရဲ့စိတ်ထဲက ထင်ကျော်ကို ပိုပြီးခင်မင်နေပါပြီ။ သူ့အကြောင်းကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်မကြီးဆီက အနည်းနဲ့အများ ကြားထားလို့ အဲသလိုခင်မင်တဲ့စိတ် ပေါ်ပေါက်လာတာ ဖြစ်နိုင်ပါတယ်။ ခရီးထွက်ရင်း နေမကောင်းဖြစ်လာတဲ့ ကျွန်မကို ထင်ကျော်က သေသေချာချာ ဆေးကုပေးပါတယ်။ ထမင်းဆိုင်ကောင်းကောင်းမှာလည်း လိုက်ပြီးကျွေးပါတယ်။ ပြီးတော့ ကျွန်မအတွက် အလွန်အဖိုးတန်တဲ့ စကားများကို ပြောတော့တာပါပဲ။ ထင်ကျော်က ကဲ- အစ်မကို ကျွန်တော် ဆေးကောင်းကောင်းကုပေးပြီးပြီ။ ကျွန်တော့မှာ အစ်မကို ပြောပြဖို့ စကားတွေအများကြီးရှိနေတယ်။ အဲဒီတော့ ကျွန်တော်ပြောပြတာတွေကို သက်သောင့်သက်သာအိပ်ပြီး နားထောင်ပါလို့ ပြောပါတယ်။

ကျွန်မက ပထမတော့ အိပ်ပြီးနားထောင်တာပါပဲ။ ဒါပေမဲ့ ခဏခဏထပြီး ထိုင်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ ထင်ကျော်ပြောတဲ့စကားတွေက သိပ်ပြီးစိတ်ဝင်စားစရာကောင်းနေလို့ ဖြစ်ပါတယ်။ ကျွန်မနဲ့အတူ ထင်ကျော်ရဲ့စကားတွေကို ဝိုင်းပြီးနားထောင်နေတဲ့ ကျွန်မရဲ့ မိသားစုလည်း ခဏကြာတော့ အိပ်ပျော်သွားကြပါတယ်။ ထင်ကျော်ကတော့ သူရဲ့ လွတ်မြောက်ခြင်းနဲ့ပတ်သက်တဲ့ စကားများကို အားပါးတရ ပြောဆဲပါပဲ။ ကျွန်မဟာ ထင်ကျော်က ကြိုတင်ဆေးကုထားလို့ပဲလား၊ သူ့စကားကို သိပ်ပြီး စိတ်ဝင်စားနေလို့ပဲလားတော့ မသိပါဘူး။ နေမကောင်းတာ၊ ပင်ပန်းတာ စတဲ့ ဝေဒနာများကို မေ့ပြီး စိတ်ပါဝင်စားခြင်း ကြီးစွာနဲ့ နားထောင်နေခဲ့ပါတယ်။

အဲဒီအကြောင်းတွေကို ကျွန်မ ပြန်ပြီး စီကာပတ်ကုံး ရေးချင်နေပါတယ်။ ဒါပေမဲ့ ထင်ကျော်နဲ့ စကားပြောတုန်းက ခွင့်မတောင်းမိသေးလို့ မရေးဘဲနေခဲ့ရပါတယ်။

လူငယ်များနဲ့ စကားပြောခြင်းဆိုတဲ့ စာအုပ်တစ်အုပ် ပြုစုဖို့ စိတ်ကူးရတဲ့အခါမှာ ထင်ကျော်တို့ဆီကိုလည်း ရောက်သွားတာနဲ့ သူပြောပြတဲ့အကြောင်းများကို အဲဒီစာအုပ်ထဲမှာ ထည့်ပြီးရေးခွင့်ပေးပါလို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ခွင့်တောင်းမိပါတယ်။ ထင်ကျော်က ရေးပါအစ်မ၊ အများအတွက် ကောင်းကျိုးဖြစ်မယ်ဆိုရင် ရေးသာရေးပါလို့ ပြောပါတယ်။ နာမည်ရင်းကို သုံးရင်တောင်မှ ကိစ္စမရှိပါဘူးလို့ ပြောပေမယ့် အခြားသူများလိုပဲ သူ့အမည်ကိုလည်း ကျွန်မ ပြောင်းထားပေးပါတယ်။

ကျွန်မဟာ လွန်ခဲ့တဲ့နှစ်က ထင်ကျော်နဲ့ပြောခဲ့တဲ့စကားတွေကို ပြန်ရေးဖို့စဉ်းစားရင်း လွဲမှားတာတွေ၊ မထိမိတာတွေ ဖြစ်လာနိုင်တယ်လို့ ခံစားရတာနဲ့ ထင်ကျော်ဆီကို တယ်လီဖုန်းဆက်ပြီး လိုအပ်ရင် သူတို့မြို့ကို လိုက်လာခဲ့မယ်လို့ ပြောမိပါတယ်။ တိုက်ဆိုင်ချင်တော့ ထင်ကျော်တို့မိသားစု ရန်ကုန်လာစရာရှိတာနဲ့ ကျွန်မ သွားစရာမလိုတော့ပါဘူး။ ထင်ကျော်က ပြောစရာရှိတဲ့စကားများကို ရန်ကုန်ရောက်သခိုက် အိမ်လာပြီး ဖြည့်စွက်ပြောကြားတာကို ကျွန်မ အခုစာရေးနေတဲ့ ရက်မတိုင်မီ နှစ်ရက်က ကြားခဲ့ရပါတယ်။

*

ကျွန်မတို့အိမ်ကို ထင်ကျော်တို့ ရောက်လာတဲ့အချိန်က ည ကိုးနာရီခွဲနေပါပြီ။ သူ့ကလေးတွေနဲ့ ဇနီးအပြင် ညီအရင်းတစ်ယောက်လည်း ပါပါတယ်။ ကလေးများကတော့ အိပ်ကြတာပါပဲ။ ညီနဲ့ ဇနီးဖြစ်သူကတော့ ထင်ကျော်ရဲ့စကားပြောခြင်းကို ကောင်းစွာနားလည်ကြသူများ ဖြစ်ကြပါတယ်။ စကားပြောခြင်းကို နားလည်တယ်ဆိုတာက ဒီလိုပါ။ ဘယ်လိုရည်ရွယ်ချက်နဲ့ပြောတယ်။ ဘယ်လိုခံစားချက်နဲ့ပြောတယ်ဆိုတာကို ကောင်းစွာနားလည်တယ်။ တန်းဖိုးထားတယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

အခုတစ်ခါ ထင်ကျော်နဲ့ စကားပြောမှပဲ သူ့အကြောင်းကို အစီအစဉ်တကျ သိလာရပါတယ်။ သူ့တို့မိသားစုဟာ အလုပ်ကို တန်ဖိုးထားတဲ့မိသားစုဖြစ်ပါတယ်။ "စီးပွားရေးအရ အကြွယ်ဝကြီးလို့ မပြော

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါဘူး” လို့ ထင်ကျော်က ပြောပေမယ့် မောင်နှမရှစ်ယောက်ကို ထွန်းပေါက်အောင် ပညာပေးနိုင်တဲ့ သူ့မိဘများရဲ့ စီးပွားရေးအခြေခံဟာ ခိုင်မာသလို သားသမီးများကို ထိန်းကျောင်းပုံလည်း စနစ်ကျတယ်လို့ ဆိုနိုင်ပါတယ်။ ညီအစ်ကိုတွေဟာ မိဘရဲ့လုပ်ငန်းမှာ ဝင်ပြီးလုပ်ကိုင်ပေးကြရပါတယ်။ မိဘကလည်း သူတစ်ပါးကိုခိုင်းရင် ပေးရမည့်နှုန်းထားအတိုင်း သူတို့ကို ငွေရှင်းပေးတယ်လို့ ဆိုပါတယ်။ အဲဒီတော့ သူတို့ဟာ “အလုပ်လုပ်ရတာကို တန်ဖိုးထားတတ်သလို မိမိကိုယ်ကို လည်း မိမိအားကိုးလာတတ်ကြပါတယ်” လို့ ထင်ကျော်နဲ့အတူပါလာတဲ့ သူ့ညီကလေးက ပြောပါတယ်။ ထင်ကျော်ကလည်း အဲဒီလို အထိန်းအကျောင်းနဲ့ကြီးလာရတော့ သူဘာပဲလိုချင်လိုချင် မိဘကပေးရမှာပဲ ဆိုတဲ့ သဘောကို တရားသေကိုင်မထားတော့ဘဲ သူ့ဘာသာသူ ငွေရှာတော့တာပါပဲတဲ့။ အဒေါ်တစ်ယောက်ရဲ့ ပဲခွဲစက်ထဲမှာ ပဲတောင်းဝင်ပြီး ထမ်းတာကအစ သူလုပ်ခဲ့ပါတယ်တဲ့။ ဒါကတော့ သူ အပျော်ခရီးထွက်ချင်တဲ့ ကိစ္စလို ကိစ္စများအတွက် အပိုးသုံးငွေများကို ရှာဖွေတဲ့နည်း ဖြစ်ပါတယ်။

သူ့မိဘများကို ကျွန်မ မတွေ့ဖူးပေမယ့် လေးစားမိပါတယ်။ တချို့ဆိုရင်တော့ သားသမီးက ကိုယ့်အားကိုယ်ကိုးပြီး ဘဝခရီးကို လျှောက်ချင်နေတာတောင်မှ ဂုဏ်ငယ်မယ်၊ ပင်ပန်းမယ်၊ လူမြင်လို့ မကောင်းဘူး စတဲ့အကြောင်းပြချက် အမှားများနဲ့ ပိတ်ပင်တက်ကြပါတယ်။ ထင်ကျော်ရဲ့ မိဘများကတော့ ထင်ကျောင်လိုပါပဲ။ ခပ်ပြတ်ပြတ် ခပ်ရှင်းရှင်းသမားများ ဖြစ်ပုံရပါတယ်။

သူ့ပညာရေးနဲ့ပတ်သက်ပြီး ထင်ကျော်ပြောပြတာကလည်း စိတ်ဝင်စားစရာပါပဲ။ သူငယ်ငယ်တုန်းက အတန်းထဲမှာ စာမတော်ပါဘူးတဲ့။ ဒါပေမဲ့ သူ့အမေက သမီးကြီး ဆရာဝန်ဖြစ်တဲ့အခါမှာ သားထဲက တစ်ယောက်ယောက်တော့ ဆရာဝန်ဖြစ်စေချင်တယ်လို့ ပြောတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



သူက "ဖြစ်ရမယ်အမေ၊ ကျွန်တော်ကြိုးစားပါ့မယ်" လို့ ပြောလိုက်ပြီး ၇ တန်းကတည်းက စာကြိုးစားတော့တာပါပဲတဲ့။

သူစာကျက်နေတဲ့အချိန်မှာ ရွယ်တူကလေးများ ပွဲလမ်းသဘင်ကို သွားတာမြင်ရင်တောင်မှ သူ့ရင်ဘတ်ထဲက ကျင်သွားအောင် ခံစားရတတ်ပါသတဲ့။ သူလည်း အဲသလိုပဲ လွတ်လွတ်လပ်လပ်နေချင်တာကိုး။ ဒါပေမဲ့ ဆရာဝန်ဖြစ်အောင် စာကျက်မှာဖြစ်မယ်ဆိုပြီး စာကိုပဲ ကျက်နေခဲ့ပါသတဲ့။

၈ တန်းဖြေခါနီးတော့ သူက သူ့ရဲ့မြန်မာစာဆရာမကို ကျွန်တော် မြန်မာစာဂုဏ်ထူးရအောင် ဖြေမယ်လို့ ပြောမိပါသတဲ့။ ဆရာမက မင်းမြန်မာစာဂုဏ်ထူးရရင် မင်းလိုချင်တာကို တောင်းပါလို့ ပြောပါသတဲ့။ ဝမ်းသားအားရပြောတာ မဟုတ်ဘူး။ မဖြစ်နိုင်တဲ့အကြောင်းကို ကြားလို့ လောင်းကြေးထပ်သလိုပြောတာပါတဲ့။ ၈ တန်းအောင်စာရင်းထွက်တဲ့အချိန်မှာ တခြားဆရာတစ်ယောက်က မင်း အောင်စာရင်းသွားမကြည့်ဘူးလားလို့ မေးတဲ့အခါမှာ ထင်ကျော်က လူရှင်းအောင်စောင့်ပြီး ဂုဏ်ထူးဘယ်နှခုရတယ်ဆိုတာကို ကျွန်တော် သွားကြည့်မယ် ဆရာလို့ ပြောတော့ ဆရာက အောင်မယ်- မင်းကလို့ ပြောပါသတဲ့။

"ကျွန်တော်ကလည်း အတန်းထဲမှာ စာမတော်ဘူးလေ။ အဲဒီတော့ ဆရာက ကျွန်တော်ပြောတဲ့စကားကို မယုံဘူးပေါ့။ ဆရာတွေ ဆရာမတွေကို ကျွန်တော်အပြစ်မပြောချင်ပါဘူး။ ၈ တန်းမှာ ကျွန်တော် မြန်မာစာနဲ့ သင်္ချာဂုဏ်ထူးနှစ်ခု ရခဲ့ပါတယ်။ ဒါပေမဲ့ မြန်မာစာဆရာမဆီကလည်း ကျွန်တော် ဘာမှသွားမတောင်းခဲ့ပါဘူး။ ငါ့ကို ဂုဏ်ထူးရအောင် ကြိုးစားစေချင်လို့ တွန်းအားပေးတဲ့စကား ပြောတာပဲလေလို့ ကျွန်တော် တွေးလိုက်မိပါတယ်" လို့ ထင်ကျော်က ပြောပါတယ်။

ဒီနေရာမှာ ထင်ကျော် စကားကိုဖြတ်ပြီး ဘာမှမပြောလိုက်မိပေမယ့် ကျွန်မတို့ကျောင်းဆရာတချို့ မှားတတ်တဲ့အမှားများကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်မိပါတယ်။ အဲဒီအမှားများကတော့ ကလေးများမှာရှိနေတဲ့ အညွန့်ကို မမြင်တတ်တာရယ်၊ စကားကို လက်လွတ်စပယ် ပြောတာရယ် စတဲ့အမှားများ ဖြစ်ပါတယ်။

ဆရာ ဆရာမများအနေနဲ့ ကလေးများကို ကြည့်တဲ့နေရာမှာ အညွန့်တလူလူနဲ့ လူကလေးတွေဖြစ်တယ်လို့ မြင်ကြစေချင်ပါတယ်။ သူတို့တစ်တွေ မိုက်နေ မှားနေရင်တောင်မှ သူတို့ကို ပြုပြင်ပေးလိုက်လို့ လမ်းမှန်ကို ရောက်သွားရင် တက်လာနိုင်တယ်။ ပြုပြင်တဲ့နည်းကို မသိသေးတာ၊ ဒါမှမဟုတ် ပြုပြင်ဖို့ မကြိုးစားကြသေးတာ စတဲ့ခံယူချက်မျိုး ထားကြစေချင်ပါတယ်။

တစ်ခါတလေကျပြန်တော့လည်း ကလေးဆိုတာ စကားပြောလောကြီးတတ်ပါတယ်။ ဖြစ်နိုင်တာ မဖြစ်နိုင်တာထက် သူဖြစ်ချင်တာကို ခပ်လောလော ပြောတတ်ကြပါတယ်။ ဒါကို ဆရာက ဘာမှ သရော်စရာမလိုပါဘူး။ လူကြီးများတောင်မှ စကားပြောလောကြီးကြီးနဲ့ ဖြစ်ချင်တာကို ဖြစ်ရမယ်လို့ပြောတာ အခါခါပဲမဟုတ်ပါလား။ အဲဒီတော့ ဆရာတွေက ကောင်းတဲ့စကားကို လာပြီးပြောတဲ့ကလေးများကို အားပေးကြဖို့လိုပါတယ်။ နည်းကောင်းပြဖို့ လိုပါတယ်။

ဆရာများဟာ ကလေးများရဲ့ ရှေ့ရေးနဲ့ပတ်သက်ပြီး စကားပြောတဲ့အခါမှာ လက်လွတ်စပယ်မပြောသင့်ပါဘူး။ “မင်းတော့ ဘယ်တော့မှ စာမေးပွဲအောင်မှာ မဟုတ်ပါဘူး” လို့ အပြောခံရလို့ စိတ်ဓာတ်ကျတတ်တဲ့ ကလေးများရှိသလို မခံချင်စိတ်နဲ့ ကြိုးစားပြီး အောင်သွားကြတဲ့ ကလေးများလည်း ရှိပါတယ်။

ဆရာက အောင်မှာမဟုတ်ဘူးလို့ အပြောခံရတဲ့ကလေးဟာ စာမေးပွဲကိုတော့ အောင်အောင်ဖြေနိုင်ပေမယ့် ဆရာ့အပေါ်မှာထားတဲ့ အာဃာတကို အောင်မြင်အောင် မကျော်လွှားနိုင်ကြဘူးဆိုတာ မကြာခဏ ကျွန်မတို့ ကြားသိရပါတယ်။ ကျွန်မရဲ့တပည့်များက အဲသလို

www.burmeseclassic.com

www.burmeseclassic.com



တခြားဆရာများအပေါ်မှာ မကျေလည်တဲ့စကားပြောလာတဲ့အခါ ကျွန်မက မခံချင်စိတ်နဲ့ ကြိုးစားအောင် ပြောလိုက်တဲ့ စကားဖြစ်တဲ့အတွက် အယူအဆမမှားပါနဲ့လို့ ဖြေပြီးပြောခဲ့ရတာ အခါခါပါပဲ။

ထင်ကျော်ရဲ့ မြန်မာစာဆရာမက ထင်ကျော် ဘာမှမတောင်းပေမယ့် သူကိုယ်တိုင်က မင်းတော်သားပဲ၊ ကဲ- ဆရာမ မင်းကို ဘယ်လို ဂုဏ်ပြုရမလဲလို့ သူ့ဘာသာသူမေးခဲ့ရင် ထင်ကျော်ပိုပြီးစိတ်ချမ်းသာခဲ့မှာပါပဲ။ ပိုပြီးအားတက်ခဲ့မှာပါပဲ။

၁၀ တန်းမှာ ထင်ကျော် ဂုဏ်ထူးလေးဘာသာ ရခဲ့ပါတယ်။ မြန်မာစာကလည်း ဂုဏ်ထူးသာမရခဲ့တာ အမှတ်ကတော့ ၇၀ တောင်မှ ရခဲ့တယ်လို့ ပြောပါတယ်။ ထင်ကျော် ဆေးတက္ကသိုလ်တက်တဲ့နှစ်က စာသင်နှစ်များ ရှည်သွားတာနဲ့ ၁၀ နှစ်တောင် ကျောင်းတက်ခဲ့ရတယ်လို့ ပြောပါတယ်။

ထင်ကျော်ဟာ ဆရာဝန်ဖြစ်ခါနီးလေး စိတ်မတည်မငြိမ်ဖြစ်လေနဲ့ ပျက်စီးတဲ့ဘက်ကို ရောက်လာခဲ့ပါတယ်။ ကျွန်တော်က ကျောင်းသားဘဝမှာပဲ ရှိနေသေးတယ်၊ တချို့သူငယ်ချင်းတွေက အလုပ်အကိုင်နဲ့ အိမ်ထောင်တွေ ဘာတွေကျပြီး တည်တည်ငြိမ်ငြိမ် ဖြစ်နေကြပြီ။ သူတို့ကို ကြည့်ကြည့်ပြီး ကျွန်တော့စိတ်တွေ မတည်မငြိမ် ဖြစ်လာတဲ့အခါမှာ ကျွန်တော် အရက်သောက်တတ်လာပါတယ်။ အရက်သောက်တတ်တာက စောပါတယ်။ ပြီးတော့ ကျွန်တော့်မမကလည်း ဆရာဝန်တစ်ယောက်အနေနဲ့ ဝင်ငွေကောင်းနေပြီ။ ကျွန်တော့ကိုလည်း ဆေးကျောင်းတက်ရတယ်ဆိုပြီး အတော်ကလေး အလိုလိုက်ခဲ့ပါတယ်။ ငွေကိုလည်း အများကြီးပေးပါတယ်။

နောက်ဆုံးတော့ ကျွန်တော် ဆေးစွဲတဲ့အခြေအနေထိရောက်လာခဲ့ပါတယ်။ ပက်သဒင်းတို့ မော်ဖင်းတို့လို ဆေးတွေက ကျွန်တော်နဲ့ လက်လှမ်းမှတယ်မဟုတ်လား၊ အဲဒီတော့ ကျွန်တော် ကိုယ့်ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆေးထိုးတော့တာပေါ့။ တချို့ဆိုရင် ရိပ်မိပါတယ်။ ကျွန်တော်တို့ အလုပ်သင်ဆရာဝန်တွေကို ဆေးခွဲတမ်းချပေးပြီးဆိုရင် လူနာတစ်ယောက်က မှာထားလို့ဆိုပြီး ကျွန်တော် လိုက်ပြီးဝယ်ပါတယ်။ အဲဒီတော့ ပါးနပ်တဲ့သူဆိုရင် ကောင်းကောင်းရိပ်မိတာပေါ့။

ကျွန်တော့မမက လိုအပ်တဲ့ငွေကိုသာပေးတာ။ စည်းကမ်းကြီးပြီး ချုပ်ချယ်တတ်ပါတယ်။ သူက အပျိုကြီးဆိုတော့ ကျွန်တော် ကောင်မလေးတွေနဲ့ တွဲတာကိုလည်း မကြိုက်ဘူး။ ဘာမလုပ်ရ၊ ညာမလုပ်ရနဲ့ ချုပ်ချယ်လေလေ ကျွန်တော်က ဆေးသုံးချင်လေလေပါပဲ။

ကျွန်မဟာ ထင်ကျော်ရဲ့စကားကို နားထောင်ရင်း အလွန်စိတ်မကောင်းဖြစ်မိပါတယ်။ ကျွန်မ ဆေးကျောင်းမတက်ရတာလည်း တော်သေးရဲ့လို့ တွေးမိပါတယ်။ ခေတ်လူငယ် မဖြစ်တာလည်း တော်သေးရဲ့ပေါ့။ စိတ်ညစ်လာရင်၊ ကျဉ်းကျပ်လာရင် ထွက်ပေါက်ရှာတတ်ကြစမြဲပါပဲ။ မူးယစ်ဆေးကို လွယ်လွယ်နဲ့ရနေတော့ လွယ်လွယ်ပဲသုံးကြတော့တာပေါ့။ အခုခေတ်ကလေးများအနေနဲ့ တွန်းလှန်ရတဲ့ အန္တရာယ်ကလည်း အများသားပါပဲ။ ကျွန်မရဲ့အတွေးတွေထဲကို အဲဒီ မော်ဖင်းတို့၊ ပက်သဒင်းတို့လို ဆေးတွေကိုစွဲပြီး ဘဝပျက်သွားတဲ့ ဆရာဝန်တစ်ယောက်ရဲ့အကြောင်း ဝင်လာပါတယ်။ အဲဒီဆရာဝန်ကတော့ တကယ့်ကို ဘဝပျက်ပြီး ဆုံးတောင်သွားခဲ့ပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ ထင်ကျော်ဟာ လေးနှစ်လောက်သာ ဆေးစွဲခဲ့ပေမယ့် ဘဝမပျက်ခဲ့ပါပဲကလား။ အဲဒီအကြောင်းကို ကျွန်မ စိတ်ဝင်စားလာပါတယ်။ ကိုထင်ကျော်ရေ၊ ဆေးစွဲတာ နှစ်လည်းကြပါတယ်၊ တချို့ဆိုရင် ဘဝပျက်သွားတဲ့အထိဖြစ်သွားတာ ကြားရဖူးတယ်၊ ဆေးမရတဲ့အခါမှာ ကိုထင်ကျော် ဘယ်လိုနေသလဲ။

ထင်ကျော်က ဆေးကိုတော့ ရအောင်ရှာတော့် ရှာတာပါပဲ။ မြို့က ကျဉ်းတော့ ကိုယ်တိုင်ထွက်မရှာနိုင်ဘူးပေါ့။ အဲဒီတော့ အိမ်ထောင်ကျပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆေးခန်းထိုင်နေတဲ့အထိ ဆေးမရတဲ့အခါ ကိုယ့်ဆေးခန်းမှာ ရှိတဲ့ ဆေးတွေကို ကိုယ်တိုင်စပ်ပြီး သောက်တော့တာပဲပေါ့လို့ ပြော တယ်။

ကျွန်မက ထင်ကျော်ရဲ့စကားကို သဘောမကျသေးပါဘူး။ ကိုယ့် မြို့မှာတင် ဆေးမရခဲ့ရင် တခြားမြို့ကြီးပြကြီးတွေကို သွားပြီးရှာမှာပေါ့။ အခုတော့ ဆေးမရတဲ့အခါ ဒီလိုနေနေပြီး ဆေးရတဲ့အခါမှ ထိုးတယ် ဆိုတာကို အံ့ဩနာလည်း ပါပါတယ်။ ပြီးတော့ ဆေးမရတဲ့အချိန်မှာ ကိုယ့်စိတ်ကိုယ် ထိန်းထားနိုင်တဲ့ စိတ်ဓာတ်မာကျောမှုကိုလည်း ကျွန်မ သိချင်ပါတယ်။ အဲလေ- ကျွန်မ သိချင်တာက စိတ်နဲ့ ဆိုင်မဆိုင်ပေါ့။

အဲဒါကြောင့် "ဆေးတွေက စိတ်အစွဲလား ကိုယ်အစွဲလား။ ပြီးတော့ ယင်းကောမထဘူးလား" ဆိုတဲ့ မေးခွန်းတွေကို မေးမိပါတယ်။ ထင်ကျော်က- ပထမတော့ စိတ်အစွဲပေါ့။ နောက်တော့ ကိုယ်အစွဲပါ ပါလာတာပေါ့၊ ယင်းလည်းထလာတာပေါ့။ ကျွန်တော်သုံးတဲ့ဆေးတွေက နောက်တစ်ဆင့်ဆိုရင် ဘိန်းဖြူလောက်ပြင်းပြီလေ။ အဲဒီတော့ ကျွန်တော် ဆေးမရရင် ခဏခဏသမ်းတယ်၊ အိပ်ငိုက်တယ်၊ ညောင်းတယ်။ အဲဒီလို ဆေးကြောင့် ညောင်းတာဟာ တခြားအညောင်းတွေနဲ့မတူဘူး။ သိပ်ပြီး အခံရခက်တယ်။ ပြီးတော့ ဝမ်းပျက်တတ်ပါတယ်။ အခုထိ ကျွန်တော် အဲဒီဒဏ်တွေ ခံနေရတုန်းပါပဲ။ ဆေးပြတ်တာ ၇ နှစ်တောင်ကြာပေ မယ့် ဝေဒနာတွေက ကျန်ပါသေးတယ်။ ကျွန်တော် အပင်ပန်းမခံ နိုင်ပါဘူးလို့ ထင်ကျော်က ပြောပါတယ်။

ကျွန်မသိချင်တာက သူ့အဖြေထဲမှာ မပါသေးပါဘူး။ ကျွန်မက "ဆေးမရင် ရတဲ့နည်းနဲ့ မရှာဘူးလား။ ကိုယ့်စိတ်ကိုယ် တင်းထားနိုင် သလား" ဆိုတဲ့ မေးခွန်းကို ထပ်မေးပါတယ်။ ထင်ကျော်က "အစ်မရယ် ဆေးကိုမရရင် ရတဲ့နည်းကို သုံးတာပေါ့။ ဆရာဝန်တစ်ယောက်က လူနာအတွက် လူနာရှင်တွေဝယ်ပေးတဲ့ ပက်သဒင်းကိုယူပြီး ကိုယ့်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကို ထိုးပစ်လိုက်တယ်ဆိုတာ ဘယ်လောက်ဆိုးရွားသလဲ။ လူနာကိုတော့ ကျွန်တော်က ဘာမီတွန်ကိုသာ ထိုးပေးခဲ့တာ၊ လူနာရှင်တွေသာသိရင် ကျွန်တော့ကို သတ်ချင်ကြမှာပေါ့။ သတ်ရင်တောင်မှ သူတို့အဆိုး မဟုတ်ပါဘူး” လို့ ထင်ကျော်က ပြောပြန်ပါတယ်။

ကျွန်မက “အဲသလိုဖြစ်တဲ့ကြားက တခြားဆေးစွဲတဲ့ဆရာဝန် တွေလို အဆုံးအစွန်အထိ ဆိုးမသွားတာ ဘာကြောင့်လဲ” လို့ မေးပါ တယ်။ ထင်ကျော်က “ဆရာတော်ဦးဇောတိကနဲ့ ဆုံပြီး တရားရဖို့ ပါရမီရှိနေတာကြောင့် ဖြစ်နိုင်ပါတယ်” လို့ ဖြေပါတယ်။ ကျွန်မက ပိုပြီး လက်တွေ့ဆန်ဆန်ပြောရရင်တော့ ကိုယ့်စိတ်ကိုကိုယ် အနည်းနဲ့ အများ ထိန်းထားနိုင်ခဲ့တာလည်း ပါမှာပေါ့။ စိတ်ဓာတ်မာကျောရင် မူးယစ်ဆေးပဲဖြစ်ဖြစ် သေစေနိုင်တဲ့အဆိပ်တောင်မှ ခံနိုင်ရည်ရှိတယ် ဆိုလို့ မေးမိပြန်တယ်။

ထင်ကျော်က “စိတ်ဓာတ်မာကျောတာကြောင့်လည်း ဖြစ်နိုင်ပါ တယ်။ မေ့ဆေးပေးတဲ့အခါမှာ စိတ်ကိုတင်းထားရင် တော်တော်နဲ့ မမေ့ဘူးလေ” လို့ ပြောပါတယ်။

*

ထင်ကျော်ဆေးစွဲတဲ့အထိ ကျွန်မတို့ပြောဖြစ်ကြပြီးတဲ့နောက် ကိုးကွယ်ယုံကြည်မှုနဲ့ ပတ်သက်တဲ့ ထင်ကျော်ရဲ့သဘောထားကို သိချင် လာပါတယ်။ အဲဒီအကြောင်းကို ပြောကြတော့ ပထမတစ်ခါတုန်းက ပြောတာထက် အခုတစ်ခါမှာ ပိုပြီးပြည့်စုံလာပါတယ်။

ကျွန်တော်က ငယ်ငယ်ကတည်းက ကိုရင်ဝတ်ရတာကို သဘော ကျပါတယ်။ တရားလည်း ထိုင်ချင်တဲ့စိတ် ရှိပါတယ်။ ပုတီးလည်း စိပ်ပါတယ်။ အတော်သမာဓိရအောင် စိပ်နိုင်ပါတယ်။ စာမေးပွဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဘာပါမယ်ဆိုတာ ကျွန်တော် ခန့်မှန်းနိုင်တာလည်း သမာဓိကြောင့်လို့ ယုံကြည်ပါတယ်။

ဆေးကျောင်းကို ရောက်တဲ့အထိလည်း ပုတီးပတ် အတော်များများရအောင် စိပ်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးနှစ်ကိုလည်းရောက်ရော စိတ်လေပြီး မှန်မှန်မစိပ်ဖြစ်တော့ပါဘူး။

ကျွန်မက ထင်ကျော်ကိုယ်တိုင် စရိုက်ကြမ်းပါတယ်လို့ ဝန်ခံတဲ့စကားကို ကြားထားခဲ့သူ ဖြစ်ပါတယ်။ အဲဒါကြောင့် အခုတစ်ခါ စကားပြောတဲ့အခါမှာ "စရိုက်ကြမ်းတယ်ဆိုတာကရော" လို့ မေးမိပါတယ်။

ထင်ကျော်က စရိုက်က ငယ်ငယ်ကတည်းက ကြမ်းခဲ့တာပါ။ ကိုးကွယ်ယုံကြည်မှုနဲ့ပတ်သက်လို့တော့ ငယ်ငယ်က မဆန်းစစ်နိုင်ခဲ့ပါဘူး။ မဆန်းစစ်ဝံ့ခဲ့ပါဘူး။ ဒါပေမဲ့ စာတွေကို ပိုပြီးဖတ်လာတဲ့အချိန် ၁၀ တန်းလောက်လည်းရောက်ကရော အရင်က မစဉ်းစားဝံ့ခဲ့တာတွေကို စဉ်းစားလာမိပါလေရော။

ဘာကိုပဲဖြစ်ဖြစ် မလုပ်သင့်တာ ဘာကြောင့်လဲဆိုတဲ့ ရှင်းလင်းချက်ထက် ငရဲကြီးလိမ့်မယ်ဆိုတဲ့ စကားကို အကြားရများလာတဲ့အခါမှာ ကျွန်တော့စရိုက်က ပိုပြီးကြမ်းလာခဲ့ပါတယ်။ ဘယ်လောက်အထိကြမ်းသလဲဆိုရင် ကျွန်တော့စိတ်ကူးထဲမှာ ဘုရားရုပ်ပွားတော်ကို လက်တစ်ဖက်ကညှစ်ပြီး လက်တစ်ဖက်က လက်သီးနဲ့ မဏိတော်ကို ထိုးထိုးနေမိတဲ့အထိပါပဲ။ တကယ်လုပ်တာ မဟုတ်ပါဘူး။ စိတ်ကူးထဲမှာသာလုပ်တာပါ။ စိတ်ထဲက အဲဒီလိုလုပ်ရင်း ငရဲမကြီးဘူးလား၊ ကြီးတယ်ဆိုရင် ဘာဖြစ်သလဲဆိုတဲ့ အတွေးကိုလည်း တွေးမိပါတယ်။

အဲဒီလိုလုပ်နေတာက ကျွန်တော် တရားအားမထုတ်ဖူးခင်အချိန်အထိပါပဲ။ အဲ- တရားစပြီးအားထုတ်ခါစမှာတောင် စမ်းလုပ်နေပါသေးတယ်။

ထင်ကျော်က ဆက်ပြီးပြောတဲ့အကြောင်းအရာတွေက အလွန်စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာများ ဖြစ်ကြပါတယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေကို ကျွန်မ စပြီးနားထောင်တဲ့အချိန်တုန်းက နေမကောင်းလို့ လှဲနေရာက ခဏခဏ ထပြီးထိုင်ခဲ့ရတာပေါ့။ ထင်ကျော်ရဲ့ဘဝဇာတ်လမ်းကို ပြောင်းပြန်ဖြစ်သွားအောင် ပြောလဲသွားစေတဲ့ ဖြစ်ရပ်ကလေးက စပြီးပြောမှ ပိုပြီးအသက်ဝင်မယ်ဖြစ်ပါတယ်။ အဲဒါကြောင့် အစကပြန်ပြောဖို့ တိုက်တွန်းခဲ့ရပါတယ်။

ကျွန်တော်က ဆရာဝန်ဖြစ်ပြီးမှ အိမ်ထောင်ပြုတာပါ။ (ထင်ကျော်ရဲ့ဇနီးကလည်း ဆရာဝန်ဖြစ်ပါတယ်။) အိမ်ထောင်ကျတဲ့နေ့မှာ ပဲ ကျွန်တော့ဇနီးက သူတော့ လင်ယူမှားပြီလို့ ပြောခဲ့ပါတယ်။ ပြောလည်း ပြောလောက်စရာပါပဲ။ ကျွန်တော်က ဆေးစွဲနေပါတယ်။ ပြီးတော့ မိသားစုအကြီးကြီးကလာတဲ့သူဖြစ်ပေမယ့် ဆွေနဲ့မျိုးနဲ့ သိုက်သိုက်ဝန်းဝန်း မနေတတ်ပါဘူး။ အပြောအဆို အနေအထိုင်လည်း မယဉ်ကျေးလှပါဘူး။

အိမ်ထောင်ကျပြီးစမှာ ကျွန်တော်တို့ဖွင့်ထားတဲ့ ဆေးခန်းကို လူနာအလာကျဲတယ်။ စီးပွားရေးကလည်း အဆင်မပြေပါဘူး။ ကျွန်တော်လည်း ငါးပါးသီလကို တစ်ပါးကလွဲလို့ အကုန်ကျိုးပေါက်ပါတယ်။

ထင်ကျော်ကလည်း အဲဒီအချိန်မှာ ငါးပါးသီလကို တစ်ပါးကလွဲလို့ အကုန်ချိုးဖောက်နေတဲ့အချိန် ဖြစ်ပါတယ်။ "ကျွန်တော်က ကားမောင်းသွားရင် ဘယ်လိုအကောင်မျိုးမဆို မရှောင်ပါဘူး။ တက်နင်းသွားဖို့ တိုက်သွားဖို့ဝန်မလေးပါဘူး။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းဆိုတဲ့ သိက္ခာပုဒ်ကို မစောင့်ဘူးပေါ့ဗျာ။ အဒိန္နာဒါနာ၊ သူတစ်ပါး၏ဥစ္စာကို ခိုးယူခြင်းဆိုတာကိုလည်း ကောင်းကောင်းချိုးဖောက်ပါတယ်။ မီးမီတာကို မတက်အောင်လုပ်ထားတယ်။ ကျွန်တော့ဇနီးကိုလည်း မီတာခိုးနည်း သင်ပေးထားလိုက်ပါသေးတယ်။ လူနာဆီက ဆေးလည်း နိစ္စဓူဝ ခိုးယူခဲ့ပါတယ်။ ခိုးပုံက ဒီလိုပါ၊ လူနာက

www.burmeseclassic.com

www.burmeseclassic.com



ဆေးတစ်လုံးဖိုးအပြည့် ငွေပေးထားပါတယ်။ ကျွန်တော်က တစ်လုံးကို နှစ်လုံးဖြစ်အောင် ကြိုတင်ပြီးစပ်ထားလိုက်ပါတယ်။ အဲဒီတော့ တစ်ဝက်ကို ခိုးယူလိုက်တာပဲပေါ့။

ကျွန်တော် မချိုးဖောက်ဘဲ လုံခြုံခဲ့တဲ့ သိက္ခာပုဒ်ကတော့ ကာမေသုမိစ္ဆာစာရပါပဲ။ အဲဒါလည်း သိပ်တော့အထင်မကြီးပါနဲ့။ မနီးစပ်လို့ ဖြစ်မှာပါ” လို့ ထင်ကျော်က ပြောတော့မှ ကျွန်မမှာ ပွင့်လင်းလွန်းတဲ့အတွက် ရယ်တောင်မှ ရယ်မိလိုက်ပါသေးတယ်။

မှုသားကလည်း ကိုယ်လုပ်ထားတဲ့အလုပ်တွေက မဟုတ်တော့ ပြောရတာပေါ့။ သုရာမေရယတော့ ပြောမနေပါနဲ့တော့။ ငယ်ငယ်ကတည်းက အရက်သောက်တတ်လာခဲ့တာ၊ ဆေးကျောင်းမှာအောင်ခါနီးအချိန်ကျတော့ ပိုပြီးသောက်ခဲ့တာ အိမ်ထောင်ကျလည်း မပြတ်ပါဘူး။ ဆေးလိပ်လည်း သောက်တာပါပဲ။ မူးယစ်ဆေးလည်း ပြောခဲ့သလို သုံးခဲ့ပါတယ်။

ကျွန်မမှာ ဆရာဝန်ဖြစ်ပြီး ငါးပါးသီလမလုံတဲ့ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ယောက်သာဖြစ်တဲ့ ထင်ကျော်ရဲ့ဇာတ်လမ်းအဆုံးကို သိထားပြီးဖြစ်လို့သာ တော်ပါတော့တယ်။ တကယ်လို့ ဇာတ်ကြောင်းပြန်ကို နားထောင်ရတာမဟုတ်ဘဲ ဆိုးတေနေတုန်းက ထင်ကျော်နဲ့သာ တွေ့ခဲ့ဖူးရင်တော့ အတော်စိတ်ဆင်းရဲခဲ့မှာပဲလို့ တွေးလိုက်မိပါတယ်။

မကောင်းမှုတွေကို သိလျက်နဲ့မရှောင်ဘဲလုပ်နေတဲ့ ထင်ကျော်တို့ ဆေးခန်းမှာ လူနာအလာကျဲပါတယ်။ တစ်နေ့တော့ တခြားဆရာဝန်တွေမအားလို့ ထင်ကျော့်ကို လူနာရှင်တချို့ လာပြီးပင့်ကြပါတယ်။ ထင်ကျော်ကလည်း လူနာကြည့်ဖို့ လိုက်သွားခဲ့ပါတယ်။ “ဆရာဝန်ဆိုတာ လူနာရှေ့ကိုရောက်တာနဲ့ အားရှိသွားတတ်ပါတယ်။ လူနာက မူလကတည်းက အားနည်းပြီးသား။ ဆရာဝန်ကို အားကိုးအားထားပြုကြရတာပါ။ အဲဒီတော့ လူနာရှေ့မှာဆိုရင် ဆရာဝန်က အားပိုရှိတဲ့ ခံစားမှုကို ခံစားရပါတယ်။ ဒါက ကျွန်တော့်ကိုယ့်တွေ့ကို ပြောတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အခုတစ်ခါ လူနာက ဘုန်းတော်ကြီး။ အန်နေပေမယ့် အတော့ကို တည်ငြိမ်အေးဆေးပါတယ်။ အန်ပြီးတော့ ပါးစပ်တွေ ဘာတွေဆေးပြီး အိပ်ရာပေါ်ကို ခပ်ဖြည်းဖြည်း လှဲချလိုက်ပါတယ်။ ပြီးတော့ အေးအေးသက်သာလေသံမျိုးနဲ့ 'ဒီဘုန်းကြီးမှာ (Motion Sickness) ရှိတယ်လို့ပြောပါတယ်' ရထားစီး၊ ကားစီးဆိုသလို လှုပ်ရှားတဲ့အတွေ့ကြောင့် မူးယစ်တယ်လို့ ပြောတာပါ"

"ကျွန်တော်က လိုအပ်တဲ့ဆေးကို ထုတ်ပေးပြီး ဘယ်လိုဆေးသောက်ရမယ်ဆိုတာကိုလည်း ညွှန်ရတာပေါ့။ ပြီးတော့ အလွန်တည်ငြိမ်အေးဆေးတဲ့ ဒီဆရာတော်ကို ထူးခြားလိုက်တာလို့ တွေးမိပါတယ်။ ဆရာတော်ရဲ့ရှေ့မှာ ကျွန်တော်အားမရှိလာပါဘူး၊ ဆရာတော်ကသာ ကျွန်တော့ထက် ပိုပြီးအားရှိနေတာပါ။ အဲသလို ကျွန်တော် ခံစားရပါတယ်"

ထင်ကျော်က ဆရာတော်ကို ဆေးကုခဲ့ပြီး အဲဒီအတွေ့အကြုံနဲ့ ပတ်သက်လို့ အမှတ်ထင်ထင် ဖြစ်လာခဲ့တယ်။ ဆရာတော်ရဲ့ထံက ဒုတိယနေ့မှာ ဘာအကြောင်းမှ မကြားခဲ့ရပါဘူး။ တတိယနေ့မှာတော့ ဆရာတော်က သူ့ရဲ့ဒကာများကို ထင်ကျော်ထံလွှတ်ပြီး သက်သာပါတယ်လို့ အကြောင်းကြားခဲ့ပါတယ်။

အဲဒီတော့ ထင်ကျော်က "ခင်ဗျားတို့ဆရာတော်နဲ့ ကျွန်တော် စကားလိုက်ပြောလို့ရမလား" လို့ မေးလိုက်ပါတယ်။ ဒကာဖြစ်သူများက ရပါတယ်ဆိုတာနဲ့ ထင်ကျော်က ဆရာတော့်ဆီကို လိုက်သွားတော့တာပါပဲ။

"ဆရာတော့်ဆီကိုရောက်တော့ ကျွန်တော်က အရှင်ဘုရား၊ တပည့်တော်က မိရိုးဖလာဗုဒ္ဓဘာသာဝင် ဖြစ်ပါတယ်။ ဘုရားဟောတရားထဲမှာ တပည့်တော်ကြိုက်တာတွေရှိသလို၊ မကြိုက်တာတွေလည်း ရှိပါတယ်။ ယုံတာရှိသလို၊ မယုံတာတွေလည်း ရှိပါတယ်" လို့ လျှောက်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထင်ကျော်ရဲ့စကားမဆုံးခင်မှာ ကျွန်မက "အဲဒီတော့ ဆရာတော်က ဘာတွေ အမိန့်ရှိသလဲ။ ကိုထင်ကျော်ကရော ဘာတွေကို မကြိုက်တာလဲ၊ ဘာတွေကို မယုံတာလဲ" လို့ မေးလိုက်မိပါတယ်။

"ကြိုက်တာကတော့ ကာလာမသုတ်ထဲမှာပါသလို ဘာမဆို ဆန်းစစ်ရမယ်ဆိုတဲ့အချက်ပါပဲ။ မကြိုက်တာကတော့ အဲသလိုပြောထားပြီးမှ ဗုဒ္ဓံသရဏံ ဂစ္ဆာမိဆိုတဲ့ ဘုရားကို ယုံကြည်ရမယ်ဆိုတဲ့ စကားပါပဲ။ တစ်ခုနဲ့တစ်ခု ရှေ့နောက်မညီဘူးလို့ ကျွန်တော်ထင်လို့ မကြိုက်သလို ဖြစ်နေတာပါ။ တကယ်တော့ ဂုဏ်တော်ပုတီး၊ သရဏဂုံပုတီးတွေ ကျွန်တော်စိပ်နေတုန်းက အကြိမ်ပေါင်းထောင်ချီပြီး ကျွန်တော်ရွတ်ဆိုခဲ့တာပါပဲ။

မယုံဘူးဆိုတာကလည်း မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်ဆိုပြီး တချို့လူတွေဟာ မကောင်းတာတွေလုပ်နေလျက်နဲ့ ဘာမှမဖြစ်တာကို မြင်နေရတာကိုး။ အဲဒီတော့ ကံ ကံ၏အကျိုးဆိုတာကို မယုံပြန်ဘူးပေါ့"

"ဆရာတော်ကတော့ အလွန်အေးဆေးတဲ့ ဣန္ဒြေနဲ့ 'မယုံတာကောင်းပါတယ်' လို့ ပြောခဲ့ပါတယ်။ ဆရာတော်ဟာ သူကိုယ်တိုင်ဘာသာခြားလူငယ်ဘဝက ဘာကိုမှမယုံနိုင်ဘဲ လေ့လာရင်း စမ်းသပ်ရင်း ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးတစ်ပါးဖြစ်လာတာကို အဲဒီတုန်းက မပြောလိုက်ပါဘူး။ ဒါပေမဲ့ ဘုန်းကြီးလည်း မယုံတာနဲ့ လေ့လာရင်း ယုံကြည်သွားတာပါပဲ။ ယုံတယ်ဆိုတာ လမ်းဆုံးကိုရောက်သွားတာပါပဲ။ အစပိုင်းမှာ မယုံတဲ့အတွက် စမ်းသပ်လေ့လာဖို့ လမ်းစတွေ မပိတ်ဘူးပေါ့။ မယုံလေ လေ့လာစူးစမ်းလေလေ ပိုသိလေလေပါပဲ။ အဲဒီတော့ မယုံတာကောင်းပါတယ်လို့ ပြောလိုက်ပါတယ်"

"ကျွန်တော်လည်း ပထမအခေါက်မှာ ဒါလောက်နဲ့ပဲ ပြန်ခဲ့ရပါတယ်"

*

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဆရာတော်ဦးဇောတိကကို အလွန်ကြည်ညိုကြတဲ့ ဒကာဒကာမထဲက တစ်ယောက်အဖြစ် ထင်ကျော်နဲ့တွေ့ပြီးမှ ရောက်ခဲ့သူ ဖြစ်ပါတယ်။ ဆရာတော်ဟာ အလွန်အေးချမ်းပါတယ်။ ဆရာတော်ကို လာရောက်ဖူးမြော်တဲ့ ဒကာဒကာမများကလည်း ပြဿနာအမျိုးမျိုးကို မေးလျှောက်လေ့ရှိပါတယ်။ အဲဒီအထဲမှာ ထင်ကျော်လိုလူစားအများကြီး ပါပါတယ်။ ကျွန်မလည်း မေးလျှောက်ခဲ့တာ အများကြီးပါပဲ။ ဆရာတော်ဟာ ခေတ်ပညာတတ် တက္ကသိုလ်ဘွဲ့ရ ဆရာတော်လည်း ဖြစ်ပါတယ်။ ဗုဒ္ဓစာပေကို ကျမ်းတတ်ပုဂ္ဂိုလ်များထံမှ သင်ယူလေ့လာထားသူလည်း ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာကိုလည်း အလွန်ကျွမ်းကျင်သူဖြစ်ပါတယ်။ စာဖတ်တာလည်း အလွန်များပါတယ်။

ကျွန်မကတော့ ဆရာတော့်ထံကိုရောက်တဲ့အခါ (တစ်သက်လုံး မှတ်စုမလိုက်ဘဲ စာမေးပွဲအကြိမ်ကြိမ်အောင်ခဲ့သူ ဖြစ်ပေမယ့်) ဆရာတော် မိန့်ဆိုချက်များကို စာရွက်တစ်ရွက်နဲ့ အမြဲလိုက်မှတ်လေ့ ရှိပါတယ်။

ဆရာတော်ကို သူတစ်ပါးက မေးလျှောက်လို့ ဖြေတဲ့အခါမှာလည်း ကိုယ်အကျိုးရှိတာပါပဲ။ ထင်ကျော်နဲ့ပတ်သက်လို့ ဆရာတော်ကို ကျွန်မက လျှောက်ထားတော့ ကိုထင်ကျော်လိုလူစားကို ဘာကိုတော့ ယုံလိုက်ပါ၊ ဘာကိုတော့ ကြိုက်လိုက်ပါလို့ ပြောလို့မရပါဘူး။ သူက သူ့ဘာသာသူ လေ့လာဆန်းစစ်ချင်တဲ့သူကိုး။ သူ့ဘာသာသူ စနစ်တကျ လေ့လာပြီးတော့လည်း ယုံသွားတာပါပဲဟု အမိန့်ရှိပါတယ်။

ထင်ကျော်ရဲ့အဖြစ်ကို ဆက်ပြောပါရစေ။ ထင်ကျော်ဟာ ဆရာတော်ဆီကို နောက်တစ်ခေါက် ထပ်ပြီးသွားပါသေးတယ်။ တရားအားထုတ်ချင်လို့ ဘယ်အခါမှာ အားထုတ်ရမလဲ၊ ဘယ်လိုအားထုတ်ရမလဲဆိုတာ သွားမေးတာပါ။

"ကျွန်တော်က ဆရာတော်ဘုရား၊ တပည့်တော် တရားအားထုတ်ချင်ပါတယ်။ ဘယ်အချိန်မှာ အားထုတ်သင့်ပါသလဲ၊ ဘယ်နည်း

www.burmeseclassic.com

www.burmeseclassic.com



ကို သုံးသင့်ပါသလဲ၊ ဘယ်လိုအားထုတ်သင့်ပါသလဲလို့ မေးလိုက်ပါတယ်။ အဲဒီအချိန်က ဆရာတော်က သင်းတုန်းဓားကို သွေးနေပါတယ်"

ဓားသွေးနေရင်း "တရားအားထုတ်တယ်ဆိုတာ ဘယ်အချိန်ပဲဖြစ်ဖြစ် အားထုတ်လို့ရတာပါပဲ။ အားထုတ်တဲ့နည်းကလည်း ဘာကိုမဆို သတိနဲ့ကပ်ပြီး အမြဲသိနေတဲ့နည်းပါပဲ" လို့ ဆရာတော်က ခပ်အေးအေး ဖြေလိုက်ပါသတဲ့။

"ကျွန်တော်ဗျာ စိတ်ထဲကနေပြီး ခပ်ကြမ်းကြမ်း ပြောလိုက်မိပါသေးတယ်။ တရားအားထုတ်ချင်လို့ သွားမေးတာကို အေးတိအေးစက်နဲ့ ဖြေရမလားလို့ပေါ့"

အဲသလို ဆရာတော်ဆီကို နောက်တစ်ခေါက်ပြန်လာပြီးတော့ ထင်ကျော်ဟာ ကိုယ့်ဘာသာကိုယ် တရားအားထုတ်စ ပြုလာခဲ့ပါတယ်။ ဆေးခန်းကလည်း လူနာအလာကျဲတဲ့ဆေးခန်းဆိုတော့ အချိန်အားတွေ အများကြီးရပါတယ်။ အဲဒီအချိန်တွေမှာ လယ်တီဆရာတော်ဘုရားရဲ့ တရားစာအုပ်တွေကို ဖတ်လိုက်၊ အိမ်ပေါ်တက်ပြီး ထွက်လေဝင်လေ မှတ်လိုက်နဲ့ ထင်ကျော်တစ်ယောက် တရားအားထုတ်စပြုလာခဲ့ပါတယ်။

တရားအားထုတ်နေရင်း ဆရာသမားနဲ့ သေသေချာချာ တရားအားထုတ်မှ နည်းလမ်းမှန်နိုင်မယ်လို့ယူဆတာနဲ့ ဆရာတော်ဦးဇောတိက ထံကို ထင်ကျော် အပြေးအလွှား သွားခဲ့ပါတယ်တဲ့။ ဆရာတော်က အဲဒီအချိန်မှာ မေမြို့ကို ကြွသွားပြီလို့ လမ်းမှာတွင်ကြားတာနဲ့ ထင်ကျော် ပြန်လာခဲ့ပါတယ်။

သူကိုယ်တိုင် မပြောဘဲလည်း သိနေတဲ့အချက်က ထင်ကျော်ဟာ စိတ်ဓာတ်ပြင်းထန်တဲ့သူတစ်ယောက် ဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။ တရားအားထုတ်ရမှလို့ ဆုံးဖြတ်ပြီးတာနဲ့ ဆရာတော်ဦးဇောတိကကို သွားပြီးရှာပါတယ်။ ဆရာတော်ကို မတွေ့တော့ တွေ့မှပဲ တရားအားထုတ်တော့မယ်ဆိုတဲ့ လူစားမျိုးမဟုတ်ဘဲ ရိပ်သာတစ်ခုကို သွားပြီး တရားဝင်ခဲ့ပါတယ်။ သူကိုယ်တိုင် ဒုလ္လဘရဟန်းအဖြစ် ခံယူခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တရားဝင်တဲ့ရိပ်သာက မဟာစည်နည်းကိုအသုံးပြု တယ်ဆိုတော့ ပထမပိုင်း ကျွန်တော် သိပ်စိတ်မကောင်းပါဘူး။ ကျွန်တော့ မိဘများက မိုးကုတ်နည်းနဲ့ တရားအားထုတ်ကြတာကိုး။ ရိပ်သာက တောရိပ်တောင်ရိပ်နဲ့ သိပ်သာယာပါတယ်။ တရားအားထုတ်တဲ့အခါမှာ ကျွန်တော် ကြိုးစားပြီးအားထုတ်ပါတယ်။ အစောပိုင်းမှာ တရားသာ အားထုတ်နေတယ်။ ရုပ်ပွားတော်ကို လက်သီးနဲ့ထိုးတဲ့စိတ်ကူးက မပျောက် သေးပါဘူး"

ထင်ကျော်က မဟာစည်နည်းကို အသုံးပြုပြီး တရားအားထုတ် ကြတဲ့ရိပ်သာကိုရောက်တော့ အစောပိုင်းမှာ စိတ်မကောင်းဘူးဆိုတဲ့ စကားကို ကျွန်မ အမှတ်ထင်ထင် သတိထားလိုက်မိပါတယ်။ တကယ် တော့ ဘယ်နည်းပဲဖြစ်ဖြစ် ကိုယ်နဲ့ ကိုယ့်စရိုက်နဲ့ကိုက်ညီရင် ပြီးတာ ပါပဲ။ မိမိမှာရှိတဲ့အတ္တကို ခွာချဖို့ရာ တရားအားထုတ်တဲ့အခါမှာတောင် မှ ဘယ်နည်းကမှဆိုတဲ့ အစွဲကို စွဲဖို့မလိုအပ်ဘူးလို့ ကျွန်မထင်ပါတယ်။ တစ်ခုတော့ ရှိတာပေါ့လေ၊ သုံးတဲ့နည်းက ဘုရားဟောတရားနဲ့ညီမညီ ဆန်းစစ်ဖို့ လိုအပ်သလို တရားပြတဲ့ဆရာက တရားနဲ့ညီမညီကိုတော့ ဆန်းစစ်ဖို့ရာ လိုအပ်ပါတယ်။ မြတ်စွာဘုရား ဟောကြားတဲ့နည်း ဟုတ် တယ်လို့ဆိုရင်တော့ မိမိရဲ့စရိုက်နဲ့ ညီမညီ လေ့လာဖို့ရာ ပထမတော့ စမ်းသပ်ပြီး အားထုတ်ကြည့်ရမှာပါပဲ။

ထင်ကျော်က ပထမပိုင်းမှာသာ နည်းကိုမသိသေးဘဲ စိတ် မကောင်းဖြစ်နေတာပါ။ နောက်ပိုင်းကျတော့လည်း ကြိုးစားပြီးအားထုတ် ခဲ့တာပါပဲ။

ထင်ကျော်ဟာ တရားအားထုတ်လို့ ၁၈ ရက်အရမှာ ထူးထူးခြားခြား စိတ်ငြိမ်သက်ပြီး အေးသွားတဲ့အရသာကို ခံစားရပါတယ်။ နည်းနည်း တောင်မှ ထိုင်းသွားသလိုပါပဲတဲ့။ ပြီးတော့ အရင်ကလို ရုပ်ပွားတော်ကို စိတ်ကူးထဲမှာ လက်သီးနဲ့ထိုးကြည့်တော့လည်း မရတော့ပါဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စိတ်ဟာ ထူးထူးခြားခြား ပြောင်းလဲသွားပါတယ်။ ကျွန်တော့်ဘာသာ ကျွန်တော်တော့ ဘာဖြစ်သွားသလဲ မသိပါဘူး။ အတူသီတင်းသုံးပြီး တရားအားထုတ်နေတဲ့ ဒုလ္လဘရဟန်းကတော့ အရှင်ဘုရား ဒီနေ့ထူးခြားတယ်။ တွေ့ကြုံရတဲ့ အကြောင်းအရာများကို တပည့်တော်ကို ပြောပြပါဘုရားလို့ မေးတာနဲ့ တရားအားထုတ်တဲ့အခါမှာ တွေ့ကြုံရတာကို ကျွန်တော်ပြောပြမိပါတယ်။

ညနေကျတော့လည်း အဲဒီရဟန်းက နေကထိုင်ကလေးခင်းပေးပြီး အရှင်ဘုရား အတွေ့အကြုံကို ပြောပြပါဦးဆိုလို့ ထပ်ပြောရပါသေးတယ်။ အဲဒီရဟန်းက ကျွန်တော့်ထက် သုံးလလောက် ဝါကြီးပေမယ့် ကျွန်တော့်အောက်ဘက်ကို နည်းနည်းလျှောထိုင်ပြီး ကျွန်တော်ပြောတာကို နားထောင်ပါတယ်။

ထင်ကျော်ရဲ့ အတွေ့အကြုံကတော့ ဖြစ်ပျက်မှုများကို ရှုမှတ်နေရင်းက ဖြစ်တယ်၊ ပျက်တယ်လို့ ခွဲခြားစရာမလိုတော့အောင် တရစပ်ပျက်နေတာကို သတိထားမိသွားတာပါပဲ။ သမာဓိတရား အားသိပ်ကောင်းသွားတာကလည်း ပြောစမှတ်ပါပဲ။ သူ တရားအားထုတ်နေတဲ့ တောရကျောင်းအနီးက သစ်ပင်ကြီးတစ်ပင်ကို လွှစက်နဲ့ဖြတ်နေတာ အသံအတော်ဆူတဲ့အတွက် ယောဂီတော်တော်များများဟာ တရားဆက်ပြီးမမှတ်နိုင်ဘဲ အပြင်ထွက်နေကြရပါသတဲ့။ သူကတော့ အဲ့ဒီအသံကိုမကြားခဲ့ပါဘူးတဲ့။

ထင်ကျော်ဟာ မူလက ရက်ပေါင်း ၃၀ လောက်သာ ရဟန်းဘောင်မှာနေရင်း တရားအားထုတ်မယ်လို့ စိတ်ကူးခဲ့တာပါ။ ဒါပေမဲ့ သမာဓိတရားအားကောင်းတုန်းမှာ ဆက်ပြီးအားထုတ်ပါလို့ အဲဒီရိပ်သာက ဆရာတော်က အမိန့်ရှိတာတစ်ကြောင်း၊ သူကိုယ်တိုင်လည်း ဆက်ပြီးတရားအားထုတ်ချင်တာတစ်ကြောင်းကြောင့် ရက်ပေါင်း ၄၀ ကြာအောင်တရားအားထုတ်ခဲ့ပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



တရားတွေတက်ပြီးနေတဲ့အချိန်မှာ ထူးခြားတဲ့အချက်နှစ်ချက် ပြောစရာရှိပါတယ်။ ပထမအချက်ကို ပြောတဲ့အခါမှာတော့ ဒီစကားကို အစ်မလည်း တရားအားထုတ်ဖူးတဲ့အတွက် ကျွန်တော်ပြောပြပါမယ်လို့ စကားခံပြီးမှ ပြောပါတယ်။ ထင်ကျော်ရဲ့စရိုက် ထူးခြားစွာ ပြောင်းသွားတဲ့အထိ တရားတွေတက်သွားပြီးတဲ့နောက် ရိပ်သာတည်ရှိတဲ့ တောင်ကြောတစ်ခုလုံး ပုပ်နံ့တွေ ရလာပါသတဲ့။ ဘာကောင်ပုပ်နေသလဲလို့ လိုက်ပြီးရှာကြတဲ့အခါမှာလည်း ဘာကောင်မှ မတွေ့ကြရပါဘူးတဲ့။ နောက်တော့မှ ထင်ကျော်နဲ့အတူ သီတင်းသုံးတဲ့ ရဟန်းက သတိပေးတာနဲ့ ထင်ကျော်က သူအားထုတ်လို့ရတဲ့ တရားအဖို့အစုကို အမျှဝေလိုက်ပါသတဲ့။

ထူးခြားတာကတော့ အမျှဝေပြီးတာနဲ့အပုပ်နံ့ကလည်း ချက်ချင်းပဲ ပျောက်သွားပါသတဲ့။

နောက် ထူးခြားတယ်ဆိုတဲ့ နောက်တစ်ချက်ကတော့ ထင်ကျော်ဟာ တရားအားထုတ်လို့ အလွန်အေးချမ်းတဲ့အရသာကို ခံစားရတဲ့အခါမှာ အမေဖြစ်သူကို သူ သတိရပါတယ်။ အဲဒါကြောင့် အမေ့ဆီကို စာရေးပါတယ်။ အမေ့ကိုလည်း သူတရားအားထုတ်တဲ့ ရိပ်သာကိုဝင်ပြီး အားထုတ်ပါလို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ထင်ကျော်ရဲ့အမေကိုယ်တိုင် လိုက်မလာဘဲ စာပြန်လိုက်ပါတယ်။ သားမောင်ပဥ္စင်း တရားအားထုတ်လို့ အလွန်ကောင်းတယ်ဆိုတာ အမေသိရလို့ဝမ်းသာတယ်။ သား တရားထူးရပါစေလို့ အမေ သူရဿတီမယ်တော်ကြီးဆီမှာ ဆုတောင်းနေမယ့်လို့ စာထဲမှာ ရေးထားပါသတဲ့။ ကျွန်မလည်း အဲဒီစကားကြားတော့ ထင်ကျော်ရဲ့မျက်နှာကိုကြည့်ပြီး ရယ်လိုက်ပါတယ်။ ထေရပါဒီများအနေနဲ့ကတော့ တရားအားထုတ်တာ တရားထူးရဖို့ ဆုတောင်းနေမှာ မဟုတ်ပါဘူး။ ကိုယ်လုပ်မှ ကိုယ်ရမှုကိုး။

ထင်ကျော်ဟာ ရဟန်းဘောင်က မထွက်ခင်မှာ အမေ့ဆီကိုသွားဖို့ ကြိုးစားခဲ့ပါသေးတယ်။ သူ့ရဲ့ဇနီးကလည်း မသွားပါနဲ့လို့ တားထားပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အစ်ကိုကြီးဖြစ်သူကလည်း မလွှတ်လိုက်နဲ့လို့ လှမ်းမှာပါသတဲ့။ ဘာကြောင့်လဲဆိုတော့ "ကျွန်တော့ကို သူတို့က အယုံအကြည်မရှိကြဘူးလေ။ ဒီလိုရဟန်းဝတ်ကြီးနဲ့ မူးနေရင် ဒုက္ခပဲလို့တောင် ပူကြတာ" လို့ ထင်ကျော်က ပြောပါတယ်။

"ကျွန်တော် ရဟန်းဘဝက သိက္ခာချတဲ့အခါမှာ မျက်ရည်တောင် ကျပါတယ်။ ဒါကတော့ ကျွန်တော်မှမဟုတ်ပါဘူး။ ဖြစ်တတ်ကြပါတယ်။ အလွန်အေးချမ်းတဲ့ဘဝကို စွန့်ရတာကိုး" လို့ ထင်ကျော်က ဆိုပါတယ်။

*

တရားအားထုတ်ပြီးတဲ့နောက်မှာ ထင်ကျော်ရဲ့ဘဝဟာ သိသာစွာ ပြောင်းလဲခဲ့ပါတယ်။ အိမ်ကိုပြန်ရောက်တာနဲ့ မီးမီတာခိုးတာကို ဖျက်ပစ်လိုက်ပါတယ်။ ငါးပါးသီလကို အစွန်းအထင်းမရှိ လုံခြုံအောင် ထိန်းနိုင်ခဲ့ပါတယ်။ (မီတာခိုးတာကို ချက်ချင်းဖြတ်ပစ်လိုက်နိုင်ပေမယ့် သူ အရက်မသောက်ချင်တော့ဘူး၊ သောက်လို့မရတော့ဘူးဆိုတာကိုတော့ ၆ လလောက်နေမှ သိရပါသတဲ့)။

ပြီးတော့ ဆေးလိပ်လည်း ပြတ်သွားပါတယ်။ ဆေးလိပ်ကို ဖြတ်ချင်နေတာကတော့ တရားအားမထုတ်ခင်ကတည်းကပါပဲတဲ့။ မဖြတ်သာမဖြတ်နိုင်တာကိုး။ ထင်ကျော်ဟာ ဘူတာရုံတစ်ခုမှာ ရထားစောင့်နေရင်း ဆေးလိပ်သောက်နေပါသတဲ့။ လွန်ခဲ့တဲ့ကိုးနှစ်က အဖြစ်အပျက်ဖြစ်ပါတယ်။ အဲဒီတုန်းကတည်းက ထင်ကျော်သောက်တဲ့ စီးကရက်တွေက ဈေးကြီးပါတယ်။ သူက ထမင်းတစ်ပွဲစာဖိုးမကတန်တဲ့ ဆေးလိပ်တွေကို အမှတ်တမဲ့ မီးရှို့သောက်ရှူပစ်နေတုန်းမှာ လူသုံးယောက်လောက်က ရထားနောက်ကျလို့ ထမင်းဆာတာနဲ့ ထမင်းတစ်ပွဲကို

www.burmeseclassic.com

www.burmeseclassic.com



လူသုံးယောက် စပ်ပြီးဝယ်စားကြဖို့ တိုင်ပင်နေကြတာကို ကြားရပါသတဲ့။ အဲဒီအချိန်မှာ ထင်ကျော်ဟာ သူ့ကိုယ်သူ အလွန်အပြစ်တင်မိပါသတဲ့။ လူတချို့မှာ ပင်မအာဟာရဖြစ်တဲ့ ထမင်းအတွက် ဒီလောက်ဒုက္ခများနေတုန်းမှာ ငါ ဒီဆေးလိပ်အတွက် ငွေတွေအများကြီးဖြုန်းနေတာ မသင့်တော်ဘူးလို့ တွေးမိပါသတဲ့။ ဒါပေမဲ့ ဘယ်နေ့မှာဖြင့် ဆေးလိပ်ဖြတ်မယ်၊ ညာနေ့မှာဖြင့် ဆေးလိပ်ဖြတ်မယ်နဲ့ တစ်ကြိမ်းတည်းသာ ကြိမ်းနေမိတယ်။ တကယ်တော့ ဆေးလိပ်ကို ဆက်သောက်နေမိပါတယ်တဲ့။

တရားအားထုတ်ပြီးတဲ့အခါမှာတော့ ဆေးလိပ်သောက်ခြင်းရဲ့ အဓိပ္ပာယ်မဲ့မှုကို ပြက်ပြက်ထင်ထင် မြင်လာပါသတဲ့။ ဆေးလိပ်သောက်တယ်ဆိုတာ အနည်းနဲ့အများ အာရုံကြောများကို ထိုင်းအောင်လုပ်တဲ့ အလုပ်ပါပဲ။ အာရုံကြောတွေ ထိုင်းသွားတော့ စိတ်ညစ်တာတွေလျော့သွားသလို စိတ်သက်သာသွားသလို ထင်ကြရပါတယ်။

ထင်ကျော်အတွက်တော့ သတိတရားကို နေရာတကာမှာ ကပ်ထားမိပြီဖြစ်တဲ့အတွက် အာရုံကြောတွေ ထိုင်းသွားအောင် ဆေးလိပ်သောက်စရာ မလိုတော့ပါဘူးတဲ့။ ပြီးတော့ ဆေးလိပ်ကို လက်နဲ့ယူလာတာ ဖွာလိုက်တာ စတဲ့ အဆင့်ဆင့်ကို စိတ်ထဲမှာ မြင်မြင်လာပြီး သတိထားမိလာပြီး လိုမှမလိုဘဲကွာဆိုတဲ့ စိတ်နဲ့ ဖြတ်လိုက်တာပါပဲတဲ့။

*

ထင်ကျော် တရားအားထုတ်ပြီးတဲ့နောက် လွတ်မြောက်သွားတဲ့ ကြီးမားသော အနှောင်အဖွဲ့ကတော့ မူးယစ်ဆေးဝါးဖြစ်ပါတယ်။ ဒါ့အပြင် သူ ကျော်ဖြတ်နိုင်ခဲ့တဲ့ အခက်အခဲကတော့ လူမှုရေးအခက်အခဲများ ဖြစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထင်ကျော်နဲ့ သူ့ဇနီးက ဆရာဝန်တွေ။ သူငယ်ချင်းတွေ။ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်စုံမက်လို့လက်ဆက်ခဲ့ကြပေမယ့် မကြာခဏ စကားများခဲ့ကြရပါတယ်။ အဲဒီလို စကားများကြ၊ ရန်ဖြစ်ကြတဲ့အခါမှာလည်း ထင်ကျော်ရဲ့ဘက်က သူ့ဇနီး ဆတ်ဆတ်ခါနာသွားမယ့် စကားများကို ရွေးချယ်ပြောဆိုလေ့ရှိပါတယ်လို့ ဆိုပါတယ်။

ထင်ကျော်က နာလောက်ပြီလို့ ရွေးပြောတဲ့စကားနဲ့ပတ်သက်ပြီး သူ့ဇနီးက ဆတ်ဆတ်မခါသွားဘူးဆိုရင် ဘယ်စကားက ဆတ်ဆတ်ခါသွားမလဲဆိုတာတွေးပြီး ပြောလေ့ရှိပါသတဲ့။ အမေနဲ့ပတ်သက်ပြီးပြောရင် သိပ်နာတယ်ဆိုတာကိုသိလို့ အမေနဲ့ပတ်သက်တာကိုမှ ရွေးရွေးပြီး ပြောတတ်ခဲ့ပါသတဲ့။

အဲဒီလို သူနိုင်ကိုယ်နိုင် ရန်ဖြစ်လာခဲ့တဲ့ ထင်ကျော်ဟာ တရားအားထုတ်ပြီးတဲ့နောက်မှာ ကိုယ်ကိုယ်တိုင်က ပူလောင်တဲ့စကားတွေကို ပြောဖို့နေနေသာသာ သူတစ်ပါးက ပူလောင်တဲ့စကားကို ပြောတယ်ဆိုရင်တောင်မှ ဓာတ်ကမကြိုက်တော့ပါဘူးတဲ့။

တရားအားထုတ်ပြီးတဲ့အချိန်မှာ သူ့ဇနီးက သုံးခါလောက် ဆူဆူပူပူလုပ်ပါသေးသတဲ့။ အရင်ကဆိုရင် ပွဲကြီးပွဲကောင်းပေါ့။ အခုတော့ ထင်ကျော်က ဘာမှပြန်မပြောတော့ဘဲ ပူလောင်နေတဲ့ ဇနီးသည်ကို ကြည့်ပြီး သြော်- ပူလောင်နေရှာတယ်လို့ သိနေလိုက်တာပဲလို့ ဆိုပါတယ်။ နောက်တော့ ဇနီးဖြစ်သူကိုယ်တိုင်က ရန်ဖြစ်အောင် ဆက်မကြိုးစားတော့ဘဲ ရပ်လိုက်ပါသတဲ့။ တစ်နေ့မှာတော့ ကဲ- ရှင်တို့တရားအားထုတ်တယ်ဆိုတာ ဘယ်လိုထုတ်ရတာလဲ ပြောပါဦးလို့ ရန်ဖြစ်ရာကရပ်ပြီး မေးပါသတဲ့။

ထင်ကျော်က သူ့ဇနီးသည်ကို အေး- အခု မင်းလှဲနေတယ်နော်၊ အဲဒီလိုလှဲနေရာက ဗိုက်ပေါ်ကို လက်ကလေးနှစ်ဖက်ယှက်ပြီး တင်လိုက်ပြီးရင် ဗိုက်က ဖောင်းလာတာ၊ ပြန်ပိန်သွားတာကို လိုက်မှတ်လိုက်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကိုယ်ခန္ဓာရဲ့ အပြောင်းအလဲတွေကို မှတ်နေတာဟာ တရားအား ထုတ်တာပါပဲလို့ ပြောရပါသတဲ့။

ထင်ကျော်က ပြောရင်းဆိုရင်း အနီးမှာရှိတဲ့ ဇနီးသည်ကို ညွှန်ပြပြီး အခုဆို သူလည်း ရိပ်သာမှာ စနစ်တကျ တရားဝင်ပြီးသွားပါပြီလို့ ဆက်ပြောပါတယ်။

ထင်ကျော်တို့မိသားစုဟာ ထင်ကျော်တရားအားထုတ်ပြီးတဲ့အချိန်ကစပြီး တစ်စတစ်စ ပိုပိုအေးချမ်းလာတယ်လို့ ဆိုပါတယ်။ မူလက လူနာသိပ်မလာတဲ့ ထင်ကျော်တို့ဆေးခန်းမှာလည်း လူနာတွေမနိုင်အောင် ကြည့်ပေးနေရတော့ စီးပွားတိုးတက်လာပါတယ်။

ထင်ကျော်ဟာ အခုဆိုရင် အိုးပိုင်အိမ်ပိုင်နဲ့ နေထိုင်နိုင်ပြီဖြစ်ပါတယ်။ တရားနဲ့အညီနေထိုင်တဲ့သူကို တရားကပြန်ပြီးစောင့်ရှောက်တာပါပဲ။

စီးပွားရေးကိစ္စထက်ပိုပြီး ကျွန်မစိတ်ဝင်စားတာကတော့ လူမှုရေးဖြစ်ပါတယ်။ ထင်ကျော်ကလည်း စီးပွားရေးအဆင်ပြေလာတာကို အကြမ်းဖျင်းလောက်ပဲ ပြောပါတယ်။ သူလည်း လူမှုရေးအပြောင်းအလဲကို ပိုပြီးပြောချင်ပုံရပါတယ်။

ထင်ကျော်ရဲ့အစ်ကိုကြီးတစ်ယောက်ဟာ ထင်ကျော်တို့ထက် များစွာပိုပြီး ချမ်းသာပါသတဲ့။ အဲဒီတော့ ညီအစ်ကိုမောင်နှမကိုလည်း ငွေကြေးပမာဏနဲ့ တိုင်းတာပေ့ါလေ။ အထူးသဖြင့် ထင်ကျော်ရဲ့ဇနီးဘက်က ဆွေတွေမျိုးတွေက လူမှုဝတ္တရားကျေပွန်တတ်ပါတယ်။ ထင်ကျော်တို့ဘက်က နည်းနည်းတော့စိမ်းတယ်ပေ့ါ။ အဲသလိုနေလာရင်းက ထင်ကျော်ရဲ့ ဘဝအပြောင်းအလဲကို အစ်ကိုကြီး သတိထားမိလာပါတယ်။ ထင်ကျော်တို့မှာ စီးပွားတက်လာတာကိုလည်း သူမြင်ပုံရပါတယ်။ စိတ်ဓာတ်အရလည်း ထင်ကျော်တို့က အေးချမ်းနေလေတော့ သူ့အနေနဲ့ ထင်ကျော့်ထံက နည်းလမ်းကောင်းကို တောင်းဖို့လိုပြီလို့

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ဟန်တူပါရဲ့။ သူ့မှာက စီးပွားရေးကောင်းပြီး သားရေးသမီးရေး ပြဿနာကလေးတွေ ရှိနေတာကိုး။

အခုအချိန်မှာတော့ ထင်ကျော်ရဲ့အစ်ကိုကြီးလည်း တရားအား ထုတ်ပြီးပြီ ဖြစ်ပါတယ်။ ပြီးတော့ အရင်က ညီကိုရော၊ ခယ်မကိုပါ ခပ်တန်းတန်း ဆက်ဆံရာက အခုဆိုရင် ခင်ခင်မင်မင်ရှိနေပါပြီလို့ ဆိုပါတယ်။ ဆွေမျိုးတွေကြားမှာ လူမှုရေးအရ ပြေပြေပြစ်ပြစ်ရှိလာတယ်လို့ ဆိုနိုင်ပါတယ်။

*

ထင်ကျော်နဲ့ စကားပြောတဲ့အခါမှာ ထင်ကျော်က အားပါပါနဲ့ အလိုအလျောက် ပြောသွားတာကို ကျွန်မလိုက်နားထောင်ရင်း စဉ်းစားနေပါတယ်။ သူပြောတဲ့အချက်တွေက ဖြည့်စွက်စရာမလိုအောင် ပြည့်စုံနေပါတယ်။ ဒါပေမဲ့ ကျွန်မ စဉ်းစားမိတဲ့အချက် တစ်ချက်နှစ်ချက်ကို ကျွန်မ မေးမိပါသေးတယ်။

ထင်ကျော်က လူနာများကို စာအုပ်တွေပေးလေ့ရှိပါတယ်။ အဲဒီကိစ္စကို မေးပါတယ်။ ထင်ကျော်က စာဖတ်ဝါသနာပါတဲ့သူ ဖြစ်ပါတယ်။ အဲဒီတော့ သူ့ဆေးခန်းကိုလာတဲ့ လူနာနဲ့ လူနာနဲ့အဖော်များ ဖတ်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စာအုပ်များကို ဝယ်ထားပေးပါတယ်။ တကယ်လို့ လူနာထဲကဖြစ်ဖြစ် အဖော်ထဲကဖြစ်ဖြစ် စာကို မပြီးမချင်း ထိုင်ဖတ်နေပြီလို့ဆိုရင် ထင်ကျော်က အဲဒီစာအုပ်ကို ခင်ဗျား ယူသွားပါ၊ ပြီးရင် ရွာက စာဖတ်ဝါသနာပါတဲ့သူများကိုလည်း ဖတ်နိုင်အောင် ပေးလိုက်ပါလို့ မှာပါသတဲ့။

အဲဒီလို စာအုပ်ပေးတဲ့အလုပ်အပြင် လူနာကို သူ့ရောဂါနဲ့ပတ်သက်ပြီး အသိပေးသင့်ရာရာကိစ္စများကို အသိပေးတတ်တယ်။ ဆွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်ဆိုတဲ့ ထင်ကျော်ရဲ့အလေ့အကျင့်ကို ကျွန်မ အစောပိုင်း ကတည်းက သိထားခဲ့ပြီးဖြစ်ပါတယ်။

အဲဒီလိုပညာပေးပြီး ရင်းရင်းနှီးနှီး ကုသလို့ထင်ပါရဲ့။ လူနာများ က ထင်ကျော်ကို အားကိုးကြပါတယ်။ ကပ်ရောဂါများ ဖြစ်ပွားတဲ့အချိန် မှာ ကပ်ရောဂါလက္ခဏာနဲ့ ရောက်လာတတ်တဲ့ လူနာကို ကျန်းမာရေး ဌာနက ညွှန်ကြားချက်အရ ဆေးရုံကိုသွားဖို့ တိုက်တွန်းရပါတယ်။ တချို့လူနာများကဆိုရင် သေချင်သေပါစေ ဆရာပဲကုပေးပါလို့ ပူဆာ တတ်ပါသတဲ့။ ထင်ကျော်က အဲဒီအချိန်မှာ ညွှန်ကြားချက်စာရွက်ကို သေသေချာချာပြပြီး ဆေးရုံကို ပို့ရပါသတဲ့။

ကျွန်မက လူနာကို ပညာပေးတတ်တဲ့အကျင့်နဲ့ ပတ်သက်လို့ ပြောပါဦးလို့ မေးတဲ့အခါမှာ ထင်ကျော်က ပြုံးပါတယ်။ ပြည့်ပြည့်ဝဝ ကြီးကို ပြုံးတာပါ။ အဲဒီလိုပြုံးပြီး "ကျွန်တော်က အစောပိုင်းကတည်းက လူနာကို အချိန်များများပေးတတ်ပါတယ်။ ဒါပေမဲ့ ပညာပေးတဲ့လုပ်ငန်း ကို လုပ်တာကတော့ တရားအားထုတ်ပြီးတဲ့နောက်ပိုင်းမှ လုပ်တာပါ"

အစောပိုင်းကဆိုရင် ကျွန်တော့ဇနီးရဲ့အစ်မကြီး ဆရာမလုပ်တာ လခက သိပ်နည်းတာပဲ။ တစ်ပဲခြောက်ပြားလို့တောင် ကျွန်တော်ပြောမိ ပါသေးတယ်။ အဲသလို လခနည်းနည်းနဲ့ အချိန်တွေအများကြီးပေးနေ ရတဲ့ အလုပ်ကို လုပ်နေမယ့်အစား အပြင်ထွက်ပြီး လုပ်ပါလေ့ဆိုတဲ့ အတွေးတွေ ကျွန်တော့မှာ အများကြီးရှိခဲ့ပါတယ်။

တရားအားထုတ်ပြီးတဲ့နောက်ပိုင်းမှာတော့ ကျွန်တော် တွေးမိ တာ တစ်ခုရှိပါတယ်။ မြတ်စွာဘုရားဟာ ဘုရားဖြစ်အောင် ပါရမီတော် ဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်ဆည်းခဲ့ရပါတယ်။ အလောင်းတော် ဘဝမှာ နောက်ဆုံးလို့ဆိုနိုင်တဲ့ ဝေဿန္တရာမင်းကြီးရဲ့ဘဝမှာ သားသမီး နဲ့ ဇနီးကိုပါ အဆုံးစွန်ထိ စွန့်လွှတ်ပြီး လှူခဲ့ပါတယ်။ ဘုရားလောင်း ဘဝမှာ ကိုယ်ခန္ဓာအစိတ်အပိုင်းကအစ လှူခဲ့တာတွေ အများကြီးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖြစ်တော်မူတဲ့ဘဝမှာ ပစ္စည်းဥစ္စာအနေနဲ့ ဘာကိုလှူသလဲလို့ ကျွန်တော်တွေးတော့ ပစ္စည်းဥစ္စာတော့ ဘာမှလှူတယ်လို့ မတွေ့ရပါဘူး။ ဒါပေမဲ့ ဆရာတကာတို့ထက် အမြတ်ဆုံးဆရာအဖြစ် သတ္တဝါတို့ကို ပညာဉာဏ် တိုးတက်ပွင့်လင်းအောင် ပို့ချသင်ကြားခဲ့တာ ၄၅ ဝါ ကြာပါတယ်။ အဲဒီအချက်ကို တွေးမိပြီး သြော်- အသိပညာပေးဝေခြင်းဟာ အမြတ်ဆုံးအလုပ်တစ်ခုပါလားလို့ ကျွန်တော်တွေးမိလာပါတယ်။

အဲဒီအချိန်ကစပြီး လခနည်းနည်းလေးနဲ့ ဆရာလုပ်နေတဲ့သူတွေကို ကျွန်တော် အထင်မသေးတော့ပါဘူး။ အလွန်ကို လေးစားလာပါတယ်။ ကျွန်တော့ကိုယ်ကျွန်တော်လည်း ဆရာဝန်ခေါ် လို့ရအောင် လူနာတွေကို ကျွန်တော်က ပညာသင်ပေးရင်း ကျန်းမာရေးအသိအမြင် ပွင့်လင်းလာအောင် ကြိုးစားခဲ့ပါတယ်ဟု ထင်ကျော်က ပြောပါတယ်။

ကျွန်မက ထင်ကျော့်အယူအဆနဲ့ပတ်သက်ပြီး အံ့သြဝမ်းသာရှိပါတယ်။ ဒ့ါအပြင် ဘာမှာလည်း မေးစရာမရှိတော့လို့ မမေးတော့ဘဲ သူ့ကို ချီးကျူးစကား ပြောရပါတယ်။

ပြောတဲ့စကားကတော့ ထင်ကျော်ဟာ တစ်ခါက ထင်ကျော်အတွက် ဘာမှရှက်စရာမလိုတော့ပါဘူး။ ဖွတ်ထားစရာလည်း မလိုတော့ပါဘူး။ ဘာကြောင်းလဲဆိုရင် အရင်ကလုပ်ခဲ့တဲ့ အမှားမျိုးတွေကို အခုအချိန်မှာ ဘာမှမလုပ်တော့တဲ့အတွက်ကြောင့်ပါပဲ။ သူဟာ လွတ်မြောက်တဲ့သူ ဖြစ်ပါတယ်။

အဲဒီအချက်ကို ကျွန်မ အလွန်အားရကျေနပ်မိပါတယ်။ အဲဒါကြောင့် “ကိုထင်ကျော်ရေ- ကိုထင်ကျော်ရဲ့အကြောင်းကို ကြားရတာ၊ ပြီးတော့ ပြန်တွေးရတာ၊ ပြန်ရေးရတာ အလွန်အားရှိတာပါပဲ။ ကိုထင်ကျော်ဟာ ဘာကိုမှ ချန်မထားဘဲ ရဲရဲကြီးပြောပြတာတွေဟာ ဥဒါန်းကျူးနေသလိုပါပဲ။ ကိုယ်လွတ်မြောက်ခဲ့ရတာဟာ ဘယ်လိုအဆိုးတွေထဲက လွတ်မြောက်ခဲ့ရတာပါဆိုတာကို ပြောချင်လွန်းလို့ ပြောနေတာပဲ”

www.burmeseclassic.com

www.burmeseclassic.com



နားထောင်ရတာ အားရှိသလို ရေးချရင်းလည်း သိပ်အားရှိတာပဲ။ ဒါဟာ ကိုထင်ကျော်ဆီက သန့်စင်ခြင်းရဲ့အင်အားတွေ ကူးစက်လာတာကြောင့်ဖြစ်မှာပဲ။ သန့်စင်ခြင်း၊ ရိုးသားခြင်းဆိုတဲ့ အရည်အချင်းတွေမှာ အားအပြည့်ရှိတတ်တယ်နော်လို့ ကျွန်မ ပြောမိပါတယ်။

ထင်ကျော်တို့ပြန်ခါနီးမှာ ထင်ကျော်က ကျေးဇူးတင်ပါတယ် အစ်မလို့ ပြောပါတယ်။ ကျွန်မက "ကိုထင်ကျော်ရေ- ကျေးဇူးတင်ရမှာက အစ်မရယ်၊ အစ်မရဲ့စာဖတ်သူများရယ်က ကျေးဇူးတင်ရမှာ။ ကိုထင်ကျော့်ကို ကျေးဇူးတင်ရမှာကို ပြောတာနော်။ ဒီလိုမကွယ်မဝှက် ပြောပြတဲ့အတွက် ဒီစာကိုဖတ်ပြီးရင် ရိပ်သာတွေကိုသွားကြသူ ပိုများလာမယ်လို့ အစ်မမျှော်လင့်ထားတယ်" လို့ ပြောမိပါတယ်။

"အဲဒီလိုဆိုရင် ပိုကောင်းတာပေါ့အစ်မရယ်။ ကျွန်တော် မကွယ်မဝှက် ပြောပြတယ်လို့ဆိုတာကလည်း ကျွန်တော် နောက်ထပ်မမှားနိုင်တော့ဘူးဆိုတာ ကိုယ့်ကိုယ်ကို ယုံကြည်လို့ပါပဲ။ ပြီးတော့ ကျွန်တော့လို အမှားမျိုး မှားနေတဲ့သူတွေဟာ ပြင်လိုက်ရင် ကောင်းသွားနိုင်တယ်ဆိုတာ သိစေချင်လို့ပါပဲ။ ပြင်တယ်ဆိုတာ တရားအားထုတ်တဲ့နည်းနဲ့ ပြင်တာကို ပြောတာပါ။ အဲဒီအမှားမျိုးကို မမှားမိကြဖို့ကိုလည်း သတိပေးချင်လို့ပါပဲ။ အစ်မက ကျွန်တော်ရေးချင်ပြီး မရေးဖြစ်သေးတဲ့ အကြောင်းကိုရေးပေးလို့ ကျွန်တော်က ကျေးဇူးတင်တာပါ" လို့ ထင်ကျော်က ပြောပါတယ်။

ကျွန်မကတော့ ထင်ကျော့်ဆီက အင်အားများကို ရလိုက်လို့ ထင်ပါရဲ့၊ တက်ကြွစွာ စာထိုင်ရေးမိပါတယ်။ လူကြီးဆိုတာ လူငယ်များ အထူးသဖြင့် ရဲရင့်ပွင့်လင်းသောလူငယ်များထံက အားကို အကြောင်းအားလျော်စွာ ယူရတတ်ပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# လှိုင်သက်ထား

လှိုင်သက်ထားရဲ့ အမေက ကျွန်မရဲ့တပည့် ဖြစ်ခဲ့ပါတယ်။ တက္ကသိုလ်ဆရာမ မဖြစ်ခင် ကျွန်မ အထက်တန်းပြဆရာမအဖြစ် နယ်မှာ ဆောင်ရွက်တုန်းက တပည့်ဖြစ်ခဲ့ဖူးတာပေါ့။

အသက်တွေ အရွယ်တွေရပြီး သူ့နယ်နဲ့သူ မအားမလပ်နိုင်အောင် ဖြစ်နေတော့ မတွေ့တာတောင် အတော်ကြာခဲ့ပါပြီ။ ကျွန်မတပည့်ရဲ့သမီးတောင်မှ တတိယနှစ် အမ်ဘီကို ရောက်နေပါပြီ။ အခုလည်း သမီးကို အကြောင်းပြုပြီး ပြန်ဆက်မိကြတယ်လို့ ပြောနိုင်ပါတယ်။ သူ့သမီးက ဆေးကျောင်းသူ စာပေဝါသနာရှင်၊ စာတွေဘာတွေလည်း ရေးဖို့ကြိုးစားနေသူဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မရဲ့စာတွေကိုဖတ်မိပြီး ကျွန်မတို့ဟာ တစ်မြို့တည်းသားချင်းဖြစ်တယ်ဆိုတဲ့ သံယောဇဉ်ကလေးလည်း ရှိတယ်ထင်ပါရဲ့။ ကျွန်မနဲ့တွေ့ချင်တယ်၊ ခင်မင်ချင်တယ်လို့ သူ့အမေကို ပူဆာပါသတဲ့။

တစ်ညမှာ ကျွန်မဟာ အိပ်မပျော်နိုင်လောက်အောင် စဉ်းစားနေမိပါတယ်။ ကျွန်မ ရေးဖို့ကြိုးစားနေတဲ့ "လူငယ်များနှင့် စကားပြောခြင်း" စာအုပ်အတွက် ဘယ်သူတွေနဲ့ စကားပြောရပါ့မလဲပေါ့။ စကားပြောချင်တဲ့သူလည်း ဖြစ်ရပါမယ်။ ပြောစရာစကားတွေ (အတွေ့အကြုံတွေ) လည်း ရှိရပါမယ်။ ပြောလည်းပြောတတ်တဲ့သူ ဖြစ်ရပါမယ်။ အဲဒီလိုတွေးရင်းနဲ့ လှိုင်သက်ထားကို သတိရလိုက်မိပါတယ်။

*

လှိုင်က စကားပြောလည်းကောင်းပါတယ်။ မိမိကိုယ်ကို ယုံကြည်တဲ့စိတ်ကလည်း ခိုင်မာပါဘိသနဲ့။ "သမီးက ၇ တန်းကတည်းက

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ဖြစ်မယ်လို့ သမီးဘာသာသမီး သေချာနေတာ၊ ဖြစ်ချင်တာ မဟုတ်ဘူးနော်။ ဖြစ်မှာသေချာတယ်လို့ သိနေတာ။ ဆရာဝန်ဖြစ်ရမယ်လို့ဆိုပြီး အသေအလဲကြိုးစားတာတွေ ဘာတွေလည်း မရှိခဲ့ပါဘူး။ ဒါပေမဲ့ ဆရာဝန်လည်း လုပ်ချင်တယ်။ ဖြစ်မယ်လို့လည်း သေချာတဲ့ စိတ် ရှိနေခဲ့တယ်" လို့ လှိုင်က ပြောပါတယ်။

လှိုင့်ကို အပြောကြီးတယ်လို့ ထင်ကောင်းထင်ကြမယ့်သူတွေ ရှိနိုင်ပါတယ်။ ကျွန်မကတော့ ကိုယ်ဘာဖြစ်ချင်တယ်ဆိုတာ တိတိကျကျ မသိတဲ့သူတွေကို လူကြီးတွေထဲမှာတောင် တွေ့တွေ့နေတဲ့အတွက် ကိုယ်ဘာဖြစ်ချင်တယ်ဆိုတာလည်း သိတယ်၊ ဖြစ်ကိုဖြစ်ရမယ်လို့လည်း ယုံကြည်စိတ်ထားနိုင်တဲ့ လှိုင်သက်ထားကို အားရနေမိပါတယ်။

"လှိုင်ဆယ်တန်းအောင်တော့ ဂုဏ်ထူး ငါးဘာသာရပါတယ်။ သမီးက စာပေကို ဝါသနာပါတော့ မေမေက 'ဆရာဝန်မဖြစ်ချင်ဘဲနဲ့ တော့ ဆေးကျောင်းမတက်ပါနဲ့၊ မြန်မာစာကို ယူချင်လည်း မေမေက တော့ ကျေနပ်နိုင်ပါတယ်' လို့ ပြောပါတယ်"

လှိုင်က သူ့အမေရဲ့သဘောထားကို တလေးတစားထည့်ပြီးပြော ပါတယ်။ လှိုင့်မေမေက သားသမီးကို မွေးတဲ့နေရာမှာ ကိုယ်ပိုင်လွတ် လပ်ခွင့်ပေးတယ်ဆိုတဲ့အချက်ကို လှိုင်က အထူးလေးစားပြီး ဂုဏ်ယူနေပုံ ရပါတယ်။

"သမီးလေး မေမေ့ကို သိပ်လေးစားတာပါပဲ။ သမီးကြီးလာလို့ အိမ်ထောင်ကျတဲ့အခါမှာတောင်မှ မေမေ့လိုတော်တဲ့မိခင်တစ်ယောက် ဖြစ်လာပါ့မလားမသိဘူး" လို့ လှိုင်က သူ့စကားကို အလေးအနက်ပြုပြန် ပါတယ်။

ဆရာဝန်ဖြစ်ဖို့ ကိုယ့်ကိုယ်ကိုသေချာပြီး စာပေကိုလည်းဝါသနာ ပါတဲ့လှိုင်က ဆေးပညာကို နိုင်ငံတကာအဆင့်မီ လေ့လာတဲ့အခါမှာ အထောက်အကူပြုစေချင်တဲ့အတွက် နိုင်ငံခြားဘာသာကိုတောင် သင်ယူ

www.burmeseclassic.com

www.burmeseclassic.com



နေပါတယ်လို့ လှိုင်ကပြောတော့ ကျွန်မ ဒီကလေးမကို အလွန်စိတ်ဝင်စားသွားပါတယ်။ ဘယ်ဘာသာစကားကို သင်နေသလဲကွယ်လို့မေးတော့ ပြင်သစ်ဘာသာလို့ ဖြေပါတယ်။

ဘာလို့ ပြင်သစ်ဘာသာကိုမှ ရွေးတက်တာလဲလို့ မေးတော့ "ပြင်သစ်ဘာသာစကားက ကြွယ်ဝတယ်လို့ မှတ်သားရဖူးလို့ပါ" လို့ ဖြေရင်း "နောက်တစ်ချက်လည်းရှိသေးတယ် အန်တီ၊ သမီးကို ပြင်သစ်ဘာသာသင်တန်းတက်ဖို့ အဖော်လာညှိတဲ့ ညီမဝမ်းကွဲတစ်ယောက်ရှိပါတယ်။ အစောပိုင်းက အဖော်ညှိပြီးတော့ နောက်ပိုင်းမှာ သမီးကို မခေါ်တော့ဘဲ သူတို့ဘာသာသူတို့ တိတ်တိတ်ကလေးတက်သွားတယ်။ သမီးက မခံချင်တာနဲ့ ပြင်သစ်ဘာသာသင်တန်းတက်ခွင့်ရအောင် သမီးဘာသာ ကြိုးစားခဲ့တာပေါ့။ ပြီးမှ မေမေနဲ့ ဖေဖေကို အသိပေးခဲ့တာ" ဟု ပွင့်လင်းလှသော သူကလေးက ဆိုပါတယ်။

အဲဒီလိုပွင့်လင်းလှတဲ့ လှိုင်ကလေးကို အံ့သြစရာ၊ လေးစားစရာ၊ ချစ်ခင်စရာကောင်းလှတဲ့ ကလေးမတစ်ယောက်လို့ ကျွန်မစိတ်ထဲမှာ သိမ်းပိုက်လိုက်မိပါတယ်။ သူဟာ ကလေးပါပဲ။ ကလေးဆန်သော လူငယ်တစ်ယောက်၊ အသန့်စင်ဆုံး၊ အရိုးသားဆုံးသောပုံနဲ့ ကျွန်မကို စကားတွေအများကြီး ပြောခဲ့ပါတယ်။ သူပြောချင်တဲ့စကားကို စဉ်းစားပြီးမှပြောတာ မဟုတ်ပါဘူး။ မူလကတည်းက ပြောချင်နေတဲ့ပုံနဲ့ တောက်လျှောက်ပြောသွားတာ အားရပါးရပါပဲ။ သူ့စိတ်ထဲမှာ ဘာလုပ်ချင်တယ်ဆိုတာကို တွေးပြီးသားဖြစ်ပုံရပါတယ်။စကားပြောကြမယ်ဆိုမှ တွေးတာမဟုတ်ဘဲ အကြာကြီးကတည်းက ခဏခဏတွေးတော စဉ်းစားထားခဲ့တာဆိုတာ သူ့စကားအရ သိသာလှပါတယ်။

လှိုင်ကလေးဟာ သူ့မိသားစုနဲ့ပတ်သက်ပြီး ပြောတဲ့အခါမှာလည်း ရွှင်လန်းတက်ကြွစွာ ပြောခဲ့ပါတယ်။ သူ့မှာ မောင်ကလေးတစ်ယောက်ရှိပါတယ်။ အဖေနဲ့အမေဆိုရင် မိသားစု လေးယောက်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအရ သူတို့မိသားစုဟာ ရွှင်ပျသော၊ အချင်းချင်းချစ်ခင်လေးစားသော၊ နားလည်မှုထားနိုင်သော မိသားစု ဖြစ်ပါတယ်။

"အန်တီနဲ့တွေ့ပြီး ဘာတွေပြောခဲ့သလဲဆိုတာတောင်မှ မမေးကြပါဘူး" လို့ ဒုတိယတစ်ခေါက် ကျွန်မနဲ့စကားပြောဖို့ လာတဲ့အခါမှာ လှိုင်က ပြောပါတယ်။

"လှိုင်က အဖေနဲ့ အမေ နှစ်ယောက်အနက် အမေ့ကို ပိုပြီးတွယ်တာသလို သဘောရတဲ့စကားများကို ပြောလေ့ရှိပါတယ်။ ကျွန်မကတော့ အဲဒီအတွက် စိတ်လည်းမပူဘူး။ ဘယ်လိုအကြံဉာဏ်ကိုမှ ပေးဖို့လည်း မကြိုးစားပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ငယ်ငယ်တုန်းကလည်း ဒီလိုပါပဲ။ အဖေ့ကို ပိုချစ်သလိုလို၊ အမေ့ကို ပိုချစ်သလိုလိုနဲ့ ကြီးလာတော့လည်း နှစ်ယောက်စလုံးကို အတူတူချစ်တယ်ဆိုတာ ကိုယ့်ဘာသာကိုယ် သိလာရတာပါပဲ။ သားသမီးနဲ့ မိဘအကြားမှာလည်း တစ်ခါတစ်ရံမှာတော့ မကျေလည်မှုတွေ ရှိတတ်တာပါပဲ။ သားသမီးကလည်း ချစ်သာချစ်တာ၊ သူများကိုမပြောရင်တောင်မှ သူ့စိတ်ထဲမှာတော့ ဘယ်သူ့သဘာဝက ဘယ်လိုဆိုတာကို တွေးတောစဉ်းစားလေ့ရှိပါတယ်။ ကိုယ်မွေးထားတဲ့ သားသမီးပဲအေ၊ အမေသိတာပေါ့။ ဒါမှမဟုတ် အဖေသိတာပေါ့လို့ ပြောတတ်ကြသလို သားသမီးကလည်း သိကြတာပါပဲ"

လှိုင့်ဖေဖေက သူတို့ငယ်ငယ်ကတည်းက ဆေးပင်စင်ယူခဲ့သူတစ်ဦး ဖြစ်ပါတယ်။ နို့မဟုတ်ရင်တော့ လှိုင်တို့ဟာ ရာကြီးထူးကြီးရထားတဲ့ လူကြီးကြီးတစ်ယောက်ရဲ့ သားသမီး ဖြစ်နေလောက်ပါပြီ။ အဲဒီအတွက်တော့ လှိုင်က ဝမ်းနည်းစကား မပြောပါဘူး။ သူ့ဖေဖေဟာ လောကဓံအမျိုးမျိုးကို ခံစားခဲ့ရသူဖြစ်လေတော့ တစ်ခါတစ်ရံမှာ သိပ်စိတ်ဓာတ်ကျတတ်သလို တစ်ခါတစ်ရံမှာ သိပ်စိတ်တက်ကြွလေ့ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်နဲ့ စကားပြောက သိပ်မတည့်။ ဖေဖေက ဆူပူပါတယ်။ လှိုင်က စိတ်တိုတတ်ပါတယ်။ အဲဒါကြောင့် အဆူအပူမခံရအောင် စာမေးပွဲနီးရင် ဖေဖေနဲ့ စကားမပြောမိအောင် လှိုင်က ရှောင်ပါတယ်လို့ ပြောပါတယ်။

အမေကတော့ အမေပီပီ သားသမီးနဲ့ ခင်ပွန်းကြားမှာ အထစ်အငေါ့မရှိအောင် ပြေပြစ်အောင် ညှိပေးတတ်ပါတယ်။ အဲဒါကလည်း လှိုင့်ပြောစကားကြောင့် သိရတာဖြစ်ပါတယ်။ အမေကတော့ ဖခင်တစ်ယောက်ဟာ အောင်မြင်တဲ့သူဖြစ်စေ၊ မအောင်မြင်တဲ့သူဖြစ်စေ မိသားစုမှာ အထူးအားထားရတဲ့ မဏ္ဍိုင်ကြီးတစ်ခုဖြစ်တယ်ဆိုတာကိုရော၊ အလုပ်ကိစ္စအဝဝတို့ရဲ့ မမျှော်လင့်သော တစ်ဆစ်ချိုးအကွေ့များအကြောင်းကိုရော သားနဲ့သမီး နားလည်အောင် ရှင်းပြထားတယ်လို့ ဆိုပါတယ်။

လှိုင့်အကြောင်းကို ပထမဆုံး နားထောင်တုန်းက အဖေနဲ့ မသင့်မြတ်တဲ့သူကလေးပဲလို့ ထင်မိပေမယ့် လှိုင့်စကားတွေကို ဒုတိယအကြိမ် နားထောင်တော့ အဲသလိုမဟုတ်တော့ပြန်ပါဘူး။ ဖေဖေက ဘာသာရေးကို ကိုင်းရှိုင်းတယ်၊ ဖေဖေက သူ့ကိုယ်သူ မှန်ကန်အောင် ကြိုးစားတယ် စတဲ့ ဖေဖေ့ကို အမွှမ်းတင်တဲ့စကားတွေကို ပြောပြန်ပါတယ်။ ကလေးတွေ အဲလေ- လူငယ်တွေဆိုတာ ဒီလိုပါပဲ။ မတည့်တဲ့အခါ တစ်မျိုး၊ တည့်တဲ့အခါတစ်မျိုး ဖြစ်တတ်ကြပါတယ်။ (လူကြီးတွေကရော ဘာထူးလို့တုံးလေ)။ ဒါပေမဲ့ သူတို့ဟာ မိဘများကို ချစ်တတ်ကြပါတယ်။

*

လှိုင်သက်ထားပြောပြတဲ့ စကားတွေထဲမှာ သူ့ရဲ့ငယ်ဆရာများအကြောင်းတော့ မပါပါ။ သူဟာ မွေးဇာတိကို ခင်တွယ်တဲ့သူဖြစ်တယ်ဆိုတာကိုတော့ မကြာခဏပြောပြတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောင်းမှာတွေ့ရတဲ့ ဆရာများအကြောင်းကိုတော့ သူ မှတ်မှတ်ရရ ပြောပြပါတယ်။ လှိုင်အလွန်လေးစားတဲ့ ဆရာဝန်တစ်ယောက်ကတော့ နိုင်ငံခြားပြန်လည်းဖြစ်ပြီး ပညာလည်းအလွန်တော်တဲ့ ဆရာဝန်ကြီးတစ်ယောက် ဖြစ်ပါတယ်။

နိုင်ငံခြားမှာ ပညာသင်ချိန်တုန်းကလည်း ဆရာက ထူးချွန်ခဲ့တယ်လို့ ဆိုပါတယ်။ "ဆရာ စာသင်တဲ့အခါမှာ စာအုပ်ကြီးအတိုင်း ဘယ်တော့မှမသင်ပါဘူး။ အလွန်နာမည်ကျော်တဲ့ နိုင်ငံတကာအဆင့်မီ ဆေးကျမ်းကြီးတွေထဲမှာ ရေးသားထားတဲ့ အချက်အလက်တွေကိုတောင်မှ ဘယ်ဟာမှားနေတယ်။ ဘယ်ဟာကတော့ အမှန်ဆိုပြီး ခွဲခြားပြသေးတာ၊ အဲဒီလိုပြောတဲ့အခါမှာလည်း ခိုင်လုံတဲ့အကြောင်းပြချက်တွေကို သေသေချာချာပြပြီး ပြောတာပါ" လို့ လှိုင်က ဆိုပါတယ်။

လှိုင်တို့ဆရာက စာတော်သလို စာသင်တဲ့အခါမှာလည်း တော်ပါတယ်။ စိတ်နေသဘာဝကလည်း ရိုးသားပါတယ်။ သူက ဆရာဝန်တစ်ယောက်ဟာ ရေးထားတဲ့စာတွေကိုသာကျက်ပြီး မစဉ်းစား မတွေးတောဘဲ ဆေးကုသရင် မှားတတ်တယ်။ အဲဒီနည်းနဲ့ အောင်လာရင် ဆရာဝန်ကောင်းမဖြစ်နိုင်ဘူး။ စာကျက်တဲ့အခါမှာ ဝေဖန်စဉ်းစားပြီးမှ ကျက်ရမယ်လို့ ပြောပါတယ်။

"သမီးတို့ဆရာက သိပ်ပြီးဝတ်စားဆင်ယင်လေ့မရှိဘူး အန်တီ။ ရိုးရိုးပဲဝတ်တယ်။ ကြွားဝါတဲ့ ဝင့်ဝါတဲ့ဟန်ဆိုတာ တစ်စက်ကလေးမှတောင် ဆရာ့ဆီမှာမတွေ့ရပါဘူး။ ဆရာက တစ်နေ့ကျတော့ ဖိစီးခြင်း **(Stress)** နဲ့ ပတ်သက်တဲ့ စာတမ်းတစ်စောင် ဖတ်ပါတယ်။ သမီးတို့က ဆရာပြောပြမှ တဏှာပေမကိစ္စဟာ တချို့တချို့ ကျန်းမာ ရေးနဲ့ မပြည့်စုံတဲ့သူတွေအတွက် အသက်တောင်မှ နုတ်ယူနိုင်တဲ့ကိစ္စ ဖြစ်တယ်။ ဖိစီးမှုသိပ်များတယ်ဆိုတာ သိရတာ။ ဆရာက **Transparency** နဲ့ သူတင်ပြချင်တဲ့ အချက်အလက်တွေကို တင်ပြနေတာ

www.burmeseclassic.com

www.burmeseclassic.com



သမီးက အနားမှာနေတော့ စာရွက်တွေကို ဖိထားတဲ့စာအုပ်ကိုတောင် မြင်ရပါတယ်။ အဲဒီစာအုပ်က ဘုရားစာအုပ် အန်တီရဲ့။ သမီးက ဆရာ့ကို သိပ်လေးစားသွားတာပဲ။ ဆရာဟာ ပညာသိပ်တော်သလို အောက်ခြေလည်းမလွတ်ဘူးဆိုတာ သမီးသေချာသိသွားလို့ ဝမ်းသာရပါတယ်" လို့ လှိုင်ပြောပါတယ်။

လှိုင့်ရဲ့စကားတွေကို နားထောင်ရတာ ကျွန်မ ပျော်ရွှင်တက်ကြွလာမိတယ်။ ငယ်ငယ်တုန်းက ကျွန်မရဲ့ဆရာများကို ကျွန်မ ချစ်ခင်ကြည်ညိုတဲ့အခါမှာ အသေးစိတ်ကြည့်ပြီး ချစ်ခင်ကြည်ညိုလေ့ရှိသလိုမျိုးပါပဲ။ လူငယ်ဆိုတာ ဒီလိုပါပဲကလား။ သူတို့အထင်ကြီးလေးစားတဲ့သူဟာ သာမန်ထက်ပိုပြီးတော်တယ်။ သူများနဲ့မတူဘူးဆိုတဲ့အချက်ကို သိရရင် အားရကျေနပ်လေ့ရှိပါတယ်။ လူကြီးတွေကတောင် သူတို့ကို ဒီလောက်ဂရုစိုက်ပါ့မလား မသိနိုင်ပါဘူး။ လူငယ်တွေကတော့ လူကြီးတွေကို ဂရုတစိုက် စောင့်ကြည့်လေ့ရှိပါတယ်။ အဲဒီလိုစောင့်ကြည့်ရင်း ချစ်ခင်စရာတွေ ပိုတွေ့လာလေလေ ပို၍ပို၍ ချစ်ခင်လေးစားလာလေလေ ဖြစ်တတ်ပါတယ်။ အဲဒီအချိန်မှာ မိဘဆရာသမား စတဲ့သူတို့က ချစ်ခင်သူများရဲ့ ကိုယ်ရည်ကိုယ်သွေးဟာ လူငယ်များကို အများကြီး လွှမ်းမိုးတတ်ပါတယ်။

လှိုင်ကပြောပါတယ်။ သူတို့ဆရာက ပန်းချီလည်း ကောင်းကောင်းတတ်ပါတယ်တဲ့။ တစ်နေ့မှာ သင်ခန်းစာတစ်ခုကို ပုံတွေနဲ့ဆွဲပြီး သေသေချာချာ ရှင်းပြပါသတဲ့။ "ဆရာ့ပုံကလေးတွေက ချစ်စရာကောင်းလွန်းလို့ ပုံတွေကို ငေးကြည့်နေလိုက်တာ ဘာတွေသင်မှန်းသဘောမပေါက်လိုက်ကြပါဘူး။ အဲဒါကြောင့် စာမေးပွဲမှာ အဲဒီပုစ္ဆာနဲ့ကျတဲ့သူ များပါတယ်။ သမီးတို့ ကျေကျေနပ်နပ်ကြီး အကျခံလိုက်ကြပါတယ်" လို့ လှိုင်က ရယ်ရယ်မောမော ပြောတဲ့အခါမှာ သူတို့ဆရာသာသိရင် ရယ်နိုင်ပါ့မလား မသိဘူးလို့ တွေးမိပါတယ်။ သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com



စချောင်လွန်းလို့ ပုံတွေနဲ့ပြပြီး သင်ကာမှ ပုံတွေလှလွန်းလို့ စာမေးပွဲတောင် ကျကုန်ကြသတဲ့။ လူငယ်များဟာ တစ်ခါတလေ အဲဒီလို ခုတ်ရာတခြား ရှရာတလွဲ လုပ်တတ်ကြသေးတာ။

လှိုင်က တခြားဆရာတစ်ယောက်ရဲ့အကြောင်းကိုလည်း ပြောပြပါသေးတယ်။ သူလေးစားကြည်ညိုတဲ့ နောက်ဆရာတစ်ယောက်က ဆရာဝန်မကြီးဖြစ်ပါတယ်။ "ဆရာမကြီးဟာ ဆေးပညာကိုတော့ ဆေးကုရုံသက်သက်နဲ့ ပြီးတဲ့ပညာမဟုတ်ဘူး။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့ အရေးတွေနဲ့ ဆက်စပ်နေတယ်။ ဒါကြောင့် ဆေးကုသတာ အောင်မြင်ဖို့ဆိုတာက ဆေးကျမ်းထဲမှာ ပါတာလောက်ပဲ သိနေလို့မဖြစ်ဘူး။ အရေးကိစ္စဟူသမျှကို အဘက်ဘက်က နားလည်အောင် ကြိုးစားကြရမယ်လို့ ပြောပါတယ်။

ဒါတင်မကပါဘူး။ ကိုယ်နားလည် သဘောပေါက်ထားတဲ့ အကြောင်းတွေကို သူများလည်း လက်ခံလာအောင် ရှင်းလင်းတင်ပြတတ်ရမယ်။ ကိုယ်နားလည်ထားတဲ့ အကြောင်းတွေကို လက်တွေ့ အကောင်အထည်ဖော်နိုင်ဖို့ဆိုတာက အများရဲ့သဘောပေါက်မှု ဝိုင်းဝန်းလုပ်ဆောင်မှုတွေအပေါ် မှာလည်း အများကြီးမူတည်ပါတယ်" လို့ လှိုင်က ပြောပါတယ်။

ကျွန်မက ဆေးကုသတဲ့ပညာသက်သက်ကိုသာ သင်ပြမပေးဘဲ လောကအမြင်တစ်ခုကိုပါ ဆက်စပ်သင်ပေးလိုက်တဲ့ လှိုင်တို့ဆရာမကြီးကို မမြင်ဖူးပေမယ့် လှိုင်လေးစားသလိုပဲ လေးစားပါတယ်။

လှိုင်လေးစားတဲ့ နောက်ဆရာတစ်ယောက်ကတော့ ဆေးရုံမှာ လူနာများကို စမ်းသပ်တဲ့နည်း ရောဂါလက္ခဏာများကို ဖော်ထုတ်တဲ့ နည်းတွေကို သင်ပေးတဲ့ ဆရာဖြစ်ပါတယ်။ လှိုင်တို့သူငယ်ချင်းငါး ယောက်က ဆေးရုံအတွေ့အကြုံက အရေးကြီးတယ်လို့ ယုံကြည်တဲ့ အတွက် ဆေးရုံကိုမှန်မှန်ဆင်းကြတယ်လို့ လှိုင်က ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စာတော်တဲ့ တချို့သော ကျောင်းသားတွေက ဆေးရုံကို မဆင်းဘဲ နေတတ်ကြသေးတာတဲ့။

လှိုင်တို့ဆရာက ပြောပါတယ်တဲ့ "မင်းတို့က စာတော်တဲ့ ကျောင်းသားတွေမဟုတ်ဘူးဆိုတာ ဆရာသိပါတယ်။ စာတော်ဖို့က တော့ စာကျက်ရင်တော်မှာပါပဲ။ မဆန်းပါဘူး။ ဆရာဝန်ဆိုတာ စာတော်ရုံနဲ့ ပြီးတာမဟုတ်ပါဘူး။ လူနာကို နားလည်ရမယ်။ လူနာက ကိုယ့်ကို အားကိုးအားထားပြုလာအောင် ဆွဲဆောင်နိုင်ရမယ်။ လူနာနဲ့ ပတ်သက်တဲ့ ကိစ္စအဝဝကို နားလည်အောင် ကြိုးစားရမယ်" တဲ့။

"ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ဖို့ စာကိုချည်း ကျက်မနေနဲ့။ ဆေးနဲ့ပတ်သက်တဲ့ မဟုတ်တမ်းတရမ်း ကြော်ငြာတွေကိုလည်း သတိထားကြရမယ်။ တီဗီကိုလည်းကြည့်။ ပတ်ဝန်းကျင်ကိုလည်း လေ့လာ။ မသိနားမလည်တဲ့သူတွေကို ဆေးပညာပေးနိုင်အောင်လည်း ကြိုးစားကြရမယ်" လို့လည်း အကြောင်းအားလျော်စွာ လှိုင်တို့ဆရာက လှိုင်တို့ကို မှာပါတယ်။

အဲဒီဆရာဝန်က လှိုင်တို့ကို ထပ်ပြောပါသေးတယ်။ "အလုပ်လုပ်တဲ့နေရာမှာ စီမံကိန်း (Plan) နဲ့ လုပ်ဖို့လိုတယ်။ ပေါ့ပေါ့တန်တန် အလုပ်မလုပ်ဘဲ စီမံကိန်းချပြီးလုပ်ရင် အလုပ်လည်းပြီးတယ်။ စနစ်လည်းကျတယ်။ စာအုပ်တစ်အုပ်ထဲက အကြောင်းအချက်တွေနဲ့ ဒီပြင်စာအုပ်ထဲက အကြောင်းအချက်တွေကို နှိုင်းယှဉ်လေ့လာသင့်တယ်။ ပတ်ဝန်းကျင်ထဲမှာ အတွေ့အကြုံထဲမှာ တွေ့ရတဲ့အကြောင်းအရာများကိုလည်း ထည့်သွင်းတွက်ဆသင့်တယ်" လို့ လှိုင်တို့ဆရာက ပြောပြပါတယ်။

ကျွန်မကတော့ လှိုင်တို့ဆရာကို လှိုင့်နည်းတူ လေးစားပါတယ်။ တချို့ဆရာတွေက အလွယ်လမ်းကို သိပ်လိုက်တတ်ကြပါတယ်။ စာအုပ်ထဲမှာပါတဲ့ သင်ရိုးထဲမှာပါတဲ့ အကြောင်းအရာတွေကို ကျောင်းသားတွေရဲ့စာအုပ်ထဲကို ရောက်သွားရင်ပြီးရောဆိုတဲ့ ပို့ချနည်းကို အသုံးပြုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာများလည်း ရှိတတ်ကြပါတယ်။ အဲဒီသင်ပြနည်းကို သုံးတာက သူတို့ကိုယ်တိုင် တော်တာမတော်တာနဲ့ မဆိုင်ပါဘူး။ သူတို့ကိုယ်တိုင် တော်တဲ့ ဆရာများတောင်မှ အချက်အလက်များကိုသာ တန်းစီပြီးပို့ချသွားတတ်လို့ သူတို့အတန်းကို ကျောင်းသားတွေ သိပ်မတက်တတ်ကြဘဲ သူကိုင်တဲ့စာအုပ်ကိုသာ လိုက်ပြီးဖတ်ကြတာ တက္ကသိုလ်တိုင်းမှာ ရှိတတ်ပါတယ်။

လှိုင်တို့ဆရာက စာအုပ်ကြီးထဲကအတိုင်းဆိုတဲ့ ဆရာမျိုးမဟုတ်ဘဲ တပည့်များရဲ့ စူးစမ်းဆင်ခြင်ဉာဏ်ကို တိုးတက်အောင် တီထွင်ကြံဆတတ်မှုနဲ့ ဖန်တီးတတ်မှုတို့ကို တိုးတက်အောင် လှုံ့ဆော်စည်းရုံးရင်း သင်ခန်းစာကို သင်ပါတယ်။

အဲဒီဆရာက လှိုင်တို့အတန်းမှာသင်ရမယ့် သင်ရိုးထဲက စာများနဲ့ အဆက်အစပ်ရှိတဲ့ အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရင်း အတန်းကြီးလာတဲ့အချိန်မှာမှ သင်ရမယ့်အကြောင်းအရာများကိုပါ သင်ပေးတတ်ပါတယ်။

အတန်းငယ်သေးလို့ ဆရာသင်ပေးတဲ့အကြောင်းအရာတချို့ကို မေ့ချင်လည်း မေ့သွားပါစေ။ သက်ဆိုင်ရာအတန်းကျရင် ပိုပြီးနားလည်လာလိမ့်မယ်လို့လည်း ပြောတတ်ပါသတဲ့။

ကျွန်မက အဲဒီသင်နည်းကို သဘောကျပါတယ်။ ဉာဏ်ရည်ထက်မြက်ရင် ထက်မြက်သလို ပိုပြီးကျယ်ကျယ်ပြန့်ပြန့် သိနိုင်အောင် အသိပညာနယ်ပယ် ဗဟုသုတနယ်ပယ်ကို ခွဲပေးတတ်ကြတဲ့ ဆရာသမားများရဲ့တပည့်များဟာ အမြင်ကျယ်တတ်ကြပါတယ်။

လှိုင်နဲ့ကျွန်မ စကားပြောတဲ့အခါမှာ ကျွန်မက သူပြောသည့် စကားများကိုသာ ထိုင်ပြီးနားထောင်နေသည်မဟုတ်ပါ။ ကျွန်မကလည်း ပြန်ပြီးဆွေးနွေးခဲ့ပါတယ်။

လှိုင်တို့မိသားစုနဲ့ပတ်သက်ပြီး ကျွန်မ ဘာမှဆွေးနွေးစရာမလိုပါ။ သူတို့ဘာသာသူတို့ ကျစ်လျစ်စွာ နေထိုင်တတ်ကြတာကိုပဲ ချီးကျူး

www.burmeseclassic.com

www.burmeseclassic.com



စကား ပြောခဲ့ရပါတယ်။ သားနဲ့သမီးက သူတို့ဘာလုပ်လုပ် အပြစ်တင်မစောတတ်ကြတဲ့ မိဘများကို လေးစားကြပါတယ်။ ဒါကလည်း သားသမီးတိုင်း ဒီလိုပါပဲလို့ ပြောမရနိုင်ပါ။ တချို့က လွှတ်ထားရင် လွတ်တတ်ကြပါတယ်။ လှိုင်တို့ကတော့ ဒီလိုမဟုတ်ပါ။ တစ်ခါက လှိုင်ရဲ့မောင်ကလေးဟာ ကားတစ်စင်းဝယ်တာ မှားသွားပါတယ်။ အဲဒီတော့ ဖေဖေနဲ့ မေမေက မဆူဘဲ စေတနာနဲ့မှားတာပဲကွယ်၊ ဘာတတ်နိုင်မှာလဲဆိုတဲ့ စကားလောက်သာ ပြောပါသတဲ့။ မောင်လေးခမျာ သူ့အမှားအတွက် အဖေနဲ့ အမေကို အားနာလွန်းလို့ ဆူလိုက်ပါလားဗျာ၊ အခုတော့ မဆူဘဲ နေနေတာ ပိုပြီးခံစားရတယ်လို့ ပြောပါသတဲ့။

အဲဒီလိုမိသားစုအတွက် ကျွန်မ ဘယ်လိုအကြံဉာဏ်မှ ပေးစရာမလိုပါ။ ပြည့်စုံပြီးဖြစ်နေပါပြီ။

ဆရာများနဲ့ပတ်သက်ပြီး လှိုင်ပြောပြတဲ့အချက်တွေကို နားထောင်ပြီးတဲ့အခါမှာတော့- သမီးက သိပ်ကိုကံကောင်းတဲ့ကလေးပဲ။ အခုလိုဆရာသမားများ မိဘများနဲ့ ကြုံရဆုံရတယ်ဆိုတာ ကံကောင်းလွန်းလို့သာ ကြုံဆုံရတဲ့ အခွင့်အရေးပါပဲ။ အဲဒီလိုကောင်းနေတဲ့ကံကို ပိုကောင်းအောင်သာ ကြိုးစားနေသင့်ပါတယ် လို့ ကျွန်မက ပြောမိပါတယ်။

လှိုင်က သူတို့ နှုတ်မေးစစ်ဆေးရာတွင် (Viva Voce) ကြုံခဲ့ရသော ဆရာကြီးတစ်ယောက်အကြောင်းကို ပြောပြပါသေးသည်။ လှိုင်တို့ဆရာက ဘယ်သူ့ကိုမဆို ညီညီမျှမျှ ဆက်ဆံတတ်ပေမယ့် စာမေးပွဲစစ်ဖို့လာတဲ့ ဆရာကြီးတစ်ယောက်ကတော့ စာမေးပွဲကိစ္စကအစ အဂတိလိုက်စားတတ်တယ်လို့ နာမည်ကြီးပါတယ်တဲ့။ စာမေးပွဲကို နှုတ်မေးစစ်ဆေးတဲ့နေရာမှာ ကျောင်းသားများကို နာသာခံခက်စေမယ့် စကားလုံးများကို ရွေးပြီးပြောတတ်ကြပါတယ်။ အဲဒီဆရာကြီးက ပြုံးပြုံးကြီးကြည့်ပြီး စာမေးတာကို ရင်ဆိုင်ရတဲ့ ကျောင်းသားများဟာ အလိုလိုစာမေ့ကုန်တတ်ကြပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဆရာဝန်စာရေးဆရာ အေဂျေကရိုနင်ရေးတဲ့ သူ့ဘဝဇာတ်ကြောင်းထဲက စာမေးပွဲဖြေဆိုတဲ့အခန်းကို ဖတ်ခဲ့ရတာကို သတိရလိုက်ပါတယ်။

ပြီးတော့ နာမည်ဆိုး (အဂတိလိုက်စားမှု)နဲ့ နာမည်ကြီးတတ်တဲ့ သူများကို လူအများက ပေါင်းလို့သာပေါင်းနေတာ တကယ်တမ်းမချစ်မနှစ်သက်ဘူးဆိုတာ ကျွန်မက လှိုင့်ကို ပြောပြရပါတယ်။

လှိုင်ကလည်း ဒီလောက်တော့ သိပါတယ်လေ။ စကားအဆက်အစပ်နဲ့မို့ ကျွန်မကပြောတာပါ။ သိက္ခာဆိုတာ အကောင်းဆုံး အဆင်တန်ဆာပါပဲ။ သိက္ခာမရှိ အဂတိလိုက်စားတတ်တယ်လို့ဆိုရင် နေရင်းထိုင်ရင်း အဆင်တန်ဆာမဲ့နေသူလို ဖြစ်နေမှာပါပဲ။ ချက်ချင်းသာလူမသိမယ်၊ ကြာရင်တော့ ကြာလေခက်လေ ဖြစ်မှာပဲလို့ ပြောရပါ တယ်။

သမီးရေ အဲဒီလိုဆန့်ကျင်ဘက် (ကောင်းမှုနဲ့ဆန့်ကျင်ဘက်) အပြုအမူတွေ လုပ်တတ်တဲ့သူတွေဟာ ကိုယ့်ကို ပညာပေးနေတဲ့သူတွေလို့သာ မှတ်လိုက်ပါတော့။ သူတို့ရဲ့အပြုအမူတွေကို ကိုယ်မကြိုက်ဘူး။ တခြားလူတွေလည်း မကြိုက်ဘူး။ အဲဒီတော့ သူလုပ်သမျှကိစ္စကို ကိုယ်က ရှောင်ကြဉ်လိုက်ပေါ့။ အဲသလိုဆိုရင် ကိုယ်ဟာ သူ့လို အများသူငါ မနှစ်သက်စရာကောင်းတဲ့သူ မဟုတ်နိုင်တော့ဘူးပေါ့လို့ ကျွန်မပြောခဲ့ပါတယ်။

လှိုင့်ရဲ့ဆရာများနဲ့ပတ်သက်လို့ ကျွန်မ အလွန်ကျေနပ်အားရမိပါတယ်။ “မြန်မာနိုင်ငံမှာ ဒီလိုဆရာတွေရှိနေသေးတာ အားရစရာကောင်းတယ်နော် သမီး” လို့ ကျွန်မက အားရကျေနပ်စွာ ပြောမိပါသေးတယ်။

*

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင် ပညာတတ်များအနေနဲ့ ကိုယ်တတ်သမျှအကြောင်းတွေကို အခါအားလျော်စွာ အများနားလည်အောင် ရှင်းလင်းပြောပြဖို့ လိုအပ်တယ်ဆိုတဲ့ လှိုင်တို့ဆရာမကြီးရဲ့စကားကို ကျွန်မက ထောက်ခံရင်း "ရှေးခေတ် ဂရိနိုင်ငံမှာ ဟောပြောမှုအတတ်ပညာဆိုတာ သီးသန့်ပို့ချတဲ့ ဘာသာရပ်တစ်ခုပဲ သမီးရဲ့။ မိမိဘာသာတတ်နေလို့ မပြီးဘူး။ မိမိလုပ်ချင်တဲ့အလုပ်တွေကို အထောက်အပံ့ပြုနိုင်တဲ့သူတွေ သဘောပေါက်လာအောင် ပြောပြတတ်ဖို့ဆိုတာ ပညာတစ်ခုပဲ" လို့ ကျွန်မ ပြောမိပြန်ပါတယ်။

ကျွန်မက လှိုင့်ဆရာများကို ထောက်ခံရာမှာ လူနာတစ်ယောက်အနေနဲ့ လူနာအမြင်နဲ့မြင်ပြီး ထောက်ခံတာပါ။ ကိုယ်တိုင် လူနာမကြာခဏဖြစ်ဖူးတယ်။ ကိုယ်နဲ့ပတ်သက်တဲ့လူနာတွေကိုလည်း ကုသပေးခဲ့ဖူးတယ်ဆိုတော့ ဆရာဝန်အမျိုးမျိုးကိုလည်း တွေ့ဖူးခဲ့ပါတယ်။

လှိုင့်ရဲ့ဆရာက "ဆရာဝန်ဆိုတာ ဆေးကုသရုံမကဘဲ လူထုကို အမှားအယွင်းတွေ လက်သင့်မခံအောင် ဆေးပညာလည်း ပေးသင့်တယ်။ ဆေးပညာပေးဖို့ဆိုတာက လူတွေကို ကိုယ်နားလည်မှုဖြစ်မယ်" ဆိုတဲ့ သဘောနဲ့ ပြောတာကို ကျွန်မ အလွန်လက်ခံပါတယ်။ လေးစားစွာလည်း ထောက်ခံပါတယ်။ ကျွန်မ တစ်ခါတုန်းက အပြင်ဆေးခန်းတစ်ခုမှာ မျက်စိပြပါတယ်။ ဆေးခန်းက နာမည်ကြီးဆေးခန်းဖြစ်ပါတယ်။ ဆရာဝန်အခန်းရှေ့မှာ ကျွန်မတို့ အကြာကြီးစောင့်နေရပါတယ်။ ကြာလွန်းတော့ လူလည်းသိပ်မများဘဲ ကြာလှချည်လားပေါ့။

ဆရာဝန်အခန်းထဲကို ရောက်သွားတဲ့အထိ အခန်းထဲမှာ ကျွန်မတို့ရှေ့က လူနာရှိနေပါသေးတယ်။ လူနာကလေးမကလေးတစ်ယောက် ခေါင်းကိုက်လွန်းလို့ မျက်မှန်တပ်သင့်မသင့် လာပြီးစမ်းသပ်တာပါ။ ဆရာဝန်က သေသေချာချာ စမ်းသပ်ရုံမကပါဘူး။ ကလေးမလေးရဲ့ အတန်းကိုလည်း မေးပါတယ်။ စာကျက်နည်းကိုလည်း မေးပါတယ်။ နောက်ပြီး စားနည်းသောက်နည်းကိုလည်း မေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဘယ်လိုစာကျက်သင့်တယ်။ ဘယ်လိုလေ့ကျင့်ခန်းလုပ်သင့်တယ်။ ဘယ်လိုအစားအစာကို စားသင့်တယ်ဆိုတာကအစ ပြောပါတယ်။ စာရွက်ကလေးတစ်ရွက်နဲ့ မှတ်သင့်ရာရာကို ရေးမှတ်ပေးလိုက်ပါတယ်။

ကျွန်မကလည်း အဲဒီဆရာဝန်ကို လေးလေးစားစား ကြည့်နေမိပါတယ်။ တကယ့်ဆရာဝန်ပါလား။ လူနာကို ပညာပေးပြီး ဆေးကုသနေပါကလားလို့ တွေးမိပါတယ်။ လူနာကိုနားလည်ဖို့ဆိုတာက လူနာအတွက် အချိန်ကိုပေးဦးမှ ဖြစ်မှာကိုး။ အဲဒီလူနာကို နားလည်အောင်လေ့လာပြီးတော့လည်း ဆရာဝန်အတွက် ဆေးပညာပေးဖို့ဆိုတာ မခက်ခဲတော့ပါဘူး။

နောက်ပြီး ကျွန်မ ဆက်လက်ထောက်ခံတာက စီမံကိန်း (Plan) နဲ့ အလုပ်လုပ်ရမယ်လို့ လှိုင့်ရဲ့ဆရာပြောတဲ့ စကားဖြစ်ပါတယ်။ ကျွန်မကတော့ ကျောင်းဆရာပီပီ ပြဋ္ဌာန်းချက်သုံးလေ့ရှိပါတယ်။

"အန်တီက စာသင်တာ၊ စာဖတ်တာ၊ စာရေးတာ စတဲ့လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ကျောင်းမှာ ဘာတွေပြီးအောင်လုပ်ရမယ်။ အိမ်မှာ ဘာတွေပြီးအောင်လုပ်ရမယ်ဆိုပြီး ကိုယ့်ကိုယ်ကို ပြဋ္ဌာန်းချက်ပေးပြီး အလုပ်လုပ်လေ့ရှိပါတယ်။ အကြောင်းကြောင်းကြောင့် ပြဋ္ဌာန်းချက်ပြည့်မီအောင် မလုပ်နိုင်တာက ခဏခဏပါပဲ။ တကယ်လို့သာ ကိုယ့်အလုပ်ကို ကိုယ့်ဘာသာ ပြဋ္ဌာန်းမထားရင် လုပ်သင့်တဲ့အလုပ်တွေ ဘယ်လောက်ပြီးသလဲဆိုတာ ဘယ်လိုမှ မသိနိုင်လောက်ပါဘူး"

"အလုပ်ပြီးတယ် မပြီးဘူးဆိုတာကိုသိမှ ပြီးအောင်ဘယ်လိုလပ်ရမလဲဆိုတာ နည်းလမ်းရှာနိုင်တာပေါ့။ အလုပ်ကတော့ လုပ်နေပါရဲ့ ဘယ်လောက်ပြီးလို့ ပြီးမှန်းမသိရင် ဘယ်မှာတိုးတက်အောင် အလုပ်လုပ်နိုင်ပါ့မလဲ။ အဲဒီတော့ အန်တီက သမီးရဲ့ဆရာပြောသလို (Plan) စီမံကိန်းနဲ့ လုပ်ရမယ်ဆိုတဲ့စကားကို သိပ်ထောက်ခံပါတယ်" လို့ ကျွန်မပြောမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဆရာပြောတဲ့စကားကို ထောက်ခံတာမဟုတ်သေးဘဲ သင်ရိုး ထက်ကျော်ပြီး သိသင့်တဲ့အကြောင်းအရာများကို သင်ပေးလိုက်တယ် ဆိုတာကိုလည်း ထောက်ခံခဲ့ပါသေးတယ်။

ကျောင်းသားများရဲ့ အသိပညာနယ်ပယ်ကို ချဲ့မပေးရင် ကျောင်း သားများဟာ ကျဉ်းမြောင်းတဲ့ သင်ရိုးထဲမှာ ညှပ်ပိတ်နေလိမ့်မယ်လို့ ကျွန်မ ပြောမိပါတယ်။

*

လှိုင်နဲ့ စကားပြောတဲ့အခါမှာ အသိပညာနယ်ပယ်ဆိုတဲ့ စကား လုံးတစ်လုံး ပါသွားတာနဲ့ ကျွန်မက မြန်မာတိုင်းရင်းဆေးများအကြောင်း ကို ပြောပြမိပါတယ်။ မြန်မာနိုင်ငံမှာ နှစ်ပေါင်းထောင်နဲ့ချီပြီး လူတွေ နေလာခဲ့တာ တိုင်းရင်းမြန်မာဆေးများနဲ့ နေလာခဲ့တာပါပဲ။ တခြား နိုင်ငံတွေမှာလည်း သူ့ဒေသနဲ့သူ ပေါက်ရောက်တဲ့အပင်များရဲ့ အရွက်၊ အခေါက်၊ အပွင့်၊ အသီး၊ အစေ့ စသည်ဖြင့်ပေါ့လေ။ သဘာဝပေါက်ပင် များက ဆေးဖက်များကိုသုံးတဲ့ ရိုးရာကုသနည်းရှိတာပါပဲ။

“အန်တီကတော့ ခေတ်သစ်ဆေးပညာရဲ့ တိုးတက်မှုကြောင့် အသက်တွေ ကယ်နိုင်တာကြောင့် ဝမ်းသာရပါတယ်။ အထူးသဖြင့် ခွဲစိတ်မှုဆိုင်ရာ ဆေးပညာကြောင့် အန်တီအသက်ရှင်နေတာကိုးသမီးရဲ့။ ဆိုဗီယက်မှာ အန်တီဗိုက်ခွဲခဲ့ရတယ်လေ။ အဲဒီလို ခေတ်သစ်ဆေးပညာရဲ့ ကျေးဇူးကို အောက်မေ့သလို မြန်မာအပါအဝင် နိုင်ငံတကာက တိုင်းရင်း ဆေးပညာ တိုးတက်မှုကိုလည်း ရှေးရှုသင့်တယ်လို့ အန်တီထင်ပါ တယ်”။ အဲဒီစကားကို ဆရာဝန်တွေနဲ့တွေ့တိုင်း ပြောတော့ ဘာမှ ပြန်မပြောပါဘူး။ နောက်တစ်ယောက်ကတော့ ရှင်းတယ်ဟေ့။ သူဟာ မြန်မာဆေးကို လုံးဝမယုံဘူးတဲ့။ အဲသလိုပြောတဲ့လူကိုလည်း အပြစ် မတင်သာပါဘူးလေ။ တိုင်းရင်းဆေးကို အသုံးပြုတဲ့သူတွေ များလာ

www.burmeseclassic.com

www.burmeseclassic.com



သလို တစ်ပွဲတိုးကြော်ငြာနေတဲ့ ဆေးလိမ်ဆေးညာတွေကလည်း ရှိနေတာကိုး။ တကယ်တော့ တကယ့်တိုင်းရင်းဆေးတွေမှာ ဘာတွေပါသလဲ။ ဘယ်လိုအာနိသင်တွေရှိသလဲဆိုတာ ဆရာဝန်များကပဲ သုတေသနပြုနိုင်မယ်လို့ အန်တီတိုက်တွန်းတာပါ။ ပြောချင်တာကတော့ တကယ်အလုပ်လုပ်ရင် လုပ်ချင်စရာအလုပ်မှ အများကြီးပဲဆိုတာကို ပြောချင်တာပါလို့ ကျွန်မကပြောတော့ လှိုင်သက်ထားက စိတ်ဝင်စားပါတယ်။

"သမီးတို့ဆရာတွေကလည်း မြန်မာဆေးကို မပစ်ပယ်ကြပါဘူး။ သမီးတို့အဘွားကအစ တစ်အိမ်လုံးလည်း မြန်မာဆေးကိုပဲ အားထားကြတာပါပဲ" လို့ လှိုင်က ဖြေပါတယ်။

ကျွန်မက "သမီးကငယ်သေးတော့ မီမှာမဟုတ်တော့ဘူး။ အန်တီတို့တောင်မှ အဲဒီတုန်းက တော်တော်ငယ်သေးတာ။ ဆရာဝန်ကြီးတစ်ယောက်က သူရိယကန္တိဆိုတဲ့အမည်နဲ့ စာတွေရေးခဲ့ဖူးတယ်။ အဲဒီလိုရေးတဲ့စာထဲမှာ မြန်မာဆေးနဲ့ အင်္ဂလိပ်ဆေးဆိုပါတော့။ သဘောတူတာက ဘာတွေရှိတယ်။ မတူတာက ဘာတွေ အစရှိဖြင့် နှိုင်းယှဉ်ပြီး ရေးထားတာ ဖတ်လို့သိပ်ကောင်းတာပဲ သမီးရယ်။ ဆရာဝန်ကြီးက ဆုံးသွားလို့ အဲဒီဆောင်းပါးတွေလည်း ပြတ်သွားတယ်။ တကယ်တော့ ဒီပြင်ဆရာဝန်တွေလည်း သုတေသနလုပ်ထားတာတွေ ရှိမှာပေါ့။ အန်တီတို့လို လူပြိန်းတွေနားလည်အောင် ပြန်မရေးကြတာလည်းရှိမယ်။ ရေးတာကို အန်တီမဖတ်မိတာလည်း ရှိမယ်ပေါ့"

"ဘာပဲဖြစ်ဖြစ် သမီးတို့ခေတ်မှာ သုတေသနလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကြဖို့ လိုပါတယ်။ လုပ်ဖို့ကောင်းပါတယ်" လို့ ကျွန်မက ရှည်ရှည်ဝေးဝေး ဆွေးနွေးမိပါတယ်။

လှိုင်ကလည်း သူ စိတ်ဝင်စားပါကြောင်း အားတက်သရော ပြောပါသည်။

"လှိုင်က ကျောင်းစာမှာ မတော်ဘူးအန်တီ" လို့ ပြောတော့ကျွန်မက မအံ့သြပါ။ ကျောင်းစာတစ်ခုကို တော်အောင်ကြိုးစားရတာ ဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



ရည်အခြေခံ ဒီလောက်ရှိနေမှတော့ ခက်ခဲ့လှတဲ့ကိစ္စမဟုတ်ဘူးလို့ ကျွန်မ ယူဆထားတာကြာပြီ။ လှိုင်က စာဖတ်သလို စာလည်းရေး၊ ပြင်သစ်ဘာသာသင်တန်းလည်းတက်၊ စာပေဝါသနာပါသူများနဲ့လည်း တွဲပြီး စာကြောင်းပေကြောင်းပြော စတဲ့အလုပ်တွေ လုပ်နေတော့ စာတော်ခွင့်ရဖို့ အချိန်မလောက်နိုင်ပါ။

"သမီးစာဖတ်တဲ့အချိန်မှာ ဘယ်လိုပုံစံနဲ့ဖတ်သလဲ" လို့ မေးတော့ "သမီးက စာတွေကို အာပူတိုက်ရမှာ စိတ်မသင့်ဘူး။ မှိုငြမ်းစာအုပ်တွေကိုလည်း ဖတ်ပါတယ်။ အဲသလိုဖတ်ထားတော့ စာမေးပွဲဖြေတဲ့အခါမှာ သမီးဖတ်ထားတဲ့အကြောင်းတွေကို ချရေးမိတတ်တယ်။ အဲဒီတော့ မေးခွန်းထဲမှာမေးထားတဲ့ အသားတွေချည်းစီပြီး ကျက်ထားတဲ့သူတွေ ဖြေသလို အမှတ်မရဘူး အန်တီရဲ့" လို့ ပြောပါတယ်။ အဲဒီလိုစကားမျိုး လှိုင့်ဆီကသာမက တခြားကျောင်းသားများဆီကလည်း ကျွန်မ ကြားဖူးထားပြီးသား ဖြစ်ပါတယ်။

စာကို ကျယ်ကျယ်ပြန့်ပြန့်ဖတ်တတ်သူများ အမှတ်နည်းနည်း ရတာကတော့ စနစ်မှာလည်း ချွတ်ယွင်းချင်ရှိနိုင်ပါတယ်။ ဖြေတဲ့သူတွေ မဓာနအကြောင်းကို မရွေးတတ်တာလည်း ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ လှိုင်ကလေးပြောပြသော အချက်တချို့ကိုတော့ ကျွန်မ မထောက်ခံနိုင်ပါ။

"သမီး တစ်နေ့က စာမေးပွဲဖြေတော့ တစ်ပုဒ်ကို မှားပြီးဖြေခဲ့ပါတယ်။ ပြီးတော့ အန်တီရယ် စာမေးပွဲခန်းထဲက ထွက်လည်းလာရော နင်က အပိုင်ရလို့ ဝမ်းသာနေတာပေါ့လေလို့ သူငယ်ချင်းတွေပြောမှ သမီး သိပ်ပိုင်တဲ့အပိုဒ်ကို သမီးလုံးဝမေ့ပြီးမဖြေခဲ့မိဘူး။ တခြားလူတွေသာ ဒီလိုဖြစ်ရင် သေမတတ်ဖြစ်ကြမှာ။ သမီးကတော့ ရယ်နေတာပဲ။ ဘာမှမခံစားရပါဘူး" လို့ လှိုင်က ပြောပါတယ်။ သူ့စကားကို ထပ်တလဲလဲပြောရင်း "တကယ်ပါ၊ သမီး မခံစားရပါဘူးလို့ " လို့ ထပ်ထပ်ပြီး ပြောလာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး မခံစားရတာဟာ ထုံနေတာလား၊ ဒါမှမဟုတ် အချဉ် ပေါက်နေတာလား စဉ်းစားသင့်တယ်။ ဒီလိုမဟုတ် ငါညံ့လို့ ဒီတစ်ခါ ဒီလိုဖြစ်တာ၊ နောက်တစ်ခါ မဖြစ်စေရဘူး။ ဒီတစ်ခါတော့ ဖြစ်ပြီးသား ဖြစ်ပါစေ။ နောက်တစ်ခါ မဖြစ်စေနဲ့လို့ ကိုယ့်ကိုကိုယ် သတိပေးသင့် တယ်။ လူတစ်ယောက်ဟာ ခံစားသင့်တဲ့နေရာ၊ ခံစားသင့်တဲ့အချိန်မှာ မခံစားဘူးဆိုရင် ခံစားမှု ထုံနေရင် မကောင်းဘူး။ အဲသလိုပဲ သူများတွေ ဒီလောက်တောင် သည်းနေတာ ငါက ဘာလို့ သူတို့လိုဖြစ်နေရမှာလဲ ဆိုပြီး ခပ်ချဉ်ချဉ်နဲ့ မခံစားတာဆိုရင် မကောင်းသေးဘူးကွဲ့"

"စာမေးပွဲနဲ့ပတ်သက်ပြီး မခံစားသင့်တာကိုတော့ ရှောင်ရမှာ ပေ့ါ။ ဥပမာ ဖြေလာခဲ့ပြီး ပြန်ပြင်လို့မရနိုင်တဲ့ကိစ္စမျိုးအတွက် အချိန်ကုန် ခံပြီး အဖြေတိုက်နေတာ။ အဖြေတိုက်ကြည့်လို့ မမှန်ရင် ခံစားနေတာ ဟာ နောက်ဆက်ဖြေရမယ့်ဘာသာရပ်မှာ အင်အားလျော့ပါးစေနိုင်တယ်။ အဲဒါကြောင့် ရှောင်သင့်တယ်လို့ အန်တီငယ်ငယ်ကတည်းက ယူဆခဲ့ တယ်သမီးရဲ့။ အဲဒါကြောင့် ဘယ်တော့မှ အဖြေတိုက်မကြည့်ဘူး။ ဖြေပြီးလို့ပြန်လာရင် ဖြေပြီးသားဘာသာရဲ့ မေးခွန်းစာရွက်ကို သေတ္တာ ထည့်ပိတ်ပစ်လိုက်တာပါပဲ"

"အဲသလိုပါပဲ စာမေးပွဲခန်းထဲဝင်ဖို့ မိနစ် ၃၀ လောက်ပဲ လို တော့တယ်ဆိုရင် ဘာစာအုပ်ကိုမှ ကိုင်မထားတော့ဘဲ အေးအေး ဆေးဆေးပဲ ထိုင်နေလိုက်တာပါပဲ။ ကျက်ထားတဲ့အထဲက စာတွေကို မမေ့အောင် ပြန်တွေးချင်တွေးနေလိုက်တာပေ့ါ။" ဟု ကျွန်မကပြောတော့ လှိုင်ကလည်း "သမီးလည်း အဲဒီလိုပဲအန်တီ၊ စာအုပ်ကြီးတကိုင်ကိုင်နဲ့ တွတ်တွတ် တွတ်တွတ် ရွက်နေရမှာ မကြိုက်ဘူး" လို့ ဆိုပါတယ်။ ကျွန်မ သတိပေးသလို မထုံဖို့ အချဉ်မပေါက်ဖို့ကိုလည်း သတိထားရ မယ်လို့ ပြောပါသေးတယ်။

အဲဒီနောက်တော့ စာမေးပွဲမှာ အမှတ်ကောင်းကောင်းရတိုင်း စာတတ်တယ်၊ ဘာသာရပ်ကျွမ်းကျင်တယ်လို့ မဆိုနိုင်တာ အများက

www.burmeseclassic.com

www.burmeseclassic.com



သိကြမှာပါပဲ။ ဒါပေမဲ့ စာတော်တဲ့သူ စာကယ်တတ်တဲ့သူဆိုရင် အမှတ်များများရအောင် ဖြေဖို့ရာ မခက်ပါဘူးလို့ ကျွန်မယုံပါတယ်။

ကျွဲကူးရင် ရေပါတယ်ဆိုတဲ့ ဆိုရိုးစကားအတိုင်းပါပဲ။ စာမေးပွဲမှာ မေးထားတဲ့မေးခွန်းကို ကောင်းစွာနားလည်ဖို့ မေးထားတဲ့အကြောင်းတွေကို ထိထိမိမိရှိအောင် ဖြေဆိုဖို့ဆိုတာ စာတကယ်တော်သောသူများ၊ စာကြိုးစားထားသူများ မလုပ်နိုင်စရာ အကြောင်းမရှိပါ။ ကျွန်မက လှိုင့်ကို ကိုယ်တွေ့နဲ့ယှဉ်ပြီး ပြောပြပါတယ်။

"သမီးကို ကိုယ်တွေ့နဲ့ယှဉ်ပြီး တစ်ခုပြောပြချင်ပါတယ်။ အန်တီက ဒဿနိကဗေဒနဲ့ မဟာဝိဇ္ဇာကို တက်ချင်ခဲ့တယ်။ အန်တီတို့ခေတ်က ဘာသာတွဲယူရတာ ကိုယ်ကြိုက်တဲ့ဘာသာတွဲကို ကိုယ့်ဘာသာကိုယ် ရွေးပြီးယူရတာ။ ဒဿနိကနဲ့ မဟာဝိဇ္ဇာတက်ချင်တယ် ဆိုတာကလည်း တက်ချင်လို့တက်တာပဲ ဖြစ်မယ်။ နို့မဟုတ်ရင် ဘာသာတွဲထဲက ကြိုက်ရာဘာသာနဲ့ မဟာဝိဇ္ဇာဘွဲ့ကို ယူနိုင်ပါတယ်။"

ဒါပေမဲ့ သမီးရေ အန်တီအလွန်စိတ်ဝင်စားပြီး အန်တီဆွေးနွေးရင် ဆရာများကတောင် အလေးထားရတယ်လို့ဆိုတဲ့ ဘာသာရပ်မှာ မဟာဝိဇ္ဇာတက်နိုင်တဲ့ အမှတ်မရခဲ့ပါဘူး။

အဲဒီအချိန်က ဘီအေအောင်ရုံနဲ့ အထက်တန်းပြဆရာမ ရနိုင်ပါတယ်။ ဒါပေမဲ့ ကိုယ်ကိုယ်၌က ဆက်သင်ချင်နေသေးတာကတစ်ကြောင်း အိမ်ကလည်း ဆရာမလုပ်တာကြိုက်တာ။ တစ်ခါတည်း ဘီအီးဒီဆက်တက်ခဲ့လို့ ပြောတာတစ်ကြောင်းနဲ့ ဘီအီးဒီကို ဆက်တက်ခဲ့တယ်၊ အန်တီတို့ခေတ်က ဘီအီးဒီဘွဲ့ရဖို့က ၂ နှစ်၊ ဒီပလိုမာနဲ့ပဲ ကျောင်းဆင်းချင်လည်းရတယ်၊ တစ်နှစ်ပဲ။

"အန်တီ ဘီအီးဒီဆက်တက်တဲ့အချိန်မှာ စိတ်ပျော်ပျော်ရွှင်ရွှင်နဲ့ တက်ခဲ့တာတော့ မဟုတ်ပါဘူး။ ပညာရေးရောက်တော့လည်း မူလဓာတ်ခံက ပျက်သလိုဖြစ်သွားပြီဆိုတော့ ခပ်ပေါ့ပေါ့ ဖြစ်နေသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးနှစ်ကျရင် ငါဘာယ်လိုလုပ်ရမလဲ၊ ဒီပလိုမာတန်းပေ့ါလေ။ ပထမနှစ်မှာတောင် စာကို အလောတကြီး စာမေးပွဲနီးမှ ကျက်ရပြီး အဆင့် ၁၀ ရခဲ့သေးတယ်ဆိုတော့ ဒုတိယနှစ်မှာ ငါ သေသေချာချာ စာကြိုးစားရင် အဆင့်တွေ တက်သွားနိုင်တယ်”

“အဲဒီတော့ ငါဘာလုပ်ချင်သလဲ၊ ပညာရှာတဲ့နေရာမှာ အမြင့်ကို တက်ချင်သေးတယ်။ နောက်ဆုံးနှစ်ကျတော့ အန်တီဆုံးဖြတ်ချက် တစ်ခုချလိုက်ပါတယ်။ ဘီအီးဒီဘွဲ့ကို ငါ အမှတ်ကောင်းကောင်းနဲ့ ရအောင်လုပ်မှပဲ” ပေ့ါ။

“နောက်တော့လည်း စာသင်တဲ့ပထမနေ့ကတည်းက စနစ်တကျ စာကျက်တဲ့ မအယ်နီနဲ့ မခင်ခင်ဦးတို့ကို တွေ့တာနဲ့ အံကိုက် ဖြစ်သွားပါတယ်။ ဘယ်နေရာမှာမဆို ကလျာဏမိတ္တလိုတယ်သမီးရဲ့။ အယ်နီဟာ အန်တီအတွက်ရော အန်တီတို့စာကျက်ဖော်တွေအတွက်ရော တကယ့် ကလျာဏမိတ္တပဲသမီးရဲ့။ အန်တီက မှတ်စုကို မီအောင်လိုက် မကူးတတ်ဘူး။ ဒါပေမဲ့ မှိုငြမ်းစာအုပ်တွေကို ထပ်ပြီးဖတ်သေးတယ်။ အယ်နီက ဆရာသင်တဲ့အကြောင်းအရာတွေကို တစ်ခုမကျန် လိုက်ကူး ခဲ့တယ်။ ပြီးတော့ အန်တီတို့လို ပျင်းတွေကို ပြန်ပြီးဦးဆောင်ဆွေးနွေး ပြရတယ်။ အန်တီက တောင်မေး မြောက်မေး မေးတာကိုလည်း မညည်း ညူစတမ်း အဖြေပေးရှာပါတယ်။ ဆွေးနွေးပေးရှာတယ်။ အန်တီ နော်ဆုံးနှစ်မှာ အမှတ်ကောင်းတာက အယ်နီတို့လို ကလျာဏမိတ္တနဲ့ တွေ့ပြီး စနစ်တကျ စာကျက်ခဲ့လို့ပါပဲ။ ပြီးတော့ ပိုပြီးဝမ်းသာစရာ ကောင်းတာက အန်တီတို့ခေတ်က နိုင်ငံခြားကိုလွှတ်ဖို့ ရွေးတဲ့အခါမှာ စာမေးပွဲထပ်မဖြေရဘဲ နောက်ဆုံးနှစ်ရမှတ်ကို ကြည့်ပြီး ရွေးတာပဲ”

“အမှတ်ကောင်းကောင်းရတိုင်း တော်တာမဟုတ်ဘူးလို့ ခပ်ချဉ် ချဉ်မတွေးဘဲ စာတော်တဲ့သူ၊ အတွေးအမြင် ထက်မြက်တဲ့သူတွေဟာ အမှတ်ကောင်းကောင်းရဖို့ မခက်ခဲ့ဘူးဆိုတဲ့ အတွေးမျိုးကိုတွေးပြီး

www.burmeseclassic.com

www.burmeseclassic.com



စာလည်းတော်အောင် အမှတ်လည်းကောင်းအောင် ကြိုးစားပါ” လို့ ကျွန်မက လှိုင့်ကို ကိုယ်နဲ့ယှဉ်ပြီး သတိပေးဆွေးနွေးခဲ့ပါတယ်။

လှိုင်ကလေးက မျက်နှာထားရွှင်ရွှင်နဲ့ ဟုတ်ကဲ့လိုက်ပါတယ်။

*

လှိုင်က သူဟာ စာမတော်ပေမယ့် လူနာများနဲ့ ဆက်ဆံတဲ့အခါမှာ အထူးအဆင်ပြေတယ်လို့ ပြောပါတယ်။ သူက ဆေးရုံကလူနာများရဲ့ ရောဂါမှတ်တမ်းကို ရအောင်ယူတဲ့နေရာမှာ လူနာကိုယ်တိုင်က သူ့အကြောင်းကို လိုလိုချင်ချင်ပြောလာအောင် မေးနိုင်လို့ လူနာတွေနဲ့ တွေ့ဖို့ဆိုရင် သူနဲ့အတူလိုက်လိုတဲ့ သူငယ်ချင်းတွေမှ အများကြီးပါပဲတဲ့။

လှိုင်ကလေးက သူ့အစွမ်းကို သူ ဝမ်းသာအားရ ပြောပြတာကို ကျွန်မကလည်း ဝမ်းသာအားရ နားထောင်ခဲ့ပါတယ်။ သူက လူနာရဲ့ ကိုယ်ရေးရာဇဝင်၊ ရောဂါရာဇဝင်မှတ်တမ်းအတွက် မေးခွန်းတွေမေးတဲ့အခါမှာ စာအုပ်ကြီးထဲကအတိုင်းဆိုသလို အစဉ်လိုက်မေးမနေပါဘူးတဲ့။ ပထမ လူနာနားကို ကပ်သွားမိတာနဲ့ လူနာဘာစာအုပ်ကို ဖတ်နေသလဲ၊ ဘာလုပ်နေသလဲဆိုတာကို အကဲခတ်ပါသတဲ့။ လူနာရဲ့ အသွင်အပြင်ဟန်ပန်တွေကို အကဲခတ်ပါသတဲ့။ အဲဒီလိုနဲ့ သူမေးလိုတဲ့မေးခွန်းကလေးတွေကို မေးပါသတဲ့။

“လူနာက စိတ်အချဉ်ပေါက်သွားရင် ဒုက္ခပဲအန်တီရဲ့။ သူက မမှန်တာကို ပြောချလိုက်တာမျိုး၊ မပြောဘဲနေတာမျိုးလုပ်လိုက်ရင် သမီးတို့ ဘယ်လိုလုပ်မလဲ။ အဲဒါကြောင့် သမီးက သူတို့စိတ်ချမ်းသာအောင် သူတို့ယုံကြည်လာအောင် မေးတယ်။ မေးလို့ရတာတွေကို ကိုယ့်ဘာသာကိုယ် အစီအစဉ်အတိုင်း ပြန်ရေးလိုက်ရင် ပြီးတာပဲအန်တီရဲ့” လို့ လှိုင်ကလေးက ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူနာရဲ့ရောဂါဇစ်မြစ်နဲ့ပတ်သက်ပြီး မေးမြန်းတဲ့ကိစ္စကို ကျွန်မ စိတ်ဝင်စားပါတယ်။ ကျွန်မရဲ့မောင်လေးနဲ့ ပတ်သက်တဲ့အကြောင်းတွေကို လှိုင်သက်ထားကို ပြောပြရပါသေးတယ်။ မောင်လေးက ခေါင်းလည်းမကိုက်၊ အန်လည်းမအန်ဘဲ အကောင်းပတိနေပြီး သူ့ရဲ့မျက်စိတစ်လုံးကွယ်နေတာကို သိလိုက်ရပါတယ်။ ကိုယ့်မျက်စိတစ်ဖက်ကွယ်နေတာကို ကွယ်မှပဲသိလိုက်ရတဲ့ လူနာကလည်း ရှားပါလိမ့်မယ်။

မျက်စိတစ်ဖက်ကွယ်နေတာကို သိလိုက်ရတဲ့ခဏမှာ လူနာက ဆေးပညာနဲ့မကျွမ်းတော့ မျက်စိကုဆရာဝန်ဆီကိုပဲ သွားပြမှာပါပဲ။ မောင်လေးလည်း မျက်စိကုဆရာဝန်ဆီကိုပဲ သွားတာပေါ့။ မျက်စိကုဆရာဝန်ကလည်း အထူးကုပါပဲ။ မျက်စိကိုသာ ဆေးအမျိုးမျိုးနဲ့ ကုပေးခဲ့ပါတယ်။ ဒါပေမဲ့ မကြောင်းထူးမလာပါဘူး။

နောက် မျက်စိကုဆရာဝန်ကြီးဆီကို သွားကြတော့ ကျွန်မ ပါပါတယ်။ ဆရာဝန်ကြီးက လူနာကို စကားဟဟမပြောပါ။ လူနာကလည်း သိပ်မပြောတတ်ပါ။ ကျွန်မတို့လူအကောင်လိုက် သူ၏အခန်းထဲကို ရောက်နေတယ်ဆိုတာကိုပင် သတိထားမိပုံမပြခဲ့ပါ။

နောက်ဆုံးတော့ ကျွန်မကပင် လူနာရဲ့အစ်မပါလို့ ဇွတ်ဝင်မိတ်ဆက်ရပါတယ်။ ပြီးတော့ မပြောသင့်တာ ပြောတယ်ဆိုရင်လည်း ခွင့်လွှတ်ပါလို့တောင်းပန်ပြီး လူနာမှာ ပန်းသေရောဂါရှိနေတဲ့အကြောင်း ပြောပြလိုက်ရပါတယ်။

အဲဒီတော့မှ ဆရာဝန်ကြီးက "နားလည်ပြီ၊ နားလည်ပြီ" လို့ ပြောပြီး ချက်ချင်းလိုပဲ ခေါင်းပိုင်းကို ဓာတ်မှန်ရိုက်ပါလို့ ခိုင်းပါတယ်။ နောက်တစ်နေ့မှာ ဦးနှောက်နဲ့ အာရုံကြောရောဂါ အထူးကုဆရာဝန်ကြီးဆီကို အသွားခိုင်းပါတယ်။ အဲဒီတော့မှပဲ ကျွန်မရဲ့မောင်လေးမှာ ဦးနှောက်အကျိတ်ရောဂါ ခံစားနေရတယ်ဆိုတာ သိလိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ကို ခွဲစိတ်ကုသရပါတယ်။ မျက်စိတစ်ဖက်ကတော့ မမြင်ရတော့ပါဘူး။ တစ်နှစ်လောက်စောသိရင် မျက်စိကို ကယ်နိုင်လောက်တယ်လို့ ကျွန်မစိတ်ထဲမှာ စွဲနေပါသေးတယ်။

"သမီးရယ်၊ လူနာကို အဖက်လုပ်ပြီး စကားဝေဝေဆာဆာပြောတဲ့အကျင့်၊ လူနာရဲ့ရောဂါဇစ်မြစ်ကို သေသေချာချာလေ့လာတဲ့အကျင့် သမီးဆရာဝန်ကြီးဖြစ်သွားတဲ့အထိ ရှင်သန်နေပါစေလို့ အန်တီဆုတောင်းပါတယ်။ လူနာတိုင်း အသိအမြင်မပွင့်လင်းကြဘူး သမီးရဲ့။ အဲဒီတော့ ဆရာဝန်က ဖြစ်နိုင်ချေရှိတဲ့ ကိစ္စဟူသမျှကိုတော့ ရှေ့ကလမ်းကြောင်းပေးပြီး မေးမှပေါ့"

လှိုင့်ကို ဆေးပညာကို ဘာလို့ ငယ်ငယ်ကတည်းက စိတ်ဝင်စားတာလဲဆိုတဲ့ မေးခွန်းကို ကျွန်မမေးတာ သူနဲ့စပြီး စကားပြောကတည်းကပါပဲ။ လှိုင်ကလည်း အစောကတည်းက ဖြေခဲ့ပါတယ်။ ပြီးတော့ ဆရာဝန်ဖြစ်တဲ့အခါမှာ ဆက်လုပ်ချင်တဲ့ ကိစ္စတစ်ခုလည်း ပြောပြခဲ့ပါသေးတယ်။ ပြောပြတဲ့ သူ့ရည်ရွယ်ချက်က သိပ်ကောင်းနေတဲ့အတွက် တစုတစည်းတည်းဖြစ်အောင် နောက်ချန်ပြီး ပြောရပါတယ်။

လှိုင်ပြောပြတဲ့ သူ့အကြောင်းက မွေးကတည်းက စပါတယ်။ သူက အမွှာမွေးထဲက တစ်ယောက်ဖြစ်ပါတယ်။ သူ့မေမေက အမွှာကိုယ်ဝန်ကို ဆောင်ထားရလို့ ဗိုက်ကြီးက တအားဖောင်းနေတာနဲ့ ဆရာဝန်က သန္ဓေသားက သိပ်ထွားနေတယ်။ သိပ်မစားနဲ့လို့ တားထားပါသတဲ့။

"တကယ်တော့ သမီးတို့ဟာ  အမေ့ဗိုက်ထဲမှာ အစားမဝဘဲ နေခဲ့ရမှာပေါ့ သမီးရဲ့။ အမေ့ခမျာလည်း ပင်ပန်းမှာပေါ့။ သမီးတို့ မွေးတော့ ရန်ကုန်မှာပါပဲ။ (နာမည်ကျော် ဆေးရုံကြီးတစ်ရုံရဲ့အမည်ကို ကျွန်မ ချန်ထားပါရစေ) တာဝန်ကျဆရာမက ခပ်လီလီ လှိုင့်ကိုမွေးပေးပြီးတဲ့အခါမှာ ကလေးလေးတစ်ယောက် အမေ့ဗိုက်ထဲမှာ ကျန်နေ

www.burmeseclassic.com

www.burmeseclassic.com



သေးတာကို မသိပါဘူးတဲ့။ သူနာပြုဆရာမက ကလေးတစ်ယောက် ကျန်နေသေးတယ်လို့ ပြောကာမှ ဆရာဝန်က သတိထားမိတာတဲ့။ နောက်မွေးတဲ့ကလေးလည်း မိန်းကလေးပါပဲ။ ၁၈ ရက်အရမှာ သေသွားပါတယ်။ မေမေကတော့ သူ့အသက်ကို ကယ်လိုက်တာ သူနာပြုဆရာမပဲလို့ ပြောလေ့ရှိပါတယ်။”

၁၉၇၀ ဝန်းကျင်လောက်မှာ အမြွှာကိုယ်ဝန်ကို မသိဘဲနေခဲ့တာကတော့ ဆန်းတယ်လို့ပဲ ပြောရမယ်ထင်ပါရဲ့။ တောမှာ လက်သည်နဲ့ မွေးတာလည်းမဟုတ် ဆရာဝန်ကို မပြဘဲနေခဲ့တာလည်းမဟုတ်ဘဲ အမြွှာညီမတစ်ယောက်ကို ဆုံးခဲ့ရတဲ့အဖြစ်ကို လှိုင့်မနောမှာ စွဲထင်နေခဲ့ပုံပေါ်ပါတယ်။ ဒါပေမဲ့ ဒါတွေဟာ ဖြစ်တတ်ပါတယ်လေလို့ လှိုင်က ပြောပါတယ်။

ဒါပေမဲ့ ငယ်ငယ်ကတည်းက ဆရာဝန်ဖြစ်ချင်နေခဲ့တာဟာ အဲဒီအချက်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ “သမီးက ဆရာဝန်ဖြစ်ချင်တယ်ဆိုပြီး ဖြစ်ချင်လို့ကြိုးစားတာမဟုတ်ဘူး။ ဖြစ်ကိုဖြစ်ရမယ်ဆိုတာ သိနေလို့ ကြိုးစားတာလို့ လှိုင်က အထူးပြုပြီး ပြောတတ်ပါသေးတယ်။ ကြိုးစားတယ်လို့ ဆိုတဲ့နေရာမှာ ဒါမှဒါဆိုပြီး အတင်းကြိုးစားနေတာလဲ မဟုတ်ဘူးလို့ ဆက်ပြောပါသေးတယ်။”

လှိုင် ဆေးကျောင်းရောက်လို့ တွဲမိတဲ့ ဆရာဝန်လောင်း သူငယ်ချင်းထဲမှာ မြန်မာပြည်သူဖြစ်ရတာ မကျေနပ်တဲ့သူ ပါနေတယ်လို့ ဆိုပါတယ်။ နိုင်ငံခြားကို ထွက်ရမယ်ဆိုရင် ဘယ်ပုံနဲ့ပဲထွက်ရထွက်ရပါလို့ ပြောတတ်သေးတယ်လို့ ဆိုပါတယ်။ နိုင်ငံခြားကိုရောက်ရင် ဆေးကျောင်းတက်ဖို့ အလွန်ခက်ခဲတယ်ဆိုတဲ့ အကြောင်းကိုလည်း အဲဒီဒွေးတော်လွမ်းသူကလေးက သိနေပါတယ်။ နိုင်ငံခြားကိုရောက်ရင် ရရာဘာသာရပ်ကိုယူဖို့အထိ စိတ်ကိုလျှော့ထားပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားကိုထွက်ရဖို့ ကိုးကွယ်ယုံကြည်မှုကို ပြောင်းရင်လွယ်တယ်လို့ သူငယ်ချင်းက ပြောတဲ့အခါမှာ လှိုင်က စိတ်ဆင်းရဲလှပါတယ်လို့ ဖွင့်ပြောရှာပါတယ်။

"မြန်မာနိုင်ငံမှာလည်း လူတော်တွေအများကြီးရှိပါတယ် အန်တီရယ်၊ အခုအချိန်မှာတော့ အခြေအနေက သိပ်မတိုးတက်သေးဘူးပေါ့။ ဒါပေမဲ့ ကိုယ့်ဘာသာကိုယ် ကြိုးစားရင်လည်း တိုးတက်လာနိုင်ပါတယ်ဆိုတာ သမီးက ပြချင်တယ်" လို့ လှိုင်က မခံချိမခံသာနဲ့ ပြောပြပါတယ်။

လှိုင့်အဖို့ ပြောပြခဲ့တဲ့အကြောင်းတွေက တွန်းအားများ ဖြစ်လာကြပါတယ်။ ဆေးရုံအတွေ့အကြုံ ရလာတဲ့အချိန်မှာ လှိုင်အလွန်ခံစားရပါတယ်။ ဆေးရုံတွေမှာ ဆရာဝန်က မပြည့်စုံ၊ ဆေးဝါးပစ္စည်း၊ ဆေးကိရိယာတို့ကလည်း မပြည့်စုံ။ ဆရာဝန်တွေကလည်း အလုပ်ပိနေလေတော့ မိမိကိုယ်ကိုမိမိ ပညာရပ်ပြည့်ဝနေအောင် မကြိုးစားနိုင်တော့ဘဲ အလုပ်ဖြစ်ရေးကိုသာ ဦးတည်နေကြရတာနဲ့ သူတို့ရဲ့ဆေးပညာအရည်အသွေးတွေ ကျကျလာနေကြပါတယ်လို့ လှိုင်က ပြောပါတယ်။

လှိုင့်ကိုယ်တွေ့ပြောရမယ်ဆိုရင် ဆေးရုံမှာ ပစ္စည်းမပြည့်စုံတော့ တွေ့ရာပစ္စည်းများကို သုံးရပါတယ်။ အဲဒီပစ္စည်းများက သန့်စင်ထားတာမဟုတ်တော့ ပြင်ပကပိုးတွေ လူနာမှာဝင်ပြီး ပိုဆိုးတဲ့ဒုက္ခကို ရင်ဆိုင်ကြရပါတယ်။ လူနာများအနေနဲ့ မသိနားမလည်တဲ့အတွက် အာဟာရဓာတ်ပြည့်အောင် မစားတတ်တာရော၊ စားတတ်ပါလျက် မစားနိုင်တာရော ပေါင်းလိုက်တော့ ရောဂါပေါင်းစုံဝင်ပြီး အခြေအနေဆိုးတွေနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

အဲဒီအခြေအနေတွေကို မြင်ရတဲ့အခါမှာ လှိုင်ဟာ အလွန်ထင်းတဲ့ အိပ်မက်တစ်ခုကို မျက်စိဖွင့်ရင်း မက်တော့တာပါပဲ။ ဒေါက်တာလှိုင်သက်ထားဖြစ်လာတဲ့အချိန်မှာ အမျိုးသမီး၊ မြန်မာအမျိုးသမီးဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဝန်မလို့ သေသေချာချာပြောရမယ့်အချိန်မှာ ပုဂ္ဂလိကဆေးရုံတစ်ရုံကို ဦးဆောင်ပြီး ဆောက်လုပ်မယ်ဆိုတာကတော့ မျက်စိဖွင့်ရင်းမက်တဲ့ လှိုင့်ရဲ့အိပ်မက် ဖြစ်ပါတယ်။

"သမီးဆေးရုံက အခုရှိနေတဲ့ ပုဂ္ဂလိကဆေးရုံတွေထက်လည်း ကြီးရမယ်။ ပြီးတော့ ဓာတ်ခွဲစမ်းသပ်မှုတွေလုပ်နေမယ့် သုတေသနဌာန တစ်ခုလည်း ပေါင်းပြီးဖွင့်ထားဦးမယ်။ နိုင်ငံခြားနဲ့ ဆက်သွယ်ပြီး အတွေ့အကြုံဖလှယ်ပွဲတွေမှာ တက်နေတဲ့ မြန်မာအမျိုးသမီးတစ်ယောက် ကို သမီး ခဏခဏ အိပ်မက်မက်မိပါတယ်" လို့ လှိုင်ကပြောတော့ ကျွန်မ သူ့ကို တအံ့တသြကြည့်မိပါတယ်။

အဲသလိုအိပ်မက်မျိုး မက်တဲ့သူတွေ လူငယ်တွေကို ကျွန်မတို့ မသရော်သင့်ပါဘူး၊ လေးစားသင့်ပါတယ်။ အိပ်မက်တောင်မှ တခမ်း တနား မမက်တတ်ရင် ဘာမှဖြစ်လာဖို့မလွယ်ပါဘူး။ ပြောရင်းနဲ့ ကျွန်မ သုတသနတစ်ခု လုပ်ချင်လာပါတယ်။ "အောင်မြင်သူများ ငယ်ငယ်က မက်ခဲ့သော အိပ်မက်များ" ဆိုတဲ့ ခေါင်းစဉ်နဲ့လေ။

လှိုင်ဆိုတဲ့ မိန်းကလေးပြောတဲ့ ဖြစ်ချင်လို့လုပ်နေတာမဟုတ် ဘူး။ဖြစ်မယ်ဆိုတာ သေချာလို့ လုပ်နေတာဆိုတဲ့စကားကို သူဆက်ပြော တဲ့ သူ့စကားတွေ နားထောင်ရင်း ကျွန်မ သတိရလိုက်ပါတယ်။ ဒါဟာ အသက်နှစ်ဆယ်ကျော် အစိတ်ပိုင်းဝင်စ လူငယ်တစ်ယောက်ရဲ့ အားပါ သော စကားပါပဲ။ ဒီစကားကို ကျွန်မတို့လူကြီးများ အလေးထားရပါ မယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီစကားကို အဲဒီအတိုင်းမပြောရင်တောင် မှ အဲဒီလိုသဘောမျိုးနဲ့ ကျွန်မတို့ အခါများစွာ ပြောခဲ့ဖူးတယ်လေ။

ကျွန်မက "သမီးရဲ့စကားတွေကို အန်တီသဘောကျလိုက်တာ ကွယ်။ ဒါပေမဲ့ သမီးကို သတိပေးစရာစကားတစ်ခုရှိတယ်။ ပုံလည်း ပြောရတာပေါ့ကွဲ့။ ၁၉၆၅ ခုလောက်က ထင်ပါရဲ့၊ အဲဒီပတ်ဝန်းကျင် လောက်မှာ ကွယ်လွန်သွားတဲ့ ဆရာဝန်ကြီးတစ်ယောက်ရဲ့နာမည်က ဒေါက်တာ အယ်လ်ဘတ်ရွိုက်ဇာတဲ့။ ဂျာမန်နိုင်ငံသားပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ နိုဗယ်ဆုကို ရခဲ့တယ်။ သူဟာ ငယ်ငယ်ကတည်းက လူအများကို ချစ်ခင်သနားတတ်တယ်။ စာနာတတ်တယ်။ သူနဲ့အားပြိုင်ဖို့ လက်အတွန်းပြိုင်တဲ့ကလေးက မင်းတို့လိုသာ အသားပါတဲ့ စွပ်ပြုတ်အမြဲသောက်ရလို့ကတော့ မင်းကို ငါနိုင်တာပေါ့ကွာဆိုတဲ့ စကားက အယ်လ်ဘတ်ရှိုက်ဇာရဲ့စိတ်ကို သိပ်ထိခိုက်စေခဲ့တယ်။ သူဟာ အသားပါတဲ့စွပ်ပြုတ်ကို မစားနိုင်လောင်အောင်တောင် ခံစားသွားခဲ့တာတဲ့ သမီးရဲ့။ ဒါ့အပြင် သူများကလေးတွေနဲ့အတူတူပဲ ဝတ်လေ့စားလေ့ရှိသတဲ့။ သူများတွေမဝတ်နိုင်တဲ့ အနွေးအကျီဆိုရင် သူလည်းမဝတ်ဘူးတဲ့။

သူဟာ စာတော်တဲ့သူငယ်တစ်ယောက်ဖြစ်တဲ့အတွက် သာသနာရေးဆိုင်ရာ ပါရဂူဘွဲ့ (Doctor of Divinity) ကို ရခဲ့ပါတယ်။ အဲဒီနောက် ပါမောက္ခတစ်ယောက်အနေနဲ့ အမှုထမ်းခဲ့ပါတယ်။ သူဟာ စာမှာတွင်တော်တာမဟုတ်ပါဘူး။ ပီယာနိုကိုလည်း တကယ့်ပညာရှင်များ ချီးကျူးလောက်အောင် တီးနိုင်ပါတယ်တဲ့။”

“သူဟာ အဲဒီလို ပါမောက္ခတစ်ယောက်အနေနဲ့ အမှုထမ်းနေတဲ့အခါမှာ သတင်းစာတစ်စောင်ကို ဖတ်မိပါသတဲ့။ သတင်းစာထဲမှာပါတာကတော့ အာဖရိကတိုက်အလယ်ပိုင်းမှာ ကပ်ရောဂါတစ်မျိုး ကျရောက်နေလို့ လူအများကြီး သေကျေနေကြတဲ့သတင်း ဖြစ်ပါတယ်။ အခုလည်း ဖိုင်ယာနိုင်ငံမှာ အီဘိုလာဗိုင်းရပ်စ်ကြောင့် ကပ်ရောဂါတွေဖြစ်နေတယ်မဟုတ်လား၊ အဲသလိုပဲပေါ့။

ဒေါက်တာရှိုက်ဇာဟာ အဲဒီသတင်းကို ဖတ်ပြီးတဲ့အခါမှာ သဘောတရားတွေကို ပို့ချနေရတဲ့ သူ့ဘဝကို သူမကျေနပ်တော့ပါဘူး။ အဲဒါကြောင့် ဆေးကျောင်းကို ပြန်တက်ပါတယ်။ အပူပိုင်းဆေးပညာကို သင်ယူပါတယ်။ ဆေးကျောင်းမှာ စိတ်တူကိုယ်တူ ပါရမီဖြည့်ပေးမယ့် အမျိုးသမီးတစ်ယောက်နဲ့တွေ့ပြီး လက်ဆက်ခဲ့ပါတယ်။ အသက် ၄၀

www.burmeseclassic.com

www.burmeseclassic.com



မှာ ဆရာဝန်ဖြစ်လာတဲ့ ဒေါက်တာရွိုက်ဇာ (အခုမှ ဒေါက်တာဖြစ်တာ မဟုတ်ဘူးနော်၊ ပထမတစ်ခါကတည်းက ပီအိပ်ချ်ဒီဘွဲ့ ရပြီးသား ဒေါက်တာဖြစ်ပြီးသားနော်) ဟာ ဇနီးရဲ့ လိုအပ်တဲ့ဆေးဝါးများရယ်၊ လိုအပ်တယ်ထင်လို့ ယူသွားတဲ့ လူသုံးကုန်ပစ္စည်းများရယ် အစရှိတဲ့ ဝန်စည်စလယ်များနဲ့ အာဖရိကကို ထွက်ခွာခဲ့ပါတယ်။

သူ့အဖြစ်ဟာ စစ်ကြောင့် ဆိုးဝါးခဲ့တာ၊ စစ်အတွင်းမှာ ဂျာမန်နိုင်ငံသားဖြစ်လို့ အထိန်းသိမ်းခံရတာကို ထည့်မပြောတော့ပါဘူး

သမီးကို အထူးပြုပြီးပြောချင်တာက ဒေါက်တာရွိုက်ဇာကိုယ်တိုင် ပင်ပန်းကြီးစွာနဲ့ ဆေးရုံလုပ်ဖို့ အဆောက်အအုံတွေကို ဦးဆောင်ပြီး ဆောက်လုပ်တဲ့အခါမှာ ဆေးကုသခံရမယ့် အာဖရိကန်လူမျိုးတွေက အသိအမြင် မပွင့်လင်းသေးဘဲကိုး။ အဲဒီတော့ ကူညီညာလုပ်မပေးဘဲ လုပ်ခပေးထားပါလျက်နဲ့ အိပ်နေကြသေးတာတဲ့။”

“သမီးရေ၊ အဲဒီလိုအဖြစ်မျိုးနဲ့ ကြုံရပေမယ့် လေးတိုင်စင်သာသာ အဆောက်အအုံကို ဆေးရုံလုပ်ထားရပေမယ့် သူ့ကို အယုံအကြည်ရှိလို့ သူဆေးကုပေးတာကို ကြည်ကြည်သာသာ ခံကြတယ်လို့ဆိုရင် တော်သေးရဲ့ပေါ့။ ဒါပေမဲ့ အဲဒီလိုမဟုတ်ဘူးကွဲ့။ ဒေါက်တာရွိုက်ဇာဟာ လူတစ်ယောက်ကို ကုပေးရင် သူ့အသက်ကို အပေါင်ထားပြီးကုရတာ၊ သူကုနေတဲ့လူနာသေရင် သူအသတ်ခံပဲ့မယ်ဆိုပြီး သူ့အသက်နဲ့ရင်းပြီး ကုရတာကွဲ့။

လူတွေအပေါ်မှာ စေတနာထားတဲ့သူဆိုတော့ ထင်ပေါ်ဖို့ကို ပဓာနမထားတတ်ဘူး။ အဲဒါကြောင့် ဒေါက်တာရွိုက်ဇာဟာ အာဖရိက ရိုးရာအရ၊ ဓလေ့အရ ဆေးကုပေးတဲ့ နတ်ဆရာများနဲ့တွဲပြီး ဆေးကုပေးပါတယ်။ ဆေးကုလို့အောင်မြင်ရင် နတ်ဆရာက ဂုဏ်ယူတာပေါ့။ ဒေါက်တာရွိုက်ဇာကတော့ ရပါတယ်။ သူက လူတွေရဲ့အသက်ကို

www.burmeseclassic.com

www.burmeseclassic.com



ကယ်ချင်တာပဲရှိတာ။ နာမည်မရချင်လည်း နေပါစေပေါ့။ ဒါပေမဲ့ နာမည်ရလာတယ်လေ။ လူဖြူနတ်ဆရာကြီးကို လူမည်းနတ်ဆရာများက ပင့်တာဖိတ်တာတွေ လုပ်လာတော့တာကိုး။ အဲဒီလိုနဲ့ ဒေါက်တာရွိုက်ဇာဟာ လူသားအများစုအတွက် ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်ခဲ့တာ အောင်မြင်ခဲ့ပါတယ်။”

“သမီးအနေနဲ့ တစ်ခု သတိထားရမယ်။ စခဲ့ရတာ လေးတိုင်စင်နော်။ ပြီးတော့ အိပ်နေတဲ့ အလုပ်သမားတွေနဲ့နော်။ အသက်ကို အပေါင်ထားပြီး ဆေးကုခဲ့ရတာနော်။ အဲဒီလောက်တော့ သမီး ဒုက္ခရောက်မယ်မထင်ပါဘူး။ ဒါပေမဲ့လည်း သူ့နည်းသူ့ဟန်နဲ့တော့ ဒုက္ခရောက်ရဦးမှာပဲ။ အခက်အခဲတွေကို ရင်ဆိုင်ရဦးမှာပဲ”

ကျွန်မက လှိုင်လေးရဲ့ဆေးရုံအိပ်မက်ကို မကန့်ကွက်ပေမယ့် တွေးစရာရှိတာတွေကို တွေးနိုင်အောင် အကောင်းဆုံးသာဓကတစ်ခုဖြစ်တဲ့ ဒေါက်တာရွိုက်ဇာရဲ့ အကြောင်းကို ပြောပြပါတယ်။

လှိုင်ကလည်း စိတ်ဝင်စားစွာ နားထောင်ပါတယ်။ တစ်ခုပဲရှိပါတယ်။ ကျွန်မတို့ငယ်ငယ်က ဖတ်ဖူးတဲ့စာအုပ်ကို လှိုင်ကမဖတ်ဖူးသေးပါဘူး။ အဲဒီအတွက်လည်း သူ့ကိုရော အခုခေတ်လူငယ်တချို့ကိုရော ကျွန်မအပြစ်မတင်လိုပါဘူး။ စာအုပ်တွေ အများကြီးထွက်လာသလောက် ဖတ်လို့ကလည်း မနိုင်နိုင်။ သူတို့ကျောင်းစာကို ကျက်ရတာကလည်း ကိုယ့်နာမည်ကိုပင် ကိုယ်မေ့ချင်စရာ။ တကထဲ စာဆိုတာနဲ့ ကျောင်းက စာမှ စာဖြစ်နေရတဲ့ခေတ်ပေပဲ။

လှိုင့်ကို ဆရာဝန်များရေးတဲ့စာအုပ်အကြောင်း၊ ထူးခြားတဲ့ ဆရာဝန်များအကြောင်း ကျွန်မသိသမျှ ဝေမျှရသေးတယ်။

လှိုင်က အကြံကြီးတဲ့လူငယ်တစ်ယောက်ဖြစ်ပါတယ်။ ကျွန်မက သူ့ကို ဘာမဆိုဖြစ်နိုင်တယ်။ ဒါပေမဲ့ ဇွဲ၊ သတ္တိနဲ့ သတိဆိုတာကိုတော့ အရင်းတည်ရလိမ့်မယ်လို့ ပြောရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်က သူ့အိပ်မက်ကို သူ့သူငယ်ချင်းတွေသိအောင် ပြောပြထားသေးတယ်လို့ ဆိုပါတယ်။ သူငယ်ချင်းတွေကလည်း စိတ်မဝင်စားပါဘူးတဲ့။ သူက နင်တို့- ငါ့ကို လက်တစ်ဖက်တော့ ကူပါဟာလို့ တောင်းပန်တာလည်း စိတ်မဝင်စားကြဘူးလို့ လှိုင်ကပြောပါတယ်။ ကျွန်မက "ဒါများသမီးရယ် မပူပါနဲ့၊ သမီးဘာသာသမီး ကိုယ်လုပ်ချင်တဲ့အလုပ်ကို အောင်မြင်အောင် အစပျိုးလိုက်၊ သူ့ဘာသာသူ ဖြစ်လာလိမ့်မယ်။ လက်တစ်ဖက်သာမက တစ်ကိုယ်လုံးပါ သမီးအလုပ်ထဲကို ဝင်လာမယ့်သူတွေ ရှိလာလိမ့်မယ်။ စိတ်သာချထား။ အခုနေတော့ ကိုယ်ဘာလုပ်ချင်တယ်ဆိုတာ သိထားပြီး စေ့စေ့ကလေးကြိုးစား။ အမြဲတမ်း ကိုယ့်အရည်းအချင်းကို ကိုယ်မြှင့်တင်နေသင့်တယ်လို့ ပြောရပါသေးတယ်။

လှိုင့်ရဲ့အကြံကတော့ မသေးလှပါ။ သို့ပေမယ့် လုပ်ရင် ဖြစ်နိုင်တဲ့အကြံ ဖြစ်နေပါတယ်။

လှိုင်ကလေးနဲ့ ထွေထွေရာရာ ပြောဖြစ်တဲ့စကားတွေ အကုန်လုံးကိုတော့ ကျွန်မ စာအုပ်ထဲမှာ ထည့်ရေးဖြစ်မှာမဟုတ်ပါဘူး။ တချို့အကြောင်းတွေက သူနဲ့အတူ ဆရာတော်တစ်ပါးကို သွားဖူးပြီး နာခံရတဲ့ စကားများ ဖြစ်နေပါတယ်။

ဆရာတော်က ဘယ်အရာမဆို ရိုးသားမှုအခြေခံနဲ့သာ အလုပ်လုပ်ပါ။ မဖြစ်နိုင်တာမရှိပါလို့ မိန့်တော်မူတော့ လှိုင်ကလေးက ဝမ်းသာရှာပါတယ်။ လှိုင်နဲ့စကားပြောရတာ ကျွန်မအတွက်လည်း အကျိုးများစွာရှိပါတယ်။ များစွာစိတ်ဝင်စားမိပါတယ်။ ဝမ်းလည်းသာပါတယ်။ စာအုပ်တစ်အုပ် ဖြစ်မြောက်ရေးအတွက် အကူအညီရလို့ ဝမ်းသာတဲ့နည်းမျိုးနဲ့ ဝမ်းသာတာမဟုတ်ပါဘူး။ သူ့စကားတွေကိုကြားရတာနဲ့ ငယ်ငယ်က ဖတ်ဖူးတဲ့ ဒေါက်တာရွိုက်ဇာလို ဒေါက်တာသောမက်ဒူလီလို ဆရာဝန်မျိုးတွေရဲ့ ဆေးကုသရေးစခန်းများအကြောင်းကို ကျွန်မ သတိရနေမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းကတော့ ချမ်းသာတဲ့နိုင်ငံများက ပညာတတ်များရဲ့ စိတ်ကူးဆန်းဆန်း၊ လုပ်ရပ်ဆန်းဆန်းများအကြောင်းကို ဖတ်ခဲ့ရပါတယ်။ ဝမ်းသာခဲ့ရပါတယ်။ နောက်များမကြာမီ ကိုယ့်နိုင်ငံက စိတ်ကူးကြွယ်တဲ့ လှိုင်ကလေးလို အမျိုးသမီးကလေး ဦးဆောင်တဲ့ ထည်ဝါတဲ့ ဆေးရုံကို မြင်ယောင်နေမိလို့ ကျွန်မ ဝမ်းသာနေတာ ဖြစ်ပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ကိုစိမ်းနီ

နာမည်ကျော် ကဗျာဆရာတစ်ဦးရဲ့အမည်ဖြစ်ပေမယ့် ကျွန်မနဲ့ စကားပြောမိတဲ့သူကတော့ ကဗျာဆရာမဟုတ်ပါ။ ကျွန်မတို့အိမ်ကို ပြင်ဆင်ရာမှာ ပါဝင်တဲ့ လက်သမားအဖွဲ့ရဲ့ ခေါင်းဆောင် လက်သမားဆရာဖြစ်ပါတယ်။ သူ့ရဲ့အမည်ကို လိုက်လျောအောင် ပြင်ဆင်လိုက်တဲ့အခါမှာ ကိုစိမ်းနီဆိုတဲ့အမည်ကို ရလာပါတယ်။

ကိုစိမ်းနီနဲ့ သူ့ရဲ့ တွဲဖက် လက်သမားဆရာတစ်ယောက်ရဲ့ ကြီးကြပ်မှုအောက်မှာ လက်သမားအဖွဲ့ငယ်ကလေးတွေ အများကြီးရှိပါတယ်။ ကျွန်မက ကိုစိမ်းနီကို ပထမဆုံး နာမည်အနေနဲ့သာ သိခွင့်ရခဲ့ပါတယ်။ ကျွန်မ အိမ်ပြင်ချင်တယ်လို့ဆိုတဲ့အခါမှာ အစ်မတစ်ယောက်က သူတို့ ခဏခဏသုံးလေ့ရှိတဲ့ လက်သမားဆရာ ကိုစိမ်းနီကိုခေါ်ပြီး ညီမတစ်ယောက်က အိမ်ပြင်ချင်လို့ပါ။ အဲဒီညီမက ဒေါက်တာမတင်ဝင်းလေလို့ ပြောလိုက်ပါသတဲ့။

အဲဒီတော့ ကိုစိမ်းနီက ဒေါက်တာမတင်ဝင်းက ပညာရေးတက္ကသိုလ်ကမဟုတ်လား။ ကျွန်တော်က သူ့ရဲ့စာဖတ်ပရိသတ်လို့ ဝမ်းသာအားရ ပြောလိုက်ပါသတဲ့။ နောက်တော့ သူလေးစားတဲ့ စာရေးဆရာမရဲ့အိမ်ကို ပြင်ပေးရမယ့်အတွက် ဝမ်းသာပါတယ်လို့ တက်တက်ကြွကြွ ပြောပါသတဲ့။ အဲဒီတော့ ကျွန်မရဲ့အစ်မကလည်း ဝမ်းသာတာပေါ့လေ။ ဝင်းရေ၊ ဝင်းကိုသိတဲ့သူများတယ်နော်၊ မမဖြင့် ဝမ်းသာလိုက်တာလို့ ပြောပါတယ်။ ကျွန်မကလည်း ကိုယ့်ပရိသတ်ထဲကတစ်ယောက်ဖြစ်တဲ့ ကိုစိမ်းနီကို စိတ်ဝင်စားနေခဲ့ပါတယ်။

အိမ်ကို စပြီးပြင်ဆင်နေပြီဖြစ်ပေမယ့် အချိန်အတော်ကြာတဲ့အထိ ကိုစိမ်းနီကို မတွေ့ဖူးသေးပါဘူး။ ကိုစိမ်းနီတို့လို ခေါင်းဆောင်တွေက

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ခွင်အများကြီးမှာ အဖွဲ့တွေ ခွဲထားပါတယ်။ သူတို့လိုခေါင်းဆောင်တွေက လိုအပ်တဲ့ညွှန်ကြားချက်များပေးဖို့ အလုပ်သမားများရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းဖို့အတွက်သာ သူတို့က အလုပ်ခွင်အသီးသီး အလှည့်ကျလိုက်လေ့ရှိပါတယ်။

ကျွန်မကလည်း အိမ်ပြင်ခါစက ခရီးထွက်ဖြစ်ပါသေးတယ်။ ကျွန်မ ခရီးထွက်နေတုန်း ကိုစိမ်းနီက ကျွန်မတို့အိမ်ကို လာကြည့်သွားတယ်လို့ဆိုတော့ ကျွန်မခရီးကပြန်ရောက်ပြီး အချိန်အတော်ကြာတဲ့ အထိ ကိုစိမ်းနီနဲ့ မတွေ့ဖူးသေးပါဘူး။

နောက်ပိုင်းမှာ တွေ့ကြရတော့လည်း ဝမ်းသာစရာပါပဲ။ ကိုစိမ်းနီနဲ့ သူရဲ့တွဲဖက်တို့ဟာ မော်တော်ဆိုင်ကယ်တစ်စီးနဲ့လာလေ့ရှိပါတယ်။ သပ်ရပ်သားနားစွာ ဝတ်စားထားပါတယ်။ အခုခေတ်ယောကျ်ားကလေးတွေ ဝတ်လေ့ရှိတဲ့ ရွှေငွေလက်ဝတ်လက်စားများကိုလည်း ဝတ်ထားပါတယ်။ လူအနေနဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ဟန်ပန် ရှိပါတယ်။ တစ်ပြိုင်နက်ထဲမှာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်အပြည့်ရှိတယ်ဆိုတဲ့ ပုံကိုလည်း သိသာစွာ တွေ့နေရပါတယ်။

ကျွန်မက လူငယ်တွေ ညှိုးညှိုးငယ်ငယ်နဲ့ နေတာထိုင်တာကို မတွေ့ချင် မမြင်ချင်ပါဘူး။ အဝတ်အစား ဝတ်စားဆင်ယင်ထားသည်ဖြစ်စေ၊ အဝတ်အစား မသေမသပ်နဲ့ပဲဖြစ်ပါစေ ကိုယ့်ကိုယ်ကို ယုံကြည်တဲ့ပုံ လှုပ်ရှားနေကြတာကိုပဲ မြင်ချင်ပါတယ်။ အခုလို ကိုစိမ်းနီတို့ကို ကိုယ်မြင်ချင်တဲ့အနေအထားနဲ့ တွေ့လိုက်ရတာနဲ့ စကားမပြောခင်ကတည်းက ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိပါတယ်။

ကိုစိမ်းနီတို့ကို မတွေ့ခင်ကတည်းက ကိုစိမ်းနီတို့အဖွဲ့ကို တွေ့နေရတာဆိုတော့ အဲဒီအဖွဲ့ကတစ်ဆင့် ကိုစိမ်းနီတို့ကို လှမ်းပြီး ကျွန်မ အကဲခတ်နိုင်ပါတယ်။ သူတို့အလုပ်သမားကလေးတွေဟာ အခိုအကပ်မရှိဘဲ အလုပ်ကို ကြိုးကြိုးစားစား လုပ်ပါတယ်။ ရွှင်ရွှင်ပျပျရှိပါတယ်။ စားချိန်မှာစားပြီး နားချိန်မှာ နားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဖွဲ့သားများရဲ့ စည်းကမ်းတကျရှိမှုကို ဘယ်သူထိန်းနေသလဲဆိုတာ ကျွန်မ သတိထားမိလာတဲ့အခါမှာ အဲဒီကလေးက ဘယ်သူလဲလို့ ကျွန်မ မေးမြန်းမိပါတယ်။ ကိုစိမ်းနီနဲ့ တစ်အိမ်တည်းနေတဲ့ ညီဝမ်းကွဲကလေးပါတဲ့။ အဲဒီလိုဆိုတော့ စည်းကမ်းထိန်းနိုင်တာ အံ့သြစရာမဟုတ်တော့ဘူး။

ကိုစိမ်းနီရဲ့ညီကလေးလို့ မသိခင်ကတည်းက အဲဒီကလေးရဲ့ တာဝန်သိတတ်မှုကို ကျွန်မ သတိထားမိခဲ့ပါတယ်။ မီးကြိုးတွေ ရှော့ခ်ဖြစ်တယ်ဆိုတော့လည်း ညီညီပဲပြေးလာတာပါပဲ။ သူနဲ့မဆိုင်ဘူးဆိုပြီး မသိလိုက် မသိဘာသာနေနိုင်ပေမယ့် ဘယ်ကိစ္စမဆို ကူညီဖို့ဝန်မလေးတဲ့ အဲဒီညီညီဆိုတဲ့ကလေးကို ကြည့်ရုံနဲ့ ကိုယ်စိမ်းနီရဲ့ ကိုယ်ရည်ကိုယ်သွေးကို အကဲခတ်လို့ ရနိုင်ကောင်းပါတယ်။

ကိုစိမ်းနီကလည်း အရေးကြီးတဲ့ကိစ္စတွေကို ကိုယ်တိုင်ဝင်ပြီး လုပ်လေ့ရှိပါတယ်။ ကိုစိမ်းနီနဲ့ သူ့အဖော်ကိုယ်တိုင် ကြီးကြပ်လုပ်ကိုင်ရမယ့်ကိစ္စတွေကို ကိုယ်တိုင်ကိုယ်ကျ စနစ်တကျ လုပ်ကိုင်ပေးတတ်ကြပါတယ်။

ကျွန်မက အလုပ်လုပ်နေကြတာကို ထိုင်ပြီးအကဲခတ်ချိန်မရပါဘူး။ ဒါပေမဲ့ ဘာသိဘာသာနေလို့မရဘဲ သတိပြုမိအောင် ထူးခြားနေကြတဲ့ လူငယ်နှစ်ယောက်ဆိုတော့ စိတ်ဝင်စားလာမိပါတယ်။ ကိုစိမ်းနီကတော့ ချက်ချင်းဆိုသလို ကျွန်မနဲ့ စကားပြောကြဖို့ လက်ခံပါတယ်။ ကိုစိမ်းနီရဲ့အဖော်ကတော့ စကားမပြောတတ်လို့ဆိုပြီး တစ်ခါတည်း ပျောက်သွားလို့ စကားမပြောချင်လည်းနေပါ အိမ်ကိုတော့လာခဲ့ပါဦးလို့ ခေါ်ရပါတယ်။

စကားပြောဖို့ ဖိတ်ခေါ်တဲ့အခါမှာ ရေးသားပြုစုဆဲစာအုပ်နဲ့ ပတ်သက်လို့ စကားပြောတာ နားထောင်ချင်တဲ့အကြောင်းကို ကျွန်မက ရှင်းပြပါတယ်။ ကိုစိမ်းနီက အဲဒီရှင်းပြချက်ကို နားထောင်ပြီး " ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် တီချာနဲ့စကားပြောမှာပါ။ အခုတော့ မပြောနိုင်သေးပါဘူး။ ဂျပန်တစ်ယောက်နဲ့ ချိန်းထားလို့ပါ” လို့ သူ့လက်ကနာရီကိုကြည့်ရင်း ပြောပါတယ်။

ကျွန်မကလည်း ကြုံတဲ့အချိန်မှာ ပြောကြတာပေါ့ ကိုစိမ်းနီရေ၊ ကိုစိမ်းနီတို့လို တကယ်ကြိုးစားပြီး အလုပ်လုပ်ကြတဲ့ လူငယ်တွေရဲ့အချိန်ကို ယူရတာ အားနာပါတယ်။ ဒါပေမဲ့ ကြုံသလို နည်းနည်းချင်းဖြစ်ဖြစ် အချိန်ပေးပါလို့ ပြောလိုက်ပါတယ်။

ကိုစိမ်းနီ နောက်တစ်ခေါက်ရောက်လာတော့ ပထမပိုင်းမှာ သူ့လူတွေနဲ့ စကားပြောတယ်။ နောက်ပိုင်းတော့ တီချာနဲ့စကားပြောမယ်လို့ဆိုပြီး အိမ်ထဲကို ဝင်လာပါတယ်။ အိမ်က ပြင်ဆင်နေဆဲဆိုတော့ ပြောရတာ အားနာစရာပါပဲ။ ကျပ်တည်းကျဉ်းမြောင်းတဲ့ အနေအထားနဲ့။ ကိုစိမ်းနီက စကားပြောတဲ့အခါမှာ တွေးပြီးမှ ပြောတတ်ပုံပါပဲ။ ခပ်ဆဆနဲ့။

ပထမပိုင်းမှာ သူ့တို့ မိဘ ညီအစ်ကိုမောင်နှမများရဲ့အကြောင်း၊ စုပေါင်းပြီးနေကြတဲ့ မိသားစုကြီးအကြောင်းကို ပြောပြပါတယ်။ မိသားစုကလည်း အားရလောက်အောင် ကြီးပါတယ်။ မောင်နှမ ၇ယောက်၊ တစ်ဝမ်းကွဲနှမကလေးတစ်ယောက် (သူ့ကိုတော့ အရင်းလိုပဲမှတ်ယူကြပါတယ်။ အမေ့ညီမအရင်းက မွေးပါတယ်။ ငယ်စဉ်ကတည်းက မိတဆိုးဖြစ်ခဲ့ရသူကလေးကို မွေးထားတာဖြစ်ပါတယ်။)

အဲဒီဝမ်းကွဲနှမကလေးနဲ့ပေါင်းရင် မွေးချင်း ၈ ယောက်၊ မိဘနှစ်ပါးနဲ့ဆိုရင် ၁၀ ယောက်ရှိပါတယ်။ ဝမ်းကွဲညီနှစ်ယောက်နဲ့ဆိုရင် ပေါင်း ၁၂ ယောက် ရှိပါတယ်။

ကိုစိမ်းနီရဲ့အောက်မှာ နှမလေးယောက်ရှိပါတယ်။ အားလုံး ဘွဲ့ရအလုပ်အကိုင်နဲ့ပါပဲ။ ကိုစိမ်းနီနဲ့ နှစ်ယောက်ခြားနှမကလေးက အိမ်ထောင်ကွဲဖြစ်ပြီး သူ့အိမ်ထောင်နောက်ကို လိုက်သွားပါတယ်။ အဲဒီတော့ ကိုစိမ်းနီတို့အိမ်မှာ အိမ်သား ၁၁ ယောက် အတူနေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုစိမ်းနီက စဉ်းစဉ်းစားစားလေသံနဲ့ ခပ်ဖြည်းဖြည်းပြောပြတဲ့ အကြောင်းကတော့ သူတို့ရဲ့မိသားစုနဲ့ပတ်သက်ပြီး စိတ်ပူတဲ့အကြောင်း ဖြစ်ပါတယ်။

"ကျွန်တော် စဉ်းစားကြည့်ပါတယ်။ နှမကလေးတွေကလည်း ပညာတတ်ကလေးတွေ အလုပ်လက်ရှိတွေပါပဲ။ ဒါပေမဲ့ အိမ်ထောင် မကျကြသေးပါဘူး။ လခကလည်း များလှတယ်လို့ မဆိုနိုင်ပါဘူး။ တကယ်လို့ ကျွန်တော် အိမ်ထောင်ပြုမယ်လို့ဆိုရင် အိမ်မှာ ကသီသွား မှာ ကျွန်တော်စိုးရိမ်ပါတယ်။ ကျွန်တော် အိမ်ထောင်ပြုမယ်ဆိုရင်လည်း အိမ်ခွဲမှ ဖြစ်ပါမယ်။ ဘာကြောင့်လဲဆိုတော့ သမီးယောက်မတွေ အဆင် ပြေတာ ရေရှည်ကျတော့ ဘယ်မှာရှိမလဲတီချာရဲ့၊ ရှိရင်လည်း ခြွင်းချက် လောက်ပဲ ရှိမှာပေါ့။

"ဒါပေမဲ့ တစ်ယောက်ကလွဲရင် ဘယ်သူမှ အိမ်ထောင်မကျ သေးဘဲ ကျွန်တော်က ခွဲထွက်သွားရမှာ ကျွန်တော် စိတ်မကောင်းပါ ဘူး။ အဲဒါနဲ့ အခုအထိ အိမ်ထောင်မပြုနိုင်ဘဲရှိနေတာပါပဲ။ ကျွန်တော် စဉ်းစားပါတယ်။ အဖေတို့ အတော်လိုတာပဲ။ သမီးတွေမွေးထားပြီး အိမ်ထောင်ရက်သားချပေးဖို့ မစီစဉ်ကြဘူး။ တကယ်တော့ ထိမ်းမြားခြင်း လျှင် ဆိုတာက မိဘဝတ္တရားထဲမှာ ပါနေတာပဲ။ မိဘဝတ္တရားနဲ့အညီ အိမ်ထောင်ချပေးဖို့ သင့်တာပေါ့" လို့ ကိုစိမ်းနီက ပြောပါတယ်။

ကျွန်မက အစဉ်းစားလွန်နေတဲ့ လူပျိုကြီးကို ရယ်ချင်ချင်ဖြစ်နေ တဲ့မျက်နှာနဲ့ ကြည့်နေမိပါတယ်။ ဒါပေမဲ့ ကျွန်မ ကိုစိမ်းနီကို ဘာမှ မပြောလိုက်မိပါဘူး။ ထောက်ခံပြောဆိုဖို့ခက်တော့ ခပ်ငြိမ်ငြိမ်နေလိုက် ရတာပေါ့လေ။ တကယ်တော့ ကိုစိမ်းနီရဲ့နှမကလေးတွေလို ခေတ် လူငယ် ပညာတတ်မိန်းကလေးတွေကို အိမ်ထောင်ချပေးဖို့ဆိုတာ လွယ် တာမှတ်လို့။ အလုပ်လုပ်နေတဲ့ မိန်းကလေးတွေဟာ လခအနေနဲ့ပြောပ လောက်အောင် မရပေမယ့် သူတို့ရဲ့ ဝမ်းစာဖူလုံရုံအတွက် သက်သက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်သူ့ကိုမှ လက်တွဲကြမယ်မဟုတ်ပါဘူး။ သူတို့ကိုယ်တိုင် အထင်ကြီးမှ သူတို့ကိုယ်တိုင် အားကိုးအားထားပြုနိုင်မယ်လို့ ထင်တဲ့ သူမှ သူတို့လက်တွဲလိုကြမှာ ဖြစ်ပါတယ်။

ခေတ်လူငယ်ယောက်ျားကလေးများကလည်း ရွေးတတ်ပါသေးတယ်။ အဲဒီလိုခေတ်ကြီးကို အဖေတို့ခေတ်လိုမဟုတ်တော့တဲ့အချိန်မှာ နှမကလေးတွေ အိမ်ထောင်ရက်သားမကျတာနဲ့ အဖေတို့နှယ်လို့မပြောနိုင်ဘူးဆိုတာ ကျွန်မ ကိုစိမ်းနီကို ပြောမပြလိုက်ပါ။

ကိုစိမ်းနီကလည်း သူတို့မိသားစုကြီးကို သဘောမတွေ့ဘဲ စိတ်ညစ်နေတာတော့ မဟုတ်ပါ။ သူတို့မောင်နှမသားချင်းများ နေကြထိုင်ကြပုံဟာ ပျော်စရာကောင်းလိုက်တာလို့ တွေးမိချင်စရာ။ ညတိုင်းဆိုရင် ကိုယ့်အိပ်ရာပေါ်မှာ ကိုယ်ထိုင်ကြပြီး မောင်နှမတစ်တွေ ဖတ်မိတဲ့ စာအုပ်တွေအကြောင်း တစ်ယောက်နဲ့တစ်ယောက် ပြောကြတယ်လို့ ကိုစိမ်းနီက ပြောပါတယ်။

ဒါပေမဲ့ လူများတော့ ဘာရယ်လို့မဟုတ်ဘဲ စကားတော့ အများသားတဲ့။ ရန်ဖြစ်တယ်လည်းမဟုတ်၊ ဘာပဲပြောပြော နည်းနည်းတော့ ဆူညံဆူညံ ဖြစ်တတ်ပါတယ်တဲ့။

အဲဒီအကြောင်းကို ကိုစိမ်းနီက စိတ်ညစ်တဲ့လေသံနဲ့ ပြောနေတာ မဟုတ်ပါဘူး။ သူပြောနေကျပုံစံအတိုင်း ခပ်ဆဆ ခပ်တွေးတွေးပုံစံနဲ့ ပြောနေတာပါပဲ။

ကျွန်မက ကိုစိမ်းနီပြောတဲ့စကားများကို နားလည်နိုင်ပါတယ်။ တစ်နှစ်နဲ့တစ်နှစ် မပြောနဲ့ မနေ့ကနဲ့ ဒီကနေ့မှာတောင် မတူချင်တဲ့ ကုန်စျေးနှုန်းတွေ၊ သွားရေးလာရေး အခက်အခဲတွေ၊ အလုပ်ခွင် အခက်အခဲတွေ၊ လူမှုဆက်ဆံရေး မပြေလည်မှုတွေ စတဲ့ကိစ္စဝိစ္စတွေကြောင့် လူတိုင်းလူတိုင်း စိတ်တိုနေတတ်ကြပါတယ်။ မျိုသိပ်ဖိနှိပ်ထားခဲ့ရတဲ့ တစ်နေ့တာ အခက်အခဲတွေကို အိမ်ရောက်တာနဲ့ တစ်ယောက်တစ်ပေါက် ဖွင့်ဟကြတာနဲ့ကို ဆူဆူ ဆူဆူနဲ့ ဖြစ်နေနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တာနဲ့ အဲဒီလို ဖွင့်ထုတ်လိုက်လို့ အကျိတ်အခဲများ ပြေပြစ်စွာ ကြေမွသွားချင်းလည်း သွားနိုင်ပါတယ်။ ဒါမှမဟုတ်လို့က တော့ မနိုင်လို့သည်းခံခဲ့ရတဲ့ ဒုက္ခထုပ် အိမ်ရောက်မှပြုတ်ကျလို့ ကွဲစဉ် တတ်တာလည်း ရှိမှာပါပဲ။

အဲဒီအကြောင်းကို ကျွန်မက ဆွေးနွေးတော့ ကိုစိမ်းနီက "ဟုတ် ပါတယ်၊ ဟုတ်ပါတယ်၊ အလုပ်ခွင်မှာ ပေါက်ကွဲလို့မဖြစ်တာနဲ့ သည်းခံ နေခဲ့ရတာ၊ ကိုယ်နိုင်တဲ့သူတွေရှိတဲ့ အိမ်ရောက်မှပဲ ပေါက်ကွဲတယ် ထင်ပါရဲ့ ပြောကြတော့တာပါပဲ။ ကျွန်တော်တို့ မောင်နှမချင်းတော့ ရန်ဖြစ်တယ်လို့ မပြောနိုင်ပါဘူး။ အေးအေးဆေးဆေးပါပဲ။ ဒါပေမဲ့ ဘာမှမဟုတ်လည်း ဆူဆူနဲ့ပေါ့။ ဟိုလူကပြော ဒီလူကပြောနဲ့ လူများ တော့လည်း ပိုဆူတာပေါ့" လို့ ပြောပါတယ်။

ကျွန်မကလည်း လူနည်းတဲ့တိုင်အောင် မပြောသာလို့ သည်းခံ ရတာ များခဲ့တဲ့ အနေအထားကနေပြီး အိမ်ပြန်ရောက်တာနဲ့ ပေါက်ကွဲ တတ်တဲ့ ကျွန်မရဲ့ စိတ်အထာကို ပြောချင်လျက်နဲ့ မပြောဘဲ "ကဲ-ဆိုပါဦး" လို့ ကိုစိမ်းနီ စကားဆက်ပြောအောင် အားပေးရပါတယ်။

*

ကိုစိမ်းနီရဲ့အဖေဟာ အောက်မြို့အောက်ရွာမှာ မွေးဖွားခဲ့သူ ဖြစ်ပါတယ်။ ဒါပေမဲ့ လူလတ်ပိုင်းမှာ ပျဉ်းမနားမြို့ကိုရောက်ပြီး သစ် လုပ်ငန်းနဲ့ ကြီးပွားခဲ့ဖူးပါတယ်။ သစ်တင်ကား ၆ စီး ပိုင်ခဲ့ပါတယ်။ သစ်ကွက်များစွာကို ကိုယ်တိုင်ဦးစီးပြီး လုပ်ကိုင်ခဲ့ဖူးပါတယ်။

အဲဒီလို ဘဝမှာ ပြည့်ပြည့်စုံစုံနေလာကြရင်း တစ်ချိန်က ကျင့်သုံး ခဲ့တဲ့ စီးပွားရေးစနစ် အပြောင်းအလဲကြောင့် သစ်လုပ်ငန်းကို ပြည်သူပိုင် အသိမ်းခံခဲ့ရပါတယ်။ သစ်တင်ကားတွေကိုလည်း တစ်စီးပြီးတစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရောင်းချခဲ့ရပါတယ်။ တစ်စီးပဲကျန်တော့တဲ့အချိန်ကို ရောက်လာခဲ့ပါတယ်။ နောက်ဆုံးတော့ ပျဉ်းမနားကအိမ်ကို ရောင်းပြီး ရန်ကုန်ကို ပြောင်းခဲ့ကြတဲ့အထိ ဖြစ်လာခဲ့ပါတော့တယ်။

"ကျွန်တော် စဉ်းစားပါတယ်။ အဖေဟာ ဘာဖြစ်လို့ ဘာအလုပ်မှ ဖြစ်မြောက်အောင် မလုပ်တော့တာလဲ။ ဘာလို့ ကျွန်တော်တို့ဟာ ဒီလိုအခြေအနေကို ရောက်ခဲ့ကြတာလဲ။ ကျွန်တော် စဉ်းစားလို့ မရဘူး" တဲ့။ ကိုစိမ်းနီ စကားစပြောတိုင်း ကျွန်တော် စဉ်းစားတယ်ဆိုတဲ့စကားနဲ့ စတတ်ပါတယ်။ ပြောနေတဲ့အချိန်မှာရော ပြောပြီးတဲ့အချိန်မှာရော သူ့စဉ်းစားခန်းက ပြီးသေးပုံမပေါ်ပါ။ ဆက်ပြီးစဉ်းစားနေတဲ့ပုံ ပေါက်နေခဲ့ပါတယ်။

"အဖေ့ကို အပြစ်မတင်နဲ့" လို့ ကျွန်မက ပြောလိုက်တာနဲ့ "ကျွန်တော်က အဖေ့ကို အပြစ်တင်နေတာမဟုတ်ပါဘူး" လို့ ပျာပျာသလဲပုံစံနဲ့ ကိုစိမ်းနီက ပြောရှာပါတယ်။ ကျွန်မတို့ မြန်မာဗုဒ္ဓဘာသာဝင်များဟာ မိဘကို ဝေဖန်သုံးသပ်ရမှာ အလွန်ဝန်လေးတတ်ကြပါတယ် မိဘ ကြည်ညိုလေးစားမှုကိုသာ ရဲရဲဝံ့ဝံ့ ပြတတ်ကြပါတယ်။ မတော်တဆ ဝေဖန်မိရင်လည်း အပြစ်မကင်းဘူးလို့ ထင်တတ်ကြပါတယ်။ တစ်ဖက်ကတော့ ဂါရဝနိဝါတ တရားများနဲ့ ပြည့်စုံတယ်လို့ ဆိုနိုင်ပေမယ့် တစ်ဖက်ကလည်း ပုထုဇဉ်မျှသာဖြစ်တဲ့ မိဘလုပ်သမျှကို ဟုတ်တာကိုရော မဟုတ်တာကိုပါ လက်ခံရတဲ့အတွက် ပြန်လည်ဆွေးနွေးတင်ပြလို့မရတဲ့အတွက် အကောင်းဘက်ကို ပြောင်းလဲဖို့မလွယ်တဲ့ အခြေအနေနဲ့ ရင်ဆိုင်ရတတ်ပါတယ်။ ကျွန်မက ကိုစိမ်းနီ ငြင်းဆိုတာကို လက်ခံသလို ငြိမ်နေလိုက်ပါတယ်။ ပြီးမှ-

"ဟုတ်ပါတယ်၊ ကိုစိမ်းနီက ဝေဖန်တာမဟုတ်ပါဘူး။ ဒါပေမဲ့ ဘာကြောင့်လဲဆိုတာကိုတော့ စဉ်းစားနေမိတယ်မဟုတ်လား။ ဆရာမက ကိုစိမ်းနီထက် အသက်အများကြီး ကြီးတဲ့သူဆိုတော့ အဲဒီကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com



မြင်ထားတာတွေ ရှိပါတယ်။ ဘယ်နိုင်ငံမှာမဆို ရုတ်တရက် ခေတ်ပြောင်းတာတွေကို ကြုံကြရတဲ့အခါ ဘဝမှာ အနာကြီးနာသွားတဲ့သူတွေ ရှိတတ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း တစ်ခေတ်တုန်းက သိသိသာသာ ပြောင်းလဲသွားတဲ့အခြေအနေနဲ့ ကြုံရတဲ့သူတွေရှိတာပေါ့။ အဲဒီတော့ ဘဝမှာ အသားကျလာတဲ့ စီးပွားရေးလုပ်ငန်းက ရုတ်တရက် ပြောင်းသွားတဲ့အခါမှာ ဘယ်ကစပြီး ဘာလုပ်ရမှန်းမသိတဲ့သူတွေမှ အများကြီးပါပဲ။ သူဌေးကြီးတွေ ဆင်းရဲတွင်းနက်သွားကြတာ။ လူငယ်တွေ၊ လူလတ်တွေ ရိုးသားရင် ရိုးသားသလောက် ဘာကိုကိုင်ရမယ်မှန်းမသိ၊ ဘာကို လုပ်ရမယ်မှန်းမသိ ဖြစ်သွားတာတွေ ဆရာမ မြင်ခဲ့ဖူးပါတယ်။"

"သူတို့နေနေကျ ပုံစံခွက်ကို မှောက်ချလိုက်တဲ့အခါမှာ အရင်အတိုင်းလည်း လုပ်ကိုင်စားသောက်လို့မဖြစ်၊ ပုံစံခွက်ရဲ့ မှောက်နေတဲ့ အခွံထဲကနေပြီး တိုးပြီးထွက်လို့တောင်မှ မရနဲ့၊ အတော်ဒုက္ခရောက်ကြရပါတယ်။

ကိုစိမ်းနီက စဉ်းစားတတ်တဲ့သူမဟုတ်လား၊ ကျွန်မပြောတဲ့ စကားထဲမှာလည်း စဉ်းစားစရာတွေ ပါနေပါတယ်။ အဲဒီတော့ သူက စဉ်းစားရင်း သံယောင်လိုက်ပြီး ပြောပါတယ်။ "ပုံစံခွက်တစ်ခုထဲကနေပြီး နောက်တစ်ခုထဲကို အပြောင်းလိုက်မှာ နောက်တစ်ခုနဲ့ အံဝင်ခွင်ကျမဖြစ်တာလာ" လို့ မေးသလိုလို သူ့ဘာသာသူ ပြောသလိုလိုနဲ့ ပြောနေပါတယ်။

ကျွန်မက "မဟုတ်ပါဘူး။ ပုံစံခွက်အသစ်ထဲကို ရောက်လို့ အဆင်ပြေအောင် မနေတတ်တာကို ပြောချင်တာမဟုတ်ပါဘူး။ ကိုစိမ်းနီတို့အဖေဟာ လူလတ်ပိုင်းရောက်တဲ့အထိနေခဲ့ထိုင်ခဲ့ လုပ်ကိုင်ဆောင်ရွက်ခဲ့သမျှ ကိစ္စများမှာ သူ့ဘာသာသူ အထာကျနေခဲ့တယ်မဟုတ်လား။ အဲဒါကလည်း သူ့ဘာသာသူ ပုံစံတကျ ဖြစ်နေတာပါပဲ။ သူ့ပုံစံခွက်ထဲမှာ သူနေခဲ့တာပါပဲ။ ခေတ်ကပြောင်းလို့ ပုံစံ အဲလေ- သူ့ပုံစံခွက်

www.burmeseclassic.com

www.burmeseclassic.com



ကို မှောက်ချလိုက်တဲ့အခါမှာ ဒိပြင်ပုံစံခွက်မပြောနဲ့ သူ့ပုံစံခွက်ကိုတောင် သူဖောက်မထွက်နိုင်အောင် ဖြစ်နေခဲ့တာကို ပြောချင်တာပါ” လို့ ကျွန်မ ပြောမိပါတယ်။

အဲဒီတော့ ကိုစိမ်းနီက “ဟုတ်ပြီ တီချာ၊ ဟုတ်ပြီ” လို့ စဉ်းစားတဲ့ လေသံနဲ့ ပြောပါတယ်။

ကိုစိမ်းနီနဲ့ နောက်ပိုင်းတွေ့ကြတော့ အဖေ့စီးပွားရေးအကြောင်း ဆက်ပြောပါတယ်။ သူတို့စီးပွားရေး အကျကြီးကျတဲ့အချိန်မှာ ကျန်တဲ့ ကားကိုရောင်းပြီး အဖေဖြစ်သူက ကျဆင်းနေတဲ့စီးပွားရေးကို ကျားကန်ဖို့ ကြိုးစားပါသေးတယ်။ နှမဖြစ်သူရဲ့ ဒန်အိုးစက်မှာ အစုပါဝင်ထားလိုက်ပြီး သူတို့ကတော့ ပျဉ်းမနားမှာပဲ ဆက်နေနေခဲ့ကြပါတယ်။ အဲဒီလိုနည်းနဲ့ သူ့စီးပွားရေး အဆင်ပြေလာလိမ့်မယ်လို့ အဖေဖြစ်သူက ထင်ခဲ့ပုံပေါ်ပါတယ်။

ကိုစိမ်းနီက အဲဒီအချိန်မှာ ရန်ကုန်ကိုရောက်နေပါပြီ။ သူက ပွင့်ပွင့်လင်းလင်းပဲ ကျွန်မကို ပြောပါတယ်။ “ကျွန်တော်က အပေါင်းအသင်းများလာပြီ တီချာရဲ့။ အစတုန်းက အဖေက စီးပွားရေးကောင်းခဲ့ပါတယ်။ ကျွန်တော်တို့ သုံးနိုင်ဖြုန်းနိုင်ခဲ့ပါတယ်။ ကျွန်တော်ဆယ်တန်းကိုလည်းရောက်ကရော လူပျိုလူရွယ်ပီပီ သုံးချင်ဖြုန်းချင်တဲ့စိတ်တွေလည်း များလာရော အဖေတို့က စီးပွားရေးကျလာရောဆိုတော့ အတော်ခက်သွားပါတယ်။ အဲဒီတော့ ကျွန်တော်က ပိုက်ဆံတွေဘာတွေ နှိုက်တဲ့အထိ ဖြစ်လာပါတယ်။ ကြီးကြီးမားမားတော့ မဟုတ်ပါဘူး။ အိတ်ကပ်ထဲက ပိုက်ဆံနှိုက်တာလောက်ပါပဲ။

နောက်တော့ အဖေတို့က ဒီအပေါင်းအသင်းတွေ ဆက်ထားလို့ မဖြစ်ချေဘူးလို့ ဆိုပြီး ကျွန်တော့ကို အဒေါ်တို့ဆီ ပို့လိုက်တာပါပဲ။ ရန်ကုန်ရောက်တော့လည်း ကျောင်းစာမှာတော့ ပြန်တက်မလာတော့ပါဘူး။ အစောပိုင်းက စာတော်တာကိုလည်း ကျွန်တော် မေ့သွားသလိုပါပဲ အဲဒီတော့ အဒေါ်တို့အလုပ်ထဲမှာ ကျွန်တော်ရှိနေတော့တာပေါ့။”

www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်တို့ အလုပ်လုပ်ပုံကို ကျွန်တော် သဘောမကျပါဘူး။ သူတို့က ရတဲ့ငွေကို အရင်းရောနေတဲ့ အမြတ်လို့ သဘောမထားပါဘူး။ အမြတ်လို့သဘောထားပြီး ကားဝယ်စီးတာတို့ ဘာတို့ လုပ်ပါတယ်။ အစုစပ်တွေကိုလည်း အချိန်အခါနဲ့ ငွေရှင်းပေးရမယ်လို့ မအောက်မေ့ သလိုပါပဲ။

ကျွန်တော်က အဖေ အဒေါ်တို့လုပ်ပုံ မဟုတ်ဘူးနော်။ အဖေ ပြောပါဦးလို့ သတိပေးပေမယ့် အဖေက သူ့နှမကို သိပ်ယုံပါတယ်။ ဘာမှမပြောပါဘူး။ နောက်တော့လည်း အဖေ့ငွေတွေ အကုန်ပြန်မရ ပါဘူး။ အဒေါ်တို့လုပ်ငန်း သိပ်မအောင်မြင်တာကလည်း အကြောင်း ရှိပါတယ်။ သူတို့က အလုပ်သမားကလေးတွေကို တောကခေါ်လာပါ တယ်။ ပြီးတော့ အပြင်ထွက်ပြီး လည်ခွင့်ပတ်ခွင့် မပေးပါဘူး။ ကလေး တွေ အပြင်မထွက်နိုင်အောင် အလုပ်ရုံကို ပိတ်ထားလိုက်ပါတယ်။ ညဘက်တွေမှာပေါ့လေ။"

"ပြီးတော့ အဒေါ်တို့က အလည်အပတ်ထွက်ကရော။ အလုပ် သမားကလေးတွေနဲ့ အတူနေတဲ့ ကျွန်တော်က သူတို့ရဲ့ခံစားမှုကိုသိတာ ပေါ့။ သူတို့က စိတ်တွေတိုပြီး ဒန်အိုးတွေဘာတွေ သွန်းတဲ့အခါ လိုအပ် တာထက်ပိုသွန်းတာတို့ ဘာတို့ လုပ်တာပေါ့။ ပိုသွားရင်လည်း ကိုယ့် အထဲကပါသွားလို့ ထိခိုက်တာပဲ တီချာရဲ့။ အဲဒီလိုအခြေနေကို ကျွန်တော်က သိပါတယ်။ အဲဒါကြောင့် အလုပ်သမားကလေးတွေကို ကျွန်တော်က တာဝန်ယူပြီး အပြင်ထွက်လည်ခိုင်းပါတယ်။ ကျွန်တော် ကတော့ အလုပ်ရုံကို စောင့်နေခဲ့တာပေါ့။ ကလေးတွေက အဲဒီလို သူတို့ဘက်ကနေပြီး ကြည့်တာကို ကျေးဇူးတင်ကြပါတယ်။

အဒေါ်တို့ အလုပ်မအောင်မြင်သလို အဖေ့ငွေတွေကလည်း ဆုံး ပါးသွားတာပါပဲ။ နောက်တော့ ပျဉ်းမနားကအိမ်ကို ရောင်းပြီး အဖေ တို့ ရန်ကုန်ကို ပြောင်းလာကြပါတယ်။ အားလုံး ထိုင်စားနေရတာပေါ့ တီချာရယ်။"

www.burmeseclassic.com

www.burmeseclassic.com



"အဖေတို့မှာလည်း ကျပ်တည်းနေပါတယ်။ ကလေးတွေအားလုံး ကလည်း ကျောင်းနေကြတဲ့အချိန်ဆိုတော့ အထွက်ပဲရှိတာကိုး။ အဲဒီ အချိန်မှာ ကျွန်တော်က ကျောင်းလည်းမနေတော့ပါဘူး။ ဘာလုပ်မလဲ ဆိုတာကိုတွေးရင်း သူငယ်ချင်းနဲ့စပ်မိပြီး သူငယ်ချင်းနဲ့အတူ သူ့အစ်ကို ဆီမှာ ကျွန်တော်တို့ လက်သမားပညာ သင်ခဲ့ကြပါတယ်။

လက်သမားပညာ သင်ကြတဲ့အခါမှာ ပထမတော့ လက်သမား ကိရိယာတွေဖြစ်တဲ့ ဆောက်တို့၊ တူတို့၊ ရွှေပေါ်တို့ကို အန္တရာယ်ကင်း အောင် ဘယ်လိုကိုင်တွယ်အသုံးပြုရမယ်ဆိုတာကစပြီး သင်ကြရပ် တယ်။ အဲဒီလိုသင်ပြီး ကျွန်တော်တို့ ပထမပိုင်းမှာ ရွှေပေါ်ထိုးတဲ့အလုပ် မျိုးလို ပင်ပန်းတဲ့အလုပ်တွေကိုလုပ်ရတာပေါ့ တီချာရယ်။ ပင်ပန်းတာမှ သိပ်ကိုပင်ပန်းတာပါပဲ"

*

"ကျွန်တော်ဟာ အလွန်ပင်ပန်းတဲ့အလုပ်ကို ကြိုးစားပြီးလုပ်ခဲ့ ပါတယ်။ တစ်ခုတော့ရှိပါတယ် တီချာ။ လက်သမားအလုပ်ထဲမှာ အတတ်ပညာတင် ပါတာမဟုတ်ဘဲ အနုပညာပါပါတယ်။ အဲဒီလို အနုပညာဆန်တဲ့အပိုင်းမှာ ကျွန်တော်က ခပ်မြန်မြန်တတ်ပါတယ်။ ကိုယ်ပိုင်အမြင်တွေ ရှိလာပါတယ်။ အဲဒီတော့ အလုပ်လုပ်ရတာ တွင်ကျယ်လာပါတယ်။

ကျွန်တော်တို့ဟာ ပညာသင်ပေးတဲ့ဆရာရဲ့ လက်အောက်မှာ အလုပ်လုပ်နေရင်း အိမ်ရှင်အမျိုးမျိုးနဲ့ တွေ့ရပါတယ်။ တချို့ကတော့ လိုတရတဲ့သူတွေကိုး။ အလုပ်လုပ်ပြီးမှ မကြိုက်ဘူးဆိုပြီး ပြန်ဖျက်ခိုင်း တာတွေ ရှိပါတယ်။ ကျွန်တော်တို့က ခိုင်းတာကို လုပ်ရတာဆိုတော့ လုပ်ပြီးမှ ပြန်ဖျက်ရင်လည်း ဖျက်ပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့လုပ်အား အတွက်တော့ အပြေအလည်ပေးရမှာပါပဲ။ အခုတော့ သူတို့ကိုလိုချင်တာ

www.burmeseclassic.com

www.burmeseclassic.com



အလကားလုပ်ပေးမယ်ဆိုတဲ့ အင်ဂျင်နီယာအားကိုးနဲ့ လုပ်ပြီး ပြန်ဖျက် လုပ်နေလို့ကတော့ ဘယ်မှာ ကျွန်တော်တို့ ခံနိုင်ပါ့မလဲ။ အဲဒါကြောင့် ကျွန်တော်က အလုပ်တစ်ခုကိုခိုင်းတာနဲ့ ပုံစံကို တစ်ပါတည်းယူထား လိုက်ပါတယ်။ ပြီးတော့မှ သူကြေးများတဲ့အခါ မူလကခိုင်းတဲ့ပုံကို ပြပါတယ်။ ပြီးတော့ လုပ်အားခငွေကို တောင်းပါတယ်။ အဲဒီငွေကို ရတာနဲ့ အလုပ်ဆက်မလုပ်တော့ပါဘူးလို့လည်း ပြောလိုက်ပါတယ်။

အဲဒီလိုလုပ်ရင် ပြဿနာရှာမယ်လို့ အပြောခံရသေးတာ တီချာ ရဲ့။ ဒါပေမဲ့ ကျွန်တော်တို့ လုပ်ခလည်းရခဲ့ပါတယ်။ အလုပ်ကိုလည်း ဆက်မလုပ်ဘဲ ထွက်လိုက်နိုင်ပါတယ်။ အဲဒီလိုအဆင်ပြေအောင် အိမ်ရှင် ရဲ့ဇနီးက ကူညီပါတယ်။ တကယ်တော့ ဇနီးကြောင့် ခင်ပွန်းအခြေ ကြီးရတာ၊ ဒါတောင် သူက မောက်မာနေပါသေးတယ်။ အလုပ်လုပ် ရင် လူအမျိုးမျိုးနဲ့ တွေ့ရတာပေါ့ တီချာရယ်။”

တချို့အိမ်ရှင်တွေက ကျွန်တော်တို့ဆရာက ကြီးကြပ်ရုံကြီး ကြပ်တာ။ ကျွန်တော်တို့က တကယ်လုပ်နေရတာလို့ မြင်ပါတယ်။ အဲဒီတော့ ဆရာကတစ်ဆင့် စကားပြောရတာ စရိတ်ပိုကြီးတယ်။ အလုပ်လုပ်နေတဲ့ ကျွန်တော်တို့နဲ့ပဲ ဆက်ဆံမယ်ဆိုတဲ့သဘောနဲ့ စကား ပြောကြပါတယ်။”

“အဲဒီလိုအခြေအနေမျိုးကို ကျွန်တော်တို့ လက်မခံပါဘူး။ ကျွန် တော်ရော ကျွန်တော့ပါတနာကရော အဲဒီကိစ္စမှာ စည်းကမ်းထားပါ တယ်။ ဆရာကတစ်ဆင့် ဆက်ဆံတာကို ဆရာကတစ်ဆင့်ပဲ စကား ပြောခိုင်းပါတယ်။

အခု ကျွန်တော်တို့ခွဲထွက်လာတာကလည်း ပြေပြေလည်လည် ပါပဲ။ ဆရာကတစ်ဆင့် ဆက်ဆံတဲ့သူတွေရဲ့အလုပ်ကိုလည်း အခုအထိ တစ်ဆင့်ပဲ ဆက်ပြီးလက်ခံပါတယ်။ လုပ်ကွက်တွေကို ကျွန်တော်တို့ လုမယူပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူသင်ပေးတဲ့ပညာနဲ့ ထမင်းစားနေရတာ။ ကျွန်တော်တို့ သူ့ကို သစ္စာရှိရမှာပေါ့။ သူ့လုပ်ကွက်တွေကို ကျွန်တော်တို့ ဘယ်တော့မှ မတောင်းပါဘူး။

ကျွန်တော်တို့ အလုပ်ခွဲထွက်တာကလည်း အသစ်အပ်တဲ့လုပ်ငန်း ရှိနေလို့ပါပဲ။ ပြီးတော့ ကျွန်တော့ဆရာရဲ့ညီကလည်း ငွေလိုတာနဲ့ အလုပ်ကို ကိုယ်ပိုင်လုပ်ချင်နေပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ နှစ်ယောက် တိုင်ပင်ပြီး အလုပ်ခွဲထွက်ပြီး လုပ်ကြည့်ကြတာပါ။ အဲဒီနောက်တော့ တစ်အိမ်ပြီးတစ်အိမ် ကျွန်တော်တို့ အလုပ်ဆက်ရတော့ တာပါပဲ။”

ကိုစိမ်းနီတို့ ပထမဆုံး ပြင်ဆင်ခဲ့တဲ့အိမ်ကို ကျွန်မ ရောက်ဖူးပါတယ်။ ကန်ထရိုက်တိုက်ခန်းပေမယ့် အထဲက အပြင်အဆင်ကောင်းလွန်းလို့ ဟယ်- ကောင်းလိုက်တာ၊ နေချင်လိုက်တာလို့ ပြောခဲ့ရတဲ့ အိမ်ကလေး ဖြစ်ပါတယ်။ သူတို့နာမည်ရတာကလည်း သူတို့လုပ်ကွက်တွေကို သူတို့ကိုယ်တိုင် စိတ်ကြိုက်ဖြစ်မှ လက်လွှတ်လေ့ရှိတာကြောင့်ပါပဲ။

အဲဒီအိမ်ရှင်ရဲ့အစ်မဖြစ်သူက ကိုစိမ်းနီတို့ကို သိပ်ပြီးချီးကျူးတာပါပဲ။ “သူတို့က သူတို့ရဲ့နာမည်ကို ထိန်းထားတယ်။ အလုပ်ကို ကြီးကြပ်ပေးတဲ့သူတွေက ဒီလောက်ဆိုရင် တော်ရောပေါ့ ပြောတာကို တောင် မဖြစ်ဘူး၊ နာမည်ပျက်မခံနိုင်ဘူးဆိုပြီး သေသေချာချာ လုပ်ပေးတယ်။ ပါကေးကို မကြိုက်ရင် ပြန်ခွာပြီးကပ်တာ၊ အဲသလောက်ကို စိတ်ချရတာ” လို့ ပြောဖူးပါတယ်။

ကျွန်မက ကိုစိမ်းနီကို အလုပ်ရှင်တွေက သိပ်ချီးကျူးတာပဲလို့ ပြောမိပါတယ်။ ဘယ်လောက်ချီးကျူးသလဲဆိုတာကိုလည်း ပြောပြပါတယ်။ ကိုစိမ်းနီနဲ့ ကျွန်မကို ဆက်ပေးတဲ့အစ်မက ကျွန်မကို ပြောပါတယ်။ “ဝင်းရေ စောင့်ကြည့်စရာမလိုပါဘူး။ သူတို့က ပြောတဲ့အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ လုပ်ပေးတတ်ပါတယ်။ ပြီးတော့ အဖွဲ့သားတွေရဲ့ စာရိတ္တကိုလည်းစိတ်ချ။ သူတို့အလုပ်လုပ်နေတုန်းမှာ ကျောင်းသွားစရာ ရှိရင်လည်း သွားလိုက်၊ ဘာမှမပျောက်စေရဘူး။ သူတို့အဖွဲ့ထဲမှာ ခေတ်ပညာတတ် ဘွဲ့ရတွေ၊ စာပေးစာယူတက်နေတဲ့သူတွေလည်း ပါတယ်” လို့ ပြောဖူးပါတယ်။

ကိုစိမ်းနီတို့အဖွဲ့ကို ကျွန်မရဲ့အစ်မက ချီးကျူးတဲ့အကြောင်း ပြောလည်းပြီးရော ကိုစိမ်းနီက “ဟုတ်ပါတယ် တီချာ၊ ကျွန်တော်တို့က ပိုက်ဆံရရင်ပြီးရောဆိုတဲ့သဘောနဲ့ အလုပ်မလုပ်ပါဘူး။ အဖွဲ့ထဲကလူတွေကိုလည်း အဲဒီလိုသဘောမထားအောင်လည်း ကျွန်တော် အမြဲပဲ ဆွေးနွေးပါတယ်။ ပိုက်ဆံအမြန်ရအောင် မြန်မြန်လုပ်ရင် နာမည်က မြန်မြန်ကျမှာပေါ့တီချာ။ အချိန်ယူပြီး စေ့စေ့စပ်စပ်လုပ်မှ ကောင်းမယ့် အလုပ်တွေ ရှိတာကိုး။ အဲဒီတော့ ကျွန်တော်က ပေါ့ပေါ့ဆဆမလုပ်အောင် ကျွန်တော့လူတွေကို အမြဲသတိပေးရပါတယ်။”

ကိုစိမ်းနီက သူ့ရဲ့လူတွေကို သူဘယ်လိုထိန်းတယ်ဆိုတာလည်း ပြောပြပါသေးတယ်။ “ဆူတာပူတာလည်း လုပ်ရပါတယ်။ အထူးသဖြင့်တော့ ဆွေးနွေးတာလည်း လုပ်ရပါတယ်။ သူတို့ရဲ့ စိတ်နေသဘောထား မှန်ဖို့ဆိုတာက အမြဲလိုလို သတိပေးနေမှဖြစ်မယ် တီချာရဲ့” လို့ ပြောပါတယ်။

တချို့ကလေးများကတော့ အလုပ်ခွင်မှာ ခိုတတ်လို့ လွှတ်ထားလို့မရပါဘူးလို့ ပြောပါတယ်။ တချို့ကလည်း တော်လွန်းထက်လွန်း ပေမယ့် မပြည့်ဝသေးတော့ ဇက်သတ်သလို မကြာခဏဆုံးမနေရတယ် လို့ ပြောပါတယ်။

ကျွန်မ သတိထားမိခဲ့တာကလေးတွေလည်း ရှိပါတယ်။ ကိုစိမ်းနီရဲ့ ဝမ်းကွဲညီကလေးဟာ အလွန်တော်ပါတယ်။ ကျွန်မက ထုံးစံရှိမရှိ မသိတာတစ်ကြောင်း၊ သစ်ဈေးတွေက သိပ်ကြီးနေတော့ ခေတ်မီပရိဘောဂအသစ်တွေကိုလုပ်ရင် ဈေးသိပ်ကြီးနေမှာစိုးတာတစ်ကြောင်းပေါ့

www.burmeseclassic.com

www.burmeseclassic.com



လေ။ ကိုစိမ်းနီရဲ့ ညီကလေးကို ဗီရိုတစ်ခုလုပ်ရင် ကုန်မယ့်ဈေးကို မေးမိပါတယ်။ ခန့်မှန်းခြေကို မေးတာပါပဲ။

ကိုစိမ်းနီရဲ့ညီကလေးက သူမသိပါဘူး။ သိရင်လည်း သူ့အစ်ကို ကြီးမပြောခင် ကြိုမပြောနိုင်ပါဘူးလို့ ခပ်အေးအေး ခပ်ပြတ်ပြတ် ပြော ပါတယ်။ ကြီးတဲ့သူကို ကျော်မလုပ်ဘူးဆိုတာ ပြလိုက်တာပါပဲ။ နောက် ပြီး အဲဒီကလေး အလုပ်မလာတဲ့ ၃ ရက်လောက်မှာ အလုပ်မဖြစ်ပါဘူး။ စည်းကမ်းရှိပါတယ်လို့ ကျွန်မချီးကျူးထားတဲ့ လက်သမားအဖွဲ့မှာ စည်းကမ်းမဲ့သလားမမေးနဲ့ ဆိုတာလို ဖြစ်နေပါတယ်။ အလုပ်ခွင်ကို ရောက်တာနဲ့ မဟန့်တားရင် ဘယ်လောက်ကြာကြာ စကားပြောဆိုနေ ကြမယ်ဆိုတာ မသိပါဘူး။ မနေနိုင်လို့ ဟန့်တားလိုက်တာတောင်မှ မိနစ်သုံးဆယ်လောက် ကြာပါတယ်။ ဘာမှ အရေမရ အဖတ်မရတဲ့ စကားကို ပြောနေကြတာ ဖြစ်ပါတယ်။

အဲဒီအထဲမှာ လူငယ်လေးတစ်ယောက်ပါပါတယ်။ အဝေး သင်တက္ကသိုလ်ကျောင်းသား ဖြစ်ပါတယ်။ သူကတော့ ငယ်လည်းငယ် သေးတာကိုး။ ကျွန်မလို လူကြီးအတွက် ကြည့်ရတာ အားမရစရာပါပဲ။ သရက်ပင်ပေါ် ရောက်သွားလိုက်၊ သရက်သီးစား၊ အိပ်လိုက်နဲ့ပေါ့။

ကိုစိမ်းနီရဲ့ ညီကလေးလည်း အလုပ်ပြန်ဆင်းရော သူ့အသံ ဝဲတဲတဲကလေးနဲ့ အမိန့်ပေးနေတာကို ကြားရတော့တာပဲ။ သူကိုယ်တိုင် လည်း အလုပ်နဲ့လက် မပြတ်ဘူးလေ။ အဲဒီတော့ သူ့အမိန့်က တည်တာ ပေါ့။ အစောပိုင်းဆိုက ပေါ့ပျက်ပျက်ဖြစ်နေတဲ့သူတွေဆိုရင် သူ့နေရာနဲ့သူ သေသေဝပ်ဝပ် အလုပ်လုပ်နေကြတာ အားရစရာပါပဲ။ အစောပိုင်းက ကျွန်မ အားမရခဲ့တဲ့ အဝေးသင်တက္ကသိုလ် ကျောင်းသားကလေးလည်း ပိပိပြားပြား သေသေဝပ်ဝပ် အလုပ်လုပ်နေလိုက်တာ ကျွန်မဖြင့် သနား တောင်လာပါတယ်။

*

www.burmeseclassic.com

www.burmeseclassic.com



ကိုစိမ်းနီက သူ့လူတွေကို သေသေချာချာ ဆုံးမရတယ်ဆိုတဲ့ အကြောင်းကို ပြောထားတာကြောင့် ကျွန်မ သဘောပေါက်တာ ရှိပါသေးတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ စားဝတ်နေရေး ကျပ်တည်းလာတာ သိပ်မကြာလှသေးပါဘူး။ အဲဒီလိုအခြေအနေ မတိုင်မီတုန်းကဆိုရင် လူနေမှုအဆင့်အတန်း မြင့်ချင်မှမြင့်ပါမယ်။ ဒါပေမဲ့ တစ်ယောက်ရှာတာကို အများက ဝိုင်းထိုင်ပြီး စားနေလို့ ရသေးနေတာကို တွေ့ရပါတယ်။ အဲဒီတော့ အလုပ်တန်ဖိုး၊ အချိန်တန်ဖိုး ဆိုတာကိုလည်း ပေါ့ပေါ့ပဲ သဘောထားနေကြတာကို တွေ့ရတတ်ပါတယ်။ နိုင်ငံခြားကိုသွားပြီး အလုပ်လုပ်ကြတယ်။ ကြီးပွားကြတယ်ဆိုတာက သိပ်အလုပ်လုပ်ကြရတာကိုး။ အပြိုင်အဆိုင်တွေကလည်း အများကြီးရှိနေပါတယ်။ လုပ်နိုင်မှ ရပါမယ်။ ငွေတန်ဖိုးကွာဟတာကြောင့် ဟိုမှာလိုရရင် ဟိုမှာလို လုပ်မယ်လို့ ပြောကြမယ်ထင်ပါရဲ့။

ကျွန်မကတော့ ဘယ်မှာပဲလုပ်လုပ် အလုပ်ဆိုတာ လုပ်သမျှတော့ ကိုယ့်ကို သိက္ခာတက်စေမယ့်အကျင့်ပဲလို့ ပြောချင်တာပါပဲ။ တက္ကသိုလ်က ဘွဲ့ရတဲ့သူတွေ လက်သမားဝင်လုပ်တာပဲဖြစ်ဖြစ် အခြားသော အလုပ်များမှာ ဝင်လုပ်တာပဲဖြစ်ဖြစ် ဝင်ပြီးလုပ်လာကြတာကို ကျွန်မတို့ ကြိုဆိုပါတယ်။ ဒါပေမဲ့ တက္ကသိုလ်မှာ အရှင်မဟာရဋ္ဌသာရ ပြောသလို "ဟောပြောမဲ့ထွေ ပေချပ်ရေသို့ ကုန်ချေဆန်းသာ သင်ချေပါက" ဆိုတဲ့ သင်ယူနည်းမျိုးနဲ့ သင်လာတာဆိုရင်တော့ ဘယ်လောက်ပဲ မြင့်တဲ့ဘွဲ့ကို ရထားပါစေ၊ ဘာပဲလုပ်လုပ် ကြည်ကြည်လင်လင် မြင်တတ်မယ်မဟုတ်ပါဘူး။ ဘွဲ့ခံနေတာနဲ့ အမြင်တောင်မှ တစ်ဖက်စောင်းနင်း ဖြစ်နိုင်ပါသေးတယ်။

အဲဒါကတော့ ကိုစိမ်းနီနဲ့ စကားပြောရင်း ကျွန်မတွေးမိတဲ့ အတွေးဖြစ်ပါတယ်။ ကိုစိမ်းနီကတော့ သူ့လူတွေကို သူမရိုက်ဘဲမနှက်ဘဲ နာစရာဆိုရင် နာအောင်ဆုံးမတယ်လို့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားပြောရင်း ကိုစိမ်းနီက "အဖေတို့ကတော့ သိပ်ရိုက်တာပဲ။ ရိုက်တာမကောင်းပါဘူး တီချာရယ်။ ရိုက်တာက ကြောက်ရုံပဲ ကြောက်တာ နားလည်တာမဟုတ်ဘူး" လို့ ပညာရေးသဘာတရားနဲ့ ပတ်သက်လို့ ပြောနေပါသေးတယ်။ တကယ်တော့ စာအုပ်ကြီးထဲက အကြောင်းတွေကို လူတန်းစာအလွှာအသီးသီးကလူတွေ စိတ်ဝင်စားလေ ကောင်းလေပါပဲ။

ကိုစိမ်းနီကတော့ စဉ်းစားတာ အဘက်ဘက်ကလှည့်ပြီးစဉ်းစား တာပါပဲ။ "ကျွန်တော်တို့ အခုတနင်္ဂနွေနေ့ဆိုရင် အလုပ်ပိတ်ပါတယ်။ အလုပ်လုပ်တာများရင်လည်း ကိုယ်ရောစိတ်ပါ သိပ်ပင်ပန်းသွားတတ်ပါ တယ်။ အဲဒီတော့ နားရက်ပေးရပါတယ်။ နောက်ဆိုရင် တနလ်ာမှာ ပိတ်ရမလားလို့ တွေးနေပါတယ်လို့ ပြောပါတယ်။ သူပြောတဲ့အချိန် မှာ ကျွန်မ ဖျက်ခနဲဆိုသလို တွေးမိလိုက်တာ ရှိပါတယ်။ ကိုစိမ်းနီတို့ အဖွဲ့ထဲမှာ ကျောင်းသားကလေးတွေ ပါနေပါတယ်။ အခြေခံအထက် တန်းမှာ တက်နေတဲ့ ကလေးတွေလေ။ သူတို့က ကျောင်းပိတ်ရက်မှာ အလုပ်ဆင်းပြီး ကျောင်းစရိတ်ရှာကြရတာပါတဲ့။ သူတို့အတွက် စနေ ရော၊ တနင်္ဂနွေရော အလုပ်ဆင်းနိုင်ခွင့်ရအောင် တနလ်ာနေ့ကျမှ အလုပ်ပိတ်ဖို့ ကိုစိမ်းနီက စဉ်းစားနေတာ ဖြစ်ပါတယ်။ ကိုစိမ်းနီဟာ အလုပ်လုက်တဲ့နေရာမှာ ဘာပဲဖြစ်ဖြစ် ကိုယ်တစ်ယောက်တည်း ကောင်း စားရေးကို မကြည့်တတ်တဲ့ အဖွဲ့ခေါင်းဆောင်ပီသမှုကို အသေးအဖွဲ့က အစ ပြသလိုက်တာပါပဲ။

အလုပ်လုပ်ရင်း တက်လာတဲ့သိက္ခာနဲ့ပတ်သက်ပြီးလည်း ကျွန်မ တို့ ဆွေးနွေးကြပါသေးတယ်။ "ကျွန်တော်တို့ အိမ်တစ်အိမ်မှာ အလုပ် လုပ်ပြီးတာနဲ့ အဲဒီအိမ်ရှင်က နောက်တစ်အိမ်ကို ဆက်သွယ်ပေးတာ ပါပဲ။ တစ်ခါတော့ ကျွန်တော် အလုပ်လုပ်ရမယ့်အိမ်သစ်မှာ လိုအပ် နေတဲ့ သစ်ဝယ်ရမှာကြောင့် ကျွန်တော်က သစ်ဖိုးထုတ်ပေးထားဖို့

www.burmeseclassic.com

www.burmeseclassic.com



ပြောပါတယ်။ အခုအချိန်ကျတော့ စိုက်ထားနိုင်ပါပြီ။ အလုပ်စပြီး ခွဲခါစကတော့ မစိုက်နိုင်သေးပါဘူး။ အဲဒါကြောင့် အိမ်ရှင်ဆီက သစ်ဖိုး တောင်းရပါတယ်။ သောင်းဂဏန်းဆိုတော့လည်း သိပ်တော့မနည်းဘူး ပေါ့ တီချာရယ်။ အဲဒီတော့ အိမ်ရှင်က ချက်ချင်းမပေးဘဲ ညနေမှ လာယူလို့ ပြောပါတယ်။ သူက နေ့လယ်မှာ ဆက်ပေးတဲ့အိမ်ရှင်ကို မေးသေးတာကိုး။ ညနေကျတော့ ကျွန်တော်တောင်းတဲ့ငွေကို ထုတ်ပေး ပါတယ်။

အဲဒီအကြောင်းကို သိသွားတဲ့သူတွေက တစ်ဆင့်နားနဲ့ ပြော ကြတာတွေကြောင့် အခုဆိုရင် ကျွန်တော်တို့ကို ယုံကြည်တဲ့သူတွေ များလာပါပြီ။ တကယ်လို့သာ ကျွန်တော်တို့က အမြီးကျက်အမြီးစား ခေါင်းကျက်ခေါင်းစားဆိုတာလိုမျိုး လုပ်ခဲ့ရင် ကျွန်တော်တို့ဟာ အခုလို လူအများ ယုံကြည်လေးစားတဲ့သူတွေအဖြစ်ကို ဘယ်မှာရောက်လာပါ့ မလဲ။

အဲဒါကြောင့် ကျွန်တော်က ကျွန်တော့လူတွေကို ဆုံးမရပါ တယ်။ တော်တော်တန်တန် စိတ်ချရုံနဲ့ အိမ်ထဲမှာ အထဲဝင် အပြင်ထွက် ဆိုသလို သွားလာဝင်ထွက်လုပ်မှ အလုပ်ပြီးတဲ့ကိစ္စတွေကို အပ်မှာ မဟုတ်ပါဘူး။ အဲဒီတော့ အနေအထိုင် အပြောအဆိုကို သတိထားပါ။ စည်းကမ်းကြီးစွာထားပြီး နေပါ၊ ထိုင်ပါလို့ ပြောရပါတယ်။”

*

ကိုစိမ်းနီနဲ့ အလုပ်ကိစ္စအကြောင်းကို နည်းနည်းကျဉ်းကျဉ်း လောက်ပဲ ဆက်ပြောဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့လုပ်ငန်း ရဲ့ အကြောင်းကို ကျွန်မမှ သိပ်နားမလည်ဘဲ။ ဘာမှမမေးတတ်ပါဘူး။ သူတို့အလုပ်ကိစ္စနဲ့ ပြောတဲ့အထဲက အကြံကြီးတဲ့၊ ပညာကိုတန်ဖိုးထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ထက်မြက်တဲ့သူတွေပြောတဲ့ စကားကိုတော့ မှတ်မှတ်ရရ ပြန်ပြော မိဖို့ ကျွန်မ သတိထားခဲ့ပါတယ်။

"ကျွန်တော် တကယ်တမ်း အလုပ်ခွဲလုပ်တာက ၅ နှစ်ကျော် ကျော်ပဲ ရှိပါသေးတယ်။ အလုပ်လုပ်တဲ့အခါမှာ မျက်စိပွင့်ဖို့ အမြင် ကျယ်ဖို့ လိုပါတယ်။ ကျွန်တော်သာ ၁၀ နှစ်လောက်ကစပြီး အမြင် ကျယ်ခဲ့ရင် ကောင်းမှာပဲ တီချာရယ်" လို့ ခပ်ညည်းညည်းလေသံနဲ့ ကိုစိမ်းနီက ပြောပါတယ်။

ကျွန်မ ကိုစိမ်းနီကို ပြောရပါတယ်။ "ကိုစိမ်းနီရေ၊ ကိုစိမ်းနီ ဟာ ၁၀ နှစ်လောက်ကတည်းက မျက်စိပွင့်နေပြီဖြစ်လို့ ၅ နှစ်လောက် ကတည်းက အလုပ်ကို ကိုယ်ထူကိုယ်ထ ခွဲထွက်နိုင်တာပေါ့။ ခွဲထွက် ပြီးတော့လည်း အလုပ်တွေက နားမနေရအောင် ဆက်တိုက်ဝင်နေတာ ပေါ့။ အခုဆိုရင် နိုင်ငံခြားသားတွေ ဘာတွေနဲ့တောင် ဆက်ဆံနေရပြီ မဟုတ်လား" လို့ ကျွန်မက ပြောမိပါတယ်။

ကိုစိမ်းနီက "ဟုတ်တော့ဟုတ်ပါတယ် တီချာ၊ တီချာက စကား ပြောဖို့ ဖိတ်ခေါ်တဲ့နေ့က ဂျပန်တစ်ယောက်နဲ့ စကားပြောဖို့ ကျွန်တော် တို့ သွားကြရတာပါ။ အဲဒီဂျပန်က အမှတ်တရပစ္စည်းတွေကို ဆိုင်ဖွင့် ရောင်းချင်တာပါ။ သူ့ဆိုင်ကိုလည်း အမှတ်တရဖြစ်အောင် လုပ်ပေး စေချင်တယ်လို့ ပြောပါတယ်။ အဲဒီစကားကို တန်းပြောတာမဟုတ်ပါ ဘူး။ အမှတ်တရဆိုတဲ့စကားကို ခင်ဗျားတို့ ဘယ်လိုသဘောရကြ ပါသလဲလို့ မေးသေးတာ တီချာရဲ့။ ကျွန်တော်တို့က မြန်မာနိုင်ငံမှာ ဆိုရင် မြန်မာပစ္စည်းဟာ မြန်မာပြည်ကို အလည်လာကြတဲ့ နိုင်ငံခြား သားများအတွက် အမှတ်တရပေါ့လို့ ပြောမိပါတယ်။ ဂျပန်က မဟုတ် သေးဘူးတဲ့ တီချာရဲ့။ ဂျပန်ပြည်ဖြစ် ပစ္စည်းဖြစ်ဖြစ်၊ မြန်မာပြည်ဖြစ် ပစ္စည်းဖြစ်ဖြစ်၊ နေရာဒေသ အချိန်ကာလနဲ့တွဲပြီး အမှတ်တရ အခြေ အနေတွေ ဖြစ်ပေါ်စေရင် အမှတ်တရပစ္စည်းလို့ ခေါ်နိုင်တာပဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စဉ်းစားမိပါတယ်။ သူတို့တစ်တွေဟာ ဘာပဲလုပ်လုပ် ပေါ့တီးပေါ့ဆ မလုပ်ဘူး။ ဝေါဟာတစ်ခုကိုတောင်မှ ဖွင့်ဆိုတတ်ကြသေးတာ။ ဒါဟာ အမြင်ကျယ်တာပဲပေါ့ တီချာ” လို့ အမြဲလိုလို လေးနက်လေ့ရှိတဲ့ ကိုစိမ်းနီက ပြောပြန်ပါတယ်။

“ဆရာမပြောမယ် ကိုစိမ်းနီ၊ အမြင်ကျယ်တယ်လို့ ဆိုတာဟာ ချက်ချင်းတော့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အခြေခံကောင်းတာနဲ့အမျှ ကောင်းသောအမြင်တွေ ရလာနိုင်တာတော့ အမှန်ပါပဲ။ အမြင်ကျယ်တယ်လို့ ဆိုတဲ့နေရာမှာလည်း ကျယ်တဲ့အမြင်ကကောင်းမှ ဟန်ချက်ညီတိုးတက်မှာကိုး။ ဒီနေရာမှာ ခပ်ငယ်ငယ်က ဆရာမရဲ့ခံစားချက်ကို ပြောပြပါမယ်။ ဆိုပါတော့ အသက် ၂၀ ကျော်အရွယ်လောက်က ဆရာမဟာ ပညာရေးဆိုင်ရာ စာအုပ်စာတမ်းတွေကို ဖတ်ပါတယ်။

ဖတ်တဲ့အခါမှာ စာအုပ်ဝယ်လို့လွယ်တဲ့အချိန် ကောင်းတဲ့အချိန်ဆိုတော့ ကိုယ်ပိုင်စာအုပ်တွေအဖြစ် ဝယ်ထားပြီး ဖတ်တာပါ။ အဲဒီတော့ မျဉ်းသားတာတို့ ဘေးဘက်မှာ မှတ်စုကလေးတွေ ရေးထားတာတို့ စတဲ့အလုပ်တွေကို လုပ်တာပေါ့။

အသက် ၃၀ ကျော်လောက်မှာ အဲဒီစာအုပ်တွေကို ပြန်ဖတ်တော့ အံ့သြဖွယ်ရာပါကလား၊ ဒီစာတွေကို ငါဖတ်ခဲ့တာ သေသေချာချာကြီး ဖတ်ခဲ့တာပါကလား၊ အခုတော့လည်း မမှတ်မိတော့ဘူး။ ဒုက္ခပဲလို့တွေးပြီး အတော်စိတ်မကောင်း ဖြစ်မိပါတယ်။ နောက်တော့မှ တဖြည်းဖြည်း ပြန်စဉ်းစားမိပါတယ်။ ငါဟာ အဲဒီအရွယ်တုန်းက အဲဒီစာတွေကိုမဖတ်ဖြစ်ခဲ့ဘူးဆိုရင် အခုအချိန်မှာ နားလည်ရမယ့်အကြောင်းအရာတွေကို ဘယ်မှာနားလည်ပါ့မလဲလို့ စဉ်းစားမိလာပါတယ်။ မေ့သွားတာတွေက အချက်အလက်တွေပဲ။ အဲဒီစာတွေကို ဖတ်တုန်းက ရခဲ့တဲ့ တွေးခေါ်ပုံ တွေးခေါ်နည်းတွေကို ငါမှုမမေ့ဘဲ။ ပိုလို့တောင်မှ တွေးမိလာသေးတယ်၊ တွေးတတ်လာသေးတယ်လို့ ဆက်တွေးရင်း စိတ်လက်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာလာပါတယ်။ အခုလည်း အဲဒီလိုပါပဲ။ ကိုစိမ်းနီတို့အလုပ်ကို တိုးချဲ့နိုင်တာက အလုပ်မတိုးချဲ့ခင်ကတည်းက တို့ချဲ့ရင် ဘယ်လိုအကျိုးကျေးဇူး ရလာနိုင်တယ်၊ ဘယ်လိုပြဿနာတွေကို ရင်ဆိုင်ရမယ်ဆိုတဲ့ အကြောင်းတွေကို စဉ်းစားထားနိုင်လို့ပဲပေါ့။ ၁၀ နှစ်လောက်ကလည်း အလုပ်ကို တိုးချဲ့နိုင်ဖို့အခွင့်အလမ်းက အခုလောက်မများသေးဘူးလေ။ အဲဒါကိုရော စဉ်းစားမိရဲ့လား။ အရေးကြီးတာက အလုပ်တစ်ခုကို လုပ်မိတဲ့အချိန်ကစပြီး တရှိန်ရှိန်တက်အောင်သာကြိုးစား။ စမိပြီဆိုရင် နောက်ကျသွားတယ်လို့ တွေးပြီး စိတ်မကောင်းဖြစ်ဖို့ မရှိတော့ဘူး”လို့ ကျွန်မက ရှည်ရှည်ဝေးဝေး ပြောပြနေမိပါတယ်။

ကိုစိမ်းနီကလည်း ထုံးစံအတိုင်း တွေးတွေးဆဆနဲ့ ဟုတ်ကဲ့ တီချာ၊ ဟုတ်ကဲ့ တီချာနဲ့ ပြန်ပြောပါတယ်။

ကိုစိမ်းနီက အတွေးနက်ပါတယ်။ သူက စာဖတ်တဲ့သူ ဖြစ်ပါတယ်။ စာဖတ်လေ့ရှိတာကတော့ မိသားစုရဲ့ အလေ့အကျင့်ပဲ ဖြစ်ပါတယ်တဲ့။ အလုပ်တွေ သိပ်ပင်ပန်းနေတဲ့အချိန်တုန်းကတော့ အိမ်ကိုပြန်ရောက်တာနဲ့ မနိုင်နိုင်အောင် နားချင်လာတာ အိပ်ချင်လာတာကြောင့် စာမဖတ်နိုင်တော့ဘူးပေါ့။ အခုတော့ စာမှန်မှန်ဖတ်ပါတယ်တဲ့”

ဘယ်လိုစာတွေ ဖတ်ပါသလဲဆိုတော့ ဆရာနန္ဒာသိန်းဇံ၊ ဆရာပါရဂူ၊ ဆရာမြသန်းတင့်တို့ရဲ့ စာတွေကို အဖတ်များပါတယ်တဲ့။ ဆရာနန္ဒာသိန်းဇံကိုတော့ ဖတ်လိုက် တွေးလိုက်၊ ဖတ်လိုက် တွေးလိုက်နဲ့ လုပ်ရတာကို သဘောကျလို့ ဖတ်တာပါတဲ့။

ကျွန်မရေးတဲ့ စာအုပ်များကိုလည်း အပိုင်ဝယ်ထားပြီး မောင်နှမတစ်တွေ ဖတ်ကြပါသတဲ့။ ကျွန်မက ကျေးဇူးတင်ကြောင်း ပြောရပါသေးတယ်။ ပညာရေးကလူတွေတောင်မှ ဝယ်ဖတ်ဖို့ဆိုရင် ဖတ်ကြတာမှ မဟုတ်တာ။ လက်သမားဆရာက ဖတ်တယ်လို့ဆိုတာ တကယ့်ကို ကျေးဇူးတင်ရပါတယ်။ တစ်ခုတော့ရှိပါတယ်။ ကိုစိမ်းနီ သာမန်

www.burmeseclassic.com

www.burmeseclassic.com



လက်သမားဆရာလို့မှ မပြောနိုင်ဘဲကိုး။ အလုပ်သမားအဖွဲ့များထားပြီး လုပ်ငန်းကြီးတွေကို ဦးစီးလုပ်ကိုင်နေသူကိုး။ အမြင်ကျယ်ဖို့ ကြိုးစားနေသူကိုး။ ကိုစိမ်းနီက ကျွန်မရဲ့ မြည်းတစ်ကောင်နဲ့ မတင်ဝင်း စာအုပ်ထဲက အကြိုက်ဆုံးဆောင်းပါးဟာ "ရေမရှိလည်း ပွင့်သည့်ကြာ" ဆိုတဲ့ ဆောင်းပါးဖြစ်ပါသတဲ့။ အခွင့်အလမ်းကို စောင့်နေတဲ့သူဟာ ရတဲ့အခွင့်အရေးကိုယူပြီး ကိုယ့်အခွင့်အရေးကို ပွင့်လန်းအောင် ကြိုးစားတတ်တယ်ဆိုတာကို သူက သိပ်သဘောကျပါတယ်။ နောက်ပြီးတော့ စာထဲကရတဲ့ အသိပညာကို သူဘယ်လိုအသုံးချတယ်ဆိုတာလည်း ပြောပြပါသေးတယ်။ "ဖတ်တဲ့စာအုပ်တွေကများတော့ ဘယ်စာအုပ်က ရမှန်းမသိတော့ပါဘူး တီချာရယ်၊ ဂျပန်ပြည်က အလုပ်ရှင်တွေဟာ သူတို့အလုပ်သမားများရဲ့ သာရေးနာရေးကအစ လူမှုကိစ္စများမှာ ကိုယ်တိုင်လိုက်ပြီး ဆောင်ရွက်တတ်ကြတယ်ဆိုတာကို ကျွန်တော် ဖတ်ဖူးပါတယ်။ ဒါမှ အလုပ်သမားများအနေနဲ့ အလုပ်ခွင်မှာ လုံခြုံမှုရမှာကိုး။ အဲဒါကြောင့် ကျွန်တော့အဖွဲ့ထဲက ကောင်လေးတစ်ယောက်ရဲ့အဖေဆုံးတော့ ကျွန်တော်က ရက်လည်တဲ့အထိ သွားနေပေးပါတယ်။ ငွေကိုလည်း လိုတာကို ထုတ်ပေးပါတယ်။ မျက်နှာအငယ်မခံပါဘူး။ သူတို့အပေါ်မှာ ကျွန်တော်က အဲဒီလို ဂရုစိုက်တော့လည်း သူတို့က ဂရုစိုက်လာတာပေါ့ တီချာရယ်" လို့ ကိုစိမ်းနီက ပြောပါတယ်။

ကျွန်မက "ကိုစိမ်းနီလုပ်တာ သိပ်မှန်တာပဲ။ ဒါတွေကတော့ မြန်မာ့လူမှုအဖွဲ့အစည်းမှာလည်း ရိုးရာဓလေ့ကို ထိန်းသိမ်းနိုင်လေလေ အဲဒီအတိုင်း ကျင့်ကြံလေလေပါပဲ။ နိုင်ငံတကာမှာလည်း လူအင်အားပါမှ အလုပ်အကိုင် အောင်မြင်နိုင်တယ်ဆိုတာကို အထူးဂရုပြုပြီး ပြောကြဆိုကြ ဆွေးနွေးကြနဲ့ အတော်ကလေး လူအပေါ်မှာ အလေးထားလာကြပါပြီ" လို့ ကျွန်မ ပြောမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုစိမ်းနီနဲ့ ဒုတိယအကြိမ် စကားပြောဖြစ်ကြတော့ သူဖတ်ဖြစ်ခဲ့တဲ့ စာအုပ်တစ်အုပ်အကြောင်းကို ဆွတ်ပျံ့ဖွယ်ရာဖြစ်အောင် ပြောခဲ့ပါတယ်။ ဘဘဦးသုခရဲ့စာအုပ် ဖြစ်ပါတယ်။ အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များဆိုတဲ့ စာအုပ်ပါပဲ။

ကိုစိမ်းနီက ပြောပါတယ်။ ဒီစာအုပ်ထဲမှာပါတဲ့ အမျိုးသမီးတွေရဲ့အကြောင်းကို ကျွန်တော်ဖတ်ဖူးပြီးသားပါ။ ဒါပေမဲ့ ဘဘဦးသုခဖွဲ့နွဲ့တာ ကောင်းလွန်းလို့ သိပ်ကိုပေါ်လွင်တာပါပဲ။ ကျွန်တော်တစ်ယောက်တည်းဖတ်ရင်း အားမရနိုင်တာနဲ့ အဖေရေ၊ ဘဘဦးသုခရေးတဲ့စာကို ကျွန်တော်ဖတ်ပြမယ်ဆိုပြီး ဖတ်ပြရပါသေးတယ်။ အဖေကလည်းနားထောင်ရင်း မျက်ရည်တွေကို လည်နေတာပဲ” တဲ့။ ကိုစိမ်းနီတောင်မှစကားပြောရင်း မျက်ရည်လည်ချင်ချင် ထင်ပါရဲ့။

ကိုစိမ်းနီတို့က အဲဒီလို စာကို သေသေချာချာ ရသကို ခံစားပြီးမှ ဖတ်လေ့ရှိတာပါ။ တကယ်တော့ တိုးတက်ဖို့ကြိုးစားနေတဲ့သူတွေစာဖတ်တယ်ဆိုတာ စိတ်နှလုံးကို ပိုမိုပြည့်ဝစေဖို့ ဖတ်ကြရတာပါပဲ၊ စာကိုမှန်မှန်ကန်ကန် ရွေးဖတ်တတ်သူက စာဆိုရင်ပြီးရောဆိုပြီး ဖတ်တဲ့သူနဲ့ စာအုပ်ရွေ့ကို အများကြီးပြေးနေမှာပဲ။

*

ကိုစိမ်းနီတို့ အလုပ်သမားအဖွဲ့ထဲက ကလေးတွေက တော်ကြပါတယ်။ အထူးသဖြင့် ညီအရင်းဖြစ်သူ သမိုင်း အဓိကဘွဲ့ရတစ်ယောက်နဲ့ ကျွန်မက ညီညီလို့ နာမည်ပေးထားတဲ့ လူငယ်တစ်ယောက်တို့ကလည်း ပွင့်လင်းရိုးသားစွာ စကားပြောကြမယ့် သူများလို့ ကျွန်မယုံကြည်ပါတယ်။

တစ်နေ့တော့ သူတို့အစ်ကိုကြီး အရက်သောက်တတ်လားဆိုတဲ့မေးခွန်းကို ကျွန်မ မေးဖြစ်ပါတယ်။ ညီထွေးကလေးက မသောက်

www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူး တီချာရဲ့၊ အစ်ကိုကြီးက ဘာကိုမှ မည်မည်ရရမလုပ်တတ်ပါဘူး။ သူ့ဘာသာသူ အေးအေးနေတာပါပဲလို့ ပြောပါတယ်။ ဒါဖြင့်ရင် ဆူကောမဆူဘူးလားလို့ မေးတော့ ဆူတော့ဆူတယ် စကားကတော့ ပြောသလားမမေးနဲ့တဲ့။

အစ်ကိုကြီးဆိုတော့ အဖအရာပေါ့လေ။ အဖေ့ကို အတုခိုးတာထင်တယ်လို့ ပြောတော့ ဟုတ်မယ်၊ ဟုတ်မယ်၊ အဖေကလည်း အတော်ဆူတယ်။ တစ်နေ့လုံး မပြီးနိုင် မစီးနိုင်ကို ဆူတာလို့ ပြောပါတယ်။

ဒါတွင်ဘယ်ကမလဲ၊ အိပ်ရာထသင့်တယ်လို့ သူသတ်မှတ်ထားတဲ့အချိန်မှာ မထရင် ဆောင်းတွင်းဖြစ်ပါစေ၊ အိပ်ရာထဲကို ရေပုံးတစ်ပုံးပက်ထည့်တာပဲတဲ့။ ကျွန်မမှာ စိတ်ပျက်သလိုဖြစ်ရာက ရယ်ရပါသေးတယ်။

ဒါပေမဲ့ အဲဒီညီထွေးဖြစ်သူက အဖေကို ငြူစူတာတော့မဟုတ်ပါဘူး။ အဖေက ငယ်ငယ်တုန်းက ဘုန်းကြီးကျောင်းမှာ နေခဲ့တာကိုး တီချာရဲ့။ အဲဒီတော့ ဘုန်းကြီးကျောင်းမှာ သူတို့ခံခဲ့ရသလို ကျွန်တော်တို့ကို ဆက်ဆံတာပါပဲတဲ့။ အဖေတို့ အမေတို့ရဲ့ဆွေမျိုးတွေ ကျွန်တော်တို့နဲ့ လာနေတုန်းက (ကျွန်တော်တို့ကလည်း ငယ်ငယ်ကလေးတွေပေါ့) အဲဒီလို ခဏခဏ အချခံရတယ်။ တစ်ခါတလေ အထွေထွေအပြစ်နဲ့ အချခံရတာတဲ့။ ဪ- ခက်လိုက်ပါဘိလို့ ညည်းချင်ချင် ဖြစ်ရပါတယ်။

ဘာပဲဖြစ်ဖြစ် တစ်ခွန်းစ နှစ်ခွန်းစ မေးရင်းစမ်းရင်း ကိုစိမ်းနီနဲ့ စာရင် ပွင့်လင်းတယ်လို့ဆိုနိုင်တဲ့ ညီထွေးကြောင့် သူတို့အဖေ စိတ်တိုတတ်တာ။ ဒါဆိုဒါမှ တစ်ဇွတ်ထိုးဖြစ်တတ်တာ စတဲ့ အဖေ့ရဲ့စိတ်သဘာဝကို ပိုပြီးသိလာရပါတယ်။ ကလေးတွေက လိမ္မာကြပါတယ်။ အဖေကို အဲဒီလိုမြင်ပေမဲ့ ဘာပဲဖြစ်ဖြစ် အဖေကို ချစ်ခင်ရိုသေ ရှိကြပါတယ်။ အဲဒါကတော့ မပျက်ယွင်းသေးတဲ့ မြန်မာတို့ရဲ့စရိုက် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အိမ်မှာ စိတ်ဓာတ်ကျတတ်တဲ့ သားတစ်ယောက်ရှိနေပါတယ်။ သူကတော့ အဖေရဲ့စရိုက်ကြောင့် စိတ်ဓာတ်ကျရာက စိတ်နေမကောင်းဖြစ်သွားတယ်လို့ ပြောနိုင်တဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရရှာပါတယ်။

အဖေက သားသမီးတွေနဲ့ နှိုင်းစာရင် ခေတ်နောက်ကျကျန်ရစ်ခဲ့ပါပြီ။ သားတွေပြောတဲ့စကားနဲ့ဆိုရင် "အဖေက လွမ်းစရာမရှိရင် သွားလေသူ အင်္ဂလိပ်ကို လွမ်းနေတာပဲ" တဲ့။ ဖြစ်တတ်ပါတယ်လေ။ ကိုယ်တိုင်က ကိုယ့်ပုံစံခွက်ထဲက မထွက်နိုင်ဘဲ ပြောင်းသွားတဲ့ အခြေအနေတွေကို မကြိုက်တာနဲ့ ခေတ်ဟောင်းကို တမ်းတနေတတ်ကြတာ သဘာဝပါပဲ။

ကိုစိမ်းနီတို့ ညီအစ်ကိုတစ်တွေကတော့ ခေတ်လူငယ်တွေ ဖြစ်ပါတယ်။ ဖတ်တဲ့စာအုပ်တွေကိုက အတွေးပါတဲ့စာအုပ်တွေဆိုတော့ သူတို့ဟာ ကြုံရသမျှကိစ္စများကို သေသေချာချာ တွေးတောတတ်ကြပါတယ်။ အဲဒီလို တွေးရင်းနဲ့ မိမိတို့ရှေ့ရေးကို မိမိတို့သာလျှင် ဖန်တီးနိုင်တယ်ဆိုတဲ့ အယူအဆများ သူတို့မှာ ခိုင်မာလာကြပုံ ပေါ်ပါတယ်။

"ပြောလို့ ဘာမှဖြစ်မလာတာ၊ ပြောရုံနဲ့ ဘာမှပြောင်းမသွားတာတွေအတွက် ကျွန်တော်တို့ ဘာမှမပြောချင်တော့ဘူး။ ခေတ်က ကိုယ်လုပ်မှ ကိုယ်စားရမယ့်ခေတ်ပဲ။ ကိုယ်ကြိုးစားမှ ကိုယ်တိုးတက်မယ့်ခေတ်ပဲ။ အဲဒီတော့ ကိုယ်ဘာကိုမကြိုက်သလဲဆိုတာ သိထားပြီးပြီပဲ။ အဲဒီလိုမကြိုက်တဲ့ကိစ္စကို ထိုင်ပြောမနေတော့ဘဲ အလုပ်ကိုသာ ကြိုးစားလုပ်နေတာပါပဲ" လို့ အစ်ကိုရော ညီများကပါ ပြောပါတယ်။

"ကျွန်မကလည်း ခေတ်ကောင်းလို့ ခေါ်ကြခေါ်ကြ၊ ခေတ်ဆိုးလို့ပဲ သတ်မှတ်ကြ၊ သတ်မှတ်ကြ၊ ကိုယ်လူဖြစ်လာတဲ့အချိန်မှာ အခြေအနေပေးတာထက် ပိုပြီးပွင့်လန်းချင်ရင် ကြိုးစားနေကျ အတိုင်းအတာထက် ပိုပြီးကြိုးစားကြရမယ်ဆိုတာကို ပြောမိပါသေးတယ်။ ဘာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတော့ ကျွန်မဖတ်မိသမျှ သမိုင်းတွေ နိပါတ်တော် ဇာတ်တော်တွေမှာ ထိုင်နေတဲ့သူတွေ ဘာမှဖြစ်မလာဘူးဆိုတာကို တွေ့ရပါတယ်။ ဘာမှ ကောင်းရာကောင်းကြောင်း မလုပ်ဘဲနဲ့ တိုးတက်ကြီးပွားသွားတဲ့သူတွေ ရှိနေတာပဲလို့ ဘယ်ခေတ်မှာမဆို ပြောလို့ရပါတယ်။ အဲဒီလို ပြောရင်တော့ မျက်မွေးတစ်ထောက် မကြည့်ကြပါနဲ့။ မျက်စိတစ်ဆုံး ကြည့်ကြပါလို့ ပြောချင်တာပါပဲ။

ကိုစိမ်းနီတို့ ညီအစ်ကိုတစ်တွေကို တွေ့ဆုံခွင့်ရတာ စကားပြောဖြစ်တာဟာ လူငယ်များကို ချစ်တတ်တဲ့ လူငယ်များကို နားလည်ချင်တဲ့ ကျွန်မအတွက် အခွင့်အလမ်းကောင်းပါပဲ။

မနေ့ကပဲ ညီထွေးကို မေးဖြစ်သေးတယ်။ ညီထွေး ဘာလို့ မိန်းမမယူသေးတာလဲဆိုတော့ မရလို့ပေါ့တီချာရဲ့လို့ အားရပါးရဖြေလိုက်လို့ ကျွန်မမှာ အားပါးတရပဲ ရယ်လိုက်ရပါတယ်။ မင်းတို့ အစ်ကိုကြီးရောဆိုတော့ သူလည်းမရလို့နေမှာပေါ့တဲ့။ ကျွန်မက မဟုတ်ဘူးထင်တယ်၊ သူက အကြီးဆုံးဆိုတော့ အိမ်ကိုညှာနေတာများလားမှ မသိတာလို့ ကျွန်မကပြောတော့ ညီထွေးက ညှာစရာမလိုပါဘူး။ သူ့ဟာနဲ့သူ ဖြစ်သွားမှာပါပဲလို့ အမှန်တရားကို ပြောနေပါသေးတယ်။ ပြီးတော့ အစ်ကိုကြီးမှာ ကောင်မလေးတစ်ယောက်တော့ရှိတယ်။ သူတို့ ဘာလို့ မယူသေးတာလဲတော့ မသိပါဘူးလို့ ခပ်ဆဆပြောပါတယ်။

ညီထွေးက ၁၆ နှစ်လောက်ကတည်းက လက်သမားအလုပ်ကို ဝင်လုပ်ခဲ့ရတာ။ အသက် ၂၀ လောက်မှာ ၁၀ တန်းအောင်ပါတယ်။ နောက်တော့ သမိုင်းအဓိကနဲ့ ဘွဲ့ရခဲ့ပါတယ်။ အခု အသက် ၂၈ နှစ် ရှိပါပြီ။

"အလုပ်ကမအားဘူး တီချာရဲ့။ မိုးလင်းတာနဲ့ အလုပ်ခွင်ကိုလာ၊ မိုးချုပ်မှ အလုပ်ကပြန်၊ ပြီးတော့ သီးချင်းလေးဘာလေးဆို၊ ဂီတာတီး၊ စာဖတ်၊ အိပ်နဲ့ ပြီးနေရတာပဲ" လို့ ညီထွေးကပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာစာတွေကို ဖတ်သလဲလို့မေးတော့ ကျွန်တော် ဒဿန ပါတဲ့စာအုပ်ကို ကြိုက်ပါတယ်လို့ ဖြေပါတယ်။ ဆရာနန္ဒာသိန်းဇံကို ညီအစ်ကိုတစ်တွေ ကြိုက်တာတူပါတယ်လို့ ကျွန်မတွေးမိပါတယ်။ ညီထွေး က သီချင်းလည်းရေးပါတယ်။ သူက ကျွန်တော်တို့အိမ်က ဆူလို့ စာဖတ်ရင် အောက်ဆင်းဖတ်တယ်လို့ပြောတော့ ကိုစိမ်းနီပြောဖူးတဲ့ "ကျွန်တော်တို့အိမ်က ဘာမှန်းမသိဘူး၊ ဆူဆူ ဆူဆူနဲ့" လို့ ပြောခဲ့ဖူး တာကို သတိရလိုက်ပါတယ်။

သူတို့အိမ်မှာ အမေနဲ့ ညီအငယ်ကလေးက ဒိုင်ခံချက်ပြုတ်ရ တာပါ။ တကယ်တော့ မနက်အစောကြီး အလုပ်ကိုသွားတတ်ကြတဲ့ အလုပ်သမားတွေအတွက် ချက်ရတာ မလွယ်ပါဘူး။ စိတ်ရောလူပါ သိပ်ကို ပင်ပန်းကြရှာမှာပါပဲ။ "ကျွန်တော်တို့အမေက သိပ်အေးတာ"လို့ ညီအစ်ကိုတစ်တွေ လေသံတညီတညာတည်းနဲ့ ပြောကြပါတယ်။ ချော ရောချောတယ်မဟုတ်လားလို့ မေးမိတော့ ဟာသရှိပုံရတဲ့ ညီထွေးက ငယ်ငယ်ကတော့ ချောမှာပေါ့လို့ ရယ်ရယ်မောမောနဲ့ ဖြေပါတယ်။ ကျွန်မက ဒီကလေးတွေရဲ့အမေကို မမြင်ဖူးပေမယ့် မိန်းကလေးတွေ တောင် အားကျလောက်အောင် ချောမောတဲ့ညီထွေးကိုကြည့်ပြီး ချော မောလှပတဲ့ အမျိုးသမီးကြီးဖြစ်မှာပါလို့ တွေးမိပါတယ်။

ညီထွေးအနေနဲ့ အခုလို သာမန်စကားကို စကားစကလေးတွေ သာ ပြောခဲ့တာမဟုတ်ပါဘူး။ တွေးစရာ အနှစ်ပါတဲ့စကားတွေကိုလည်း အများကြီးပြောခဲ့တာပေါ့။ သူ့အစ်ကို ဒီလိုစိတ်ကျရောဂါဖြစ်ရတာဟာ အစ်ကို့ရဲ့အပြစ်သက်သက်မဟုတ်ဘူးဆိုတာကိုလည်း သူက ပြောပါ တယ်။ အနီးစပ်ဆုံး ပတ်ဝန်းကျင်ဖြစ်တဲ့ မိသားစုထဲမှာ အဖေကိုယ်တိုင် က နားလည်မှုပေးပြီး အေးအေးဆေးဆေး ပြောဆိုဆက်ဆံခြင်းမပြုဘဲ နဲ့ ဆူပူတတ်တာ၊ လူကောင်းတွေတောင် တစ်ခါတစ်ရံ အိမ်မှာမပျော်ဘူး ဆိုတော့ ဒီအတိုင်းမှန်ရင် ဒါထက်ကျယ်ပြန့်တဲ့ လူမှုရေးပတ်ဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း စိတ်ဓာတ်ကျနေတဲ့သူကို ပိုပြီးဖိစီးခဲ့မှုပါပဲ။ အမှန်ကတော့ မိသားစုထဲမှာ လူတစ်ယောက် မှားသွားပြီဆိုရင် မိသားစုအားလုံးက ငါတို့မှာလည်း အနည်းနဲ့အများ ချွတ်ယွင်းချက်ရှိနေပြီဆိုတာကို နှလုံးသွင်းကြဖို့ လိုပါတယ်။ ပြီးတော့ အဲဒီလို စိတ်ဓာတ်ရေးရာပြဿနာရှိနေသူကို အစွမ်းကုန်ကူညီဖို့ မိသားစုတိုင်းမှာ တာဝန်ရှိနေတာကို သိထားကြစေလိုပါတယ်။

ကိုစိမ်းနီကို ကျွန်မ မတွေ့တာ အတော်ကြာခဲ့ပါပြီ။ ကျွန်မ အလုပ်ကို ပြန်သွားတဲ့အခါမှာ သမီးက ဒီနေ့ ကိုစိမ်းနီလာပါတယ်။ ခဏပဲ။ သစ်တွေ လာပို့သွားတယ်။ သူ့လူတွေနဲ့စကားပြောသွားတယ် စသည်ဖြင့် ပြောတတ်ပါတယ်။ လူငယ်တွေ အဲဒီလို အလုပ်များနေတယ်ဆိုရင် ကျွန်မ သိပ်သဘောကျပါတယ်။ အလုပ်များနေတယ်။ မအားရဘူးဆိုတာ မဟုတ်တာကိုလုပ်ဖို့ အချိန်မရဘူးဆိုတဲ့ သဘောပါပဲ။ မဟုတ်တာလုပ်နေလို့ မအားတာဆိုရင်ကောလို့ ကပ်ပြောရင်တော့အများနဲ့ ဆက်ဆံရာမှာ နာမည်ကောင်းတစ်ခုကို ထူထောင်ထားနိုင်တဲ့ ကိုစိမ်းနီတို့လို လူငယ်မျိုးနဲ့တော့ အဲဒီအချက်က မဆိုင်ပါဘူးလို့ ပြောရပါမယ်။

နာမည်ကောင်းတစ်ခုကနေပြီး ကြီးကျယ်တဲ့ ထင်ရှားတဲ့ အစဉ်အလာကို ကိုစိမ်းနီတို့ ညီအစ်ကိုတွေ ထူထောင်နိုင်တဲ့အထိ ကြီးပွားကြပါစေလို့ ဆုတောင်းလိုက်ရပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# မောင်မျိုးလှိုင်

စကားပြောကြရအောင်၊ ပြောချင်တာကို ပြောပါဆိုတဲ့ ဖိတ်ခေါ်ချက်နဲ့ စကားပြောကြတဲ့သူတွေထဲမှာ ထူးထူးခြားခြားရှိတဲ့သူကတော့ မောင်မျိုးလှိုင်ပဲ ဖြစ်ပါတယ်။ "သူများတွေနဲ့ စကားပြောတယ်၊ သားကြီးတို့နဲ့တော့ မပြောဘူး။ ဒါတော့ မဖြစ်ထိုက်ပါဘူး" လို့ ပြောပြီး ကက်ဆက်တစ်လုံးရှေ့ချကာ စကားပြောတဲ့ တပည့်ဖြစ်သူ မောင်မျိုးလှိုင်ကတော့ စံပါပဲ။

သူ့အကြောင်းကို ကျွန်မ အတော်အတန်သိပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ရေးလို့ကောင်းပါ့မလားလို့ တွေးနေရတဲ့အချက်တွေက များပါတယ်။ သူ့အပြစ်လို့ မဆိုသာတဲ့ အချက်အလက် အကြောင်းအရာများကို ကျွန်မ မရေးနိုင်ပါဘူး။ အဲဒါကြောင့် မရေးတော့ဘူးလို့ ဆုံးဖြတ်ထားခဲ့ပါတယ်။

ဒါပေမဲ့ ပြောချင်တဲ့အကြောင်းလည်းရှိနေတယ်၊ ပြောကလည်း ပြောချင်နေတယ်။ ပြောပါ့မယ်လို့လည်းဆိုတဲ့အခါမှာ ကျွန်မ နားထောင်ရတာပေါ့လေ။ ကျွန်မခမျာ ကိုယ့်ကိုယ်ကိုတောင် သနားနေမိပါတယ်။ အဲဒီနေ့က တစ်နေ့လုံး အခြားလူငယ်တစ်ယောက်နဲ့ စကားပြောရလို့ ပင်ပန်းနေတဲ့ ကျွန်မဟာ ညနေပိုင်းမှာ အိပ်ချင်နေပါတယ်။ ကက်ဆက်ကို ရှေ့ချပြောတာပဲဆိုပြီး အိပ်ငိုက်နေလို့လည်း မရပါဘူး။ အသံကျယ်ကျယ်လောင်လောင်ကြီးနဲ့ အမေကြီး မအိပ်နဲ့နော်၊ အိပ်ရင် ဆက်မပြောတော့ဘူးလို့လည်း ခြိမ်းခြောက်သေးတယ်ဆိုတော့ သတိနဲ့ နားထောင်နေရပါတယ်။

မောင်မျိုးလှိုင်တစ်ယောက် အားပါးတရ စကားပြောပြီးတဲ့အခါမှာတော့ ကျွန်မက သမိုင်းအမြင်နဲ့ ဝေဖန်ပါတယ်။ ပုဂံမှာ ဘုရားသုံးဆူ

www.burmeseclassic.com

www.burmeseclassic.com



လို့တွင်တဲ့ ဂူဘုရားက ၁၃ ရာစု ပုဂံပျက်ခါနီးမှာ တည်ထားတာဆို တော့ အပြီးမသတ်သေးပါဘူး။ ဂူအနေနဲ့ ပြီးစီးအောင်တည်ထားပေမယ့် နံရံဆေးရေးကျတော့ ပထမဂူမှာ အပြီးသတ်ပြီး ဖြစ်ပါတယ်။ ဒုတိယ ဂူမှာ တချို့တစ်ဝက်ကတော့ ပြီးစပြုနေပေမယ့် တချို့တစ်ဝက်ကျတော့ ကောက်ကြောင်းပဲ ဆွဲရသေးတယ်။ ဆေးမသွင်းရသေးပါဘူး။ တတိယ ဂူမှာတော့ နံရံဆေးရေး လုံးဝမရှိပါဘူး။

အဲဒီဘုရားသုံးဆူဟာ အနုပညာကို လေ့လာကြတဲ့သူများ၊ မသွား ဘဲမနေနိုင်တဲ့ ဘုရားဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကောက် ကြောင်းအရင်ဆွဲပြီးမှ ဆေးသွင်းတဲ့နည်းကို သုံးထားတဲ့ ပုဂံလက်ရာကို လေ့လာချင်ကြတာကြောင့်ပဲ ဖြစ်ပါတယ်။

မောင်မျိုးလှိုင်ကို ကျွန်မပြောတာက "မင်းပြောတာတွေဟာ ဆေးမသွင်းရသေးတဲ့ ကောက်ကြောင်းပန်းချီလိုပါပဲ။ အနှစ်မပါသလို ခံစားမှုမဲ့သလို ဖြစ်နေတယ်။ ပြန်ပြောဦးလို့ ပြောလိုက်ပါတယ်။ အနှစ် မပါတာတော့ မဟုတ်ပါဘူး။ သူ့ဘဝအတွေ့အကြုံထဲက အနှစ်ပါတဲ့ အကြောင်းများကို ပြောတာပါပဲ။ ဒါပေမဲ့ ကျွန်မက ပုံတိုပတ်စနဲ့ ပြောတတ်တဲ့ (ကျောင်းဆရာပီပီဆိုတော့) သားကြီးရဲ့စကားများကို နားထောင်ဖူးတာတွေကများတော့ ဆေးရောင်စုံသွင်းထားသလို ဖြစ်နေ တဲ့ ကျောင်းဆရာဘဝ အတိတ်ပန်းချီများအကြောင်းကိုသာ ကျွန်မ ရေးချင်နေပါတယ်လို့ ပြောပြမိပါတယ်"။ ပြီးတော့ ဖိနပ်ကလေး တစ်ရန်အကြောင်း ပြန်ပြောစမ်းကွာလို့ ပြောရပါတယ်။

*

"ဖိနပ်ကလေးတစ်ရန်အကြောင်းကို ပြန်နားထောင်ချင်တာလား၊ ပြောပြပါမယ်။ အဲဒီအကြောင်းကို မပြောခင် သားကြီးလုပ်ခဲ့ရတဲ့ကျောင်း နဲ့ ဆရာဦးရေအကြောင်း အရင်ပြောပြချင်ပါတယ်။ သားကြီးလုပ်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းက အောင်လံမြို့နားက မြို့ငယ်အဆင့်ရှိတဲ့ ရွာကြီးတစ်ရွာက ကျောင်းပါပဲ။ အဲဒီကျောင်းက တွဲဖက်အထက်တန်းကျောင်းဆိုတော့ အထက်တန်းကျောင်းဆရာအတွက် ခွဲတမ်းမရှိပါဘူး။ သားကြီးတော့ တစ်ခါ တစ်ရံမှာ အထက်တန်းကျောင်းဘက်ကို သွားသင်ရပါတယ်။"

"သားကြီးတို့ကျောင်းမှာ မူလတန်းအတန်းခွဲ ငါးတန်းရှိပါတယ်။ သူငယ်တန်းကနေ လေးတန်းအထိပေါ့။ ဆရာကျတော့ နှစ်ယောက်ပဲ ရှိပါတယ်။ အလယ်တန်းမှာကျတော့ ဆရာအယောက်နှစ်ဆယ်တောင်မှ ရှိပါတယ်။"

အဲဒီလို ဆရာဦးရေ အချိုးမညီဖြစ်နေတာကြောင့် ဆရာကြီးက မူလတန်းကို အလယ်တန်းပြဆရာများ ဆင်းပြီးသင်ကြဖို့ ပြောပါတယ်။ သားကြီးက ဘီအီးဒီရပြီးသား အထက်တန်းပြရာထူးကို စောင့်နေတာ။ ဒါပေမဲ့ မူလတန်းကို ဆင်းပြီးသင်ချင်တဲ့သူမရှိဘဲ ဖြစ်နေတော့ ကျွန် တော် ဆင်းပြီးသင့်ပါ့မယ်လို့ ပြောလိုက်ပါတယ်။ ကျွန်တော့ညီမလေး ကလည်း ကျွန်တော်နဲ့အတူ ဆင်းပြီးသင်မယ်လို့ပြောလို့ ပြဿနာ ပြေလည်သွားပါတယ်။ တခြားဆရာမတစ်ယောက်ပါဆိုတော့ အတန်း စဉ် ဆရာရှိသွားတာပေါ့။"

"အမှတ်ထင်ထင်ရှိခဲ့တဲ့ ကိစ္စတစ်ခုကို ပြောရဦးမယ်။ ကျွန်တော် က ၁ တန်းကို တာဝန်ယူရပါတယ်။ ညီမလေးက ၃ တန်းကို တာဝန် ယူရပါတယ်။ တစ်နေ့ကျတော့ ကလေးတစ်ယောက်က ကျွန်တော့ကို ပိုက်ဆံနှစ်ကျပ် ပေးပါတယ်။ ဆရာမနဲ့လဲပေးလို့လည်း ပြောပါတယ်။ ကျွန်တော်က ကလေးဘာပြောတာလဲဆိုတာကို နားမလည်ပါဘူး။ ဒါပေမဲ့ ကလေးကလေးတွေကို စချင်တဲ့အခါ မုန့်နဲ့ ညီမလေးလဲမလား လို့ စတတ်ကြတယ်မဟုတ်လား။ အဲဒါကို သတိရပြီး ဟဲ့- ကလေးရဲ့ ငွေနှစ်ကျပ်နဲ့ ငါ့ညီမလေးကို ဘယ်လဲနိုင်ပါ့မလဲကွလို့ ပြောလိုက်မိပါ တယ်။ အဲဒီတော့ ကလေးက "ဟုတ်ဘူး၊ ဆရာမကို ဒီအတန်းသင်ခိုင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာက ဟိုအတန်းသွား” တဲ့။ ဘီအီးဒီဆင်းကျွန်တော်တော့ အတော်ငိုင်သွားမိပါတယ်”

တွဲဖက်ကျောင်းဖြစ်လို့ အထက်တန်းတွေကို ဝင်သင်တဲ့အခါမှာ အသင်အပြကောင်းတဲ့ ဆရာဆိုပြီး နာမည်ကြီးလှတဲ့ ကျွန်တော်ဟာ ၁ တန်းမှာ ကလေးမလိုချင်တဲ့ဆရာဖြစ်လာတာ ဘာကြောင့်လဲဆို တာ စိတ်ဝင်စားစရာပါပဲ။ အဲဒီတော့ ကျွန်တော် စဉ်းစားပါတယ်။ ကလေးဆိုတာ အမေကို ပိုပြီးတွယ်တာကြစမြဲပါပဲ။ ခြွင်းချက်ကတော့ ရှိမှာပေါ့လေ။ အများစုက အမေ့ရင်ခွင် ထွက်ခါစဆိုတော့ အမေ့ရင်ခွင်ကို တမ်းတဆဲအချိန်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့ထက်ပိုပြီး ကျွန်တော့ညီမလေးကို အမေ့ကိုယ်စား တောင့်တကြပုံပေါ်ပါတယ်။ ကျွန်တော်လည်း အဲဒီလိုပဲစဉ်းစားမိပါတယ်။

သားကြီး မောင်မျိုးလှိုင်ရဲ့စကားကို နားထောင်ရင်း မကြာသေးခင်က အငြိမ်းစားညွှန်ကြားရေးမှူး ဆရာကြီးတစ်ယောက် (ယခု အကြံပေးအရာရှိကြီးတစ်ယောက်) ပြောတဲ့စကားကို သတိရလိုက်ပါတယ်။ “မူလတန်းမှာ ဘွဲ့ရတွေရောက်ဖို့ထက် ကလေးကို ချစ်ခင်ယုယစွာ သင်ပေးနိုင်တဲ့သူ အထူးသဖြင့် အမျိုးသမီးများ (ဆရာမများ) ရောက်ရှိသွားဖို့ကို တာဝန်ရှိလူကြီးတစ်ယောက်က လိုလားနေပါတယ်။ အဲဒါ သူမှန်တယ်ဆရာမရဲ့ ဘွဲ့ရတဲ့ ဆရာ၊ ဆရာမက ကလေးတွေကို စိတ်မဝင်စားနိုင်ပါဘူး။ ဒီမှာလည်း ခြွင်းချက်တော့ရှိမှာပေါ့လေ။ ဒါပေမဲ့ ရာထူးတက်ဖို့ စဉ်းစားနေတာတစ်ကြောင်း၊ ကလေးများနဲ့ ကင်းကွာနေပြီဖြစ်တာတစ်ကြောင်းမို့ အဲဒီဆရာမျိုး စာသင်ရင် အံဝင်ခွင်ကျမဖြစ်ဘူးဆိုတာ မကြာခဏ တွေ့တွေ့နေရပါတယ်” လို့ အဲဒီဆရာကြီးက ပြောပါတယ်။ မောင်မျိုးလှိုင်ရဲ့ညီမကလေးကလည်း ကျွန်မရဲ့တပည့်ပါပဲ။ ထက်ထက်မြက်မြက်နဲ့ ချစ်ခင်စဖွယ်ကောင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပါတယ်။ ကလေးများသာ အဲဒီဆရာမလေးကို လိုချင်မှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ စံပုဂ္ဂိုလ်ရွေးချယ်လေ့ရှိကြတဲ့ အထက်တန်းကကြီးကောင်ဝင်စအရွယ် ကျောင်းသားကျောင်းသူများကလည်း ဆရာမအဖြစ် အဲဒီဆရာမကို လိုချင်ကြမှာပါပဲ။

"သားကြီးတို့မောင်နှမ အဲဒီလို မူလတန်းမှာ ပျော်ပျော်ပါးပါး စာသင်နေတုန်း 'ညိုညိုစိမ့်' ဆိုတဲ့ ကလေးမလေးတစ်ယောက်ကို သတိထားမိကြပါတယ်။ ကလေးမလေးက အသားဖြူဖြူကလေး၊ နှုတ်ခမ်းနီ၊ ပါးနီကလေးနဲ့ ဘီးကုပ်ကလေးနဲ့ တရုတ်ပါတိတ်ပန်းရောင်အင်္ကျီ၊ လုံချည်ကလေးနဲ့ လှလှကလေး။ အသက် ၁၁ နှစ်လောက်ရှိပါပြီ။ ၃ တန်းကျောင်းသူတစ်ယောက်အနေနဲ့ အသက်နည်းနည်းကြီးပါပြီ။ နယ်မှာဆိုတော့ ဆင်းရဲတဲ့ကလေးတွေဟာ ကျောင်းနေနောက်ကျတတ်ကြပါတယ်။

ညိုညိုစိမ့်ကလေးဟာ ကျွန်တော်တို့မောင်နှမကို အလွန်ခင်ပါတယ်။ ကလေးပီပီ မြင်တာနဲ့ပြေးလာတာ လက်ဆွဲအိတ်ကို ပြေးယူတာ စတဲ့အလုပ်တွေကိုလည်း လုပ်တတ်ပါတယ်။ အဲဒီလို နေနေကြတုန်းမှာ တစ်နေ့ကျတော့ ညီမကလေးက သူ့အတန်းမှာ ဖိနပ်ခိုးမှုဖြစ်လာလို့ လာပါဦးဆိုတာနဲ့ ကျွန်တော်သွားရပါတယ်။ သူခိုးအစွဲခံရသူက ညိုညိုစိမ့်လေ။ စွပ်စွဲတဲ့ကလေးက သေသေချာချာ ပြောပြပါတယ်။ ညိုညိုစိမ့်မှာ အစက ဖိနပ်မရှိဘူး။ သူ့ဖိနပ်ကို ညိုညိုစိမ့်က အစောပိုင်းကတည်းက ယူထားပြီး အမှိုက်တွေထဲမှာ သွားဝှက်ထားတာ၊ ကျောင်းဆင်းတော့မှ အဲဒီဝှက်ထားတဲ့နေရာကနေ ယူသွားတာ၊ အဲဒီဖိနပ်ကို အခုစီးထားတာပဲ စသဖြင့်ပေါ့လေ"

"ညိုညိုစိမ့်ကတော့ ငိုနေပါတယ်။ ကျောင်းဆရာတစ်ယောက်အနေနဲ့ ဒီကလေးကို အကဲခတ်လွယ်ပါတယ်။ ညိုညိုစိမ့် ဖိနပ်ကို ယူထားတယ်လို့ ကျွန်တော် တန်းသိပါတယ်။ ဒါပေမဲ့ ဒီဖိနပ်ခိုးမှုကိုတော့ စစ်ရဦးမှာပါပဲ။ အဲဒါနဲ့ ကဲဟေ့- လာကြလို့ ခေါ်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညီညီစိမ့်ကလေးက ထလို့တောင်မှ မရသလိုမျိုး ဖြစ်နေရှာပါတယ်။ ကျွန်တော်က ကျွန်တော်တို့ အာဂန္တုဆရာတွေစုနေတဲ့ အဆောင်ကလေးဘက်ကို ကလေးနှစ်ယောက်စလုံးကို ခေါ်လာခဲ့ပါတယ်။ အာဂန္တုဆိုတာကလည်း ကျွန်တော်တို့ မောင်နှမအရင်းနှစ်ယောက်နဲ့ အစ်မဝမ်းကွဲနှစ်ယောက်ပါပဲ”

“အဲဒီအိမ်ပေါ်ကိုရောက်တော့ ကျွန်တော်က ကဲ- ညီညီစိမ့်သူ့ဖိနပ်ကို ယူထားရင်လည်း ပြန်ပေးလိုက်၊ ဆရာ မင်းကိုမရိုက်ပါဘူးလို့ ပြောကြည့်ပါသေးတယ်။ ညီညီစိမ့်က ဝန်မခံဘဲ မဟုတ်ဘူး၊ ဒါ- သမီးဖိနပ်လို့ ငိုရင်းပြောနေပါတယ်။

အဲဒီတော့ ဖယောင်းတိုင်တစ်တိုင်ကို ယူလိုက်ပြီး ဘုရားစင်ပေါ်မှာ စိုက်လိုက်ပါတယ်။ ပြီးတော့ “အခုစိုက်လိုက်တာဟာ ဆေးစီရင်ထားတဲ့ ဖယောင်းတိုင် ဘာမှတ်သလဲ။ ဖယောင်းတိုင်ကို မီးညှိလိုက်ပြီး ဖယောင်းတိုင်ကုန်တာနဲ့ ညာပြောတဲ့သူသေမှာပဲ။ ညီညီစိမ့်က ယူထားရက်နဲ့ မယူဘူးပြောရင်လည်း သေမှာပဲ” လို့ပြောပြီး ကျွန်တော် မီးခြစ်ကို ခြစ်လိုက်ပါတယ်။ အဲဒီလိုလဲခြစ်လိုက်ရော ညီညီစိမ့်က မခြစ်ပါနဲ့လို့ ထအော်လိုက်ပါတယ်။ ပြီးတော့ ငိုပြီး ဖိနပ်ယူထားမိတာကို ဝန်ခံပါတယ်။

ကျွန်တော်က မီးကိုသတ်လိုက်ပြီး “ကဲ- ဖိနပ်ရှင်ကလည်း မင်းရဲ့ဖိနပ်ကို ကျောင်းဆင်းတော့ယူသွား၊ နောက်ကို ဘယ်တော့မှ အဲဒီဖိနပ်ကို ကျောင်းကိုစီးမလာနဲ့နော်၊ ညီညီစိမ့် ခိုးတယ်လို့လည်း မပြောနဲ့” လို့ ကျွန်တော်က ပြောလိုက်ပါတယ်။ ကလေးတွေ ပြန်သွားပြီး ကျွန်တော် စာဆက်သင်ပါတယ်။ နာရီဝက်လောက်ကြာတော့ ကျွန်တော်က စာသင်တဲ့အထဲမှာ စိတ်ဝင်စားနေပါပြီ။ ခုနကကိစ္စမေ့သလောက်ပါပဲ။

စာသင်ပြီးချိန်တစ်ချိန်ပြီးလို့ ညီညီစိမ့်က လှေကားထစ်ကလေးပေါ်မှာထိုင်ပြီး ငိုနေတုန်းပဲ။ အဲဒီတော့ ကျွန်တော် စိတ်မကောင်းဖြစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သွားပါတယ်။ ကလေးကို မငိုပါနဲ့ သမီးကလေးရယ်လို့ ချော့မော့၊ ခေါင်းကလေးကို ပွတ်သပ်ပြီး အတန်းထဲကို လိုက်ပို့လိုက်ပါတယ်။ မျက်နှာကိုကြည့်ပြီး ငိုနေပုံက ဆရာ ဆရာမတွေကို မုန်းသွားသလားလို့ လိုက်ကြည့်နေတဲ့ပုံစံပါပဲ။

ကျွန်တော်တို့မောင်နှမကလည်း ညိုညိုစိမ့်ကလေးကို မြင်တိုင်း ဂရုတစိုက် လိုက်လိုက်ပြီး နှုတ်ဆက်ပါတယ်။ ဒါပေမဲ့ ကလေးက သိပ်ညှိုးတာပါပဲ"

"နောက်တော့ မူလတန်းပြဆရာတွေ ထပ်ခန့်လိုက်ပါတယ်။ နောက်ထပ် ၃ ယောက်ခန့်ပေးလိုက်တော့ မူလတန်းမှာ ဆရာလုံလောက်သွားတာနဲ့ ကျွန်တော်တို့မောင်နှမ အလယ်တန်းကို ပြန်လာခဲ့ပါတယ်။ ညီမလေးကလည်း ကျောင်းတွေပြန်ဖွင့်တော့ ဘီအီးဒီဆက်တက်ဖို့ ရန်ကုန်ကို ထွက်သွားပါတယ်။ သင်ရတဲ့အတန်းတွေ ပြောင်းသွားတော့ ကျွန်တော်လည်း ညိုညိုစိမ့်ကို နည်းနည်းမေ့သွားပါတယ်"

"တစ်နေ့တော့ ရွာထဲက မိတ်ဆွေတစ်ယောက် ကျောင်းကို ရောက်လာတာနဲ့ ဘာလာလုပ်သလဲလို့မေးရင်း နှုတ်ဆက်လိုက်ပါတယ်။ အမိန့်ပြန်တမ်း လာတောင်းတာပါဆရာရယ်လို့ ပြောတော့ ဘယ်သူ ဆုံးလို့လဲ ကျွန်တော်က အမှတ်မထင် မေးလိုက်ပါတယ်"

"ရွာထဲက မိတ်ဆွေတွေက ညိုညိုစိမ့်ရယ်လေ သရဲဖမ်းလို့ ဆုံးရှာပြီလို့လဲပြောလိုက်ရော ဟာ- သားကြီးဖြင့် ဘယ်လိုဖြစ်သွားမှန်းတောင် မသိဘူး။ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတာပဲ။ အမိန့်ပြန်တမ်းတွေ ဘာတွေ ဆရာလာပြီးပေးတဲ့နောက် ကျွန်တော်တို့ကျောင်းက ဆရာ ဆရာမတွေနဲ့ ကျောင်းက ကျောင်းသားတချို့ကိုစုပြီး ညိုညိုစိမ့်အသုဘ အမီ သူတို့အိမ်ကို လိုက်သွားကြပါတယ်။"

"ညိုညိုစိမ့်တို့နေတာက အိမ်မဟုတ်ဘူး အမေကြီးရဲ့ မျှစ်ချဉ်တဲကြီး။ စဉ့်အိုးကြီးတွေကို မြေကြီးထဲမှာမြှုပ်ပြီး အဲဒီအိုးကြီတွေထဲမှာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မျှစ်တွေကို အချဉ်သိပ်ထားတာ။ အဲဒီအိုးကြီးတွေအပေါ်က အမိုး။ အမိုးခေါင်စောက်အောက်မှာ ဖြစ်သလိုတန်းထိုးပြီး အိမ်လုပ်နေရတာ တက်တဲ့ လှေကားကလည်း ခနော်နီခနော်နဲ့ နဲ့။ ကျွန်တော်တို့ဆီမှာ ကြက်တက်လှေကားလို့ခေါ်တဲ့ လှေကား။ ညိုညိုစိမ့်ကို ခေါင်းနဲ့ တောင် မချနိုင်ပါဘူး။ ဝါးပုခက်ကလေးနဲ့ ချရတာ။ ကလေးမကလေး ကို သူတို့အိပ်တဲ့ ဝါးတန်းတွေပေါ်က ပွေ့ချလာပြီး ပုခက်ပေါ်ကို တင်လိုက်တော့ အိပ်နေသလိုပဲ။ လှလှကလေး။ ရင်ဘတ်ပေါ်မှာလည်း မိတ်ကတ်ဘူးကလေးနဲ့၊ ဖဲပြားကလေး၊ နှုတ်ခမ်းဆိုးဆေးတောင့်ကလေး တွေတင်လို့ အိပ်နေသလိုပါပဲ"

"ညိုညိုစိမ့်ကို ဆင်းရဲမှုန်း မှန်းဆနိုင်ပေမယ့် ဒီလောက်ဆင်းရဲ မယ်လို့ မထင်ခဲ့မိဘူး"

"အဲဒီကလေးရဲ့ပုခက်ကို ထမ်းချင်တဲ့သူတောင်မရှိဘူး။ သား ကြီးက ထမ်းမယ်လုပ်တော့မှ ဆရာ နေပါ၊ နေပါဆိုပြီး ဝိုင်းထမ်း ကြပါတယ်။ သားကြီးကလည်း စိတ်တွေမကောင်းဖြစ်လိုက်တာ၊ ကလေး မလေးရဲ့ အမေကိုကြည့်လိုက်တော့လည်း ဖိနပ်ကမရှိ။ ဩော်- သမီး ကလည်း စီးဖို့ဖိနပ်မရှိလို့ ဖိနပ်သူခိုးဖြစ်ခဲ့ရတယ်။ အဲသလို ကျွန်တော် တွေးတဲ့အချိန်မှာ ကလေးမကလေးရဲ့အဖိုးက သမီးကလေးကိုဖမ်းတဲ့ သရဲက ကြမ်းလိုက်တာဆရာရယ်၊ သွားကိုစေ့သွားတာပဲ ပြောလိုက်ပါ တယ်။ တကယ်တော့ ဖိနပ်မစီးဘဲလျှောက်သွားနေရင်း အနီးအနားက ဝါးခြမ်းစူးလို့ မေးခိုင်ပိုးဝင်တယ်ဆိုတာ သားကြီးသိတာပေါ့။ တကယ် ဆိုရင် သူတို့နေတဲ့နေရာနဲ့ တိုက်နယ်ဆေးရုံနဲ့က စည်းရိုးလောက်သာ ခြားတာ။ သူတို့ခမျာ ဆေးရုံသွားရမှန်း မသိကြရှာဘူး။ ဖြစ်မှဖြစ်ရ ပလေ။ ငွေကြေးသာမက အသိပညာလည်း ဆင်းရဲတာကိုးဆိုပြီး ကျွန် တော် သိပ်စိတ်ထိခိုက်ရပါတယ်"

"ညိုညိုစိမ့်အသုဘကို မြေမြှုပ်တော့လည်း လွှမ်းထားတဲ့စောင် ကို ခွာယူကြရသေးတာ။ အဲဒီလောက် ဆင်းရဲကြရှာပါတယ်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့သာ မသွားရင်လည်း ညိုညိုစိမ့်အသုဘက လူငါးယောက်ပဲရှိမှာ လူတွေကလည်း တက်မတတ် ချက်မတတ် ငိုနေတဲ့ ကလေးရဲ့အမေကို သာ ရပ်ကြည့်နေတာ။ အသုဘကျတော့ လိုက်ပို့ကြတာမဟုတ်ဘူး။ အဲဒီလောက် မသိတတ်ကြတာ” လို့ သားကြီးက အမောတကောနဲ့ ပြောပါတယ်။

“ကျွန်တော်လေ ညိုညိုစိမ့်အကြောင်းကိုတွေးတိုင်း စိတ်မကောင်း အမြဲဖြစ်ရပါတယ်။ အသုဘပြီးတော့မှ သံသယဖြစ်စရာလိုလို အစွဲ လိုလို တစ်ခု ဖြစ်လာပါတယ်။

အာဂန္တုဆရာတွေ စုနေတဲ့အိမ်က ဝါးထရံကာအိမ်ဆိုတော့ အေး ပါတယ်။ အာဂန္တုဆရာတွေကလည်း ကျွန်တော်နဲ့ အစ်မဝမ်းကွဲတွေ ပါပဲ။ ဆောင်းတွင်းအချိန်ဆိုရင် ညတိုင်ညတိုင် တိုက်ကျောင်းရဲ့အောက် ထပ်မှာ ကျွန်တော်တို့ သွားပြီးအိပ်ကြပါတယ်။ ကျောင်းက တိုက် ကျောင်းဆိုတော့ အိမ်မှာ အိပ်တာထက် အချမ်းသက်သာပါတယ်။ အစ်မတွေက မိန်းကလေးတပည့်တွေနဲ့ အခန်းတစ်ခန်းမှာ ကျွန်တော် က နောက်တစ်ခန်းမှာပေါ့။ ကျွန်တော် အိပ်မပျော်ခင်မှာ အပေါ်ထပ်က ကလေးခြေသံလိုလို အသံခပ်သဲ့သဲ့ ကြားရသလို ဖြစ်ပါတယ်။

ကျွန်တော်က တိတ်တိတ်ကလေးနေပါတယ်။ နောက်တစ်နေ့ ကျတော့ ကျောင်းပေါ်ထပ်ကိုတက်ပြီး ခွေးတွေဘာတွေ မဝင်နိုင် အောင် တံခါးကို သေသေချာချာ ပိတ်ထားလိုက်ပါတယ်။ ဒါပေမဲ့ ညကျတော့လည်း ခုံကိုတွန်းသလိုလို အသံကတော့ ကြားနေရတာ ပါပဲ။ နောက်တစ်နေ့ကျတော့ တစ်ဖက်ခန်းက ဟေ့- မောင်လေး၊ ကြားလားလို့ မေးလိုက်ပါတယ်။ ကျွန်တော်ကလည်း ကြားတယ်လို့ ဖြေလိုက်တာပေါ့။ အဲသလိုလည်းပြောပြီးကြရော ကျွန်တော်တို့မောင်နှမ တစ်တွေ ညကြီးမင်းကြီး ကျောင်းခန်းထဲက ထရံကာတဲ့အိမ်ကလေးကို ပြန်ပြောင်းလာခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မောင်နှမတစ်တွေလည်း ကြုံရတာနဲ့ပတ်သက်ပြီး စိတ်မကောင်းတာနဲ့ ဆွမ်းသွပ်ကြရအောင်ဆိုပြီး ချိုင့်ကြီးကြီးနဲ့ ထမင်းဆိုင်ကိုသွားပြီး ထမင်းတွေ၊ ဟင်းတွေ ဝယ်ပါတယ်။ ထူးထူးခြားခြား ချိုင့်ကြီးကြီးနဲ့ ထမင်းဝယ်တော့ ထမင်းဆိုင်ရှင်အဒေါ်ကြီးက မေးတာနဲ့ အကြောင်းရင်းကို ပြောပြလိုက်ပါတယ်။ အဒေါ်ကြီးက သူတို့လည်း ကုသိုလ်လိုချင်ပါတယ်ဆိုပြီး ထမင်းတွေ၊ ဟင်းတွေ ပိုပြီးထည့်ပေးလိုက်ကြပါတယ်။ နံကထိုင်မုန့်တစ်ထုပ်ကိုလည်း လှူလိုက်ကြပါတယ်။ ကျွန်တော်ကတော့ ညီညီုစိမ့်တို့အရွယ် ကိုရင်ကလေးရှိတဲ့ကျောင်းကို သွားလှူဖို့ ဖိနပ်ကောင်းကောင်းတစ်ရန် ဝယ်ခဲ့ပါတယ်။

ကျွန်တော်တို့ မောင်နှမတွေ ပထမရောက်တဲ့ကျောင်းမှာ ဆွမ်းချိုင့်ကို ကပ်လှူပြီး သီလယူကြပါတယ်။ ဆွမ်းသွတ်တရားနာပါတယ်။ အဲဒီကျောင်းက ဆရာတော်က ရိုးရိုးပဲအမိန့်ရှိပါတယ်။ ညီညီုစိမ့်ဟာ အခုလို အလှူအတန်းလုပ်ပြီး သူ့အတွက် အမျှဝေတာကို ရချင်လည်း ရမယ်။ ရချင်မှလည်း ရမယ်။ ဒါပေမဲ့ မေတ္တာပို့ကြမယ်။ အမျှလည်း ဝေကြမယ်လို့ အမိန့်ရှိပါတယ်။ ကျွန်တော့စိတ်ထဲမှာ မကြည်မလင် ခံစားရပါတယ်။"

"နောက်ကျောင်းတစ်ကျောင်းကတော့ ကျွန်တော်ခံစားရတာကို သေသေချာချာ လျှောက်ပါတယ်။ ဖိနပ်ကလေးလည်း လှူပါတယ်။ မုန့်ထုပ်ကိုလည်း လှူပါတယ်။ အဲဒီနောက် ရောက်တဲ့ကျောင်းက ဆရာတော်က စိတ်ပါလက်ပါနဲ့ ညီညီုစိမ့်ကိုရည်စူးပြီး ဖိနပ်လှူရတဲ့ အကျိုးဟူသမျှ ညီညီုစိမ့်ရပါစေ၊ ဖိနပ်ကိုလှူခြင်းအားဖြင့် ယာဉ်ရထား အမျိုးမျိုးကို စီးနင်းနိုင်ပါစေ၊ ဘဝဘဝမှာ ဘာမှမရှားပါစေနဲ့ဆိုတဲ့ ဆုတွေပေးပြီး အမျှဝေပါတယ်။"

"ကျောင်းကိုပြန်ရောက်တော့ နေရာအနှံ့ကိုလိုက်ပြီး ကျွန်တော် အမျှဝေပါတယ်။ စိတ်ထင်လို့လားတော့ မသိပါဘူး။ အဲဒီနေ့ကစပြီး ဘာသံမှ မကြားရတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လေ အခုထိ စိတ်မကောင်းပါဘူး။ ကလေးမကလေးကို မသေခင် ဖိနပ်ဝယ်ပေးလိုက်ပါလား။ အဲဒီလိုဆိုရင် သေမှ ဖိနပ်အဖိုးတန်နဲ့ ဆွမ်းသွတ်တာနဲ့စာရင် ပိုပြီး အဓိပ္ပာယ်ရှိပါသေးတယ်။ ဒါမှမဟုတ် ဖိနပ်အခိုးခံရတဲ့ ကလေးကို ဖိနပ်အသစ်ဝယ်ပေးလိုက်ပြီး ညိုညိုစိမ့်ယူထားတဲ့ဖိနပ်ကို ညိုညိုစိမ့်ကိုပဲ ဆက်စီးပါစေလား။ အဲဒီလို ကျွန်တော်တွေးပြီး စိတ်မကောင်းပါဘူး။ ကလေးကို ဖယောင်းတိုင်နဲ့လည်း ခြောက်မိသေးတယ်။ အဲဒါအတွက်လည်း စိတ်မကောင်းပါဘူးလို့ သားကြီးမောင်မျိုးလှိုင်က ပြောပါတယ်။

ကျွန်မက သားကြီးမောင်မျိုးလှိုင်ကို ကောက်ကြောင်းပန်းချီထဲ ဆေးသွင်းခိုင်းသလိုမျိုး ကျောင်းဆရာလုပ်ခဲ့တဲ့ ဘဝအတွေ့အကြုံကို ပြောခိုင်းရတာ ဖြစ်ပါတယ်။ အခုဆိုရင် စာဖတ်သူများအနေနဲ့ ဖိနပ်ကလေးတစ်ရန်နဲ့ ဆွမ်းသွတ်တရားနာပြီး တပည့်ဖြစ်သူကို အမျှဝေကြရရှာတဲ့ မူလတန်းပြဆရာမကလေးများအကြောင်းကို သိလိုက်ကြရပါပြီ။ ဘဝသရုပ်ကိုပေါ်အောင် တမင်လုပ်ကြံဖန်တီးပြီး ရေးထားတာမဟုတ်ဘဲ အရှိအတိုင်း ရေးထားတာကလေးကို ဖတ်ကြပြီး အခြေခံက ဆရာကလေးတွေနဲ့အခြေခံလူတန်းစား ကလေးလေးတွေရဲ့အကြောင်းကို တစေ့တစောင်း သိလိုက်ကြရမယ်လို့ ထင်မိပါတယ်။

*

မောင်မျိုးလှိုင်ရဲ့ဘဝကလည်း အတွေ့အကောက်များစွာနဲ့ကြွယ်ဝလှပါတယ်။ သူအထူးပြုပြီး ပြောချင်တာကတော့ ပထမရတဲ့အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် မယူလိုက်ရင် နောက်ပိုင်းမှာ အခက်အခဲများစွာကို ရင်ဆိုင်ကျော်ဖြတ်ကြရတယ်ဆိုတဲ့အကြောင်း ဖြစ်ပါတယ်။ အဲဒီအကြောင်းကို သူ ဘယ်လိုပြောသလဲဆိုတော့-

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဆယ်တန်းဖြေတော့ အောင်လံမှာ ဖြေတာပါ။ အဲဒီတုန်းကပညာရေးနဲ့ပတ်သက်ပြီး အမြင်မကျယ်သေးတော့ အေးအေးပဲကျောင်းနေ၊ အေးအေးပဲ စာကျက်ပြီး ဖြေခဲ့တာ (ခ) အဆင့်ကပဲ အောင်ခဲ့ပါတယ်။ နောက်ထပ် တစ်နှစ် ပြန်ပြီးကြိုးစားကြရတာပေါ့။ ဒါပေမဲ့ စာမေးပွဲဖြေဖို့ တစ်ပတ်အလိုမှာ ကုသိနာရုံပွဲတော်က ပွဲကို သွားကြည့်ဖို့ အမေ့ကို ပူဆာပြီး အမေနဲ့သားအမိနှစ်ယောက် သွားကြည့်ခဲ့ကြပြန်ပါတယ်။ အမေကလည်း သားကိုအလိုလိုက်ပြီး ပွဲလိုက်ပြပါတယ်။ အမေက သားရေ ပြန်ကြပါစို့၊ သားရေ ပြန်ကြပါစို့နဲ့တော့ ပြောတာပါပဲ။ အဲဒီလိုပြောနေရင်း မိုးလင်းတဲ့အထိ သားအမိ ပွဲကြည့်ဖြစ်ခဲ့ပါတယ်။"

"စာမေးပွဲဖြေပြီးလို့ နွေရာသီမှာ မူလတန်းဆရာအတတ်သင်က သင်တန်းဝင်ခွင့်တွေခေါ်တော့ အဖေ့တိုက်တွန်းချက်နဲ့ လျှောက်လွှာတင်ပြီး ဝင်ဖြေခဲ့တာ ဝင်ခွင့်ရပြီး သဲကုန်းဆရာအတတ်သင်းကျောင်းကို တက်ခဲ့ရပါတ်။ မှတ်မှတ်ရရ ပုဂံလျှင်လှုပ်တဲ့နှစ်ကပေါ့။

အဲဒီသင်တန်းတက်နေဆဲမှာ ဆယ်တန်းအောင်စာရင်း ထွက်တာပါပဲ။ ဂုဏ်ထူးနှစ်ခုနဲ့ အောင်ပါတယ်။ တက္ကသိုလ်တွေက မဖွင့်သေးတော့ အဖေက သင်တန်းဆက်တက်နေ၊ တက်နေသမျှ ပညာရမှာပဲ။ တက္ကသိုလ်ဖွင့်ရင် သားကို တက္ကသိုလ်ဆက်ထားမယ်လို့ အားပေးတော့ သင်တန်းကို ပျော်ပျော်ကြီးဆက်တက်တာပေါ့။ အဲဒီမှာ အမှတ်တရဖြစ်စရာ ပြိုင်ပွဲတစ်ခုနဲ့ ကြုံခဲ့ရပါတယ်။

ဒီဇင်ဘာလမှာ ကျောင်းပြေးခုန်ပစ်ပြိုင်ပွဲလုပ်တော့ အခြားပြိုင်ပွဲတွေကို စည်းကမ်းတကျ ပမာဏလူရွေးပြီးမှ ပြိုင်ခိုင်းပေမယ့် မီတာ ၁၅၀၀ တို့ အမြင့်ခုန်တို့ကျတော့ ကြိုက်သလောက် ဝင်ပြိုင်နိုင်ပါတယ်။ အမြင့်ခုန်ပြိုင်ပွဲမှာ ယောကျာ်းဆိုရင် ၅ ပေခုန်နိုင်မှ တန်းဝင်မို့ အားလုံးက ၅ ပေကို လွန်အောင်ခုန်နိုင်တယ်ဆိုပြီး **Passed** ပေးကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ၅ ပေ ၁ လက်မကနေပြီး စခုန်ကြပါတယ်။ သုံးကြိမ်ခုန်တာ သူတစ်ယောက်ပဲလွတ်တော့ သူက ပြိုင်ဘက်မရှိ ပထမရသွားပါတယ်။ ဆုကလည်း ပေးဖို့အဆင်သင့်။ ကျောင်းတွင်းပြိုင်ပွဲများကလည်းဖြစ်ဆိုတော့ ဒုတိယရွေးမယ် ၅ ပေပြန်ခုန်ကြဆိုပြီး ဒုတိယရွေးပါတယ်။ (တကယ့်တကယ် စည်းနဲ့ကမ်းနဲ့လုပ်တာဆိုရင်တော့ ရွေးခွင့်မရှိပါဘူး။) အခုတော့ အပျော်သဘောနဲ့ ခုန်ကြတာပါ။ အဲဒီမှာလည်း တစ်ယောက်ပဲ လွတ်ပြီး ဒုတိယရပြန်ပါတယ်။ အဲဒီလို ဒုတိယရွေးပြီးတော့ ကဲကွာ ဒီလောက်တောင်ဖြစ်လှတာ ၄ ပေ ၁၁ လက်မ ပြန်ခုန်ဆိုပြီး ကာယဆရာက ရယ်ရယ်မောမောနဲ့ပြောတော့ ၉ ယောက်လောက် လွတ်ပါတယ်။ အဲဒီတော့ တတိယရွေးလို့မရပြန်ပါဘူး။ အဲဒီလိုနဲ့ ၅ ပေပြန်တင်တာ ၆ ယောက် လွတ်ပြန်ရော။ ၅ ပေ ၁ လက်မ တင်ပြန်တော့လည်း လွန်ကြပြန်ရော၊ နောက်ဆုံးတော့ တတိယဆုကိုရဖို့ သင်တန်းသားတစ်ယောက်က ၅ ပေ ၆ လက်မနဲ့ခုန်ပြီး ရခဲ့ပါတယ်။ အဲဒီတော့ ပထမက ၅ ပေ ၁ လက်မ၊ ဒုတိယက ၅ ပေ၊ တတိယက ၅ ပေ ၆ လက်မ။ ရယ်လိုက်ရတာ၊ သင်တန်းသားတွေရော၊ ဆရာဆရာမတွေပါ ရယ်လို့ကို မဆုံးနိုင်အောင်ပါပဲ။

အဲဒီတုန်းက ရယ်ခဲ့ရတာပေါ့လေ။ ဒါပေမဲ့ ဘဝနဲ့ယှဉ်ပြီးစဉ်းစားလာမိတဲ့အခါမှာတော့ မရယ်နိုင်တော့ပါဘူး။”

“ဆယ်တန်းကို ပွဲကြည့်ရင်းဖြေခဲ့တော့ အမှတ်ကောင်းကောင်း မရခဲ့ဘူး။ ဒါပေမဲ့ တက္ကသိုလ်ကတော့ တက်ချင်တယ်။ အမှတ်က နည်းလည်းမနည်း များလည်းမများ ၄၂၄ မှတ်ဆိုတော့ မကွေးကောလိပ်ကို ဓာတုဗေဒအဓိကနဲ့ ဝင်ခွင့်ရခဲ့ပါတယ်။ ကောလိပ်ဖွင့်တဲ့အချိန်မှာ ဆရာအတတ်သင်ရဲ့ စာမေးပွဲကြီး နီးနေပါပြီ။ တက္ကသိုလ်ကောလိပ်တွေရဲ့ နှစ်လည်စာမေးပွဲကလည်း မတ် ၂၉ ရက်နေ့မှာ စစ်မယ်လို့ ကြေညာပြီးပြီ။ ဆရာအတတ်သင်တွေကလည်း မတ်လ ၂၉ ရက်နေ့

www.burmeseclassic.com

www.burmeseclassic.com



စစ်ပါမယ်။ တစ်ခုခုကိုတော့ စွန့်လွှတ်ရတော့မယ်။ ဒီတော့ မတ်လ ၂၉ နေ့ နေ့လယ်ဖြေ။ ၁ နာရီမှာဖြေရမယ့် ဆရာအတတ်သင်စာမေးပွဲကို မဖြေဘဲ အပြီးပြန်ခဲ့ရတော့တယ်။"

"မကွေးကောလိပ်ကို ပြန်ပြီးတက်တဲ့နေ့ ညမှာပဲ ရေဒီယိုက တက္ကသိုလ်ကောလိပ်များ အားလုံးပိတ်လိုက်ကြောင်း ကြေညာတာကို ကြားခဲ့ရပါတယ်။"

"ကောလိပ်တွေပြန်ဖွင့်တော့ ကျောင်းပြန်တက်ပါတယ်။ ပထမနှစ် အောင်၊ ဒုတိယနှစ်မှာ စာကြိုးစားပြန်တော့ ဂုဏ်ထူးလေးခုရပြီး ကုန်ထုတ်ဓာတုဗေဒကို ပြောင်းယူခွင့်ရပါတယ်။ ဆရာတွေက ဘာကြောင့် ဘာသာပြောင်းယူချင်တာလဲလို့မေးတော့ ဝါသနာပါလို့ယူတာပါလို့ ဘာသာပြောင်းခွင့်လျှောက်တဲ့ ကျွန်တော်တို့သူငယ်ချင်းတစ်သိုက် ပြောခဲ့ကြတာပါပဲ။ ဒါပေမဲ့ တကယ့်တကယ်ကတော့ ရန်ကုန်တက္ကသိုလ် ပင်းယဆောင်မှာနေပြီး ကျောင်းတက်ချင်လို့ ဖြစ်ပါတယ်။ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်ကို ရန်ကုန်မှာပဲ တက်နိုင်ပါတယ်။

ဒီလိုနဲ့ တကယ်ဝါသနာမပါဘဲ ခက်ခဲတဲ့ဘာသာကို သင်ယူလာလိုက်တာ ဘွဲ့ရတော **(Qualified)** မဝင်တော့ပါဘူး။ အဲဒီအချိန်မှာ အောင်လံမြို့နယ်က ကျော်စွာရွာဝန်းကျင်မှာ ဓာတ်မြေသြဇာစက်ရုံဆောက်မှာမို့ တောရိုင်းထွင်နေပါပြီ။ ဒါကြောင့် စက်ရုံမတည်ခင်ကာလမှာ အောင်လံမြို့နားက ရွာကြီးတစ်ရွာမှာရှိတဲ့ တွဲဖက်အထက်တန်းကျောင်းမှာ တွဲဖက်အထက်တန်းပြဆရာ ဝင်ပြီးလုပ်ခဲ့ပါတယ်။ အဲဒီနှစ်မှာ ဆရာတွေရဲ့ကြိုးစားမှုနဲ့ တပည့်တွေရဲ့ကြိုးစားမှုကြောင့် အောင်ချက်ရာနှုန်း အတော်ကောင်းခဲ့ပါတယ်။

အဲဒီလိုနဲ့ နောက်နှစ်မှာလည်း ဆရာဆက်လုပ်ဖြစ်ပါတယ်။ မူလတန်းဆရာဖြစ်သင်ကို သင်တန်းစာမေးပွဲဖြေသည့်အထိ မနေခဲ့ရပေမယ့် သင်တန်းတုန်းက လေ့လာသင်ယူခဲ့ဖူးတဲ့ သင်ပြနည်းတွေက ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဆရာလုပ်တဲ့အခါမှာ ပြန်ပေါ်လာကြပါတယ်။ အဲဒီသင်ပြနည်းတွေကို လိုအပ်သလို ပြောင်းသုံးခဲ့တာပါပဲ။

အဲဒီနှစ်အကုန်မှာ ကျော်စွာဓာတ်မြေသြဇာစက်ရုံက ကုန်ထုတ် ဓာတုဗေဒနဲ့ ဘွဲ့ရသူတွေကိုခေါ်ပြီး ခန့်ပါတယ်။ လစာအပြင် အခြား စရိတ်တွေနဲ့ပေါင်းပြီး လစာ ၄၄၀ ကျပ်ရပါမယ်။

ဘွဲ့ရမူလတန်းပြဆရာတွေကိုလည်း ခန့်နေပါတယ်။ လစာက ၂၂၅ကျပ်ပါ။ စိတ်လွန်ဆွဲပွဲကြီးပေါ့လေ။ ဒါပေမဲ့ ကျွန်တော် မူလတန်း ဆရာအတတ်သင်ကျောင်းက ထွက်ပြေးခဲ့လို့ မူလတန်းပြဆရာ ပြန်လုပ် ရမှာ ရှက်နေတဲ့စိတ်ကို ဆရာစိတ်က အနိုင်ယူလိုက်နိုင်ပါတယ်။ ကျွန်တော် အဲဒီကျောင်းမှာပဲ မူလတန်းပြဆရာရပါတယ်။

နောက်သုံးနှစ်လောက်ကြာတော့ အလယ်တန်းပြဆရာ ဖြစ်ပါ တယ်။ **(Qualified)** ဝင်တဲ့သူတွေက ဝင်ဝင်ချင်း အလယ်တန်းပြဆရာ ရပါတယ်။ ၂ နှစ်ရှိရင် ဘီအီးဒီသင်တန်းဝင်ခွင့်ဖြေနိုင်တယ်။ **(Qualified)** မဝင်တဲ့သူတွေက ၅ နှစ်ရှိမှ ဖြေခွင့်ရပါတယ်။ ကွာပြီပေါ့။ ဘွဲ့ရ တုန်းက **(Qualified)** ဝင်အောင် မဖြေနိုင်တာ နောင်တရလို့မဆုံးပါဘူး။ ဒါကြောင့် နောက်ဆုံးနှစ်ကျောင်းသားတွေကိုတွေ့တိုင်း**(Qualified)** ဝင်အောင် ကြိုးစားဖို့ တိုက်တွန်းတာပါပဲ။

*

အဲဒီလို အလယ်တန်းပြဆရာလုပ်နေရာက အလယ်တန်း ဆရာ အတတ်သင်သိပ္ပံ(မန္တလေး)ကိုတက်ဖို့ အခွင့်ရခဲ့ပါတယ်။ ကျွန်တော် အလယ်တန်းဆရာဖြစ်သင် သင်တန်းတက်နေတုန်းမှာ ဘီအီးဒီတစ်နှစ် သင်တန်းဝင်ခွင့် စာမေးပွဲကျင်းပမယ်လို့ ကြေညာတာကို တွေ့ရပါ တယ်။ အခါတိုင်းနှစ်တွေမှာ ဘီအီးဒီစာမေးပွဲ ကျင်းပတဲ့အချိန်က သင်တန်းအချိန်နဲ့ လွတ်ပါတယ်။ ကျွန်တော် ဖြေရတဲ့နှစ်ကတော့

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းနှစ်အလယ်မှာ ဖြေရတာပါ။ သင်တန်းတစ်ခုတက်နေတုန်း နောက်တစ်ခုအတွက် မဖြေရတော့ဘူးဆိုတာက စည်းမျဉ်းအနေနဲ့တော့ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်က ကျောင်းအုပ်ဆရာမကြီးထံကို ကိုယ်တိုင်ကိုယ်ကျသွားပြီး သေသေချာချာ ရှင်းပြပါတယ်။ အလယ်တန်းဆရာအတတ်သင်ကို တက်ရမယ်ဆိုတော့ ကျွန်တော် မငြင်းဘဲတက်ခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကိုပြပြီး အလယ်တန်းဆရာဖြစ်သင်ကို မတက်ခဲ့တဲ့သူတွေက ဘီအီးဒီဝင်ခွင့်ဖြေနိုင်ရင် တာဝန်ကျေပွန်တဲ့ ကျွန်တော်တို့အဖို့ နစ်နာပါတယ်။ ဘီအီးဒီဝင်ခွင့်သာ ဖြေခွင့်ပေးပါ။ ဆရာအတတ်သင်မှာလည်း ပထမရအောင် ကျွန်တော်ကြိုးစားပါ့မယ်လို့ မောင်မျိုးလှိုင်က ပြောပါသတဲ့။

"ဆရာမကြီးက အဲဒီအချိန်အတောအတွင်းမှာ မန္တလေးမြို့ကို ရောက်လာတဲ့ အခြေခံညွှန်မှူးချုပ်ကို တင်ပြပေးပါတယ်။ ညွှန်မှူးချုပ်ကလည်း မန္တလေးဆရာအတတ်သင်မှာ ဌာနတစ်ခုဖွင့်ပြီး ဖြေကြပါစေလို့ ခွင့်ပြုမိန့်ပေးလိုက်ပါတယ်။ သားကြီးအပါအဝင် ဖြေဆိုကြတဲ့သူများအနက်က ၉ ယောက် အောင်ပါတယ်။ ဆရာအတတ်သင်စာမေးပွဲကြီးမှာလည်း သားကြီးက ပထမရခဲ့ပါတယ်။"

"အဲဒီလို မန္တလေးဆရာအတတ်သင်မှာ ဘီအီးဒီစာမေးပွဲကျင်းပပြီး ဖြေဆိုခွင့်ပြုတာ ပထမဆုံးနဲ့ နောက်ဆုံးပဲ ဖြစ်ပါသတဲ့။ ဘာကြောင့်လဲဆိုတော့ အလယ်တန်းပြဆရာဖြစ်အောင်မှ ဘီအီးဒီဆက်တက်ရမယ်ဆိုတဲ့ စည်းမျဉ်းထွက်လာလို့ပါပဲ။"

သားကြီး မောင်မျိုးလှိုင်က ပြောပါတယ်။ "ကျွန်တော် ပထမတစ်ခါတုန်းကတည်းက လွတ်အောင်ကျွတ်အောင်မှ မခုန်ခဲ့ဘဲကိုး။ ဆယ်တန်းတုန်းက ခပ်ပေါ့ပေါ့ဖြေတာတောင် ၄၂၄ မှတ် ရသေးတာ။ သေသေချာချာကြိုးစားရင် ဆေးဖြစ်ဖြစ် စက်မှုဖြစ်ဖြစ် ဝင်မှာပါပဲ။ အဲဒီတုန်းကလည်း ပေါ့ပေါ့ဆဆနဲ့ ပွဲသွားကြည့်နေမိတယ်။"

www.burmeseclassic.com

www.burmeseclassic.com



"ကုန်ထုတ်ဓာတုဗေဒကျပြန်တော့ အမှတ်ပြည့်အောင်မဖြေလို့ မဟာသိပ္ပံကို တက်ခွင့်မရပြန်ဘူး။ အမှတ်ပြည့်ရင် **(Qualified)** ဖြစ်ရင် ဘီအီးဒီကို ၂ နှစ်နဲ့ ဖြေခွင့်ရမယ်။ ဒါပေမယ့် ကျွန်တော်က **(Qualified)** မဖြစ်တော့ ၅ နှစ်စောင့်ရတယ်။ အဲဒီတော့ ဒုတိယအကြိမ်မှာလည်း လွတ်အောင်မဖြေနိုင်ခဲ့ပြန်ပါဘူး"

"ဘီအီးဒီကို ဆရာအတတ်သင်သိပ္ပံတက်ရင်း နောက်တစ်နှစ်ဆက်တက်ရပါတယ်။ ဒီတစ်ခါတော့ သဘောပေါက်နေပြီ။ ဘီအီးဒီဘွဲ့ကို **(Qualified)** မဖြစ်ရင် ဘဝမှာ ပညာတစ်ခန်းရပ်တော့မယ်ဆိုတာကိုလည်း သိပါတယ်။ **(Qualified)** ဝင်တဲ့သူနဲ့ မဝင်တဲ့သူ မတူနိုင်ဘူးဆိုတာလည်း သိပြီးပြီဆိုတော့ ကြိုးစားလိုက်တာ ထူးချွန်စွာ အောင်မြင်ခဲ့ပါတယ်"

ဘာပဲပြောပြော မူလဓာတ်ခံ ထက်မြက်ပွင့်လင်းတဲ့သူ၊ ပြီးတော့ ညဏ်ကလည်း ကောင်းတဲ့သူဆိုတော့ မောင်မျိုးလှိုင်ပြောသမျှအကြောင်းတွေက ရှင်းရှင်းလင်းလင်း ကွက်ကွက်ကွင်းကွင်း ရှိလှပါတယ်။ သိပ္ပံဘာသာတွဲနဲ့ မဟာပညာရေးဘွဲ့ကို ရတဲ့သူဖြစ်ပေမယ့် အနုပညာအကြောင်းပြောရမလား၊ မြန်မာစာအကြောင်း ပြောရမလား၊ ပြောတဲ့အခါမှာလည်း ကျွမ်းကျင်ရေလည်စွာ ပြောတတ်ပါတယ်။ အဲ- ဆွေကြောင်းမျိုးကြောင်းကိုပြောရ်လည်း မြင်သာအောင် ပြောတတ်ပါတယ်။ ဝတ္ထုမှ အခန်းဆက်ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို ဖတ်နေရသလိုပါပဲ။

ကျွန်မက ကျောင်းဆရာဘဝ ပန်းချီကားတစ်ချပ်မှာ ဆေးရောင်အတင့်အတယ် သွင်းသလိုမျိုးဖြစ်အောင် ပြောစေချင်လို့ ကျောင်းဆရာဘဝကိုပဲ အပြောခိုင်းခဲ့ပါတယ်။

ကျွန်တော်အထက်တန်းပြဆရာအဖြစ် . . . . . မြို့ကို ပြောင်းရတော့ စကတည်းက ယဉ်သကိုလို့ ဆိုရပါမယ်။ အသွားအလာ ခေါင်ပါတယ်။ မြို့က သိပ်မဖွံ့ဖြိုးပါဘူး။ ဒါပေမဲ့ သူတို့မြို့မှ သူတို့မြို့သူတို့

www.burmeseclassic.com

www.burmeseclassic.com



မြို့သားနဲ့ အခြားမြို့သားယှဉ်ရင် သူတို့မြို့သားကမှ ပိုပြီးတော်တယ်လို့ လည်း အထင်ရောက်တတ်ကြပါသေးတယ်။”

“ကျွန်တော်သွားနေရတဲ့ ဘုန်းကြီးကျောင်းက ဆရာတော်ဆိုရင် ကျွန်တော့်ကို အလွန်ခင်မင်ပါတယ်။ ဒါပေမဲ့ သူ့ကျောင်းလောက်ကြီးတဲ့ကျောင်း အောင်လံမှာရှိသလားဆိုတဲ့ ခပ်ခွကျကျ မေးခွန်းမျိုးကို မေတတ်ပါသေးတယ်။ တကယ်တော့ အောင်လံက သွားရေးလာရေး လွယ်ကူပြီး ဖွံ့ဖြိုးတဲ့ မြို့တစ်မြို့ပဲ။ အဲဒီဆရာတော်ကျောင်းထက် ကြီးတဲ့ကျောင်း ရှိတာပေါ့။ သူတို့မြို့မှာ ချမ်းသာတဲ့သူတွေ ရှိမှာပါပဲ။ ဒါပေမဲ့ ခမ်းခမ်းနားနားနေတဲ့အကျင့် မရှိကြပါဘူး။ အိမ်တွေဆောက်တာတောင်မှာ တိုင်တွေကို မဖြတ်ဘဲ ဆောက်တတ်ကြပါသေးတယ်။ တိုင်တွေက အနိမ့်အမြင့် မညီမညာနဲ့ အမိုးထဲက ထိုးထွက်နေတတ်ပါတယ်။ ဘာကြောင့် အဲဒီလိုဆောက်တာလဲဆိုတော့ တိုင်တွေကို ဖြတ်ပစ်ရမှာ နမြောလို့တဲ့။

အဲဒီကျောင်းကိုရောက်တာနဲ့ ကျွန်တော် ဓာတုဗေဒဘာသာကို ဆယ်တန်းမှာ သင်ရပါတယ်။ အင်္ဂလိပ်စာကိုတော့ ဆရာမရှိလို့ ကူညီတဲ့အနေနဲ့ သင်ရပါတယ်။

“အမေကြီးရယ် ကျွန်တော် ဓာတုဗေဒဘာသာကို သင်တဲ့အခါမှာ နားလည်ကြရဲ့လားလို့မေးတိုင်း နားမလည်ဘူးဆိုတဲ့အဖြေတွေကို ကြားကြားနေရပါတယ်။ အဲဒီတော့ နားလည်အောင် အမျိုးမျိုးနဲ့လှည့်ပြီး သင်ရတာပေါ့။

အဲဒီလိုကြိုးစားနေတုန်း ကျွန်တော်ရှိတဲ့ကျောင်းက ကျောင်းဆရာမတစ်ယောက်ဟာ ဘီအီးဒီသင်တန်း တက်ခွင့်ရသွားပါတယ်။ ကျွန်တော်သင်တဲ့ ဓာတုဗေဒဘာသာရပ်ကိုလည်း နားမလည်ဘူးလို့ အော်တာ မကြားရတော့ပါဘူး။”

“တကယ်ဆိုရင် အရင်သင်တဲ့သင်ခန်းစာထက် နောက်သင်တဲ့ သင်ခန်းစာက ပိုပိုပြီးခက်လာတာပါ။ အဲဒီလို ခပ်ဆန်းဆန်းအနေအထား

www.burmeseclassic.com

www.burmeseclassic.com



မှာ ကျောင်းသားချင်း စကားများတာကို ကျွန်တော် နားနဲ့ဆတ်ဆတ် ကြားခဲ့ရပါတယ်။

ကျောင်းဆင်းချိန်မှာ တစ်ဖက်က တစ်ဖက်ကို ကဲလေ- နား မလည်ဘူးလို့ ပြောကြဦးလေ။ အခုတော့ နားလည်ပြီလား။ မင်းတို့က မင်းတို့ဆရာမ နားမလည်ဘူးအော်ခိုင်းတိုင်း အော်ကြတဲ့အကောင်တွေ လို့ ပြောပါတယ်။ အဲဒီတော့ အပြောခံရတဲ့ကျောင်းသားတွေက ငါတို့ ဆရာမပြောတာက ဆရာစာသင်တာ ပိုကောင်းလာအောင်၊ ပိုကြိုးစား လာအောင် အဲသလိုအော်ခိုင်းတာကွတဲ့။ အခုကျတော့ ဘာလို့နားလည် သလဲ၊ နားမလည်ဘူးလို့ ဘာလို့မအော်သလဲလို့ တစ်ဖက်ကပြောတော့ ခံရတဲ့ဘက်က အခုနားလည်တာက ငါတို့ဆရာမက ဘီအီးဒီ သွား မတက်ခင် သူ့မှတ်စုတွေကို ဒီဆရာ့ကို ပေးခဲ့တာကိုးကွ။ အဲဒါကြောင့် ဆရာက တို့နားလည်အောင် သင်တတ်လာတာပေါ့ကွတဲ့။”

“ကျွန်တော်ဟာ ကျောင်းသားအချင်းချင်း အဲဒီလိုအချေအတင် ပြောကြတာကို ကြားပြီး တုန်နေအောင် ဒေါသဖြစ်မိပါတယ်။ ကျောင်း တက်လို့ အခန်းထဲလည်းရောက်ရော ရှင်းတော့တာပါပဲ။ နောက်ဆုံး တော့ စိတ်ဆိုးဆိုးနဲ့ ကျိန်တောင်မှ ကျိန်မိပါတယ်။ ငါဟာ ဘယ်သူ့ မှတ်စုနဲ့မှ စာသင်တာမဟုတ်ဘူး။ ငါ့ဘာသာငါ မှတ်စုထုတ်ပြီးသင်တာ၊ အဲဒီဆရာမဆီက မှတ်စုနဲ့ သင်မိတယ်ဆိုရင် အဝီစိမတက်ဘဲ နေရပါ စေ- လို့ ကျိန်မိပါတယ်။”

ကျွန်မမှာ စိတ်လိုက်မာန်ပါပြောနေတဲ့ မောင်မျိုးလှိုင်ရဲ့စကား ကို ကြားဖြတ်ပြီး ဟဲ့ ဟဲ့- လို့တောင် အော်မိပါတယ်။ “မင်းနှယ်ကွယ် ကျိန်တာဟာ သူတော်ကောင်းလက္ခဏာနဲ့ မညီဘူးကွဲ့” လို့ ပြောလိုက် ပါသေးတယ်။

“ကျွန်တော်လည်း မထိန်းနိုင်တော့ပါဘူး။ ဒီလိုစနစ်တကျ လုပ်ကြံခံရတာကတော့ ရှာမှရှားပါပဲ” လို့ အခုထိ စိတ်နာနေတဲ့ပုံနဲ့ မောင်မျိုးလှိုင်က ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမြို့မှာ ကျွန်တော်မပျော်ခဲ့ပါဘူး။ အင်္ဂလိပ်စာသင်တော့လည်း ကိုယ်တိုင်ကိုယ်ကျ သင်ရတာကနည်းနည်း၊ ကျူရှင်က အမှားတွေ ပြင်ပြင်ပေးနေရတာကများများနဲ့ ကြာတော့ ကျောင်းသားတွေကို ဘယ်လိုကျူရှင်တွေ တက်နေတာလဲ၊ အမှားတွေသင်နေတဲ့ ကျူရှင်တွေလို့ ပြောမိပါတယ်။ အဲဒီတော့ ခြိမ်းခြောက်စာတွေ ရတော့တာပါပဲ။ မင်းကို မြေအောက်ပို့ပစ်မယ်ဆိုတာလို ခြိမ်းခြောက်ပြီးရေးထားတဲ့စာတွေပါပဲ။"

အဲဒါကြောင့် မဟာပညာရေးဘွဲ့အတွက် ဆက်ပြီးကြိုးစားတာပါပဲလို့ မောင်မျိုးလှိုင်က ပြောပါတယ်။

"အမေကြီးရေ ဒီတစ်ခါတော့ တတိယနေရာကို လုရတာနဲ့ တူနေပါပြီ။ ဘီအီးဒီ **(Qualified)** ဖြစ်တဲ့သူတိုင်း အမ်အီးဒီဆက်တက်ခွင့် မရပါဘူး။ ဝင်ခွင့်စာမေးပွဲအောင်မှ ဆက်တက်ခွင့်ရပါတယ်။ ဒါက ကျွန်တော်တို့ပညာရေးမဟာဘွဲ့ရဲ့ ထူးခြားမှုပါပဲ။

ကိုယ့်မှာကြုံနေတဲ့ အခက်အခဲတွေရဲ့ထွက်ပေါက်က မဟာပညာရေးသင်တန်းဝင်ခွင့်ဆိုတာ အခိုင်အမာသိထားလေတော့ ဝင်ခွင့်စာမေးပွဲအောင်ဖို့ ကြိုးစားလိုက်ရတာ ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်ဖို့ထက်ရော၊ ဘွဲ့တစ်ခုကို **(Qualified)** အမှတ်နဲ့ အောင်ဖို့ထက်ရော အများကြီး ခက်ခဲပါတယ်။

ဒါကြောင့်လည်း သဲကုန်းဆရာအတတ်သင် အမြင့်ခုန်ပြိုင်ပွဲမှာ ရယ်ခဲ့တာတွေဟာ ဘဝမှာ ဖြစ်ပျက်ခဲ့ရတဲ့ အကြောင်းအရာတွေနဲ့ယှဉ်ပြီး တွေးလိုက်မိတဲ့အချိန်မှာ မရယ်နိုင်တော့ပါဘူးလို့ ပြောခဲ့တာပါ။"

*

တကယ်တော့ မောင်မျိုးလှိုင်ရဲ့ အကျိုးပေးကလည်း ဆန်းကြယ်လှတယ်လို့ ပြောရမယ်ထင်ပါတယ်။ မဟာပညာရေးဘွဲ့ကို အပတ်

www.burmeseclassic.com

www.burmeseclassic.com



တကုတ်ကြီးစားပြီး ထူးချွန်စွာရယူခဲ့ပြီးမှ ပညာရေးနယ်ပယ်မှာ ဆက်မနေဘဲ တခြားအလုပ်ကို လျှောက်ထားဖြေဆိုတာ ရရှိသွားခဲ့ပါတယ်။ အလုပ်ပြောင်းခါနီးမှာ ခံစားရတဲ့စိတ်ထားအကြောင်းကို ကျွန်မ ကြားရတော့ အံ့ဩဝမ်းသာဖြစ်ရပါသေးတယ်။ ဒါပေမဲ့ အဲဒီဝမ်းသာမှုက တာရှည်မခံပါဘူး။ ဘယ်အရာမဆို ကိုယ်မြေတောင်မြှောက်ပေးထားတဲ့ ကိုယ့်တပည့်ကို လက်လွှတ်ချင်မှာမဟုတ်ပါဘူး။ ပညာရေးနယ်ပယ်ထဲက ဆရာတွေက မောင်မျိုးလှိုင်ကို ပညာရေးနယ်ပယ်မှာပဲ ဆက်ပြီးရှိနေစေချင်ပါတယ်။

"ကျွန်တော့အဖြစ်ကလည်း ဆန်းပါတယ်။ မီးရထားတစ်တန်၊ ကားတစ်တန်ဆိုသလိုစီးပြီး ကျွန်တော်လာခဲ့တဲ့မြို့ကို ပြန်သွားခဲ့ပါတယ်။ ကျွန်တော် ပြန်ရောက်ရောက်ချင်း အလုပ်ပြောင်းစာမေးပွဲကို ဖြေဆိုခွင့် ဆရာကြီးဆီက တောင်းရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကျောင်းကိုလည်းရောက်ကရော ဆရာ ဆရာမတွေက ဆရာပြန်လာပြီနော်။ ကျွန်တော် ကျွန်မတို့အားလုံး ဆရာ့အလာကို မျှော်နေကြတာ၊ ဓာတုဗေဒကလည်း အားနည်းနေတယ်၊ အင်္ဂလိပ်စာရောပဲ ဆိုတဲ့စကားတွေကို အားရပါးရ ဆီးပြောပါတယ်။

ကျွန်တော့ခမျာ သူတို့ကို အားအနာကြီးနာပြီး ကျွန်တော့်လက်ထဲက ဆရာကြီးလက်မှတ်ထိုးရမယ့် လျှောက်လွှာကလေးကို လုံးချေပြီး ကျွန်တော် ကျောင်းပေါ်ကို တက်သွားခဲ့ပါတယ်။ နောက်မှ သူငယ်ချင်းတွေ ဝိုင်းဝန်းတိုက်တွန်းကြတော့ တော်တော်ကြာကြာ ချီတုံချတုံ စဉ်းစားပြီးမှ လျှောက်လွှာကို တင်လိုက်ပါတယ်။ ဆရာကြီးကလည်း လက်မှတ်ထိုးပြီး ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းနဲ့အညီ စာတင်ပေးပေလို့ ကျွန်တော် အလုပ်ပြောင်းလို့ရတာပါ" လို့ မောင်မျိုးလှိုင်က ပြောပါတယ်။

မောင်မျိုးလှိုင်ဟာ ရာထူးအပြောင်းအလဲကိစ္စ အပြီးမသတ်သေးခင် အချိန်အတောအတွင်း သူ့မိခင်ဌာနကို ပြန်သွားရပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုနပြောတဲ့မြို့ကကျောင်းကို ပြန်သွားရတာပါပဲ။ လူ့လောကဆိုတာ တယ်ပြီး မာယာများပါတယ်။ အစောပိုင်းက မောင်မျိုးလှိုင်မပျော်တဲ့ ကျောင်းကရော သူ့အပေါ်မှာ မနွေးထွေးတဲ့မြို့ကရော နောက်ဆုံး အခေါက်ကျမှ ပိုပြီးလှိုက်လှဲပျူငှာနေတာကို တွေ့ရတယ်လို့ မောင်မျိုး လှိုင်က ပြောပါတယ်။

အလုပ်ပြောင်းဖို့ အမိန့်ကျလာတော့ ဆရာဦးမျိုးလှိုင်ကို နှုတ်ဆက်ပွဲ လုပ်ကြပါတယ်။ အဲဒီနှုတ်ဆက်ပွဲမှာ ကျောင်းသားကျောင်းသူများ ဆရာဆရာမများ မျက်ရည်ကျကြ၊ ငိုကြသလို မောင်မျိုးလှိုင်က လည်း ငိုမိပါတယ်တဲ့။ နောက်တော့ မျက်နှာသုတ်ပဝါတစ်ထည်နဲ့ မျက်နှာကို အုပ်ထားရတဲ့အထိ ဖြစ်သွားပါတယ်တဲ့။

*

မောင်မျိုးလှိုင်ရဲ့ ကျောင်းဆရာအတွေ့အကြုံကို စာဖွဲ့ရင် ဆုံးနိုင်မယ်မဟုတ်ပါဘူး။ အဖေရောအမေပါ ကျောင်းဆရာဖြစ်တဲ့အပြင် မောင်နှမလေးယောက်စလုံး ဆရာတွေဆိုတော့ မောင်မျိုးလှိုင်တို့မှာ ကျောင်းဆရာစိတ် သိပ်ရှိနေတာ မဆန်းပါဘူး။

မကြာသေးခင်အချိန်က အောင်လံမြို့မှာ မီးအကြီးအကျယ် လောင်ပါတယ်။ မောင်မျိုးလှိုင် ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်မှာ တက်နေဆဲ။ ညီမလေးက မကွေးမှာ စာမေးပွဲဖြေကြမယ့် တူ တူမတွေကို စာသွားသင်ဆဲ။ မိအိုဖအိုနှစ်ပါးပဲ အိမ်မှာ ကျန်ရစ်ပါတယ်။

မီးလောင်တဲ့အကြောင်းကို ကြားတာနဲ့ သားနဲ့သမီးရော ဆွေမျိုးတွေရော အောင်လံကို လိုက်ကြပါတယ်။ ဒါကတော့ သဘာဝပဲလို့ ပြောရုံပါပဲ။ ဒါထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတာကတော့ မောင်မျိုးလှိုင်တို့မောင်နှမ မူလတန်း ဆရာ ဆရာမများအဖြစ် အမှုထမ်းခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ရွာတစ်ရွာက ကားတစ်စီးနဲ့ တပည့်တွေစုပြီး ဆရာ ဆရာမတို့ရဲ့မိဘ နှစ်ပါးဆီကို ညတွင်းချင်း လိုက်လာကြတာ။ သူတို့နဲ့လိုက်နေဖို့ခေါ် ကြတာကို ကြားရတော့ ကျွန်မ ကြည်နူးလိုက်တာ။ အနန္တောအနန္တ ငါးပါးဟာ မြန်မာပြည်မှာ နေရာရဆဲပါကလားလို့ပေါ့လေ။

နောက်ဆက်တွဲ ကြားရတဲ့သတင်းကလည်း အားရစရာပါပဲ။ မောင်မျိုးလှိုင်ရဲ့ ညီမလေးက အောင်လံမြို့ကို ပြန်ပြီးပြောင်းခွင့်ရပါတယ်။ မပြောင်းရခင်က အမှုထမ်းခဲ့တဲ့ရွာက ဆရာမကို နှုတ်ဆက်ကန်တော့ကြတာ အားရစရာပါပဲ။

များသောအားဖြင့် သိပ်မဖွံ့ဖြိုးသေးတဲ့ ရွာတွေမှာ အာဂန္တုဆရာ ဆရာမရောက်သွားရင် ပျူငှာကြတာ ဓမ္မတာပါပဲ။ ဒါပေမဲ့ မောင်မျိုးလှိုင်ရဲ့ ညီမလေး ဆရာမ 'ထွေး' နေခဲ့တဲ့ ရွာတစ်ရွာကတော့ ခြောက်သွေ့စွာ အေးစက်စွာ ဆက်ဆံခဲ့ကြပါတယ်။ အိမ်ငှားနေတဲ့အခါမှာ တစ်ယောက်အတွက် တစ်ရာပေးရတယ်ဆိုပါစို့။ ဧည့်သည်လာရင် ဧည့်သည်အတွက်ပါ အပိုဆောင်းပြီး တစ်ရာထပ်ပေးရပါတယ်တဲ့။

ဆရာမ'ထွေး'က ကျောင်းသူကလေးတွေကို စာလာကျက်ရင်း အိပ်ဖို့ခေါ်ထားတော့လည်း တစ်ယောက်စီအတွက် တစ်ရာပေးရတာပါပဲတဲ့။ ဟင်းသီးဟင်းရွက်ကစပြီး ဝယ်စားရတယ်လို့ မောင်မျိုးလှိုင်က ပြောပါတယ်။ တခြားရွာတွေထဲက ဘယ်ရွာမှ အဲဒီရွာလို မစိမ်းပါဘူးတဲ့။

ဆရာမထွေးကတော့ သူတာဝန်ယူရတဲ့ ဘာသာရပ်ကို တက်တက်ကြွကြွ သင်ပြခဲ့ပါတယ်။ အဲဒီဘာသာရပ်မှာ ဂုဏ်ထူးရကြတဲ့သူတွေများလို့ ဆရာမထွေးကို တိုင်းအဆင့်ကနေပြီး ဂုဏ်ပြုတာကို ခံယူခဲ့ရပါတယ်။

အဲဒီလို ဆရာမမျိုး သူတို့ရွာက ပြန်ပြောင်းရတော့မယ့်လို့ဆိုတဲ့ အခါမှာ (မီးဘေးကလည်း သင့်ထားလေတော့) ရွာက သင့်တော်ရာရာ ပစ္စည်းများနဲ့ ကန်တော့ကြတာပါတဲ့။ အဲဒီစာရင်းကို ကြည့်လိုက်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



မှာ စောင်က ၅၇ ထည်၊ ဒန်အိုးအရွယ်အစားစားပါတဲ့ အစုံက တစ်စုံ၊ ပန်းကန်ခွက်ယောက်စတဲ့ ပစ္စည်းမျိုးစုံ စုစုပေါင်း ၅ သောင်းဖိုးလောက်နဲ့ ကန်တော့ပါသတဲ့။

မူလဓာတ်ခံအရ ခပ်စိမ်းစိမ်းနေတတ်တဲ့ဒေသက လူတွေက တောင်မှ ခပ်ကြာကြာနေပြီး စေတနာနဲ့ အစွမ်းအစကို ပြသခွင့်ကြုံတဲ့ အခါမှာ ဆရာ ဆရာမများကို တလေးတစားဆက်ဆံတတ်ကြပါကလား လို့ ကျွန်မမှာ ကြည်နူးဝမ်းသာ ဖြစ်ရပါတယ်။

*

မောင်မျိုးလှိုင်ရဲ့ ဆရာဘဝကို အဆစ်အပိုင်းအလိုက် ပြောရရင် အတော်ကြာကြာ ပြောလို့တောင်ကုန်နိုင်ဖွယ်မရှိပါဘူး။ မူလတန်းပြ ဆရာဘဝက ၈ နှစ်၊ ၉ နှစ်အရွယ် ကလေးတွေကို တောဘုရားပွဲ ခေါ်သွားတတ်တဲ့ဆရာ၊ အဲဒီကလေးများ ကြီးပြင်းလာချိန်အထိ ဆွေရေး မျိုးရေး အိမ်ထောင်ရေး စတဲ့အရေးကိစ္စများမှာပါ ပါဝင်ရတဲ့ ဆရာ အဆစ်အပိုင်းအလိုက် ဆရာ့အနေက မလျှောကျဘဲနေနိုင်တဲ့ ဆရာဦးမျိုး လှိုင်ဖြစ်ခဲ့ပါတယ်။

အခုတော့လည်း ဦးမျိုးလှိုင်ဟာ လုပ်ငန်းခွင်အသစ်တစ်ခုကို ပြောင်းလဲဝင်ရောက်ခဲ့ပြီးပါပြီ။ ဒါပေမဲ့ လမ်းပေါ်မှာ သွားနေရင်း ကျောင်းစိမ်းဝတ်ထားတဲ့သူတွေကို ခပ်စုစုတွေ့ရင် စာသင်ချင်တဲ့စိတ်နဲ့ တက်ကြွစွာ လှမ်းမျှော်ကြည့်ဖြစ်သေးတယ်လို့ ဆိုပါတယ်။

ကျွန်မဟာ ကျွန်မကို အမေကြီးလို့ခေါ်တတ်တဲ့ အခါအားလျော် စွာ သူ့ကိုယ်သူ သားကြီးလို့ပြောတတ်တဲ့ မောင်မျိုးလှိုင်ရဲ့စကားကို ကက်ဆက်ဖွင့်ပြီးနားမထောင်ဘဲ ဆေးရေးပန်းချီမှာ ဆေးသွင်းသလို အခါအားလျော်စွာ ပြောခဲ့တဲ့စကားထဲက ပြန်လည်ထုတ်နုတ်ပြီး တင်ပြ လိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်များရဲ့စကားထဲက ထင်းခနဲ လင်းခနဲ မြင်လိုက်ရတဲ့ သူတို့ဘဝဟာ မြန်မာနိုင်ငံက အများစုရဲ့ဘဝကို တစ်နည်းနည်းနဲ့ ကိုယ်စားပြုထားတယ်လို့ဆိုရင် ရေးရကျိုးနပ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ စာဖတ်သူကို အတွေးတစ်ခုခု ပေးနိုင်မှာမို့ပါပဲ။ ။

www.burmeseclassic.com

www.burmeseclassic.com

# မောင်သီဟ

မောင်သီဟက သောကြာသားပေမယ့် စကားကြွယ်တယ်ဆိုတဲ့လက္ခဏာကို သိသာအောင် မပြပါဘူး။ စကားချိုတယ်လို့တော့ ပြောလို့ရပါတယ်။ စကားအပိုပြောမိမှာစိုးလို့ ခပ်ထိန်းထိန်းပြောရင်း စကားကိုချိုထားတတ်တာကို ကျွန်မ ရည်ညွှန်းလိုပါတယ်။ အလုပ်ကိစ္စနဲ့စတင်ဆက်သွယ်စဉ်ကတည်းက အသံချိုချိုနဲ့ ယဉ်းကျေးစွာပြောဆိုခဲ့တာကို ကျွန်မ သတိထားမိပါတယ်။

မောင်သီဟကိုသိတာ တစ်လလောက်ပဲ ရှိပါသေးတယ်။ ကျွန်မတို့အိမ်ကို ပြင်ဆင်ကြတဲ့အခါမှာ အရင်အိမ်ဆောက်တုန်းက တာဝန်ယူခဲ့တဲ့ အင်ဂျင်နီယာရဲ့ပြစ်ချက်က မဖုံးနိုင်မဖိနိုင် ပေါ်လာပါတယ်။ မြေကြီးထဲကို လျှပ်စစ်ကြိုးတွေ မြှုပ်တဲ့အခါမှာ ပိုက်မခံဘဲ ကြိုးတွေအတိုင်း မြှုပ်ခဲ့ပါတယ်။ အဲဒီတော့ မြေကြီးကိုတူးတာနဲ့ ဓာတ်ကြိုးတွေက ပေါ်လာပြီး ရှော့ခ်ဖြစ်လိုဖြစ်နဲ့ ကျွန်မအတော်ထိတ်လန့်သွားရပါတယ်။ အဲဒီတော့ နောက်ဓာတ်ကြိုးတစ်ကြိုး ပေါ်လာတဲ့အခါမှာ လျှပ်စစ်ဌာနက တာဝန်ယူနိုင်တဲ့ မီးဆရာတစ်ယောက်ယောက်ကိုသာ ခေါ်ပါ။ ဘယ်သူမှ အဲဒီဓာတ်ကြိုးကို မကိုင်ပါနဲ့လို့ တားထားရပါတယ်။ တားတဲ့သူ ကျွန်မ မလွန်ပါဘူးရှင်။ လက်ဆေးကြွေခွက်ဆိုတာ ရေအဝင်အထွက် ပိုက်နှစ်လုံးရှိပါတယ်။ အဲဒီပိုက်နှစ်လုံးနဲ့ ကပ်လျက် မီးကြိုးကို ပြေးထားတဲ့ အင်ဂျင်နီယာကို အပြစ်ကြီးပေးချင်စိတ်တောင်မှ ပေါ်မိပါတယ်။ ဒါတောင်မှ ကျွန်မ မလွန်ပါဘူးလို့ ထင်ပါတယ်။

သမီးက မီးဆရာတစ်ယောက်လောက် လာခဲ့ပါလို့ ကျွန်မတို့အပိုင် လျှပ်စစ်ဌာနကိုသွားပြီး ပြောခဲ့ပါတယ်။ အဲဒီအချိန်အထိ ကျွန်မစိတ်ထဲမှာ မြေအောက်မီးကြိုးကို လဲချင်တာပဲရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ညမှာ သူငယ်တစ်ယောက်က မီးကိစ္စနဲ့ပတ်သက်ပြီး ကျွန်မကို ဆက်သွယ်ပါတယ်။ တယ်လီဖုန်းထဲကနေပြီး ကျွန်မတို့အိမ်မှာ ဘာတွေလုပ်မလဲ။ ဘယ်လိုလုပ်ကွက်တွေရှိသလဲဆိုတာကို မေးပါတယ်။ ကျွန်မကလည်း လုပ်စရာတွေကတော့ ရှိနေပါတယ်။ ဒါပေမဲ့ အခုလောလောဆယ်တော့ အဲဒီလုပ်စရာတွေကို မလုပ်ချင်သေးပါဘူး။ မြေအောက်မီးကြိုးကို စနစ်တကျ မြှုပ်ချင်တာပါပဲ။ လက်သမားပန်းရံတွေရဲ့ လုံခြုံမှုကို အထူးဂရုစိုက်ရပါမယ်လို့ ပြောလိုက်ပါတယ်။

အဲဒီတော့ တယ်လီဖုန်းထဲက သူငယ်က "ဟာ ဒါက အရေးအကြီးဆုံးပေါ့ခင်ဗျာ၊ အလုပ်သမားတွေရဲ့ လုံခြုံမှုကို ကျွန်တော်တို့ အရေးထားရမှာပေါ့။ အဲဒီတော့ မနက်ဖြန်ခါမနက်ပိုင်းမှာ ကျွန်တော် လာခဲ့ပါ့မယ်။ ကျွန်တော်တို့အဖွဲ့ အလုပ်ဝင်စရာကိစ္စတစ်ခု ရှိနေပါတယ်။ အသွားမှာပဲဖြစ်ဖြစ် အပြန်မှာပဲဖြစ်ဖြစ် ကျွန်တော်တို့ လာခဲ့ပါ့မယ်လို့ အဲဒီသူငယ်လေးက ပြောပါတယ်။

အလုပ်ကိစ္စနဲ့ပဲပြောပြော အခြားကိစ္စနဲ့ပဲပြောပြော စကားပြောပုံဆိုပုံ စကားလုံးရွေးချယ်ပုံ အမှားအယွင်းများတဲ့ ကလေးများ၊ လူငယ်များကို အတွေ့ရများတဲ့အချိန်မှာ ယဉ်ကျေးဖွယ်ရာရှိတဲ့ ဒီသူငယ်လေးနဲ့ စကားပြောရင်း စကားအပြောအဆို ယဉ်ကျေးလိုက်တာလို့ တွေးလိုက်မိပါတယ်။

နောက်တစ်နေ့မှာ မောင်သီဟနဲ့ သူ့အဖွဲ့ အိမ်ကိုရောက်လာကြပါတယ်။ လျှပ်စစ်မီးကြိုး အသစ်လဲဖို့ကိစ္စနဲ့ ချိန်ထားတဲ့အဖွဲ့ဆိုတာကိုတော့ မနေ့ည တယ်လီဖုန်းဆက်ထားတာကြောင့် သိလိုက်ပါတယ်။ ဒါပေမဲ့ မနေ့က တယ်လီဖုန်းနဲ့ ယဉ်ကျေးဖွယ်ရာစကားပြောခဲ့တဲ့ လူငယ်ဟာ ဘယ်သူလဲဆိုတာ ကျွန်မ မသိပါဘူး။ ဒါကြောင့် မောင်သီဟဆိုတာ ဘယ်သူလဲကွယ်လို့ ကျွန်မက မေးလိုက်ပါတယ်။ လူအုပ်ရဲ့ အလယ်က ခပ်ပြုံးပြုံးမျက်နှာထားနဲ့ လူငယ်တစ်ယောက်က ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ပါခင်ဗျာလို့ ဖြေလိုက်ပါတယ်။ အသံချိုပြီး ယဉ်ကျေးဖွယ်ရာရှိသလို မျက်နှာထားရွှင်ပျသူတစ်ယောက် ဖြစ်ပါတယ်။

မောင်သီဟ အဲဒီအချိန်မှာ ဝတ်စားဆင်ယင်ထားတာက နည်းနည်းတော့ ထည့်ပြောသင့်တဲ့ပုံပဲ။ ပုဆိုးကို ဒူးဖုံးရုံ တိုတိုဆီးထားပြီး ရှပ်အင်္ကျီ ခပ်နွမ်းနွမ်းကို ဖြစ်ကတတ်ဆန်း ဝတ်ထားတဲ့ပုံနဲ့။ ဒါပေမဲ့ အမူအရာ သွားပုံလာပုံက ပကတိအေးဆေးစွာ။

အလုပ်စပြီးလုပ်ကြတော့ မောင်သီဟက ချောင်ထဲက ခလုတ်ကို ကိုယ်တိုင်ဝင်ပြီး ကိုင်ပါတယ်။ မောင်သီဟတို့အဖွဲ့ ပထမအကြိမ် ကျွန်မတို့အိမ်မှာ အလုပ်စပြီးလုပ်ကြတဲ့နေ့က အချိန်သိပ်မကြာပါဘူး။ စကားလည်း သိပ်မပြောဖြစ်ပါဘူး။ ဒါပေမဲ့ သူငယ်လေးတစ်ယောက် ဦးစီးတဲ့ အဲ့ဒီအဖွဲ့တစ်ခုလုံးကို ကျွန်မ စိတ်ဝင်စားခဲ့မိပါတယ်။ ဘာကြောင့်လဲဆိုရင်တော့ တက်ညီလက်ညီရှိကြလို့ပါပဲ။ မောင်သီဟက စကားမပြောလှပေမယ့် ကိုယ်ရည်ကိုယ်သွေးက တစ်နည်းနည်းနဲ့တော့ ထင်းနေတယ်လို့ ကျွန်မ ယူဆပါတယ်။ အဲဒါကြောင့် နောက်တစ်ကြိမ် အလုပ်ဝင်ပြီးမှာ အလုပ်ဆက်လုပ်ကြဖို့ ပစ္စည်းဖို့ ငွေနှစ်သောင်းကို ကျွန်မ ကောင်းကောင်းမသိတဲ့ အဲဒီလူငယ်ရဲ့လက်ထဲကို ထည့်ပေးရင်း ကျွန်မနဲ့စကားပြောဖို့ ကျွန်မ ဖိတ်ခေါ်ခဲ့ပါတယ်။

စကားပြောကြရအောင်လို့ သာမန်ကာလျှံကာ ပြောတာမဟုတ်ပါဘူး။ ကျွန်မပြုစုနေတဲ့ စာအုပ်အကြောင်းကို ပထမပြောပါတယ်။ လူငယ်တွေကို ကျွန်မယုံကြည်တဲ့အကြောင်း ပြောပါတယ်။ အယုံကြည်လွန်လို့လည်း လူငယ်တွေ လူလည်လုပ်တာ တစ်ခါမက ခံရတာကိုလည်း ပြောပါတယ်။ အဲဒီနောက် “သိပ်လည်းမများလှသလို ရှာတဲ့အခါမှာလည်း သိပ်လည်းမလွယ်လှတဲ့ ဒီငွေနှစ်သောင်းကို လူငယ်တစ်ယောက်ဖြစ်တဲ့ သားရဲ့လက်ထဲကို အန်တီ ယုံကြည်စွာထည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။ အန်တီနဲ့လည်း သားစကားလာပြောစေချင်ပါတယ်” လို့ ရှည်ရှည်ဝေးဝေး ရှင်းပြပြီး ဖိတ်ခေါ်ခဲ့တာဖြစ်ပါတယ်။

မောင်သီဟက စကားပြောဖို့ ကျွန်တော် စဉ်းစားလိုက်ပါဦးမယ်လို့ပြောတော့ ဘာမှကြိုတင်ပြီး စဉ်းစားမထားပါနဲ့။ ပြောတော့မှပဲ စိတ်ထဲရှိတာ ပြောကြတာပေါ့လို့ ကျွန်မက ပြောပါတယ်။ ဒါဖြင့်ရင် ပြောရမှာအများကြီးလို့ ဆိုပါတယ်။

ကျွန်မကတော့ အများကြီးပြောလေ ကောင်းလေပါပဲ သားရယ်လို့ ပြောလိုက်ပါတယ်။

*

နောက်တော့လည်း ကျွန်မတို့ဌာနမှာ စကားစပ်မိလို့ ကျွန်မရဲ့အတွေ့အကြုံတွေကို ပြောပြတဲ့အခါမှာ မောင်သီဟကိုသိတဲ့ ဆရာမက အဲဒီကလေး တော်ပါတယ်လို့ ပြောလိုက်ပါတယ်။ ဒါကလည်း သိပ်ပြီးထူးလှတဲ့အကြောင်း မဟုတ်ပါဘူး။ အလုပ်လုပ်တဲ့နေရာမှာ စိတ်ရှည်တယ်။ ကျွမ်းကျင်တယ်ဆိုတဲ့ အလုပ်ခွင် ကျွမ်းကျင်မှုနဲ့ပဲ ပတ်သက်ပါတယ်။

မောင်သီဟတို့အဖွဲ့ ကျွန်မတို့အိမ်မှာ အလုပ်ဝင်တဲ့အခါတိုင်းလည်း ကျွန်မက ရှိမနေနိုင်ပါဘူး။ ဒါပေမဲ့ သူတို့အလုပ်ကို သူတို့စေ့စပ်သေချာစွာ လုပ်သွားကြတာမို့ အားလုံးအဆင်ပြေပါတယ်။

မောင်သီဟကတော့ စကားမပြောဘဲ သူ့စိတ်နေသဘာဝကို အေးဆေးတဲ့အပြုံးနဲ့သာ ဖော်ပြတတ်တာကိုလည်း ကြုံတဲ့အခါမှာ တွေ့ရတတ်ပါတယ်။

မောင်သီဟနဲ့ စကားပြောဖို့ ချိန်းရတာကတော့ စိတ်တိုတတ်တဲ့ ကျွန်မအတွက် အတော်ခက်ခဲပါတယ်။ အလုပ်များနေလို့ပါလို့ ပြောတတ်တဲ့မောင်သီဟဟာ တကယ်ပဲ အလုပ်များနေတာလား၊ စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့ အခက်အခဲရှိလို့ မပြောချင်တာနဲ့ အကြောင်းပြပြီး ရှောင်နေတာလားဆိုတာ ကျွန်မ သေသေချာချာ မသိပါဘူး။

အဲဒီလိုနေကြရင်း မောင်သီဟတို့အဖွဲ့ ကျွန်မတို့အိမ်မှာတောင် မကြာခဏ ပြန်ပြီးစစ်ဆေးပေး ပြုပြင်ပေးနေရတဲ့အတွက် အလုပ်များနေတယ်ဆိုတာကို ကျွန်မ ယုံသင့်သလောက် ယုံကြည်လာရပါတယ်။ အဲဒီလို မောင်သီဟနဲ့ စကားပြောဖို့ ကြန့်ကြာနေဆဲတစ်နေ့မှာ မောင်သီဟ ကျွန်မတို့အိမ်ကို ဖုန်းဆက်ပါတယ်။ သူတို့အဖွဲ့ အလုပ်များနေပါတယ်။ "တချို့အလုပ်က ကြီးကြီးကျယ်ကျယ်တွေတော့ မဟုတ်ပါဘူး။ အန်တီတို့လို လူရင်းတွေ ဆွေမျိုးလိုခင်နေတဲ့သူတွေက အကူအညီတောင်းတဲ့အခါမှာ သွားကြည့်ပေးရတာတွေလည်း ရှိတတ်ပါတယ်" တဲ့။

မောင်သီဟက အဲဒီလို ခင်ခင်မင်မင်ပြောနေတဲ့အချိန်မှာ ကျွန်မက သူ့စကားကိုဖြတ်ပြီး "မောင်သီဟ မင်းတို့ကို ဆွေမျိုးလိုခင်ဖို့ သိပ်စောနေတယ်။ မင်းကို အန်တီသိပ်မသိသေးဘူး" လို့ ပြောချလိုက်ပါတယ်။ "ခင်ဗျာ" ဆိုတဲ့ အာမေဍိတ်သံတစ်ခွန်း ထွက်လာတာကလွဲလို့ မောင်သီဟက လေသံမပြောင်းဘဲ စကားကို ချောချောမွေ့မွေ့ ဆက်ပြောသွားပါတယ်။ အဲဒီအချက်ကိုလည်း ကျွန်မ ကောင်းစွာ အမှတ်ထားလိုက်ပါတယ်။ မိမိရဲ့ ကိုယ်စိတ်နှလုံးကို ကောင်းစွာထိန်းသိမ်းထားနိုင်တဲ့ လူငယ်တစ်ယောက်လို့ပဲ ကောက်ချက်ချလိုက်ပါတယ်။

ကျွန်မတို့အိမ်မှာ အလုပ်ဝင်နေကြတဲ့ အချိန်အတောအတွင်းမှာပဲ မောင်သီဟရဲ့ ဟာသညာဉ်ကလေးကို သိခွင့်ရခဲ့ပါတယ်။ အဖြစ်က ဒီလိုပါ။ ကျွန်မရဲ့သမီးက သူတို့ကွန်ပျူတာခန်းမှာ သုံးနေတဲ့ ပန်ကာနှစ်လုံးစလုံး မကောင်းလို့ ပြင်ပေးဖို့ မောင်သီဟကို အကူအညီတောင်းပါတယ်။ ကွန်ပျူတာအခန်းထဲမှာ သမီးရှိနေတုန်းကတော့ မောင်သီဟ ပြင်နေတာ မကောင်းသေးပါဘူး။ ပြင်ရင်းနဲ့ ပျက်နေပါသတဲ့။ သမီး

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူ့အလုပ်ရှိနေတာနဲ့ မောင်သီဟကို ကွန်ပျူတာအခန်းထဲမှာ ထားခဲ့ပြီး အောက်ထပ်ကိုဆင်းလာခဲ့ပါတယ်။ ခဏနေတော့ မောင်သီဟ အပြင်ထွက်လာပြီး ပန်ကာနှစ်လုံးစလုံး ပျက်သွားပြီ၊ ပြင်ဆိုင်ကို ပို့ရတော့မှာပဲ၊ အဲဒါ အစ်မ သွားကြည့်ပါဦးလို့ ပြောပါသတဲ့။ သမီးက တော့ ပျက်လည်းမတတ်နိုင်ဘူး ပြင်ဆိုင်ကို ပို့ရတော့မှာပေါ့လို့ပြောပြီး သွားကြည့်တော့ ပန်ကာနှစ်ခုစလုံး လည်နေပါသတဲ့။

အဲဒီအကြောင်းကို သမီးက ကျွန်မကို ပြောပြတော့ "မောင်သီဟ မှာ ဟာသညာဉ်ကလေးရှိတာကိုး။ ကောင်းတယ်၊ ကောင်းတယ်၊ လူငယ်ဆိုတာ အမြဲပဲ လေးနက်မနေနိုင်ဘူးပေါ့။ ဟာသကလေးလည်း ရှိဦးမှ" လို့ ကျွန်မက ပြောမိပါသေးတယ်။

*

ဒီလိုနဲ့ပဲ မောင်သီဟနဲ့ ကျွန်မတို့ စကားပြောဖြစ်ကြပါတယ်။ မောင်သီဟက လေးနက်တည်ကြည်တဲ့ မျက်နှာကလေးနဲ့ ကျွန်မရှေ့မှာ ထိုင်နေပါတယ်။ ကိုယ့်အကြောင်းကို ကိုယ်သိပ်မသိသေးတဲ့ အဘွား ကြီးတစ်ယောက်ရှေ့မှာ ပြောရဦးမယ်။ အားနာနေတဲ့ကြားက ကျွန်မက စပြီး စကားဝေဝေဆာဆာ ပြောပါတယ်။

ကျွန်မ ဘာဖြစ်လို့ လူငယ်တွေနဲ့စကားပြောချင်ရတာလဲဆိုတဲ့ အချက်ကို ရှင်းနေကျပုံစံအတိုင်း ရှင်းပြတာပါပဲ။ လူငယ်တွေမှာရှိတဲ့ အားသာချက်တွေကိုသိဖို့၊ လူငယ်တွေရဲ့အသံကို နားထောင်ကြည့်ရပါ မယ်။ ထို့အတူ လူငယ်တွေ ဘာကြောင့် တချို့နေရာတွေမှာ အားနည်း နေတာလဲဆိုတာသိဖို့ သူတို့နဲ့အတူ ခံစားကြည့်ရပါမယ်။ အဲဒီလိုခံစား ကြည့်ဖို့ဆိုတာကလည်း လူငယ်တွေကိုယ်တိုင် ဖွင့်ဟပြောဆိုသံကို နားခံ နိုင်မှ ဖြစ်မယ်ဆိုတဲ့ စကားတွေအပြင် မောင်သီဟတို့လို မိမိကိုယ်ကို မိမိ အားကိုးပြီး ကြိုးစားနေကြသူများ၊ အတက်လမ်းကို လှမ်းနေကြ

www.burmeseclassic.com

www.burmeseclassic.com



သူများအတွက် အကောင်းဆုံးဥပမာတစ်ခုဖြစ်တဲ့ ကျွန်မရဲ့ဖေဖေ ဦးဘဒွေး ရဲ့ အကြောင်းလည်း ပြောမိပါတယ်။

အဲဒီနောက်တော့ မောင်သီဟက သူ့အကြောင်းကို စပြီးပြော တာပါပဲ။ မောင်သီဟက အသက် ၂၆ နှစ်။ ဆယ်တန်းကို ငါးခါဖြေဖူး တယ်။ ဝိဇ္ဇာဘာသာတွဲနဲ့။ စာမေးပွဲမအောင်ခဲ့ပါဘူး။

မောင်သီဟတို့မှာ မောင်နှမရှစ်ယောက်တောင်မှ ရှိပါတယ်။ အဖေဖြစ်သူက ပထမအိမ်ထောင်နဲ့ သားသမီးလေးယောက်ရပါတယ်။ အိမ်ထောင်ဖက်ကွယ်လွန်တော့ အိမ်ထောင်ဖက်ရဲ့တူမဖြစ်သူ မောင်သီဟ တို့အမေနဲ့ လက်ဆက်ခဲ့ပါတယ်။ မောင်သီဟတို့အမေနဲ့ သားသမီး လေးယောက် ပွားစီးခဲ့ပြန်ပါတယ်။ မောင်သီဟတို့အမေမွေးတဲ့အထဲမှာ မောင်သီဟက အကြီးဆုံးဖြစ်ပါတယ်။

"အဖေက လျှပ်စစ်လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ပါ တယ်။ သံရုံးတွေနဲ့ ဆက်သွယ်ပြီး လုပ်ငန်းတွေလုပ်နိုင်တဲ့အထိ လုပ်ငန်း ကျယ်ပြန့်ခဲ့ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်က အင်းစိန်ဘက်မှာ နေခဲ့ ပါတယ်။ မြံနဲ့ဝိုင်းနဲ့ တယ်လီဖုန်းနဲ့ နေခဲ့တာပါ။ အဆင်အတော်ပြေ ခဲ့ပါတယ်။ အဖေက အဲဒီအချိန်မှာ စီးပွားရေးကောင်းပါတယ်။"

"ဒါပေမဲ့ အဖေ့ပထမအိမ်ထောင်နဲ့ရတဲ့ ကျွန်တော်တို့အစ်ကို ကြီးတစ်ယောက်နဲ့ အစ်မကြီးတစ်ယောက်တို့ဟာ အသက်ငယ်ငယ်နဲ့ အိမ်ထောင်ကျကုန်ကြပါတယ်။ အဖေဟာ အဲဒီအချိန်ကစပြီး စိတ်ဓာတ် ကျသွားပုံပေါ်ပါတယ်။ ကျန်းမာရေးလည်း ကျသွားပါတယ်။ ပြီးတော့ အိမ်ရဲ့စီးပွားရေးလည်း ကျသွားတာနဲ့ အင်းစိန်ကအိမ်ကိုရောင်းပြီး အိမ် ပြောင်းခဲ့ရပါတယ်။"

"ကျွန်တော်ငယ်ငယ်တုန်းက လူတကာက ကျွန်တော့ကို အထင် သေးခဲ့ပါတယ်။ ကျွန်တော်က စာသိပ်မတော်ပါဘူး။ ကျောင်းကပြန်ရင် ဘော်လီဘောသွားပုတ်ပါတယ်။ အားကစားဘက်မှာ စိတ်သန်နေ

www.burmeseclassic.com

www.burmeseclassic.com



တော့ စာကလည်း မတော်ပါဘူး။ ဘာမှလည်း သိပ်မလုပ်ဖြစ်တော့ ပျင်းတယ်၊ ပျင်းတယ်နဲ့ နာမည်ဆိုးခဲ့ပါတယ်။"

မောင်သီဟက သူ့အကြောင်းကို သူပြောပြနေတုန်းက ကျွန်မ ကြားဖြတ်ပြီး မပြောလိုက်မိပေမယ့် ကျွန်မငယ်ငယ်တုန်းက ပျင်းတယ်လို့ နာမည်ဆိုးခဲ့တာကို သတိရလိုက်ပါတယ်။ ပျင်းတယ်လို့ နာမည်ဆိုးတာက ကလေးပီပီ မခိုင်းရင် ဘာမှမလုပ်ချင်ဘဲနေတတ်လို့ ဖြစ်လာတဲ့ စကားပါပဲ။

မောင်သီဟက အရှိန်နဲ့ ဆက်ပြောပါတယ်။ "ကျွန်တော်က ကျွန်တော့ကို အထင်သေးတာ မခံချင်ပါဘူး။ ဒါပေမဲ့ ဘယ်သူ့ကိုမှ ဘာမှပြန်မပြောဘဲ လုပ်ငန်းတွေကိုသာ တိတ်တိတ်ကလေး ကျွန်တော် လေ့လာပါတယ်။ အဖေအလုပ်လုပ်တဲ့အခါမှာရော အဖေ့တပည့်ကြီးတွေ အလုပ်လုပ်ကြတဲ့အခါမှာရော ကျွန်တော် တိတ်တိတ်ကလေး လေ့လာပါတယ်။ စာအုပ်တွေ ဘာတွေလည်း ဝယ်ဖတ်ပါတယ်။ ဦးဖေသိန်း ရေးတဲ့ စာအုပ်တို့ ဘာတို့ပေါ့လေ။

နောက်ပြီး ကျွန်တော့်အဖေက ကျွန်တော့ကို သူ့အလုပ်ထဲမှာ ဝင်ပြီး အလုပ်ခိုင်းပါတယ်။ မြို့ထဲကိုသွားပြီး ပစ္စည်းဝယ်ဖို့ ကျွန်တော့ကို လွှတ်ပါတယ်။ တစ်ခါတလေ ဆိုင်ရှင်တွေက ကျွန်တော့ကို ကလေးပဲ ဆိုပြီး လိမ်လိုက်ကြပါတယ်။ ဝယ်တဲ့ဈေးနဲ့တန်တဲ့ ပစ္စည်းကို မပေးဘဲ အညံ့စားကို ပေးလိုက်တာကို ပြောတာပါ။ အဲဒီလို အမှားအယွင်းဖြစ်လာတဲ့အချိန်မှာ အဖေက ကျွန်တော့ကို မဆူပါဘူး။ ပစ္စည်းအစစ်နဲ့အတု အကောင်းနဲ့အညံ့ကို ခွဲခြားတတ်အောင် သေသေချာချာ သင်ပါတယ်။ နောက်တစ်ခါကျရင် မင်းအလိမ်မခံရတော့ဘူးပေါ့ကွာ။ အခုတစ်ခါတော့ ရှုံပစေလို့ အဖေက ပြောတတ်ပါတယ်။"

မောင်သီဟက လူအထင်သေးခံရတဲ့ဘဝကနေပြီး တစ်စထက် တစ်စ နေရာရလာတဲ့ သူ့ဘဝကို အေးအေးဆေးဆေး ဆက်ပြီးပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့အစ်ကိုတစ်ယောက်က ရူပဗေဒနဲ့ ဘွဲ့ရပါတယ်။ ဒါပေမဲ့ အဖေ့လက်ငုတ်လက်ရင်းအလုပ်ကိုပဲ ဆက်လုပ်ပါတယ်။ နောက်အစ်ကိုတစ်ယောက်က ဆယ်တန်းအောင်ပါတယ်။ သူလည်း အဖေ့အလုပ်ကိုပဲ ဆက်လုပ်ပါတယ်။ ကျွန်တော်လည်း အတူတူပါပဲ။

အဖေနဲ့အတူတူ အလုပ်လုပ်ရတဲ့အချိန်တွေဟာ ပျော်စရာအလွန်ကောင်းပါတယ်။ သားအဖနှစ်ယောက် ခက်တဲ့အလုပ်တွေကို တိုင်ပင်ပြီးလုပ်ကြပါတယ်။ အဖေ့အကျင့်က တစ်နေ့တာအလုပ်ပြီးတိုင်း ဘာတွေလုပ်ခဲ့တယ်ဆိုတာ ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ သေသေချာချာ မှတ်တမ်းတင်လေ့ရှိပါတယ်။ ခက်ခဲတဲ့အလုပ်နဲ့ တွေ့ပြီဆိုရင် အဖေက သူ့စာအုပ်ကိုသူ ပြန်ပြီးလှန်လေ့ရှိပါတယ်။ ကျွန်တော်ကတော့ ခေါင်းထဲမှာမှတ်လေ့ရှိတာကိုး။ အဲဒီတော့ တွေးရတာလွတ်လပ်ပါတယ်။ ကျွန်တော်က ကျွန်တော့ဘာသာ တွေးလို့ရတဲ့အချက်ကို အဖေ့ကို ပြောပြပြီး ကျွန်တော့အတွေးတိုင်း ကျွန်တော်တို့သားအဖ စမ်းပြီးလုပ်ကြည့်တဲ့အခါမှာ အောင်မြင်သွားတတ်ပါတယ်။ တစ်ခါမကအောင်မြင်ပါတယ်။ အဲဒီအချိန်တွေမှာ ကျွန်တော် သိပ်ပျော်သွားတတ်ပါတယ်။"

မောင်သီဟက သူ့အလုပ်ကိစ္စနဲ့ သူ့တွေးဆချက်တွေအကြောင်းကို ပြောပြနေရင်း မျက်နှာထားရောအသံပါ ပိုပြီးရွှင်ပျလာတတ်ပါတယ်။ လူငယ်တွေ အဲဒီအသံ၊ အဲဒီဟန်ပန်နဲ့ စကားပြောတဲ့အခါတိုင်း ကျွန်မ သူတို့ကိုကြည့်ပြီး ပျော်ရပါတယ်။ ကျွန်မကိုယ်ကို ကျွန်မပြန်ပြီးမြင်ရသလိုပါပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ဟာ တစ်ချိန်က လူငယ်တွေ ဖြစ်ခဲ့ကြပါတယ်။ လူငယ်ပီပီ ငယ်စိတ်နဲ့ ရိုးရိုးသားသား တက်ကြွပျော်ရွှင်ခဲ့ကြပါတယ်။ အဲဒီအတိတ်ဘဝကို ကျွန်မတို့ လုံးဝမစွန့်လွှတ်နိုင်ကြပါဘူး။ ပြောင်းလဲသွားတာကတော့ အများကြီးပါပဲ။ ဒါပေမဲ့ စိတ်ကိုကြည်ကြည်လင်လင်ထားပြီး ကြည့်ရင် လူငယ်တွေဆီမှာ ကျွန်မတို့ရဲ့အစိတ်အပိုင်းများကို ကျွန်မတို့ ပြန်ပြီးမြင်နိုင်ကြပါတယ်။ တွေ့နိုင်ကြပါတယ်။ အဲဒီအတွက် ကျွန်မပျော်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သမီးကတော့ ကျွန်မကို ချစ်စနိုးနဲ့ ဝေဖန်ပါတယ်။ "အမေနဲ့ တွေ့ပြီး စကားပြောဖြစ်တဲ့ လူငယ်တိုင်းဟာ အမေနဲ့ တစ်နည်းမဟုတ် တစ်နည်း တူနေတတ်တယ်နော်၊ အံ့ဩစရာပဲတဲ့"။ "ဘာမှအံ့ဩစရာ မရှိပါဘူးသမီးရယ်၊ လူငယ်ဘဝက ကြီးလာတာကို မမေ့သေးရင် ဘယ်လိုလူငယ်နဲ့မဆို တူလို့ရနိုင်တာပါပဲ" လို့ ကျွန်မက ပြောလိုက်ရပါတယ်။

မိမိရဲ့ခေါင်းကို မီမိပုံပြီး အားကိုးတတ်တာ၊ လွတ်လွတ်လပ်လပ် တွေးတောပြီး အဖြေရှာချင်တာစတဲ့ မောင်သီဟရဲ့ အလေ့အကျင့်ကလေးတွေဟာ ကျွန်မရဲ့အလေ့အကျင့်နဲ့ အတော်တူပါတယ်။ ဒါပေမဲ့ အသက်ကြီးပြီဆိုတာ ဝန်မခံချင်ပေမယ့် ဝန်ခံရပြီဖြစ်တဲ့ ကျွန်မတို့အရွယ်မှာ အတွေ့အကြုံများကို စာနဲ့ပေနဲ့ မှတ်တမ်းတင်နိုင်ဖို့က အရေးကြီးလာပြီဖြစ်ပါတယ်။ အဲဒါကြောင့် မောင်သီဟကို အကြံပေးမိပါတယ်။

"သားရေ၊ မင်းက ခေါင်းထဲမှာပဲမှတ်တယ်။ လွတ်လွတ်လပ်လပ် တွေးတယ်လို့ ပြောလို့ အန်တီ အလွန်အားရပါတယ်။ တစ်ခုခုကို တီထွင်ဖို့ လွတ်လွတ်လပ်လပ်တွေးနိုင်မှ ရှိလာတတ်တဲ့ အစွမ်းအစပါပဲ။ ဒါပေမဲ့ မင်းတို့အဖေလို စာနဲ့ သေသေချာချာမှတ်တမ်းတင်တဲ့ အလေ့အကျင့်ကိုလည်း လုပ်သင့်တယ်။ အရေးရှိတိုင်းတော့ စာအုပ်ကို ပြန်မလှန်နဲ့ပေါ့။ ဒါပေမဲ့ ကိုယ်လုပ်တဲ့အလုပ်ရဲ့ အခြေအနေ အပြောင်းအလဲတွေကို စာနဲ့ မှတ်တမ်းတင်ထားတော့ ကြာရှည်ခံတာပေါ့။"

"ငယ်သေးလို့သာ သားကမှတ်ဉာဏ်ကောင်းနေတာ၊ အန်တီဆိုရင် ငယ်ငယ်က သိပ်အပြောသန်တာပေါ့။ မတင်ဝင်းလေ- သိပ်မှတ်ဉာဏ်ကောင်းတာ၊ ဒီနေရာမှာ ဘယ်လိုမှမမှားနိုင်ဘူး။ သေသေချာချာကို မှတ်မိတာ စသဖြင့် ပြောတတ်ခဲ့တာပေါ့။ ဒါပေမဲ့ အသက်ကြီးလာတော့ မေ့တတ်လာပါတယ်။ စာနဲ့မှတ်တဲ့အလေ့သာရှိရင် အကုန်မှတ်မိတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့မှတ်စုကို စာအုပ်ပြန်ထုတ်ဦးမလား၊ ရနိုင်တာပေါ့။ မင်း ဝယ်ဖတ်တဲ့ စာအုပ်တွေကလည်း လုပ်ငန်းခွင်အတွေ့အကြုံကို အခြေခံပြီး ရေးထားတာပဲ” လို့ ပြောမိပါတယ်။

မောင်သီဟက ကျွန်မရဲ့စကားကို နားထောင်ရာက “ဟုတ်တယ် အန်တီ၊ ကျွန်တော် အခုတောင် တော်တော်မေ့တတ်လာပါပြီ”လို့ ပြောတော့ ကျွန်မက ရယ်မိပါတယ်။

“မောင်သီဟရယ် မင်းအသက်က ၂၆ နှစ်ပဲ ရှိသေးတာ၊ ဘယ့်နှယ်မေ့ရမလဲ။ ဉာဏ်က ဒီအချိန်မှာ မဆုတ်ယုတ်သေးပါဘူး။ နို့- ဘာတွေကို မေ့လို့လဲ” လို့ မေးမေးပြောပြော ပြောမိပါတယ်။

“ကျွန်တော် အရင်တုန်းက တယ်လီဖုန်းနံပါတ်တွေကို အလွတ်ရပါတယ်။ အခုတော့ မေ့ကုန်လို့ပါ”တဲ့။ မောင်သီဟရယ် မင်းမှာလည်း မှတ်ရမယ့် တယ်လီဖုန်းနံပါတ်တွေက ပိုပိုပြီးများလာတယ် မဟုတ်လား လို့ မေးတဲ့အခါမှာ ဟုတ်ပါတယ်တဲ့။ အဲဒါကတော့ သဘာဝအရ မေ့မှာပဲ။ အသက်ကြီးလာလို့ မှတ်ဉာဏ်အား လျော့ပါးလာလို့ မေ့တာတော့ မဟုတ်ပါဘူးလို့ ကျွန်မက ပြောရပါသေးတယ်။

မောင်သီဟနဲ့ စကားပြောနေတဲ့အချိန်မှာ ဖောင်ကြီးဗဟိုဝန်ထမ်း တက္ကသိုလ်က စနေ၊ တနင်္ဂနွေ အားလပ်ခွင့်ရလို့ ပြန်လာတဲ့ ကျွန်မရဲ့ သားကြီးက မောင်သီဟရဲ့စကားကို လေးလေးစားစား နားထောင်နေပါတယ်။ ကျောင်းဆရာအလုပ်ကို လုပ်ခဲ့တဲ့သူပီပီ မှတ်ဉာဏ်နဲ့ပတ်သက်လို့ ပြောချင်သေးတယ်။

မှတ်ဉာဏ်မှာ စကားလုံးတွေကိုမှတ်တဲ့ မှတ်ဉာဏ် **(Words Memory)** နဲ့ ကြွက်သားဆိုင်ရာမှတ်ဉာဏ် **(Muscular Memory)** ဆိုပြီး နှစ်မျိုးရှိနေပါတယ်။ စကားလုံးဆိုင်ရာ မှတ်ဉာဏ်ဆိုတာကတော့ မေ့သင့်တဲ့အချိန်မှာ မေ့သင့်တာကို မေ့ပစ်လိုက်ရမှာပါပဲ။ ဒါမှ အသစ်တွေ့တာကို မှတ်မိနိုင်မှာကိုး။

www.burmeseclassic.com

www.burmeseclassic.com



မေ့နိုင်လောက်အောင် ကြာခဲ့ပြီဖြစ်ပေမယ့် မငွေမဘဲ စွဲနေတတ်တာက သိပ်ပျော်စရာကောင်းတဲ့ အဖြစ်အပျက်တွေနဲ့ သိပ်စိတ်ဆင်းရဲစရာကောင်းတဲ့ အဖြစ်အပျက်တွေပါပဲ။

ဥပမာဆိုပါတော့ကွာ- မင်းစာမေးပွဲမှာ ဆုရခဲ့တာတို့၊ ထီပေါက်တာတို့ စတဲ့အဖြစ်အပျက်ကို ဝမ်းသာစရာကောင်းတဲ့ အဖြစ်အပျက်တွေနဲ့ ပတ်သက်တဲ့ ရက်စွဲတို့ နေရာတို့ကအစ သေသေချာချာ မှတ်မိနေမှာပဲ။ အဲဒီလိုပဲ ကိုယ့်ရည်းစားက ကိုယ့်ပါးကိုချပြီး ဖြတ်တဲ့စကားပြောလိုက်တယ်ဆိုပါတော့ အဲဒီလို စိတ်ဆင်းရဲစရာကိစ္စကိုလည်း မှတ်မိနေမှာပါပဲ။

အရင်တစ်ပတ်က ညစာကို ဘာဟင်းနဲ့စားခဲ့သလဲဆိုတာကို မင်း ဘယ်မှတ်မိနိုင်ပါ့မလဲ။ နေ့စဉ်ဖြစ်နေတာ ဘာမှမထူးဆန်းဘဲ။ ဒါပေမဲ့ သူငယ်ချင်းတွေနဲ့ ဆုံမိတုန်းမို့ အမှတ်တရ ချက်စားကြတာဆိုရင်တော့ ဘာဟင်းတွေနဲ့စားတယ်ဆိုတာ မှတ်မိနိုင်မှာပါပဲ။ ထူးခြားတာကိုး။

ကြွက်သားဆိုင်ရာမှာ မှတ်ဉာဏ်ဆိုတာကတော့ စက်ဘီးစီးတာ၊ ကားမောင်းတာ စတဲ့အလုပ်မျိုးကို တစ်ခါတတ်ထားရင် အချိန်တွေ ဘယ်လောက်ကြာကြာ မမေ့ဘူးတဲ့။

အဲဒီတော့ ညီလေးက ဖုန်းနံပါတ်တွေ ဘာတွေ မေ့တာ ဘာမှ မစိုးရိမ်နဲ့။ အသစ်တွေ မှတ်ရမှာဆိုတော့ မေ့သင့်လို့မေ့တာပါပဲလို့ ဝင်ပြီး သင်တန်းပို့ချလိုက်ပါသေးတယ်။

*

မောင်သီဟ အိမ်ကထွက်ပြေးလာတဲ့သူဆိုတာကို ကျွန်မသိထားပါတယ်။ ထွက်ပြေးလာတယ်လို့ပြောတာထက် ဆင်းလာတယ်လို့ပြောရင် ပိုမှန်ပါတယ်။ အဲဒီအကြောင်းကို ပြောနိုင်ရင်ပြောပါလို့ ကျွန်မတောင်းပန်တော့ မောင်သီဟက ပြောပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ ကျွန်တော့အစ်ကိုတို့နှစ်ယောက်ပေါင်းပြီး အလုပ်လုပ်ကြတဲ့အခါ ကျွန်တော်က အမှားတစ်ခုကိုကျူးလွန်လိုက်လို့ လုပ်ငန်းအတော်ထိခိုက်သွားပါတယ်။ အဲဒီတော့ အစ်ကိုက မင်း တော်တော်အသုံးမကျတဲ့ကောင်၊ မင်းဆင်းသွားလို့ပြောတာနဲ့ ကျွန်တော် အိမ်ကဆင်းလာတာပါပဲ။ အိမ်ကဆင်းလာတာ သုံးနှစ်တောင်ရှိပါပြီလို့ ပြောပါတယ်"

ပထမတစ်ခါစကားပြောတုန်းက မမေးမိတဲ့မေးခွန်းကို ဒုတိယအကြိမ် စကားပြောတဲ့အခါမှာမှ ကျွန်မက မေးမိပါတယ်။ အစ်ကိုက နှင်ချတဲ့အခါမှာ အဖေနဲ့အမေက မဆင်းနဲ့လို့ မတားဘူးလားလို့ မေးတော့ မောင်သီဟက မတားပါဘူး၊ အဲဒီအချိန်က အစ်ကိုက ဦးစီးပြီး လုပ်ကျွေးနေတာကိုး။ အဲဒီတော့ အစ်ကို့ကို သူတို့ ဘာမှမပြောသာဘူးပေါ့" တဲ့။

ကျွန်မက ထပ်မေးပါသေးတယ်။ "မင်းရင်ထဲမှာ နာမနေဘူးလာ" လို့ပေါ့။ "စိတ်မကောင်းပေမယ့် နာတော့မနာပါဘူး။ ကျွန်တော်ကလည်း အတော်ကြီးတဲ့အမှားကို ကျူးလွန်မိခဲ့တာကိုး" တဲ့။

မောင်သီဟက ဘယ်လိုအမှားမျိုးကို ကျူးလွန်ခဲ့ပါတယ်ဆိုတာ သေသေချာချာ မပြောတော့ ကျွန်မကလည်း မမေးပါဘူး။ နောက်ပိုင်းမှာ သမီးနဲ့စကားစပ်မိလို့ ပြောတာက သူ့အဖေတာဝန်ယူရတဲ့ (မီးနဲ့ပတ်သက်တဲ့တာဝန်ပေါ့လေ) အခမ်းအနားတစ်ခုမှာ မောင်သီဟက မီးဖွင့်တာ နာရီဝက်တောင်မှ နောက်ကျသွားတဲ့အတွက် အစ်ကိုက စိတ်ဆိုးတာလို့ သိရပါတယ်။ နောက်ပိုင်းမှာ ကျွန်မနဲ့ စကားပြောကြတော့လည်း အစ်ကိုက အဖေနာမည်ပျက်မှာ၊ အမှုပေါက်ရောက်မှာ စတဲ့ အပြစ်ဒဏ်တွေ ခံရတော့မှာပဲဆိုပြီး ကျွန်တော့ကို စိတ်ဆိုးတာပါလို့ ဆက်ပြောပါတယ်။

မောင်သီဟရဲ့စရိုက်ကလေးတစ်ခုက ချိုထားတတ်တာပါပဲ။ ကျွန်မက ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း အိမ်ကဆင်းလာပြီး တွေ့ကြုံရတဲ့ အဖြစ်အပျက်တွေကို အန်တီ သိချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မင်းအဲဒီအချိန်အတော အတွင်းမှာ ကောင်းစွာဆောက်တည်နိုင်လို့သာ အခုလို ကိုယ်ပိုင်လုပ်ငန်း တွေကို လုပ်နိုင်လာတာပေါ့။ အဲဒီအကြောင်းတွေကို အန်တီသိချင်တာ ကလည်း တခြားကြောင့်မဟုတ်ပါဘူး။ အကြောင်းကြောင်းကြောင့် အိမ်နဲ့ကင်းကွာလာရတဲ့ လူငယ်တွေ ဒီစာအုပ်ကိုဖတ်မိရင် ဆင်ခြင်နိုင် အောင်လို့ပါ" လို့ ပြောတာဖြစ်ပါတယ်။

မောင်သီဟကတော့ ဘာကိုမှ အကျယ်ချဲ့ပြီး မပြောပါဘူး။ လျှပ်စစ်ဌာနတစ်ခုမှာ သူဝင်နေတယ်။ အဲဒီဌာနက သူ့အဖေအရင် ကတည်းက ဝင်ဆံ့တဲ့ဌာနလည်းဖြစ်တယ်။ မောင်သီဟကိုယ်တိုင် အဝင် အထွက်ရှိဖူးတယ်။ "အဲ့ဒီတော့ အဲဒီဌာနက အင်ဂျင်နီယာက ကျွန်တော့ ကို လုပ်ကွက်ကလေးတွေ ချပေးတယ်။ နောက်တော့ ကျွန်တော့ကို လုပ်ငန်းလိုင်စင်ချပေးပါတယ်။ နို့မဟုတ်ရင် အန်တီတို့အိမ်မှာ ကျွန် တော် အလုပ်ဝင်လို့ ဘယ်ရမလဲတဲ့။ အဲဒီလိုပြောတာကလွဲလို့ သုံးနှစ်တာ အတွင်းက သူ့ဘဝကို ကျွန်မမြင်သာအောင် ဘာမှမပြောခဲ့ပါဘူး။

နောက်ပိုင်းမှာ ထပ်ပြီးမေးတာတွေ ပြောချင်လာအောင် အားပေး တာတွေကြောင့် ပြောလာတာကလည်း နည်းနည်းပါပဲ။ သူ့အဖေ့က လည်း လျှပ်စစ်ဌာနကို ခဏခဏလာတတ်ပါတယ်။ သူ့အစ်ကိုကလည်း လာတတ်ပါတယ်။ မောင်သီဟဟာ ထီးရိပ်အတွင်း မနေပေမယ့် ထီးရိပ် ကလည်း မကင်းဘူးလို့ ဆိုနိုင်လောက်ပါတယ်။ အဖေကလည်း သက် ဆိုင်ရာရာကို ကွယ်ရာမှာဖြစ်ပါစေ အပ်ထားပေးမှာပါပဲ

မောင်သီဟက ပိုက်ဆံ စို့စို့ပို့ပို့ကလေးများရရင် သူမယူပါဘူး တဲ့။ အဖေ့ကို ပေးလိုက်ပါလို့ မှာထားခဲ့ပါသတဲ့။ အစ်ကိုဖြစ်သူနဲ့လည်း စကားပြောပါတယ်။ သင့်မြတ်ပါတယ်။ မောင်သီဟက အဖေအမေနဲ့ အတူမနေတာကလွဲလို့ အဖေအမေကို ထောက်ပံ့နေတာကြောင့် မိသားစု အနေနဲ့ စည်းစည်းလုံးလုံး ရှိနေတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟ အခုနေရတဲ့နေရာက အရေးကြီးတဲ့နေရာတစ်ခု ဖြစ်ပါတယ်။ လူပျိုလူလွတ်လည်းဖြစ်တယ်။ လုပ်ငန်းကိုလည်း ရှိသေတယ်ဆိုတဲ့ အရည်အချင်းတွေကို ကြိုက်လို့ ကျွန်တော့်ကို ဒီနေရာပို့ထားတာပါလို့ ပြောပေမယ့် ကျွန်မကတော့ ဒါတွင်ကပဲ့မလားဆိုတဲ့ အတွေးမျိုးကို တွေးမိပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်မ ဒီစာကိုရေးရတာက မောင်သီဟပြောတဲ့ စကားအပေါ်မှာ အမှီသဟဲပြုပြီး ရေးရတာဖြစ်ပါတယ်။

စိတ်ဝင်စားစရာကောင်းတာကတော့ မောင်သီဟ မကြာခဏ ထည့်ပြောတဲ့စကားပါပဲ။ "သုံးနှစ်လုံးလုံး ကျွန်တော် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရပါတယ်။ မကြာခဏ ထမင်းငတ်ခဲ့ပါတယ်။ ကျွန်တော်ကတော့ စားစရာမရှိတဲ့အခါမှာ ရေသောက်ပြီး ဗိုက်မှောက်အိပ်နေလိုက်တာပါပဲ။ ကျွန်တော် ကူညီခဲ့ဖူးသူတွေဆီကို ကျွန်တော်မသွားပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ဆီက ဘာအကူအညီကိုမှ မမျှော်လင့်ဘဲ အကူအညီပေးခဲ့တဲ့ ကျွန်တော့်ရဲ့စေတနာတွေ အထင်မှားခံရမှာစိုးလို့ပါပဲ" တဲ့။

ကျွန်မက "အဲသလိုစိတ်ထားမျိုးကို အန်တီသဘောကျပါတယ်။ ဒါပေမဲ့ ဒါတွေဟာ အစောပိုင်းကဖြစ်တာမဟုတ်ဘူးလား။ အခု မင်းက အဆင်ပြေနေပြီပဲ" လို့ပြောတော့ မောင်သီဟက "မဟုတ်ဘူးအန်တီ။ အခုတောင်မှ ဖြစ်တတ်သေးတယ်။ ကျွန်တော့်လက်ထဲမှာရှိတဲ့ ပိုက်ဆံကို အိမ်ကိုပဲဖြစ်ဖြစ် သူငယ်ချင်းကိုပဲဖြစ်ဖြစ် ပေးလိုက်ရောဆိုပါတော့။ ကျွန်တော်ကတော့ တွက်ထားတာပေ့ါ။ ဒီကနေ့အလုပ်က ငွေရှင်းမယ်ပေ့ါ။ ဒါပေမဲ့ အလုပ်က ငွေမရှင်းလိုက်တဲ့နေ့နဲ့ကြုံရင် ကျွန်တော် ရေသောက်ရတော့တာပါပဲ" တဲ့။

"ဒါပေမဲ့ ကျွန်တော် စိတ်မပျက်ပါဘူး။ အထူးသဖြင့် အလုပ်ကိစ္စနဲ့ပတ်သက်ရင် ကျွန်တော် စိတ်မပျက်ဘဲ ကြိုးစားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အစောပိုင်းတုန်းက ပြောခဲ့သလိုပါပဲ။ သူများတွေဆီက ပညာကို ကျွန်တော် ရအောင်ယူပါတယ်။ အတူတူတွဲပြီး အလုပ်လုပ်ရတဲ့သူတွေထဲမှာ ကျွန်တော့လောက်မှမတတ်ဘဲ ကျွန်တော့ကို ကျော်ချင်တဲ့သူတွေကို လည်း တွေ့ရပါတယ်။ အဲဒီလိုလူမျိုးတွေနဲ့ တွေ့တဲ့အခါမှာတောင်မှ ဘယ်လောက်ပဲ မတော်တဲ့သူဖြစ်ပါစေ၊ ကျွန်တော်မသိသေးတဲ့ ပညာကို သူ့ဆီမှာ တွေ့ရတယ်ဆိုရင် အဲဒီပညာကို ကျွန်တော် ခိုးယူခဲ့ပါတယ်”လို့ မောင်သီဟက ပြောပါတယ်။

ကျွန်မက “ငါ့သားပြောတဲ့စကားတွေထဲမှာ တိတ်တိတ်ကလေး ပညာယူတယ်။ ပညာကို ခိုးယူတယ်ဆိုတဲ့ အသုံးအနှုန်းတွေ ပါပါနေ တယ်။ ပညာရှေ့အိုးလူမခိုးတဲ့။ မင်းလက်ထက်ကျမှ ဒီစကားပျက်ရတော့ မလို ဖြစ်နေပါပြီ။ ပညာဆိုတာ ခိုးယူလို့မရပါဘူး။ ကူးယူလို့တော့ ရပါတယ်။ ကိုယ်ကကူးပြီးယူလိုက်တာကို သူကမသိပေမယ့် သူဟာ ကိုယ့်ရဲ့မြင်ဆရာပဲကွယ့်” လို့ ပြောလိုက်ရပါတယ်။ ကလေးဆိုတော့ လည်း အယူအဆမှားပေမပေါ့။ ကြားတဲ့လူကြီးကတော့ ဆရာလုပ်ရ တော့မှာပဲလို့ အောက်မေ့လိုက်ပါတယ်။

မောင်သီဟကလည်း “ဟုတ်ပါတယ်အန်တီ၊ ကျွန်တော် စကား မှားသွားပါတယ်။ ကျွန်တော်ပညာယူလိုက်တဲ့သူတွေကို ကျွန်တော်က မြင်ဆရာလို့ မှတ်ယူပါတယ်” လို့ ပြောပါတယ်။

“ကျွန်တော်က အဲဒီလိုယူတွေနဲ့ ပြေလည်အောင် ဆက်ဆံနေရင်း လူတွေက ကျွန်တော့ကို အသိအမှတ်ပြုလာကြတာပါပဲ။ အထင်အမြင် သေး ရှိခဲ့တဲ့သူတွေကလည်း ကျွန်တော့အပေါ် အမြင်ကြည်လာပါ တယ်”

အိမ်ကဆင်းလာပြီး တစ်နှစ်ခွဲလောက်အကြာမှာ ကိုယ်ပိုင် အဖွဲ့ တစ်ခုဖွဲ့ပြီး အဖွဲ့ခေါင်းဆောင်အဖြစ်ကို ရောက်လာတာပါပဲ။ ကိုယ်ပိုင် အဖွဲ့နဲ့ အလုပ်လုပ်တဲ့ အတွေ့အကြုံကို ပြောပြရင်း သူအလုပ်လုပ်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



သက်တမ်းတစ်လျှောက်မှာ သူ့လောက်မတော်တဲ့သူတွေနဲ့ ဘယ်လိုတွဲပြီး လုပ်ခဲ့တယ်ဆိုတာကိုလည်း ပြောပြပါသေးတယ်။

"ကျွန်တော်တို့အလုပ်လုပ်တဲ့အခါမှာ ကျွန်တော်နဲ့တွဲရသူက အလုပ်တစ်ခုကို မလုပ်တတ်ပါဘူးဆိုပါတော့ အန်တီ။ အဲသလိုမလုပ်တတ်တဲ့သူတွေနဲ့လည်း အခါများစွာ တွဲဖူးပါတယ်။ အဲဒီလိုအတူတွဲပြီးလုပ်ရတဲ့သူတွေ မလုပ်တတ်ဘဲ ကျွန်တော်က လုပ်တတ်နေတဲ့အလုပ်ကို တွေ့ရင် ကျွန်တော်တတ်တယ်၊ ကျွန်တော်လုပ်ပြမယ်လို့ ကျွန်တော် ဘယ်တော့မှ မပြောဘူးအန်တီ။ ခင်ဗျားနဲ့ ကျွန်တော် အတူတူကြိုးစားကြည့်ရအောင်လို့ ကျွန်တော်ပြောလိုက်ပါတယ်။ ပြီးတော့ ကျွန်တော်ပဲ လုပ်ရတာပေါ့အန်တီ။ အဲဒီလို လေးငါးခါလုပ်ပြလိုက်ပြီးရင် ကျွန်တော်နဲ့ တွဲတဲ့သူက ကျွန်တော်ပညာတတ်တယ်။ ကျွန်တော့်ကို အထင်သေးလို့မရဘူးလို့ မြင်သွားတာပါပဲ။ သူလည်းလူပဲအန်တီ၊ မညံ့နိုင်ပါဘူး" တဲ့။

ကျွန်မက အနားမှာ စာရေးနေတဲ့သားကြီးကို "ဟေ့- မင်းတို့သင်တန်းမှာ ခေါင်းဆောင်မှုအရည်အချင်း (Leadership Qualities) နဲ့ ပတ်သက်လို့ သင်ရသေးသလား" လို့ မေးလိုက်မိပါသေးတယ်။

မောင်သီဟပြောတဲ့စကားအရ မောင်သီဟရဲ့လုပ်ဆောင်မှုဟာ ခေါင်းဆောင်အရည်အချင်းနဲ့ ကိုက်ညီနေလို့ပါပဲ။ ခေါင်းဆောင်ဆိုတာက လုပ်သင့်တဲ့အလုပ် ကိုယ်လည်းလုပ်ချင်နေတဲ့အလုပ်ကို နောက်လိုက်များနဲ့အတူ စိတ်တူလက်တူ ပေါင်းပြီးလုပ်တတ်လို့ နောက်ကလိုက်ပြီး လုပ်ရမယ့်သူအများက လက်ခံလာအောင် လုပ်ပြတတ်တဲ့သူဖြစ်ပါတယ်။ အားလုံးရဲ့ဆန္ဒနဲ့အတူ ပူးပေါင်းလုပ်ရတယ်ဆိုရင် အလုပ်က အောင်မြင်နိုင်ပါတယ်။

တကယ်လို့ မောင်သီဟကို ခေါင်းဆောင်မှုအရည်အချင်းများနဲ့ ပတ်သက်လို့ ဘယ်သူကမှ မပို့ချမသင်ကြားခဲ့ဘူးဆိုရင် မောင်သီဟဟာ

www.burmeseclassic.com

www.burmeseclassic.com



မူလဗီဇအရ ခေါင်းဆောင်မှုအရည်အချင်းနဲ့ ပြည့်ဝသူလို့ ဆိုရမယ် ဖြစ်ပါတယ်။ အဲသလို လူငယ်များ အရေအတွက် များ၊ မများ သေသေချာချာ မလေ့လာဖူးပေမယ့် ရှိနေတတ်တယ်ဆိုတာကိုတော့ ကျွန်မတို့ ငယ်ငယ်ကတည်းက သတိထားဖူးခဲ့ပါတယ်။

*

မောင်သီဟရဲ့ အဖွဲ့ထဲမှာ ပါနေတဲ့သူတွေကလည်း သူ့ရဲ့ဆွေမျိုးတွေ ဖြစ်ပါတယ်။ ကျွန်မတို့အိမ်မှာ အလုပ်လုပ်တာကို သတိထားမိသလောက်နဲ့ ပြောရမယ်ဆိုရင် သူတို့အဖွဲ့ထဲကလူတွေဟာ အလုပ်မရွေး မနေဘဲ တတ်ညီလက်ညီ လုပ်လေ့ရှိပါတယ်။

အလုပ်ခွင်အတွေ့အကြုံများကို ပြောပြတဲ့အခါမှာလည်း စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ တစ်ခါက အင်ဂျင်နီယာတစ်ယောက်ရဲ့ အိမ်ကို မောင်သီဟတို့အဖွဲ့ မီးသွယ်ပေးကြရပါတယ်တဲ့။ အင်ဂျင်နီယာဆိုတော့ သူကိုယ်တိုင်လည်း တတ်နေပြန်၊ မောင်သီဟရဲ့အရွယ်နဲ့ အဖွဲ့ခေါင်းဆောင်လုပ်ပြီးလာတဲ့အခါမှာ စိတ်မချတဲ့အမူအရာနဲ့ နောက်ကနေ တကောက်ကောက်လိုက်ကြည့်ပါသတဲ့။ နောက်ပိုင်းကျတော့လည်း စိတ်ချသွားပြီး လေးလေးစားစား ခင်ခင်မင်မင် ဆက်ဆံပါသတဲ့။ အဲဒီလိုနဲ့ အလုပ်တွေ တစ်ခုပြီးတစ်ခု ရလာခဲ့ပါသတဲ့။

"အလုပ်လုပ်တဲ့နေရာမှာ ကျွန်တော်ဟာ နာမည်ကောင်းတစ်ခုကို ယူဆောင်နိုင်ရမယ်ဆိုတဲ့ သတိတစ်ခု အမြဲထားပါတယ်။ ဝက်အူကို နှစ်ချက်စုပ်မယ့်အစား တစ်ချက်ပဲစုပ်ရင် အချိန်သက်သာပါတယ်။ အလုပ်မြန်မြန်ပြီးပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဘယ်တော့မှ အဲသလို ပြီးစလွယ် မလုပ်ပါဘူး အန်တီ" တဲ့။

ကျွန်မက "ကြားရတာဝမ်းသာစရာပဲ မောင်သီဟရယ်။ မြင်းခွာက သံတစ်ချက်ပြုတ်နေတာကို ဂရုမစိုက်မိလို့ စစ်ပွဲကြီးတစ်ခုလုံးရှုံး

www.burmeseclassic.com

www.burmeseclassic.com



ရတယ်ဆိုတဲ့ ပုံပြင်ကို မင်းကြားဖူးမှာပေါ့။ အဲဒီလိုပဲ ဝက်အူတစ်ချက်ပဲ စုပ်ထားတာကို အိမ်ရှင်က ချက်ချင်းမသိရင်တောင်မှ ကြာရင်သိလာမှာပဲ။ သိလာတဲ့အခါ မင်းနာမည်ပျက်မှာပဲ” လို့ ကျွန်မက ပြောလိုက်ပါတယ်။ ပြီးတော့မှ ကျွန်မရဲ့အိမ်ကို ဆောက်သွားတဲ့ အင်ဂျင်နီယာနဲ့ လျှပ်စစ်အင်ဂျင်နီယာရဲ့အပြစ်ကို ကျွန်မ ပြောမိပါတယ်။

ကျွန်မတို့အိမ်ကို ဆောက်သွားတဲ့ အင်ဂျင်နီယာကော မီးနဲ့ပတ်သက်တာကို တာဝန်ယူခဲ့ရတဲ့ အင်ဂျင်နီယာကော အဲဒီအချိန်တုန်းက လူငယ်တွေပါပဲ။ ဒါပေမဲ့ တော်တော်ဆိုးတဲ့လူငယ်တွေ ဖြစ်ပါတယ်။ မီးကြိုးကို ပိုက်တွေဘာတွေမခံဘဲ မြေကြီးထဲမှာ ဒီအတိုင်းမြှုပ်ထားခဲ့တာဟာ တာဝန်မဲ့တဲ့လုပ်ရပ် ဖြစ်ပါတယ်။ ကျွန်မက အဲဒီလိုပြောတဲ့အခါ မောင်သီဟက “ဒါတော့ သူသင်ခဲ့ရတဲ့အတိုင်းလုပ်တာဖြစ်မှာပါ အန်တီ။ တစ်ယောက်နဲ့တစ်ယောက် သင်ထားပုံချင်းကမတူပါဘူး”တဲ့။ မောင်သီဟက အဲသလိုမျိုး စကားကို ချိုတတ်ပါတယ်။ ကျွန်မကတော့ လူငယ်များကို သိပ်ပြီးမျှော်လင့်တတ်တဲ့သူ လူငယ်များနဲ့ပတ်သက်ရင် အသေးအဖွဲ့ကအစ မြင်တတ်တဲ့သူ သတိထားတတ်တဲ့သူဖြစ်ပါတယ်။ အဲဒါကြောင့် မောင်သီဟက သူတစ်ပါးနဲ့ပတ်သက်တဲ့မကောင်းသတင်းကို မပြောဘဲ ရှောင်လိုက်ပုံကို ကျွန်မ သတိထားလိုက်မိပါတယ်။

မောင်သီဟတို့ အလုပ်လုပ်ကြတဲ့အခါမှာ ပေးရတဲ့ငွေနဲ့တန်အောင် ခိုင်းမယ်ဆိုတဲ့သဘောထားနဲ့ စေ့စပ်သေချာပြီး မောက်လည်းမောက်မာတတ်တဲ့သူများနဲ့လည်း တွေ့ရပါတယ်တဲ့။ ငွေတောင်းတဲ့အခါမှာလည်း တချို့က ကတ်သတ်ချင်ပါတယ်တဲ့။ ကျွန်တော်ကတော့အဖွဲ့သားတွေလည်း ရသင့်တာကိုရအောင် အိမ်ရှင်ဘက်ကလည်း ပေးရတာ မများရအောင် စဉ်းစားပြီးမှ ငွေတောင်းပါတယ်။ နှစ်ဖက်မျှမစဉ်းစား ဘဲ ကျွန်တော် ဘာမှမလုပ်ပါဘူး” လို့ ပြောပါတယ်။ အဲဒီအိမ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



မျိုးထဲမှာ ကျွန်မတို့မပါတာ အမှန်ပါပဲ။ ကိုယ်က ယုံကြည်စိတ်နဲ့ အပ်ထားတာကို အလွဲသုံးစားလုပ်သွားတဲ့သူတွေနဲ့ ပတ်သက်လို့ ထူးပြီး မစုံစမ်းပေမယ့် သိလာရတာတော့ သူတို့ဟာ ဘယ်တော့မှ မချမ်းသာ ပါဘူး။ ငွေကြေးအရ ချမ်းသာနိုင်ပေမယ့် ကျော်စောသတင်းကတော့ ဆင်းရဲဘိခြင်းပါပဲ။

*

မောင်သီဟတို့အလုပ်က အရင်ခေတ်ကနဲ့စာရင် အများကြီးတိုး တက်လာပြီလို့ ဆိုနိုင်ပေမယ့် နောက်ထပ်အများကြီး ကြိုးစားရဦးမယ့် အလုပ်ဖြစ်ပါတယ်။ အခုသိရသလောက်ဆိုရင် မောင်သီဟ အလုပ်လုပ် ပေးတဲ့အထဲမှာ ကျွန်မတို့ တက္ကသိုလ်အသိုင်းအဝိုင်းက ဆရာ၊ ဆရာမ များရဲ့အိမ်တွေ များပါတယ်။ ပါမောက္ခချုပ်ကြီးတစ်ယောက်ဆိုရင် အလုပ်တွေအပ်ရုံမက မောင်သီဟကို ဆိုဆုံးမစကားလည်း ပြောတယ်လို့ သိရပါတယ်။ အဲဒီအကြောင်းကို မောင်သီဟက ဝမ်းသားအားရ ပြောပြ ပါတယ်။

ကျွန်မကတော့ လူငယ်များကို ကျောင်းဆရာများ ဆုံးမစကား ပြောတတ်တာကို ကိုယ်ချင်းစာပြီး နားလည်ရပါတယ်။ လူကြီးတွေပီပီ ကျွန်မတို့က လူငယ်တွေအပေါ်မှာ ကောင်းစေချင်တဲ့ စေတနာထား ကြစမြဲပါပဲ။ ဒါပေမဲ့ ကြောင့်ကြစိုက်ပြီး ဆုံးစကားပြောဖြစ်အောင် ပြောတာက ကျွန်မတို့ကျောင်းဆရာများရဲ့ စရိုက်ဖြစ်ပါတယ်။

မောင်သီဟက သူ့ရတဲ့ငွေတွေကို မိဘများနဲ့ နှမများကိုပေးပါ တယ်။ သူ့အတွက် ဘာမှဟုတ်တိပတ်တိ မသုံးဖြစ်ဘူးလို့ ပြောပါတယ်။ ယုံနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မောင်သီဟက လူပျိုအရွယ် ကလေးဖြစ်ပြီးတော့ ဖြစ်သလိုဝတ်စားထားတာကို ကျွန်မ မြင်မိလို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ့နှမလေးများ စာမေးပွဲအောင်လို့ ဆုအဖြစ် ပိုက်ဆံပေးတဲ့အခါမှာ ကသိကအောက် ဖြစ်ရတတ်ပါသေးသတဲ့။ နှမအကြီးကို စာမေးပွဲအောင်လို့ ငွေတစ်ထောင်ပေးနိုင်ခဲ့ပေမယ့် နှမအလတ်ကျတော့ စာမေးပွဲအောင်တဲ့အချိန်မှာ ငွေက အဆင်မပြေလို့ ချက်ချင်းမပေးနိုင်တာနဲ့လည်း ကြုံရတတ်ပါသေးသတဲ့။ အသက် ၁၂ နှစ်သာရှိသေးတဲ့ အငယ်ကလေးကို အများနဲ့တန်းတူ ငွေနှစ်ထောင်ပေးလို့လည်း မဖြစ်သေးဘူးတဲ့။ ကလေးအတွက် ငွေက သိပ်များနေပါတယ်" တဲ့။

မောင်သီဟက သူ့အိမ်အကြောင်းကိုပြောရင် ချစ်ချစ်ခင်ခင် ပြောတတ်ပါတယ်။ အဖေ့ကို အထင်ကြီးပြီး ကိုးကွယ်တဲ့သားတစ်ယောက် ဖြစ်ပုံပေါ်ပါတယ်။ အဖေဆင်းရဲတာဟာ ထောက်ပံ့ရတဲ့ဆွေမျိုး အထူးသဖြင့် အမေ့ဆွေမျိုးတွေ များလွန်းလို့ ဆင်းရဲရတာလို့လည်း ပြောပါသေးတယ်။ အဖေတူအမေကွဲ ညီအစ်ကိုများကိုလည်း သူချစ်ခင်တဲ့အကြောင်း ပြောပါတယ်။ ဆွေမျိုးအရင်းတွေပဲ၊ စိတ်ဝမ်းမကွဲလို့ကတော့ ချစ်ခင်ရမှာပါပဲ။

သူငယ်ငယ်က သူ့အထက်အစ်ကိုနဲ့ ရန်ဖြစ်တော့ သူက ဝါးလုံးနဲ့ ရိုက်ပါသတဲ့။ ရိုက်တဲ့အခါမှာ အစ်ကို ခုန်ပြီးရှောင်နိုင်လောက်အောင် ခြေထောက်ကိုပိုင်းကို ရိုက်ပါသတဲ့။ အစ်ကိုကလည်း ခုန်ပြီးရှောင်သွားတာပါပဲတဲ့။

"မကြာခင်မှာ အဖေ့နာမည်နဲ့ တယ်လီဖုန်းနဲ့၊ အမေ့နာမည်နဲ့ ဖွင့်ထားတဲ့ ဘဏ်စာရင်းနဲ့ထားဖို့ ကျွန်တော်တို့ညီအစ်ကို ကြိုးစားနေကြပါတယ်တဲ့။ အဲဒီစကားကိုကြားတော့ ကျွန်မက သာဓုခေါ်ရပါသေးတယ်။ မောင်သီဟက ကျွန်မပြောခဲ့တဲ့အတိုင်း အရေးကြီးတဲ့နေရာတစ်နေရာမှာ တာဝန်ကျနေလေတော့ အိမ်ကို ပြန်မအိပ်နိုင်ပါဘူး။ တစ်နေ့တော့ ခွင့်နဲ့ အိမ်ကိုပြန်ပြီး အိပ်ပါတယ်။ မိဘနဲ့ နှမကလေးများ ဝမ်းသာအားရဖြစ်တဲ့အကြောင်း မောင်သီဟက ဝမ်းသာအားရ ပြောပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟနဲ့ အိမ်နဲ့ အဆင်ပြေတဲ့အကြောင်းကို ကြားရတော့ ကျွန်မ ဝမ်းသာရပါတယ်။ များသောအားဖြင့်တော့ အိမ်ကဆင်းလာတဲ့ သူတွေဟာ အိမ်အကြောင်း အကောင်းပြောခဲလှပါတယ်။ မောင်သီဟက တော့ တစ်မျိုးတစ်ဘာသာပါပဲ။

မင်းအိမ်ကဆင်းလာပြီး ၃ နှစ်ကြာတဲ့အထိ မင်းကိုယ်မင်း ဘယ်လိုထိန်းသလဲ၊ လူမှုရေးအရ ပြဿနာတွေ ရှုပ်မလာနိုင်အောင် ဘယ်လိုထိန်းသလဲလို့ မေးလိုက်ပါတယ်။ မေးတဲ့မေးခွန်းက ပွင့်လင်းပါတယ်။ ဒါပေမဲ့ အဖြေကတော့ သီဝရီဆန်ဆန်ပါပဲ။ “ဒီလိုပါပဲ အန်တီ၊ ကျွန်တော်က ကောင်းတာသာယူပါတယ်၊ မကောင်းတာကို မယူပါဘူး” လို့ပြောပါတယ်။

ပြီးတော့ သူငယ်ငယ်က သူ့အဘိုးက သိပ်ချစ်တော့ သူ့ကို ပခုံးပေါ်မှာထမ်းပြီး အရက်ဆိုင်တကာကို သွားသောက်လေ့ရှိပါတယ်တဲ့။ အဲဒီအဘိုးဟာ နောက်ဆုံးတော့ အသည်းရောဂါနဲ့ ဆုံးပါတယ်။

“အရက်ကြောင့် အဘိုးသေရတာကြောင့် ကျွန်တော် စိတ်နာပြီး မသောက်ပါဘူး။ ဒါပေမဲ့ ဘီယာလောက်တော့ ကျွန်တော်သောက်ဖြစ်ပါတယ်တဲ့။ ဘာကြောင့်သောက်ရသလဲဆိုတော့ သူငယ်ချင်းတွေက သူတို့သောက်ရင် ဝင်သောက်ဖို့ အတင်းတိုက်တွန်းကြပါတယ်။ အရက်ကို ငြင်းတော့ ဘီယာလောက်တော့သောက်ကွာလို့ ပြောကြပြန်ရော၊ ကျွန်တော်လည်း ငြင်းရတာအားနာတာနဲ့ ဝင်သောက်ဖြစ်ရော” လို့ မောင်သီဟက ပြောတဲ့အခါမှာ ကျွန်မက ပြုံးပြီးနားထောင်နေမိပါတယ်။ ပြီးတော့မှ

“မင်းဘာသာမင်း ဘီယာကြိုက်လို့ သောက်ပါတယ်ဆိုရင် အန်တီ ဘာမှပြောဖြစ်မှာမဟုတ်ပါဘူး။ လူမှာ ကိုယ်ကြိုက်တာကို ကိုယ်လုပ်နိုင်ခွင့် ကောင်းကျိုးဆိုးပြစ်ကို တာဝန်ယူပြီး ခံစားနိုင်ခွင့် ဆိုတာ ရှိရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မကြိုက်ဘဲ အားနာလို့သောက်ရတယ်ဆိုရင် မင်းရဲ့ ကိုယ်ရည်ကိုယ်သွေးမှာ အားနည်းချက်တစ်ခု ရှိတယ်လို့ သတ်မှတ်ရလိမ့်မယ်။ အဲဒီလိုပြောလို့ အန်တီက အားမနာတတ်ဘူးလို့ မထင်လေနဲ့၊ အားလည်းနာပေါင်းများပါပြီ။ အားနာမှုနဲ့ ဒုက္ခရောက်ခဲ့ဖူးပေါင်းလည်း များပါပြီ။ အဲဒါကြောင့် မင်းကို ပြောချင်တာတစ်ခုရှိပါတယ်။ မင်းကြိုက်တာကို မင်းဘာသာမင်း ကောင်းကျိုးဆိုးပြစ်နဲ့တကွ တာဝန်ယူနိုင်တယ်ဆိုရင် လုပ်ပါ။ နို့မဟုတ်ဘဲ အားနာတယ်ဆိုပြီး ဘာမှမလုပ်လေနဲ့။ ပိုက်ဆံလည်းကုန်သေး၊ ကိုယ့်ရဲ့ကြည်လင်တဲ့ခေါင်းလည်း ခဏပဲဖြစ်ဖြစ် ဆုံးရသေး၊ အနံ့တထောင်းထောင်းနဲ့ ပြောဆိုဆက်ဆံတဲ့သူများကလည်း အထင်အမြင်သေးတာခံရသေး။ အို-ဘာမှမဟန်ပါဘူးကွာ" လို့ ပြောမိပါတယ်။

လူ့ဘဝမှာ မတော်တဆဖြစ်မှုတွေ သိပ်များတယ်။ ကျွန်မက မောင်သီဟနဲ့ စကားပြောတဲ့အခါ အားမနာနဲ့ဆိုတဲ့စကားနဲ့ အလေးအနက်ထားပြီး ဆုံးဖြစ်ပါတယ်။ နောက်တစ်နေ့ကျတော့ "အားမနာနဲ့ ဆိုတဲ့ အန်တီရဲ့စကားကို ကျွန်တော် ဒီကနေ့ လက်တွေ့အသုံးချလိုက်ပြီ အန်တီ။ ကျွန်တော့်ကို အရက်အတူသောက်ကြဖို့ ဂျီကျပြီးခေါ်နေတဲ့ သူငယ်ချင်းကို ကျွန်တော်ငြင်းလိုက်ပါတယ်" လို့ ပြောပါတယ်။ အဲဒီနေ့ ညဉ့်ဦးပိုင်းမှာ ကျွန်မတို့အိမ်ကိုလာပြီး သူ့အကြောင်းတွေကို ပြောပြနေတဲ့ မောင်သီဟဆီကို တယ်လီဖုန်းတွေ ခဏခဏလာပါတယ်။ အလုပ်ကိစ္စနဲ့ပတ်သက်ပြီး မေးတဲ့တယ်လီဖုန်း။ အရက်သောက်ထားတဲ့ သူငယ်ချင်းကို ပြန်ပို့ရမလား၊ မောင်သီဟဆီမှာ ထားရမလားလို့မေးတဲ့ တယ်လီဖုန်း၊ နောက်ဆုံးတော့ မူးတူးဝေတေနဲ့ သူ့ကိုလာရှာတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ပတ်သက်လို့ ဘာလုပ်ရမလဲလို့မေးတဲ့ တယ်လီဖုန်းစတဲ့ ဖုန်းတွေလာပါတယ်။ ကျွန်မက မင်းမအားလည်း ပြန်ပါသားရယ်လို့ ပြောမိပါတယ်။ ဒါပေမဲ့ မောင်သီဟကမပြန်ဘဲ သူ့အကြောင်းတွေကို ဆက်ပြီးပြောနေခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ကျတော့ မောင်သီဟက ကျွန်မတို့ဆီကို တယ်လီဖုန်းဆက်ပါတယ်။ မနက်ကိုးနာရီလောက်မှာ ဆက်တာပါ။ "အန်တီ ပြောတဲ့ အားမနာနဲ့ဆိုတဲ့စကားအတွက် ကျွန်တော် အန်တီ့ကို သိပ်ကျေးဇူးတင်ပါတယ်။ ကျွန်တော့သူငယ်ချင်းတွေကို အားမနာဘဲ မနေ့က ရှောင်နေခဲ့တာ ကျွန်တော် သိပ်မှန်သွားပါတယ်။ ဘာပြုလို့လဲဆိုတော့ သူငယ်ချင်းတစ်ယောက် ဒီကနေ့မနက် သုံးနာရီမှာ ရုတ်တရက် ဆုံးသွားပါတယ်။

ကျွန်တော်သာ အားနာခဲ့ရင် ကျွန်တော် သူနဲ့ပါသွားမှာပါပဲ။ တယ်လီဖုန်းဆက်ပြီး ကျွန်တော့ကိုခေါ်တုန်းက ကျွန်တော်ပြန်ချင်ရင် ပြန်လို့ရသားပဲ။ အန်တီကတောင် ပြန်ချင်ရင်ပြန်ပါလို့ ပြောသေးတယ်လေ။ ကျွန်တော်က သူနဲ့လိုက်မယ်လို့ပြောရင်လည်း သူက အန်တီတို့ အိမ်အထိ ကျွန်တော့ကို ကားနဲ့လာခေါ်မှာပဲ။

"တကယ်လို့ ကျွန်တော် အားနာပြီး သူနဲ့လိုက်သွားခဲ့ရင် ဘာဖြစ်လို့ဖြစ်မှန်းမသိဘဲ သေသွားတဲ့ သူငယ်ချင်းအတွက် ကျွန်တော် အခုလောက်ဆိုရင် အစစ်ဆေးခံနေရလောက်ပါပြီ" လို့ ပြောပါတယ်။ တစ်ချိန်ထဲမှာပဲ "ကျွန်တော်လိုက်သွားရင်လည်း အရက်တွေအများကြီးမသောက်ဖို့ ကျွန်တော်တားနိုင်ခဲ့မှာပါပဲ။ အခု ကျွန်တော်ပါမသွားလို့ ဒီလိုဖြစ်ရတာများလားဆိုပြီး ကျွန်တော် စိတ်မကောင်းဖြစ်နေပါတယ်" လို့ မောင်သီဟက ပြောပါသေးတယ်။

ခေတ်လူငယ်ဆိုတော့ မောင်သီဟက အပေါင်းအသင်းလည်း များပုံပေါ်ပါတယ်။ သုံးနိုင်စွဲနိုင် မော်နိုင်ကြွားနိုင်တဲ့ သူငယ်ချင်းတွေရဲ့ အလယ်မှာ ဖြစ်ကတတ်ဆန်း ဝတ်စားထားပြီး အေးဆေးတဲ့သူငယ် တစ်ယောက် ရောက်နေတတ်တာကို မကြာခဏ တွေ့ရတတ်တော့ ကျွန်မအဖို့ သိပ်မဆန်းတော့ပါဘူး။

မောင်သီဟမှာ အပေါင်းအသင်းများတာကို ကျွန်မ မအံ့ဩပါဘူး။ မောင်သီဟအနေအထိုင်တတ်ရင် သူလုပ်ရတဲ့အလုပ်ကိုက အပေါင်း

www.burmeseclassic.com

www.burmeseclassic.com



အသင်းများများရအောင် ဆောင်ကြဉ်းပေးနိုင်တဲ့အလုပ် ဖြစ်ပါတယ်။ ပြီးတော့ ဒီသူငယ်နေရတဲ့ပတ်ဝန်းကျင်မှာလည်း လူငယ်တွေက အမျိုးမျိုး ရှိနေတာပါပဲ။ တစ်ခုပဲအံ့သြစရာရှိပါတယ်။ မောင်သီဟနဲ့ ပေါင်းသင်းတဲ့အထဲမှာ ဝတ်နိုင်စားနိုင်တဲ့လူငယ်တွေ၊ သုံးနိုင်တဲ့လူငယ်တွေမှ အများကြီးပါပဲ။ ဒါပေမဲ့ သူက သူတို့အတုကိုယူပြီး ဝတ်ကြစားကြနဲ့ တပည့်ခံနေတဲ့ သူငယ်မဟုတ်မှန်းတော့ သိသာမြင်သာပါတယ်။

ကျွန်မက မောင်သီဟရဲ့စကားတွေကို နားထောင်ရင်း အကြံပြုတဲ့စကားတွေလည်း အများကြီးပြောခဲ့ပါတယ်။

မှတ်မိတဲ့အထဲက ပြန်ပြီးတင်ပြချင်တာကတော့ မြတ်စွာဘုရားအလောင်းတော်ဟာ ဘယ်ဘဝကိုပဲရောက်ရောက် မုသာဝါဒကိုရှောင်ပြီး မှန်သောစကားကိုသာ အလေးအနက်ထားပြီး ပြောတတ်တယ်ဆိုတာ ကျွန်မ ပြောခဲ့ပါတယ်။ တည်ကြည်တယ်၊ မှန်ကန်တယ်ဆိုတာက တစ်သက်လုံးအတွက် အခြေခံခိုင်မာတဲ့ အုတ်မြစ်သဖွယ်မှတ်ယူရမယ့် အရည်အချင်းများဖြစ်တဲ့အကြောင်း ပြောမိပါတယ်။

မောင်သီဟာ သာမန်အားဖြင့် စကားပြောတဲ့အခါမှာ အေးဆေးကြည်သာစွာ စကားပြောတတ်ပါတယ်။ ပြုံးပြုံးချိုချိုနဲ့ပေါ့။ ဒါပေမဲ့ စာအဖြစ် ပြန်ရေးမယ့်စကားတွေကို ပြောတဲ့အခါမှာတော့ လေးနက်တည်ငြိမ်စွာ ပြောခဲ့တာကို ကျွန်မ သတိထားမိပါတယ်။ တစ်ချက်တလေ ကျွန်မက ရယ်စရာပြောတာတောင်မှာ သဲ့သဲ့ပဲပြုံးပါတယ်။

ကျွန်မက မေးခွန်းများကို မေးတတ်ပေမယ့် မူလကတည်းက ချရေးထားတဲ့ မေးခွန်းများမဟုတ်ပါဘူး။ ပြောထားတဲ့စကားကိုလိုက်ပြီး အခါအားလျော်စွာ မေးတတ်တာလောက်ပါပဲ။ ကျန်တာကိုတော့ ဘယ်သူနဲ့ပဲပြောပြော သူတို့ပြောချင်တာကို နားထောင်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟက ကျွန်မစကားပြောတဲ့အခါမှာဖြစ်ဖြစ် မေးခွန်းမေးတဲ့အခါမှာပဲဖြစ်ဖြစ် ကျွန်မမျက်နှာကို စေ့စေ့ကြည့်ပြီး သေသေချာချာနားထောင်ပါတယ်။ နှုတ်ခမ်းကိုလည်း တင်းတင်းစေ့ထားတတ်ပါသေးတယ်။ အဲဒီလို နုနယ်တဲ့မျက်နှာကလေးနဲ့ လေးနက်စွာ ရဲရင့်တည်ကြည်စွာ ကြည့်နေတဲ့ မောင်သီဟရဲ့မျက်နှာကို မြင်ရတဲ့အခါမှာ ကျွန်မအသက် ၂၇ နှစ်အရွယ် မော်စကိုမှာ ပါမောက္ခဖြစ်သူနဲ့ တွေ့ရတဲ့အချိန်တွေကို အမှတ်ရလိုက်ပါတယ်။ ပါမောက္ခရဲ့မျက်နှာကို ကျွန်မ စေ့စေ့ကြည့်ပြီး စကားပြောလေ့ရှိပါတယ်။ သူပြောတဲ့စကားကိုလည်း အဲဒီအတိုင်းပဲ နားထောင်လေ့ရှိပါတယ်။ စေ့စေ့မကြည့်လို့လည်း မရပါဘူး။ ခပ်စိမ်းစိမ်းစကားကို နားလည်အောင် မျက်နှာကို သေသေချာချာကြည့်ရတာပါ။

အဲဒီတုန်းက ကျွန်မရဲ့ပါမောက္ခက “ဝင်း မင်းဟာ အလွန်လိပ်ပြာသန့်တဲ့ မိန်းကလေးပဲ။ မျက်နှာကို စေ့စေ့ကြည့်ဝံ့တာက အတွင်းစိတ်လိပ်ပြာသန့်မှ ကြည့်နိုင်တာ” တဲ့။ အဲဒီတုန်းက ကျွန်မက ရုတ်တရက် ရယ်မိပါသေးတယ်။ ကျွန်မတို့ယဉ်ကျေးမှုအရ ရှေးခပ်ကျကျအချိန်တုန်းကဆိုရင် မိန်းကလေး အကြည့်မရဲရဘူးလို့ သင်လေ့ရှိပါတယ်။ အဲဒီအကြောင်းကိုတော့ ပါမောက္ခကို ကျွန်မ မပြောလိုက်ပါဘူး။

ကျွန်မမှာ အဲဒီလို ကိုယ်တွေ့ရှိခဲ့ဖူးလေတော့ မောင်သီဟက နှုတ်ခမ်းကလေးကို ပိတ်နေအောင် စေ့စေ့ထားပြီး စကားကိုနားထောင်နေတာကိုကြည့်ရင်း လူငယ်များရဲ့ မူလဓာတ်ခံ သန့်စင်မှုအကြောင်းကို တွေးလိုက်မိပါသေးတယ်။

*

စကားတွေ အများကြီးပြောလာရင်း ကျွန်မမေးမိတဲ့မေးခွန်းက ဘာသာရေးနဲ့ပတ်သက်ပြီး ဘယ်လိုခံယူသလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟက ဘုရားမရှိခိုးရပေမယ့် သူနေတဲ့နေရာကလေးမှာ ဘုရားစင်ကလေးတစ်ခု ထားတဲ့အကြောင်း၊ ဘုရားစင်မှာ ပန်းတွေ ဝေဝေဆာဆာ ထိုးပြီးတဲ့အချိန်မှာ အလွန်ကြည်နူးဝမ်းသာဖြစ်ရတဲ့ အကြောင်းကို ပြောပါတယ်။ ပြီးတော့ ကျွန်တော်က ကောင်းတာကို လုပ်ရင် ကောင်းတာဖြစ်မယ်လို့ ယုံပါတယ်။ အနန္တောအနန္တငါးပါးကို ကိုးကွယ်ပါတယ်။ ဒါပေမဲ့ ဘာသာရေးနဲ့ပတ်သက်ပြီး ဘာမှမသိသေး ပါဘူး။

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖြစ်ထက် ဘာသာရေး ကို သေသေချာချာ လေ့လာယုံကြည်တဲ့သူတစ်ယောက် ဖြစ်လိုပါတယ်။ အဲဒီလိုအနေအထားကို ရောက်ဖို့ဆိုတာကလည်း အခုကတည်းကလေ့လာ ဖို့ လိုပါတယ် အန်တီ။ ငယ်ငယ်ကတည်းက လေ့လာထားမှဖြစ်ပါမယ် လို့ ကျွန်တော်ထင်ပါတယ်လို့ မောင်သီဟက ပြောပါတယ်။

မောင်သီဟကို ဘာသာရေးနဲ့ပတ်သက်လို့ သူတို့အိမ်က ဘာမှ မသင်ပါဘူးတဲ့။ အဖေကိုယ်တိုင်က ဘုန်းကြီးကျောင်းထွက်ပေမယ့် သူကိုယ်တိုင်တောင်မှ မကျန်းမမာဖြစ်တဲ့အခါကျမှာ ဘုရားတရားမြဲ အောင် ကြိုးစားရရှာတာလို့ မောင်သီဟက ပြောပါတယ်။ သားသမီးများတဲ့ အိမ်ထောင့်တာဝန်ကြီးတဲ့သူတွေဟာ အဲဒီလိုပဲ ဖြစ်တတ်ပါတယ်။

ကျွန်မကလည်း ဘာသာရေးကို လေ့လာချင်တဲ့သူလို့ ဆိုလိုက် တာနဲ့ ဆရာတော်ဦးဇောတိကဆီကို ခေါ်သွားချင်ရတာနဲ့၊ ဘုရားစာအုပ် တွေကို လက်ဆောင်ပေးချင်ရတာနဲ့ဆိုတော့ မောင်သီဟခမျာ တကယ် တမ်း ဝါသနာမပါရင်တော့ ကျွန်မကို ဒီစကားပြောမိတာ ဒုက္ခပဲလို့ အောက်မေ့မိပေတော့မယ်။

မောင်သီဟကို ကျွန်မရဲ့ ရာဇဝင်ထဲကမိန်းမသားဆိုတဲ့စာအုပ် ကို လက်ဆောင်ပေးလိုက်ပါတယ်။ စာဖတ်ဖို့လိုတယ်ဆိုတဲ့အကြောင်း ကိုလည်း အခါအားလျော်စွာ ပြောမိပါတယ်။ မောင်သီဟကတော့

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်ထဲက မိန်းမသားစာအုပ်ကို ရှင်ဘို့မယ်အကြောင်းကလွဲလို့ ဆက်မဖတ်ဖြစ်သေးပါဘူး။ ရှင်ဘို့မယ် စာအုပ်ရဲ့အစမှာ ပါပေလို့ ဖတ်မိတာပါ။

နောက်တော့ စာအုပ်က သူ့လက်ထဲမှာ မရှိတော့ပါဘူးတဲ့။ အဲဒီစာအုပ်က ဆိုင်တွေမှာလည်း ရှာလို့မရလို့ အလွန်နာမည်ကျော်တဲ့ စာအုပ်လို့ ပြောကြပါသတဲ့။ မောင်သီဟကလွဲလို့ စာအုပ်ကို မြင်တဲ့သူ တိုင်းက သိကြပါတယ်။

နောက်တော့ ဆရာတော် မာဂဓီ(သာစည်)ရဲ့ ဘုရားရှိခိုးစာအုပ် ကို မောင်သီဟ လေ့လာဖို့ ပေးလိုက်ပါတယ်။ ပြီးတော့ မင်္ဂလာတရား သုံးဆယ့်ရှစ်ဖြာနဲ့ ပတ်သက်ပြီးတော့လည်း ဘယ်လိုလေ့ကျင့်ရင် ကောင်း မယ်ဆိုတာ ကျွန်မ ပြောမိပါသေးတယ်။ မောင်သီဟ လိုက်ပြီးအလေ့ အကျင့်မလုပ်ရင်လည်း နေပါစေတော့၊ အလေ့အကျင့်လုပ်ချင်တဲ့သူများ ရှိရင် လေ့ကျင့်နိုင်အောင် ကျွန်မ ထည့်ပြီးရေးရပါမယ်။

ကျွန်မက မောင်သီဟကိုမှ မဟုတ်ပါဘူး။ ကြုံတဲ့လူငယ်များကို မေးကြည့်ဖူးပါတယ်။ မင်္ဂလာဆိုတာ ဘာလဲလို့ပေါ့။ မင်္ဂလာရှိလိုက် ပါဘိ၊ မင်္ဂလာပါ၊ မင်္ဂလာဆောင်၊ အမင်္ဂလာ စသည်ဖြင့် မင်္ဂလာကို အမျိုးမျိုးသုံးနေကြပေမယ့် မင်္ဂလာဆိုတဲ့စကားရဲ့ မြန်မာလိုအဓိပ္ပာယ်ကို သိတဲ့သူနည်းပါတယ်။

မင်္ဂလာဆိုတာ မကောင်းမှုကိုပယ်သတ်ခြင်းဆိုတဲ့ အဓိပ္ပာယ် ရှိပါတယ်။ မကောင်းမှုကို ပယ်သတ်တယ်ဆိုတော့ ဆန့်ကျင်ဘက်က ယူလိုက်ရင် ကောင်းမှုကို မွေးမြူတယ်၊ ကောင်းမှုကို ပွားများစေတယ်လို့ သဘောဆောင်ပါတယ်။ ကောင်းမှုကို ပွားများတယ်လို့ဆိုတဲ့အခါမှာ တိုးတက်မယ့်လုပ်ငန်းများကို ဆောင်ရွက်တယ်လို့ ဆိုနိုင်ပါတယ်။ မင်္ဂလာရှိတဲ့အလုပ်ဆိုတာ ကောင်းမှုကို ပွားများစေတဲ့အလုပ် တိုးတက် ရာ တိုးတက်ကြောင်း ဖြစ်စေတဲ့အလုပ်ကို ခေါ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ သုံးဆယ့်ရှစ်ဖြာမင်္ဂလာလို့ ဆိုတဲ့အချက်မှာ အချက် သုံးဆယ့်ရှစ်ချက်ပါတဲ့ ဆောင်ရွက်ဖွယ်လုပ်ငန်းစဉ်များလို့ သိရပါမယ် ရွတ်ဖတ်ပူဇော်ရုံနဲ့ အကျိုးမရှိပါဘူး။ အဲဒီနေရာမှာ လုံးဝအကျိုးမရှိဘူး လို့ မပြောနိုင်ပါဘူး။ မြတ်စွာဘုရားဟောကြားတဲ့ တရားများကို ရွတ်ဆို ပူဇော်တဲ့အခါမှာ ဗောဓိစာတ်များရပြီး ကုသိုလ်တရားများ ပွားများနိုင် ပါတယ်။

ဒါပေမဲ့ တကယ်အကျိုးရှိဖို့ကတော့ ကျင့်ကြံမှသာ ဖြစ်နိုင်ပါ မယ်။ ကျင့်ကြံနိုင်အောင် ပထမ ၃၈ ဖြာစလုံးကို အစီအစဉ်အတိုင်း ရေးချလိုက်ပါ။ အဲဒီလို အစဉ်အတိုင်းရေးချပြီးတဲ့နောက် တစ်ဖက်မှာ ရက်စွဲကလေးတွေပါတဲ့ ကော်လံကလေးတွေထားပါ။

ညဘက်ရောက်ပြီဆိုရင် ဒီကနေ့ ၃၈ ပါးထဲက ဘယ်နှပါးနဲ့ ပြည့်စုံအောင်နေနိုင်ခဲ့တယ်ဆိုတာကို ဆင်ခြင်ပါ။ ပြည့်စုံတဲ့အချက်ပါတဲ့ စာကြောင်းမှာ ရက်စွဲအလိုက် အမှတ်ကလေးတွေ ခြစ်လိုက်ပါ။ အဲဒီလို အမှတ်ကလေးတွေများလာရင် သားအဖို့ ဘဝရဲ့တိုးတက်တဲ့အပိုင်းကို ရောက်လာပြီလို့ နားထောင်ပါတယ်လို့တော့ အကြံပေးလိုက်ပါတယ်။

စာအုပ်ပေးလိုက်တာ ၃-၄ ရက်လောက်တော့ ရှိပါပြီ။ မောင် သီဟကတော့ အဲဒီလို စာနဲ့ပေနဲ့ လုပ်တဲ့အကျင့်ကလည်း မူလကတည်း က မရှိတော့ မလုပ်ရသေးပါဘူး။ ဒါပေမဲ့ အန်တီဆုံးမတာကို ကျွန်တော် က ပြန်မပြောပေမယ့် နားထောင်ပါတယ်လို့တော့ ပြောရှာသား။

နောက်ထပ် အကြံပေးချက်ကတော့ အိပ်ရာက စောစောထ ဖို့ပါပဲ။ မောင်သီဟတို့အဖွဲ့ ကျွန်မတို့အိမ်မှာ အလုပ်ဝင်နေဆဲအချိန် တုန်းက အခါအားလျော်စွာ မနက်စောစောအချိန်မှာ မောင်သီဟဆီကို ကျွန်မ ဖုန်းခေါ်ရပါတယ်။ ကျွန်မက ကျောင်းကို ၈ နာရီခွဲလောက် သွားတတ်တဲ့သူဆိုတော့ ၈ နာရီဝန်းကျင်လောက် မောင်သီဟကို အကျိုး အကြောင်းတွေပြောဖို့ ဖုန်းခေါ်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟ ပြန်ထူးတဲ့အသံက အိပ်ချင်မူးတူးအသံ ဖြစ်နေပါတယ်။ နောက်ပိုင်း စကားပြောဖြစ်ကြတော့ မနက်စောစော အိပ်ရာက မထတတ်တဲ့အကြောင်းကို သိရတော့တာပါပဲ။ ထုံးစံအတိုင်း ကျွန်မက အကြံပေးမိတာကတော့ ဝီရိယကောင်းဖို့ပါပဲ။

ဝီရိယကောင်းတဲ့သူအဖြစ် ကျွန်မ ဥပမာပြတာကတော့ ထုံးစံအတိုင်း ကျွန်မရဲ့ဖေဖေ ဖြစ်ပါတယ်။ ဖေဖေဟာ ဆေးရုံပေါ်ရောက်ပြီး ငါးရက်အရမှာ ဆုံးတာပါ။ ဖေဖေဆေးရုံမတက်ခင်အချိန်အထိ မနက် ၅ နာရီခွဲမှာ ကော်ဖီသောက်ပါတယ်။ အဲဒီလောက် ဝီရိယကောင်းခဲ့ပါတယ်။

“သားရေ ဝီရိယကောင်းတဲ့သူတိုင်း ထကြွလုံ့လရှိတဲ့သူတိုင်း ချမ်းသာတယ်၊ ကြီးပွားတိုးတက်တယ်လို့ မပြောနိုင်ဘူးဘဲထား။ ချမ်းသာတဲ့လူတိုင်း ကြီးပွားတိုးတက်တဲ့သူတိုင်းကတော့ ဝီရိယကောင်းတာ၊ ထကြွလုံ့လရှိတာကို တွေ့ရပါတယ်” လို့ ကျွန်မက ပြောပါတယ်။ စောစောထခြင်းအားဖြင့် ခေါင်းကြည်ပါတယ်။ ရွှင်လန်းပါတယ်။ အလုပ်လုပ်နိုင်တဲ့အချိန်တွေ ပိုပြီးရလာနိုင်ပါတယ်လို့လည်း ပြောလိုက်မိပါတယ်။

မောင်သီဟက စကားကိုနားထောင်တာကတော့ ပါးစပ်ကလေးကို စေ့ပြီး စူးစူးစိုက်စိုက် နားထောင်တာပါပဲ။ စာအုပ်ဆိုရင်တော့ တီကို ဆားနဲ့တို့သလို ဖြစ်နေဆဲပါပဲ။ မနက်စောစောထတဲ့အကျင့်ကို လုပ်စပြုလာပေမယ့် စာကိုတော့ မဖတ်ပါဘူး။ မနက်စောစောထတယ်ဆိုတာကတော့ အဲဒီဆုံးမစကားကို ပြောလိုက်မိတဲ့ ကျွန်မခမျာ မနက် ၅ နာရီဝန်းကျင်မှာ နိုးပါပြီအန်တီလို့ ဖုန်းဆက်တာကို အမြန်ပြေးပြီး ကိုင်နေရလို့ သိရတာပါပဲ။ လူငယ်ဆိုတာ လူလတ်ပိုင်းဘက်ကို လုလာပြီလို့ အသက်အရ ဆိုနိုင်ပေမယ့် အကျင့်အရတော့ ကလေးဆန်တတ်စွလို့သာ ညည်းရတော့မယ်ထင်ပါရဲ့။

*

www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟရဲ့အကြောင်းကို ကျွန်မကြားရသလောက် ပြန်ပြောရရင် ခပ်ပြေပြေအရောင်များနဲ့ စပ်ထားတဲ့ ရေဆေးပန်းချီကားလိုနေမှာပါပဲ။ တစ်ချက်တစ်ချက်တော့ အရောင်ပြိုးပြက် ထွက်လာတတ်ပါတယ်။ များသောအားဖြင့်တော့ ခပ်ပြေပြေပါပဲ။

ဘာပဲဖြစ်ဖြစ် "အလုပ်လုပ်နေရရင် ထမင်းတောင်မဆာပါဘူး၊ အိပ်လည်းမငိုက်ပါဘူး အန်တီ" လို့ ပြောတတ်တဲ့ မောင်သီဟ အလုပ်တွေ အများကြီးလုပ်နိုင်ပါစေလို့ ဆုတောင်းရတာပါပဲ။ ။

www.burmeseclassic.com

www.burmeseclassic.com

# မောင်မောင်ချို

ကျွန်မဟာ လူငယ်များကို ချစ်ခင်တဲ့စိတ် သူတို့ရဲ့ အတွေးအမြင်တွေ ခံစားမှုတွေ ဝေမျှချင်တဲ့စိတ်တို့ကို အရင်းပြုပြီး စကားပြောဖြစ်ခဲ့ပါတယ်။ အဲဒီလိုစကားပြောရင်း ကျွန်မရဲ့မေတ္တာရိပ်ထဲကို ထဲထဲနယ်နယ်ဝင်လာကြတဲ့ လူငယ်တွေ ရှိလာပါတယ်။ ကျွန်မရဲ့မေတ္တာရိပ်ကလည်း သူတို့ရဲ့ မေတ္တာစိတ်နဲ့ပေါင်းပြီး ပိုမိုအေးမြလာပါတယ်။ ပိုမိုကျယ်ပြန့်လာပါတယ်။ သူတို့ကလေးတွေအချင်းချင်းကလည်း ကြီးသူကို ငယ်သူက ရိုသေ၊ ငယ်သူကို ကြီးသူက သနားပြီး ယဉ်ကျေးစွာ ကြင်နာစွာ ဆက်ဆံနေထိုင်ကြပါတယ်။

အဲဒီလူငယ်တွေထဲမှာ မောင်မောင်ချိုဟာ အငယ်ဆုံးဖြစ်ပါတယ်။ နာမည်လိုက်အောင် ချစ်စရာကောင်းတဲ့ သားငယ်လေးဖြစ်ပါတယ်။ သူ့အကြောင်းကိုတော့ သူကိုယ်တိုင်ရေးတဲ့ စာနဲ့ပဲ ဖွင့်လိုက်ချင်ပါတယ်။ သြော်- မောင်မောင်ချိုရဲ့စာထဲမှာ မေကြီးလို့ခေါ်ထားတာကတော့ ကျွန်မကို ခေါ်ထားတာဖြစ်ပါတယ်။

"မေကြီး၊ သားရဲ့ဖခင်ဖြစ်သူနဲ့ မိခင်ဖြစ်သူရဲ့အကြောင်းကိုတော့ သားပြောပြပြီးပြီနော်။ အဖေဟာ သူ့ရဲ့အမေဖြစ်သူနဲ့ ပါသွားပြီး အမေဟာ ကျန်ရစ်ခဲ့တာပေါ့။ အဲဒီအချိန်မှာ အမေဟာ သားကို လွယ်စပြုနေတဲ့ကာလပေါ့။"

(ဒီစာပိုဒ်ကလေးကို နည်းနည်းရှင်းပြချင်ပါတယ်။ မောင်မောင်ချိုနဲ့ စပြီးစကားပြောတဲ့အခါတုန်းကတော့ ငွေကြေးချို့တဲ့ တဲ့ ကလေးတစ်ယောက် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တစ်ခုမှာ တက်နေတဲ့ ကျောင်းသားတစ်ယောက်အဖြစ်သာ သိခဲ့တာပါ။ ဒါပေမဲ့ စကားကလည်း စပြီးပြောရော ကြေကွဲစရာကောင်းတဲ့ သူ့ဘဝအစပိုင်းကို သိလိုက်ရတာ ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အမေဖြစ်သူဟာ မောင်နှမဝမ်းကွဲတော်စပ်တဲ့သူတစ်ယောက်နဲ့ ငြိစွန်းမိပါတယ်။ ဆိုးတာက အဲဒီသူဟာ သာသနာ့ဝန်ထမ်းဖြစ်နေတာ ပါပဲ။ အမေ့ကို လက်ထပ်စာချုပ်မှာ လက်မှတ်ရေးထိုးပေးပြီး ချက်ချင်း လိုလို သူ့အမေ (မောင်မောင်ချို့ရဲ့အဘွား)က အောက်အရပ်ကို ခေါ်သွား ခဲ့ပါတယ်တဲ့။ ကဲ- ကလေးရဲ့စာကို ဆက်ဖတ်ကြည့်ကြရအောင်ပါ။)

"အခုပြောမှာက အမေက သားကိုပြောပြခဲ့တာကလေးရယ်၊ ပတ်ဝန်းကျင်က သိရတာတချို့ရယ်ပါ။ အဖေဆိုတာ သက်ရှိထင်ရှား ရှိနေဆဲပါကလားလို့ သားသိလိုက်ရကတည်းက မေးမြန်းစုံစမ်းခဲ့တာတွေ ပေါ့ မေကြီးရယ်။

သားမမွေးခင်မှာ အမေ ဖျားခဲ့ဖူးတယ်။ သားကိုယ်ဝန်သိပ်မပေါ် သေးခင် ထင်ပါတယ်။ အမျိုးသမီးတစ်ယောက်ဆီမှာ သွေးဆေးယူစား မယ်အလုပ်မှာ အဲဒီဆေးက ဖျားတာတော့ အတော်ကောင်းတယ်။ ဒါပေမဲ့ ကိုယ်ဝန်ဆောင်တွေစားရင် ပျက်ကျတတ်တယ်လို့ ဆိုလိုက်တာ နဲ့ အမေဟာ အဲဒီသွေးဆေးကို မစားလိုက်ဘူးတဲ့ မေကြီး။

သားကို မွေးပြီးတဲ့အချိန်မှာ အမေတို့မိသားစုဟာ စီးပွားရေး ဆုတ်ကပ်မကတော့ဘဲ ချွတ်ခြုံကျနေတဲ့အနေအထားကို ရောက်သွား တယ်လို့ ပြောပါတယ်။ အဲဒီအချိန်က သားရဲ့အဘိုးဖြစ်သူဟာ အူမ ကြီးကင်ဆာဖြစ်ပြီး ဆုံးသွားပါတယ်။ မဆုံးခင်မှာ ဆေးရုံတက်၊ ဆေးဖိုး ဝါးခအတွက်ကုန်တော့ ရှိသမျှဟာ ကုန်သွားတယ်လို့ ပြောပါတယ်။ အမေရယ်၊ အဘွားရယ်၊ သားရဲ့ဦးလေးရယ် အဲဒီတုန်းက အတူနေ ကြတာပေ့ါ။ ဦးလေးက ၁၃ နှစ်၊ ၁၄နှစ်လောက်ပဲ ရှိမှာပေ့ါ။ ကျန်တဲ့ ဦးတစ်ယောက်က စစ်ထဲကို လိုက်သွားပါတယ်။ သူ့တို့တစ်တွေဟာ စားဝတ်နေရေး အရမ်းကျပ်တည်းနေတဲ့အချိန်မှာ သားကို မွေးဖွားပေးခဲ့ ရတာပေ့ါ မေကြီးရယ်။

အဲဒီတော့ အမေတို့ဟာ ပြောင်းဖူးစေ့ကို ဖွဲ့ပေးလက်ခစားနဲ့ မောင်းထောင်းကြရပါတယ်။ နောက်ကျ ယာခင်းထဲသွားပြီး ကူလီလိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြရတာပေါ့ မေကြီး။ ပဲကြီးခင်းတို့လိုပေါ့။ ပဲကြီးဆိုတာကလည်း ပဲနုစဉ်ခူးတော့ အရမ်းအနံ့အသက်ဆိုးပါတယ်။ အမေက သွေးနုသားနု ခေါ်မလားမသိဘူး။ အဲဒီလိုတွေလုပ်ရတာက ဆောင်းတွင်းလိုအချိန်မျိုး ဆိုတော့ နှင်းရည်ကျတာနဲ့ စိုစိုစွတ်စွတ်ပဲပေါ့ မေကြီးရယ်။ နောက်ဆုံး အမေဟာ မီးယပ်ကိုင်ပါတယ်။ မီးယပ်ကိုင်တဲ့အကျိုးဆက်ကို အမေ ဒီနေ့အထိခံရတယ် ထင်ပါတယ်။ အမေဟာ တစ်ခါတလေ ညောင်း ကိုက်နေရှာတာ။

အဲဒီနောက်ပိုင်းမှာတော့ အမေဟာ ခရမ်းချဉ်သီးရောင်းတယ်လို့ ပြောပါတယ်။ ခရမ်းချဉ်သီးကို သားတို့နဲ့ တော်တော်ဝေးတဲ့ရွာတစ်ရွာ က သွားယူ၊ တောင်းနဲ့ထည့်ရွက်ပြီး သားတို့ရွာနီးချုပ်စပ်က ရွာတွေ ကိုလှည့်ပြီး ရောင်းရတော့တာပေါ့။ အဲဒီတုန်းက အမေဟာ မီးယပ်ကိုင်ခံ ခဲ့ရတဲ့ အကျိုးကြောင့် ခေါင်းက ဆံပင်ကျွတ်ပြီး ဦးရေပေါ်မှာတင်တဲ့ ဆံပင်မွှေးလောက်သာ အမေ့ခေါင်းမှာရှိတော့တယ်လို့ ပြောကြပါတယ်။ အဲဒီတုန်းက သားရဲ့အသက်ဟာ ၃-၄ နှစ်လောက်သာ ရှိမယ်လို့ ထင်ပါတယ်။ သား ဝိုးတဝါးမှတ်မိတာက အမေ့ကို ရွာထိပ်မှာကြို နေတတ်တာကို မျက်စိထဲ အနည်းအကျဉ်း ပြန်မြင်ရတယ် မေကြီး။ နောက်ပိုင်း အမေတို့သားအမိဟာ အကြော်ရောင်းပါတယ်။ သား ကျောင်းစပြီးနေပြီပေါ့။

သား ၄ တန်းရောက်တဲ့အချိန်မှာ သားဟာ မုန့်စလင်းထောင်လို့ ခေါ်တဲ့ မုန့်ကလေးတွေကို ဒန်အိုးထဲထည့်ပြီး ရောင်းရတယ် မေကြီး။ သားငယ်ငယ်တုန်းကတည်းက အမေတို့ အဘွားတို့ပေးလိုက်တဲ့အကျင့် တစ်ခု ရလိုက်ပါတယ်။ သားကိုပေးတာနဲ့ သားရောင့်ရဲတတ်ပါတယ်။ မုန့်သည်ရဲ့သားဆိုပြီး မုန့်အများကြီးမစားရပါဘူး။ မစားပါဘူး။ နှစ်ခု ပေးရင် နှစ်ခုပဲ။ ဒါထက်ပိုပြီး မပူဆာတတ်ပါဘူး။ ဟင်းဖတ်ဆိုရင် လည်း နှစ်တုံးပေးရင် နှစ်တုံးပဲ ပိုပြီးယူမစားတတ်ပါဘူး။ ယူမစားရဲ ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ သားအဖေဆိုတာကို သိပ်မပြောကြပါဘူး။ သား ၄ တန်းရောက်တဲ့အချိန်မှာ သားအမေဟာ အိမ်ထောင်ထပ်ပြုပါတယ်။ သူ့အိမ်ထောင်ဖက်က တခြားအိမ်ထောင်ရှိတဲ့သူ၊ သားစိတ်ထဲမှာ အဲဒီတုန်းက သိတော့သိနေပါတယ်။ ဒါပေမဲ့ သိပ်တော့နားမလည်ပါဘူး။ အဘွားဖြစ်သူကတော့ အမေမိုက်တယ်ဆိုပြီး အမေပြဿနာတက်တဲ့ ညမှာ တက်သွားပါတယ်။

သားမှာ အမေ့အတွက် စိတ်ညစ်မိတာထက် အဘွားဖြစ်သူ အတွက် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ရတာက ပိုပါတယ်။ အဲဒီတုန်းက အဘွားအနားမှာ လူတွေက ဝိုင်းအုံပြီး ခြေထောက်တွေချိုးကြ၊ နှိပ်ကြဆိုတော့ "အဘွားကို လုပ်ကြပါဦး" ဆိုပြီး သားအရမ်းငိုပါတယ်။

အဘွားကိုလည်း ခြေထောက်ချိုးပေး၊ လက်ကလေးနှိပ်ပေးနဲ့ ပေါ့။ အမေကတော့ အဲဒီနေ့ညမှာ အိမ်ကထွက်သွားပါတယ်။ အမေနဲ့ ပတ်သက်တဲ့သူရဲ့အိမ်မှာ အမေသွားပြီးနေပါတယ်။ သားတို့မြေးအဘွား ကျန်ခဲ့ပါတယ်။ အဘွားဟာ အဲဒီအချိန်က အသက် ၆၀ လောက်ရှိပြီ ထင်ပါတယ်။ အဘွားက သားကို ပဲပြုတ်ရောင်းပြီးကျွေးပါတယ်။ သားက ကျောင်းအေးအေးဆေးဆေးပဲ တက်ပါတယ်။

အဲဒီတုန်းက အမေဟာ သားတို့နဲ့ တစ်ရွာထဲမှာပဲနေပါတယ်။ ဒါပေမဲ့ အမေ့ဆီကို သားမသွားခဲ့ပါဘူး။ သား ရွာထိပ်ဘက်ကိုရောက်လို့ အမေ့ကို တစ်ခါတလေတွေ့ရင် သားက နှုတ်ဆက်ပါတယ်။ အမေက အဲဒီတုန်းက မုန့်ကလေးတွေပေးတတ်တာကိုတော့ မှတ်မိပါတယ်။ အမေနဲ့ပတ်သက်တဲ့သူဟာ အိမ်ထောင်ရှင်ဖြစ်နေတော့ အမေနဲ့ ကွဲသွားတာပါပဲ။ နောက်ပိုင်းမှာ အမေဟာ အိမ်တစ်အိမ်မှာပဲ နေပါတယ်။ အဲဒီအချိန်မှာ သားရဲ့ညီမလေးကို မွေးခါနီးပြီထင်ပါတယ်။ သားတို့အဘွားနဲ့ အဆက်သွယ်လုပ်ပါတယ်။ အမေ့အတွက် အရေးအကြီးဆုံးအချိန်မှာ အဘွားက အမေ့ကို မပစ်ပယ်ပါဘူး။ သားလည်း အဲဒီအတွက် ပျော်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သားရဲ့အဘွားကျတော့ တစ်မျိုးပါပဲ။ တောမှာနေ တောမှာ ကြီးခဲ့ရလို့လား မသိပါဘူး။ စကားပြောကြမ်းပါတယ်။ ဆဲဟယ်ဆိုဟယ် နဲ့ပါပဲ။ အမေဟာ အခုအချိန်မှာ အသက်လေးဆယ်ကျော်နေပါပြီ။ ဒါတောင်မှ စိတ်ဆိုးရင် ခေါက်ဟယ်ထစ်ဟယ်နဲ့ပဲ။ ဒါပေမဲ့ ဆုံးမပုံသာ တစ်မျိုးကြီးဖြစ်နေတာပါ။ သားသမီးများရဲ့ မိုက်မဲမှုကိုတော့ ခွင့်လွှတ် ပေးခဲ့သားပါပဲ။

အဲဒီအချိန်တုန်းက သားတို့ဦးလေးက သားတို့ရွာနီးချုပ်စပ်မှာ အိမ်ထောင်ကျနေပါတယ်။ သူအစ်မ (သားအမေ) အိမ်ထောင်ကျစမှာ ဒေါသထွက်နေတာပဲ။ သားက ဦးလေးဒေါသထွက်နေတဲ့အချိန်မှာ မျက်စိသူငယ် နားသူငယ်ပါပဲ။

နောက်ပိုင်း အမေမီးဖွားပါတယ်။ ညီမလေးကို မွေးပါတယ်။ သားရဲ့ညီမလေးကို သားသိပ်ချစ်တာပါပဲ။ အမေတူ အဖေကွဲတွေ ဘာတွေ သားနားမလည်ပါဘူး။ ညီမလေးကို သားထိန်းနေရတာကို သားကျေနပ်နေပါတယ်။ အမေဟာ အဲဒီအချိန်တုန်းက ဦးလေးကို ကြောက်လို့ အိမ်ကို ခိုးကြောင်ခိုးဝှက် လာလာနေရပါတယ်။ ညီမလေး လည်း ပါတာပေါ့။ တစ်နေ့တော့ ဦးလေးဖြစ်သူက မမျှော်လင့်ဘဲ အိမ်ရှေ့ကဝင်လာတာ၊ အမေက ချက်ချင်းပြေးရတယ်။ အဲဒီတုန်းက ညီမလေးက အိမ်အောက်က ကွပ်ပျစ်ကလေးပေါ်မှာ။ သားလည်း ကြောက်တာနဲ့ ညီမလေးကို ပွေ့ပြီးပြေးတာပေါ့။

နောက်ပိုင်းတော့ ဦးလေးဖြစ်တဲ့သူ စိတ်ပြေသွားပါတယ်။ ပတ် ဝန်းကျင်က ချော့ပြောရတာပေါ့။ အမေ့ကို အိမ်ပေါ်ခေါ်ထားတာကို မကန့်ကွက်တော့ပါဘူး။ သားပျော်တာပေါ့ မေကြီးရာ။ သားအမေနဲ့ အတူတူ မနေရတာကြာပြီပဲ။ အခုလို သားရဲ့ညီမလေးကို ခါးထစ်ခွင် ပြီး ထိန်းရင်း ကစားရတာ သားသိပ်ပျော်တာပါပဲ။

အဲဒီလိုနဲ့ သားရဲ့အမေနဲ့ အဘွားတို့ဟာ ရာသီပေါ်မုန့်တွေကို ရောင်းတယ်။ နွေဆိုရင် မုန့်လက်ဆောင်း၊ မုန့်ကျွဲသည်း၊ ဆောင်းတွင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ မုန့်ပေါင်း၊ မိုးတွင်းဆိုရင်တော့ ပဲပြုတ်ရောင်းပါတယ်။ ကျေနပ်စရာအကောင်းဆုံးကာလပါပဲ မေကြီးရယ်။

သားကတော့ အမေတို့ပေးတဲ့ မုန့်ဖိုးလေးယူ ကျောင်းသွား၊ အိမ်ပြန်လာနဲ့ပေါ့။ သားအကျင့်က မပူဆာတတ်ပါဘူး။ မပူဆာချင်ပါဘူး။ သားမြင်ရတဲ့ အခြေအနေကို သားနားလည်မိပါတယ်။ ဟင်းက အစ အမေတို့ချက်တဲ့ဟင်းပဲ ကောင်းတယ်၊ ဆိုးတယ် မပြောမိပါဘူး။ အဘွားနဲ့ အမေတို့ကတော့ ခဏခဏ စကားများကြပါတယ်။ ရန်ဖြစ်တဲ့ အနေမျိုးကို ပြောတာပါ။ သားက အဲဒါကြီးကို စိတ်ပျက်တာ၊ ကြားကို မကြားချင်တာ။ အိမ်မှာနေရတာ ကြာတော့ နားကိုပူလာတာ။ စကားနည်းရန်စဲ သားက ဖြစ်စေချင်တာ။ လူကြားလို့လည်း မကောင်းပါဘူး။

သားရဲ့အဖေကိုတော့ အမေ့ကို မမေးမိပါဘူး။ သားသိနေတာကတော့ အဖေ့ကိုတမ်းတမိတဲ့ သားရဲ့စိတ်ပါပဲ။ သားရဲ့အဖေ အကြောင်းကို ၇ တန်းရောက်မှ သေသေချာချာ သိလာရပါတယ်။ အဲဒီ ၇ တန်းနှစ်ဟာ သားအတွက် မုန်တိုင်းအထန်ဆုံးကာလပါပဲ မေကြီး။

အမေကလည်း နောက်ထပ်အမှားတစ်ခုကို ကျူးလွန်ပြန်ပါတယ်။ အိမ်ထောင်ရှိတဲ့လူတစ်ယောက်နဲ့ ထပ်ဖြစ်ပါတယ်။ သားက သေသေချာချာ ဘာမှမသိပါဘူး။ ရွာထဲမှာ သတင်းတချို့ထွက်ပါတယ်။ သားသူငယ်ချင်းတွေက သားကိုပြောတယ်။ သား မမေးလည်းမမေးရဲဘူး။ မဟုတ်ပါစေနဲ့ လို့ပဲ ဆုတောင်းနေရပါတယ်။

တစ်နေ့မှာ သားက အိမ်ကအဝတ်ပုံးကိုဖွရင်း အဝတ်ပုံးအောက်က စာတစ်စောင်ကို တွေ့ပါတယ်။ အမေ့လက်ရေးနဲ့ပဲ။ သူနဲ့ပတ်သက်တဲ့သူဆီကို မဖုံးနိုင်မဖိနိုင်တဲ့ကိစ္စအတွက် တတ်နိုင်သလောက် တာဝန်ယူပေးဖို့ ရေးထားတဲ့စာ။ သားက ရှက်တာရော၊ ဒေါသထွက်တာရော စုံနေအောင် ခံစားရပါတယ်။ အမေဟာ အဲဒီတုန်းက ရေချိုးသွားနေ

www.burmeseclassic.com

www.burmeseclassic.com



တာ။ အမေပြန်လာတော့ သားက ငိုရင်းပြောပါတယ်။ အမေဟာ မွှန်ထူသွားတာပဲလား၊ ဘာလား မပြောတတ်ပါဘူး။ သားကို ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံပါတယ်။ စာကိုဆွဲလုပြီး သားကို ရိုက်မယ်ပုတ်မယ်လုပ်ပါတယ်။ သား အမေ့ကို စိတ်ဆိုးတာ အဲဒါပဲမေကြီး။ အမေဟာ ပြစ်မှုကျူးလွန်ပြီး ဝန်မခံတဲ့အပြင် သားကိုပါ မငဲ့ညှာပါဘူး။ ဂရုမစိုက်ပါဘူး။ သားဘက်ကလည်း သံယောဇဉ်လျော့သွားပါတယ်။ အမေနဲ့ ဒီတစ်ခါပတ်သက်တဲ့သူဟာ လျစ်လျူရှုပါတယ်။

တစ်ညဟာ သားအတွက် မမေ့နိုင်စရာပဲမေကြီး။ အမေဟာ မဖုံးနိုင် မဖိနိုင်တဲ့ကိစ္စအတွက် တစ်နယ်တစ်ကျေးကိုသွားရတော့မယ်။ အဲဒီညမှ အမေထွက်ရတော့မှာ။ သား စောစောအိပ်ပါတယ်။ အမေတို့က သားအိပ်ပြီထင်ပြီးမှ ထွက်ဖို့လုပ်တာ။ သားက နိုးနေတယ်။ မေကြီးရဲ့။ သားက အိမ်အောက်ထပ်မှာ အိပ်နေတော့ အိမ်ပေါ်ကို အမေက ပွေ့တင်ပေးတာ၊ အမေ သားကိုနမ်းတယ်။ သားသိတယ်။ အမေငိုနေပြီဆိုတာ။ သား ဘာလုပ်ရမှန်းမသိပါဘူး။ သားရဲ့အမေလက်ပေါ်မှာနေရင်း သားနိုးနေတာကို အမေသိသွားရင် အမေတို့ သွားဖို့လာဖို့ ခက်တော့မယ်။ အမေနဲ့ သားတို့ဟာ နောက်ထပ်ပြန်ဆုံဖို့ ရှိသေးလား၊ မရှိတော့ဘူးလားဆိုတာ မသိဘူး။ နောက်တစ်ခုက အသက်ငယ်သေးတဲ့ ညီမလေးကို အမေခေါ်သွားရဦးမှာ ။ သားရင်ထဲမှာ ချုပ်တည်းနေရတာ။ သားကို အိမ်ပေါ်မှာတင်ပြီးမှ အမေတို့ထွက်သွားတာ။ အဲဒီတော့မှ သားကြိတ်ငိုရတာ။

မနက်လင်း သားနိုးတဲ့အချိန်မှာ သားတို့အမြေးအဘွားပဲကျန်တော့တယ်။ အဘွားက သားကို မင်းအမေနဲ့ ညတုန်းက စကားများပြီး နှင်ချလိုက်တယ်။ အဲဒါ မင်းညီမလေးကို ခေါ်ပြီး ဆင်းသွားတယ်လို့ ပြောပါတယ်။ သား စကားပြောချင်တဲ့စိတ်ကို မရှိတော့တာ။

သား အဲဒီအချိန်မှာ အိမ်ထောင်သည်ဖြစ်ပါလျက်နဲ့ စည်းမစောင့်ဘဲ ရက်စက်တဲ့၊ တာဝန်မဲ့ထားတဲ့လူကို ဒေါသဖြစ်တာ၊ မုန်းတီးရွံရှာ

www.burmeseclassic.com

www.burmeseclassic.com



တာ အလွန်ပါပဲ။ ဒါပေမဲ့ သားရဲ့ဒေါသကို ဖောက်ခွဲမပစ်ခဲ့ပါဘူး။ မြှုံထားပါတယ်။ စိတ်ထဲမှာ တေးထားပါတယ်။ တစ်နေ့ကျရင် အဲဒီလူကို လက်စားလှလှချေရမယ်လို့ ဆုံးဖြတ်မိခဲ့ပါတယ်။

အမေ့ကိုတော့ သားသမီးရှိပါလျက်နဲ့ သူ့ကိုယ်သူ မထိန်းသိမ်းနိုင်တာကို ဒေါသထွက်ရင်း မုန်းတာ။

ဒါပေမဲ့ သားရဲ့ညီမလေးကို လွမ်းလိုက်တာ မေကြီးရယ်။ အမေမရှိတဲ့နောက်ပိုင်း ကျောင်းသွားရတာဟာ ဝန်ထုပ်ဝန်ပိုးတစ်ခုပါ မေကြီး။ ဝိုင်းပြီးကြည့်ကြတဲ့ မျက်လုံးတွေက သနားကရုဏာသက်ကောင်းသက်နေမှာဖြစ်ပေမယ့် သားကတော့ သားကို ကဲ့ရဲ့တဲ့မျက်လုံးတွေလို့ ထင်နေမိပါတယ်။

အဲဒီလိုအခြေအနေ အဲဒီလိုအဖြစ်တွေကစပြီး သားအငြိုးအတေးကြီးတတ်လာပါတယ်။ လူတစ်ယောက်ကို ဒေါသဖြစ်ရင် စိတ်ထဲမှာပဲ ဖောက်ခွဲပစ်ပြီး အပြင်ကို မထုတ်ပါဘူး။ မှတ်ထားတယ်။ လက်စားချေဖို့ပဲ တွက်ပါတယ်။

နားလည်တဲ့လူတချို့တော့ ရှိပါတယ်။ ဒါပေမဲ့ နားမလည်သူတွေ ကဲ့ရဲ့ကြသူတွေက အများကြီးပါပဲ။ တစ်နေ့ သားဈေးသည်တစ်ယောက်ရဲ့အိမ်ကို ဈေးသွားဝယ်နေတုန်း ရွာထဲကမိန်းမကြီးတစ်ယောက်က "ဟဲ့- နင့်အမေရော" ဆိုပြီး သိလျက်နဲ့မေးပါတယ်။ သားတို့ရွာက အိမ်ခြေသုံးရာလောက်ပဲ ရှိတာပဲ။ သတင်းဆိုတာ ချက်ချင်းပြန့်တာပါ။ မသိတာမဟုတ်ပါဘူး။ အဲဒီလိုအကြောင်ရိုက်ပြီး မေးတာကို သားဘာပြောရမှန်းမသိပါဘူး။ ဈေးဝယ်တွေအများကြီးရှိလျက်နဲ့ သားကို မေးတာ၊ သား ဒေါသထွက်လိုက်တာ။ ဒါနဲ့ အဲဒီမိန်းမကြီးကို သားက မျက်မှောင်ကြုတ်ပြီး ကြည့်နေလိုက်တာပေါ့။ အဲဒီတော့ အဲဒီမိန်းမကြီးက ဘာဆက်ပြောသလဲဆိုတော့ "အမယ်လေးတော် သူ့အမေဘယ်သွားလဲမေးတာပဲ မျက်မှောင်ကြုတ်ပြီး ကြည့်နေတယ်" ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ဘေးနားကလူတွေကို ပြောပြီး ဟားတာ။ သားချက်ချင်းထွက်လာရပါတယ်။

မေကြီးရေ၊ အဲဒီအချိန်တုန်းက သားကတော့ သားကိုစော်ကားသူမှန်သမျှကို လက်စားချေမယ်ဆိုပြီး တွက်ထားတာ။ ဥပမာ သားနဲ့ ကစားဖော်မိန်းကလေးတစ်ယောက်က သားထက်လည်း ငယ်ပါတယ်။ သားက သူ့ဖိနပ်ကလေးကိုဝှက်ပြီး သူ့ကို ကျီစားမိပါတယ်။ သူက သားရဲ့အမေကို ထိခိုက်ပြီး ဆဲပါတယ်။ '-ာ'ဆိုတဲ့ အသုံးအနှုန်းကို သုံးပါတယ်။ သားစိတ်ထဲမှာ ဒေါသထွက်မိပါတယ်။ တစ်နေ့မှာတွေ့ရမှာပေါ့ဆိုပြီး သားစိတ်ထဲမှာ ကြိမ်းဝါးမိပါတယ်။ သားစိတ်ထဲမှာ အစီအစဉ်တွေ အများကြီးဆွဲထားတာပါပဲ။ တစ်နေ့ ဒီကောင်မလေး ဘယ်အသက်ဘယ်အရွယ် သားရဲ့အသက် ဘယ်အရွယ်မှာ ကောင်မလေးကို မေတ္တာမျှပစ်မယ်။ ပြီးမှ သားရဲ့အမေကိုဆဲခဲ့တဲ့ '-ာ'ဆိုတဲ့ အသုံးအနှုန်းမျိုးနဲ့ သုံးနှုန်းခံရတဲ့ဘဝကို သူရစေမယ်ဆိုပြီး တေးထားတာ။

အမေတို့ထွက်သွားပြီး သားတို့မြေးအဘွားဟာ ပဲပြုတ်ပဲရောင်း စားရပါတယ်။ အဘွားက မနက်ဆိုရင် ပဲပြုတ်ရောင်းပါတယ်။ သားက ပဲရေစိမ်၊ ဆယ်၊ အပင်ပေါက်ဖောက်၊ အဘွား ရောင်းလို့မကုန်တဲ့ပဲတွေကို ရွာနီးချုပ်စပ် လိုက်ရောင်းပေး စတဲ့အလုပ်တွေကို လုပ်ပါတယ်။

သားတို့ကျောင်းမှာ တစ်နေ့ ပညာရည်မှတ်တမ်းကတ်ပေးပြီး အုပ်ထိန်းသူကို လက်မှတ်ထိုးခိုင်းပါတယ်။ သားက ဘာမှမပြောတတ်ပါဘူး။ အဲဒီတုန်းက ဆရာမကလည်း တခြားကပြောင်းလာတဲ့သူ၊ ကျွန်တော်တို့ရွာအကြောင်း ကျွန်တော့အကြောင်း ဘာမှမသိသေးပါဘူး။ သားက ဆရာမကို ပြောပါတယ်။ အဘွားက စာမတတ်ဘူး။ လက်မှတ် မထိုးတတ်ဘူးလို့။ အဲဒီတော့ ဆရာမက အမေ့ကို လက်မှတ်ထိုးခိုင်းပါတယ်။ အမေကလည်းမရှိဘူးဆိုတော့ အဖေရောလို့ မေးပါတယ်။ သားက အဖေလည်း မရှိဘူးလို့ပြောလိုက်ပါတယ်။ အဲဒီလိုပြောပြီးလည်း

www.burmeseclassic.com

www.burmeseclassic.com



ပြီးရော သား ဘယ်လိုဝမ်းနည်းမှန်းမသိပါဘူး။ အတန်းထဲမှာ ငိုချလိုက်တာပါပဲ။

အဲဒီအချိန်မှာတုန်းကတော့ သားစိတ်ထဲမှာ အမေ့အတွက် နေရာမရှိတော့ပါဘူး။ သားရဲ့ညီမလေးကိုတော့ အရမ်းလွမ်းတာပါပဲ။ အဘွားက အမေ့ဆီကို ပစ္စည်းနဲ့ငွေ သွားသွားပို့ပါတယ်။ နောက်ပိုင်းမှာတော့ သားကို အဘွားက အကြောင်းစုံပြောပြပါတယ်။ သားရဲ့ဦးလေးကတော့ မပြောနဲ့တော့မေကြီးရေ။ အကုန်လုံးပတ်ပြီး ရမ်းတာ။ သားလည်း နေစရာမရှိတော့ပါဘူး။ အဲသလိုဖြစ်လေလေ အမေ့ကို စိတ်နာလေလေပါပဲ။

တစ်နေ့တော့ အဘွားက သားရဲ့ညီမလေးကို သွားပြီးခေါ်ရမယ်လို့ ပြောပါတယ်။ သား သိပ်ပျော်တာပေါ့။ မော်တော်ဆိပ်ကမ်းကို သွားပြီး အဘွားနဲ့ ညီမလေးတို့ပါလာမယ့် မော်တော်ကို စောင့်နေပါတယ်။ ညီမလေးပါလည်းလာရော ညီမလေးကို ကုန်းပိုးပြီးခေါ်လာတာပေါ့။ ညီမလေးလည်း အဲဒီတုန်းက သိပ်ပိန်သွားတာပါပဲ။ ညီမလေးက စကားမပီကလာ ပီကလာလေး ပြောတတ်နေပါပြီ။ သိပ်ချစ်ဖို့လည်းကောင်းနေပါပြီ။

နောက်ပိုင်း အမေ မီးဖွားတယ်လို့ ကြားပါတယ်။ သမီးကလေးတစ်ယောက် မွေးသတဲ့။ ဒါပေမဲ့ အဲဒီအကြောင်းတွေကို သားမကြားချင်တော့ဘူး။ သားဆီမှာ အမေ့အတွက် နေရာပျောက်သွားပါတယ်။ တစ်နေ့ သား ကျောင်းကပြန်လာချိန် လှေကားထစ်ကလေးပေါ်မှာထိုင်ပြီး နားနေတုန်း အမေက ကုပ်ကုပ်ကလေး နောက်ဖေးဘက်က ဝင်လာပါတယ်။ သားကိုမြင်တဲ့အချိန်မှာ သားဆိုပြီး မျက်ရည်စက်လက်နဲ့ခေါ်ရှာပါတယ်။ သား အရမ်းအံ့သြသွားပါတယ်။ အမေဟာ အဲဒီတုန်းက နနွင်းဝါဝါ ခန္ဓာပေါ်မှာ ရှိနေတုန်းပါပဲ။ သားက ကြောင်ကြည့်နေမိပါတယ်။ ခဏနေမှ အိမ်ပေါ်တက်ပြီး “အဘွား အမေရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်” လို့ ပြောပြီ အိမ်ပတ်ဝန်းကျင်မှာ လူရှိမရှိကြည့်ပြီး သားရွာထဲကို ထွက်သွားပါတယ်။

မိုးချုပ်မှ အိမ်ကို သားပြန်လာပါတယ်။ အမေ မပြန်သေးပါဘူး။ အမေဟာ သားကို ငိုပြီးစကားတွေပြောနေပါတယ်။ ဒါပေမဲ့ သားရဲ့ နားက မကြားသလို ဖြစ်နေပါတယ်။ သားကြားတာတစ်ခွန်းက “သား ရယ် မနေ့ညတုန်းက ဘူးသီးကြော်ကလေးတစ်ခုနဲ့ ထမင်းစားရတယ်” တဲ့။ သားရဲ့စိတ်ထဲက “စားပေါ့၊ ကိုယ့်ဘာသာကိုယ်လုပ်တာပဲ” ဆိုပြီး ပြောမိပါတယ်။ သား အဲဒီအချိန်မှာ မျက်ရည်ကျရင်း အံကြိတ်နေမိပါ တယ်။ သားရဲ့ မျက်စိထဲမှာ ပေါ်လာတာက ဟိုလူ့မျက်နှာပဲ။ မျက်နှာ ပြောင်တိုက်ပြီး သားတို့အိမ်ရှေ့လမ်းပေါ် ဖြတ်လျှောက်ရဲတယ်။ သားကို မထီမဲ့မြင်လုပ်တယ်။ အရက်မူးပြီး ရန်စတယ်။

နောက်တစ်နေ့မှာ အမေပြန်ပါတယ်။ အမေက သူ့အမှားကို သူသိပါတယ်တဲ့။ အမေ မကြာခင်ပြန်လာခဲ့မယ်လို့ ပြောပါတယ်။ သားမှာ ပြောစရာစကားမှမရှိတာ အဲဒီတော့ ဘာမှမပြောမိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမေကြောင့် သားတို့ရောသူကိုယ်တိုင်ပါ အမည်း စက်ကြီးနဲ့ ထင်းသွားပါပြီ။

နောက်ပိုင်းမှာ အမေဟာ သူ့ကလေးကလေးကို သူများပေးခဲ့ ပြီး သားတို့ဆီကို ပြန်လာတော့တာပေါ့။ တစ်မျိုးလုံး တစ်ဆွေလုံး ချာလပတ်ယမ်းအောင် ဒုက္ခရောက်ခဲ့ရတာပေါ့။

အဲဒီလိုအဖြစ်တွေနဲ့ ကြုံပြီးတဲ့နောက်မှာ သားက အဖေ့၊ အကြောင်းကို စုံစမ်းမိတာပါ။ နောက်ပိုင်း အမေလည်း အိမ်ပြန်ရောက်၊ သားလည်း ရှစ်တန်းရောက်ပါတယ်။ အဲဒီအချိန်မှာ အမေ့အောက်က မောင်ဖြစ်တဲ့ ဦးဟာ ရန်ကုန်မှာ အရာရှိတစ်ယောက် ဖြစ်နေပါပြီ။ သားက ဦးဆီကို ကျောင်းပိတ်ရက်မှာ ရောက်ပါတယ်။ ဦးရဲ့အဆုံးအမ တချို့ကို ခံယူခဲ့ရပါတယ်။ အိမ်ကလည်း ဦးရဲ့အထောက်အပံ့တချို့

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။ သားလည်း အဲဒီနှစ်မှ ရှင်ပြုရပါတယ်။ အရင်က ဆုံးသွားတဲ့ သားအဘိုးဟာ ဝန်ထမ်းတစ်ယောက်ဖြစ်လို့ အဘိုးဆုံးပြီး ပင်စင်လစာတွေ ပေါင်းထုတ်ရပါတယ်။ အဲဒီငွေနဲ့ ရှင်ပြုရတာပါ။ အကြီးအကျယ်ကြီး မဟုတ်ပါဘူး။ အိမ်ရှေ့မှာ မဏ္ဍပ်ထိုးပါတယ်။ အသံချဲ့စက် ဖွင့်ပါတယ်။ သားကို ကန်တော့ပွဲနဲ့ ဘုန်းကြီးကျောင်းမှာ ကိုရင်ဝတ်ပါတယ်။ လူတချို့ကို ဖိတ်ပြီး ရှင်ပြုတရားနာပါတယ်။ အမေလည်း အဲဒီအချိန် အိမ်မှာ နေသားတကျဖြစ်နေပါပြီ။

ရန်ကုန်က သားရဲ့ဦးဖြစ်သူကလည်း အဖေ့မအကြောင်းတွေကို တချို့လည်း သိပါတယ်။ အကုန်တော့မသိပါဘူး။ ဦးကျတော့ ဘာသာရေးသမား၊ သူ့ကိုယ်သူ ထူးချွန်ထက်မြက်အောင် သူ့ဘာသာသူကြိုးစားခဲ့ပါတယ်။ သူအောင်မြင်တဲ့အခါမှာ ဆွေမျိုးအားလုံးရဲ့ မှီခိုစရာအဖြစ်လာတော့တာပါပဲ။ သားရဲ့အားနည်းချက်၊ လိုအပ်ချက်တွေကို ဦးက ထောက်ပြပေးတာပါပဲ။ဦးက ဆုံးမတဲ့နေရာမှာတော့ လက်သံပြောင်ပါတယ်။ မှားတယ်ထင်ရင် ထိုးတာပါပဲ။ သားကတော့ ဦးဖြစ်သူက အပြစ်တင်တာ၊ လုပ်တာဟူသမျှ ဘာမှပြန်မပြောဘဲ ခံခဲ့ပါတယ်။ အကျိုးအကြောင်းကိုလည်း ပြန်မပြောချင်ပါဘူး။

ဦးကလည်း သားကို ကြိုးစားဖို့ ပြောဆိုတိုက်တွန်းတာပါပဲ။ ၁၀ တန်းအောင်ရင် သူက တက္ကသိုလ် ဆက်ထားပေးမယ်လို့လည်း ပြောပါတယ်။

သားရဲ့စိတ်ကတော့ ၉ တန်းအောင်တဲ့အချိန်အထိ သားအပေါ် မကောင်းတဲ့သူတွေအပေါ်မှာ အငြိုးမပြေပါဘူး။ ပိုဆိုးလာပါတယ်။ ဆိုးရွားတဲ့သူတွေကို ရက်စက်စွာ တုံ့ပြန်ဖို့ပဲ နည်းလမ်းရှာပါတယ်။ သားတို့ ၁၀ တန်းမှာသင်ရတဲ့ "လေထန်ကုန်း"အင်္ဂလိပ်ဝတ္ထုကို သားက ၉ တန်းကတည်းက ဖတ်တာ။ ဘာသာပြန်စာအုပ် ကိုဖတ်ပြီးတော့ အင်္ဂလိပ်လိုစာအုပ်ကို မသိတာရှိရင် သူများကိုမေးပြီး ဖတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သားက စာဖတ်ဝါသနာပါတော့ တချို့လက်စားချေဝတ္ထုတွေ ဖတ်မိရင် သိပ်ကြိုက်ပါတယ်။

လေထန်ကုန်းထဲက ဟီကလစ်ဖ်လို ဇာတ်ငှကောင်မျိုးကို သိပ်ကြိုက်ပါတယ်။ သူ့ရဲ့နောက်ဆုံးအဆုံးသတ်ကို သားမတွေးပါဘူး။ သူလက်စားချေတာမျိုးကို သားကြိုက်တာပဲသိတယ်။ သားလည်း သူ့လိုပဲလုပ်ချင်ခဲ့ပါတယ်။ လူတစ်ယောက်ကိုသတ်ရင် ဝုန်းဒိုင်းဆို မသတ်ချင်ဘူး။ စိမ်ပြေနပြေကလေးနဲ့ အဲဒီလူရဲ့ဘဝ တနဲ့နဲ့ကြွေတာကို အရသာခံကြည့်ချင်တာ။ မိသားစုဘဝတစ်ခုလုံး ပျက်စီးတာကို ကြည့်ချင်တာ။

အဲဒီအချိန်မှာ အဖေ့ကို စုံစမ်းဖို့ သားဆုံးဖြတ်လိုက်ပါတယ်။ အဖေ့အကြောင်း စုံစမ်းပါတယ်။ အမေဟာ အဲဒီအချိန်မှာ အဖေ့အကြောင်း ပြောသရွေ့တော့ ပြောပါတယ်။ စိတ်နာတာတွေရောပေါ့။ သား အဲဒီတုန်းက ကံကိုတော့ယုံပါတယ်။ အကြွင်းမဲ့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဝဋ်ကြွေးဆိုတာကိုတော့ သားနည်းလည်စ ပြုလာပါပြီ။

သားဘက်က အဖေ့ကိုရော အမေ့ကိုနားလည်အောင် အတတ်နိုင်ဆုံး ကြိုးစားခဲ့တာပါပဲ။ သြော်- ဒါဟာ ငါ့ရဲ့ဝဋ်ကြွေးပါပဲ။ ငါ ကံကြွေးဆပ်ရတာပါပဲလေလို့လည်း တွေမိပါတယ်

မိသားစုအပေါ်မှာလည်း အစစအရာရာမှာ သိတတ်မှုတွေ ပေးခဲ့ပါတယ်။ သုံးတာစွဲတာကအစ နေတာထိုင်တာ မိသားစုအပေါ်မှာ သား ငဲ့ညှာပြီး သုံးစွဲနေထိုင်ပါတယ်။ သားအနေနဲ့ ငွေရဖို့အတွက် သမ္မာအာဇီဝကျမယ်ဆိုရင် ပင်ပန်းတဲ့အလုပ်တွေကိုလည်း မရှောင်ဘဲ လုပ်ခဲ့ပါတယ်။

၉ တန်းလောက်အထိ အမေ့အပေါ်မှာ စိတ်နာနေတဲ့စိတ်က ရှိနေတုန်းပါပဲ။ ၁၀ တန်းလောက် ရောက်တဲ့အချိန်မှာ အမေ့ကို သားနားလည်ကြီးနားလည်သွားပြီး ပုံမှန်စိတ် ပြန်ဖြစ်လာတယ်လို့ ပြောရမယ်ထင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၀ တန်းအောင်ပြီးတဲ့နောက်မှာ ကျောင်းဆက်တက်ဖြစ်အောင် ဦးဆီမှာပဲ ဝတ်ကြီးဝတ်ငယ်ပြုစုပြီး နေဖြစ်ပါတယ်။ အဲဒီမှာ ဦးက စာဖတ်ဝါသနာပါသူဖြစ်လို့ ဦးရဲ့စာအုပ်စင်တွေကို ရှင်းလင်းပေးရင်း ဘာသာရေးစာအုပ်တချို့ကို သားဖတ်ဖြစ်ခဲ့ပါတယ်။ နားလည်နိုင်သလောက် ဉာဏ်မီသလောက်လည်း သားတွေးခဲ့ပါတယ်။

နောက်ဘဝနဲ့ဆိုင်တဲ့ ပြဿနာများအကြောင်းကိုဖတ်ရင်း ကံကို ပိုပြီး နားလည်လာပါတယ်။ သံသရာကို ကြောက်ပါတယ်။ အတိတ်ဘဝအတွက် ပေးဆပ်ရမှုတွေကို ခံစားမိသလိုလို ဖြစ်လာပါတယ်။ ဦးကလည်း အဲဒီတုန်းက ဘာသာရေးနဲ့နှီးနွှယ်ပြီး ဆုံးမတာတွေ ရှိပါတယ်။ နောက်ပြီး လတ်တလော အဖြစ်ကလေးတွေကို မူတည်ပြီး သင်ခန်းစာပေးတာတွေ ရှိပါတယ်။

နောက်တစ်ခုက သားငယ်ငယ်ကလေးထဲက ဘာသာရေးစာတ်ခံ ရှိပြီးသားပါ။ ရတနာသုံးပါးကို သိပ်ပြီးယုံကြည်အားကိုးမိသူပါ။ ဦးက မနက်တိုင်း၊ ညနေတိုင်း ဘုရားရှိခိုးပါတယ်။ ပရိတ်ကြီး ၁၁ သုတ် အမြဲရွတ်တယ်။ အမျှအတန်းဝေတယ်။ အဲဒါတွေ နေ့တိုင်းကြားရတော့ သားရင်ထဲမှာ ကြည်ကြည်လာတယ်။ တဖြည်းဖြည်းချင်း ဖြစ်လာတာပါ။ ဘာသာရေးစာအုပ်တွေကို တော်တော်လေးဖတ်ကြည့်ဖြစ်တော့ စိတ်က ညွတ်ပျောင်းသွားပါတယ်။ သည်းခံတတ်သွားပါတယ်။ အထူးသဖြင့် သံသရာကို ဉာဏ်မီသမျှ တွေးမိတယ်။

ဝဋ်ကြွေးကိုကြောက်မိပြီး ဝဋ်ကြွေးကို ပိုနားလည်လာသလိုပါပဲ။ သားက အတိတ်ဘဝက သူတစ်ပါးရဲ့ အသိုက်အမြုံနဲ့ မိသားစုကို ဘယ်လောက်များ ဖျက်ဆီးခဲ့လည်းမသိဘူး။ အဲဒါတွေးတွေးပြီးတော့ တဖြည်းဖြည်း ကြောက်လာတာ၊ သူတစ်ပါးရဲ့အသက်ကို ပုရွက်ဆိတ်ကအစ သတ်ဖို့ ကြောက်တော့တာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်း အာဃာတတွေ ပျက်လာတာပါ။ နေပါစေတော့။ ဖြစ်ခဲ့တာတွေဟာ အသစ်အဖြစ်မခံပါရစေနဲ့တော့ဆိုပြီး တွေးတော့တာပါပဲ။

နောက်တစ်ခုက အညစ်အကြေးနဲ့နဲ့ ပြည့်နေတဲ့သူတွေကို တစ်စုံတစ်ခု ကျူးလွန်မိရင် သားကို အညစ်အကြေးတွေ ပြန်ပြီးစွန်းတော့မယ်။ အဲဒီလို အစွန်းမခံနိုင်တော့ပါဘူး။ သူတို့ကို လက်စားချေဖို့ကိစ္စဟာ သားရဲ့ဘဝအတွက် အရေးမကြီးတော့ဘူးလို့တွက်ပြီး ဖြေဖျောက်ရင်း ပြေရပါတယ်။

သားရဲ့အမေကိုလည်း သားအရမ်းချစ်နိုင်လာခဲ့ပါတယ်။ အမိရဲ့မွေးကျေးဇူးအပြင် လူလားမြောက်အောင် ပြုစုပျိုးထောင်ပေးတဲ့ ကျေးဇူးကို ပြန်အောက်မေ့တာပေါ့ မေကြီးရေ။

*

သား အဖေ့ကိုရှာဖို့အတွက် ၉ တန်းအောင်တဲ့အချိန်မှာ သားမြေပဲဆွတ်လိုက်ပါတယ်။ ပိုက်ဆံစုပါတယ်။ အဖေနေခဲ့တယ်ဆိုတဲ့ရွာဆီကို လိုက်ပြီးစုံစမ်းပါတယ်။ အဖေ့အမေရဲ့လိပ်စာကို ရပါတယ်။ အဆက်အသွယ်တစ်ခုရလို့ ကျေနပ်ပါတယ်။ နောက်ပိုင်း အဖေ့ညီမဝမ်းကွဲတစ်ယောက်နဲ့ ဆက်သွယ်လို့ရပါတယ်။ သားက သားရဲ့ဦးမသိအောင် စုံစမ်းရတာပါ။ ဦးက သားရဲ့ဘဝကို မြှင့်တင်ပေးမှာ၊ အဖေ့ကိုတော့ အမေနဲ့ပတ်သက်လို့ ဦးက စိတ်နာနေတာ။ သားက စုံစမ်းနေတယ်ဆိုတာကို ဦးသိရင် သားဒုက္ခရောက်သွားနိုင်တယ် မေကြီး။ အဖေ့ကိုတွေ့ဖို့ သားရဲ့တိုးတက်မှုတွေနဲ့ ရင်းရမှာ။

သားတို့ တက္ကသိုလ်ဝင်ခွင့်တွေတင်ရတော့ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ထဲမှာ အမိအဖနှစ်ဦးစလုံးရဲ့ မှတ်ပုံတင်ကဒ်ပြားကို တင်ပြ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ရမယ်။ မတင်ပြနိုင်ရင် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်အတွက် စဉ်းစားမယ်မဟုတ်ဘူးဆိုတဲ့ အချက်တစ်ချက်ပါပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်လို့ သားမှာ အတော်အကျပ်ရိုက်တာ။ နောက်ဆုံး ဦးကို အကျိုးအကြောင်းပြောပြရပါတယ်။

ဦးက အဖေ့မှတ်ပုံတင်ကိုရယူဖို့ ဆက်သွယ်ပါလို့ ခွင့်ပေးတာနဲ့ အဒေါ်ဝမ်းကွဲကတစ်ဆင့် သားရဲ့အဘွားဖြစ်သူဆီကို ရောက်ပါတယ်။ လမ်းညွှန်စာအုပ်ကလေးကိုကိုင်ပြီး အကျိုးအကြောင်းကို ပြောပြရပါတယ်။ အဖေ့ဆီကို အကြောင်းကြားပြီး တောင်းပေးမယ်လို့ ပြောကြပါတယ်။

သားတို့လျှောက်လွှာတင်ဖို့ရက် စက်တင်ဘာ ၁၃ ရက်ပါ။ အဲဒါနောက်ဆုံးရက်ပါ။ အဘွားတို့၊ အဒေါ်တို့ဆီက စက်တင်ဘာ ၁၂ ရက်မှာ ဖုန်းလာပါတယ်။ မှတ်ပုံတင်မရဘူးလို့ ပြောတာပါပဲ။ သားမှာ အလွန် မျက်ကလူးဆန်ပျာ ဖြစ်ရပါတယ်။ နောက်နေ့ဆိုရင် ဝင်ခွင့်တင်ရတော့မယ်။ အဲဒါဘာလုပ်ရမှန်းမသိဘူး။ နောက်ဆုံးတော့ အဖေ ငယ်စဉ်ကတည်းက မရှိတဲ့အကြောင်းတွေကို သေသေချာချာ ရှင်းလင်းဖော်ပြထားတဲ့ လျှောက်လွှာတစ်စောင်နဲ့ ပူးတွဲပြီးတင်ရပါတယ်။ ကံကောင်းလို့ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တစ်ခုကို ချိတ်မိပါတယ်။

အဲဒီလိုနဲ့ သားကျောင်းတက်ဖြစ်ပါတယ်။သားတို့က မေ ၂ ရက်မှာ ကျောင်းစတက်ရပါတယ်။ မေ ၁၇ ရက်မှာ ဦးဆေးရုံတက်ရပါတယ်။ မေ ၂၇ ရက်မှာ ဦးဆုံးပါတယ်။ သားအတွက် ပင်မတိုင်ကြီး ပြိုလဲသွားတာပါပဲ။ သားမကျွမ်းကျင်တဲ့နယ်ပယ်မှာ ဘာဆက်လုပ်ရမလဲ၊ ဘယ်လိုဖြေရှင်းရမလဲဆိုတာတွေကို မသိနိုင်တော့ပါဘူး။

ဦးဆုံးတော့မယ့်အချိန်မှာရော၊ မဆုံးခင်မှာရော တတ်နိုင်သလောက် ပြုစုပေးပြီး ကျေးဇူးဆပ်လိုက်ရတာပဲရှိပါတယ်။ ဦးရဲ့ပြုစု

www.burmeseclassic.com

www.burmeseclassic.com



ပျိုးထောင်ပေးမှုတွေဟာ သားအတွက် အလေ့အကျင့်လုပ်ပေးသလို ဖြစ်တာပါ။

ဦးဆုံးပြီး သားဘာလုပ်ရမလဲလို့ တွေးတဲ့အခါမှာ အဝေးသင်ပဲ ဆက်တက်ပြီး အလုပ်လုပ်ရမလား၊ ရွာပဲပြန်ရမလား သား မဝေခွဲနိုင်ပါဘူး။ အဲဒီမှာ အညာက သားရဲ့အဘွား၊ အမေနဲ့ ဦးလေးတို့ ရောက်လာပါတယ်။ ဈာပနကိစ္စ လုံးပမ်းကြပြီးတဲ့နောက်မှာ သားကိစ္စအတွက် ပြောကြဆိုကြတော့ စေတနာနဲ့ ရေရှည်အခက်အခဲကိုကြည့်ပြီး ကျောင်းဆက်မတက်ဖို့ ပြောကြတဲ့သူတွေလည်း ရှိပါတယ်။

အညွန့်ကိုချိုးချင်လို့ သားကို ဆေးစွဲသယောင်ယောင် ပြောဆိုပုတ်ခတ်ပြီး ကျောင်းထွက်ရရုံမက ရန်ကုန်မှာတောင် ဆက်မနေနိုင်အောင် လုပ်ကြတဲ့သူတွေလည်း ရှိပါတယ်။

အဲဒီအချိန်မှာ သားအမေက မျက်ရည်စက်လက်နဲ့ “ဆက်တက်ပါသားရယ်၊ အမေ အငတ်ခံပြီး သားအတွက် ပို့ပါ့မယ်” ဆိုပြီး အားပေးရှာပါတယ်။ အမေ့မျက်ရည်မှာ သားအတွက် အသည်းနှလုံးပါပဲ။ အမေဟာ သားအတွက် အားပဲပေါ့ မေကြီးရယ်။ ဘာကိုဂရုစိုက်ရမှာလဲ၊ သားဆက်တက်ရမှာပေါ့။ သားရှေ့မှာ အလုပ်လုပ်ရင်း ဘဝကို ပြုစုပျိုးထောင်သွားကြသူတွေ မရေမတွက်နိုင်အောင် ရှိပြီးသားပဲ။ သူတို့ခင်းပေးတဲ့လမ်းရိုးအတိုင်း သားတို့က လိုက်ရမှာပဲ။

ဆုံးသွားတဲ့ဦးရဲ့မိသားစုက သားအဆောင်လျှောက်တာမရခင် ခဏနေဖို့ကိုတောင် ခွင့်မပြုချင်တော့သလိုလို ဖြစ်သွားပါတယ်။ ရပ်ဆွေရပ်မျိုးတစ်ယောက်က လာခေါ်တော့မှ မတော်တာနဲ့ ခဏနေခွင့်ပြုခဲ့ပါတယ်။

ပထမတော့ ဘုန်းကြီးကျောင်းတွေကို အသိနဲ့လိုက်ပြီး နေခွင့်လျှောက်ထားခဲ့ပါသေးတယ်။ နောက် သားတို့မော်ကွန်းထိန်းကို တင်ပြပါတယ်။ နောက်ဆုံးတော့ ပါမောက္ခချုပ်ဆီကို ကိုယ်တိုင်ဝင်ပြီး အသနား

www.burmeseclassic.com

www.burmeseclassic.com



ခံရတော့တာပါပဲ။ မော်ကွန်းထိန်းလည်း လိုက်ပြီးပြောပေးပါတယ်။ သား ဇွန်လ ၁၄ ရက်နေ့မှာ အဆောင်လျှောက်တာ ၁၅ ရက်နေ့ကျတော့ အဆောင်နေခွင့် ထွက်လာတာပါပဲ။

ဒီလိုနဲ့ သား အဆောင်မှာပြောင်းနေတာပါ။ သားကျောင်းတက်နေတုန်း အဖေဟာ သူ့အမေဆီကိုလာတယ်လို့ သားသိရပါတယ်။ တစ်ယောက်က သားကို အကြောင်းကြားတာပါ။ သားလိုက်သွားပါတယ် မေကြီး၊ အဖေ့ကိုတွေ့တော့ ရိုသေစွာ လက်အုပ်ချီမိပါတယ်။ အဖေ့မှာ နောက်အိမ်ထောင်နဲ့ သားသမီးလေးယောက် ရနေပါပြီ။

အဖေ့ကို ရှာခဲ့တဲ့အချိန်တုန်းက သားရဲ့မာနကို ချိုးနှိမ်ပြီးမှ ရှာခဲ့ရတာပါ။ အဖေက ဘာပြောသလဲဆိုတော့ သားဟာလည်း အဖေ့သွေး၊ သူတို့တွေလည်း အဖေ့သွေး၊ အဖေ့သွေးပါသူတွေမို့ ညီညွတ်ကြမယ်ထင်ပါတယ်။ ကလေးတွေတော့ သားနဲ့တွေ့ပြီး သားတို့ဘက်ကို ယိမ်းယိုင်သွားမလား စိုးရိမ်နေတယ်။ သားက အကျိုးသင့်အကြောင်းသင့် ရှင်းပြပေးပါသားရယ်ဆိုပြီး ပြောလာပါတယ်။ သားက ကလေးတွေကို အစွမ်းကုန် ပြုံးပြပါတယ်။ ပါးစပ်ကို ဖြီးနိုင်သမျှ ဖြီးထားပေးလိုက်ပါတယ်။ ပြီးတော့ ရှင်းနိုင်သမျှကိုလည်း ရှင်းပြလိုက်ပါတယ်။

အဖေနဲ့သားနဲ့ တွေ့ပြီးတော့ အဖေက သူ့ဝတ္တရားကို သူဖြည့်ဆည်းပေးခဲ့ရှာပါတယ်။ သားကတော့ အဖေ့ကို တွေ့ဖူးချင်တာပါပဲ။ မြင်ဖူးချင်တာပါပဲ။ ဒါဟာ အဖေပါလားဆိုပြီး အားရပါးရ ခေါ်ပြီး ကြည့်လိုက်ချင်တာပါပဲ။ အဖေ့ဆီက ဘာမှ မမျှော်လင့်မိပါဘူး။ သားက အဖေ့ကို အနှစ်နှစ်ဆယ်လုံးလုံး မမြင်ခဲ့ဖူးပါဘူး။

အဖေ့ဆီကို ဆုံးမသံကလေးကို ပထမဆုံးကြားရတာ သား ဘယ်လိုကြည်နူးမှန်း မသိပါဘူး။ သိပ်ပျော်တာပဲ။ အဖေ့ကို ပထမဆုံး တွေ့တော့ ကြည့်လို့ကို မဝပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဖေဟာ ရန်ကုန်ရောက်တိုင်း သားဆီကို ဝင်ပါတယ်။ ထောက်ပံ့မှုတွေ ပေးပါတယ်။ အဖေနဲ့ အဖေ့အိမ်ထောင်ဖက် အခြေအနေတွေကိုမေးတော့ အဆင်ပြေပါတယ်ပဲ ပြောခဲ့တာပဲ မေကြီး။

နောက်ပိုင်း ပြဿနာတချို့ကို မေကြီးကို သားပြောထားသေးတယ်နော်။

သားအကြိုက် ကဗျာလေးတစ်ပုဒ်ရှိပါတယ်။ ထီလာစစ်သူရဲ့ ကဗျာလေ-

တို့ဘဝတွင်
ပေဖြစ်စဉ်၌
သင်ထုရိုက်နှက်
တူရိုက်ချက်သည် ရက်စက်ကမ်းကုန် ငရဲပြည်။
လောကတစ်လှည့်
ပြောင်းလဲဘိ၍
သင့်အလှည့်ကျ
ပေဘဝတွင်
တို့ကနိုင်သူ
အားမာန်ယူ၍
တူကို အဝေးပစ်လိုက်၏။

သားလည်း တူမကိုင်တော့ပါဘူး မေကြီး။ တစ်ပါးသူတွေကို နားလည်ပေးခဲ့တဲ့အကျိုးဟာ သံသရာမှာ အထောက်အကူဖြစ်ပါစေ။ ဝဋ်ကြွေး၊ ကံကြွေးတွေဆိုတာကည်း ဒီဘဝမှာ ဒီမျှနဲ့ပဲ အဆုံးသတ်ပါရစေလို့ သားဆုတောင်းပါတယ်။

အခုတင်ပြခဲ့တဲ့ အကြောင်းအရာတွေက မောင်မောင်ချိုရေးသားထားတဲ့စာထဲက တိုက်ရိုက်ကူးရေးထားတာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အင်မတန် ခါးသီးတဲ့အတွေ့အကြုံလေးများကို နှုတ်နဲ့ပြောပြရုံမက ရေးလည်းရေးပြတဲ့ သားငယ်လေးရဲ့ဘဝဟာ ခါးသီးလွန်းပါတယ်။ အဲဒီသားငယ်လေးကို ကျွန်မက ချစ်ခင်တဲ့စိတ်၊ ကောင်းစေချင်တဲ့ စေတနာပါအရင်းတည်ပြီး မောင်မောင်ချိုလို့ ကောင်းတဲ့အမည်ကလေး ပေးလိုက်ပါတယ်။ မောင်မောင်ချိုရဲ့စာကို ကူးရေးနေရင်း ဆရာနန္ဒာသိန်းဇံ စုဆောင်းတင်ပြတဲ့ ကြာအကြောင်းစာအုပ်ထဲက နိဒါန်းပါစကား တစ်ခုကို ကျွန်မ သတိရနေပါတယ်။

အဲဒီစာသားကလေးကတော့-

"မသာမယာ မနှစ်သက်ဖွယ်သော နုန်းညွန်တွင် အခြေခံ၍ ရေ၌ ဖြစ်လာသော်လည်း နုန်းညွန်မှလည်းကောင်း၊ ရေမှလည်းကောင်း လွန်မြောက်နိုင်မှုကြောင့် နေရောင်တွင် ကြာသည် တင့်တင့်တယ်တယ် ပွင့်နိုင်သကဲ့သို့ မလိုလားဖွယ်သော၊ မနှစ်သက်ဖွယ်သော ဒုက္ခတို့၌ အခြေခံ၍ မကျေနပ် မကြည်သာခြင်းတို့ကြားတွင် လူဖြစ်လာသော်လည်း ကြိုးစားရုန်းကန်နိုင်မှုကြောင့် လူ့လောကတွင် အောင်အောင်မြင်မြင် ပြေပြေလွင်လွင်နှင့် တင့်တယ်စွာနေနိုင်သူဖြစ်လာသည်။ ဤသို့ခိုင်းနှိုင်းရာမှ ကြာသည် အောင်မြင်ခြင်း၏ သင်္ကေတအခက်အခဲတို့ကို ကျော်လွှားနိုင်ခြင်း၏ သင်္ကေတဖြစ်လာသည်" လို့ ဖြစ်ပါတယ်။

မောင်မောင်ချိုဟာ တင်ပြပြီးခဲ့တဲ့အတိုင်း အလွန်ဆိုးရွားတဲ့ လူမှုရေးဒုက္ခ၊ ငွေကြေးမပြည့်စုံမှုဒုက္ခတို့ကို ကျော်ဖြတ်လာခဲ့ပါတယ်။ တွဲဖက်အထက်တန်းကျောင်းသာရှိတဲ့ ရွာကလေးက သူငယ်ကလေးဟာ ကျူရှင်မယူ ဘာမယူနဲ့ စာမေးပွဲဖြေတော့လည်း ရွာနဲ့နည်းနည်းတော့ လှမ်းသေးတဲ့ မြို့ကလေးတစ်မြို့ကို သွားဖြေခဲ့ရပါတယ်။ ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်မြင်ခဲ့ရုံမကပါဘူး။ အားလုံးသောဘာသာများမှာ အမှတ်ညီပုံပေါ်ပါတယ်။ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တစ်ခုကို ဝင်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကလေးမှာ ငွေရေးကြေးရေးမပြည့်စုံလို့ ရရာအလုပ်ကိုလုပ်ဖို့ ကြိုးစားရင်း ကျွန်မနဲ့တွေ့ပါတယ်။ သူဟာ သူ့ရဲ့ဆရာ၊ ဆရာမများကလည်း ချစ်ခင်ပါကြတယ်။ ကျွန်မနဲ့လာပြီး စကားပြောတဲ့နေ့မှာပဲ ကြေကွဲဝမ်းနည်းစွာ ငိုရှိုက်တဲ့အခါမှာ ငိုရှိုက်လိုက်၊ တက်ကြွရွှင်လန်းစွာ ပြောဆိုတဲ့အခါမှာ ပြောဆိုလိုက်နဲ့ သိပ်ကိုရှင်သန်နေတဲ့ ကလေးကို ကြည့်ရင်း ကျွန်မ သူ့ကိုချစ်ခင်လာပါတယ်။

အဲဒီကလေးဟာ သူရင်ဆိုင်ရတဲ့ပြဿနာများကို ရာဇဝတ်ဘေးမသင့်အောင် ရင်ဆိုင်ခဲ့တာ။ သူကိုယ်တိုင်လည်း ရှုံးသွပ်ခြင်းမရှိတာ၊ လေလွင့်ခြင်းမရှိတာဟာ အံ့သြစရာပါပဲ။ ဒါဟာ အလွန်ရှင်သန်ထက်မြက်တဲ့ ကိုယ်ရည်ကိုယ်သွေးရှိတဲ့သူ ဖြစ်တယ်ဆိုတာကို ပြသနေတယ်လို့ ကျွန်မယူဆပါတယ်။

မောင်မောင်ချိုဟာ ကျွန်မနဲ့ ချစ်ခင်ရင်းနှီးစွာ အချိန်ယူပြီး စကားပြောခွင့်ရနေသူ ဖြစ်ပါတယ်။ သူဟာ သူ့အဖေနဲ့ အမေတို့ရဲ့ အတွင်းရေးကို စာနဲ့ရေးပြီး ပေးပေမယ့် ကျွန်မက အရင်းအတိုင်းရေးချဖို့ ဝန်လေးနေပါသေးတယ်။ ကလေးကို အရင်းအတိုင်းရေးချဖို့ သားက ခွင့်ပြုနိုင်ရဲ့လားလို့မေးတော့ တခြားမိသားစုတွေမှာ သားတို့မိသားစုမှာ ဖြစ်ခဲ့သလို မဖြစ်အောင် ရှောင်နိုင်ဖို့ သားက အရင်းအတိုင်း ရေးစေချင်ပါတယ်တဲ့။

ဟုတ်ပါတယ်။ မောင်မောင်ချို ရင်ဆိုင်ရတဲ့ဒုက္ခဟာ ရှေ့ရေးကို မတွေးတဲ့ သူ့အဖေနဲ့ သူ့အမေကြောင့်လို့ ဆိုနိုင်ပါတယ်။ အဲဒီတော့ လူငယ်လူရွယ်များအနေနဲ့ တဒင်္ဂစိတ်ကလေးကို မထိန်းနိုင်ဘဲ ဖြစ်ပေါ်လာတဲ့ ပြဿနာများကိုလည်း သဘာဝကျကျ ရင်ဆိုင်ဖြေရှင်းခြင်းမပြုဘဲနေရင် မောင်မောင်ချိုလို ဒုက္ခရောက်တဲ့ကလေးတွေ များလာမှာပါပဲ။

ကျွန်မက မောင်မောင်ချိုရဲ့အဖေကိုတော့ လုံးဝမကျေနပ်ပါဘူး။ သူ့မှာ သားတစ်ယောက်ရှိတယ်ဆိုတာ သူသိသားပဲ။ ဒါကို ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျေပွန်ရကောင်းမှန်းမသိတဲ့အပြင် သူ့ကိုတွေ့ဖို့ သားဘက်က ကြိုးစားတာပဲ ရှိပါတယ်။ ကျွန်မက မောင်မောင်ချိုကို အဲဒီအတိုင်းပဲ ပြောမိပါတယ်။ ကလေးကတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော့အဖေကို ကျွန်တော်ချစ်ပါတယ်တဲ့။ တစ်ခဏသာ ချစ်ခင်ရင်းနှီးခွင့်ရတဲ့ အဖေ့ အကြောင်းကိုပြောရင် မောင်မောင်ချိုရဲ့မျက်နှာဟာ ရွှင်ချိုနေတာပါပဲ။

အဖေ့ရဲ့မှတ်ပုံတင်ကလေး ရပါမယ့်အရေး အဖေ့အမေ (အဘွား) ထံကို သွားပြီး အကူအညီတောင်းတဲ့အခါမှာ ဆူပူကြိမ်းမောင်းပြီး မျက်ရည်စက်လက်ကျနေတဲ့ကလေးကို နှစ်ရာတန် ငွေစက္ကူတစ်ချပ် ပစ်ပေးတဲ့ အဲဒီအဘွားဟာ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာပါသလို သိပ် ချမ်းသာတဲ့ အမျိုးသမီးကြီး မဟုတ်ပါဘူး။ သူကိုယ်တိုင် ဆင်းဆင်းရဲရဲ ထဲကပါပဲ။

မောင်မောင်ချိုရဲ့အဖေဟာ သူ့ဒုတိယအိမ်ထောင်ဖက်ရဲ့ ငြိုငြင် မှုကို ခံနေရတယ်ဆိုတာကို မောင်မောင်ချိုသိတော့ စာတစ်စောင်ရေး လိုက်ပါတယ်တဲ့။

အဖေ ကျွန်တော့်ဆီကို ``မလာပါနဲ့တော့။ လာရင် ကျွန်တော် ကျောင်းကထွက်ပြီး ရွာကိုပြန်သွားပါ့မယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးပါတဲ့စာ ပေါ့။

အဖေ့ဘဝထဲကို တံခါးတွန်းဖွင့်ပြီး ဝင်သွားမိတဲ့သားဟာ သား ဘာသာပဲ တံခါးကို ပြန်ဆွဲစေ့လိုက်ရပါတယ်တဲ့။ ကဲ-။

ကျွန်မက မောင်မောင်ချိုကို အားပေးတဲ့စကားတွေ အများကြီး ပြောခဲ့ပါတယ်။ အထူးသဖြင့် သမားတော်ကြီး ဇီဝကအကြောင်းကို ပြောခဲ့ပါတယ်။ ကလေးအမေက ပြည့်တန်ဆာဖြစ်နေရုံမက ကလေးကို မွေးပြီးတော့လည်း ပစ်ထားသေးတာ။ သားရဲ့ဘဝက ဒီလောက်မှမဆိုး ဘဲ။ မင့်အမေမှာ အားနည်းချက်တွေ အများကြီးရှိတာအမှန်ပဲ။ ဒါပေမဲ့ မင့်ကို ငယ်ငယ်ကလေးကတည်းက ကျောင်းကိုမနုတ်ခဲ့ဘူး။ ခိုင်းမစားခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ကျောင်းဆက်ထားတယ်။ အခုလည်း ကျောင်းဆက်ထားတယ်။ ဒါဟာ မင့်အမေရဲ့ သတ္တိပဲကွဲ့လို့ ပြောမိပါတယ်။

မောင်မောင်ချိုဟာ ရှင်သန်နေပါတယ်။ (Counselling) နဲ့ ပတ်သက်လို့ ကျွန်မ ညွှန်ကြားရတာမဟုတ်ဘဲ သူ့ဘာသာသူ လုပ်သင့်တဲ့အလုပ်ကို လုပ်သွားပါတယ်။ သူပြောတိုင်းပြောတိုင်း အသံတွေကွဲအက်ပြီး မျက်ရည်ပေါက်ပေါက်ကျရတဲ့ သူ့အမေအိမ်က ထွက်သွားခန်းကို ခဏခဏ ပြန်ပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ လွန်ချင်လို့တဲ့။ အဲဒီလိုခံစားရတာကို လွန်မြောက်ချင်လို့ ခဏခဏပြန်ပြောနေတာ၊ ပြန်ခံစားနေတာပေါ့လေ။ သဘောက။ အဲဒီလိုနဲ့ပဲ လွန်မြောက်သွားပါတယ်။

မောင်မောင်ချိုဟာ အခုအချိန်မှာတော့ ကျွန်မတို့မိသားစုထဲက တစ်ယောက်အဖြစ် ရွှင်ပျကြည်သာစွာ နေနိုင်ပါပြီ။ သားငယ်လေးဟာ ချစ်ခင်စွာ ပြောဆိုဆက်ဆံတတ်ပါတယ်။ ဒီလောက်ခက်ခဲကြမ်းတမ်းတဲ့ ဘဝကလာတဲ့ ကလေးတစ်ယောက်ဖြစ်ပေမယ့် သူ့မှာ ဟာသညဏ်ဘဏ်တိုက်ရှိနေရော့လားလို့ ထင်ရလောက်အောင် ဟာသရသနဲ့ ပြည့်စုံပါတယ်။

ကျွန်မဟာ မောင်မောင်ချို ရယ်စရာပြောတာကို နားထောင်ရင်း တသောသောနဲ့ရယ်သလို အလေးအနက်ပြောတဲ့ စကားများကိုလည်း တစ်နေ့မှာ တစ်ခါနှစ်ခါမက ကြားရပါတယ်။ ဘာကိုမဆို စေ့စပ်သေချာစွာ မြင်တတ်တာ၊ တွေးတတ်တာကလေးတွေကိုလည်း ချီးကျူးချင်စရာကောင်းလောက်အောင် တွေ့ရပါတယ်။

ရှေ့ရေးမှာတော့ သင့်တင့်လျောက်ပတ်တဲ့ အသက်မွေးမှုနဲ့ အသက်မွေးချင်တယ်၊ ပြည့်စုံစွာနေထိုင်နိုင်တဲ့သူ ဖြစ်ချင်တယ်၊ မိသားစုဘဝကို လှပသေသပ်စွာ ဖန်တီးချင်တယ်ဆိုတဲ့ စကားကတော့ ယေဘုယျ စကားပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မေကြီးရေ၊ သားရဲ့ စိတ်နှလုံးသားက မမာကျောနိုင်တော့ သူများဆီက ပိုက်ဆံကို မတရားယူနိုင်မှာ မဟုတ်တာတော့ သေချာပါတယ်။ သမ္မာအာဇီဝမဟုတ်တဲ့နည်းနဲ့လည်း အသက်မွေးနိုင်မှာ မဟုတ်ပါဘူး"

"သေချာတာကတော့ ဆင်းရဲတဲ့လူငယ်တွေ သက်ကြီးရွယ်အိုတွေကို သားစောင့်ရှောက်မယ်ဆိုတာပါပဲ" လို့ မောင်မောင်ချိုက တည်ကြည်လေးနက်စွာ ပြောတတ်ပါတယ်။

ကျွန်မကတော့ ဒီကလေးဟာ ဆင်းရဲခြင်းဒဏ်ကို ကြံ့ကြံ့ခံခဲ့ သလို ချမ်းသာခြင်းဒဏ်ကိုလည်း တစ်ချိန်မှာ ကြံ့ကြံ့ခံနိုင်လိမ့်မယ်လို့ လုံးဝယုံကြည်နေပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ညီထွဋ်

ညီထွဋ်လို့ဆိုလိုက်တာနဲ့ ရော့ခ်ဂီတလောကမှာ ထင်ရှားတဲ့၊ ကျော်ကြားတဲ့ အလင်းလတ်ဆုံး၊ အတောက်ပဆုံး ကြယ်ပွင့်တစ်ပွင့် ဖြစ်သူ ဇော်ဝင်းထွဋ်ဆိုတာ သိတဲ့သူများပါတယ်။ ရေချိုးခန်းမှာတောင် သီချင်း မညည်းတတ်တဲ့ ကျွန်မတောင်မှ ညီထွဋ်ကို သိနေသေးတာပဲ။ အဲဒီလို လူငယ်တစ်ယောက်နဲ့ စကားပြောဖို့ဖြစ်လာတာက ကြိုတင်စီစဉ်ထား တာမဟုတ်ပါဘဲနဲ့ သဘာဝကျကျ အဆင်ပြေပြေ ဖြစ်သွားရတာပါပဲ။

အထူးသဖြင့် မိသားစုကို အလေးထားတဲ့ ချစ်ခင်မြတ်နိုးတဲ့ ညီထွဋ်ကို ကျွန်မက လေးစားနေခဲ့တာ ကြာခဲ့ပါပြီ။ သားအရွယ်၊ သမီးအရွယ်ပေမယ့် ကျွန်မအနေနဲ့ လေးစားတဲ့စိတ်နဲ့ ဆက်ဆံပြောဆိုတဲ့ လူငယ်တွေရှိပါတယ်။ အဲဒီအထဲမှာ ညီထွဋ်ပါပါတယ်။

စကားပြောကြမယ့်နေ့မှာ ညီထွဋ်က ဇနီးနဲ့သားသမီးတို့ကိုပါ ခေါ်ပြီး ကျွန်မတို့အိမ်ကို လာပါတယ်။ ကျွန်မတို့အိမ်က လူကြီးတွေပဲ နေတာဆိုတော့ ကလေးဆိုရင် အလွန်ချီပိုးယုယချင်ကြတာကလား။ အဲဒီတော့ မိသားစုနဲ့လာဖို့ စီစဉ်ခဲ့တဲ့ ညီထွဋ်ရဲ့အစီအစဉ်ကို ကျွန်မတို့ မိသားစုက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။

“သမီးက စာအုပ်နဲ့မျက်နှာ မခွာဘူး။ သားကတော့ အန်တီရေ- အငြိမ်ကိုမနေပါဘူး။ အန်တီတို့တော့ သူ့ကိုလက်ခံရတာ သက်သာမှာ မဟုတ်ပါဘူး” လို့ ညီထွဋ်က ပြောပါတယ်။

ကျွန်မက ကလေးဆိုတာ နေကောင်းရင်တော့ ကစားမှာပဲ၊ ဒါက သဘာဝကျပါတယ်။ ငြိမ်သက်နေတယ်ဆိုရင်တော့ တစ်ခုခုမှား နေပြီသာမှတ်ပေတော့။ နေမကောင်းဖြစ်နေတာလား၊ စိတ်မကြည်မလင် ဖြစ်နေတာလား၊ ရေရှည်မှာ သဘာဝမကျနိုင်တဲ့ကလေး ဖြစ်နေတာလား။ တစ်ခုခုပဲလို့ ပြောမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညီထွဋ်ကတော့ "ကျွန်တော်ဟာ ငယ်ငယ်လေးကတည်းက ဘာမလုပ်ရဘူး၊ ဘာမလုပ်ရဘူးဆိုတဲ့ သတ်မှတ်ချက်တွေနဲ့ နေခဲ့ရတာကို မကြိုက်ခဲ့ပါဘူး။ ဒါကြောင့် သားကိုရော၊ သမီးကိုပါ သိပ်မချုပ်ချယ်ပါဘူး။ အဲဒီတော့ အန်တီမြင်တဲ့အတိုင်းပါပဲ။ အခုအချိန်မှာ သူ့ကို ဘယ်လိုမှ ချုပ်ချယ်လို့မရတော့ပါဘူး" လို့ သားငယ်ကို ချစ်စနိုးလှမ်းကြည့်ရင်း ပြောနေပါတယ်။ ညီထွဋ်ရဲ့ဇနီး မေခိုင်ကတော့ ပြုံးနေတာပါပဲ။

ညီထွဋ်ရဲ့သားကလေးကတော့ ခုန်သရော၊ အော်သရော၊ ကျွမ်းထိုးသရောနဲ့ ကလေးပီပီ သဘာဝကျကျ လှုပ်ရှားနေပါတယ်။ ကျွန်မကလည်း ရှိုကသမ္မာအခန်းတွေကို ဖွင့်ပေးပြီး ဝင်ချင်တဲ့အခန်းကိုဝင်ကွာလို့ ပြောလိုက်ပါတယ်။ ဝါတွင်းမှာ သက်သတ်လွတ်စားကြတဲ့ ညီထွဋ်တို့အတွက် နောက်ဖေးဘက်မှာ သက်သက်လွတ်ခေါက်ဆွဲ ကြော်နေတဲ့ ကျွန်မရဲ့သမီးဆီကို သားကလေးက ဝင်သွားပြီး "အန်တီရေ- မြန်မြန်ချက်နော်၊ သားဆာပြီ" လို့ သွားပြောသတဲ့။

ညီထွဋ်က သားဟာ အိမ်ကိုဧည့်သည်လာရင်လည်း ဧည့်ခံကောင်းတဲ့အကြောင်းကို ပြောပြပါသေးတယ်။ တစ်ခါတော့ ညီထွဋ်တို့ အပြင်ခဏသွားနေတုန်း ဦးကျော်ဟိန်း လာလည်ပါသတဲ့။ အလုပ်ကိစ္စရှိလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ။ ဦးကျော်ဟိန်းက ဧည့်ခန်းထဲမှာထိုင်ပြီး ညီထွဋ်တို့အလာကို စောင့်နေပါသတဲ့။ အဲဒီအချိန်မှာ သားကလေးက ဦးဦးက ဦးကျော်ဟိန်းမဟုတ်လား၊ သားက သိပါတယ်လို့ သွားပြီး နှုတ်ဆက်ပါသတဲ့။

သားကြီးရင် ဘာလုပ်မလဲလို့မေးတဲ့အခါ သားက ကြီးရင် ဇော်ဝင်းထွဋ်လုပ်မယ်လို့ ဖြေတတ်ပါသတဲ့။ မိဘအတွက် အဲဒီထက်ကောင်းတဲ့ အားပေးစကားရှိမယ် မထင်ပါဘူး။ အရေးကြီးဆုံးက သားသမီးဟာ မိဘကို စံလို့မြင်တတ်တဲ့အခါ မိဘက တကယ့်စံဖြစ်နေဖို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သမီးကလေးတော့ မူကြိုကတည်းက အမှတ်အများကြီးရတဲ့ အကြောင်းကို မေခိုင်က ပြောပြပါတယ်။ ညီထွဋ်ကလည်း သူ့သမီးဟာ ကြီးလာရင် စာရေးဆရာများ ဖြစ်မလားမသိဘူး။ စာအုပ်နဲ့မျက်နှာနဲ့ ခွာတယ်လို့လည်း မရှိဘူးတဲ့။ တစ်ခါတော့ သမီးကလေးရဲ့ ဗလာစာအုပ် ထဲမှာ ရေးထားတာကို ညီထွဋ်က ဖတ်ကြည့်ပါသတဲ့။ သမီးက သူ့ သူငယ်ချင်းတစ်ယောက်ကို စိတ်ဆိုးနေပုံပေါ်ပါသတဲ့။ နင်က ငါ့ကို စေတနာမထားဘူး။ နင်ဟာ ဘယ်သူ့သမီးပဲဖြစ်ဖြစ် တစ်ယောက် တည်းနေလို့မရဘူး။ လူဆိုတာ အသိုင်းအဝိုင်းနဲ့နေတာ စသဖြင့်ပေါ့ လေ။ စီကာပတ်ကုံး ခံစားချက်တွေကို ရေးထားတာ တွေ့ရပါသတဲ့။

ကျွန်မကတော့ လူဆိုတာ တစ်ယောက်တည်းနေလို့မရဘူး။ အသိုင်းအဝိုင်းနဲ့နေရတာဆိုတဲ့စကားကို ရှစ်နှစ်သမီးကလေးက သိနေ တာဟာ ညီထွဋ်တို့မိသားစုမှာ ဒီစကားကို ပြောထနေကျဖြစ်မယ်။ လူ အများရဲ့ခံစားမှု၊ လူအများရဲ့ဝိုင်းဝန်းမှု စတဲ့အချက်တွေကို သိနားလည်ဖို့၊ လေးစားဖို့ဆိုတဲ့ အယူအဆတွေကို ကလေးသိနေတယ်ဆိုတာဟာ မိဘ များရဲ့စကား အပြုအမူ စသည်တို့က ရောင်ပြန်ဟပ်တာပဲလို့ ကျွန်မ ယူဆလိုက်ပါတယ်။

ပြီးတော့ သမီးကလေးရဲ့စာအုပ်ထဲမှာ ဘာတွေရေးထားသလဲဆို တာ အရေးတယူ ကြည့်ဖော်ရတဲ့ ဖခင်တစ်ယောက်ဖြစ်နေတာကိုက စိတ်ဝင်စားစရာ ကောင်းလှတယ်လို့ ကျွန်မ ယူဆပါတယ်။

သူကိုယ်တိုင်က အသက် ၃၂ နှစ်သာ ရှိသေးတယ်။ အလွန် လည်း အောင်မြင်နေတယ်။ အလုပ်ကလည်း အလွန်များတဲ့သူဖြစ်တယ်။ ဒါတောင်မှ သားသမီးအတွက် အချိန်ပေးလေ့ရှိတယ်ဆိုတာဟာ တော် တယ်ဆိုတဲ့ စကားလုံးလောက်နဲ့တောင်မှ ချီးကျူးလို့မလောက်ငဲ့ အပြုအမူတစ်ခု ဖြစ်နေပါတယ်။

သားသမီးကလေးတွေရဲ့ အမူအကျင့်ကလေးတွေအကြောင်းကို ပြောပြပြီးတဲ့နောက်မှာတော့ ညီထွဋ်တို့ငယ်ငယ်က စာသင်ခဲ့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းများကို ပြောပါတယ်။ နယ်ကကျောင်းမှာ (ဖေဖေတာဝန်ကျတဲ့နေရာမှာ) နေခဲ့စဉ်က စာတော်ခဲ့ပါတယ်တဲ့။ ရန်ကုန်မြို့က နာမည်ကြီးကျောင်းကို ရောက်လာတော့ အရင်ကျောင်းတုန်းက ပထမ၊ ဒုတိယ၊ တတိယရနေခဲ့တဲ့ ညီထွဋ်တို့ညီအစ်ကိုဟာ အဆင့် ၂၀ ထက် မတက်နိုင်တော့ဘူးဆိုတာကို တွေ့ရပါတယ်တဲ့။ အံ့သြစရာကောင်းတာက စာလည်း လိုက်နိုင်ပါတယ်တဲ့။ ဖြေလည်းဖြေနိုင်ပါတယ်တဲ့။

ကျွန်မကတော့ ကိုယ်တိုင်စိတ်ဝင်စားနေတဲ့ ပညာသင်ကြားရေးဆိုင်ရာ အကြောင်းအရာဖြစ်နေတဲ့အတွက် ညီထွဋ်တို့နဲ့ အဲဒီအကြောင်းကို အချိန်အတော်ကြာကြာကလေးယူပြီး ပြောဖြစ်ခဲ့ပါတယ်။

အချက်အလက်များကို ခေါင်းထဲမှာ အစီအရီထည့်ထားနိုင်အောင်သင်ပေးပြီး အစီအရီ ပြန်ထုတ်နိုင်တဲ့သူက အမှတ်အများကြီးရနေတတ်တာဟာ ပညာရေးစနစ်အမှန်ရဲ့ ရလဒ်မဟုတ်ဘူးဆိုတဲ့ အကြောင်းကို ပြောပြနေမိပါတယ်။

ပြီးတော့ ကလေးတွေ အမှတ်များများမရတာနဲ့ စာညံ့တယ်၊ ပညာမတော်ဘူးလို့ ပြောလို့မရနိုင်တဲ့အကြောင်းကိုလည်း ကျွန်မ ပြောမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ပါရမီကြီးမားတဲ့ ပညာရှင်ကြီးများလို့ ဆိုနိုင်တဲ့ အက်ဒီဆင်တို့၊ အိုင်စတိုင်းတို့လည်း ငယ်ငယ်က စာမတော်ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ မတွေးတောရဘဲ ကျက်စာကို နှုတ်တိုက်ကျက်ရတာကို သူတို့ မကြိုက်ကြလို့ပါပဲလို့ ကျွန်မ ပြောမိပါတယ်။

ညီထွဋ်က ပြောပါတယ်။ သူ့ဖေဖေနဲ့ မေမေကို သိပ်ကျေးဇူးတင်ပါတယ်တဲ့။ မင်းတို့အမှတ်ကောင်းကောင်းရအောင် လုပ်ရမယ်။ ဆရာဝန်ဖြစ်အောင် လုပ်ရမယ်လို့ တိုက်တွန်းခဲ့ရင် သူတို့လည်း ကြိုးစားရမှာပဲတဲ့။ ညီထွဋ်တို့ဖေဖေက သူကိုယ်တိုင်ဆရာဝန်ဖြစ်ပေမယ့် အဲသလို မတိုက်တွန်းပါဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ညီထွဋ်ကတော့ မိဘနှစ်ပါးစိတ်ချမ်းသာအောင် ၁၀ တန်းအောင်တဲ့အထိ စာကြိုးစားခဲ့ပါတယ်။ ၁၀ တန်းအောင်တော့ အမှတ်က မကောင်းပါဘူး။ ဒါပေမဲ့ သူ့စိတ်ထဲမှာ သူလုပ်ရမယ့်အလုပ်ကို ရွေးပြီးသား ဖြစ်နေပါပြီ။ သူဟာ ဂီတကို သူ့အသက်မွေးဝမ်းကျောင်းလုပ်ငန်း အနေနဲ့ အစောကြီးကတည်းက ရွေးပြီးသား ဖြစ်နေပါပြီ။ ဒါပေမဲ့ တက္ကသိုလ်ကို ဆက်တက်ခဲ့ပါသေးတယ်။ သတ္တဗေဒနဲ့ ဘွဲ့ရခဲ့ပါတယ်။

ညီထွဋ်ရဲ့ သူငယ်ချင်းတွေကတော့ စာကို အထူးကြိုးစားပြီး ဆေးကျောင်းကို ရောက်ကုန်ကြပါသတဲ့။ ဆရာဝန်ဖြစ်ပြီး ထူးချွန်သထက် ထူးချွန်သွားတဲ့သူတွေရှိသလို ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ်မနှစ်ခြိုက်နိုင်ဘဲ လူလတ်ပိုင်းကျကာမှ ဘာလုပ်ရမလဲလို့ ညီထွဋ်တို့ဆီ လာပြီး တိုင်ပင်ကြတဲ့သူများလည်း ရှိပါတယ်တဲ့။

ညီထွဋ်တို့နဲ့ စပ်မိလာတဲ့စကားလမ်းကြောင်းအတိုင်း လိုက်ပြီး ပြောတော့ ကိုယ့်ကိုင်းညွှတ်မှုကို ကိုယ်မသိတတ်တဲ့သူတွေ၊ သိပါလျက်နဲ့ ကိုယ့်ဘာသာကိုယ် လုပ်ချင်ရာကို ရဲရဲဝံ့ဝံ့ မရွေးဘဲ ဘဝလမ်းမှာ ကမောက်ကမဖြစ်သွားရတဲ့သူတွေ အဲဒီလိုလူတွေအကြောင်းကို ကျွန်မရဲ့ ပတ်ဝန်းကျင်မှာ ဘယ်လိုကြုံခဲ့ရတယ်ဆိုတာ အတော်များများ ပြောပြလိုက်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ပြန်မပြောတော့ပါဘူး။ ညီထွဋ်ရဲ့ အကြောင်းကိုသာ ဆက်ပြီးတင်ပြလိုပါတယ်။

*

ညီထွဋ်တို့ ဇနီးမောင်နှံ ကျွန်မတို့အိမ်ကို ပထမအကြိမ်လာ ကတည်းက သူတို့ဟာ ဝါတွင်းမှာ သက်သတ်လွတ်စားတယ်ဆိုတာ သိလိုက်ရပါတယ်။ အဲဒီအချိန်ကတည်းက သိပ်တော်တဲ့ကလေးတွေပဲလို့ ဆိုပြီး ချစ်ခင်စိတ်ပေါ်ပြီးသား ဖြစ်ပါတယ်။ ဒီတစ်ခါ သားကလေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



သမီးကလေး အပါအဝင် မိသားစုကိုတွေ့ရတော့ ပိုပြီးဝမ်းသာအားရ ဖြစ်မိပါတယ်။ အထူးသဖြင့် သားကလေးက ကလေးပီပီ ထမင်းစားပွဲမှာ ဆော့ကစားလိုစိတ်နဲ့ စားနေတာကို အေးအေးသက်သာ ရင်ဆိုင်ကြတဲ့ ညီထွဋ်တို့ ဇနီးမောင်နှံကိုကြည့်ပြီး အတော့်ကို အပြောနဲ့အလုပ်ညီတဲ့ လူငယ်တွေပဲလို့ မှတ်ယူလိုက်ပါတယ်။ တချို့က အိမ်ရှင်ကို အားအနာလွန်ပြီး ကလေးကို အတင်းကွပ်ညှပ်တတ်တာကိုး။ အခုတော့ ကလေးကလည်း သဘာဝကျကျ၊ လူကြီးကလည်း သဘာဝကျကျပါပဲ။

စားသောက်ပြီးကြတော့ မေခိုင်က စိတ်ပူရှာပါတယ်။ စကားပြောမယ်လို့လာပြီး မပြောဖြစ်နိုင်မှာစိုးလို့ပေါ့။ ဘယ်လိုပြောမလဲလို့ သူ့ခင်ပွန်းကို မေးပါတယ်။ အမှန်ကတော့ မစားခင်ကတည်းက စကားပြောတဲ့အလုပ်ကို လုပ်နေခဲ့ပြီးကြပါပြီ။ အဲဒါကြောင့် ကျွန်မက ညီထွဋ်ရဲ့ သားသမီးများအပေါ်မှာထားတဲ့ သဘောထား၊ သူ့ဘဝရှေ့ရေးပေါ်မှာထားခဲ့တဲ့သဘောထား စတဲ့အကြောင်းတွေကို ချပြီးရေးနိုင်တဲ့အထိ သိသွားခဲ့တာပါပဲ။

စကားပြောတယ်ဆိုတာ အဲသလို သဘာဝကျကျပဲ ကောင်းပါတယ်။ စားသောက်ပြီးတဲ့အချိန်မှာလည်း အေးအေးသက်သာ အနေအထားနဲ့ စကားဆက်ကြပြန်ပါတယ်။

ညီထွဋ်က သူ့အဖေရဲ့ဝါသနာကြောင့် အစောကြီးကတည်းက တီးမှုတ်သီဆိုတဲ့ အသိုင်းအဝိုင်းမှာ ကျင်လည်ခဲ့ပါတယ်။ ညီထွဋ်မေမေကလည်း နာမည်ကျော်အဆိုတော်‘ထား’ပေကိုး။ ပြီးတော့ အဘိုးဖြစ်သူက ‘ရွှေတိုင်ညွန့်’၊ အဘေးဖြစ်သူက ‘ဆရာဦးကြင်ခဲ’။ အဲသလို မျိုးရိုးဗီဇနဲ့လာသလို (ဗီဇက ရှင်သန်နေသလို) ဖခင်ဖြစ်သူက တေးဂီတကို ဝါသနာကြီးပြီး ဂီတဝိုင်းတွေကိုဖိတ်၊ အဆိုတော်တွေကိုဖိတ်ပြီး တီးကြမှုတ်ကြ ဆိုကြနဲ့ နေလာခဲ့ကြတာဆိုတော့ ညီထွဋ်ရဲ့ ဝါသနာကလည်း ရင့်သန်ဖို့ အခြေအနေက ရှိနေခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သား ဘယ်အချိန်ကတည်းက သီချင်းဆိုတာလဲ" လို့ ကျွန်မက မေးတဲ့အခါ ညီထွဋ်က ကျွန်တော် သုံးတန်းကတည်းက တီးဝိုင်းနဲ့ စတူဒီယိုထဲမှာ စပြီးဆိုခဲ့ပါတယ်လို့ဖြေတော့ ကျွန်မ အံ့ဩသွားပါတယ်။ ညီထွဋ်က ရှင်းပြပါတယ်။ သူ့ဖေဖေဟာ အင်္ဂလန်နိုင်ငံမှာ အဲဒီအချိန်က ရောက်နေတော့ မိသားစုကိုလွမ်းတာနဲ့ မိသားစုရဲ့သီဆိုဟန်ကို ကြားချင်ပါတယ်လို့ လှမ်းပြီးစာရေးလိုက်ပါတယ်တဲ့။ အဲဒါနဲ့ ညီထွဋ်ရဲ့မေမေထားက အကျအန တီးဝိုင်းငှား၊ စတူဒီယိုငှားပြီး အသံသွင်းကြတာပါပဲတဲ့။

အဲသလို ဝါသနာကို ဖွံ့ဖြိုးစေနိုင်တဲ့ အခွင့်အရေးတွေ ရလာခဲ့တဲ့ ညီထွဋ်ဟာ သီဆိုလိုက်၊ တီးမှုတ်လိုက်နဲ့ အတော်ဟန်ကျနေပါတယ်တဲ့။ အသံကလည်း ငါးတန်းလောက်အထိတော့ ပုံမှန်ပါပဲတဲ့။ နောက်ပိုင်း အသံက ကွဲလာတယ်ဆိုတော့ ဒါဟာ ကြီးကောင်ဝင်စအရွယ် အသံပြောင်းတာပဲလို့ ပထမပိုင်းမှာ တွေးခဲ့ကြပါတယ်။ နောက်တော့ အသံဟာ ဆက်ပြီးကွဲနေတာကို သိလာရပါတယ်တဲ့။ လည်ချောင်းမှာ တစ်ခုခု ဖြစ်နေတာလားဆိုပြီး ဆေးရုံကိုတောင် တစ်ခါသွားပြီး စစ်ဆေးကြည့်ကြပါသေးတယ်တဲ့။ ဆေးရုံက လည်ချောင်းရောင်နေရင် အရောင်ကျအောင် ကီးမို့စ်လို ဆေးတောင့်ပေးလိုက်လို့ သောက်ရပါသေးသတဲ့။ ဒါပေမဲ့ အသံကတော့ ကွဲမြဲကွဲနေခဲ့ပါတယ်တဲ့။

ညီထွဋ်က သူ့အသံနဲ့ပတ်သက်ပြီး အစောပိုင်းမှာ သိပ်မခံစားရပေမယ့် မိသားစုလေးယောက်စလုံး သီချင်းဆိုပြီး အသံသွင်းကြည့်တော့ သူ့အသံက သိပ်ဆိုးနေတာနဲ့ အမြဲတစေ ညာတာတတ်တဲ့ သူ့ဖေဖေကတောင် ဟာ- ဒီကောင့်အသံကဆိုးလိုက်တာ၊ ဖျက်ပစ်ခဲ့လို့ ပြောတဲ့အထိ ဖြစ်သွားပါတယ်တဲ့။ ညီထွဋ် သိပ်ခံစားရတာပေါ့လေ။

"အစောပိုင်းတုန်းကတော့ ကျွန်တော် ဒီလောက်မခံစားရသေး ပါဘူး။ ကိုယ့်ဘာသာကိုယ် ဂီတာကလေးတီးလိုက် သူများသီချင်းသွင်း

www.burmeseclassic.com

www.burmeseclassic.com



တာကို နားထောင်လိုက်နဲ့ နေနေတာပေါ့လေ။ ဒါပေမဲ့ ကိုယ်တိုင် သီချင်းဆိုချင်စိတ်ကလည်း ရှိနေပါတယ်။ ဂီတဆရာတွေကလည်း နဂိုကတည်းက ရင်းနှီးကြတာဆိုတော့ စ ကြတာပေါ့လေ။ ချစ်စနိုးနဲ့ စ ကြတာပါ။ မင်းရဲ့အသံနဲ့သာဆိုလိုက်ရရင်တော့ တိုက်ဆောက်နိုင်မှာ ပဲ။ ခဏကလေးနဲ့ကို ဆောက်နိုင်မှာတဲ့။ အဲဒီလို စကားစကြတဲ့အခါ ကျွန်တော် ဘာမှ ပြန်မပြောပေမယ့် သိပ်စိတ်ဆင်းရဲပါတယ်။ အဲဒါ ကြောင့် သူများသီချင်းဆိုတဲ့အချိန်မှာ အိပ်ချင်ယောင်ဆောင်နေပါတယ်။ ခံစားနေရတာပေါ့ခင်ဗျာ။

ညီထွဋ်ကပဲ အပြောကောင်းလို့လား၊ ကျွန်မကပဲ ကူးယူခံစား တတ်လို့လား၊ နှစ်ခုစလုံးကြောင့်ပဲ ဖြစ်နိုင်ပါတယ်လေ။ အဆိုဝါသနာ ကြီးရှာတဲ့ ကလေးတစ်ယောက် အသံကွဲအက်နေလို့ စိတ်ဒုက္ခရောက် နေတာကို ကျွန်မ ကူးယူခံစားနိုင်ပါတယ်။

ညီထွဋ် သိပ်ခံစားနေရတာကို သူ့အစ်ကိုက သိပါတယ်။ အဲဒီ တော့ သူတို့ဖေဖေကို ညီထွဋ်နဲ့အတူ ဝိုင်းပြီးပူဆာပေးပါတယ်တဲ့။ ညီထွဋ်ကို စီးရီတစ်ခု ထုတ်ပေးဖို့ပေါ့လေ။

အဖေဖြစ်သူကလည်း မူလကတည်းက ဂီတကို ဝါသနာထုံသူ၊ သားသမီးကို ညှာတာတဲ့သူဆိုတော့ သားတို့ရဲ့ပူဆာမှုကို အလိုလိုက်ခဲ့ ပါတယ်။ အစ်ကိုဖြစ်သူက ညီကလေးကို အခွေထုတ်ပေးဖို့ အဖေ့ကို ပူဆာပေးတာကလည်း သိပ်ကောင်းတဲ့ မေတ္တာစေတနာ ပြယုဂ်ပါပဲ။

မာကျူရီညဆိုတဲ့ အခွေထွက်သွားတဲ့အခါမှာ စီးပွားရေးအရရော၊ အနုပညာအရပါ မအောင်မြင်ပါဘူး။ အနုပညာကို ဝေဖန်ရေးလုပ်တဲ့ မဂ္ဂဇင်းတစ်အုပ်ကဆိုရင် ညီထွဋ်ကို အတော်ကလေး ချိုးချိုးဖဲ့ဖဲ့ ဝေဖန် ထားတယ်လို့လည်း ဆိုပါတယ်။ အဲဒီတော့ ညီထွဋ်က အသက်ကလည်း ငယ်သေး၊ သူ့ဘာသာသူလည်း အတွင်းကြိတ်ခံစားနေရတဲ့သူဆိုတော့ အဲဒီဝေဖန်ချက်ကို အခံရခက်စွာနဲ့ လက်ခံရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အဲဒီလိုခံစားနေရတဲ့အချိန်မှာ တစ်နေ့တော့ ကုမုဒြာတေးသံသွင်းကို ရောက်သွားပါတယ်။ အဲဒီတေးသံသွင်းမှာ ကျွန်တော့အတွက် စာတစ်စောင်ရောက်နေပါတယ်။ ကျွန်တော်က ဘာစာပါလိမ့်ဆိုပြီး ဖောက်ဖက်လိုက်တော့ စာကို အစချီထားပုံက 'ကိုဇော်ဝင်းထွဋ်ခင်ဗျား'တဲ့။ ကျွန်တော့သီချင်းခွေကို နားထောင်ပြီး သဘောကျတဲ့အတွက် သူ့ဇာတ်ကားတစ်ခုဖြစ်တဲ့ ညိုမကိုပြောလိုက်ပါဆိုတဲ့ ဇာတ်ကားရဲ့ ဇာတ်ဝင်သီချင်းတစ်ပုဒ်ကို ဆိုပေးစေချင်ပါတယ် ခင်ဗျားလို့ ရေးထားတာကို ဖတ်လိုက်ရပါတယ်။ လက်မှတ်ကြည့်လိုက်တော့ လေးစားလျက်- ကျော်ဟိန်းတဲ့။ ဟာ- ကျွန်တော် အတော့်ကို ဝမ်းသာသွားပါတယ်။ အများစုက ကျွန်တော့်ကို ပြင်းပြင်းထန်ထန်ထိုးနှက်နေတဲ့အချိန်မှာ ဦးကျော်ဟိန်းက ကျွန်တော့သီချင်းတွေကို ကြိုက်သတဲ့ အန်တီ၊ ကျွန်တော် အားရှိသွားလိုက်တာဗျာ။ ဒါကလည်း သဘာဝကျပါတယ်။ ကျော်ဟိန်းလိုလူတစ်ယောက်က လေးလေးစားစားနဲ့ စာရေးလိုက်တာ ခံရတော့ ကိုယ့်ကိုယ်ကို ကျေနပ်မိ အားတက်မိပါတယ်။ သူ့ကိုလည်း တော်တော်လေးစားမိပါတယ်။

ကျွန်တော်ဟာ ကျွန်တော့ကို စိတ်အားတက်စေခဲ့တဲ့ ဦးကျော်ကို ကျေးဇူးရှင်လို့ သဘောထားပါတယ်။ အလေးထားပါတယ်အန်တီ" လို့ ညီထွဋ်ရှိက ပြောတဲ့အခါမှာ အချိန်အတော်ကြီးကြာမှ အဲဒီအကြောင်းကို ကြားရတဲ့ ကျွန်မတောင်မှ ဝမ်းသာရပါတယ်။

"ဦးကျော်နဲ့ ကိုယ်တိုင်လည်း တွေ့ပါသေးတယ်။ ၃၃ လမ်းထဲမှာ ဦးကျော်က သူ့တပည့်တွေနဲ့ လျှောက်လာပါတယ်။ ကျွန်တော့ကို မြင်တော့ သူက လှမ်းပြီး လက်ယပ်ခေါ်ပါတယ်။ ကျွန်တော် သူ့ဆီပြေးသွားတော့ သူက ကျွန်တော့ပခုံးကို ဖက်လိုက်ပြီး လမ်းဘေးက အုတ်ခုံတစ်ခုံမှာ သွားထိုင်ကြပါတယ်။ ဦးကျော်က ကျွန်တော့ကို မင်းကြိုးစားတဲ့။ တစ်နေ့ကျရင် မင်းတို့ခေတ်ကို ရောက်လာမှာပဲတဲ့။ ကျွန်တော် အဲဒီလိုစကားတွေကို ကြားရတာ သိပ်အားရှိသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညီထွဋ်ရဲ့ မာကျူရီညာ၊ လမ်းသစ်နဲ့ ကြယ်တံခွန်ဆိုတာက အခွေသာထွက်သွားတာပါ။ အစောပိုင်းကပြောသလို စီးပွားရေးအရရော၊ အနုပညာအရပါ အောင်မြင်တယ်လို့ မဆိုနိုင်ပါဘူး။

ကျွန်မရဲ့ သားတစ်ယောက်ကတော့ အဲဒီပထမအခွေတုန်းက ကိုဇော်ဝင်းထွဋ် ဘာတွေဆိုထားမှန်းကို မသိတာလို့ ပြောပါတယ်။ ဒါပေမဲ့ ဦးကျော်ဟိန်းလိုပုဂ္ဂိုလ်က ညီထွဋ် ဘာတွေဆိုထားတယ်ဆိုတာကို နားလည်တယ်လေ။ ကျွန်မကတော့ အနုပညာရှင်တစ်ယောက်က (ကြီးတဲ့သူ အောင်မြင်မှုကို ရထားပြီးသားသူ) အဲဒီလို တက်သစ်စတွေအတွက် အရေးတယူလုပ်တာကို အားပေးတာကို အလွန်ကျေးဇူးတင်စရာကောင်းတဲ့ အပြုအမူလို့ မှတ်ယူပါတယ်။ မိမိနဲ့ တိုက်ရိုက်ပတ်သက်ခြင်းမရှိတာတောင်မှ ဝမ်းသာအားရ ဖြစ်ရပါတယ်။ ကျေးဇူးတင်ရပါတယ်။ ကျွန်မတို့လူကြီးတွေအနေနဲ့ ဘယ်လောက်အလုပ်များများ လူငယ်ကလေးတွေ စိတ်အားတက်စေမယ့် အပြောအဆို အပြုအမူများအတွက် အချိန်ရအောင် ပေးသင့်တယ်လို့ ထင်ပါတယ်။

နောက်ပြီး လူတိုင်းလူတိုင်း လုပ်သမျှအလုပ်တွေဟာ အောင်မြင်မယ်၊ ကောင်းမယ်လို့ ဘယ်မှာပြောနိုင်ပါ့မလဲ။ ဒါပေမဲ့ မအောင်မြင်တဲ့အလုပ်ကလည်း အလဟဿ ဖြစ်မသွားပါဘူး။ အောင်မြင်မှုရအောင် ကြိုးစားတဲ့အခါမှာ ဘယ်လိုအလုပ်တွေကို ရှောင်ကြည်သင့်သလဲဆိုတဲ့ အသိကို ပေးနိုင်ခဲ့လို့ အကျိုးများစေနိုင်ပါတယ်။

ညီထွဋ်ရဲ့အဖြစ်က သီချင်းတွေကို မဆိုတတ်တာမဟုတ်ပါဘူး။ အသံကွဲအက်နေတာက ပြဿနာဖြစ်တာပါ။ အဲဒီအချက်ကလည်း အရေးအကြီးဆုံးအချက်ပါပဲ။ သူဟာ သီချင်းတိုင်းကို သီဆိုလို့မရနိုင်တော့ဘူးဆိုတာကို တွေးမိမှာပါပဲ။ ဒီအသံကြောင့် ခက်လိုက်တာ။ ငါတော့ သီချင်းဆိုလို့ရတော့မှာ မဟုတ်ပါဘူးဆိုတဲ့ စိတ်အားလျော့ပါဒမှုမျိုးရှိတဲ့ လူငယ်ဆိုရင်တော့ ညီထွဋ်ဟာ ရှော့ခ်ကြယ်ပြောင်တစ်လုံးဘဝကို ဘယ်တော့မှ ဘယ်မှာရောက်ခဲ့ပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ညီထွန်းကတော့ သူသီချင်းဆက်ပြီးဆိုနိုင်ဖို့ သူနဲ့လိုက်မယ့်သံစဉ်များကို စဉ်းစားပြီး ရှာဖွေရပါတယ်လို့ ပြောပါတယ်။ အဲဒီလို ကိုယ်နဲ့လိုက်မယ့် သံစဉ်ကို ရှာဖွေတယ်ဆိုကတည်းက အန်တုတာ၊ ရုန်းကန်တာ၊ ဖောက်ထွက်တာပဲ ဖြစ်ပါတယ်။ ဒါတွေဟာ အင်အားပါတဲ့ အလုပ်များပါပဲ။

*

၁၉၈၅ ဒီဇင်ဘာမှာ ညီထွန်းဟာ တစ်ဘဝလုံးအတွက် အလွန်ကြီးမားတဲ့အပြောင်းအလဲနဲ့ ကြုံခဲ့ရပါတယ်။ ညီထွန်း မေခိုင်ကို ခိုးပြေးခဲ့တာပါပဲ။ အဲဒီအကြောင်းကို ညီထွန်းနဲ့ မေခိုင်က ကျွန်မကို ပြောပြနေတဲ့အချိန်မှာ သူတို့ကလေးကလေးနှစ်ယောက်ဟာ ဧည့်ခန်းကြမ်းပြင်ပေါ်မှာ ပိုးလိုးပက်လက်ကလေးတွေ အိပ်ပျော်နေပါတယ်။ မေခိုင်ကို လှမ်းလှမ်းမေးရင်း စကားဆက်ပြောလို့။

ညီထွန်းနဲ့ မေခိုင်တို့ နှစ်ယောက်ပေါင်းပြီး ပြောတဲ့စကားအရ သူတို့ဟာ မမျှော်လင့်ဘဲ ခိုးပြေးမိကြတာပါတဲ့။ ညီထွန်းက အသက် ၂၂နှစ်။ ဒါပေမဲ့ အဲဒီအသက်ထက်ပိုပြီး ကလေးဆန်နေပါသေးသတဲ့။ ဘာကြောင့်လဲဆိုတော့ မိသားစုမပါဘဲ ဘယ်ကိုမှ မသွားဖူးဘူးဆိုတော့ မန္တလေးကို မီးရထားစီးပြီး ခိုးပြေးတဲ့ သူတို့ရဲ့ခရီးဟာ ဘာနဲ့တူသလဲဆိုတော့ ကလေးနှစ်ယောက် အိမ်ကထွက်ပြေးတာလို ဖြစ်နေပါတယ်။ အဝတ်တစ်ထည်၊ ကိုယ်တစ်ခုစီနဲ့။ ထိုင်ခုံပေါ်မှာ ချမ်းချမ်းနဲ့ကွေးပြီး ထိုင်နေကြရင်း အတွေးကိုယ်စီနဲ့ပေါ့။ အတွေးများကိုလည်း အကြောက်တရားက ကြီးစိုးလို့ပေါ့။

မေခိုင်ကို ညီထွန်း ခိုးပြေးတဲ့ညက ညီထွန်းတို့မိသားစု မြို့တော်ခန်းမရှေ့မှာ အဘိုးရွှေတိုင်ညွှန့်ရဲ့ သီချင်းတွေကို သီဆိုကြရမယ့်ည ဖြစ်ပါတယ်။ အမျိုးသားနေ့ပွဲတော်မှာ အထူးသီဆိုကြရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်အရေးကျမှ ညီထွဋ်ပျောက်သွားတော့ သူတို့ဖေဖေက စိတ်ဆိုးတာပေါ့။ အဲဒါနဲ့ သူ့မိတ်ဆွေတွေကို တယ်လီဖုန်းဆက်ထားပါတယ်။ မန္တလေးကို ပြေးမှာပဲဆိုပြီး မန္တလေးက မိတ်ဆွေကို မှာထားပါ မိတ်ဆွေတွေက မီးရထားဘူတာရုံမှာ လာပြီး စောစောင့်နေကြပါတယ်။

ညီထွဋ်နဲ့ မေခိုင် ရထားပေါ်ကနေပြီး တွန့်ဆုတ်ဆုတ်ပုံကလေးတွေနဲ့ ဘူတာထဲလည်း ဆင်းသွားရော ဖေဖေ့မိတ်ဆွေတွေက ဆီးဖမ်းပြီး ရထားပေါ်ကိုပြန်တင်၊ ပြီးတော့ သူတို့ပါ ရန်ကုန်ကို ပြန်လိုက်ခဲ့ကြပါတယ်။

အိမ်ကိုရောက်တော့ မိန်းကလေးကိုလည်း သူ့အိမ်ကိုသူပြန်ပို့လိုက်ပါတယ်။ ညီထွဋ်ကိုလည်း ဖေဖေက ဘာလုပ်ချင်သလဲပြောလို့ မေးပါသတဲ့။ ညီထွဋ်က ဘာမှမပြောပါဘူးတဲ့။ အဲဒီလို မပြောဘဲနေတာကိုက သူလုပ်ချင်ရာကို ရအောင်လုပ်တော့မယ်ဆိုတာ ဆုံးဖြတ်ချက်ချထားပြီးသား ဖြစ်နေတာကိုး။ လူငယ်လူရွယ်များရဲ့ မိဘများ၊ အုပ်ထိန်းသူများ သတိထားရမယ့်အချက်ပဲ ဖြစ်ပါတယ်။

နောက်တစ်ခါ မေခိုင့်ကို ခိုးပြေးတော့ ကြို့ပင်ကောက်ကို ခိုးပြေးကြပါတယ်။ အရင်တစ်ခါလိုပါပဲ။ အိမ်က ဘာမှမယူခဲ့ကြပါဘူးတဲ့။ အရင်တစ်ခါထက်သာတာကတော့ စုတ်တံသုံးလေးချောင်းကို ယူခဲ့ကြတာပါပဲ။ ညီထွဋ်က ပန်းချီလည်းဆွဲတာကိုး။

ညီထွဋ်က အိမ်ထောင်ကျသွားလို့ ဘဝတစ်ဆစ်ချိုးဖြစ်တာတင်မကပါဘူး။ သူတို့ခိုးပြေးတဲ့အိမ်က ညီထွဋ်တို့ကို ဇာလီတောင် ဆရာတော်ဘုရားကြီးဆီကို ခေါ်သွားတာကလည်း အကောင်းဘက်ကို မြင့်တက်လာစေတဲ့ အဖြစ်တစ်ခုပါပဲ။

“ဆရာတော်ကြီးဟာ အလွန့်ကို ထူးခြားတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ ဆရာတော်ကြီးရှေ့မှာ လူတွေကလည်း အများကြီးပဲ။ ကျွန်တော်နဲ့

www.burmeseclassic.com

www.burmeseclassic.com



မေခိုင်တို့ကလည်း ဟိုးအနောက်မှာ ကုပ်ကုပ်ကလေးတွေ ထိုင်ပြီး လက်အုပ်ကလေးတွေ ချီလို့ပေါ့။ အဲဒီအချိန်မှာ ဆရာတော်ကြီးက ကျွန်တော်တို့ကို လက်ညှိုးထိုးပြီး ဟော့- မင်းသား ရှေ့ကိုတိုးခဲ့စမ်းလို့ ခေါ်ပါတယ်။ ကျွန်တော်ဟာ မအောင်မြင်တဲ့ အခွေနှစ်ခွေသာ ထုတ်ရ ပါသေးတယ်။ ကျွန်တော့ကို လူအများက မသိကြသေးပါဘူး။ ဒါပေမဲ့ ရှေ့ဘက်ကိုတိုးသွားတဲ့ ကျွန်တော့ကို ဆရာတော်ကြီးက မင်းသားတဲ့။ မင်းသား မင်းလုပ်ထားတဲ့အလုပ်တွေ အောင်မြင်စေချင်ရင် ငါအခုပြော တာတွေကို လုပ်၊ ဒါနဲ့ မင်းအရက်သောက်တယ်မဟုတ်လားလို့ မေး တော်မူလိုက်ပါတယ်။ ကျွန်တော် မေခိုင်နဲ့မရခင်က သိပ်အရက်သောက် တာ အန်တီရဲ့၊ အဲဒီတော့ သောက်ပါတယ်ဘုရားလို့ လျှောက်ရတာ ပေါ့။ အဲဒီတော့ ဆရာတော်ကြီးက အေး-မင်းအရက်ကို မသောက်နဲ့ တော့။ မင်းလုပ်ချင်တာတွေ အကုန်အောင်မြင်မယ်လို့ အမိန့်ရှိလိုက်ပါ တယ်။ မင်းအရက်ကို လျှော့မယ်မဟုတ်လားလို့ မေးလိုက်တော့ တင်ပါ့ ဘုရား၊ လျှော့ပါ့မယ်လို့ ပြန်ပြီးလျှောက်လိုက်ပါတယ်။

အဲဒီကတည်းက အရက်ပြတ်သွားတာပါပဲ။ တစ်ခါတလေ ခရစ်စမတ်မှာ သူငယ်ချင်းတွေကိုအားနာလို့ နည်းနည်းပါးပါး သောက်မိ တာကလွဲလို့ ကျွန်တော် အရက်မသောက်တာ ကြာပါပြီ။ ကျွန်တော့ ကိုယ်ကျွန်တော် အဲဒီအတွက် အလွန်ကျေနပ်မိပါတယ်။ ဆရာတော် ကြီးရဲ့ကျေးဇူးဂုဏ်ကိုလည်း အလွန်လေးစားကြည်ညိုမိပါတယ်။

*

အိမ်ထောင်လည်းကျပြီ။ အရက်လည်းပြတ်ပြီ။ တကယ့်ကို ကြီးမားတဲ့ တစ်ဆစ်ချိုးအကွေ့များနဲ့ ကြုံတွေ့ရတဲ့ ညီထွဋ်။ ဘာတွေ ဆက်လုပ်ပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးကတော့ သူတို့ထွက်ပြေးတာ ကိုးရက်၊ ဆယ်ရက်ရှိလာတဲ့အထိ ဘယ်ကိုလိုက်ရှာရမှန်းမသိဖြစ်နေတဲ့ မိဘများထံကို ပြန်လာကြတာပါပဲ။ ပြန်မလာခင်မှာ ကြို့ပင်ကောက်က သူငယ်ချင်းက အနုပညာသည် မလုပ်ချင်ပါနဲ့၊ စီးပွားရေးလုပ်ရအောင်ပါ။ သိပ်ချမ်းသာလာတဲ့အခါ ကြိုက်တဲ့အဆိုတော် ငှားပြီး ဆိုခိုင်းလို့ရတာပါပဲ လို့ ပြောပါသတဲ့။ နောက်ပြီး ညီထွဋ်ကို အနုပညာအပေါ်မှာ သံယောဇဉ်ပြတ်သွားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခွေငှားဆိုင်တစ်ဆိုင်ကို ခေါ်သွားပါသတဲ့။ အဲဒီမှာ ဇော်ဝင်းထွဋ်အခွေ ရှိသလားလို့မေးတော့ မရှိဘူး။ ဇော်ဝင်းရှိန်တော့ ရှိတယ်လို့ ဖြေပါသတဲ့။

ညီထွဋ်ရဲ့သူငယ်ချင်းကတော့ ကဲ- ငါမပြောလားဆိုတဲ့ သဘောနဲ့ ရယ်တာပေါ့။ ညီထွဋ်ကတော့ ဘာပဲဖြစ်ဖြစ် သီချင်းပဲဆက်ဆိုမယ်ဆိုတဲ့သဘောနဲ့ ဆုံးဖြတ်ချက်နဲ့ မေခိုင်ကိုခေါ်ပြီး ရန်ကုန်ကို ပြန်ခဲ့ပါတယ်။

ရန်ကုန်ပြန်ရောက်တာတောင်မှ အိမ်ကို တန်းမပြန်ဝံ့သေးတော့ အသိတစ်ယောက်အိမ်မှာ ဝင်တည်းပြီး အိမ်ကို ဖုန်းဆက်ရပါတယ်တဲ့။ ဖေဖေက ကရုဏာဒေါသောနဲ့ ပြန်မခေါ်ကြနဲ့ ဘာညာနဲ့ပြောပေမယ့် အားလုံးက ဖေဖေပြန်ခေါ်ချင်နေတာကို သိတာကြောင့် ညနေပိုင်းမှာ ဦးလေးတွေ၊ အဒေါ်တွေက ညီထွဋ်တို့ကို လာခေါ်ပါသတဲ့။

"ကျွန်တော်တို့နှစ်ယောက်စလုံး ခပ်ကုပ်ကုပ်ကလေးတွေ နေကြပါတယ်။ အိမ်က ကျွန်တော်တို့ကို မင်္ဂလာကိစ္စနဲ့ပတ်သက်ပြီး ဘာမှလည်း လုပ်မပေးကြပါဘူး။ မျက်နှာသာလည်း မပေးခဲ့ပါဘူး။ ကျွန်တော်က ပိုက်ဆံလိုချင်ရင် ပို့စ်ကတ်ကလေးတွေ ဆွဲပါတယ်။ အဲဒီလိုနေလာရင်း ကျွန်တော်ဘာသာကျွန်တော် ကြယ်တံခွန်ဆိုဖို့ ပြင်ဆင်နေခဲ့ပါတယ်"

ညီထွဋ်ဘဝမှာ အရေးအကြီးဆုံး ကိစ္စများကတော့ တစ်ခုပြီး တစ်ခုဖြစ်နေတော့တာပါပဲ။ သူတို့ အိမ်ပြန်ရောက်ပြီး လေးလလောက်

www.burmeseclassic.com

www.burmeseclassic.com



အရမှာ ညီထွန်းရဲ့ဖေဖေ ဆေးရုံတက်ရပါတယ်။ ဆေးများတာလို့ ပြောရမှာပါပဲ။ ညီထွန်းတို့ဖေဖေဟာ ဆေးရုံမှာ ၃ လနဲ့ ၁၀ ရက်ကြာအောင် နေခဲ့ရပါတယ်။ စိတ်အလွန်ဆင်းရဲရတဲ့ကာလပဲလို ညီထွန်းက ပြောပါတယ်။ အဖေနဲ့ သားကတော့ အလွန်လိုက်ဖက်ညီနေတာပါပဲ။ ညီထွန်း သီဆိုထားတဲ့ ကြယ်တံခွန်ကို သူ့ဖေဖေမဆုံးခင် ကက်ဆက်နားကြပ်ကလေးနဲ့ နားထောင်သွားရသေးတော့ ညီထွန်းက နည်းနည်းတော့ ဖြေနိုင်တဲ့ပုံပါပဲ။

ညီထွန်းတို့ဖေဖေ ဆုံးခါနီးမှာ သိပ်စိတ်ဆင်းရဲရတဲ့အကြောင်းတွေကို ပြောပြတော့ ကျွန်မ ကောင်းကောင်းကိုယ်ချင်းစာနိုင်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူမမာကို ဘယ်လိုကယ်ရပ့်မလဲလို့ တွေးရတာဟာ မနိုင်တော့မှန်းသိနေတဲ့ တိုက်ပွဲကြီးကို တိုက်နေရတာကိုး။ အဲဒီအတွေ့အကြုံ ကျွန်မမှာလည်း ရှိနေခဲ့ပါတယ်။

ညီထွန်းတို့ ဖေဖေ ဆုံးပါးပြီး ငွေရေးကြေးရေးကစပြီး အစစအဆင်မပြေ ဖြစ်လာပါတယ်။ မိသားစုရပ်တည်ရေးအတွက် အလုပ်တစ်ခုတော့လုပ်မှ လုပ်ကြမှဖြစ်မယ်ဆိုတဲ့အသိ အားလုံးမှာ ရှိပါတယ်။ ညီထွန်းတို့မေမေဟာ အနုပညာသည်ပဲ။ စီးပွားရေးကို ဘယ်မှာနားလည်ပ့်မလဲ။ ဒါပေမဲ့ ရှိစုမဲ့စုကိုထုခွဲပြီး ညီထွန်းတို့မိသားစု ခရီးသည်တင်ဟီးနိုးကားကြီးတစ်စီးကို ထောင်ခဲ့ကြပါသေးသတဲ့။

ညီထွန်းပြောတဲ့စကားတွေထဲမှာ ညီထွန်း အလုပ်မရွေးဘဲ လုပ်တတ်တဲ့သဘာဝက ပေါ်လွင်နေပါတယ်။ အဆိုတော်တစ်ယောက်ပေမယ့် ဘတ်စ်ကားစပယ်ရာလည်း လုပ်ခဲ့တာပါပဲတဲ့။ ကားနဲ့ပတ်သက်လို့ လုပ်စရာကိစ္စတွေကို နေရာမရွေး ခြေသိမ်းခေါင်းပိုင်းလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီကားလုပ်ငန်းကို ဆက်မလုပ်နိုင်တော့ပါဘူး။ တစ်ဖက်က အကောင်းဆုံးတေးများ၊ ရော့ခ်တဈေနဲ့ ရှင်သန်ခြင်းဆိုတဲ့ အခွေတွေ ထွက်ဖို့ ကြိုးစားနေခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးတေးများကို လာဝယ်တဲ့သူလည်း ရှိပါတယ်။ ညီထွဋ်ကလည်း အဘက်ဘက်က မွန်းကျပ်နေတဲ့အချိန်ဆိုတော့ အဲဒီအခွေကို ကုန်ကျတဲ့အရင်း သုံးသောင်းသာပေးတော့ဆိုပြီး ရောင်းလိုက်ပါတယ်။ ရသွားတဲ့သူကတော့ အလွန်အကျိုးရှိသွားတာပါပဲ။

မိသားစုအတွက် ငွေရှာရမယ်ဆိုတဲ့အသိနဲ့ ညီထွဋ်တို့ ညီအစ်ကို နှစ်ယောက် နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ကြပါသေးတယ်။ ဂျပန်မိတ်ဆွေတစ်ယောက်က ကမကထလုပ်ပြီး ခေါ်တာပါပဲ။ ဒါပေမဲ့ ညီထွဋ်တို့က အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ကျွမ်းကျင်တဲ့သူတွေမှမဟုတ်ဘဲ၊ အနုပညာသည်တွေပဲ။ အဲဒီတော့ ဂျပန်မိတ်ဆွေက သူ့အလုပ်ရုံမှာ အလုပ်ပေးပါတယ်။

သစ်သားတွေကို သံရိုက်တဲ့အလုပ်ကို နားအချိန်မရှိ နေ့စဉ်ရက်ဆက် လုပ်နေရတာကို ညီထွဋ် စိတ်ပျက်လာပါတယ်။ အဲဒီတော့ ၂ လအကြာမှာ ညီထွဋ်တို့ညီအစ်ကို ဂျပန်က ပြန်ခဲ့ကြပါတယ်။ ဂျပန်မိတ်ဆွေကလည်း အစစအရာရာမှာ အဆင်ပြေအောင် ကူညီလိုက်ရှာပါတယ်။

ညီထွဋ်တို့ညီအစ်ကိုဟာ ထိုင်းမှာ ခဏနေခဲ့ကြပါသေးတယ်။ ဘာလုပ်ရမလဲဆိုတာ စူးစမ်းလေ့လာရင်း နေခဲ့ကြတာပါပဲ။

အဲဒီလို ညီထွဋ်တို့ နိုင်ငံခြားမှာရောက်နေကြတုန်း ညီထွဋ်ရဲ့ အခွေဟာ အခုခေတ်စကားနဲ့ပြောရင် ပေါက်ကုန်ကြပါတယ်။ ပေါက်တာမှ အတော့်ကို ပေါက်ကြတာပါပဲ။ အကောင်းဆုံးတေးများလည်း ပေါက်တယ်။ ရော့ခ်တစ္ဆေက နည်းနည်းအလွှမ်းမိုးခံရတာပေါ့ စတဲ့ သတင်းတွေကို ညီထွဋ်ရပါတယ်။

ညီထွဋ်ရဲ့အပေါင်းသင်းများက ညီထွဋ်ကို အမြန်ပြန်လာခဲ့ပါ။ စတော့ချ်ရှိုးဆိုဖို့လည်း ချိန်းထားပြီးပြီလို့ အကြောင်းကြားတာနဲ့ ညီထွဋ်တို့ညီအစ်ကိုလည်း ပြန်လာခဲ့ကြပါတယ်တဲ့။ အဲဒီအချိန်ကစပြီး ညီထွဋ်

www.burmeseclassic.com

www.burmeseclassic.com



ဟာ သူနှစ်သက်ခုံမင်မြတ်နိုးတဲ့ အနုပညာလမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာ ရောက်ရှိသွားခဲ့ပါတော့တယ်။

*

အခုအထိ ပြောပြခဲ့တဲ့အကြောင်းတွေကတော့ ရော့ခ်ကြယ်ပြောင်တစ်လုံးဖြစ်တဲ့ ညီထွဋ်ရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်း ဖြစ်ပါတယ်။ ညီထွဋ်ရဲ့အကြောင်းကိုတော့ အနည်းနဲ့အများ သိတဲ့လူ များပါလိမ့်မယ်။ ကျွန်မ ကိုယ်ရေးရာဇဝင်လောက်ကိုသာ တင်ပြချင်တဲ့သူ မဟုတ်ပါဘူး။ ဘယ်လိုလူငယ်နဲ့ပဲ စကားပြောပြော၊ သူ့နှလုံးသား၊ သူခံစားမှု၊ သူ့ဝိညာဉ်ကို မြင်အောင်ကြိုးစားပါတယ်။

ညီထွဋ်ဟာ အလွန်ခေတ်မီတဲ့လူငယ်၊ ထို့အတူ ခေတ်မီတဲ့လူငယ်များ အားကျအတုယူရတဲ့ အနုပညာသည်၊ အဲဒီလို လူငယ်တစ်ယောက်မှာ ဘယ်လိုအတွေးတွေရှိတယ်။ ဘယ်လိုခံစားမှုတွေရှိတယ်။ ဘယ်လိုမျှော်လင့်ချက်တွေရှိတယ် ဆိုတာကို ကျွန်မ သိချင်ပါတယ်။ အားလုံးသိအောင်လည်း တင်ပြလိုပါတယ်။

ညီထွဋ်နဲ့ စာအကြောင်း၊ ပေအကြောင်းကစပြီး ပြောဖြစ်ပါတယ်။ ညီထွဋ်က "ကျွန်တော် ဆရာမင်းသိခ်ရဲ့ စာတွေကို ကြိုက်ပါတယ်။ အသက် ၁၆ နှစ်ကနေ ၂၄ လောက်အထိ သဲသဲမဲမဲဖတ်ခဲ့တဲ့အထဲမှာ ဆရာမင်းသိခ်ရဲ့စာတွေ ဘာကြောင့် အများကြီးပါနေသလဲဆိုတော့ သူ့စာတွေထဲက ယောက်ျားတွေဟာ စံထားလောက်တဲ့သူတွေဖြစ်လို့ပါပဲ။ ထက်မြက်တယ်။ စွန့်ရဲတယ်။ စွန့်ရဲတယ်လို့ဆိုတဲ့နေရာမှာလည်း စွန့်စားရဲတာတင်မကပါဘူး။ ကိုယ်ကျိုးကို စွန့်လွှတ်ပြီး အနစ်နာခံရဲတယ်။ ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်တယ် စတဲ့ ခေါင်းဆောင်အရည်အချင်းတွေကို သူ့ဇာတ်လိုက်တွေမှာ ဘယ်လိုပြည့်စုံတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ဇာတ်လမ်း၊ ဇာတ်ကွက်နဲ့ ဖန်တီးထားနိုင်လို့ပါပဲ။ စနေမောင်မောင်ဆိုရင် ကျွန်တော် သိပ်ကြိုက်တာပါပဲ" လို့ ပြောပါတယ်။

ကဗျာဆန်ဆန်ပြောရရင် အဲဒီစကားစကလေးထဲမှာ ညီထွဋ်ရဲ့ ဝိညာဉ်အရိပ် ပါနေပြီဖြစ်ပါတယ်။ ဆရာမင်းသိခ်ဟာ သူ့ဇာတ်လမ်းတွေမှာ သဘာဝထက် နည်းနည်းပိုကဲပြီး ကွက်ကွက်ကွင်းကွင်းဖြစ်အောင် အသက်သွင်းနိုင်တယ်လို့ကျွန်မက ပြောမိပါသေးတယ်။ ကျွန်မက ဆရာနဲ့တွေ့ဖူးတော့ လူအနေနဲ့လည်း ခင်မင်စရာကောင်းတယ်လို့ ပြောတော့ ညီထွဋ်က ကျွန်တော် တစ်ခါမှမတွေ့ဖူးသေးပါဘူး။ တွေ့ဖူးချင်ပါတယ်လို့ ပြောပါတယ်။ စာပေနဲ့ဆိုင်တဲ့စကားကို ဆက်ပြောရင်း ညီထွဋ် သိပ်ကြိုက်တဲ့ စာအုပ်တစ်အုပ်အကြောင်းကို ရောက်သွားပြန်ပါတယ်။ အဲဒီစာအုပ်ကတော့ ဆရာရန်ကုန်ဘဆွေရဲ့ မြန်မာပြည်သားပဲ ဖြစ်ပါတယ်။ ဟာ- ဒါကတော့ ကြိုက်ရမှာပေါ့ကွယ်လို့ ကျွန်မကပြောပြီး အဲဒီဇာတ်လမ်း အခြေပြုထားတဲ့ သမိုင်းကြောင်းကို သိချင်ရင် ပြောပြပါမယ်လို့ဆိုပြီး ကုန်းဘောင်ခေတ်က စစ်ရေးစွမ်းရည် အမြင့်မားဆုံးကာလမှာ ဖြစ်ပွားခဲ့တဲ့ မန်ချူး-မြန်မာစစ်များအကြောင်းကို ပြောပြရပါသေးတယ်။

နောက်တော့ ဆရာနန္ဒရဲ့ သမိုင်းနောက်ခံစာအုပ်တွေအကြောင်းကို ပြောပြဖို့ ကျွန်မက စကားစမိပါတယ်။ စမိရုံရှိပါသေးတယ်။ ညီထွဋ်က ငါ့သွေး ငါ့သား ငါ့ဧရာဝတီလို့ ရွတ်လိုက်ပါတယ်။

ကျွန်မကတော့ စာပေသင်ကြားပို့ချတဲ့ အသိုင်းအဝိုင်းကလူတွေတောင်မှ မဖတ်လို့မဖြစ်တဲ့ စာကလွဲရင် အပြင်စာလို့ခေါ်ကြတဲ့ သုတစာပေ၊ ရသစာပေတွေကို မဖတ်ဘဲနေနေတာကို တွေ့ရတာ များခဲ့ပြီဆိုတော့ ညီထွဋ်ရဲ့ စာဖတ်အားကို အလွန်ကျေနပ်မိပါတယ်။

ညီထွဋ်က အဲဒီလို စာတွေဖတ်ရင်း သူအားကျသင့်တဲ့သူတွေကို ရွေးချယ်တတ်တယ်ဆိုတော့ ညီထွဋ်လို ခေတ်လူငယ်အများစုကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့က (အထူးသဖြင့်) ရှေးဆန်တဲ့သူ ခေတ်သစ်ဆိုရင် မယုံကြည်ရဲတဲ့သူ၊ ယုံကြည်ရမှာ မဝံ့ရဲတဲ့သူတွေအဖို့ စိတ်ချမ်းသာစရာ၊ စိတ်သက်သာစရာ ကောင်းလှပါတယ်။

လူငယ်ဆိုတော့ လမ်းသစ်ကို တီထွင်မှာပါပဲ။ ဒါပေမဲ့ လမ်းဟောင်းတွေ အစဉ်အလာကောင်းတွေကို သိနားလည်ထားတဲ့သူတွေ ဖြစ်နေဖို့ပဲ အရေးကြီးပါတယ်။ အစဉ်အလာကို ထိန်းတယ်လို့ဆိုတာနဲ့ ရှေ့ကိုမတိုးဘဲ နေလို့မှမရဘဲ။

ညီထွဋ်ရော မေခိုင်ရော ကျွန်မရဲ့စာတွေကို ကြိုက်တယ်လို့ဆိုတဲ့ အခါမှာ ကျွန်မ ဝမ်းသာရပါတယ်။ ညီထွဋ်က“ရာဇဝင်ထဲက မိန်းမသား” ကို ကြိုက်တာဟာ သူဖတ်ဖူးတဲ့ ရာဇဝင်စာအုပ်တွေနဲ့ မတူလို့ ပါပဲလို့ ပြောပါတယ်။ ရာဇဝင်စာအုပ်တွေထဲမှာ လေးလံစွာ (လေးနက်စွာလို့လည်း ပြောလို့ရပါတယ်။) ပြောပြတဲ့အကြောင်းတွေကို ကျွန်မက ခံစားရ၊ နားလည်ရလွယ်ကူအောင် ရေးသားတင်ပြထားလို့ပဲ ညီထွဋ်က ပြောပါတယ်။

အဲဒီလို စာကြောင်းပေကြောင်းတွေကိုပြောရင်း ကြားကဖြတ်ဖြတ်ပြီး ညီထွဋ်တို့ကို ကျွန်မက ရာဇဝင်ကြောင်းတွေကို ပြောပြမိတာကတော့ မနည်းလှပါဘူး။ ဒီအကြောင်းတွေကိုတော့ ထားခဲ့သင့်တယ်လို့ ထင်လို့ ထားခဲ့ပါတယ်။

ညီထွဋ် စာဖတ်အားကောင်းတဲ့ကိစ္စကနေပြီး ညီထွဋ်ရဲ့ ပန်းချီဆရာဘဝအကြောင်းကို ဆက်ပြီးပြောပြလိုက်ချင်ပါတယ်။ အနုပညာကို ဝါသနာထုံတဲ့သူ၊ ထူးချွန်တဲ့သူတွေဟာ အမြင်မကျဉ်းမြောင်းပါဘူး။ ဆက်စပ်ပတ်သက်ရာရာကို နားလည်ခံစားတတ်ပါတယ်။ ဖန်တီးတတ်ပါတယ်။

ကျွန်မက ပန်းချီပညာနဲ့ပတ်သက်ရင် မျဉ်းကြောင်းတောင်မှ ဖြောင့်အောင်မရေးတတ်ခဲ့ပါဘူး။ ဒါပေမဲ့ ပြတိုက်တကာကိုလည်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားတွေကို ထမင်းမေ့ ဟင်းမေ့ ကြည့်တတ်ပါတယ်။ သူများ ဖန်တီးထားတာကို အရသာခံရတာကိုက နည်းတဲ့အရသာမှ မဟုတ်ပါပဲ ကလား။ ညီထွဋ်ကတော့ ကိုယ်တိုင်ပန်းချီဆရာ၊ သိပ်အားကျစရာ ကောင်းတဲ့သူငယ်။

အဲဒီအထဲမှာမှ "အန်တီ ပုဂံဘုရားတွေ၊ ဥပမာ အာနန္ဒာလို ဂူဘုရားတွေပေါ်မှာ စေတီသေးသေးကလေးတွေနဲ့ ထီးတင်ထားတာ ဘာကြောင့်ပါလဲ။ ကျွန်တော် ပန်းချီဆွဲတဲ့အခါမှာ ဆွဲလို့မရပါဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ။ အဆက်အစပ်မမိဘဲ ဖြစ်နေတယ်" လို့ ညီထွဋ်က မေးမေးပြောပြော ပြောပါတယ်။

ကျွန်မက "ညီထွဋ်ရေ- ပုဂံကဘုရားတွေဟာ ၇၅ ခုမှာမှ ငလျင်ဒဏ်ကို ခံရတာမဟုတ်ဘူး။ အစောပိုင်းကတည်းက ခံခဲ့ရပါတယ်။ ပြိုကျခဲ့ကြဖူးပါတယ်။ အဲဒီအချိန်မှာ ပြန်လည်ပြုပြင်ကြတာပေါ့ကွယ်။ အဲသလိုပြန်လည်ပြုပြင်တဲ့အခါမှာ အင်းဝခေတ်ကျတော့ စေတီတော်မှာ ထီးတင်တဲ့အလေ့ကလည်း ရှိနေပါပြီ။ အဲဒီတော့ ပြိုကျသွားတဲ့ မူလအထွတ်နေရာမှာ မြန်မာဆန်ဆန် စေတီပေါက်ပြီး ထီးတင်ခဲ့ကြတာပေါ့။

ပုဂံဘုရားများရဲ့ မူလပုံမှာတော့ စေတီတို့၊ ထီးတို့ မပါဘူးပေါ့။ အထွက်ဆိုတာပဲ ပါတာပေါ့။ သိခရ-ဆိုတဲ့ အထွတ်မျိုးပေါ့" လို့ ကျွန်မက ရှင်းပြပါတယ်။ ညီထွဋ်က ချက်ချင်းသဘောပေါက်ပါတယ်။ အပယ်ရတနာဘုရားက အထွတ်မျိုးပေါ့ အန်တီလို့ မေးပါတယ်။ ကျွန်မက ဟုတ်ပါတယ်။ ပုံကတော့ အနည်းနဲ့အများ ကွဲပါတယ်။ အလွယ်တကူပြောတဲ့အနေနဲ့ ပြောရရင် ပန်းကန်ပြားလေးတွေ ထပ်ပြီးစီထားသလိုမျိုး၊ ကြာဖူးအထွတ်မျိုးဆိုသလို အမျိုးမျိုးကွဲတာတော့ ရှိပါတယ်လို့ ပြောရပါတယ်။

အဲဒီလို ဆွေးနွေးကြတဲ့ အကြောင်းအရာတွေကြောင့် ညီထွဋ်ကို ကျွန်မ ပိုပြီးလေးစားသွားရပါတယ်။ သူဟာ ပုဂံဗိသုကာနဲ့ပတ်သတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သီဝရီကို မဖတ်ဖူးပါဘူး။ ဒါပေမဲ့ သူသိနေပါတယ်။ ခံစားနေပါတယ်။ အဲဒါကြောင့် ပန်းချီဆွဲရင်း မူလပုံမဟုတ်လို့ ကာရန်မညီဖြစ်နေတဲ့ ဂူဘုရားတွေရဲ့ပုံကို ဆွဲလို့ကိုမရဘူးတဲ့။ ရွှေစည်းခုံပုံတော်ကိုလည်း ဆွဲလို့မရပါဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ရွှေချထားတဲ့အတွက် အိုဟောင်းတဲ့ရသကို ခံစားလို့မရတော့ဘူးပေါ့။ ညီထွဋ်က အိုခြင်းဟောင်းခြင်းထဲက အလှတရားကို ခံစားချင်တာကိုး။ ဩော်- လူငယ်တွေမှာ ဘယ်လိုမှ မမျှော်လင့်တဲ့အကျင့်တွေ၊ အရည်အသွေးတွေ ရှိနေတတ်တယ်ဆိုတာ ခေတ်ရှေ့ပြေး ရှော့ခ်ကြယ်ပြောင် ညီထွဋ်ရဲ့ အိုဟောင်းလွန်းသော အလှတရားကို မြတ်နိုးပုံက ပြသနေပါတော့တယ်။

အခုပြောတဲ့အချက်တွေဟာ ညီထွဋ်နဲ့ ကျွန်မ ပြောခဲ့သမျှထဲက အတိုချုပ်ပြီး တင်ပြခဲ့တဲ့အချက်တွေ ဖြစ်ပါတယ်။ ညီထွဋ်ရဲ့ အနုပညာဟာ ခေတ်ရေစီးကြောင်းနဲ့အညီ ဖြစ်နေတယ်လို့ဆိုပေမယ့် ပေါ်ပင်လိုက်ပြီး ခေတ်အကြိုက်ကို ဆောင်ရုံမျှသာ ဦးတည်ချက်ထားတဲ့ အနုပညာ မဟုတ်ဘူးဆိုတာ သိရတဲ့အတွက် ကျွန်မ အားတက်ပါတယ်။

ကျွန်မကို ညီထွဋ်နဲ့ပတ်သက်လို့ ဖွဲ့လိုက်တာ၊ ဆွေမတော် မျိုးမစပ်နဲ့ ညီထွဋ်အတွက် ဘာကြောင့် အားတက်ရပြန်လာပါလိမ့်လို့ ပြောချင်တဲ့သူများ ရှိကောင်းရှိပါလိမ့်မယ်။ ကျွန်မဟာ လူငယ်တွေ တော်ရင် သူတို့ရဲ့အနာဂတ်နဲ့ တစ်ထပ်တည်းကျနေတဲ့ နိုင်ငံရဲ့အနာဂတ် အတွက် အားတက်စိမြဲဆိုတာ ကျွန်မရဲ့စာများက သက်သေပြနေပါ တယ်လို့ပဲ ဖြေရမှာ ဖြစ်ပါတယ်။

*

ညီထွဋ်အကြောင်းကိုပြောရင် 'မဟာ'အကြောင်းကို ချန်ခဲ့လို့ မဖြစ်ပါဘူး။ ကျွန်မက ဂီတတို့၊ သီချင်းတို့ကို သိပ်အကျွမ်းလှပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ညီထွဋ်ရဲ့ အခွေများကိုသာမက ခေတ်လူငယ်များရဲ့ အခွေများကိုပါ မျက်ခြည်ပြတ်ပါတယ်။

ဒါပေမဲ့ မဟာကို ရလာတဲ့အခါ ကျွန်မတို့တစ်အိမ်သားလုံး အထပ်ထပ်ပြန်ပြီး နားထောင်ရပါတယ်။ ကျွန်မလည်း ဘယ်နှခါပဲ ပြန်ပြီး နားထောင်ရထောင်ရ ကျေနပ်ပါတယ်။ သားသမီးများက အမေကြီးရဲ့ ထူးခြားမှုကို အံ့ဩကြလို့ပေါ့လေ။

စာသားက မြသန်းစံ၊ ဖွဲ့ဆိုထားတဲ့အကြောင်းက ပုဂံ။ သီဆိုသူနဲ့ သံစဉ်သွင်းသူက ညီထွဋ်။ အဲဒီမဟာခွေကို နားထောင်ရင်း ညီထွဋ်က ပေါက်ကွဲသံစဉ်နဲ့ ဆိုထားတာမှန်ပေမယ့် မဟာဆိုတဲ့ စကားလုံးကို တစ်ခါနဲ့တစ်ခါမတူအောင် အသံမထပ်အောင် သီဆိုထားတာကို သတိထားမိပါတယ်။ ဘယ်လောက်ပဲအော်အော် ကရုဏာသံပါနေတာကို ခံစားမိပါတယ်။

အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်မက ညီထွဋ်ကို မေးမိပါတယ်။ မဟာကို သီဆိုတဲ့အခါ ကရုဏာသံတွေပါနေတာ တွယ်တာမြတ်နိုးတဲ့အသံပါနေတာဟာ ဘာကြောင့်လဲ။ ညီထွဋ်ရဲ့အတတ်ပညာစွမ်းကြောင့်လားဆိုတဲ့ မေးခွန်းကို မေးမိတာ ဖြစ်ပါတယ်။ ကျွန်မရဲ့မေးခွန်းက နည်းနည်းတော့ ခွကျနေမလား မသိပါဘူး။

ညီထွဋ်က ပထမပိုင်းမှာ မြန်မာသံစဉ်များနဲ့ စတင်ရင်းနှီး ခဲ့သူ၊ မြန်မာသီချင်းများကို စတင်သီဆိုခဲ့သူ ဖြစ်တယ်လို့ ပြောပါတယ်။ ကျွန်မက မြန်မာသံစဉ်ကို သီဆိုတာမဟုတ်ဘဲ ကရုဏာသံပါနေတာကို ထပ်ပြီးမေးမိပါတယ်။ ထပ်ပြီး အထူးပြုမေးမိတာကို ပြောပါတယ်။ အဲဒီတော့ ညီထွဋ်က "ပုဂံနဲ့ပတ်သက်လို့ ဆိုရတာ အသက်ပါတာပေါ့ အန်တီ၊ ကျွန်တော်က ပုဂံကို အလွန်တွယ်ငြိတဲ့သူ ဖြစ်ပါတယ်။"

"ကျွန်တော် ပုဂံကို ခဏခဏသွားပါတယ်။ သွားတဲ့အခါတိုင်းမှာလည်း ချစ်တဲ့သူတွေကိုပါ အပါခေါ်သွားချင်ပါတယ်။ အဲဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပုဂံကိုသွားတဲ့အခါတိုင်း မေခိုင့်ကိုရော ကလေးနှစ်ယောက်ကိုရော အပါခေါ်သွားလေ့ရှိပါတယ်။ ကားပေါ်ကို အဝတ်အစားတွေအပြင် ကျွန်တော်တင်တာကတော့ ပန်းချီဆွဲတဲ့ စုတ်တံတို့၊ ဆေးတို့ပါပဲ။ ပန်းချီအတွက် လိုအပ်သမျှပေါ့ အန်တီ” လို့ ပြောပါတယ်။

ကျွန်မက “သြော်၊ အဲဒါကြောင့်လည်း ပုဂံကိုသွားရတာ အိမ်ကို ပြန်ရသလိုပါပဲလို့ ပြောကြတာပေါ့။ ပုဂံကိုသွားရတာ အိမ်ကိုပြန်ရတာနဲ့ တူတယ်ဆိုတော့ ချစ်တဲ့သူတွေကို ခေါ်သွားချင်တာ သဘာဝပေါ့။ ပြီးတော့ ပုဂံက သာသနိကအဆောက်အအုံတွေနဲ့ ပတ်သက်လို့ ဘာမှ မသိဘူးပဲထားဦး။ ပုဂံ ရှေးဟောင်းအဆောက်အအုံတစ်ခုရှေ့မှာရပ်ပြီး စူးစိုက်ကြည့်လိုက်တာနဲ့ ကိုယ်နဲ့ဆိုင်တယ်ဆိုတဲ့ ခံစားမှုကို ခံစားရတတ်ပါတယ်။ ပြီးတော့သမိုင်းဆိုင်ရာအချက်အလက်တွေကိုသာ ရေရေရာရာ မသိတာ။ အာရုံထဲမှာတော့ သိပ်သိ၊ သိပ်ရင်းနှီးနေသလို ခံစားရတယ် မဟုတ်လား”လို့မေးတော့ ညီထွေးက “ဟုတ်ပါတယ် အန်တီ၊ ကျွန်တော် မဟာကိုဆိုနေရင်း ရုပ်ပုံတွေကို မြင်နေရပါတယ်။ ရှင်သန်လှုပ်ရှားနေတဲ့ ရုပ်ပုံတွေပါပဲ” လို့ ပြောပါတယ်။

ကျွန်မစိတ်ထဲမှာ ညီထွေးဟာ အတတ်ပညာစွမ်းနဲ့ မဟာကို ဆိုတာမဟုတ်ဘဲ ခံစားမှုကို နက်နက်ရှိုင်းရှိုင်း အရင်းတည်ပြီးဆိုတာပါ ဆိုတဲ့ အချက်ကို သိလိုက်ရလို့ အထူးဝမ်းသာပါတယ်။ ပုလဲဆိုတာ သဘာဝပုလဲအစစ်မှ ပိုပြီးအဖိုးတန်တယ်မဟုတ်ပါလား။ အခုလည်း အဲသလိုပါပဲ။

နောက်တော့ ကျွန်မနဲ့ ညီထွေးတို့ဟာ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်တဲ့ အလောင်းမင်းတရားကြီးအကြောင်းကို ဆက်ပြီး ပြောကြပြန်ပါတယ်။ ညီထွေးက တတိယမဟာကို သီဆိုတဲ့အခါ အပြင်းစားသံစဉ်များကို အသုံးပြုထားပါတယ်တဲ့။ သူ့ရဲ့ကိုင်ပိုင်သံစဉ်တွေပါပဲ။

အဲဒါမှန်မှမှန်ပါ့မလား မသိဘူးလို့ ညီထွေးကပြောတော့ ကျွန်မက အလောင်းမင်းတရားကြီးရဲ့အကြောင်းကို ပြောမိပါတယ်။ ပြောပြတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းစုံကိုတော့ ရေးမပြတော့ပါဘူး။ ဒါပေမဲ့ အလောင်းမင်းတရား ဟာ သူ့နယ်၊ သူ့ဒေသမှာ တာဝန်ကျေပွန်တဲ့ ဒေသခံခေါင်းဆောင်တစ်ယောက်အဖြစ် ဘယ်အချိန်ကစပြီး အများကို ဦးဆောင်ခဲ့သလဲတော့မသိပါဘူး။ အသက် ၂၂ နှစ်မှာ မင်းလောင်းလို့ သမုတ်ခံရတော့တာပါပဲ ဆိုတဲ့ အကြောင်းကစပြီး ထီးဖြူမဆောင်းရသေးတဲ့ မင်းအဖြစ်ကို ရတဲ့ အချိန်မှာ အသက် ၃၇နှစ်ရှိပြီဖြစ်တဲ့အကြောင်း၊ ထီးဖြူဆောင်းတဲ့မင်း အဖြစ် နန်းစံအသက်က ၁၇၅၂ က ၁၇၆၀ အထိ ၈ နှစ်သာကြာတဲ့ အကြောင်းကို ဆက်ပြီးပြောရပါတယ်။

အဲဒီလို တိုတောင်းတဲ့အချိန်အတွင်းမှာ မြန်မာနိုင်ငံကို ကျူးကျော်ဖို့ စတင်ပြင်ဆင်နေတဲ့ အင်္ဂလိပ်တို့နဲ့ ပြင်သစ်တို့ကို အပြတ်တားဆီးရတဲ့အကြောင်း၊ ၁၆၀၀ ပြည့်နှစ်ကတည်းက မြန်မာပိုင် တနင်္သာရီ ဒေသအောက်ပိုင်းကို ကျူးကျော်ထားတဲ့ အိမ်နီးချင်းနိုင်ငံရဲ့လက်ထဲက မိမိတို့ပိုင်နက်နယ်မြေကို ပြန်ပြီးတိုက်ခိုက်ယူခဲ့ရတဲ့အကြောင်းတွေကို ခပ်သုတ်သုတ်ပြောရပါတယ်။ ပြီးတော့မှ ညီထွဋ်ရေ အဲဒီလောက် လှုပ်ရှားရုန်းကန်ရတဲ့ ဖြစ်ရပ်တွေကို သားအနေနဲ့ သရုပ်ဖော်ရင် ပေါက်ကွဲသံစဉ်နဲ့သာ လိုက်တော့မှာပေါ့လို့ ပြောရပါတယ်။

ညီထွဋ်ဟာ ကျွန်မရဲ့ ရာဇဝင်စကားများကို စူးစူးစိုက်စိုက် နားထောင်ဖော်ရတဲ့အတွက် ကျွန်မဝမ်းသာပါတယ်။ ကျွန်မတို့ လူကြီးများအနေနဲ့ ထက်မြက်တဲ့လူငယ်များကို လက်ဆင့်ကမ်းလိုက်ချင်တဲ့ အသိအမြင်တွေရှိပါတယ်။ အဲဒီအပေါ်မှာ ခေတ်နဲ့လိုက်လျောတဲ့ အတွေးများကို သူတို့ကိုယ်တိုင် တွေးနိုင်ကြဖို့ လိုအပ်ပါတယ်။

အလောင်းမင်းတရားကြီးရဲ့အကြောင်းကို ပြောတိုင်း ကြက်သီး မြမြထတဲ့အထိ စိတ်ဓာတ်တက်ကြွပါတယ်လို့ ညီထွဋ်ကို ပြောမိပါတယ်။ ညီထွဋ်ကလည်း သူသိထားတဲ့ ရွှေတိုင်ညွန့်လို ဦးကြင်ခဲလို အဘိုးအဘေးက တစ်ဆင့်ထက်တစ်ဆင့်တက်ပြီး ကြည့်လိုက်ရင် သူမသိ

www.burmeseclassic.com

www.burmeseclassic.com



မမီလိုက်ပေမယ့် သူအဖို့ သေချာတာက ဘိုးဘေးဘီဘင်တွေဟာ မြန်မာကြီးပဲ။ သူတို့ရဲ့သွေးတွေပါတဲ့ ကျွန်တော့အနေနဲ့ အန်တီပြော တာကို နားထောင်ရင်း လှုပ်ရှားနေတဲ့ရုပ်ပုံတွေ(ရှင်သန်နေတဲ့ရုပ်ပုံတွေ) ကို မြင်လာတာပါပဲတဲ့။

*

ညီထွဋ်ရဲ့အကြောင်းကို ညီထွဋ်ပြောပြတဲ့ ဘဝအမြင်နဲ့ နိဂုံးချုပ် ချင်ပါတယ်။ ကျွန်မတို့ တစ်ညနေတွေ့ဆုံပြီး ပြောကြတဲ့စကားဝိုင်း အတွက် နိဂုံးချုပ်ကို ဆိုပါတယ်။

ညီထွဋ်ရဲ့ ဘဝအမြင်ကို နိဂုံးချုပ်မှာမှ မပြောပေမယ့် ပြော ကြတဲ့အခါတုန်းကတော့ အစောပိုင်းမှာ ပြောခဲ့တာ၊ အလယ်ပိုင်းမှာ ပြောခဲ့တာတွေပါ။ ကျွန်မက အမှတ်ထင်ထင်ပြောချင်လို့ နိဂုံးချုပ်မှာမှ ပြောတာပါ။

ညီထွဋ်ရဲ့ အဆိုတော်ဘဝအစမှာတုန်းက မြို့ကြီးတစ်မြို့ကို စတေ့ချ်ရှိုးဆိုဖို့ သွားရပါတယ်။ မင်းသားကြီးတစ်ယောက်နဲ့အတူ သွား ရတာပါ။ မင်းသားကြီးကို ပရိသတ်က တစ်ပုဒ်ပြီးတစ်ပုဒ် ပွဲတောင်းခဲ့ ကြပါတယ်။ မင်းသားကြီးက မဆိုနိုင်တော့အောင် အသံတွေနာနေပါပြီ လို့ တောင်းပန်တဲ့အခါမှာ စင့်မြင့်ပေါ်ကို လျက်ဆားပုလင်းတွေ၊ လျှာ ပွတ် ဆေးပုလင်းတွေ တက်လာပါသတဲ့။ လူတွေက ဆက်ဆိုနိုင်ဖို့ အားပေး ကြတာပါ။

အဲဒီမင်းသားကြီး အဲဒီလိုအောင်မြင်နေတဲ့အချိန်မှာ ညီထွဋ်လည်း တက်သွားရော ဟေ့ကောင်- တစ်ပုဒ်ပဲဆိုလို့ ဆီးပြီးအော်တာကို ခံရပါ သတဲ့။ ညီထွဋ်က ငယ်လည်းငယ်သေးတော့ သိပ်ကြောက်သွားတာပေါ့။ တစ်ပုဒ်ပဲဆိုတာတောင်မှ အော်တယဟစ်တာ ခံရသေးသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



နှစ်တွေခြားသွားပြီး ညီထွင့်ရဲ့အခွေများအောင်မြင်လာတဲ့အချိန် ညီထွင့်ကျော်ကြားလာတဲ့အချိန်မှာ အဲဒီမြို့ကိုပဲ မင်းသားကြီးနဲ့အတူ ထပ်ပြီးသွားကြပြန်ပါတယ်။ အဲဒီတော့ ပရိသတ်က ညီထွင့်ကို တစ်ပုဒ်ပြီးတစ်ပုဒ် ပွဲတောင်းပြီး မင်းသားကြီးကိုတော့ စင်ပေါ်ကဆင်းဖို့ အော်ကြပြန်သတဲ့။

"ကျွန်တော်ဟာ အတော်ထိတ်လန့်သွားပါတယ်။ သံဝေဂရမိပါတယ်။ တစ်နေ့ကျရင် ငါဟာ အဲဒီလိုအော်တာကို ခံရရင်ခံရဦးမှာလို့ တွေးမိပါတယ်။ ကျွန်တော့ကို ပိုအားပေးနေတာ ခံနေရပေမယ့် ကျွန်တော် မပျော်ပါဘူး။ မင်းသားကြီးကို အားနာလို့ မျက်နှာကိုတောင် မကြည့်ဝံ့ပါဘူး။ မင်းသားကြီးကတော့ အပြုံးမပျက် နေနိုင်ပါတယ်။ ကျွန်တော်ကသာ မျက်နှာပျက်နေတာပါ။

တကယ်တော့ နောက်တက်လာတဲ့လူတွေဟာ ကျွန်တော်တို့နေရာကိုရောက်လာရင် ကျွန်တော်တို့နေရာမှာ လာထိုင်ရင် ကျွန်တော်တို့က နေရာဖယ်ပေးရမှာပါပဲ။ အဲဒီတော့ နေရာတစ်ခုကို ယူထားပြီး ဘယ်တော့မှာ ဒီနေရာက ဖယ်မပေးရတော့ဘူးလို့ ထင်လို့မရပါဘူး။ ဘယ်သူမှလာမယူမယ့် ကိုယ်ပိုင်နေရာတစ်ခုကိုတော့ ကျွန်တော်ရှာရမယ်။ ကျွန်တော် ထူထောင်ရပါမယ်။" လို့ ညီထွင့်က ပြောပါတယ်။

ညီထွင့်မြင့်မားသထက် မြင့်မားတဲ့ အောင်မြင်မှုကို ရလာပေမယ့် မေ့မေ့လျော့လျော့ ဖြစ်မသွားပါဘူး။ သူ့မှာ ဘဝအမြင်တစ်ခုရှိပါတယ်။ ခိုင်မာတဲ့၊ နက်ရှိုင်းတဲ့၊ ရင့်ကျက်တဲ့၊ ကျယ်ပြန့်တဲ့ ဘဝအမြင်တစ်ခု ဖြစ်ပါတယ်။

ကျွန်မက ညီထွင့်ရဲ့ ဘဝအမြင်နဲ့ ပတ်သက်ပြီး ချီးကျူးစကားတွေ ပြောနေတုန်း ညီထွင့်က အလုပ်လုပ်ဖို့ အချိန်သိပ်မရှိတော့ဘူး အန်တီလို့ ပြောလိုက်ပါတယ်။ အဲဒီတော့ ကျွန်မက ဖြစ်မှဖြစ်ရပလေကွယ်၊ မင့်အသက်က ၃၂ နှစ်၊ အန်တီရဲ့အသက်က ၅၆ နှစ် ငါကပဲ

www.burmeseclassic.com

www.burmeseclassic.com



အချိန်မရှိဘူးလို့ ပြောပါရစေကွယ်လို့ ပြောလိုက်မိပါသေးတယ်။ နောင်မှ သတိရပြီး ညီထွန်း သားက ဘာတွေကို ဘယ်အချိန်မှာလုပ်မယ်လို့ အလုပ်တွေကို ကိုယ့်ဘာသာကိုယ် ပြဋ္ဌာန်းပြီး ပြဋ္ဌာန်းချက်ပြည့်မီအောင် ကိုယ့်ဘာသာကိုယ် အပြေးလိုက်နေရတယ်မဟုတ်လားလို့ မေးလိုက်မိပါတယ်။ ညီထွန်းက ဟုတ်ပါတယ်တဲ့။ ကျွန်မက ကောင်းလိုက်လေကွယ်၊ အလုပ်တစ်ခုလုပ်ပြီးတိုင်း ဘာဆက်လုပ်ရပါ့လို့ ထိုင်ပြီးစဉ်းစားနေတယ်ဆိုရင်တော့ အန်တီက သားကို အထင်သေးမိမလားဘဲ။ အလုပ်၊ အထူးသဖြင့် ကိုယ်လုပ်ချင်တဲ့အလုပ် (ကောင်းတဲ့အလုပ်တွေပေါ့) တွေ ပြီးဖို့ ကိုယ့်ဘာသာကိုယ် (မိမိနဲ့ မိမိ) ပြိုင်ပြီးလုပ်နေရတာ အကောင်းဆုံး အခြေအနေပါပဲလို့ ပြောမိပါတယ်။

ညီထွန်းကို အထူးချီးကျူးပြောဆိုမိတာကတော့ မိသားစုကို ရှေ့တန်းတင်တဲ့သူတစ်ယောက်ဖြစ်နေလို့ပါပဲ။ အနုပညာရှင်တွေဟာ လူကို ကြိုက်တာလား၊ အနုပညာကိုကြိုက်တာလားဆိုတာကို သေသေချာချာ ဆန်းစစ်ဖို့ လိုပါတယ်။ အနုပညာကိုကြိုက်တာမှ ကြာရှည်ခံမှာပေါ့။ ညီထွန်းကတော့ လူကိုကြိုက်တယ်ဆိုရင် တာရှည်မခံနိုင်ပါဘူးလို့ ဆိုပါတယ်။ ပြီးတော့ အရင်က ကိုဇော်ဝင်းထွန်းလို့ အခေါ်ခံခဲ့ရပေမယ့် အခုဆိုရင် ဦးထွန်းလို့တောင် အခေါ်ခံရပါပြီလို့ ပြောပါတယ်။

ညီထွန်းကလည်း သူ့ကိုသူ ရင့်ကျက်အောင်ကြိုးစားပြီး လူကြီးဖြစ်ပြီလို့လည်း သူ့ကိုယ်သူ ထင်ဟန်တူပါတယ်။ အသက် ၃၂။ ကလေးမျက်နှာကလေးနဲ့ သူငယ်။ လူကြီးဖြစ်ဖို့ အများကြီးနုပျိုပါသေးတယ်။ ဒါပေမဲ့ ကျွန်မတို့ငယ်ငယ်ကလည်း ဒီလိုပါပဲလေ။ ကိုယ့်ကိုယ်ကို ကြီးရင့်လှပြီလို့ ထင်ခဲ့ကြတာပါပဲ။

ကျွန်မကတော့ မိသားစုကို အထူးအလေးပေး ဂရုစိုက်တတ်တဲ့ ညီထွန်းကို ချီးကျူးဖို့ရာကိုတောင်မှ သမိုင်းကြောင်းကလေးနဲ့ အစပျိုးလိုက်မိပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



သားရေ- လူ့သမိုင်းမှာ ရှေးဦးလူတွေရဲ့ဘဝမှာကို အဆင့်ဆင့် ပြောင်းလဲခဲ့ကြပါသေးတယ်။ ဆင်အုပ်၊ မြင်းအုပ် စသဖြင့် သူ့အုပ်နဲ့သူ တောထဲမှာ တိရစ္ဆာန်တွေနေကြသလို ရှေးဦးလူတွေလည်း နေခဲ့ကြတာ ပါပဲ။ အစားအစာပေါတဲ့နေရာ ပေါတဲ့ရာသီမှာ အုပ်ကြီးကကြီးလာတာ ပေါ့လေ။ အစားအစာရှားပါးလာတဲ့အခါ အုပ်စုကလေးတွေ ကွဲသွား ကြပြန်တာပေါ့။

အဲဒီကတစ်ဆင့် စိုက်ပျိုးတတ်လာကြပါတယ်။ အိမ်မွေးတိရစ္ဆာန် တွေ မွေးမြူတတ်ကြပါတယ်။ ရာသီအလိုက်ဖြစ်ဖြစ် အတည်ကျနေလာ ကြပြီး တည်ငြိမ်တဲ့ လူနေမှုဘဝကို တည်ဆောက်လာနိုင်ကြပါတယ်။ အခြေခံကတော့ မိသားစုပါပဲ။ တိရစ္ဆာန်များနဲ့ သိသိသာသာ ကွဲပြား တယ်။ ဘယ်သူက အဖေ၊ ဘယ်သူကအမေ၊ ဘယ်သူက သမီး စသဖြင့် စည်းလုံးမှုတွေရှိလာကြပါတယ်။ နောက်မှ မျိုးနွယ်စုတွေ၊ လူမျိုးစုတွေ ပေါ်လာတာပေါ့။

မိသားစုဆိုတာ ပီပြင်လာမှ လူဆိုတာ ပီပြင်လာတာပါပဲ။ တစ်နည်းပြောရရင် လူပီသတဲ့လူနဲ့ မိသားစုနဲ့ဟာ နီးနီးကပ်ကပ်ဆက်စပ် နေတာပါပဲ။

အဲဒီတော့ သားကို လူပီသတဲ့လူတစ်ယောက်အဖြစ် အန်တီ လေးစားပါတယ်။ ဘာကြောင့်လဲဆိုတော့ မင်းဟာ မိသားစုကို အလေး အမြတ်ထားသူဖြစ်လို့ပါပဲလို့ ပြောလိုက်မိပါတယ်။

ညီထွဋ်တို့နဲ့ ကျွန်မနဲ့ အပြန်အလှန် ချစ်ခင်လေးမြတ်စွာ စကား ပြောကြပြီးတဲ့နောက် အိပ်ပျော်နေတဲ့ ကလေးများကို ချီပိုးပြီး ကားပေါ် ကို တင်ကြပါတယ်။ သူတို့ကိုကြည့်ပြီး ကျွန်မတို့ ငယ်ငယ်က အိမ် အောက်မှာ အိပ်ပျော်နေရင် ချီပိုးပြီး အိမ်ပေါ်ကိုတင်တတ်ကြတဲ့ အမေနဲ့ အဖေကို လွမ်းတဲ့စိတ် ပေါ်လိုက်မိပါသေးတယ်။

*

www.burmeseclassic.com

www.burmeseclassic.com



ညီထွဋ်တို့ ပြန်တဲ့အချိန်က ည ၁၂ နာရီခွဲ။ ၅ နာရီလောက် စကားပြောလိုက်ကြတဲ့အထဲမှာ ညီထွဋ်ဆီက ကျွန်မ အများကြီးရလိုက် သလို ကျွန်မဆီကလည်း ညီထွဋ်အများကြီးရသွားမယ်လို့ ယုံကြည်ပါ တယ်။ အဲဒီလို အပြန်အလှန် ပေးကြယူကြရင်း ချစ်ခင်မှု၊ နားလည်မှု တွေ တိုးပွားလာခဲ့ပါတယ်။ လူကြီးနဲ့ လူငယ်တွေ အဲဒီလိုသာ အပြန် အလှန် ဆက်ဆံနိုင်မယ်ဆိုရင် ဘယ်နေရာမဆို ပြေပြစ်ချောမွေ့သွားနိုင် ပါတယ်။ ချောမွေ့တဲ့လမ်းကြောင်းပေါ်မှာ ခရီးသွားရတာ ပိုပြီးခရီးတွင် နိုင်ပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ညီလှဒွေး

မျက်လုံးနက်နက်တောက်တောက်၊ အပြုံးချိုချိုနဲ့ ကိုယ်ဟန်အမူအရာ ကလည်းယဉ်ကျေးပြီး စကားပြောချိုလှတဲ့ ညီလှဒွေးကို ကျွန်မဟာ သွေးရင်းသားရင်းတစ်ယောက်လို ချစ်ခင်ပါတယ်။ သွေးရင်းသားရင်းလို့ မပြောနိုင်ပေမယ့် သူတို့မိခင်ကို ကျွန်မက အစ်မအရင်းလို ချစ်ခင်တဲ့ အတွက် ကျွန်မစိတ်ထဲမှာ သိပ်ရင်းနှီးနေပါတယ်။

သူတို့မိခင်ဟာ နိုင်ငံခြားပြန် ပါရဂူတစ်ယောက် ဖြစ်ပါတယ်။ ဌာနကြီးတစ်ခုကို ဦးစီးဖွင့်လှစ်ခဲ့သူလည်း ဖြစ်ပါတယ်။ အလွန် ယဉ်ကျေးသိမ်မွေ့ပြီး အများရဲ့ခံစားမှုကို အလေးအမြတ်ပြုကာ စဉ်းစား တတ်သူလည်း ဖြစ်ပါတယ်။ သူ့ရဲ့သားနဲ့သမီးတို့ကို သွန်သင်ပုံကလည်း စံထားနိုင်လောက်ပါတယ်။ သူ့သမီးကလေးက ကျွန်မတို့ သူတို့မေမေရဲ့ သွန်သင်ဆုံးမပုံနဲ့ပတ်သက်ပြီး ပြောပြထားဖူးတာ ရှိပါတယ်။ ကလေးမ မှတ်မိခါစအရွယ်ကတည်းက အမေဖြစ်သူက စကားအပြောအဆို ယဉ် ကျေးအောင် သင်ပါတယ်တဲ့။ ထမင်းစားပြီးလို့ ရေသောက်မယ်လို့ ပြောလိုက်တာနဲ့ အမေက လက်ညှိုးကလေးထောင်ပြီး "သမီး အဲသလို မပြောပါနဲ့၊ ရေသောက်ချင်ပါတယ်"လို့ ပြန်ပြောစမ်းလို့ သင်လေ့ရှိပါ သတဲ့။ အဲသလို စကားပြောတာကအစ ယဉ်ကျေးအောင်၊ ဂါရဝ နိဂါတ တရားတွေ ထားတတ်အောင် သင်ပြတဲ့ကလေးတို့ရဲ့ အမေဟာ ခရစ် ယာန်ဘာသာဝင်တစ်ယောက် ဖြစ်ပါတယ်။

*

ညီလှဒွေးနဲ့ စကားပြောဖို့ အစောပိုင်းက ရည်ရွယ်ချက်မရှိခဲ့ ပါဘူး။ သူတို့အိမ်ကို အခါအားလျော်စွာ ကျွန်မသွားလေ့ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ညီလှဒွေးတို့အမေ ဆုံးပါးသွားပြီးတဲ့နောက် ညီလှဒွေးတို့အဖေကို သွားတွေ့ဖို့ ကျွန်မ ကြိုးစားလေ့ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မက အစ်ကိုလေးလို့ခေါ်တဲ့ ညီလှဒွေးတို့အဖေဟာ လေဖြတ်ထားတဲ့သူ ဖြစ်နေလို့ပါပဲ။

အစ်ကိုလေးအနားမှာထိုင်ပြီး နိုင်ငံခြားကပြန်လာတဲ့ ညီလှဒွေးနဲ့ စကားပြောမိတဲ့အခါမှာ ကျွန်မ အကြီးအကျယ်ခံစားသွားရတဲ့အကြောင်းကို ညီလှဒွေးက ပြောပြပါတယ်။ အကြောင်းကတော့ ညီလှဒွေးဟာ စင်ကာပူမှာ တစ်ရက်ပိုနေမိလို့ ကြိမ်ဒဏ်သုံးချက် အရိုက်ခံရတဲ့ အကြောင်းပဲ ဖြစ်ပါတယ်။

"အန်တီရေ ကျွန်တော် အိုဗာစတေး (နေခွင့်ချိန်ထက် ပိုနေမိခြင်း) တစ်ရက်ကြောင့် ကြိမ်ဒဏ်သုံးချက်အရိုက်ခံခဲ့ရတယ်ဗျာ။ အဲဒါ အန်တီသိအောင် ပြောပြချင်ပါတယ်။ ကျွန်တော်က သုံးလတိတိ ရက်ကိုးဆယ်ပေါ့လေ၊ နေပြီးတဲ့နောက် မြန်မာနိုင်ငံကိုပြန်ဖို့ လေယာဉ်ကွင်းကို ရောက်နေပါပြီ။ လေယာဉ်ပေါ်ကို တက်ခါနီးနေပါပြီ။ အဲဒီအချိန်မှာ စင်ကာပူ အင်မီဂရေးရှင်း (လူဝင်မှုကြီးကြပ်ရေး)က ကျွန်တော့ကို ဖမ်းတာပါပဲ။

ကျွန်တော်က ရက်ကိုးဆယ်ပဲနေခဲ့တာပါလို့ ပြောပေမယ့် သူတို့က ကိုးဆယ်တစ်ရက်နေခဲ့တယ်လို့ပြောပြီး ကျွန်တော့ကို ဖမ်းခေါ်သွားပါတယ်။ အစပိုင်းမှာ လူဝင်မှုကြီးကြပ်ရေးအချုပ်ထဲမှာ ထည့်ထားပါတယ်။

တရားရုံးမှာ စစ်ဆေးတော့ ကျွန်တော့စကားပြန်ကို ကျွန်တော်ကိုယ်တိုင် လျှောက်လဲပါရစေလို့ပြောပြီး ကိုယ်တိုင်ရှင်းပြပါတယ်။ ကျွန်တော် ဒီစင်ကာပူမှာ အလုပ်လုပ်နေလို့ ကြာတာမဟုတ်ပါဘူး။ ကျွန်တော့သူငယ်ချင်းဆီက ငွေကိုစောင့်နေလို့ကြာတာပါ။ ရက်လည်း မပိုပါဘူး။ တကယ်လို့ လူဝင်မှုကြီးကြပ်ရေးအရာရှိ ပြောတဲ့အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရက်ပိုသွားတယ်လို့ဆိုရင်လည်း တစ်ရက်ပဲပိုတာပါ။ အဲဒီပိုတဲ့ရက်က လည်း လေယာဉ်ကွင်းကို ရောက်နေပါပြီလို့ သေသေချာချာ ရှင်းပြပါ တယ်။ ရက်ပိုနေတဲ့တစ်ရက်အတွက်လည်း ဒဏ်ငွေဆောင်ဆိုရင် ဆောင် ပါ့မယ်လို့ ပြောပါတယ်။"

"ဒါပေမဲ့ သူတို့တရားရုံးက သက်သေတွေကို စစ်ဆေးတာတွေ ဘာတွေ မရှိပါဘူး။ ရက်ပိုတယ်မဟုတ်လား၊ သွား ထောင်ထဲဝင်။ ပြီးရင် ကြိမ်ဒဏ်အရိုက်ခံပေတော့။ ဒါပါပဲ။ ကျွန်တော့ကို တခြား ထောင်တစ်ခုမှာ နှစ်လနဲ့ဆယ်ရက် ချုပ်ပါတယ်။"

"အဲဒီလိုချုပ်ထားပြီး အရက် ၃၅ ရက်လောက်အရမှာတော့ ကြိမ်ဒဏ်ရိုက်တာပါပဲ။ ကျွန်တော့်ဆီကို ထောင်ထဲက အကြပ်ကြီး တစ်ယောက်လာပြီဆိုရင် ကျွန်တော်တို့က ငရဲသားကြီးလာပြီလို့ ပြော ကြတာပါပဲ။ သူက နာမည်ခေါ်ပါတယ်။ မင်းတို့ နောက်တစ်နေ့မှာ ကြိမ်ဒဏ်ခံရမယ်လို့ ပြောတာပါပဲ။ အဲဒါကြောင့် သူလာပြီဆိုရင် ကြောက်ကြပါတယ်။"

ဒီနေရာမှာ ကျွန်မက ငရဲသားကြီးလာပြီလို့ပြောရအောင် မင်းတို့ ထောင်ထဲမှာ မြန်မာတွေရှိနေလို့လား မေးပါတယ်။ ညီလှဒွေးက "မြန်မာတွေရှိတာပေါ့။ လူမျိုးအရ မွန်တွေလေ။ သူတို့က စက်လှေနဲ့ လာတာတွေလေ။ အလွန်ရိုးတာ။ ဘယ်လောက်ရိုးသလဲဆိုတော့ လှေက တက်တာနဲ့ တရာမဝင်ခိုးမှုနဲ့ အဖမ်းခံရတဲ့အထိ ရိုးတာပါ။ သူတို့ကို ပို့လွှတ်လိုက်တဲ့သူက ကားခေါင်းမိုးမှာ တုံးကလေးပါရင် တက္ကစီကားပဲ၊ အဲဒီကားက ကားမောင်းတဲ့သူကို မင်းတို့လက်ထဲက လိပ်စာ စာရွက်ကို ပြလိုက်လို့ မှာလိုက်သတဲ့။ အဲဒီတော့ စင်ကာပူကမ်းပေါ် ရောက်လာတာ နဲ့ ရဲကားကိုတွေ့ကြတဲ့ မွန်ကလေးတွေက ဟာ- ကားခေါင်မိုးပေါ်မှာ အတုံးကလေးပါတယ်ဆိုပြီး တက်ကြသတဲ့၊

ရဲကားမောင်းတဲ့သူက သူတို့ကို မတက်နဲ့လို့ နှင်ချပေမယ့် သူတို့ကအတင်းတက်ပြီး လိပ်စာစာရွက်ကလေးကို ပြတာပေါ့။ ရဲကား

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူတို့ကို တရားမဝင် ခိုးဝင်တဲ့သူအဖြစ် အချုပ်ကို ပို့လိုက်ကြတော့တာပဲပေါ့” လို့ ညီလှဒွေးက ပြောပါတယ်။

ကျွန်မမှာလည်း ရယ်ရမလို ငိုရမလိုနဲ့ နားထောင်နေရပါတယ်။

ညီလှဒွေးက ဆက်ပြန်ပါတယ်။ “ကျွန်တော်တို့ကို ကြိမ်ရိုက်တော့မယ်လို့ဆိုရင် ကြိမ်ရိုက်မယ့်ထောင်ကို ပို့ပါတယ်။ ပုံမှန်ဆိုရင်တော့ အင်္ဂါနေ့နဲ့ ကြာသပတေးနေ့မှာပဲ ကြိမ်ရိုက်တာပါ။ ဒါပေမဲ့ များရင်များသလို ရိုက်ကြတာပါပဲ။”

“ကြိမ်ဒဏ်ပေးမယ့်နေ့ဆိုရင် မနက်အစောကြီးစာကို ခပ်စောစော ကျွေးပါတယ်။ မနက်စာကိုတော့ ကောင်းကောင်းကျွေးပါတယ်။ ဒီကနေ့ ကော်ဖီဆိုရင် နောက်တစ်နေ့ လက်ဖက်ရည်။ ပေါင်မုန့်ကို ဒီကနေ့ ဒိန်ခဲနဲ့ကျွေးရင် နောက်တစ်နေ့ ယိုနဲ့ကျွေးပါတယ်။

*

ညီလှဒွေးပြောပြတဲ့ ကြိမ်ရိုက်ခန်းကတော့ ဘယ်လောက်ဆိုးရွားသလဲဆိုတာ ကျွန်မ မခန့်မှန်းနိုင်ပါဘူး။ နားထောင်နေတဲ့ ကျွန်မရဲ့မျက်နှာ ဘယ်လောက်ပျက်သွားသလဲတော့ မသိပါဘူး။ သားလေးညီလှဒွေးက ကျွန်မရဲ့လက်မောင်းကို ကိုင်လှုပ်ပြီး အန်တီ- အန်တီနေကောင်းရဲ့လား။ ကျွန်တော် ဆက်ပြောလို့ရပ့ါမလားဆိုပြီး မေးယူရတဲ့အထိ ဖြစ်သွားခဲ့ပါတယ်။

ကျွန်မ ပြန်ပြောတဲ့အခါမှာတော့ ကျွန်မ နားထောင်ရသလောက်အသက်ပါကောင်းမှ ပါမယ်ဖြစ်ပါတယ်။

“အန်တီရေ၊ ကြိမ်ဒဏ်ပေးတာကို ခံရမယ်ဆိုတုန်းက ကျွန်တော့စိတ်ထဲမှာ ငယ်ငယ်တုန်းက ဆရာ၊ ဆရာမရိုက်တာမျိုးထက် နည်းနည်းပိုပြီး ခပ်ပြင်းပြင်းရိုက်တာလောက်ပဲလို့ ထင်ခဲ့တာ။ ကြိမ်ရိုက်တဲ့အခန်း

www.burmeseclassic.com

www.burmeseclassic.com



ထဲလည်းရောက်ကရော ဘယ်မှာဟုတ်ပါ့မလဲ။ အထင်နဲ့အမြင် ပါစင်အောင် လွဲသွားတာပါပဲ။

ကျွန်တော်တို့ကို ဆေးစစ်ပါတယ်။ ပြီးတော့ ကြိမ်ရိုက်ခံရမယ့် အခန်းထဲကို တွန်းထိုးပြီး ထည့်လိုက်တာပါပဲ။ အဲဒီအချိန်ကစပြီး ဆိုက်ကိုသုံးတော့တာပါပဲ။ ကြိမ်ရိုက်နေတာကိုလည်း ကျွန်တော်တို့ တွေ့နေရပါတယ်။

ကြိမ်ရိုက်တော့မယ်ဆိုရင် အေ**(A)** ပုံသဏ္ဍာန် တန်းနှစ်ခုကို ထောက်လှေကားလို ထောင်ထားတဲ့အပေါ်မှာ ခြေရောလက်ရော တုပ် ထားလိုက်တာပါပဲ။ ကျောပေါ်မှာတော့ သဲအိပ်လို အကာအကွယ်တစ်ခု ခံထားပေးပါတယ်။ လူကတော့ ကိုယ်လုံးတီးပေါ့ အန်တီရာ။

လက်ရောခြေရော တုပ်ထားလိုက်ပြီဆိုရင် လူက ခေါင်းစိုက်ပြီး ကုန်းထားပြီးသား ဖြစ်သွားတော့တာပါပဲ။ ခေါင်းကလည်း ဒုတိယ အေပုံသဏ္ဍာန်တန်းရဲ့ အပေါ်မှာ တင်လို့ပေါ့။

လူဟာ ကြိမ်ရိုက်ခံရလို့ ပျော့ခွေသွားရင်လည်း တန်းတွေနဲ့ ခံထားသလိုဖြစ်ပြီး ပြုတ်ကျမသွားတော့ဘူးပေါ့။

ကြိမ်ရိုက်မယ့်သူတွေက အာနိုးလိုပုံစံနဲ့ ထွားထွားကြီးတွေ အန်တီရဲ့။ သူတို့လက်ထဲက ကြိမ်လုံးလား၊ ကြာပွတ်လားမသိရတဲ့ မည်းမည်းရှည်ရှည်အလုံးကို တသသလုပ်ပြီး တရွှမ်းရွှမ်းနဲ့ ယမ်းကြည့် နေသေးတာ။ စိတ်ကို ဒုက္ခပေးနေတာပေါ့။

နောက်တော့ အမိန့်ပေးတဲ့သူက 'ဝမ်း'လို့ပြောလိုက်တာနဲ့ အဲဒီ ကြိမ်ရိုက်သမားဟာ ကိုယ်ကိုလွှဲပြီး အားနဲ့လာတာ၊ နောက်ဆုံးရိုက် တော့မယ့်ခြေလှမ်းကျတော့ ကိုယ်ကိုမြောက်သွားအောင် ခုန်လိုက်သေး တာ။ ပြီးမှ သူ့ရဲ့ကိုယ်လုံးအားပါယူပြီး ရိုက်ထည့်လိုက်တာ။ ရိုက်တဲ့ သူတောင် ရိုက်ပြီးရင် စိုက်စိုက် စိုက်စိုက်နဲ့ ဖြစ်သွားသေးတာ။

အန်တီရယ်၊ ခံရတဲ့သူကတော့ဗျာ ခေါင်းကို ဟိုဘက်ဒီဘက် ယမ်းပြီး ပြင်းပြင်းထန်ထန် နာကျင်တဲ့ဝေဒနာကို ခံရတာပေါ့။ အော်

www.burmeseclassic.com

www.burmeseclassic.com



လည်းအော်မိတာပေါ့။ အဲဒီအချိန်မှာ ကြိမ်ရိုက်တဲ့သူက သူ့နေရာကို သူပြန်သွားပြီး အသံထွက်အောင် အသက်ကို ပြင်းပြင်းရှူနေသေးတာ။ ထပ်ရိုက်ဖို့ အားယူနေတာပေါ့။

ကျွန်တော်တို့ကတော့ ဝေဒနာကို ဆတ်ဆတ်တုန်အောင် ခံစားလို့ပေါ့။ တစ်ချက်ရိုက်လိုက်ရင် ဒဏ်ရာက သုံးချက်ရတာ အန်တီရဲ့။ တင်ပါးနှစ်ခုက ဒဏ်ရာနှစ်ခု။ ကြာပွတ်ကို ဆွဲယူပြီးရိုက်တာဆိုတော့ တင်ပါးရဲ့ ဘေးဘက်မှာ တစ်ခုပေါ့။ သွေးစက်လက်နဲ့ဖြစ်နေတဲ့ ကျွန်တော်တို့ခံစားနေတုန်းမှာ 'တူး'ဆိုတဲ့ အမိန့်ပေးသံကိုကြားရပြီး ထပ်ခံရတော့တာပါပဲ။ ကြိမ်ရိုက်သမားတစ်ယောက်ကို နှစ်ချက်ထပ်ပိုပြီး မရိုက်ခိုင်းပါဘူး။ ဘာကြောင့်လဲဆိုတော့ အားမပြင်းမှာ စိုးလို့ပါ။

ရိုက်တာကတော့ ဘာတော်သလဲမမေးနဲ့။ ဒဏ်ရာတစ်ခုနဲ့တစ်ခု မထပ်စေရပါဘူး။ စီနေတာပါပဲ။ ဘယ်နှချက်အရိုက်ခံရသလဲဆိုတာ ရေတွက်လို့ရပါတယ်။

အရိုက်ခံရလို့ အရေအတွက်ပြည့်ပြီဆိုရင် ခြေနဲ့လက်နဲ့ တုပ်ထားတာကို ဖြေပေးပါတယ်။ ပြီးတော့ အခန်းထောင့်မှာ ခင်းထားတဲ့ ဖျာကလေးဆီကို သွားရပါတယ်။ အဲဒီမှာ ဆရာဝန်တစ်ယောက်က ဆေးကို ရိုလာကလေးနဲ့ အရိုက်ခံရတဲ့နေရာကို သုတ်ပေးပါတယ်။"

"အန်တီရယ် ခြေရောလက်ရော တုပ်ထားတဲ့နေရာသနေပြီး အဲဒီဖျာကလေးဆီကို ရောက်အောင်သွားဖို့ဟာ အတော်ပင်ပန်းတဲ့ကိစ္စပါပဲ။ မသွားလို့ကလည်းမဖြစ်။ သွားရင် သွေးစက်လက်ကျတဲ့နေတဲ့အနာကို ဆေးလိမ်းရမယ်။ ဆေးလိမ်းရရင် သက်သာမယ်။ အဲဒီလိုမျှော်လင့်ချက်နဲ့ အားတင်းပြီးသွားရပါတယ်။ မျက်ရည်တွေကလည်း ကျလို့ပေါ့။ မငိုပေမယ့် နာလွန်းလို့ ညည်းသံတွေကလည်း ထွက်လို့ပေါ့။

ဖျာကလေးပေါ်ကို မှောက်ချလိုက်တာနဲ့ ရိုလာနဲ့ဆေးသုတ်ပေးပြီး ချက်ချင်းအထခိုင်းတာပါပဲ။ ပြီးတော့ ကျွန်တော်တို့လာခဲ့တဲ့ ထောင်ကို ပြန်မပို့ခင် နားနေရမယ့်အခန်းထဲကို သွားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နားနေရမယ့်အခန်းထဲမှာလည်း အတုံးအရုံးပေါ့ အန်တီရာ၊ မှောက်လျက်တွေပေါ့။ တချို့ကလည်း ငိုလို့ပေါ့”

“နောက်တစ်နေ့တွေမှာ မနက်မိုးလင်းတာနဲ့ ဘယ်သူ ဆရာဝန်ဆီကို သွားချင်သလဲဆိုတာ လာမေးပါတယ်။ ကျွန်တော်က သွားချင်ပါတယ်လို့ဆိုရင် ဘာအတွက်လဲလို့ ပြန်မေးပါတယ်။ အနာယဉ်းနေလို့ ဆေးထည့်ချင်လို့ဆိုရင် နိုးပဲ။ မသွားရပါဘူး။ တခြားရောဂါဆိုရင်သာ ကုပေးမယ်။ အနာနဲ့ပတ်သက်ရင်တော့ အရိုက်ခံရတဲ့နေ့က သုတ်ပေးလိုက်တဲ့ဆေးဟာ ပထမဆုံးနဲ့ နောက်ဆုံးပါပဲ။”

ကျွန်မဟာ နားထောင်နေရင်း စိတ်ဆင်းရဲလိုက်တာ ပြောမပြတတ်အောင်ပါပဲ။ သားရယ်၊ တကယ်လို့ အနာတွေက ပိုးဝင်ပြီး ဖျားနာလာရင် မေးခိုင်ပိုးတွေဘာတွေ ဝင်လာရင် ဒုက္ခပါလားကွယ်လို့ မေးမေးပြောပြော ပြောမိပါသေးတယ်။ ညီလှဒွေးက ပြောတာကတော့ အဲသလိုအဖြစ်မျိုးကို သူမကြုံခဲ့သလို ကြားလည်း မကြားခဲ့ပါဘူးတဲ့။ အစားအစာထဲမှာ အသားများများတော့ ကျွေးပါတယ်။ အနာကျက်အောင်လို့ပေါ့လေ။ ဒါပေမဲ့ အသားတွေစားပြီး ယဉ်းလို့နာတာကတော့ နာတာပါပဲတဲ့။

ညီလှဒွေးကလေးဟာ ထောင်ကလွတ်တော့ လေယာဉ်ကွင်းကို လက်ထိပ်နဲ့လာရတာပါ။ လက်ထိပ်တန်းလန်းနဲ့ လေယာဉ်ကွင်းမှာ စောင့်နေရတာပါ။ အဲဒီအချိန်မှာ ဖိလစ်ပိုင်သူကလေး နှစ်ယောက်ဟာ အိုဗာစတေးလို့ခေါ်တဲ့ ရက်လွန်မှုနဲ့ အဖမ်းခံရပါတယ်။ တစ်ယောက်ကတော့ ဗီဇာနဲ့ သက်သေပြနိုင်ပေမယ့် တစ်ယောက်က မပြနိုင်ပါဘူး ရက်လွန်တာကလည်း ၁၂ ရက်တောင်မှ။

မိန်းကလေးလည်း သူ့အလုပ်ရှာဖို့လာတာ။ အလုပ်မရနိုင်လို့ ပြန်မှာ။ မဖမ်းပါနဲ့လို့ တောင်းပန်သတဲ့။ အဲဒီအချိန်မှာ တာဝန်ကျတဲ့ အရာရှိကတော့ ညီလှဒွေးကို ဖမ်းတဲ့သူနဲ့ မတူပါဘူး။ ဒဏ်ငွေဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရင် လွှတ်မယ်လို့ ပြောပါသတဲ့။ မိန်းကလေးက သူ့မှာ ဒဏ်ငွေဆောင်ဖို့ ငွေလည်း မရှိပါဘူးလို့ ပြောရှာသတဲ့။ ဒဏ်ငွေမဆောင်နိုင်ရင်တော့ ထောင်ထဲကိုသွားပေတော့လို့ ပြောလိုက်တာကို ကြားတာနဲ့ ညီလှဒွေး က ဒဏ်ငွေက ဘယ်လောက်လဲလို့ မေးလိုက်မိသတဲ့။ ဒဏ်ငွေက ဒေါ်လာ ၅၀ လို့ဖြေတော့ အဲဒီဖိလစ်ပိုင်မကလေးအတွက် သူက ယူအက်စ်ဒေါ်လာ ငါးဆယ်စိုက်ပေးပါ့မယ်လို့ ပြောပါသတဲ့၊

ဒဏ်ငွေတောင်းတဲ့အရာရှိက သူနဲ့မင်းက တစ်နိုင်ငံထဲကလည်း မဟုတ်ဘဲနဲ့ မင်းက ဘာလို့ငွေတွေစိုက်ပေးရမှာလဲ။ မင်းတို့က သူငယ် ချင်းတွေလားလို့ မေးတာပေါ့။ ညီလှဒွေးက သူ့ကို ငါ အခုမှတွေ့ဖူး တာပါ။ ဒါပေမဲ့ ငါဒဏ်ငွေဆောင်ပါမယ်ဆိုတာတောင် ဆောင်ခွင့်မရဘဲ ထောင်ကျပြီး ကြိမ်ဒဏ်ကို ခံခဲ့ရတဲ့ကောင်။ အဲဒီတော့ ကိုယ်ချင်းစာ လို့ ငွေမရှိတဲ့သူကို ငွေစိုက်ပေးတာပါလို့ ဖြေလိုက်ပါသတဲ့။ ညီလှဒွေး ရဲ့စကားကို ကြားတော့ အခုနအရာရှိက သူ့အထက်က အရာရှိတစ် ယောက်ကို သွားခေါ်ပါသတဲ့။ ဗိုလ်မှူးအဆင့်လောက်ရှိမှာပါတဲ့။ အဲဒီ အရာရှိကို သွားခေါ်တဲ့သူက အကျိုးအကြောင်း ပြောပြတာပေါ့လေ။ အဲဒီဗိုလ်မှူးအဆင့်ရှိတဲ့သူက သဘောကောင်းပုံ ရပါတယ်တဲ့။ ဘယ်သူပဲ စိုက်ပေးပေး ရပါတယ်လို့ပြောပြီး ဖိလစ်ပိုင်မကလေးကို သွား၊ နင့် အတွက် ဒဏ်ငွေဆောင်ပေးတဲ့သူဆီကိုသွားပြီး ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်စမ်းလို့ဆိုပြီး ညီလှဒွေးထုတ်ပေးတဲ့ တစ်ရာတန်ဒေါ်လာကို ယူပြီး ငါးဆယ်ပြန်အမ်းပါတယ်တဲ့။

ကျွန်မက ညီလှဒွေးရဲ့စကားကို နားထောင်ရင်း သာခုခေါ်ပါ တယ်။ ဆုံးပါးသွားရှာတဲ့ ညီလှဒွေးတို့အမေသာရှိခဲ့ရင်လည်း သူ့သားရဲ့ အပြုအမူကို သူဂုဏ်ယူမှာပါပဲ။

ဒီနေရာမှာ သားတို့အိမ်ထောင်ကျတဲ့အခါမှာ သားတို့ပစ္စည်းတွေနဲ့ ငွေတွေကို ဘယ်လိုထိန်းထားပေးသလဲလို့ မေးမိပါတယ်။ ပစ္စည်းတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ငွေတွေကို ဖမ်းကတည်းက အတိအကျ စစ်ဆေးမှတ်သားပြီး လက်ဗွေ ပုံစံနှိပ်ရပါတယ်တဲ့။ ပြီးတော့ ငွေတွေကို ဘဏ်မှာအပ်ထားပေးပြီး ပစ္စည်းတွေကိုတော့ စတိုခန်းထဲမှာ ထည့်ပေးထားတာပေါ့လေ။ ထောင်က လွတ်ခါနီးမှာ တစ်ခါ လက်ဗွေနှိပ်ရပါတယ်တဲ့။ လက်မှတ်မထိုးခိုင်းဘဲ လက်ဗွေနှိပ်တာကတော့ အလုပ်လာလုပ်ကြတဲ့ နိုင်ငံခြားသား အထူး သဖြင့် အိန္ဒိယနိုင်ငံသားတွေဟာ စာမတတ်ကြပါဘူးတဲ့။ စင်ကာပူမှာ အဖမ်းခံရတဲ့သူတွေထဲမှာ အရေအတွက် အများဆုံးကလည်း အိန္ဒိယ နိုင်ငံသားများ ဖြစ်ပါတယ်တဲ့။ ၇၀ ရာခိုင်နှုန်းလောက်တောင် ရှိပါ သတဲ့။

ကျန်တာကတော့ ထိုင်းတွေ၊ ဖိလစ်ပိုင်တွေနဲ့ မြန်မာနိုင်ငံသား တွေပါပဲတဲ့။ ကျွန်မက ကြိမ်ဒဏ်ရိုက်တာနဲ့ပတ်သက်ပြီး အစဆုံး နားထောင်ရတာဆိုတော့ နားထောင်ရတဲ့အတိုင်း ပထမဆုံး ကြားရတာ ကို အရင်ပြန်ပြောရတာပါပဲ။

*

ညီလှဒွေးဟာ အလွန်ပညာတတ်တဲ့ မိဘများက မွေးဖွားလာတဲ့ သားတစ်ယောက်ဖြစ်ပါတယ်။ သူ့အဖေက ကျွန်မနဲ့လာပြီး စကားပြော တဲ့ သားဟာ ပညာတတ်အသိုင်းအဝိုင်းက ကလေးတစ်ယောက် ပီသရဲ့ လား။ စကားကို ယဉ်ယဉ်ကျေးကျေးနဲ့ သူပြောချင်တာကို သေသေ ချာချာ ပြောတတ်ရဲ့လားလို့ ပူပူပန်ပန် မေးရှာပါသေးတယ်။

ကျွန်မက ကျွန်မတို့အိမ်မှာ စာကျက်ပြီး ၁၀ တန်းဖြေသွားတဲ့ ညီလှဒွေးကလေးကို ယဉ်ကျေးတဲ့ မေမေ့သားအဖြစ် အစောကြီးကတည်း က သတိထားမိပြီးသားပါ။ ကျွန်မနဲ့ စကားထပ်ပြောဖို့ ကျွန်မရဲ့ အိမ် ကိုလာတဲ့ ညီလှဒွေးကို ဆီးကြိုရင်း သူ့မေမေကို ကျွန်မ လွမ်းလိုက် တာလေ။

www.burmeseclassic.com

www.burmeseclassic.com



သားလေးကို အဝေးသွားခွင့်ပေးရတာ သူ့အတွက်ပါ ဝင်းရယ်၊ သူ့ဝမ်းစာကို သူပြည့်စုံလုံလောက်အောင် ရှာစားနိုင်အောင် မမ ကူညီရတာပေါ့။ ရင်ခွင်ထဲက ခွဲထုတ်ရတာ စိတ်ဆင်းရဲပေမယ့် ဒါက သူ့အတွက်ပေကိုးလို့ ပြောရှာတဲ့ ကျွန်မရဲ့ ချစ်သောမမသာရှိရင် ထွက်သွားတုန်းက ကလေးဆန်ဆန် ၁၉ နှစ်အရွယ်၊ အခုတော့ ၂၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ သားကို သူ အားရဝမ်းသာ ကြည့်နေမှာပါပဲ။

ညီလှဒွေးကို ရောက်တာနဲ့ ထမင်းကျွေးပြီး နိဒါန်းမပျိုးတော့ဘဲ ကျွန်မသိလိုရာအကြောင်းကို မေးရင်း ဒုတိယအကြိမ် စကားပြောကြပါတယ်။

ညီလှဒွေးဟာ တက္ကသိုလ် ပထမနှစ်တက်နေတုန်းမှာ နိုင်ငံခြားသင်္ဘောလိုက်သွားတဲ့သူ ဖြစ်ပါတယ်။ တက္ကသိုလ်မှာ အဓိကဘာသာကလည်း အမှတ်နည်းတော့ သိပ်လူကြိုက်မများလှတဲ့ဘာသာကို ယူခဲ့ရတာဖြစ်တဲ့အတွက် စွန့်ရတာလည်း သိပ်လွမ်းပုံမပေါ်ပါဘူး။

"အန်တီရေ၊ ကျွန်တော်က နိုင်ငံခြားကို တခြားအလုပ်တွေ သွားလုပ်ရင်း ငွေစုတာထက် သင်္ဘောသားလုပ်ရင်း ငွေရှာချင်တာနဲ့ သင်္ဘောသား လုပ်ခဲ့တာပါ။ သင်္ဘောသားဆိုတာ ငွေရှာပေးနိုင်လို့ လူတွေအထင်ကြီးနေတာပါ။ တကယ်တော့သိပ်ပင်ပန်းတယ်။ ပထမဆုံး တလှုပ်လှုပ်ဖြစ်နေတဲ့ သင်္ဘောပေါ်မှာ မမူးအောင်၊ မအန်အောင် နေနေရတာကိုက တစ်ဒုက္ခပါအန်တီ။ ပြီးတော့ ကျွန်တော်တို့ မြန်မာသင်္ဘောသားများကို နိုင်ငံခြားသင်္ဘောကလူတွေက သိပ်နှိမ်ပါတယ်။ ဒါက ကျွန်တော့အတွေ့အကြုံကိုပြောတာပါ အန်တီ။ သင်္ဘောပေါ်စတက်တုန်းက ဂရိသင်္ဘောကို တက်ရတာပါ။

ကျွန်တော်တို့ အခက်အခဲက ဘာသာစကားအခက်အခဲ ကွာဟမှုလို့လည်း ပြောနိုင်တာပေါ့ အန်တီ။ ပြီးတော့ ယဉ်ကျေးမှု ကွာဟချက်၊ ရာသီဥတု အစရှိသဖြင့်ပေါ့။ ကျွန်တော်တို့ အန်တုရတာတွေက အများကြီးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပြောတာ တစ်ယောက်နားမလည်တာကတော့ ဥပမာ ဂရိသင်္ဘောပေါ်မှာဆိုရင် သူတို့ရဲ့ အင်္ဂလိပ်အသံထွက်နဲ့ ကျွန်တော်တို့ရဲ့ အင်္ဂလိပ်အသံထွက်က မတူပါဘူး။ ခိုင်းတော့လည်း ခြေထောက်နဲ့ထိုးပြပြီး ခိုင်းတာမျိုးပေါ့။ ဘယ်လောက်ပဲ မိုးတွေရွာနေပါစေ၊ နှင်းတွေကျနေပါစေ ခိုင်းတာကတော့ အသေအလဲပါပဲ။

တစ်ခါတလေလည်း ပြန်အော်မိတာမျိုးတွေ ရှိတာပေါ့။ မဖြစ်လို့သာ ဘာမှမလုပ်ဘဲ နေနေရတာကိုး အန်တီရဲ့။ ပင်လယ်ထဲမှာဆိုရင် လူတွေက စိတ်ရောလူရော ပင်ပန်းတဲ့အတွက် သိပ်ခင်ခဲ့တဲ့ သူငယ်ချင်းတွေတောင်မှ အချင်းချင်း မညှာနိုင်ကြပါဘူး။ အဲဒီတော့ မတရားညှဉ်းပန်းတယ်လို့ထင်ရင် ပြန်လုပ်တာမျိုးလည်း ရှိလာတာပါပဲ။ ကျွန်တော်တို့က ပင်လယ်ကြောင်ကြောင်တယ်လို့ ပြောကြပါတယ်။

အန်တီရယ် သင်္ဘောသားဆိုတာ ဥရောပဝတ်စုံနဲ့ လေယာဉ်က ဆင်းလာတာကိုကြည့်ပြီး အားကျလို့မဖြစ်ပါဘူး။ တကယ့်တော့ သိပ်ပင်ပန်းတာပါပဲ။ အစားအသောက်ကလည်း သိပ်ဆင်းရဲတာပါပဲ။ သင်္ဘောလိုင်းချင်း မတူတော့ မသိပါဘူး။ ကျွန်တော်တို့ ကြုံခဲ့ရတာကတော့ အသားကို အတုံးသေးသေးကလေးတုံးပြီး ဟင်းသီးဟင်းရွက်နဲ့ ကြော်ထားတာကို ဟင်းကောင်းလုပ်ပြီး စာခဲ့ရတာပါ။

အလုပ်လုပ်ရတာကတော့ အန္တရာယ်လည်း များပါတယ်။ ကျွန်တော်ဆိုရင် ပေါ်တူဂီဆိပ်ကမ်းတစ်ခုမှာ သံကြိုးကြီးပြတ်လို့ ကျွန်တော့ကို ရိုက်မိပြီး လဲသွားတာကို ခံရတယ်။ ပြီးတော့ သံကြိုးနဲ့အတူ ရစ်ပြီးပါသွားတာ။ သင်္ဘောလက်ရန်းနဲ့ ငြိနေပေလို့ နို့မို့ရင် ရေထဲကျပြီး သေမှာပဲ။ ကျွန်တော် သတိလစ်သွားတာ။ သတိရတော့ တစ်ကိုယ်လုံး နာကျင်နေတာပါပဲ။ မျက်နှာကို မှန်ထဲကြည့်တော့ ရောင်ကိုင်းနေတာ မျက်နှာကြီးကို အကြီးကြီးဖြစ်လို့ပေါ့ အန်တီ။

www.burmeseclassic.com

www.burmeseclassic.com



သဘော်ကကပ်ပတိန်လည်း ကျွန်တော့အတွက် ဟယ်လီကော့ ပတာခေါ်ပေးမယ်။ ဆေးရုံတက်နေခဲ့ပါလို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော့မှာ အဲဒီတုန်းက စုငွေက နည်းနည်းကလေးရှိတာ၊ ဆေးရုံတက်နေခဲ့ရင် ပိုက်ဆံက နည်းနေသေးတဲ့အပြင် နေကောင်းတာနဲ့ အိမ်ကိုပြန်ရမယ်ဆိုတာ တွေးမိတော့ ကျွန်တော် ဆေးရုံမတက်ချင်ပါဘူးလို့ပြောပြီး သဘော်နဲ့ ဆက်လိုက်ခဲ့ပါတယ်။ တကယ်တော့ ကျွန်တော့မှာ နှာခေါင်းရိုးကျိုးသွားတာပါ အန်တီ”

ညီလှဒွေးက သူ့နှာခေါင်းတစ်ဖက်ကို ခွဲစိတ်ထားပေမယ့် အရိုးက အပေါက်နားမှာ တစ်နေတာကို ပြောနေပါသေးတယ်။ နှာခေါင်းတစ်ဖက်ထဲကိုသာ လက်သန်းကလေးသွင်းကြည့်ရင် ရတာတဲ့။ အဲဒီလို သူ့နှာခေါင်းကိုပြပြီး ပြောနေတဲ့ ကလေးဆန်သေးတဲ့ ညီလှဒွေးကို သနားကြင်နာခြင်းကြီးစွာနဲ့ ကြည့်နေရင်း သူ့စကားကို ဆက်နားထောင်နေမိပါတယ်။

“သဘော်ကုမ္ပဏီကတော့ အက်ဆီဒင့်ဖြစ်တယ်ဆိုတာ ကျွန်တော်တို့အိမ်ကို သံကြိုးရိုက်လိုက်တာပေါ့ အန်တီရယ်။ အမေဆိုတာ တငိုတည်းငိုပြီး နေ့စဉ် လေယာဉ်ကွင်းကို ဆင်းကြိုနေတာပါပဲတဲ့။ ကျွန်တော်ကတော့ ဆေးမပါဝါးမပါဘဲ သဘော်ပေါ်မှာ မသက်မသာကြီး လိုက်သွားရတာပေါ့ အန်တီရယ်။ ပြီးတော့ အလုပ်မလုပ်ရင် ပြန်ပို့မှာစိုးလို့ အလုပ်တွေ ထပြီးလုပ်ပါတယ်။ ကျွန်တော်တို့ကို အလုပ်တာဝန်တွေ ချထားပေးရတဲ့ ဘိုဆင်က မင်းဘာလို့ အလုပ်တွေလုပ်နေရတာလဲလို့မေးတော့ ကျွန်တော် အလုပ်မလုပ်ရင် ပြန်ပို့မှာမဟုတ်လား။ အဲဒါကြောင့် အလုပ်လုပ်နေတာပါလို့ပြောတော့ သနားသွားပုံပေါ်ပါတယ်။ ကျွန်တော့ခေါင်းကလေးကိုပွတ်ပြီး ပြန်မပို့ပါဘူးကွား။ မင်းဘာသာမင်း နားနေပါလို့ ပြောပါတယ်။

*

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆိပ်ကမ်းတစ်ခုကို ရောက်မှပဲ ကျွန်တော်က အမေ့ဆီကို ဖုန်းဆက်ပြီး ကျွန်တော် နေကောင်းတယ်ဆိုတာကို ပြောပြရပါတယ်။"

ညီလှဒွေးရဲ့ သင်္ဘောသားဘဝကို အားကျစရာမကောင်းစွာ ကြားရတာက မပြီးသေးပါဘူး။ သူတို့သင်္ဘောတွေပေါ်မှာ မြန်မာ သင်္ဘောသားများကို လုပ်အားခလျှော့ပေးတာမျိုးတင်မကဘဲ အိုဗာတိုင်တွေကိုလည်း ခိုးတတ်ကြပါသေးသတဲ့။ မနက် ၆ နာရီ၊ ည ၆ နာရီ လုပ်ပေးရပြီး ရှင်းတော့ မနက် ၈ နာရီ ညနေ ၄ နာရီပခိုင်းတာပါလို့ ဖွတ်ငြင်းတာမျိုး လုပ်တတ်ကြပါသေးတယ်တဲ့။

ဂါနာနိုင်ငံသား အာဖရိကန်တွေကတောင်မှ ညီလှဒွေးတို့ထက် လုပ်အားခများပါသေးသတဲ့။ အခုတော့ ညီလှဒွေးက သာမန်သင်္ဘောသားကလေး မဟုတ်တော့ပါဘူး။ စက္ကင်းမိတ်ဖြစ်နေပါပြီ။ ဒါပေမဲ့ မြန်မာစက္ကင်းမိတ်ကို မထီလေးစားလုပ်တတ်ကြတဲ့ နိုင်ငံခြားသား သင်္ဘောသားတွေကလည်း ရှိပါသေးသတဲ့။

နောက်ဗဟုသုတတစ်မျိုးကိုလည်း ကျွန်မ ရလိုက်ပါသေးတယ်။ ညီလှဒွေးဟာ ပနားမား စက္ကင်းမိတ်လက်မှတ်ကို ကိုင်ဆောင်တဲ့သူဖြစ်ပါသတဲ့။ အဲဒီလက်မှတ်ထက်ပိုပြီး နိုင်ငံတကာ သင်္ဘောလောကမှာ နာမည်ကြီးတာက မြန်မာစက္ကင်းမိတ်လက်မှတ် ဖြစ်ပါတယ်တယ်တဲ့။ မြန်မာလက်မှတ်ကို ကိုင်ဆောင်တဲ့သူနဲ့ အခြားလက်မှတ် ကိုင်ဆောင်တဲ့သူနှစ်ဦး ယှဉ်ပြီးအလုပ်လျှောက်ရင် မြန်မာလက်မှတ်ကိုင်ဆောင်တဲ့သူကိုပဲ အလုပ်ခန့်လေ့ရှိပါသတဲ့။

သင်္ဘောသားတွေ အိမ်ကို ငွေများများပြန်ပို့နိုင်တယ်ဆိုတာ နိုင်ငံခြားမှာ မစားရက် မသောက်ရက် စုထားနိုင်လို့ ပို့နိုင်ကြတာပါ။ တကယ်လို့ ဆိပ်ကမ်းတွေဆင်းပြီးလည်ရင်း သုံးကြဖြုန်းကြလုပ်ရင် ဘယ်မှာပို့နိုင်မှာလဲလို့ ညီလှဒွေးက ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငွေပို့တာနဲ့ပတ်သက်ပြီး ပြောကြရင်းက ကြေကွဲစရာကောင်းလှတဲ့ညီလှဒွေးရဲ့အိမ်ကို ငွေပို့တဲ့အခန်းကို ရောက်သွားပါတယ်။ ညီလှဒွေးတို့အမေက ငွေအရှာကောင်းတဲ့သူ ဖြစ်ပါတယ်။ သားသမီးများကိုလိုလေသေးမရှိအောင် ထားခဲ့သူလည်း ဖြစ်ပါတယ်။ ညီလှဒွေးကတော့အမေ့မှာ ငွေမလိုဘူးဆိုတာလည်း သိထားတဲ့အပြင် သင်္ဘောမတက်ခင်ကတည်းက သုံးတတ်ဖြုန်းတတ်နေပြီဆိုတော့ အိမ်ကိုပြန်လာလို့ ငွေပါလာတာကိုတောင်မှ အမေ့ကိုအပ်မှာနဲ့ သူ့ဘာသာသူသုံးမှာကိုကြိုတင်ခွဲထားတာပါတဲ့။ အမေ့ကိုအပ်တာကလည်း အမေသုံးတာမဟုတ်ပါဘူး။ သူ့အတွက် စုထားပေးတာပါ။

"အန်တီရယ် ကျွန်တော်က အဲသလို မရိုးမသားနဲ့ ငွေကိုခွဲထားပြီး အရောင်းခိုင်းလိုက်တဲ့အခါမှာ ရောင်းပေးတဲ့သူငယ်ချင်းက မမကြီးကို ပြောပြပါတယ်။ မမကြီးက မေမေ့ကိုပြောပြပါတယ်။ မေမေကကျွန်တော့်ကိုခေါ်ပြီး ဘာပြောသလဲသိလား အန်တီ။ 'သားလေးရယ်သားလေးရှာတာကို သားလေးသုံးတာပဲ ဝှက်ပြီးတော့ သုံးစရာမလိုပါဘူး။ မေမေတို့က သားလေးအခုလို ခိုးလုပ်တာကို သူများကသိပြီး သားကိုမမှန်မကန် ဆက်ဆံကြမှာစိုးလို့ပါ' တဲ့ ခင်ဗျာ။ အမေဟာ အဲသလိုနားလည်နိုင်တဲ့အမေမျိုး ဖြစ်ပါတယ်။"

ကျွန်တော် အခုတော့ သိပ်ကြေကွဲရပါတယ် အန်တီ။ ကျွန်တော့်အမေကို ကျွန်တော် ပင်ပင်ပန်းပန်းရှာထားတဲ့ငွေနဲ့ ဘာမှမကျွေးလိုက်ရပါဘူး။ ကျွန်တော် သတိတရားရလာလို့ အိမ်ကို ငွေပို့ပါသေးတယ်။ တစ်သိန်းပို့လိုက်တာပါ။ ငွေပို့ပြီး နောက်တစ်နေ့ကျတော့ ကျွန်တော်အိမ်ကို ဖုန်းဆက်ပါတယ်။ ဖုန်းကိုင်တဲ့သူက ကျွန်တော့်သူငယ်ချင်းပါ။ သူက ဖုန်းကို အဒေါ်တစ်ယောက်လက်ထဲ ထည့်လိုက်ပါတယ်။ အဒေါ်က မမကြီးကိုခေါ်ပေးပြန်တော့ ကျွန်တော့်စိတ်ထဲ ထင့်သွားပါတယ်။ မမကြီး ငွေတွေရပြီးလား၊ မေမေ့ကို ပေးလိုက်ပါလို့ဆိုတော့ ငွေတွေ

www.burmeseclassic.com

www.burmeseclassic.com



ရပြီ။ ဒါပေမဲ့ မနေ့က နေ့လယ်ကပဲ မေမေဆုံးသွားပါတယ်လို့ပြော တော့ အန်တီရယ် ကျွန်တော့ကို တစ်ခုခုနဲ့ ထုချလိုက်သလိုမျိုးပါပဲဗျာ။ သိပ်ခံစားရတယ်။ သင်္ဘောပေါ်က ဆင်းနေခဲ့ဖို့ကလည်း အချိန်မရ တော့ ဆက်လိုက်သွားရပါတယ်။

မေမေက ကျွန်တော်တို့ ငယ်ငယ်ကစပြီး ကျွန်တော်တို့ကို ကောင်းကောင်းကျွေးခဲ့ရှာတာ။ သားလေးရယ် မေမေက ကြက်ခြေ ထောက်ကို သိပ်ကြိုက်တာ။ ကြက်ခြေထောက်က သိပ်ချိုတာလို့ပြော ပြီး ကျွန်တော့ကို ကြက်အဖီသားတွေ၊ ကြက်ပေါင်တွေ ကျွေးခဲ့တာ အန်တီရဲ့။ ငယ်ငယ်တုန်းကတော့ မသိခဲ့ပါဘူး။ သိတော့လည်း ပြန် မကျွေးလိုက်နိုင်ပါဘူး၊ ကျွန်တော့ ချွေးနဲ့စာဟာ အမေ့ကို သင်္ဂြိုလ်တဲ့ စရိတ် ဖြစ်သွားတာပါပဲလို့ ညီလှဒွေးက ပြောရှာပါတယ်။

ကျွန်မကတော့ သားရယ်၊ ဒါကလည်း နောက်ဆုံးပိတ် ပူဇော် ခြင်းမျိုးနဲ့ ပူဇော်ရတာပါပဲလို့ မနှစ်သိမ့်သာဘဲ နှစ်သိမ့်စကားပြောမိ ပါတယ်။

*

ညီလှဒွေးရဲ့မေမေဟာ အလွန်တော်တဲ့ ပညာရှင်ဖြစ်ရုံမက အလွန် တော်တဲ့မိခင်ကြီးလည်း ဖြစ်ပါတယ်။ သားသမီးကို ကောင်းစွာကျွေးမွေး စောင့်ရှောက်ရုံမက သူ့စေတနာကို နားလည်အောင်လည်း စကားပြော တတ်သူ ဖြစ်ခဲ့ပါတယ်။

သူ့စေတနာက ကျွန်မတို့လို ဆွေမျိုးမတော်သူတွေအပေါ်မှာ တောင် သိပ်ကောင်းနေတာဆိုတော့ သားသမီးအပေါ်မှာ ပြောစရာမလို အောင် ကောင်းတာပေါ့။ ညီလှဒွေးက ပြောပါတယ်။ ကျွန်တော်က သင်္ဘောမတက်ခင်ကတည်းက ဆေးစွဲနေတဲ့သူ အန်တီရဲ့။ အဲဒီတော့ ဆေးရဖို့ဆိုရင် ဘယ်သူ့ကိုမှ မညှာနိုင်ပါဘူး။ ညှာသာမညှာတာ ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းညာတတ်ပါတယ်။ မေမေ့ကိုညာပြီး ငွေတောင်းတာပေါ့။ တောင်းတာကလည်း နည်းနည်းပဲ အန်တီရေ၊ တစ်သောင်းအောက်ထစ် ထားပြီး တောင်းတာပါ။ မေမေကလည်း ကျွန်တော့်ကို ယုံတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်အကြောင်းပြချက်တွေက မှန်နေရင် ကျွန်တော့်အတွက် ငွေမရလို့မဖြစ်ဘူး၊ သားလေး ဒုက္ခရောက်မှာစိုးတယ် ဆိုတဲ့ အတွေးနဲ့ ငွေပေးတာပါပဲ။

ငွေပေးတဲ့အခါမှာ အစ်ကိုကြီးနဲ့ မမကြီးတို့သိသွားပြီး ကျွန်တော့်ကို မနာလိုမှာ အပြစ်ပြောမှာကိုလည်း မေမေက စိုးရိမ်နေပါသေးတယ်။ အဲဒါကြောင့် "သားလေး မေမေ ငွေရေလိုက်ဦးမယ်။ အပြင်ကိုထွက်နေနော်" ဆိုပြီး တိတ်တိတ်ကလေး ငွေရေပါတယ်။ ပြီးတော့ ဘယ်သူမှ မကြားအောင် "သားလေး မေမေငွေထည့်ထားတဲ့ စက္ကူအိတ်ကလေးကို အိပ်ရာအောက်မှာ ထားခဲ့ပါတယ်။ အဲဒါသား ဘယ်သူမှမသိအောင်ယူ နော်။ ပြီးရင် ရှပ်အင်္ကျီကို အပြင်ထုတ်ပြီးဝတ်" လို့ ပြောလေ့ရှိပါတယ်။ ကျွန်တော်က ငွေထည့်ထားတဲ့ စက္ကူအိတ်ကို ခါးကြားထိုးတတ်တာကိုး။ အဲဒါကြောင့် သူများမသိအောင် ရှပ်အင်္ကျီကို အပြင်ထုတ်ပြီး ဝတ်ခိုင်းတာပါ။ ကျွန်တော့်အမေက အဲသလိုအမေမျိုး အန်တီရဲ့။

*

ကျွန်မဟာ ညီလှဒွေးရဲ့အကြောင်းကို အနည်းနဲ့အများ သိထား ခဲ့သူ ဖြစ်ပါတယ်။ နိုင်ငံခြားက ပြန်ရောက်ပြီး အန်တီရေးတဲ့စာအုပ် စင်ကာပူစာအုပ်ဆိုင်မှာ ဆယ်ဒေါ်လာနဲ့ရောင်းနေတယ်။ ကျွန်တော် ဝယ်မဖတ်နိုင်ပါဘူး။ အဲဒါကြောင့် မြန်မာနိုင်ငံပြန်ရောက်မှ အိမ်က စာအုပ်ကို ဖတ်နေရတယ်လို့ပြောတဲ့ စာဖတ်သော ညီလှဒွေးကို ချစ်ခင် သလို အပျော့ဆွဲကလေးနဲ့ ဆိုးတတ်တဲ့ (သူ့ရဲ့မိသားစုအပေါ်မှာပါ) ညီလှဒွေးအတွက် စိတ်မကောင်းဖြစ်ရပါတယ်။ တွေ့ကြရင်တော့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တို့တူအရီး ဖက်လှဲတကင်းနဲ့ပါပဲ။ နိုင်ငံခြားက ပြန်ရောက်ပြီး သိပ်မကြာခင်က ဖက်လှဲတကင်းပြုပြီး နှုတ်ဆက်ရင်း သတိထားမိတာက မကျန်းမမာဖြစ်နေသလို အခြေအနေမျိုး ဖြစ်ပါတယ်။

မနေ့တစ်နေ့က စကားပြောကြတော့ အသားအရေကလည်း ကောင်းလို့ပါပဲ။ အစားကောင်းသလို အသားလည်းတက်တဲ့ပုံကို တွေ့ရပါတယ်။ အရပ်ကရှည်တော့ ပိန်တယ်လို့တော့ ထင်ရဆဲပါပဲ။

ညီလှဖွေးကလေးက သူဆေးစွဲတာကြာပါပြီလို့ ပြောပါတယ်။ လွန်ခဲ့တဲ့ ၈ နှစ်လောက်က သင်္ဘောတက်တာဆိုတော့ သင်္ဘောမတက်ခင်ကတည်းက ဆေးကို စသုံးဖူးတယ်လို့ ပြောပါတယ်။

စိတ်အစွဲလား၊ ကိုယ်အစွဲလားလို့ ကျွန်မကမေးပါတယ်။ သင်္ဘောပေါ်မှာ ဆေးမရတော့လည်း နေနိုင်သားပါပဲအန်တီ။ အဲသလိုပြောလို့ ကိုယ်ခန္ဓာက မခံစားရဘူးလို့ ကျွန်တော်မပြောပါဘူးအန်တီ။ နှာရည်ယိုတာ၊ ညောင်းတာ၊ သမ်းတာ စတဲ့လက္ခဏာတွေကတော့ ရှိနေတာပေါ့လို့ ပြောပါတယ်။

ကျွန်တော်တို့ သင်္ဘောသားတွေဟာ ဆိပ်ကမ်းကိုရောက်တာနဲ့ ဆေးဆိုင်ကို သွားတာပါပဲ။ ပြီးတော့ ချောင်းဆိုးပျောက်ဆေးဆိုရင် ချက်ချင်းဝယ်၊ ချက်ချင်းသောက်ကြတာပါပဲတဲ့။

အဲဒီတော့ သားတို့အိပ်ချင်နေမှာပေါ့ကွယ်လို့ ကျွန်မကပြောမိတော့ ညီလှဖွေးက မဟုတ်ဘူးအန်တီ၊ မအိပ်ချင်ဘူး။ ပိုပြီးတောင်မှ အလုပ်လုပ်နိုင်သေးတယ်လို့ ပြောပါတယ်။ အဲဒီအချက်ကိုတော့ ကျွန်မ နားမလည်နိုင်တော့ပါဘူး။

ညီလှဖွေးဟာ သင်္ဘောပေါ်မှာ ဆေးမသုံးခဲ့ပေမယ့် အိမ်ကိုပြန်ရောက်တာနဲ့ ပိုက်ဆံကလည်းပါလာပြန် ပေါင်းဟောင်းသင်းဟောင်းများနဲ့လည်း ပြန်တွေ့ပြန်ဆိုတော့ ဆေးပြန်ပြီးစွဲတာ အခေါက်တိုင်း အခါတိုင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ့မေမေဟာ သူ့ကို အခါခါကူညီပါတယ်။ အခုတစ်ခါ ဆေးဖြတ်တဲ့အခါ ကူညီတာကတော့ အမေ့အစား မမကြီးဖြစ်ပါတယ်။ ဆေးစွဲရတာဟာ အစပိုင်းတော့ ပျော်တာပေါ့။ ဇိမ်ရှိသလိုပါပဲ။ နောက်တော့ တစ်နေ့စာ တစ်နေ့မရရင် မနေနိုင်တော့ပါဘူး။ ငွေရေးကြေးရေးကလည်း အဆင်ပြေပါမှ။ ငွေရဖို့ဆိုရင် ဘယ်သူ့ကိုမှ မညှာနိုင်ပါဘူး အန်တီ။ လူဟာ ရက်စက်လာပါတယ်။ အရေးကြီးတာက ဆေးဝယ်ဖို့ ပိုက်ဆံ၊ နောက်ဆေးဝယ်လို့ရဖို့ပါပဲ။ ဆေးဝယ်ရတာကလည်း ဘေးမကင်းပါဘူး။ ပြီးတော့ ဆေးစွဲနေတဲ့သူဆိုပြီး လူတွေက အထင်သေးကြပါတယ်။ အဲဒီအဖြစ်မျိုးတွေကို ကျွန်တော် ခဏခဏ ရင်ဆိုင်ရပါများတော့ ကျွန်တော် ဆေးပြတ်ချင်ပါတယ်။

မေမေကလည်း သူရှိတုန်းကဆိုရင် သားလေး၊ သားလေး စိတ်ပြတ်ရင် မေမေ့ကိုပြောနော်၊ မေမေ ကူညီမယ်လို့ အမြဲအားပေးစကားဆိုပါတယ်။ မေမေက ဗျာ ကျွန်တော့အပြစ်တွေအတွက် ဘယ်တော့မှ မဆူပါဘူး။ တကယ်ဆိုရင် ဆူလိုက်ပါလားဗျာ။ အခုတော့ ကျွန်တော့ကို သိပ်ညှာတဲ့အမေလည်း မရှိတော့ပါဘူးလို့ ညီလှဒွေးက ခပ်ဆွေးဆွေးလေသံနဲ့ ပြောပါတယ်။

*

ညီလှဒွေးဟာ အလွန်စာတော်တဲ့ အမိအဖနှစ်ပါးရဲ့ သားသမီးသုံးယောက်အနက်က အထွေးဆုံးသား ဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက ယဉ်ကျေးဖွယ်ရာရှိအောင် သွန်သင်ခဲ့တဲ့၊ လမ်းပြခဲ့တဲ့ သူ့မေမေကြောင့် အလွန်လည်းယဉ်ကျေးပါတယ်။ ဒါဖြင့်ရင် ဘာလို့စာမတော်တာပါလိမ့်။ သူ့ဘာသာသူတော့ စာဖတ်ဝါသနာလည်း ပါပါတယ်။ အင်္ဂလိပ်စာလည်း အညံ့စားကြီးထဲက မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူတို့မောင်နှမတွေဟာ အမေနဲ့ အဖေကို မမီပါဘူး။ ပြီးတော့ ညီလှဒွေးက အိမ်မှာမပျော်ပါဘူး။ ဆေးလည်းစွဲပါသေးတယ်။ အဲဒီပြဿနာတွေမှာ အကြောင်းရင်းခံ လုံလောက်စွာရှိမယ်လို့ ကျွန်မ ယူဆပါတယ်။

စာမတော်ဘူးဆိုတာ ၁၀ တန်းမှာ အမှတ်များများမရတာ၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တစ်ခုခုကို မဝင်နိုင်တာ၊ မေဂျာ ကောင်းကောင်းမရတာကို ဆိုချင်တာပါ။ ပင်ကိုအရည်အချင်း ညံ့တယ်လို့ ဆိုချင်တာမဟုတ်ပါဘူး။ ညီလှဒွေးရဲ့မိဘများက ထားနိုင်တာပေါ့။ ဒါတွင်ပဲလားတဲ့။ မဟုတ်သေးပါဘူး။ ကလေးတွေစာကျက်အောင် မိသားစုက ဝိုင်းဝန်းစောင့်ရှောက်ရပါမယ်။ တွန်းနိုင်ရပါမယ်။

BURMESE CLASSIC .com

အဲဒီပြဿနာကို ဖြစ်နိုင်ပါတယ်။ ညီလှဒွေးတို့ ငယ်ငယ်က သူတို့မေမေရဲ့ တာဝန်ကလည်း အထိုက်အလျောက် နည်းပါးပါသေး တယ်။ ကလေးများကို အချိန်ပေးနိုင်ပါသေးတယ်။ ကလေးတွေကြီး လာတဲ့အချိန် သူတို့မေမေရဲ့ တာဝန်ကလည်း ကြီးလာတဲ့အချိန်က တိုက်ဆိုင်လာပါတယ်။ ကလေးများဟာ အထိန်းများ ဆရာများနဲ့သာ အနေရများလာပါတယ်။ "မမကြီးကပြောပါတယ်။ မမတို့ဟာ မမတို့ရဲ့မေမေကို တခြားသူတွေပေးထားရသလိုပဲတဲ့။ မေမေဟာ တာဝန်ကြီးတော့ လူကြီးများနဲ့ တွေ့ဆုံးဆွေးနွေးရတာနဲ့ အလုပ်တာဝန်ကို ပိုပြီးကျေပွန်ရတာနဲ့ အိမ်ပြန်နောက်ကျပါတယ်။

ဖေဖေကတော့ တာဝန်ကြောင့်မဟုတ်ပါဘူး။ သိပ်ပြီး အရက်သောက်ပါတယ်။ ငယ်ငယ်ကဆိုရင် အိမ်ပြန်ချိန်မှာ ကျွန်တော်တို့ကို မူးမူးနဲ့ ရိုက်ဖူးပါတယ်။ မေမေက ရှင် ကျွန်မကို ကွာချင်ကွာလိုက်၊ သားသမီးတွေကိုတော့ မထိနဲ့လို့ ပြောလိုက်ပါတယ်။ နောက်တော့လည်း မရိုက်တော့ပါဘူး"

ညီလှဒွေးတို့ စာသိပ်တော်တာ၊ ညီလှဒွေး အိမ်မှာမပျော်ဘဲ အဝေးကိုနှင်ချင်တာ၊ ဆေးစွဲတဲ့သူဖြစ်လာတာတွေဟာ အမိနဲ့အဖ အိမ်

www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်တည်းမှာ အတူရှိလျက်နဲ့ သားသမီးများနဲ့နေဖို့ အချိန်မပေးနိုင်တာ၊ အမေနဲ့အဖေကို တန်းတူထားပြီးမချစ်နိုင်တာ စတဲ့အကြောင်းတွေကြောင့် ဖြစ်နိုင်တယ်လို့ ကျွန်မ တွေးမိပါတယ်။

ညီလှဒွေးကတော့ ကျွန်မဟာ အဖေ့ကို မခင်ဘူးလို့ ပြတ်ပြတ်တောက်တောက်ပြောတဲ့အခါ ရှိပါတယ်။ ဒါပေမဲ့ အခုတော့လည်း အန်တီရယ် အဖေ့ကို ကျွန်တော်ညှာရမှာပေါ့။ မစွမ်းမသန်ကြီးနဲ့။ ကျွန်တော်ရန်ဖြစ်တယ်လို့ ကြားတာနဲ့ ခုတင်ပေါ်က ဘယ်လိုဆင်းမှန်းမသိဆင်းပြီး ၃ လှမ်းလောက်တောင် လျှောက်သေးတာတဲ့။ နောက်မှ အိမ်ကညီလေးက ဆီးပြီးဖမ်းလိုက်ရသတဲ့။ အဲဒါ ကျွန်တော့ကို ချစ်လို့ပေါ့နော်လို့ ပြောပါတယ်။

*

ညီလှဒွေးနဲ့ပြောတဲ့ စကားတွေကတော့ အများကြီးပါပဲ။ ဒါပေမဲ့ ကျွန်မ သိသလိုလို၊ မသိသလိုလိုဖြစ်နေတဲ့ ကိစ္စလေးတစ်ခုကိုတော့ သေသေချာချာ သိလိုက်ရတာပါပဲ။ အဲဒါကတော့ ငွေရေးကြေးရေးနဲ့ ပတ်သက်ရင် ပြည့်စုံတယ်။ ဂုဏ်လည်းရှိတယ်။ ဒါပေမဲ့ သားသမီးတွေ အနေနဲ့ အိမ်ကို ကျောင်းကပြန်လာရင် အမေနဲ့အဖေကို ဘယ့်နေ့မှာမှ အတူမတွေ့ရတာ၊ များသောအားဖြင့် နှစ်ယောက်စလုံး မတွေ့နိုင်တာဟာ မိသားစုဆိုတဲ့ အနှစ်သာရနဲ့ ကင်းကွာနေသလို ဖြစ်တယ်။ ဒီအဖြစ်ဟာ သားသမီးကို အိမ်ကနေအဝေးရောက်အောင် တွန်းပို့နေတဲ့ အဖြစ်ပဲဆိုတာ ညီလှဒွေး မပြောသော်လည်း ပြောနေသလိုပါပဲ။

“ကျွန်တော်ဟာ မိဘကိုချစ်တဲ့ကောင်မဟုတ်ဘူးလို့ ကိုကြီးက ကျွန်တော့ကို ပြောတယ်။ ကျွန်တော်က မချစ်ရင် မေမေ့အတွက် ကျောက်ကပ်တစ်လုံးကို ထုတ်ပေးပါ့မယ်လို့ ကျွန်တော် ဘယ်မှာပြော

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပါ့မလဲ။ ဆေးစစ်ချက်တွေ လုပ်တာကလည်း သိပ်နာတာ အန်တီရဲ့။ ပေါင်သားကို အစိမ်းလိုက်ခွဲပြီး အထဲက အရွတ်လား၊ အကြောလားကို ဇာဂနာနဲ့ ဆွဲယူတာ သွေးတွေမှ ရွှဲနေတာပဲ။ နာတာကလည်း အလွန်။ မေမေကတောင် သားလေးသိပ်နာနေပြီ။ မေမေ သားလေးရဲ့ ကျောက်ကပ်ကို မယူပါရစေနဲ့လို့ ပြောသေးတာ။ ကျွန်တော်က အတင်ယူခိုင်းတာပဲ။ နောက်မှ ဆရာဝန်ကြီးက ကျောက်ကပ်လဲထည့်တဲ့ ခွဲစိတ်မှုကို ဆက်ပြီးမလုပ်တော့လို့သာ မပေးလိုက်ရတာပါ” လို့ ပြောပါတယ်။

ကျွန်မနဲ့ စကားပြောဖူးတဲ့လူငယ်တွေဟာ မိဘ၊ ညီအစ်ကို၊ မောင်နှမတွေကို ချစ်ကြပါတယ်။ ဘာပြဿနာပဲရှိရှိ ချစ်ကြတာက တော့ ချစ်ကြတာပါပဲ။ တစ်ခုပဲရှိပါတယ်။ မိဘများက မိဘပဲ၊ တို့က ရော မချစ်ဘဲနေပါ့မလား။ မိဘကျေးဇူးကို မထိမဲ့မြင် မပြုကြနဲ့နော်။ ဘေးတွေမယ်ဆိုတဲ့ အယူအဆမျိုး၊ အပြောမျိုးမထားကြဘဲ သားသမီးကို မိဘများက သိပ်ချစ်ပါတယ်ဆိုတာ သိအောင်ပြသဖို့ အချိန်ကိုရောက်နေပါပြီလို့ ကျွန်မ ပြောချင်ပါတယ်။

အရင့်အရင်တုန်းက သားသမီးကိုချစ်ရင် ခိုးနမ်းကြရတယ်ဆိုတဲ့ အယူအဆ ရှိခဲ့ပါတယ်။ ရောင့်တက်မှာစိုးလို့ ပြောကြတာပါ။ ဒီခေတ်မှာတော့ ချစ်တယ်၊ ဂရုစိုက်တယ်ဆိုတဲ့အချက်ကို များများပြသထားနိုင်မှ တော်ကာကျမယ်လို့ ကျွန်မ ယူဆပါတယ်။

ဘာကြောင့်လဲဆိုတော့ လူငယ်တွေမှာ ရင်ဆိုင်ရတဲ့ အတိုက်ခိုက်တွေ များလွန်းနေလို့ ဖြစ်ပါတယ်။ အဲဒီအတိုက်ခိုက်တွေက ကောင်းတာဖြစ်ဖြစ်၊ ဆိုးတာဖြစ်ဖြစ် မိဘနှစ်ပါးရဲ့ ချစ်ခြင်းမေတ္တာ အကူအညီ၊ နားလည်မှု အကူအညီတို့နဲ့မှ အောင်မြင်စွာ ကျော်လွှားနိုင်မယ့် အရာများ ဖြစ်ပါတယ်။

ညီလှဒွေးကိုတော့ “သားရယ် သားရဲ့မေမေကို အန်တီ သိပ်ချစ်တာပါပဲ။ (ဒါကလည်း မဆန်းပါဘူး။ ခရစ်ယာန်သချိုင်းမှာရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



ညီလှဒွေးတို့ မေမေ့အုတ်ဂူကို ဆုံးတာ ၂ နှစ်ကျော်တဲ့အထိ လာပြီး ဂါရဝပြုနေသူတွေထဲမှာ လူမျိုးပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုအမျိုးမျိုးနဲ့ လူများ ပါပါတယ်) အဲဒီတော့ သားက အန်တီ့ကို အမေတစ်ယောက်လို သဘောထား။ မေမေ့ကို မီနိုင်တဲ့သူမရှိဘူးဆိုတော့ အန်တီ့ကို အမေလို သဘောမထားနိုင်ရင်လည်း ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် တိုင်ပင်နိုင်တဲ့ မိတ်ဆွေလို သဘောထားပါသားရယ်” လို့ အထပ်ထပ် မှာလိုက်ပါတယ်။

မြန်မာစက္ကင်းမိတ်လက်မှတ်ရရင် ညီလှဒွေး နိုင်ငံခြားကို ပြန်ထွက်ဦးမှာပါပဲ။ အပြောကျယ်တဲ့ သမုဒ္ဒရာကြီးထဲမှာ တဝဲလည်လည် နေရင်း ငြီးငွေ့လာတဲ့အခါ ညီလှဒွေးတစ်ယောက် ကမ်းပေါ်ကို တက်လာဦးမှာပါပဲ။ အဲဒီအချိန်မှာ သူ့အတွက် အိမ်တွေ့ပါစေ။ သူကိုယ်တိုင် အိမ်တစ်လုံးမှာ ကျစ်လျစ်တဲ့မိသားစုဘဝကို တည်ဆောက်နိုင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်။ အဲဒီအကြောင်းတွေနဲ့ပတ်သက်ပြီး ကျွန်မ ညီလှဒွေးနဲ့ ဆွေးနွေးရပါဦးမယ်။ ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လူငယ်များနှင့် စကားပြောခြင်း

BURMESE CLASSIC .com

ဒေါက်တာ မတင်ဝင်း
(ပညာရေးတက္ကသိုလ်)

www.burmeseclassic.com